ရန်ကုန်မြို့ ကန်ဘက် ကျောက်ကုန်းတောရ

မေဓါဝီဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

# ခုဒ္ဒသိက္ခာမေဓါဝီနီ

နှင့်

# မူလသိက္ခာမေဓါဝီနီ

(၂-စောင်တွဲ)

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၁

၁၁၈၀

ရန်ကုန်မြို့ ကန်ဘက် ကျောက်ကုန်းတောရ

မေဒိနီဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

# ခုဒ္ဒသိက္ခာမေဒိနီ

နှင့်

# မူလသိက္ခာမေဒိနီ

( ၂-စောင်တွဲ )

---

ပါဠိဆရာကြီး–ဆရာဥာဏ်
အမှူးရှိသော ပါဠိဆရာများ
ပြင်ဆင်ကြသည်

---

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၁

၁၁၈၀



ရန်ကုန်မြို့
ကန်ဘက်-ကျောက်ကုန်းတောရ
မေဒိနီဆရာတော်ပုံ။

# နိဒါန်း

**ဝိနယေ ပါဠိဝဏ္ဏိနံ၊ သောတူနံ ဟိတသာဓနီ။**
**သမုဋ္ဌာဝိ ခုဒ္ဒသိက္ခာ မေဒိနီ သာရသူဒနီ။ ။**

**ဝိနယောနာမသာသနဿအာယု**…ဘုရားရှင်၏ဝိနည်းတရားတော် မည်သည် သာသနာတော် မြတ်ကြီး၏ အသက်ဇီဝိန်မည်၏။ဝိနည်းတရားပျောက်ပျက် ကွယ်ဆုံးခဲ့လျှင် သာသနာတော်မြတ်ကြီးသည်လည်းပျောက်ပျက်ကွယ်ဆုံးသည် မည်၏။ ဝိနည်းတရား တည်ရှိနေသမျှကာလပတ်လုံး သာသနာတော် မြတ်ကြီးသည်လည်း တည်ရှိသဖြင့် အဓွန့်ရှည်စွာ ခိုင်မြဲ တည်တံ့ပေလိမ့်မည်။ ထို့ကြောင့် သာသနာတော်နှင့် ဝိနည်းတရားသည် အဝိနာဘာဝနည်းအားဖြင့် မကင်းကောင်းသော တရားများပင် ဖြစ်ပေသည်။

ပါတိမောက်သည် ဂန္ထပါတိမောက်, သီလပါတိမောက်ဟူ၍ နှစ်မျိုးနှစ်စားရှိသကဲ့သို့ ဝိနည်းတရားသည်လည်း ဂန္ထဝိနည်း, သီလဝိနည်း ဟူ၍ နှစ်မျိုးနှစ်စားပင် ရှိပေရာသည်။ ထိုနှစ်ပါးတို့တွင် ဂန္ထဝိနည်းဟူသည် ဝိနည်းငါးကျမ်း ပါဠိတော်,အဋ္ဌကထာ,ဋီကာ ကျမ်းများစွာနှင့် ထိုကျမ်းဂန်များမှ ထုတ်နုတ်၍ မိမိတို့၏ဘာသာ အသီးသီးတို့ဖြင့် ရေးသားစီရင်အပ်သော အဓိပ္ပါယ်အဖွင့်စသော အမျိုးမျိုးသော စာပေကျမ်းဂန်များသည် ဂန္ထဝိနည်းမည်၏။ သီလဝိနည်း ဟူသည် ထိုဂန္ထဝိနည်းတွင် လာရှိသည့် ဘုရားရှင်၏ အာဏာဒေသနာတော်အတိုင်း ကျင့်ကြံ ကြိုးကုတ် အားထုတ်စောင့်ရှောက်ကြသော လဇ္ဇီ ပေသလ ရဟန်းကောင်းရဟန်းမြတ်များ၏ စတုပါရိသုဒ္ဓိ သီလသည် သီလဝိနည်း မည်၏။ထို့ကြောင့် စာပေကျမ်းဂန်တည်းဟူသော ဂန္ထဝိနည်းနှင့် စတုပါရိသုဒ္ဓိသီလတည်းဟူသော သီလဝိနည်းတို့မှာ အညမညသမ္ဗန္ဓအားဖြင့် အချင်းချင်းဆက်သွယ်နှီးရင်း မိတ်ဖက်ချင်းဖြစ်ကြောင်း ထင်ရှားပေသည်။ဤအရာကို ယောက်ချင့်ခြင်းအားဖြင့် အကယ်၍ ဂန္ထဝိနည်း ပျောက်ကွယ်ပျက်စီး ပြုန်းတီးခဲ့လျှင် သီလဝိနည်းလည်းမရှိနိုင် မဖြစ်နိုင်တော့ပြီ။သီလဝိနည်းမရှိလျှင်လည်း ဂန္ထဝိနည်း ပျောက်ကွယ်ပျက်စီး

ပြန်းတီးရာသည်။ ဂန္ထဝိနည်း မည်မျှပင်တည်ရှိတိုးတက်စေကာမူ ရဟန်းတော်မြတ်များ၏ ကျင့်မှု ကြံမှု အားထုတ်မှုတည်းဟူသော သီလဝိနည်း မရှိပြန်လျှင် သာသနာတော်မြတ်ကြီးတည်ရှိနေသည်ဟုမဆိုနိုင်၊ **ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ နာမ ဟောတိ** ဟူသော စကားမှာ ကျင့်လိုသူများ ရှိက ကျင့်နိုင်သဖြင့် ကျင့်လိုသူများကိုငဲ့၍ ဝိနည်းတရားရှိလျှင် သာသနာ တည်သည်မည်၏ဟု ဆိုလေသည်။

**ရဟန်းတော်များနှင့်သာသနာ** ။ သာသနာတော်ဟူသည် ကျင့်ကြံ ကြိုးကုတ် အားထုတ် လေ့လာ တော်မူကြသော လဇ္ဇီပေသလ ရဟန်းကောင်း ရဟန်းမြတ်များ၏ အပေါ်တွင် တည်ရှိလေသည်။ အဆိုပါသာသနာတော်မြတ်ကြီးကို သိကြားမင်းကြီးလာ၍ စောင့်ရှောက်မရနိုင်။ ဗြဟ္မာမင်းကြီးလာ၍ စောင့်ရှောက်မရနိုင်။ လဇ္ဇီပေသလ သီလဝန္တ ရဟန်းကောင်း ရဟန်းမြတ်များ သာလျှင် စောင့်ရှောက်နိုင်ပေသည်။ ထို့ကြောင့် အဋ္ဌကထာ၌ **လဇ္ဇီ ရက္ခိဿန္တိ သာသနံ** ဟူ၍ မိန့်ဆိုတော်မူပေသည်။

ဗုဒ္ဓမတညူ အဋ္ဌကထာ ဆရာအရှင်ကြီးများပင် သာသနာတော် ကြီးကို လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တ ရဟန်းကောင်း ရဟန်း မြတ်များသာလျှင် စောင့်ရှောက်ပေလိမ့်မည်ဟု မိန့်ဆိုတော်မူပါလျက် ယခုအခါ အချို့ဆရာတော်ကြီးများပင်သိကြားသာသနာ ဘိုးဘိုးအောင် သာသနာဟု ယုံကြည်လေးစား အပြောများကြ၍နေသည်ကို တွေ့ရှိရ ပေသည်။ ရဟန်းတော်များပင် ဤသို့ယုံကြည်နေလျှင် ပညာနည်း သော လူများမှာ အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း။

ထိုသို့ သာသနာတော်မြတ်ကြီးကို စောင့်ရှောက်တော်မူကြသော လဇ္ဇီပေသလ သီလဝန္တ ရဟန်းတော်များသည် ဂန္ထဝိနည်းကို မလေ့ လာ မသင်ကြား အားမထုတ်ဘဲနေလျှင် အဘယ်မှာလျှင် ကျင့်ကြံ ကြိုး ကုတ် အားထုတ်မှုတည်းဟူသော သာသနာစောင့်ရှောက်မှု ဖြစ်နိုင်တော့ အံ့နည်း။ ကမ္ဘာပေါ်တွင် ရဟန်းတော်များ မည်မျှပင် ရှိစေကာမူ လဇ္ဇီသီလဝန္တရဟန်းရှိမှသာလျှင် သာသနာတည်သည်ဟုဆိုနိုင်သည်။ ဥပမာ မြန်မာပြည်မှာ လဇ္ဇီ သီလဝန္တရဟန်း ၅၀-ရှိလျှင် ၅၀-မျှ လောက်သာ ၁၀၀-ရှိလျှင် ၁၀၀-မျှလောက်သာ သာသနာတည်

နိုင်သည်။ လဇ္ဇီ သီလဝန္တရဟန်း တပါးမျှမရှိလျှင် သာသနာမရှိဟု ဆိုနိုင်လေတော့သည်။

**ဝိနည်းတရားနှင့်ရဟန်းတော်**..... ရဟန်းတော် (ဘိက္ခု) ဟူသော အမည် ပညတ်မှာ ဘုရားရှင်၏ အာဏာတော်ဖြစ်သော ထိုဝိနည်းတရားများကို နားလည်အောင်လေ့လာ သင်ကြား၍ ကျင့်ကြံကြိုးကုတ် အားထုတ်မှုကြောင့် ဖြစ်ပေါ်လာသော အမည်ပညတ်ဖြစ်ရာ ထိုရဟန်းတော် ( ဘိက္ခု )ဟူသော အမည်ပညတ်ကို ရသည့်နေ့မှစ၍ မိမိကျင့်ကြံအားထုတ်ရမည့်ဝိနည်းတရား ( ဥပဒေသ )များကို နားလည်အောင် သင်ရမည် အားထုတ်ရမည် မေးမြန်းရမည် အပ်မအပ် ကောင်းမကောင်း စိစစ်ရမည်။ ထိုဝိနည်းတရားတော်တည်းဟူသော ကိုယ်ကျင့်တရားများ ပြည့်စုံလုံလောက်ပြီးမှသာလျှင် သုတ်,အဘိဓမ္မာ,သဒ္ဒါ,ဆန်း,အလင်္ကာကျမ်းဂန်စသည်များကိုသင်ကြား အားထုတ်သင့်ကြပေသည်။ ယခုအခါမှာမူကား မသင်၍မသိ မသိ၍ မကျင့် မကြံ အားမထုတ်သူတို့သာ များပြားကြလေသည်။ ဤသို့သော ရဟန်းတော်များပေါများသဖြင့် မြန်မာပြည်တွင် ရဟန်းကောင်းများ ဂုဏ်ပျက်လျက် ဒကာဒကာမများမှာလည်း ကုသိုလ် ရသင့်သလောက် မရဘဲ အကျိုးစီးပွါး ပျက်ပြားကြရလေသည်။

**ခုဒ္ဒသိက္ခာ မူလသိက္ခာဓမဒိနီ**...... ဤအကြောင်း အရာ များကို ကောင်းစွာ သိရှိတော်မူသော ကျွန်ုပ်တို့၏ ကျေးဇူးရှင် ကန်ဘက် ကျောက်ကုန်းတောရဆရာတော် ဦးအာဠဝကရထေရ်အရှင်သည် ပါဠိ,အဋ္ဌကထာ, ဋီကာ ကျမ်းကြီးဂန်ကြီးများကို မကြည့်ရှု မလေ့လာ နိုင်သူများနှင့် စာမေးပွဲဝင် အရှင်သံဃာတော်များအတွက် ရည်ရွယ် အားသစ်၍ ပါတိမောက္ခဓမဒိနီ ဟူသော အမည်ဖြင့် ဒွေမာတိကာ အနက် အဓိပ္ပါယ်ကို ဘွယ်ဘွယ် ရာရာ သာယာညက်ညောစွာ ရေးသား၍ ပုံနှိပ်ပြီးစီးခဲ့ပါပြီ။ ယခုလည်း တဘန် ခုဒ္ဒသိက္ခာနှင့် မူလသိက္ခာတို့၏ အနက် အဓိပ္ပါယ်ကို ပြည့်စုံ လုံလောက်စွာရေးသားတော်မူလေသည်။ ဤသို့ရေးသားတော်မူရာတွင် ရှေးရှေးသော အခါက ရေးသားတော်မူသော ဆရာတော်ကြီးများ၏ နိဿယပေါင်း မြောက်မြားစွာပင် ရှိသော်လည်း အဓိပ္ပါယ် မပါ

# နိဒါန်း

နိဿယသက်သက်သာဖြစ်၍ ဉာဏ်နုသူ စာသင်ပျိုများအတွက်လွန်စွာ ပင် အခက်အခဲတွေ့ရသောကြောင့် ထိုစာသင်ပျိုနှ အခြေပြု တို့အား သနားငဲ့ညှာသော အားဖြင့် အဓိပ္ပါယ် အကျယ်ဘဝင့် ဖွင့်ပြရေးသား တော်မူပါကြောင်း။

ယင်းသို့ ရေးသားတော် မူအပ်သော ထိုနှစ်ကျမ်းကို ပူးတွဲလျက် **ပါဠိဆရာကြီး–ဆရာဉာဏ်** ကြီးမှူးသော **ဟံသာဝတီပါဠိဆရာအဖွဲ့** ဝင်တို့အား အက္ခရပဒ အကျ အပေါက် အတိမ်း အစောင်း အမှား အယွင်းမရှိရအောင် ကောင်းမွန်စွာ ပြင်ဆင်စေလျက် ပုံနှိပ်လုပ်ဆောင် ရာ အောင်မြင်ပြီးစီးပါသတည်း။

ထိုမှတပါးလည်း သကျသီဟ, စေတိယင်္ဂဏ, အစိုးရစာချ တန်းများနှင့် အသက်ဆိုင်ဆုံး ဖြစ်သော ဝါကျ နည်းပေါင်းစုံ ညှသ်ကောက်နည်း နေတ္တိနည်းတို့ဖြင့် တန်ဆာဆင်ထားသော ဝါကျတ္တမေဒိနီကျမ်းကိုလည်းထိုဆရာတော်သည်ပင်ရေးသား ထားပြီးဖြစ်ရာ မကြာမီ ပုံနှိပ်နိုင်တော့မည်ဖြစ်ကြောင်း။

## ဟောန္တိစေဒ္ဓ

"အာစေရော နော မဟာထေရော၊ထိရော သိဿဟိတေသကော။
မေဒိနီနာမ အာရာမေ၊ ပဓာနတ္တမုပါဂတော။ ။
သာရတ္ထံ ပရိဒီပေန္တော၊ အကာရိ သဝိနိစ္ဆယံ။
**ခုဒ္ဒသိက္ခာ**သစ၊**မူလသိက္ခာ**ယစာပိ ဝဏ္ဏနံ။ ။
သာသနေ ကုလပုတ္တာနံ၊ ဟိတာယ ဝိနယတ္ထိနံ။
ဂန္ထေ တေ ဥကောတော ကတွာ၊ မုဒ္ဒါပယိမှ သာရကာ"တ္တိ။ ။

**အရှင်ခေမိန္ဒ ( ဂဏဝါစက )**
ကန်ဘက် ကျောက်ကုန်းတောရ
မေဒိနီကျောင်းတိုက်
ရန်ကုန်မြို့
၁၃၁၃-ခု၊ နယုန်လဆန်း ၁၀ ရက်။

# မာတိကာ

## ခုဒ္ဒသိက္ခာမေဒိနီ


| | စာမျက်နှာ |
|---|---|
| ပဏာမနှင့်ပဋိညာဏ် ...... ...... ...... | ၁ |
| ခေါင်းစဉ်မာတိကာ—၅၀ ...... ...... ...... | ၅ |
| ပါရာဇိက ၄-ပါး ...... ...... ...... | ၇ |
| သံဃာဒိသေသ် ၁၃-ပါး ...... ...... ...... | ၂၁ |
| သင်္ကန်းအမျိုးမျိုး ...... ...... ...... | ၂၈ |
| ဆိုးရည် ...... ...... ...... ...... | ၄၃ |
| သပိတ် ...... ...... ...... ...... | ၄၄ |
| ဆွမ်းစားခွက် ...... ...... ...... ...... | ၅၁ |
| ပဝါရိတ် ...... ...... ...... ...... | ၅၃ |
| ကာလိက ၄-ပါး ...... ...... ...... ...... | ၆၀ |
| အကပ်ခံခြင်း ...... ...... ...... ...... | ၇၁ |
| အကပ္ပိယမံသ ...... ...... ...... ...... | ၇၄ |
| နိဿဂ္ဂိယ ...... ...... ...... ...... | ၇၆ |
| ပါစိတ် ...... ...... ...... ...... | ၇၈ |
| သမဏကပ္ပ ..... ...... ...... ...... | ၈၀ |
| ကပ္ပိယကုဋိ ၄—မျိုး ...... ...... ...... | ၈၆ |
| ဥပဇ္ဈာစေရဝတ္တ ...... ...... ...... | ၉၁ |
| ဝစ္စပဿာဝကုဋိဝတ် ...... ...... ...... | ၉၇ |
| အာပုစ္ဆကရဏ ...... ...... ...... ...... | ၉၉ |
| နဂ္ဂ ...... ...... ...... ...... | ၁၀၃ |
| နှာနကပ္ပ ...... ...... ...... ...... | ၁၀၄ |
| အဝန္ဒိယ ...... ...... ...... ...... | ၁၀၆ |
| စမ္မ ...... ...... ...... ...... | ၁၀၈ |
| ဥပါဟန ..... ...... .... ...... | ၁၀၉ |
| အနောလောကိယ ...... ...... ...... | ၁၁၂ |

# မာတိကာ


| | | 
|---|---|
| | စာမျက်နှာ |
| အဋ္ဌနိ | ၁၁၃ |
| အကပ္ပိယသယန | ၁၁၅ |
| သမာနာသနိက | ၁၂၀ |
| အသံဝါသိက | ၁၂၁ |
| ကမ္မ | ၁၂၂ |
| မိစ္ဆာဒိဋ္ဌိဝိဝဋ္ဋန | ၁၂၇ |
| ဝဇ္ဇ | ၁၂၉ |
| ဝိကပ္ပနာ | ၁၃၁ |
| နိဿယ | ၁၃၆ |
| ကာယဗန္ဓန | ၁၃၉ |
| ပထဝိ | ၁၄၃ |
| ပရိက္ခာရ | ၁၅၁ |
| ဘေသဇ္ဇ | ၁၅၇ |
| ဥဂ္ဂဟ | ၁၆၁ |
| ကုလဒူသန | ၁၆၇ |
| ဝဿူပနာယိက | ၁၇၄ |
| အဝေဘင်္ဂိယ | ၁၈၁ |
| ပကိဏ္ဏက | ၁၈၆ |
| ဒေသနာ | ၂၀၉ |
| ဆန္ဒဒါနာဒိ | ၂၂၀ |
| ဥပေါသထ | ၂၃၃ |
| ပဝါရဏာ | ၂၄၄ |
| သံဝရ | ၂၅၂ |
| သုဒ္ဓိ | ၂၅၃ |
| သန္တောသ | ၂၅၆ |
| စတုရာရက္ခ | ၂၅၈ |
| ဝိပဿနာ | ၂၆၃ |
| နိဂုမ်း | ၂၆၄ |

## မူလသိက္ခာမေဒိနီ


| | စာမျက်နှာ |
|---|---|
| ပဏ္ဏာသမန္တင့်ပဒိုညာဏ် | ၂၆၇ |
| ပါရာဇိကကနိဒ္ဒေသ | ၂၇၁ |
| ဂရုကာပတ္တိနိဒ္ဒေသ | ၂၇၇ |
| နိဿဂ္ဂိယနိဒ္ဒေသ | ၂၀၁ |
| ပါစိတ္တိယနိဒ္ဒေသ | ၂၀၆ |
| ပကိဏ္ဏကနိဒ္ဒေသ | ၂၉၄ |
| ဝတ္တာဒိကဏ္ဍ | ၃၀၂ |
| နိဂမနပဗ္ဗကာသန | ၃၂၃ |



# ခုဒ္ဒသိက္ခာမေဓိနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမနှင့် ပဋိညာဉ်

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝန္ဒိတွာ ရတနတ္တယံ။
ကဿံ သောတူနမတ္ထာယ၊ သခုဒ္ဒသိက္ခမေဓိနိံတိ။ ။

(အဟံ၊ ငါသည်။) ရတနတ္တယံ၊ ရတနာသုံးပါးတို့၏ အပေါင်းဖြစ်သော။ ဗုဒ္ဓဉ္စ၊ မြတ်စွာဘုရားကို၎င်း။ ဓမ္မဉ္စ၊ တရားဆယ်ပါးကို၎င်း။ သံဃဉ္စ၊ ရှစ်ယောက်အရိယာ မြတ်သံဃာကို၎င်း။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ သောတူနံ၊ စာသင်သားတို့၏။ အတ္ထာယ၊ ဝိနည်းအရာ ပညာတိုးပွါး အကျိုးများစေခြင်းငှါ။ သခုဒ္ဒသိက္ခမေဓိနိံ၊ နိဿယနှင့်တကွသော ခုဒ္ဒသိက္ခာမေဓိနီ ကျမ်းကို။ ကဿံ၊ ကရုဏာရှေ့ထား ရေးသားပြုပြင် စီရင်ပေအံ့သတည်း။ ဣတိ၊ ဤကား ပဏာမနှင့် ပဋိညာဉ်အပြီးတည်း။

# ရတနသိက္ခာ နိဿယသစ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ပဏာမနှင့်ပဋိညာဉ်**

**အာဒိတော ဥပသမ္ပန္န၊ သိက္ခိတဗ္ဗံ သမာတိကံ။**
**ခုဒ္ဒသိက္ခံ ပဝက္ခာမိ၊ ဝန္ဒိတွာ ရတနတ္တယံ။ ။**

(အဟံ၊ ငါသည်။)ရတနတ္တယံ၊ရတနာဝတ္ထု၏ သုံးပါးတို့၏အပေါင်းကို။ ဝန္ဒိတွာ၊ရှိခိုးပြီး၍။အာဒိတော၊ရဟန်းဖြစ်ကာစ၌။ဝါ၊ ရဟန်းဖြစ်ကာစမှ သာလျှင်။(ပဋ္ဌာယ၊စ၍။)ဥပသမ္ပန္န သိက္ခိတဗ္ဗံ၊ရဟန်းယောကျ်ား ရဟန်း မိန်းမတို့သည် ကျင့်အပ် မှီဝဲအပ်သော။သမာတိကံ၊ခေါင်းစဉ်နှင့် တကွ သော။ ခုဒ္ဒသိက္ခံ၊ ခုဒ္ဒသိက္ခာကျမ်းကို။ ပဝက္ခာမိ၊ အပြားအားဖြင့် ဆိုပေအံ့။

---

**အနုသန္ဓိ**.....အလိုရှိအပ်သောကျမ်းကိုသာ အားမထုတ်ဘဲ အဘယ်ကြောင့် "အာဒိတော" ဟူသော ဤဂါထာကိုဆိုအပ်ပါသနည်းဟုမေး။ ။အန္တရာယ် မရှိသဖြင့် ကျမ်းပြီးခြင်းစသော အလိုရှိအပ်သော အကျိုးကို လိုလားသည့် အတွက် အလိုရှိအပ်သောကျမ်းကိုအားမထုတ်မီ"အာဒိတော" ဟူသော ဤဂါထာကို ဆိုသည်ဟုဖြေ။

**ချုပ်ဦးအံ့**.....ဤအာဒိတော ဟူသော ဂါထာဖြင့် ရတနာသုံးပါး အပေါင်းအား ရှိခိုးခြင်းဟူသော ရတနတ္တယပဏာမ, ကျမ်း၏အနက်ဟူသော အဘိဓေယျ, ကျမ်းပြုသော အခြင်းအရာ ဟူသော ကရဏပ္ပကာရ,ကျမ်း၏ အကျိုးဟူသော ပယောဇန,ကျမ်း၏ အမည်ဟူသော အဘိဓာန-ဤငါးပါးအပေါင်းကို ပြသည်။

**ပြပုံ**.....ဝန္ဒိတွာရတနတ္တယံဖြင့် ရတနတ္တယပဏာမကိုပြ၏၊ရတနာ သုံးပါးအပေါင်းအား ရှိခိုးခြင်းဟူသော ရတနတ္တယ ပဏာမ ကို ပြသဖြင့် ကျမ်းပြုဆရာဟူသော မိမိအား အန္တရာယ် မရှိသဖြင့်

ကျမ်းပြီးခြင်းစသောအကျိုး ထိုကျမ်းကိုသင်သော စာသင်သားတို့အား အန္တရာယ်မရှိသဖြင့် ပြီးဆုံးအောင် သင်ယူနိုင်ခြင်းစသော အကျိုး ဤအလိုရှိအပ်သော အကျိုးများ ပြီးမြောက်ခြင်းဖြစ်နိုင်သည်၊ဤအကျိုး များကိုလို၍ ရတနတ္တယ ပဏာမကို ပြုသည်ဟုသိ။ ။ခုဒ္ဒသိက္ခံပုဒ်ဖြင့် ဤကျမ်း၏အနက်အဘိဓေယျကိုပြသည်၊အဘိဓေယျဟူသည် အပေါင်း ဖြစ်သော ကျမ်း၏အနက်ကိုဆိုသည်၊ ဤခုဒ္ဒသိက္ခာကျမ်းကား အနည်း ငယ် သီလ သမာဓိ ပညာဟူသော သိက္ခာသုံးပါးဟု ဆိုအပ်သော အနက်ကိုပြသည်၊ ထို့ကြောင့် ခုဒ္ဒသိက္ခံပုဒ်ဖြင့် ကျမ်း၏အနက် အဘိ ဓေယျကိုပြသည်ဟုဆိုလိုက်သည်။ ။သမာတိကံပုဒ်ဖြင့် ကျမ်းပြုသော အခြင်းအရာ ကရဏပ္ပကာရကိုပြသည်၊ မာတိကာနှင့်တကွ သီလ သမာဓိ ပညာသုံးပါးကို ဤသမာတိက ပုဒ်ဖြင့် ပြရာရောက်ခြင်းကြောင့် ဟူ၏။ ။အာဒိတော ဥပသမ္ပန္န သိက္ခိတဗ္ဗံဖြင့် တိုက်ရိုက်မဟုတ် သာမတ္ထိယအားဖြင့် ကျမ်း၏အကျိုး ပယောဇနကိုပြသည်၊ဤခုဒ္ဒသိက္ခာ ကျမ်းကား သင်ယူအပ်သော ကျမ်းဖြစ်သည်ဟုပြသဖြင့် သင်အပ်သော ကျမ်းကို သင်သော် ပဋ္ဌုပ္ပန် သံသရာ နှစ်ဖြာသော အကျိုးပြီးနိုင်သော ကြောင့်ဟူ၏။ ။ခုဒ္ဒသိက္ခံပုဒ်ဖြင့်ပင် ကျမ်း၏အမည် အဘိဓာနကို ပြသည်၊ ဤခုဒ္ဒသိက္ခာဟူသော အမည်သည် အနည်းငယ် သိက္ခာ သုံးပါးဟူသော အနက်သို့ အစဥ့်လိုက်သော အမည်ဖြစ်ခြင်းကြောင့် ဟူ၏။

**ဝစနတ္ထ**·····ပဌမံအာဒိယတီတိ အာဒိ၊ ရှေးဦးစွာ ယူအပ်သော ရဟန်းအသွင်ကိုရစေ၊ရဟန်းအသွင်ကိုယူကာစ ရဟန်း ဖြစ်ကာစဟူ၏၊ဤအာဒိတောဟူသော ပုဒ်ကို ဋီကာဟောင်း၌ အာဓာရ တချက်,အပါဒါန် အနက်တချက်--ပေါင်းနှစ်ချက် ဖွင့်၏၊ဋီကာသစ်၌ကား အာဓာရအနက်တချက်သာပြသည်၊ရဟန်းဖြစ်ကာစမှစ၍အသက်ထက် ဆုံး ကျင့်အပ်သောကြောင့် ဗျာပိကာဓာရဖြစ်သည်ဟု မူလသိက္ခာ ဋီကာသစ်ဆို၏။ ။ဥပရိဘာဝံ သမာပန္နောတိ ဥပသမ္ပန္နော၊ မြင့်မြတ် သော ရဟန်းပဋ္ဌင်းအဖြစ်သို့ ရောက်သောသူကိုရစေ၊ ရဟန်းအဖြစ် ကား မြင့်မြတ်သည်၊ ထိုမြင့်မြတ်သောရဟန်းအဖြစ်သို့ ဉတ္တိစတုတ္ထကံ ဖြင့် ရောက်သောကြောင့် ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမကို ဥပသမ္ပန္နဟုခေါ်သည်။ သိက္ခိယတေတိ သိက္ခိတဗ္ဗံ၊ ကျင့်အပ်သော

အဓိသီလစသော သိက္ခာကိုရစေ။ ဥပသမ္ပန္နေန ဥပသမ္ပန္နာယစ သိက္ခိတဗ္ဗတ္တာ ဥပသမ္ပန္နသိက္ခိတဗ္ဗံ၊ ရဟန်းယောက်ျား ရဟန်းမိန်းမတို့သည် ကျင့်အပ်မြဲအပ်သော အဓိသီလစသော သိက္ခာကို မချအားဖြင့်ရစေ၊ သို့ပင်အဓိသီလစသော သိက္ခာသုံးပါးကို မချအားဖြင့် ရသော်လည်း သိက္ခာသုံးပါးကိုကျင့်သည်ရှိသော် ထိုသိက္ခာသုံးပါးကို ပြတတ်သော ကျမ်းဂန်ကိုလည်း ကျင့်ရာမြဲရာရောက်သောကြောင့် ဤ၌ ကျမ်းဂန်ကို အရကောက်။ ။သဟ မာတိကာယ ယာ ဝတ္တတီတိ သမာတိကာ၊ တဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိ၊ ခေါင်းစဉ်နှင့်တကွဖြစ်သော ခုဒ္ဒသိက္ခာ ကျမ်းကိုရစေ။ ။ခုဒ္ဒသဒ္ဒါ အနည်းငယ်ဟူသော အနက်ကိုဟောသော အပ္ပကဝါစီရုဠ္ဍီပုဒ်၊ ခုဒ္ဒခါတ်လည်းကြံကြသေး၏။ ဋီကာဟောင်း စိတ္တိကတံ မဟာ့ဿုဠ ဂါထာဖြင့် တနည်းဖွင့်ပြသေး၏။ ။သိက္ခိတဗ္ဗာတိ သိက္ခာ၊ သိက္ခာသုံးပါးကိုရစေ၊ အဓိသီလသိက္ခာစသည် အဆင့်ဆင့် မည်ပုံကို ပါရာဇိကဏ်အဋ္ဌကထာ သိက္ခာသာဇီဝပုဒ် အဖွင့်၌လာပြီ။ ခုဒ္ဒါ သိက္ခာတိ ခုဒ္ဒသိက္ခာ၊ အနည်းငယ်သိက္ခာသုံးပါးကို ပြတတ်သော ကျမ်းကိုရစေ၊ သိက္ခာသုံးပါးကို အကုန်မပြဟူ၏။ ။ပဝက္ခာမိကား အာချာတ်ပုဒ်ဖြစ်၍ ဝစနတ္ထမပြုရ။ ။ဝန္ဒိတွာလည်း နိပါတ်ပုဒ်ဖြစ်၍ ဝစနတ္ထမပြုရ၊ ဤဝန္ဒိတွာကို တီဟိဒွါရေဟိ ဝန္ဒိတွာဟု ဋီကာဖွင့်၏၊ တိဒွါရအကျယ်ဋီကာ၌လာပြီ။ ။နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ကြောင့် ဘုရားစသောသုံးပါးကို ရတနာဟု ခေါ်သည်၊ ဋီကာတို့၌ တနည်းဖွင့်သေး၏။ ရတိံ ပေမံ ဇနေတီတိ ရတနံ၊ ဘုရားတရားသံဃာ သည် လူပညာရှိ နတ်ပညာရှိတို့ နှစ်သက်အပ်သော ဝတ္ထုများ ဖြစ်သည် ဟူ၏။တိဏ္ဏံ သမူဟော တယံ၊သာမညသုံးပါးတို့၏ အပေါင်းကိုရစေ။ ရတနာနံတယံ ရတနတ္တယံ၊ရတနာတို့၏ သုံးပါးတို့၏အပေါင်းကိုရစေ၊ ရတနာသုံးပါးအပေါင်းကို ရတနတ္တယခေါ်သည်ဟူ၏။

**ပိဏ္ဍတ္ထ** ... ရတနာသုံးပါးအပေါင်းကို ဒွါရသုံးပါးဖြင့် ရှိခိုးပြီး၍, ရဟန်းဖြစ်ကာစ မှစ၍ ရဟန်းယောက်ျား ရဟန်းမိန်းမတို့ ကျင့်အပ် မြဲအပ်သော မာတိကာခေါင်းစဉ်နှင့်တကွသော ခုဒ္ဒသိက္ခာ ကျမ်းကိုဆိုပေအံ့ဟူလို။ ဤ၌“၍”တိုင်ရုံဖြင့် ရတနတ္တယပဏာမကိုပြ သည်၊“ဆိုပေအံ့”တိုင်ရုံဖြင့် ဝန်ခံခြင်း ပဋိညာဏ်ကို ပြသည်ဟုသိ။

၁။ ပါရာဇိကာဝ စတ္တာရော၊ ဂရုကာ နဝ စိဝရံ။
ရဇနာနိစ ပတ္တော၊ ထာလကာဝ ပဝါရဏာ။ ။

၁။ စတ္တာရော-ကုန်သော။ ပါရာဇိကာဝ၊-တို့ရင်း။ နဝ၊-ကုန်သော။ ဂရုကာဝ၊ သံဃာဒိသေသ်တို့ရင်း။ စိဝရဥ္စ၊–ရင်း။ ရဇနာနိစ၊ဆိုးရည်တို့ရင်း။ ပတ္တောစ၊–ရင်း။ ထာလကာဝ၊ စားခွက်တို့ရင်း။ ပဝါရဏာဝ၊ ပဝါရိတ်တို့ရင်း။

၂။ ကာလိကာဝ ပဋိဂ္ဂါဟော၊ မံသေသုစ အကပ္ပိယံ။
နိဿဂ္ဂိယာနိ ပါစိတ္တိ၊ သမဏကပ္ပဘူမိယော။ ။

၂။ ကာလိကာဝ၊–တို့ရင်း။ ပဋိဂ္ဂါဟောစ၊ အကပ် ခံခြင်းရင်း။ မံသေသု၊ အသားတို့တွင်။ အကပ္ပိယဥ္စ၊ မအပ်သော အသားရင်း။ နိဿဂ္ဂိယာနိစ၊-တို့ရင်း။ ပါစိတ္တိစ၊-ရင်း။ သမဏ ကပ္ပ, ဘူမိယောစ၊ ရဟန်းတို့၏ ကပ္ပိနည်းနှင့် ကပ္ပိယကုဋိတို့ရင်း။

၃။ ဥပဇ္ဈာဝေရဝတ္တာနိ၊ ဝစ္စပဿာဝ ဌာနိကံ။
အာပုစ္ဆကရဏံနဂ္ဂေါ၊ နှာနကပ္ပေါ အဝန္ဒိယော။ ။

၃။ ဥပဇ္ဈာ ဝေရဝတ္တာနိစ၊ ဥပဇ္ဈာယဝတ် အာစရိယဝတ်တို့ရင်း။ ဝစ္စပဿာဝ ဌာနိကဥ္စ၊ ဝစ္စကုဋိ ပဿာဝကုဋိ၌ ပြုရသော ဝတ်ရင်း။ အာပုစ္ဆ ကရဏဥ္စ၊ ပန်ကြားမှုကို ပြုခြင်းရင်း။ နဂ္ဂေါစ၊ သင်္ကန်းမပါဗလာကိုယ်တည်း အချည်းနှီးသောရဟန်းပြုရသော ဝတ်ရင်း။ နှာနကပ္ပေါစ၊ အပ်သော ရေချိုးခြင်းရင်း။ အဝန္ဒိယောစ၊ ရှိမခိုးအပ်သော သူရင်း။

---

**အနုသန္ဓိ**·····ဤသို့လိုအပ်သော အကျိုးကို ပြီးစေနိုင်သော ရတနတ္တယ ပဏာမနှင့် ပဋိညာဏ်ကို ပြပြီး၍,ယခုအခါထိုပဋိညာဏ်၌ အတွင်းဝင်သော မာတိကာ ခေါင်းစဉ်နှင့်တကွဟု ဆိုခြင်းကြောင့် မာတိကာ ခေါင်းစဉ်ပုဒ်တို့ကို ရှေးဦးစွာပြခြင်း၄ါ "ပါရာဇိကာဝ စတ္တာရော"စသော စကားရပ်ကို အားထုတ်တော်မူအပ်သတည်း။

သိက္ခာသုံးပါးတို့တွင် အဓိသီလသိက္ခာကို ဘာကြောင့် ရှေးဦးစွာ ဆိုအပ်ပါသနည်းဟုမေး။သီလသည် ရှေးဦးစွာတည်၍ သမာဓိပညာတို့ကို

၄။ စမ္ဗံ ဥပါဟနာ စေဝ၊ အနောလောကိယ မဍ္ဍနီ။
အကပ္ပိယသယနာနိ၊ သမာနာသနိကောပိစ။ ။

၄။ စမ္ဗ္ဗု၊ သားရေရင်း။ ဥပါဟနာစေဝ၊–တို့ရင်း။ အနောလောကိယဥ္ဍု၊ မကြည့်အပ်သော ဝတ္ထုရင်း။ အဍ္ဍနီစ၊ မျက်စဉ်းကျည်ရင်း။ အကပ္ပိယ သယနာနိစ၊မအပ်သော နေရာတို့ရင်း။ သမာနာ–သနိကောပိစ၊ နေရာ တူတူနေကောင်းသောသူရင်း။

၅။ အသံဝါသိကော စ ကမ္ဗံ၊ မိစ္ဆာဒိဋ္ဌိ ဝိဝဋ္ဋနာ။
ဝတ္တံ ဝိကပ္ပနာ စေဝ၊ နိဿယော ကာယဗန္ဓနံ။ ။

၅။ အသံဝါသိကောစ၊ မပေါင်းဘော်ထိုက်သောသူရင်း။ ကမ္ဗ္ဗု၊ ကံရင်း။ မိစ္ဆာဒိဋ္ဌိ ဝိဝဋ္ဋနာစ၊ မိစ္ဆာဒိဋ္ဌိမှ ဖျောင်ကြည်ခြင်းရင်း။ ဝတ္တဥ္ဍု၊ ဝတ်ရင်း။ ဝိကပ္ပနာစေဝ၊ ဝိကပ္ပနာပြုခြင်းရင်း။ နိဿယောစ၊ နိဿျည်းရင်း။ ကာယဗန္ဓနဥ္ဍု၊ ခါးပန်းကြိုးရင်း။

၆။ ပထဝီ စ ပရိက္ခာရော၊ ဘေသဇ္ဇုဂ္ဂဟာဒူသနံ။
ဝဿုပနာယိကာ စေဝ၊ ဝေဘင်္ဂိယံ ပကိဏ္ဏကံ။ ။

၆။ ပထဝီစ၊–ရင်း။ ပရိက္ခာရောစ၊–ရင်း။ ဘေသဇ္ဇုဂ္ဂဟာ ဒူသနဥ္ဍု၊ ဆေးကုခြင်း ရွှေငွေစသည်ကို ခံယူခြင်း ကုလဒူသနအမှုရင်း။ ဝဿုပနာယိကာစေဝ၊ ဝါကပ်ခြင်းရင်း။ အဝေဘင်္ဂိယဥ္ဍု၊ မဝေဘန်အပ်သော ဂရုဘဏ်ရင်း။ ပကိဏ္ဏကံ၊ ရောပြွမ်းသော အသုံးအဖြတ်ရင်း။

---

ပွါးများ အားထုတ်ရမည်ဟူသော''သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ''ဟု ဟောတော်မူအပ်သော သံယုတ်ပါဠိတော်ကို ထောက်၍ သိက္ခာသုံးပါးတို့တွင် အဓိသီလသိက္ခာကို ရှေးဦးစွာ ဟောတော်မူအပ်၏ဟုဖြေ။ ထိုအဓိသီလသိက္ခာ၌လည်း အဖြစ် အကြီးဆုံးဖြစ်ခြင်းကြောင့်ရင်း, သိက္ခာပုဒ် အရင်းပြတ်သည့် အစွမ်းဖြင့် ဖြစ်ခြင်းကြောင့်ရင်း- အလုံးစုံသော သိက္ခာပုဒ်တို့၏ ရှေးဦးစွာပါရာဇိက ကိုသာ ဆိုတော်မူအပ်၏ဟုဖြေ။ ဤအဖြေမျိုးကို ထောက်၍''အဖြေမြင်-အဘင်သိ၊ မိ၏ကျမ်းရိုးအနေတည်း''ဟူသော. **နိယံ** အတိုင်း အတင် အမေး ထုတ်တက်ရမည်။

၇။ ဒေသနာ သန္နိဒါနာဒိ၊ ဥပေါသထပ္ပဝါရဏာ။
သံဝရော သုဒ္ဓိ သန္တောသော၊ စတုရက္ခာ ဝိပဿနာတိ။ ။

၇။ ဒေသနာစ၊ ဒေသနာကြားခြင်းရင်း။ သန္နိဒါနာဒိစ၊ သန္နိ ပေးခြင်း အစရှိသည့်ရင်း။ ဥပေါသထပ္ပဝါရဏာစ၊ တို့ရင်း။ သံဝရောစ၊-ရင်း။ သုဒ္ဓိစ၊ စင်ကြယ်ခြင်းရင်း။ သန္တောသောစ၊-ရင်း။ စတုရက္ခာ၊ လေးပါးသော ကိုယ်စောင့်တရားရင်း။ ဝိပဿနာစ၊ ဝိပဿနာ ရှုနည်းရင်း။ ဣတိ၊ ဤ ၅၀-ကား ခေါင်းစဉ်မာတိကာတည်း။

## ၁–ပါရာဇိကာဝ စတ္တာရောတိ

၁။ မဂ္ဂတ္တယေ အနိက္ခိတ္တ၊ သိက္ခော သင်္ဂတာသင်္ဂတော။
အလ္လောကာသေ နိမိတ္တုံသံ၊ တိလမဂ္ဂမ္ပိ သင်္ဂတံ။ ။

---

**ထုတ်ပုံ**……အဓိသီလသိက္ခာတို့တွင် အလုံးစုံသော သိက္ခာပုဒ်တို့၏ ရှေးဦးစွာဘာကြောင့် ပါရာဇိကကိုသာဆိုအပ်ပါသနည်း ဟု အတင်အမေးထုတ်။ [အရာဌာန အားလျော်စွာ အမေးထုတ်တတ် အောင်ကြံ။]

**အမှာစကား**……မာတိကာ ပုဒ်များ၏ အနက် အဓိပ္ပါယ်ကို ထိုထို မာတိကာပုဒ်၏အဖွင့်နိဒ္ဒေသအတိုင်းသိနိုင်လောက် စရာရှိသောကြောင့် ဤ၌သီးခြားထုတ်၍ မပြတော့အံ့၊ မထင်ရှားမပေါ် လွင်သော မာတိကာ ပုဒ်တို့၏ အနက် အဓိပ္ပါယ်ကို ထိုထို နေရာကျမှ ဖွင့်ထုတ်ပြတော့မည်။

ခေါင်းစဉ်မာတိကာ ၅၀-ပြီး၏။

## ၁–ပါရာဇိက ၄–ပါး

၁။ ပါရာဇိကာဝ စတ္တာရော၊ ပါရာဇိက လေးပါးကိုပြသည်။

**အနုသန္ဓိ**……ဤသို့ ဥဒ္ဒေသ မာတိကာ ခေါင်းစဉ်ကို ပြပြီး၍, ယခုအခါ ထိုဥဒ္ဒေသ မာတိကာ ပုဒ်စဉ်အတိုင်း အဖွင့်နိဒ္ဒေသကိုပြတော်မူလိုသော ဓမ္မသိရီ ဆရာသည်“ပါရာ ဇိကာဝ စတ္တာရောတိ” ဟူသော မာတိကာပုဒ်ကို ထုတ်ဆို တော်မူသတည်း။

၂။ အသန္တတမုပါဒိန္နံ၊ ပဝေသေန္တော ရတောထဝါ။
ပဝေသနဋ္ဌိတုဒ္ဓါရ၊ ပဝိဋ္ဌက္ခဏာသာဒကော။ ။

**၁။ ပါရာဇိကာဝ စတ္တာရောတိ၊ ဟူသည်။**

၁-၂။ အနိက္ခိတ္တ သိက္ခော၊ မ-ချအပ်သော သိက္ခာရှိသော။(ပဝေသေန္တောသို့ လှမ်းစပ်။) သန္တတေဝါ၊ ဖုံးနှီးအပ်သည်လည်းဖြစ်သော။ အသန္တတေဝါ ။မဖုံးနှီးအပ်သည်လည်းဖြစ်သော။ မဂ္ဂတ္တယေ၊မဂ်တို့၏ သုံးခုတို့၏ အပေါင်း၌။ အလ္လောကာသေ၊ စိုသော အရပ်၌။ သန္တတံ၊-သော။ အ သန္တတံ၊-သော။ ဥပါဒိန္နံ၊ ကာယပသာဒ မပျက်

[ ဤနည်းကို မှီး၍ နောက်နောက်သော မာတိကာ ပုဒ်များ အတွက် အနုသန္ဓေ ဆိုတတ်စေ။]

**နည်းပြ**……ဤသို့ ပါရာဇိကတို့ကိုပြပြီး၍, ယခုအခါ မာတိကာပုဒ်စဉ် အတိုင်း အဖွင့်နိဒ္ဒေသကိုပြတော်မူလိုသော ဓမ္မသိရီ ဆရာသည် "ဂရုကာ နဝါတိ" ဟူသော ဒုတိယ မာတိကာပုဒ်ကို ထုတ်ဆိုတော်မူသတည်း။……ဤကား-နည်းပြတည်း။

**ဝစနတ္ထ**……ပရာဇယန္တိ့တိ ပရာဇိယာ၊ ပဏ္ဍိအကိုအာဝုန်ပြု၊ ယကိုကပြု၍ ပါရာဇိကဖြစ်သည်၊ အာပတ်ကြောင့် သိက္ခာပုဒ်ကို လွန်ကျူး၍ အာပတ်သို့ရောက်သော ပုဂ္ဂိုလ်တို့သည် သာသနာတော်၌ ရဟန်းအဖြစ်မှ ဆုံးရှုံးခြင်းသို့ ရောက်ရကုန်၏၊ ထိုသာသနာတော်၌ ရဟန်းအဖြစ်မှ ဆုံးရှုံးခြင်းသို့ ရောက်စေတတ်သော အာပတ်မျိုးကို ပါရာဇိက ခေါ်သည်၊ ထိုအာပတ်ပါရာဇိကကား လေးမျိုးဖြစ်၍"ပါရာဇိကာဝ စတ္တာရော"ဟူ၍ ဆိုသည်ဟူ၏။

**အနုသန္ဓိ** … ယခုအခါ ထိုလေးပါးသော ပါရာဇိကတို့ကို ပြခြင်းအကျိုးငှါ"မဂ္ဂတ္တယေ"စသည်ကို အားထုတ်တော်မူသည်။

**၁-၂။ မဂ္ဂတ္တယေ** ……မဂ္ဂသဒ္ဒါ-လမ်းခရီး,အရိယာမဂ်,အကြောင်း, ဝစ္စမဂ်-စသည်တို့တွင် ဤ၌ဝစ္စမဂ်,ပဿာဝမဂ်,မုခမဂ်-သုံးပါးကိုသာယူ။ မဂ္ဂါနံ တယံ မဂ္ဂတ္တယံ၊ ဆိုအပ်ပြီးသော မဂ်တို့၏ သုံးခုအပေါင်းကိုရစေ၊ ထိုမဂ်သည် အကျဉ်းသုံးမျိုး, အကျယ်

သော။ သံ၊ မိမိ၏။ ဝါ၊ မိမိ၏ဥစ္စာဖြစ်သော။ နိမိတ္တံ၊ အင်္ဂါဓာတ်ကို။ တိလမတ္တံပိ၊နှမ်းစေ့မျှကိုလည်း။ပဝေသေန္တော၊ သွင်းသောရဟန်းသည်။ ရတော၊ (သာသနာတော်မှ) ရွေသည်။ ဝါ၊ ပါရာဇိကကျသည်။ ဟောတိ၊—၏။ အထဝါ၊ ဤဆိုလတ္တံ့ကား နည်းတပါးတည်း။ ပဝေသန ဋ္ဌိတုဒ္ဓါရ ပဝိဋ္ဌကာလ သာဒကော၊ သွင်းဆဲ တည်ဆဲ နုတ်ဆဲ ဝင်ဆဲ ခဏ၌ သာယာသော ရဟန်းသည်။ ရတော၊—သည်။ ဟောတိ၊—၏။

---

သုံးဆယ်ဖြစ်၏၊ အကျယ်သုံးဆယ်ဖြစ်ပုံကို ပါတိမောက္ခမဒိနီ ပထမ ပါရာဇိကအဖွင့်မှာကြည့်။

**အနိက္ခိတ္တသိက္ခော**……နိက္ခိတ္တာသိက္ခာယေတနာတိ နိက္ခိတ္တာသိက္ခာ၊ စွန့်အပ်ချအပ်သော သိက္ခာရှိသောရဟန်းကို ရစေ။ နနိက္ခိတ္တ**သိ**က္ခော အနိက္ခိတ္တသိက္ခော၊ မစွန့်အပ် မချအပ်သော သိက္ခာရှိသော ရဟန်းကိုရစေ၊စိတ်,ခေတ်,ကာလ-စသော ခြောက်ပါး ရှိမှ သိက္ခာကျပုံ,မရှိက မကျပုံ, သိက္ခာ ကျသော ခေတ်ပုဒ် စသည်တို့ ၏ အကျယ်ကို ပါတိမောက္ခမဒိနီပထမပါရာဇိက အဖွင့်မှာပြန်ကြည့်။

**သန္ထတသန္ထတေ**……သန္ထတေ အသန္ထတေဟု ပုဒ်ဖြတ်၊သန္ထိယတိ တိ သန္ထတံ၊ဖွဲ့စည်းရစ်ပတ်ထားအပ်သောမဂ် သုံးခုကိုရစေ၊ အသန္ထတ၌အကား—သန္ထတဟူသော နောက်ပုဒ်၏ အနက်ကို မြစ်သောကြောင့် ပယိရုဒါသ၊ဖွဲ့စည်းရစ်ပတ်ထားအပ်သော မဂ်မဟုတ်ဟူ၏၊ သဒ္ဒယုတ္တိရှိ၍ ဝါ သဒ္ဒါထည့်ပြီးအနက်ပေးလိုက်သည်။

**အလ္လောကာသေ**……အလ္လိယတိ ဗန္ဓိယတီတိ အလ္လံ၊ အလိဓာတ်၊ အလဓာတ်ဟူ၍လည်း ဆိုကြ၏၊ ဖွဲ့စည်းအပ် သော စိုသောအရပ်ကိုရစေ။ အဝကာသန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ ဩကာသော၊တည်ရာအရပ်ကို ရစေ၊ ပကတိလေ မထိသော စိုသော မဂ်သုံးခုအရပ်ကို အလ္လောကာသခေါ်သည်၊ အလ္လနှင့် ဩကာသကို ကမ္မဓာရယ်တွဲ။

**နိမိတ္တံသံ**……နိမိတ္တသဒ္ဒါ အင်္ဂါဓာတ်ဟော၊ သံသဒ္ဒါ မိမိဟူသော အနက်,မိမိ၏ ဥစ္စာဟူသော အနက်ကိုဟောသည်။

**တိလမတ္တံပိ**……တိလံမတ္တာ တိလမတ္တာ၊နှမ်းစေ့မျှကိုရစေ၊တိလသဒ္ဒါ ပုလ္လိင်ဟုအချို့ဆို၏၊ဋီကာ၌ ဝစနတ္ထတမျိုးပြုသေး၏၊

ပိကား သမ္ဗာဝနာ အနက်ရှိ၏၊ နှမ်းစေ့မျှသွင်းရုံဖြင့် ပါရာဇိကကျသေး၏၊ ထို့ထက် အလွန်သွင်းမှု ဆိုဘွယ်မရှိဟူ၏။

သန္ထတံ အသန္ထတမှပါဒိန္နံ ပဝေသေန္တော့စတော။ ဤပုဒ်ရကား ပွယ်၏။

**ဝိတ္ထာရတ္ထ**···သိက္ခာမချဘဲ အနှိုးအခံရှိမရှိဖြစ်သော မဂ်သုံးခုအပေါင်းတို့တွင် တခုခုသောမဂ်၌ အနှိုးအခံရှိမရှိသော ကာယပသာဒမပျက်သော မိမိ၏အင်္ဂါဇာတ်ကို နှမ်းစေ့မျှလောက်အတွင်း ရောက်အောင်သွင်းသောရဟန်း ပါရာဇိကကျသည်၊ သိက္ခာချပြီးမှ ဆိုအပ်ပြီးသည်ကို သွင်းသောရဟန်း သိက္ခာပုဒ်မရှိ, ရဟန်းမဟုတ်သည်ဖြစ်၍ ပါရာဇိကကျဘွယ်မရှိဟူ၏။

**အနုသန္ဓိ**·····ယခုအခါ ပဝေသန သွင်းခြင်းမည်သည် သက်သက် မိမိ၏လုံ့လဖြင့်သာ ဖြစ်နိုင်သည်မဟုတ်, သူတပါး၏ လုံ့လဖြင့်လည်း ဖြစ်နိုင်၏၊ထိုသူတပါး၏ လုံ့လဖြင့် ဖြစ်ရာ၌ သာယာမှသာ ပါရာဇိကကျသည်ဟု ပြခြင်းအကျိုးငှါ "အထဝါ"စသည်ကိုဆိုသည်။

[ဤအနုသန္ဓိစကားကိုထောက်၍ အထဝါတက်သော ဝါကျကား ဘယ်လိုအဓိပ္ပါယ်ဆိုဟာသိအောင် ကြံဖွတ်ရမည်။]

**အထဝါ**····ဤအထဝါကား နိပါတ်ပုဒ်တခု၊ တနည်း အထနိပါတ်ပုဒ်နှင့် ဝါ နိပါတ်ပုဒ် နှစ်ခု ပေါင်းထားသော နိပါတသမုဒါယပုဒ်၊ပက္ခန္တရအနက်ဟောဟူသည်။

**ပဝေသန သာဒကော**·····ပဝေသနဥ္စ ဌိတဥ္စ ဥဒ္ဓါရောစ ပဝိဋ္ဌဥ္စာတိ ပဝေသနဋ္ဌိတုဒ္ဓါရပဝိဋ္ဌာနိ၊ ဧတရိတရယောဂဒွန်၊ အချင်းချင်း တပုဒ်၏အနက်ကို တပုဒ်ကယူ၍ဟောသည်၊ ထို့ကြောင့် ဗဟုဝုစ်ဝိဘတ်သက်နိုင်သည်။ ပဝေသန–ပဝိဋ္ဌာနိယေဝ ခဏော-ပဝေသန –ဋ္ဌကျခဏော၊ သွင်းဆဲစသော ခဏကိုရစေ၊ အဘေဒ ဘေဒူပစာရကြံ၍ အနက္ခတပုဂ္ဂိုလ်လည်းတွဲနိုင်သည်။ပဝေသန –ဋ္ဌကျခဏေ သာဒကော- ပဝေသန–သာဒကော၊ သွင်းလိုသောစိတ် ဖြစ်ပေါ်လာ

၃။ အာဒိယေယျ ဟာရေယျာ၀၊ ဟာရေယျ ဇ္ဈာရိယာပထံ။
ကောပေယျ ဌာနာ စာ၀ေယျ၊ သင်္ကေတံ ဝိတိနာမယေ။ ။

၄။ အဒိန္နံ ထေယျ စိတ္တေန၊ ဘ၀ေ ပါရာဇိကော ထ၀ါ။
ထေယျာဗလ ကုသစ္ဆန္နံ၊ ပရိကပ္ပါ၀ဟာရကော။
ဘဏ္ဍကာလဂ္ဃဒေသေဟိ၊ ပရိဘောဂေတ္ထ နိစ္ဆယော။ ။

၃—၄။ (ယော ဘိက္ခု၊-သည်။)အဒိန္နံ၊ (အရှင်သည် ကိုယ်နှုတ်ဖြင့်) မပေးအပ်သည်ကို။ထေယျ စိတ္တေန၊ခိုးသူ၏ဖြစ်ကြောင်း စိတ်ဖြင့်။အာဒိ ယေယျ၊ တရားတွေ့၍ ခိုးအံ့။ ဟာရေယျ၊ ဆောင်ယူလာသောဥစ္စာကို ခိုး အံ့။ အ၀ဟာရေယျ၊ အပ်နှံထားသော ဥစ္စာကိုခိုးအံ့။ ဇ္ဈာရိယာပထံ၊—ကို။ ကောပေယျ၊ ဖျက်၍ ခိုးအံ့။ ဌာနာ၊ တည်ရာမှ။ စာ၀ေယျ၊ ရွေ့၍ ခိုးအံ့။

---

သဖြင့် သွင်းခြင်းစသောခဏ၌ သာယာသောရဟာန်းကိုရစေ၊ ထိုရဟာန်း မျိုးအား ပါရာဇိကကျသည်ဟုသိ။ ။ဆိုအပ်ပြီးသော မဂ်သုံးခုတို့တွင် အမှတ်မရှိတခုခုသော မဂ်အတွင်းသို့ နှမ်းစေ့မျှလောက် ၀င်အောင် သွင်းဆဲကိုပ၀ေသန ခေါ်သည်၊အဆုံးထိအောင် သွင်းဆဲကို ပဝိဋ္ဌ ခေါ် သည်၊ အဆုံးထိပြီး၍ မနုတ်မီတည်နေခြင်းကို ဋ္ဌိတခေါ်သည်၊တည်ပြီး၍ အဖျားတိုင်အောင် နုတ်ခြင်းကို ဥဒ္ဓါရ ခေါ်သည်၊ ဤအစဉ်အတိုင်း ဆို သင့်သော်လည်း ဂါထာဗန္ဓဖြစ်၍ ပဝိဋ္ဌကို နောက်ဆုံးထား၍ ဆိုသည် ဟု ယူ။

ပထမ ပါရာဇိက ပြီး၏။

**၃-၄။ အာဒိယေယျ-သင်္ကေတံ ဝိတိနာမယေ**……ဤ ခြောက်ပုဒ် တို့ ၏ အဓိပ္ပါယ်ကို အနက်အတိုင်း ချဲ၍သိ၊ အကျယ် အဋ္ဌကထာကြီး၌ လာပြီ၊ အလုံးစုံသော ခိုးခြင်း တို့သည် ထို ခြောက်ပုဒ်တို့၌ အတွင်း၀င်ခြင်း ကြောင့် ထို ခြောက်ပုဒ်တို့ကိုပြသဖြင့် နာနာဘဏ္ဍ ပဉ္စက, ဧကဘဏ္ဍ, သာဟတ္ထိက,ပုဗ္ဗပယောဂ,ထေယျာ၀ဟာရပဉ္စက တို့ကိုပေါင်း၍ ခိုး ခြင်း နှစ်ဆဲ့ငါးပါး ဖြစ်ပုံကိုလည်း သိ၊ ထို နှစ်ဆဲ့ငါးပါးကို ပါတိမောက္ခ မေဒိနီကျမ်း၌ အကျဉ်းဆိုခဲ့ပြီ၊ အကျယ်ကိုလိုက အဋ္ဌကထာကြီး ကို ရှု။ ။အဒိန္နံထေယျပုဒ်တို့၏အဖွင့်ကိုပါတိမောက္ခမေဒိနီ၌ဖွင့်ပြခဲ့ပြီ။

သင်္ကေတံ၊ ကြံ့ဆရာ အရပ် ကင်းတားရာအရပ်ကို။ ဝိတိနာမယော၊ လွန်စေ၍ ခိုးအံ့။ ( သော ဘိက္ခု၊-သည်။ ) ပါရာဇိကော၊-သည်။ ဘဝေ၊-၏။ အထဝါ၊-တည်း။ ထေယျာ-ဗလ-ကုသစ္ဆန္န-ပရိကပ္ပ-ဝဟာရကော၊ စဉ်းလဲ၍ ခိုးခြင်း,အနိုင်အထက် လုယက်၍ခိုးခြင်း,ကမ္ပည်းပြောင်း၍ ခိုးခြင်း, ဖုံးလွှမ်း၍ ခိုးခြင်း, ကြံ့ဆ၍ ခိုးခြင်းတို့ဖြင့် ခိုးသော ရဟန်းသည်။ ပါရာဇိကော၊-သည်။ ဘဝေ၊-၏။ ဧတ္ထ၊ ဤအဒိန္နာဒါန်၌။ ဘဏ္ဍ-ကာလ-ဌာ-ဒေသေဟိ၊ဘဏ္ဍာ-ကာလ-တန်ဘိုး-အရပ်တို့ဖြင့်၎င်း။ ပရိဘောဂါ၊ သုံးဆောင်ခြင်းဖြင့်၎င်း။ နိစ္ဆယော၊ ဆုံးဖြတ်အင်၏။

---

**အနုသန္ဓိ**.....နောက်ဆုံးဖြစ်သော ထေယျာဝဟာရပဉ္စကကို ကိုယ်တိုင်ပြလိုရကား“အထဝါ”စသည်ကိုမိန့်။ အမှတ်မရှိ တရားတွေ့ခြင်းစသော အံခြင်းအရာ အထူးသည် အဖြစ်မျှဖြင့် ခိုးခြင်း နှစ်ဆဲ့ငါးပါး ပြားခြင်း၏ ဖြစ်သင့်သော ကြောင့်ထင်ရှား၍ ဤထေယျာဝဟာရပဉ္စကကို သီးခြား ထုတ်ပြသည်ဟုယူ။

**ဝစနတ္ထ**......ထေယျဉ္စ ဗလဉ္စ ကုသောစ ဆန္နဉ္စ ပရိကပ္ပော စာတိ ထေယျာဗလကုသစ္ဆန္န ပရိကပ္ပံ၊ ထေယျ စသော ခိုးခြင်းငါးမျိုးကို အရကောက်။ထေယျာ-ပရိကပ္ပေဟိ အဝ ဟာရကော-ထေယျာ-ကော၊ ထိုငါးမျိုးသော ခိုးခြင်းတို့တွင် တမျိုးမျိုးသောခိုးခြင်းဖြင့် ခိုးတတ်သောရဟန်းကို အရကောက်။

**ဘဏ္ဍ-နိစ္ဆယော** .....ဤပါဌ်ဖြင့် အဒိန္နာဒါန် ဆုံးဖြတ်ပုံကိုပြသည်၊ အဒိန္နာဒါန်၌ ခိုးအပ်သော ဘဏ္ဍာ၏ပိုင်ရှင် ရှိ-မရှိ ဆုံးဖြတ်ခြင်းကို ဘဏ္ဍဝိနိစ္ဆယ ခေါ်သည်၊ ပိုင်ရှင်အာလယ ရှိ-မရှိသောကာလဖြင့်ဆုံးဖြတ်ခြင်းကို ကာလဝိနိစ္ဆယခေါ်သည်၊ ဘဏ္ဍာ၏ တန်ဘိုးဖြင့်ဆုံးဖြတ်ခြင်းကို အဃ္ဃဝိနိစ္ဆယ ခေါ်သည်၊ ခိုးရာ အရပ်ဖြင့် ဆုံး ဖြတ်ခြင်းကို ဒေသ ဝိနိစ္ဆယ ခေါ်သည်၊ သုံးဆောင်ခြင်းဖြင့် ဆုံးဖြတ်ခြင်းကို ပရိဘောဂ ဝိနိစ္ဆယ ခေါ်သည်၊ ထိုငါးပါးကိုကြည့်၍ ဆုံးဖြတ်ရမည် ဟူ၏။ ၊အကျယ်အဋ္ဌကထာကြီး၌ လာပြီ။

ဒုတိယ ပါရာဇိက ပြီး၏။

၅။ မနုဿ ဝိဂ္ဂဟံ ဝိစ္စ၊ ဇီဝိတာဝါ ဝိယောဇယေ။
သတ္ထံဝါ အဿ မရဏ၊ စေတနော ဥပနိက္ခိပေ။ ။
၆။ ဂါဟေယျ မရဏူပါယံ၊ ဝဒေယျ မရဏေ ဂုဏံ။
ဆတော ပယောဂါ သာဟတ္ထိ၊ နိဿဂ္ဂါဏတ္တိ ထာဝရာ။ ။
၇။ ဣဒ္ဓိဝိဇ္ဇာမယာ ကာလ၊ ဝတ္ထာဝုဓိရိယာပထာ။
ကြိယာဝိသေသော ဩကာသော၊ ဆ အာဏတ္တိနိယာမကာ။ ။

၅-၆-၇။ (ယော ဘိက္ခု၊-သည်။ မနုဿ ဝိဂ္ဂဟံ၊ လူ၏ ကိုယ်ကို။ ဝိစ္စ၊ သတ်လိုသော စေတနာဖြင့် စေ့ဆော်၍။ ဇီဝိတာ၊-မှ။ ဝိယောဇယေ ဝါ၊ ခွဲမူလည်း ခွဲအံ့။ မရဏစေတနော၊ သေခြင်း၌အလို စေတနာရှိ၍။ သတ္ထံ၊ အသက်ကို ဆောင်တတ်သော လက်နက်ကို။ အဿ၊ ထိုလူ၏ ကိုယ်၏။ ဥပနိက္ခိပေဝါ၊ အနီး၌မူလည်း ထားအံ့။ ။မရဏူပါယံ၊ သေခြင်း၏ အကြောင်းကို။ ဂါဟေယျဝါ၊ ယူမူလည်း ယူစေအံ့။ မရဏေ၊

---

**၅-၆-၇။ မနုဿဝိဂ္ဂဟံ–ဝိယောဇယေ**·····မနုဿ ဝိဂ္ဂဟံ ပုဒ်၏ အဓိပ္ပါယ်ကို ပါတိမောက္ခမေဒိနီ၌ အကျယ်ဆိုခဲ့ပြီ၊ ဝိစ္စကို ပါတိမောက်၌ လာသော သဉ္စိစ္စ ပုဒ်အတိုင်း ဋီကာများ ဖွင့်ကြ၏၊ အဓိပ္ပါယ် ဆိုခဲ့ပြီ၊ ဝေါရောပေယျကို ဝိယောဇေယျဖွင့်သော အဋ္ဌကထာကိုထောက်၍ ပါတိမောက်၌လာသော ဇီဝိတာ ဝေါရောပေယျနှင့် ဝိယောဇယေကား အနက်အဓိပ္ပါယ်တူ၏၊ ထို့ကြောင့် ဇီဝိတာ ဝိယောဇယေပုဒ်တို့ကိုလည်း ပါတိမောက္ခမေဒိနီ၌ လာသောအတိုင်းသိ၊ ဝါသဒ္ဒါကား ဝိကပ်၊ ယင်းဝိကပ် အဓိပ္ပါယ်ကိုလည်း ဆိုခဲ့ပြီ။

**အမှာစကား**·····နောက်နောက် ပါတိမောက်၌ လာသော ပုဒ်တို့၏ အဓိပ္ပါယ်ကို ပါတိမောက္ခ မေဒိနီ၌ လာသော အတိုင်းသိ၊ အထူးမဆိုတော့ပြီ။

**သတ္ထံ**····ဋီကာတို့၌ သတ္ထဟာရကန္တိ ဇီဝိတံ ဟာရတီတိ ဟာရကံ၊ စသည်ဖြင့် ဖွင့်ကြခြင်းကြောင့် ပါတိမောက် အတိုင်း သတ္ထဟာရကဟု ဆိုလိုလျက် ဟာရက ဟူသော နောက်ပုဒ်ကြေနေသည်ဟု ယူသင့်၏၊ ထို့ကြောင့်-သတ္ထံ၊ အသက်ကိုဆောင်တတ်သော လက်နက်ကိုဟု အနက်ပေးလိုက်သည်။

သေခြင်း၌။ ဂုဏံ၊ ဂုဏ် ကျေးဇူးကို။ ဝဒေယျ၊ဝါ၊ ဆိုမူလည်း ဆိုအံ့။ ( သော ဘိက္ခု၊-သည်။ ) ရတော၊-သည်။ ဘဝေ၊-၏။ သာဟတ္ထိ-နိဿ ဂ္ဂိ-ဏတ္တိ-ထာဝရာ၊ မိမိလက်ဖြင့် သတ်ခြင်း, ပစ်ခတ်၍ သတ်ခြင်း, စေခိုင်း၍ သတ်ခြင်း, ထာဝရပယောဂဖြင့် သတ်ခြင်းတို့ရင်း။ ဇ္ဇာတိ ဝိဇ္ဇာ မယာ၊တန်ခိုးဖြင့် သတ်ခြင်း, အတတ်ဖြင့်သတ်ခြင်းတို့ရင်း။ ( ဇ္ဇာတိ၊-သို့။ ) ဆ၊ ခြောက်ပါးတို့သည်။ ပယောဂါ၊-တို့ ဇည်ကုန်၏။ ကာလဝတ္ထုဝုဓိ ရိယာပထာ၊နံနက်စသောကာလ,သတ်အပ်သောသူ,လက်နက်,ဣရိယာ ပုဒ်တို့ရင်း။ ကြိယာဝိသေသော၊ အမူအရာအထူးရင်း။ ဩကာသော၊ အရပ်ရင်း။ ( ဇ္ဇာတိ၊-သို့။ ) ဆ၊ တို့သည်။ အာဏတ္တိ နိယာမကာ၊ စေခိုင်း ခြင်းကို ပိုင်းခြား မှတ်သားတတ်ကုန်၏။

---

**မရဏစေတနော**····မရဏေ စေတနာ ယဿာတိ မရဏစေတ နော၊ သေခြင်း၌ စေတနာရှိသော ရဟန်းကို ရစေ၊ ငသေစေလိုသော စေတနာရှိသော ရဟန်းဟူ၏၊ ဤသတ္တံဝါ– ဥပနိက္ခိပေဖြင့် ထာဝရ ပယောဂကို ပြသည်ဟုသိ။

**ဂါဟေယျမရဏူပါယံ**····ဤဝါကျကား ပါတိမောက်၌လာသော မရဏာယဝါသမာဒပေယျနှင့်အဓိပ္ပါယ် တူ၏ဟုသိ။

**ဝဒေယျမရဏေဂုဏံ**·····ဤဝါကျလည်း မရဏဝဏ္ဏံဝါ သံဝဏ္ဏေ ယျနှင့်အဓိပ္ပါယ်တူ၏။

**မှတ်ချက်**·····မနုဿဝိဂ္ဂဟံမှစ၍ ရတော တိုင်အောင်သော ပါဌ်ဖြင့် ပါရာဇိကကျပုံလေးချက်ကို ပြသည်ဟုမှတ်။

**ပယောဂါ–ဝိဇ္ဇာမယာ**·····ဤဝါကျဖြင့် ပါဏာတိပါတပယောဂ ခြောက်ပါးကိုပြသည်။

**ကာလ -နိယာမကာ**····ဤဝါကျဖြင့် အာဏတ္တိပယောဂကို မှတ် သားတတ်သော နိယာမကခြောက်ပါးကို ပြသည်၊ ပါဏာတိပါတ ပယောဂ ခြောက်ပါး, အာဏတ္တိနိယာမက ခြောက်ပါးတို့၏ အဓိပ္ပါယ်အကျယ်ကို ပါတိမောက္ခမေဒိနီ၌ဆိုခဲ့ပြီ။

တတိယပါရာဇိကပြီး၏။

၇။ ဈာနာဒိဘေဒ နောသန္တ၊ မတ္တနတ္တူပနာယိကံ။
ကတွာကောဋ္ဌာသမေကေကံ၊ ပစ္စုပ္ပန္နဘဝသိတံ။ ။

၈။ အညာပဒေသရဟိတံ၊ ဒိပေန္တော နာဓိမာနိကော။
ကာယေနဝါစာဝိညတ္တိ၊ ပထေ ညာတေ ရတောဘဝေ။ ။

၇-၈။ အတ္တနိ၊ မိမိ၌။ နောသန္တံ၊ ထင်ရှားမရှိသော။ ပစ္စုပ္ပန္နဘဝသိတံ၊ ဖြစ်ဆဲ အတ္တဘောကို မှီသော။ အညာပဒေသ ရဟိတံ၊ သူတပါးအား ရည်ညွှန်းခြင်းမှ ကင်းသော။ ဈာနာဒိ ဘေဒံ၊ ဈာန်စသည့် အထူးအပြားရှိသော တရားကို။ အတ္တူပနာယိကံ၊ မိမိ၌ ဆောင်သည်ကို။ ဝါ၊ မိမိကို ဆောင်သည်ကို။ (ကတွာ၊-၍။) ကောဋ္ဌာသံ၊ အစုအစုကို။ ဧကေကံ၊ တခုတခုစီကို။ (ကတွာ၊-၍။) နာဓိမာနိကော၊ ရနိုးခြင်းမရှိ

---

၇-၈။ **ဈာနာဒိဘေဒ-ဘဝေ**······ဤနှစ်ဂါထာဖြင့် စတုတ္ထပါရာဇိကကို ပြသည်။ ဈာနာဒိဘေဒနောသန္တံ။ ဈာနံ အာဒိ ယဿာတိ ဈာနာဒိ၊ ဈာန်အစရှိသော ဓမ္မကို ရစေ၊ ဤ၌ အာဒိသဒ္ဒါဖြင့် မဂ္ဂစသည်ကိုယူ။ ဈာနာဒိဝဘေဒေါ ဈာနာဒိဘေဒေါ၊ ဈာန် ဝိမောက္ခ သမာဓိ သမာပတ္တိ မဂ်ဖိုလ် စသော ဥတ္တရိမနုဿဓမ္မကိုရစေ။

**ကောဋ္ဌာသံ**······အစုအစုပြု၍ ပြောပြဟူသည်-ငါသည် ပဌမဈာန် ဒုတိယဈာန် တို့ကို ဝင်စားပြီ, ငါသည် ပဌမဈာန် တတိယဈာန်တို့ကို ဝင်စားပြီစသည်ဖြင့် ဈာန်နှစ်ခု သုံးခု လေးငါးခုတွဲ၍ ပြောပြခြင်းကိုဆိုသည်။

**ဧကေကံ**······တခုစီ ခွဲ၍ ပြောပြ ဟူသည်-ငါသည် ပဌမဈာန်ကို ဝင်စားပြီ, ငါသည် ဒုတိယဈာန်ကို ဝင်စားပြီစသည်ဖြင့် တခုစီခွဲ၍ပြောပြခြင်းကိုဆိုသည်၊ ပိုကာဟောင်း၌ကား ပြောပြပုံတမျိုး လာသေး၏။

**ပစ္စုပ္ပန္နဘဝသိတံ**······ပစ္စုပ္ပန္နဘဝံ သိတံနိဿိတံ ပစ္စုပ္ပန္နဘဝသိတံ၊ ပစ္စုပ္ပန်အတ္တဘောကိုမှီသောဈာန်စသော တရားကိုရစေ။

ဘဲလျက်။ ဝါ၊ ရပြီဟု လွန်ကဲသော မှတ်ထင်ခြင်းမရှိဘဲ။ ကာယေန၊ —ဖြင့်ရင်း။ ဝါစာ—ဝါစာယ၊ နှုတ်ဖြင့်ရင်း။ ဝိညတ္တိပထေ၊ ကာယဝိညတ် ဝစီဝိညတ်တို့ကို ယူနိုင်သော အရပ်၌။ (ဌတွာ၊ ရပ်၍။) ဒိပေန္တော၊ ပြသောရဟန်းသည်။ ဉာတော၊ (ပြအပ်သောသူ) သိသည်ရှိသော်။ စုတော၊ —သည်။ ဘဝေ၊—၏။

၁၀။ ပါရာဇိကေတေ စတ္တာရော၊ အသံဝါသာ ယထာ ပုရေ။
အဘဗ္ဗာ ဘိက္ခုဘာဝါယ၊ သီသစ္ဆိန္နောဝ ဇီဝိတုံ။ ။

၁၀။ စတ္တာရော၊ လေးယောက်ကုန်သော။ ဧတေ ပါရာဇိကာ၊ ဤပါရာဇိကကျသောသူတို့သည်။ ပုရေ၊ ရှေးလူသာမဏေဖြစ်သော အခါ၌။ အသံဝါသာ ယထာ၊ ပေါင်းဘော်ခြင်းမရှိကုန်သကဲ့သို့။ (တထာ၊—

---

**အညာပဒေသရဟိတံ**……အညသအပဒေသော အညာပဒေသော၊ သူတပါးအား ရည်ညွှန်းခြင်း ကြံသာကို ရစေ။ အညာပဒေသေန ရဟိတော အညာပဒေသရဟိတော၊ သူတပါး အား ရည်ညွှန်းခြင်းမှကင်းသော ဈာန်စသောတရားကို ရစေ၊ အကြင် ရဟန်းတပါးသည် သင်၏ ကျောင်း၌ နေ၏၊ ထိုသင့်ကျောင်းနေသော ရဟန်းသည် ပထမဈာန်ကို ဝင်စားပြီ ဤသို့စသည်ပြောမှု သူတပါးအား ရည်ညွှန်းရာရောက်၏၊ ထိုသို့ သူတပါးအား မရည်ညွှန်းဘဲ မိမိ၌ ဈာန် စသော တရားများ ရှိပုံကိုတိုက်ရိုက်ပြောသည်၊ ထိုတိုက်ရိုက် ပြောအပ် သော ဈာန်စသော တရားများကို အညာပဒေသရဟိတခေါ်သည်။

**ဒိပေန္တော**…ဤပုံဤပုံအားထုတ်ခြင်းကြောင့် ပထမဈာန်စသည်ကို ငါရသည်ဟု ဈာန်ရပုံကို ပြောပြသည်။ ။အကျယ် ပါတိမောက္ခမေဒိနီကိုကြည့်။

**နာဝိမာနိကော**…ဤပုဒ်ဝစနတ္ထနှင့်တကွ အဓိပ္ပါယ်တို့ကို အညတြ အဓိမာနာအဖွင့်အတိုင်းသိ။

စတုတ္ထပါရာဇိကပြီး၏။

၁၀။ အသံဝါသာ ပုဒ်၏ အဓိပ္ပါယ်ကို ပထမပါရာဇိကအဆုံး အသံဝါသော ပုဒ်အတိုင်းသိ။ ယေသံဘိက္ခု—အသံဝါသော ဟူသော ပါတိမောက်ပါဠိအတိုင်း အဓိပ္ပါယ်သိသင့်၏၊ ပိဋကတ္တယလည်းလွယ်ပြီ။

တျ။ပန္တာ၊ပါရာဇိကကျပြီးသည်မှ နောက်ကာလ၌။)အသံဝါသာ၊-ကုန်။ သိသန္တိ နွေ၊ဦးခေါင်းပြတ်သောသူသည်။ ဇိဝိတုံ၊ အသက်ရှင်ခြင်းငှါ။ အဘဗ္ဗော ဇုဝ၊မထိုက်သကဲ့သို့။ ဘိက္ခု-ဘာဝါယ၊ ရဟန်းဖြစ်ခြင်းငှါ။ အဘဗ္ဗာ၊—ကုန်။

၁၁။ ပရိယာယော စ အာဏတ္တိ၊တတိယေ ဒုတိယေ ပန။
အာဏတ္တိယော ဝ သေသေသု၊ ဒွယမေတံ န လဗ္ဘတိ။ ။

၁၁။ ပရိယာယောစ၊ပရိယာယ်ကိုရင်း။အာဏတ္တိစ၊စေခိုင်းခြင်းကို ရင်း။တတိယေ၊တတိယ ပါရာဇိက၌။လဗ္ဘတိ၊ ရ၏။ပန၊အဘို့တပါးကား။ ဒုတိယေ၊—၌။ အာဏတ္တိယော ဝ၊—ကိုသာလျှင်။ လဗ္ဘတိ၊—၏။ သေ သေသု၊ကြွင်းသော ပါရာဇိကတို့၌။ဧတံ—ဒွယံ၊ဤပရိ,အာဏတ် နှစ်ရပ် အပေါင်းကို။န-လဗ္ဘတိ၊—အပ်။

၁၂။ သေဝေတုကာမတာစိတ္တံ၊မဂ္ဂေ မဂ္ဂပဝေသနံ။
ဣမံ မေထုနဓမ္မဿ၊ အာဟု အင်္ဂဒွယံ ဗုဓာ။ ။

၁၂။ သေဝေတု ကာမတာ စိတ္တံ၊ မှီဝဲခြင်းငှါ အလိုရှိသောသူ၏ ဖြစ်ကြောင်းတဏှာနှင့် ယှဉ်သော စိတ်ရင်း။ မဂ္ဂေ၊ မဂ်၌။ မဂ္ဂ ပဝေသနံ၊ မဂ်ကို သွင်းခြင်းရင်း။ဣမံ၊ ဤနှစ်ပါးကို။မေထုန ဓမ္မဿ၊ မေထုန ဓမ္မ ပါရာဇိက၏။ အင်္ဂဒွယံ၊ အင်္ဂါတို့၏ နှစ်ခုတို့၏ အပေါင်းဟူ၍။ ဗုဓာ၊ ဝိနည်းရိရ်ဖြစ်သော ပညာရှိတို့သည်။အာဟု၊ဆိုကုန်ပြီ။

---

**၁၁။ ပရိယာယောစ**·····ဂါထာဖြင့် ပရိယာယ် အာဏတ္တိတို့ ဖြစ်သင့် မဖြစ်သင့်သော သိက္ခာပုဒ်တို့ကို ခွဲဝေပြသည်၊သေစေလို၍ မိမိကိုယ်ကို မိမိခါးနှင့်သတ်သေသောသူမျိုး အဆိပ် စားသေသော သူမျိုးသည် ပစ္စည်းဥစ္စာကိုလည်း ရနိုင်၏၊ဤသို့ စသည်ဖြင့် သိစေသော ကိုယ်အမူအရာ နှုတ် အမူ အရာ မျိုးတို့ကို ပရိယာယ်ခေါ် သည်၊အာဏတ္တိအဓိပ္ပါယ်ဆိုခဲ့ပြီ၊လွယ်၏။

**၁၂။ သေဝေတုကာမတာစိတ္တံ**·····ဂါထာဖြင့် ပထမ ပါရာဇိက ၏ အင်္ဂါ တို့ ကို ပြသည်။

၁၃။ မနုဿာသံ တထာသညီ၊ ထေယျစိတ္တဉ္စ ဝတ္ထုနော။
ဂရုတာ အဝဟာရော စ၊ အဒိန္နာဒါနပေါတယော။ ။

၁၃။ မနုဿာသံ၊ လူ၏ဥစ္စာဖြစ်ခြင်း၎င်း။ တထာ-သညီ၊ ထိုလူ့ဥစ္စာဟု အမှတ်ရှိခြင်း၎င်း။ ထေယျ-စိတ္တဉ္စ၊ ခိုးသူ၏ဖြစ်ကြောင်း စိတ်၎င်း။ ဝတ္ထုနော၊( ခိုးအပ်သော )ဝတ္ထု၏။ ဂရုတာ၊ တမတ် တမတ်ထိုက်သည်၏ အဖြစ်၎င်း။ အဝဟာရော-စ၊ ခိုးခြင်း၎င်း။ (ဣမေ-ပဉ္စ-တို့သည်။) အဒိန္နာဒါန ပေါတယော၊ အဒိန္နာဒါန ပါရာဇိက၏ အကြောင်းအင်္ဂါတို့တည်း။

---

သေဝေတုံ ကာမေတီတိ သေဝေတုကာမော၊ မေထုန်မှီဝဲခြင်းငှါ အလိုရှိသော ရဟန်းကို ရစေ။ သေဝေတုကာမဿ ဘာဝေါ သေဝေတုကာမတာ၊ မေထုန်မှီဝဲလိုသော ရဟန်း၏ဖြစ်ကြောင်း တဏှာကို ရစေ။ သေဝေတုကာမတာယ သမ္ပယုတ္တံ စိတ္တံ သေဝေတုကာမတာစိတ္တံ၊ ထို ရဟန်း၏ မေထုန်မှီဝဲလိုကြောင်း တဏှာနှင့် ယှဉ်သောစိတ်ကို ရစေ၊ တဏှာအရင်းခံရှိ၍ မေထုန်မှီဝဲလိုသောစိတ်ဖြစ်သည်ဟူ၏။

၁၃။ **မနုဿာသံ**……ဂါထာဖြင့် အဒိန္နာဒါနပါရာဇိက၏ အင်္ဂါတို့ကို ပြသည်။ မနုဿာနံ သံ မနုဿာသံ၊ လူတို့၏ ဥစ္စာကိုရစေ၊ ဤပုဒ်ဖြင့် ပြိတ္တာတိရစ္ဆာန်တို့၏ ဥစ္စာကို ခိုးယူရ၍ ပါရာဇိကမကျဟု ပြသည်။ ။တထာ တာဒိသာ သညာ တထာသညာ၊ ထိုသို့သော သညာကို ရစေ။ တထာ သညာ အဿာတိ တထာသညီ၊ ထိုသို့သော သညာရှိခြင်းကို ရစေ၊ ဤပုဒ်ရကား ဘောပြခန်းသည်၊ ထို့ကြောင့် ခြင်းဟု အနက် ပေးလိုက်သည်၊ ထိုလူတို့၏ ဥစ္စာဟု အမှတ်ရှိခြင်း ဖြစ်ရမည်ဟူ၏။ ။ထေယျစိတ္တနှင့် ထေယျသဒ္ဒါတ အရ တူ၏။ ။ ဝတ္ထုနော ဂရုတာ ဟူသည် တမတ် တမတ်ထက် အလွန် ထိုက်သော ဝတ္ထုကိုဆိုသည်။ ။အဝဟာရအရ ခိုးခြင်း နှစ်ဆဲ့ ငါးပါး တို့တွင် တပါးပါးသော ခိုးခြင်းကိုယူ။ လူ၏ဥစ္စာကို လူ၏ဥစ္စာဟု အမှတ်ရှိပြီး ခိုးလိုသောစိတ်ဖြင့် တမတ်တန်ကို ခိုးသောရဟန်း ပါရာဇိက၊ တပဲထက် အလွန် တမတ်အောက် ခိုးသော ရဟန်း ထုလ္လစ္စည်း၊ တပဲ တပဲ အောက် ခိုးသောရဟန်း ဒုက္ကဋ်။

၁၄။ ပါဏော မာနုသကော ပါဏာ၊သညိတာ ဃာတစေတနာ။
ပယောဂေါ တေန မရဏံ၊ ပဉ္စဝေ ဝဓဟေတုယော။ ။

၁၄။ မာနုသကော၊ လူဇာတ်ဖြစ်သော။ ပါဏော၊ သတ္တဝါရင်း။ ပါဏာသညိတာ၊ လူသတ္တဝါဟု အမှတ်ရှိသည်၏ အဖြစ်ရင်း။ ဃာတစေတနာ၊ သတ်ခြင်း စေတနာရင်း။ ပယောဂေါ၊ သတ်ခြင်းလုံ့လရင်း။ တေန၊ထိုလုံ့လဖြင့်။ မရဏံ၊ သေခြင်းရင်း။ ဧတေ ပဉ္စ၊–တို့သည်။ ဝဓဟေတုယော၊ လူကိုသတ်ခြင်းကြောင့် ရောက်အပ်သော အာပတ်၏ အကြောင်းအင်္ဂါတို့တည်း။

၁၅။ အသန္တတာ အတ္တနိ ပါပမိစ္ဆတာ၊
ယာရောစနာ တဿ မနုဿဇာတိတာ။
နာညာပဒေသော စ တဒေဝ ဇာနနံ၊
ပဉ္စေတ္ထ အင်္ဂါနိ အသန္တဒီပနေ။ ။

၁၅။ အတ္တနိ၊ မိမိ၌။ အ သန္တတာ၊ ထင်ရှားမရှိသည်၏ အဖြစ်ရင်း။ ပါပမိစ္ဆတာယ၊ယုတ်မာသော အလိုရှိသည်၏အဖြစ်ဖြင့်။ အာရောစနာ၊ (ဥတ္တရိမနုဿဓမ္မကို) ပြောကြားခြင်းရင်း။ တဿ၊ ထိုပြောကြားအပ်သောသူ၏။ မနုဿ ဇာတိတာ၊ လူ့ဇာတ်ရှိသည်၏အဖြစ်ရင်း။ နာ ညာ ပဒေသော စ၊ သူတပါးအား မရည်ညွှန်းခြင်းရင်း။ တဒေဝ ဇာနနံ၊ ထို ပြောဆဲခဏ၌ သိခြင်းရင်း။ ဣမာနိ ပဉ္စ၊-တို့သည်။ဧတ္ထ အ သန္တ ဒီပနေ၊

---

**၁၄။ ပါဏောမာနုသကော**…ဂါထာဖြင့် မနုဿဝိဂ္ဂဟပါရာဇိကဏ်အင်္ဂါတို့ကိုပြသည်။ပါဏာ န္တိ ဇီဝန္တိ ဧတေနာတိ ပါဏော၊ အသက်ရှင်ကြောင်းဖြစ်သောဇီဝိတိန္ဒြေကို ရစေ။ ပါဏော အဿ အတ္ထီတိ ပါဏော၊ ဇီဝိတိန္ဒြေရှိသောသတ္တဝါကိုရစေ၊ ရှေးနည်းကား ပရမတ္ထ, နောက်နည်းကား ဝေါဟာရတ္ထ ဟုသိ။ ။ပယောဂအရ သာဟတ္ထိကစသော ပယောဂခြောက်ပါး တို့တွင်တပါးပါးကိုယူ။

**၁၅။ အသန္တတာ** ……ဂါထာဖြင့် ဥတ္တရိမနုဿဓမ္မပါရာဇိကဏ်၏ အင်္ဂါတို့ကိုပြသည်၊ပါပမိစ္ဆတာဟူသည် မိမိက ဒုဿီလဖြစ်လျက် ငါ့ကို သီလရှိသူတယောက်ဟု မှတ်စေချင်သော အလိုဆိုးစသည်ကို ဆိုသည်။

ဤ ထင်ရှား မရှိသော ဥတ္တရိမနုဿဓမ္မကို ပြောပြခြင်းကြောင့် သင့်သော ပါရာဇိကန္ဒ။ အင်္ဂါနှိ၊ အကြောင်းအင်္ဂါတို့တည်း။

၁၆။ အသာဓာရဏာ စတ္တာရော၊ ဘိက္ခုနီနမဘာဗ္ဗကာ။
ဧကာဒသစ ဝိဇ္ဇာန္တာ၊ ဘိက္ခုနီ မုဒုပိဋ္ဌကော။ ။

၁၇။ လမ္ဗီ မုခေန ဂဏှန္တော၊ အင်္ဂဇာတံ ပရဿ စ။
တတ္ထေဝါဘိနိသီဒန္တော၊ စတ္တာရော အနုလောမိကာ။ ။

၁၈။ မဂ္ဂေ မဂ္ဂပ္ပဝေသနာ၊ မေထုနဿ ဣဓာဂတာ။
စတ္တာရော‌တိ စတုဗ္ဗီသ၊ သမောဓာနာ ပါရာဇိကာတိ။ ။

၁၆-၁၇-၁၈။ ဘိက္ခုနီနံ၊-တို့၏။ အသာဓာရဏာ၊ (ရဟန်းယောကျ်ားတို့နှင့်) မဆက်ဆံကုန်သော ပါရာဇိကတို့သည်။ စတ္တာရော၊-တို့ရင်း။ အဘဗ္ဗကာ၊ (ရှင် ရဟန်းအဖြစ်) မထိုက်ကုန်သော။ ဧကာဒသစ၊-တို့ရင်း။ ဝိဗ္ဗန္တာ၊ လူထွက်သော။ ဘိက္ခုနီ၊- ရင်း။ မုဒု ပိဋ္ဌကော၊ နူးညံ့သော ကျောက်ကုန်းရှိသော ရဟန်းရင်း။ လမ္ဗီ၊ ရှည်သော အင်္ဂါဇာတ်ရှိသော ရဟန်းရင်း။ ပရဿ၊ သူတပါး၏။ အင်္ဂဇာတံ၊-ကို။ မုခေန၊ ပစပ်ဖြင့်။ ဂဏှန္တောစ၊ ဇုတ်ယူသော ရဟန်းရင်း။ တတ္ထေဝ၊ ထိုသူတပါး အင်္ဂါဇာတ်၌သာလျှင်။ အဘိနိသီဒန္တော၊ (ဝစ္စမဂ်ဖြင့်) ရှေးရှု ထိုင်သော ရဟန်းရင်း။ (ဣတိ၊-သို့။)မဂ္ဂေ၊-၌။ မဂ္ဂပ္ပဝေသနာ၊-ကြောင့်။ မေထုနဿ၊ မေထုန်အား။ အနုလောမိကာ၊ လျော်ကုန်သော ပါရာဇိကတို့သည်။စတ္တာရော၊ -တို့ရင်း။ဣဓ၊ ဤခုဒ္ဒသိက္ခာ၌။ အာဂတာ၊လာသော ပါရာဇိကတို့သည်။ စတ္တာရော၊-တို့ရင်း။ ဣတိ၊-သို့။ သမောဓာနာ၊ ပေါင်းသောအားဖြင့်။ ပါရာဇိကာ၊-တို့သည်။ စတုဗ္ဗီသ၊ နှစ်ဆဲ့လေးပါးတို့သည်။ ဘဝန္တိ၊ ကုန်၏။······ဣတိ၊ ဤကား ပါရာဇိကအပြီးတည်း။

---

**၁၆-၁၇-၁၈။ အသာဓာရဏာ စတ္တာရော**······စသော သုံးဂါထာတို့ဖြင့် ပါရာဇိကာ

စ စတ္တာရောဟူသော မာတိကာပုဒ်၌ စသဒ္ဒါဖြင့် ဆည်းယူအပ်သော ပါရာဇိကတို့ကို ပေါင်းပြသည်၊ ပါရာဇိက ၂၄-ပါး အဓိပ္ပါယ်အကျယ်ကို ဥဒ္ဒိဋ္ဌာဓေါ်အာယသ္မန္တာ စတ္တာရော ပါရာဇိကာဓမ္မာအဖွင့် ပါတိမောက္ခမေဒိနီ၌ ပြခဲ့ပြီ။

ပါရာဇိကပြီးပြီ။

## ၂–ဂရုကာ နဝါတိ

၁။ မောစေတုကာယမတာ သုက္က၊ သုပက္ကမ္မ ဝိမောစယံ။
အညတြ သုပိနန္တေန၊ သမဏော ဂရုကံ ဖုသေ။ ။

## ၂။ ဂရုကာနဝါတိ၊ ဟူသည်။

၁။ သုပိနန္တေန၊ အိပ်မက်၌သုက်လွှတ်ခြင်းကို။ အညတြ၊ ဖယ်ထား၍။ မောစေတု ကာယမတာ၊ လွှတ်စေခြင်း၌ အလိုရှိသောသူ၏ဖြစ်ကြောင်း မောစနဿာဒဖြင့်။ ဥပက္ကမ္မ၊ လုံ့လပြု၍။ သုက္ကဿ၊-ကို။ ဝိမောစယံ၊ လွှတ်စေသော။ သမဏော၊-သည်။ ဂရုကံ၊ သံဃာဒိသေသ်အာပတ်သို့။ ဖုသေ၊ ရောက်ရာ၏။

---

## ၂–သံဃာဒိသေသ် ၉ ပါး

၂။ ဂရုကာနဝ၊ သံဃာဒိသေသ် ကိုးပါးကိုပြသည်။

အာပတ်မှ ထစေရာ၌ ခဲယဉ်းပင်ပန်းစွာ ပြုအပ်သောကြောင့် ဤ၌ သံဃာဒိသေသ် အာပတ်ကို“ဂရုက”ဟု ခေါ်သည်၊ အချို့သော နေရာ၌ ပါရာဇိက အာပတ်ကို ဂရုက ခေါ်သည်လည်း ရှိသေး၏၊ ယာဝတတိယ က သံဃာဒိသေသ်လေးခုတို့သည် သံဃာနှင့် စပ်၍ ကြာမြင့်မှ ရောက်အပ်သောကြောင့် ယင်းလေးခုတို့ကို ဖယ်ထား၍ လွန်ကျူးဆဲ ခဏ၌ ရောက်အပ်သော ပထမာပတ္တိက အာပတ်ကိုးခုတို့ကိုသာ ဆိုလိုသော ကြောင့်“နဝ” ဟု ဆိုလိုက်သည်ဟုသိ။

**၁။ မောစေတုကာမတာ**·····ဂါထာဖြင့် သုက္ကဝိဿဋ္ဌိသိက္ခာပုဒ် ကို ပြသည်။မောစေတုံ ကာမေတိ မောစေတုကာမော၊ လွှတ်ခြင်း၌ အလိုရှိသောသူကိုရစေ၊မောစေ တုကာမတာယဟု ဆိုအပ်လျက် အာဝိကတာစသည်တို့၌ကဲ့သို့ ယကြေ နေသည်၊အဿာဒတဆဲ့တပါး အဓိပ္ပါယ်ကို ပါတိမောက္ခ မေဒနီ၌ဆိုခဲ့ ပြီ။ ။သုက္ကအရ သုက်ဆယ်မျိုးတို့တွင် တမျိုးမျိုးကိုယူ၊ သုက် ဆယ်မျိုး ပါဠိတော်၌လာပြီ။

**ဥပက္ကမ္မဝိမောစယံ**·····လက်စသည်တို့ဖြင့် နိမိတ်ကိုလုံ့လပြုခြင်းကို “ဥပက္ကမ”ခေါ်သည်၊ အိပ်မက်၌ သုက်လွှတ်ခြင်းကိုဖယ်ထား၍ ရာဂကြောင့် အင်္ဂါဇာတ် ခိုင်မာလာခြင်း စသည်တို့ တွင် တချုကြောင့် အင်္ဂါဇာတ် ခိုင်မာလာသော် အနာကင်းလိုခြင်း

၂။ ဣတ္ထိသညီ မနုဿိတ္ထိံ၊ ကာယသံသဂ္ဂရာဂဝါ။
သံဖုသန္တော ဥပက္ကမ္မ၊ သမဏော ဂရုကံ ဖုသေ။ ။

၂။ ကာယ သံသဂ္ဂ ရာဂဝါ၊ ကာယ သံသဂ္ဂရာဂရှိသော။ သမဏော၊ —သည်။ ဣတ္ထိ သညီ၊ မိန်းမ ဟု အမှတ်ရှိ၍။ မနုဿိတ္ထိံ၊ လူ မိန်းမကို။ ဥပက္ကမ္မ၊-၍။ သံဖုသန္တော၊ ထိလတ်သော်။ ဂရုကံ၊- သို့။ ဖုသေ၊—၏။

၃။ တထာ သုဏန္တိံ ဝိညုဉ္စ၊ မဂ္ဂံဝါရဗ္ဘ မေထုနံ။
ဒုဋ္ဌုလ္လဝါစာ ရာဂေန၊ ဩဘာသေတွာ ဂရုံ ဖုသေ။

၃။ တထာ၊ ထို့အတူ လူမိန်းမဟု အမှတ်ရှိ၍။ သုဏန္တိံ၊ (ကြားလောက်ရာ အရပ်၌တည်ရှိ၍ မိမိစကားကို) နားထောင်သော။ ဝိညုဉ္စ၊

---

စသည်တို့တွင် တခုခုသောအလိုဖြင့် မောစနဿာဒစေတနာရှိပြီး နိမိတ်ကိုလက်စသည်ဖြင့် လှုံ့လပြုသော ရဟန်း သံဃာဒိသေသ် ဟူ၏။...... အင်္ဂါဇာတ် ခိုင်မာကြောင်း ထမ္ဘ ၅-မျိုး, အနာကင်းလိုခြင်း စသော ၁၀-မျိုးကား ပါဠိတော်၌လာပြီ။

၂။ **ဣတ္ထိသညီ**......ဂါထာဖြင့် ကာယသံသဂ္ဂသိက္ခာပုဒ်ကို ပြသည်။ ဣတ္ထီတိသညာ အဿာတိ ဣတ္ထိသညီ၊ မိန်းမဟု အမှတ်ရှိသောရဟန်းကို ရစေ။ ။မနုဿဇာတာ ဣတ္ထီ မနုဿိတ္ထီ၊ လူမိန်းမကို ရစေ။ ။ကာယသံသဂ္ဂေ ရာဂေါ အဿာတိ ကာယသံသဂ္ဂရာဂဝါ၊ ကိုယ်ကို( ကိုယ်၌ )ကိုင်တွယ် သုံးသပ် ဆိတ်ဆွဲ နမ်းရှုပ်ခြင်း စသည်ကို ပြုလုပ်လိုသော ရဟန်းကို ရစေ၊ကိုယ်လက်နှီးနှောလိုသော ရာဂရှိသော ရဟန်းသည် မိန်းမဟုမှတ်ယူ၍ လူမိန်းမကို လှုံ့လပြု၍ တို့ထိအံ့၊သံဃာဒိသေသ်၊ [အာပတ်အပြားကို မေဒိနီ၌ ဆိုခဲ့ပြီ၊အကျယ်ကိုလိုက အဋ္ဌကထာကြီးကိုရှု၊ နောက်နောက်သိက္ခာပုဒ်တို့၏ အာပတ်အပြားကို ထိုထိုကျမ်းများကို ကြည့်၍သိလေ။]

၃။ **တထာ သုဏန္တိံ**......ဂါထာဖြင့် ဒုဋ္ဌုလ္လဝါစ သိက္ခာပုဒ်ကို ပြသည်။ဒုဋ္ဌု စ သာ ဝုလာစာတိ ဒုဋ္ဌုလ္လာ၊ ဒုပုဒ်ထုလပုဒ်၊ထ ကို ဋ္ဌ ပြု၊လကိုဋ္ဌေဘာဒ်ခေါင်၊ဉီ ကို ဥပြု၊ ဒုဋ္ဌုလ္လဖြစ်

သိနားလည်သော မိန်းမကိုသာလျှင်။ မဂ္ဂဝါ၊ ဝစ္စမဂ် ပဿာဝမဂ် ကို ၎င်း။မေထုန်ဝါ၊-ကို၎င်း။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဒုဋ္ဌုလ္လဝါစာ ရာဂေန၊ ရုန့်ရင်းသောစကားကို သာယာသောရာဂဖြင့်။ ဩဘာသေယျ၊ အယုတ်တမာ ပြောဆိုခြင်းကြောင့်။ ဂရုံ၊ သံဃာဒိသေသ်အာပတ်သို့။ ဖုသေ၊-၏။

၄။ ဝတွာဒ္ဓကာမုပဋ္ဌာန၊ဝဏ္ဏံ မေထုနရာဂိနော။
ဝါစာ မေထုန ယုတ္တေန၊ ဂရု မေထုနယာစနေ။ ။

၄။ အတ္တ ကာမုပဋ္ဌာန ဝဏ္ဏံ၊ မိမိအကျိုးငှါ မေထုန် ကာမဖြင့် လုပ်ကျွေးခြင်း၏ ကျေးဇူးကို။ ဝတွာ၊ ဆို၍။ မေထုန ယုတ္တေန၊ မေထုန်နှင့် စပ်ယှဉ်သော။ ဝါစာ၊ စကားဖြင့်။ မေထုနယာစနေ၊ မေထုန်ကို တောင်းခြင်းကြောင့်။ မေထုန ရာဂိနော၊ မေထုန်၌ တပ်မက်သော ရာဂရှိသောရဟန်းအား၊ ဂရုၤသံဃာဒိသေသ် အာပတ်သည်။ ဟောတိ၊-၏။ [ဂရုံဟု မပြင်မိစေနှင့်၊အကယ်၍ ဂရုံရှိလျှင် ဖုသေထည့်စင်။]

---

၏၊မသူတော်တို့၏ စကားဖြစ်၍ ဒုဋ္ဌုလ္လလည်းဖြစ်, သူယုတ်မာများနှင့် ဆက်ဆံသော စကားဖြစ်၍ ထူလလည်းဖြစ်ရကား ဒုဋ္ဌုလ္လဟု ဆိုသည်၊ ဝစ္စမဂ်, ပဿာဝမဂ်, မေထုန်နှင့်စပ်သော စကားမျိုးကို ရစေ။ဒုဋ္ဌုလ္လာ ဧဝ ဝါစာ ဒုဋ္ဌုလ္လဝါစာ၊ ရုန့်ရင်းသော ဝစ္စမဂ် စသည်နှင့်စပ်သော စကားကို ရစေ။ဒုဋ္ဌုလ္လဝါစာယ ရာဂေါ ဒုဋ္ဌုလ္လဝါစာ ရာဂေါ၊ ဒုဋ္ဌုလ္လ ဝါစာကို သာယာသောရာဂကို ရစေ၊ ဩဘာသေယျအရ ပြောဆိုပုံကို မေဒိနီလာ ဩဘာသေယျပုဒ်အဖွင့်အတိုင်းသိ၊မိမိစကားနားလည်သော လူမိန်းမကို လူမိန်းမဟု မှတ်၍ ဝစ္စမဂ်, ပဿာဝမဂ်, မေထုန်ကို အကြောင်းပြုပြီး ဒုဋ္ဌုလ္လဝါစာကို သာယာသော ရာဂဖြင့် ဝစ္စမဂ်စသည်ကို ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်း, မေထုန်ကိုတောင်းခြင်း, ဆဲရေးခြင်းတို့ဖြင့် ယုတ်ယုတ်မာမာ ပြောဆိုသောရဟန်း သံဃာဒိသေသ်။

၄။ **ဝတွာဒ္ဓကာမုပဋ္ဌာန**.....ဂါထာဖြင့် အတ္တကာမပါရိစရိယ သိက္ခာပုဒ်ကို ပြသည်။ အတ္တနော

၅။ ပဋိဂ္ဂဟေတွာ သန္ဒေသံ၊ ဆုဏ္ဍိယာ ပုရိသဿဝါ။
ဝိမံသိတွာ ဟာရံပတွာ၊ သမဏော ဂရုကံ ဖုသေ။ ။

၅။ ဆုဏ္ဍိယာဝါ၊-၏ရင်း။ ပုရိသဿဝါ၊-၏ရင်း။ သန္ဒေသံ၊ (လင်မယားအဖြစ်၌ မှိသော) သတင်းစကားကို။ ပဋိဂ္ဂဟေတွာ၊ ခံယူ ပြီး၍။ ဝိမံသိတွာ၊ စုံစမ်း၍။ ဟာရံ ပတွာ၊ တဘန်ဆောင်သော။ သမဏော၊–သည်။ ဂရုကံ၊-သို့။ ဖုသေ၊-၏။

---

အဏ္ဍာယ ကာမုပဉ္ဍာနံ အဏ္ဍကာမုပဉ္ဍာနံ၊ မိမိအကျိုး၌ါ မေထုန်ကာမဖြင့် လုပ်ကျွေးခြင်း ကြိယာကို ရစေ၊ ၎င်းအဓိပ္ပါယ်ကို အဏ္ဍကာမ ပါရိစရိယာယပုဒ် အဖွင့် အတိုင်းသိ။ ဝတွာဏ္ဍ–ဝဏ္ဏံဖြင့် မိမိအကျိုး၌ါ မေထုန်ကာမဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူး အာနိသင်ကို ပြောသည်ဟူ၏၊ ပြောပုံကို ဧတဒဂ္ဂံ ဘဂိနီ စသော ပါဠိမောက် လာတိုင်း သိ။ ။ဝါစာ၌ ယ ကြေနေသည်၊နောက်နောက် ထိုကဲ့သို့ကြေ နေသော ပုဒ်များကို ကြေနေသည်ဟု မဆိုတော့ပြီ၊ အနက်ကိုကြည့်၍ သိလေ။ ။မေထုနယုတ္တေနကား ဇာဏ္ဍိလိင်ကို ပုလ္လိင်ပြန်ထားသည်၊ လိင်ပြန်ကြောင်းကို ဝါစာယပုဒ် ထောက်၍ သိသင့်၏။

**၅။ ပဋိဂ္ဂဟေတွာ သန္ဒေသံ**·····ဂါထာဖြင့် သဉ္စရိတ္တသိက္ခာပုဒ် ကို ပြသည်၊ဆုဏ္ဍိယာအရ မိန်းမ နှစ်ကျိပ်, ထိုမိန်းမနှစ်ကျိပ်တို့နှင့် စပ်သော အမိစသည်ကိုပါ ယူ။ ။ ပုရိသဿအရ-ယောကျ်ား, ထိုယောကျ်ားနှင့်စပ်သော အဘစသည်ကို ပါယူ။ ။သန္ဒေသံ ဟူသည် မိန်းမက ဖြစ်စေ မိန်းမဘက်က မိခင်စသူက ဖြစ်စေ အရှင်ဘုရား ဤမည်သော ယောကျ်ားကို သူ၏မယားဖြစ်ဘို့ရန် ပြောပေးပါဟူသော စကား,ယောကျ်ားကဖြစ်စေ ယောကျ်ားဘက်က ဘခင်စသည်က ဖြစ်စေ အရှင်ဘုရား ဤမိန်းကလေးကို သူ၏လင်ဖြစ်ဘို့ ရန် ပြောပေးပါဟူသော စကားများကိုသန္ဒေသ ခေါ်သည်၊ ထိုမိန်းမ ယောကျ်ားတို့၏ လင်ဖြစ်စေလို၍ မယားဖြစ်စေလို၍ ပြောပေးစမ်းပါ ဟူသောစကားကို ဝန်ခံ,စုံစမ်း,တဘန်ဆောင်သောရှပါန်း အင်္ဂါသုံးပါး ညီက သံဃာဒိသေသ်၊ နှစ်ပါး ထုလ္လစ္စည်း၊ တပါး ဒုက္ကဋ်ဟု သိ။

၆။ သံယာစိတပရိက္ခာရံ၊ ကတွာဒေသိတဝတ္ထုကံ။
ကုဋိံ ပမာဏာတိက္ကန္တံ၊ အတ္တုဒ္ဒေသံ ဂရုံ ဖုသေ။ ။

၆။ သံယာစိတ ပရိက္ခာရံ၊ ကိုယ်တိုင် တောင်းအပ်သော (ပဲခွပ် ပေါက်ဆိန် စသော) ပရိက္ခရာရှိသော။ အဒေသိတ ဝတ္ထုကံ၊ (ဥဘတော ဒုတိယကံဖြင့်) မကြားအပ်သော ကုဋိရာရှိသော။ ပမာဏာတိက္ကန္တံ၊ ပမာဏကို လွန်သော။ အတ္တုဒ္ဒေသံ၊ မိမိဟူသော ညွှန်ပြအပ်သော သူရှိသော။ ကုဋိံ၊ (ဥလ္လိတ္တစသော) ကုဋိကို။ ကတွာ၊ ပြုခြင်းကြောင့်။ ဂရုံ၊-သို့။ဖုသေ၊-၏။

၇။ မဟလ္လကံ ဝိဟာရံဝါ၊ ကတွာဒေသိတဝတ္ထုကံ၊
အတ္တနော ဝသနတ္ထာယ၊ သမဏော ဂရုကံ ဖုသေ။ ။

၇။ အဒေသိတ ဝတ္ထုကံ၊ မကြားအပ်သော ကျောင်းရာရှိသော။ မဟလ္လကံ၊ကြီးသော။ ဝိဟာရံဝါ၊ –ကိုလည်း။ အတ္တနော၊–၏။ ဝသ

---

**၆။ သံယာစိတပရိက္ခာရံ**·····ဂါထာဖြင့် ကုဋိကာရ သိက္ခာပုဒ်ကို ပြသည်။ သံ အတ္တနာ ယာစိတော သံယာစိတော၊ကိုယ်တိုင် တောင်းအပ်သော ပဲကွပ် ပေါက်ဆိန် စသော ပရိက္ခရာကို ရစေ။သံ ယာစိတော ပရိက္ခာရော ယဿာတိ သံယာစိတ ပရိက္ခာရော၊ ကိုယ်တိုင် တောင်းအပ်သော ပဲခွပ် ပေါက်ဆိန် စသော ပရိက္ခရာရှိသော ကုဋိကိုရစေ။ ။အဒေသိတံ ဝတ္ထု ယဿာတိ အဒေ သိတဝတ္ထုကာ၊ဉတ္တိ ဒုတိယကမ္မဝါစာဖြင့် မကြားအပ်သော ကျောင်း ရာရှိသော ကုဋိရာကိုပင်ရစေ၊ ဉတ္တိကမ္မဝါစာဖြင့် ကြားပုံအကျယ် ၎င်း သိက္ခာပုဒ် ပဒဘာဇနီ၌ အကျယ်လာပြီ။ ။ပမာဏာတိက္ကန္တံ ဖြစ်ပုံပြခဲ့ပြီ၊ အတ္တုဒ္ဒေသကုဋိအရကိုလည်း နည်းတူသိ။·····မိမိနေရန်အတွက် ရည် ရွယ်၍ ကိုယ်တိုင် တောင်းအပ်သော ပဲခွပ် ပေါက်ဆိန် သစ်ဝါးစသော ပရိက္ခရာဖြင့် ကုဋိဆောက်လိုသော ရဟန်းသည် ကုဋိရာကိုလည်း မကြား, ပမာဏကိုလည်းလွန်အောင် ကုဋိဆောက်မှု သံဃာဒိသေသ် ဟူ၏။ [အဒေသိတဝတ္ထုကာအတွက် သံဃာဒိသေသ်တချက်, ပမာဏာ တိက္ကန္တအတွက် သံဃာဒိသေသ်တချက်ဟုခွဲသိ။]

**၇။ မဟလ္လကံ**·····ဂါထာဖြင့်ဝိဟာရကာရသိက္ခာပုဒ်ကို ပြသည်။ ဝသနံ အတ္ထော ပယောဇနံ ဝသနတ္ထော၊နေခြင်း

၇။ အမူလကေန စောဒေန္တော၊ စောဒါပေန္တော ဝတ္ထုနာ။
အန္တိမေန စ စာဝေတုံ၊ သုဏာမာနံ ဂရုံ ဖုသေ။ ။

၈။ အညာသ ကိရိယံ ဒိသွာ၊ တေန လေသေန စောဒယံ။
ဝတ္ထုနာ အန္တိမေနာညံ၊ စာဝေတုံ ဂရုကံ ဖုသေ။ ။

နဿာယ၊ နေခြင်းအကျိုးငှါ။ ကတွာ၊—ကြောင့်။ သမဏော၊—သည်။ ဂရုကံ၊—သို့။ ဖုသေ၊—၏။

၇။ သုဏာမာနံ၊ ကြားကောင်းသော အရပ်၌ တည်သော ရဟန်းကို။ စာဝေတုံ၊ ရွေ့လျော့စေခြင်းငှါ။ အ-မူလကေန၊—သော။ အန္တိမေန၊ အဆုံးဖြစ်သော။ ဝတ္ထုနာစ၊ ပါရာဇိကဝတ္ထုဖြင့်သာလျှင်။ စောဒေန္တော ဝါ၊ စောဒနာသော ရဟန်းသည်ဇင်း။ စောဒါပေန္တော ဝါ၊—သည်ဇင်း။ ဂရုံ၊—သို့။ ဖုသေ၊—၏။

၈။ အညာသ၊ သူတပါး၏။ ကိရိယံ၊ (မေထုန်ကို လွန်ကျူးခြင်း) အမှုအရာကို။ ဒိသွာ၊—၍။ တေန လေသေန၊ ထို (မေထုန်ကို လွန်ကျူးခြင်း)

ဟူသော အကျိုးကိုရစေ၊ ဇာရိယာပုထ်လေးပါးဖြင့် နေရန်အတွက် ဟူ၏၊ အကြွင်းသိသာပြီ၊ ......ကျောင်းဆောက်မည့်နေရာကို မပြောကြားဘဲ နေစရာ ဝါသာဂါရအလို့ငှါ ကျောင်းကြီးကို ဆောက်သောရဟန်း သံဃာဒိသေသ်။ [အဒေသိတဝတ္ထုအတွက် သံဃာဒိသေသ် တချက်သာဟုသိ။]

**၇။ အမူလကေန**······ဂါထာဖြင့် ပဌမဒုဋ္ဌဒေါသသိက္ခာပုဒ်ကိုပြသည်၊ ကြားလောက်ရာ အရပ်မှာရှိသော ရဟန်းကို လူဖြစ်စေလို၍ အမူလက ပါရာဇိကဝတ္ထုဖြင့် ကိုယ်တိုင် စောဒနာသော, သူတပါးကိုစောဒနာစေသောရဟန်း သံဃာဒိသေသ်၊ ဤ၌ အမူလကသုံးမျိုး စောဒနာလေးမျိုးနှင့်တကွ စာဝေတုံအရ စဝနာ ဓိပ္ပါယ်တမျိုးကိုသာ ယူရမည့်အဖြစ်ကို ပြခဲ့ပြီ။ [ခွင့်မတောင်းဘဲ စောဒနာအံ့၊ ဒုက္ကဋ်ပို၏။]

**၈။ အညာသ ကိရိယံ ဒိသွာ**·····ဂါထာဖြင့် ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ်ကိုပြသည်၊ သူတပါး မေထုန်မှီဝဲခြင်း အမှုအရာကိုမြင်၍ သူတပါး မေထုန်မှီဝဲခြင်းကို အစွဲပြုပြီး

၁၀။ ဆာဒေတိ ဇာနမာပန္နံ၊ ပရိဝသေယျ တာဝတာ။
စရေယျ သံဃေ မာနတ္တံ၊ ပရိဝုတ္ထော ဆရတ္တိယော။
ဝိဏ္ဏမာနတ္တမဗ္ဘေယျ၊ တံ သံဃော ဝိသတိဂ္ဂဏော။
၁၁။ အာပတ္တိ နိက္ခိတ္တ မနန္တရာယာ၊
ပဟုတ္တတာယော တထသညိတာစ။

အဖြွက်ဖြင့်။ အညံ၊ ရဟန်းတပါးကို။ စာဝေတုံ၊-ဌါ။ အန္တိမေန၊-သော။ ဝတ္ထုနာ၊-ဖြင့်။ စောဒယံ၊ စောဒနာသောရဟန်းသည်။ ဂရုကံ၊-သို့။ ဖုသေ၊-၏။

၁၀။ (ယောဘိက္ခု၊ -သည်။) အာပန္နံ၊ ရောက်သော သံဃာဒိသေသ်အာပတ်ကို။ ဇာနံ၊ -လျက်။ ယာဝတာ၊ အကြင်မျှလောက်သောနေ့တို့ပတ်လုံး။ ဆာဒေတိ၊ ဖုံးလွှမ်း၏။ တာဝတာ၊-လုံး။ ပရိဝသေယျ၊ ပရိဝါသ်နေရာ၏။ ပရိဝုတ္ထော၊ ပရိဝါသ်နေပြီးသောရဟန်းသည်။ သံဃေ၊ -၌။ မာနတ္တံ၊ -ကို။ ဆ-ရတ္တိယော၊ ခြောက်ညဉ့်တို့ ပတ်လုံး။ စရေယျ၊ ကျင့်ရာ၏။ ဝိဏ္ဏ-မာနတ္တံ၊ ကျင့်အပ်ပြီးသော မာနတ်ရှိသော။ တံ၊ ထိုရဟန်းကို။ ဝိသတိ ဂ္ဂဏော၊-သော။ သံဃော၊-သည်။ အဗ္ဘေယျ၊ (အဗ္ဘာနကံဖြင့်) သွင်းရာ၏။

၁၁။ အာပတ္တိ-နိက္ခိတ္တ-မနန္တရာယ-ပဟုတ္တတာယော၊ အာပတ်သင့်ခြင်း, ဥက္ခိတ္တရဟန်းမဟုတ်ခြင်း, အန္တရာယ်မရှိခြင်း, ဒေသနာ

---

ရဟန်းတပါးကို လူဖြစ်စေလို၍ ပါရာဇိကဖြင့် ကိုယ်တိုင်စောဒနာသော, စောဒနာခိုင်းသောရဟန်း သံဃာဒိသေသ်၊ ဤ၌အဓိပ္ပါယ်အကျယ်ပြခဲ့ပြီ။

**၁၀။ ဆာဒေတိ**.....ဂါထာဖြင့် သံဃာဒိသေသ်အာပတ်သင့်သော ပုဂ္ဂိုလ်များ ကျင့်အပ်သော အခြင်းအရာကို ပြသည်၊ သံဃာဒိသေသ် အာပတ်သင့်ပြီး ဖုံးလွှမ်းအံ့၊ ဖုံးလွှမ်းသလောက် ရက်ပတ်လုံး ပရိဝါသ်နေ၊ ပရိဝါသ်ရက်စေ့က မာနတ်ခြောက်ညဉ့်ကျင့်၊ ပြီးက အဗ္ဘာန်သွင်း။ မဖုံးလွှမ်းအံ့၊ မာနတ် ခြောက်ညဉ့် ကျင့်ပြီး အဗ္ဘာန်သွင်း။

**၁၁။ အာပတ္တိ**.....ဂါထာဖြင့် ဖုံးလွှမ်းခြင်းအင်္ဂါကို ပြသည်၊ တထာသညိတာအရ အာပတ် သင့်သည်ဟု အမှတ်ရှိခြင်း, ဥက္ခိတ္တကမဟုတ်ဟု အမှတ်ရှိခြင်း, အန္တရာယ်မရှိဟု

ဆာဒေတုကာမော အထ ဆာဒနာတိ၊
ဆန္နာ ဒသင်္ဂေဟဘျုရုဏာဂ္ဂမမှိတိ။ ။

ကြားစွမ်းနိုင်ခြင်းတို့ရင်း။ တထ-သညိတာစ၊ ထိုသို့သော အပြားဖြင့် အမှတ်ရှိသည့်၏ အဖြစ်ရင်း။ ဆာဒေတု ကာမော၊ ဖုံးလွှမ်းခြင်း၌ အလိုရှိခြင်းရင်း။ အထ၊ ထိုသို့ဖုံးလွှမ်းခြင်း၌ အလိုရှိတိုင်း။ ဆာဒနာ၊ ဖုံးလွှမ်းခြင်းရင်း။ ဣတိ၊-သို့။ ဒသင်္ဂေဟိ၊ ဆယ်ပါးသော အင်္ဂါတို့ဖြင့်။ အရုဏုဂ္ဂမမှိ၊ အရုဏ်တက်သည့်ရှိသော်။ ဆန္နာ၊ ဖုံးလွှမ်းသည်။(ဟောတိ၊-၏။)……ဣတိ၊ဤကား သံဃာဒိသေသ်အပြီးတည်း။

## ၃–စီဝရန္တိ

၁။ ခေါမ ကောသေယျကပ္ပါသ၊ သာဏဘင်္ဂါနိ ကမ္ဗလံ။
ကပ္ပိယာနိ ဆဠေ့တာနိ၊ သာနုလောမာနိ ဇာတိတော။ ။

## ၃။ စီဝရန္တိ၊ ဟူသည်။

၁။ ခေါမ–ကောသေယျ–ကပ္ပါသ–သာဏ–ဘင်္ဂါနိ၊ ဂုံချည်ဖြင့် ရက်အပ်သော သက်န်း, ပိုးသက်န်း, ဝါချည် သက်န်း, ပိုက်ဆံချည် သက်န်း,ဘန်ချည်သက်န်းတို့ရင်း။ ကမ္ဗလံ၊ သားမွေးဖြင့် ရက်အပ်သော သင်္ကန်းရင်း။ သာနုလောမာနိ၊ အလျော်နှင့်တကွကုန်သော။ ဧတာနိ၊ ဤသက်န်းတို့သည်။ ဇာတိတော၊ ဇာတ်အားဖြင့်။ ကပ္ပိယာနိ၊ အပ်ကုန်သော။ ဆ၊ ခြောက်ထည်တို့သည်။ (ဘဝန္တိ၊ ကုန်၏။)

- - - - - - - - - - - - - - - - - - - - - - - - -

အမှတ်ရှိခြင်း,ဒေသနာ ကြားစွမ်းနိုင်၏ဟု အမှတ်ရှိခြင်း, ယင်း လေးမျိုးကို ယူ၊အာပတ္တိ-ပဟုတ္တတာနှင့် တူရမည်ဟူ၏၊ရင်း ၁၀–ပါး အကျယ် ပြခဲ့ပြီ။

သံဃာဒိသေသ်ပြီးပြီ။

## ၃–သက်န်း အမျိုးမျိုး

၃။ စီဝရံ၊သက်န်းအမျိုးမျိုးကိုပြသည်။

၁။ **ခေါမကောသေယျ** …. ဂါထာဖြင့် ဇာတ်အားဖြင့် အပ်သော
သက်န်းခြောက်ထည်တို့ကိုပြသည်။

၂။ ဒုက္ကုလဗ္ဗေဝ ပဋ္ဋုန္နံ၊ ပဂုံ သောမာရစိနဇံ။
ဈာဒ္ဒိဇံ ဒေဝဒိန္နဥ္စ၊တသာ တသာနုလောမိကံ။ ။

၂။ ဒုက္ကုလဗ္ဗေဝ၊ ဘွဲ့ဖြူသက်နိုး ၎င်း။ ပဋ္ဋုဏ္ဏပဂုံ၊ ပဋ္ဋုဏ္ဏတိုင်း၌ ဖြစ်သော သက်နိုး၎င်း။ သောမာရ စိနဇံ၊ သောမာရတိုင်း၌ ဖြစ်သော သက်နိုး, စိန့်တိုင်း၌ဖြစ်သော သက်နိုး၎င်း။ ဈာဒ္ဒိဇံ၊ ပုညိဒ္ဓိကြောင့် ဖြစ်သောသက်နိုး၎င်း။ ဒေဝဒိန္နဥ္စ၊ နတ်တို့လှူသော သက်နိုး၎င်း။ ( ဇတံ၊ ဤသက်နိုး ခြောက်ထည်သည်။ ) တသာ တသာ၊ ထိုထို ခေါ်မစသော သက်နိုးအား။ အနုလောမိကံ၊ လျော်၏။

၃။ တိစီဝရံ ပရိက္ခာရ၊ စောဠံ ဝဿိကသာဋိကံ။
အဓိဋ္ဌေ န ဝိကပ္ပေယျ၊ မုခ ပုဉ္ဆ နိသီဒနံ။ ။

၄။ ပစ္စတ္ထရဏကံ ကဏ္ဍု၊ ဋ္ဌာဒိမေတ္တ တိစီဝရံ။
န ဝသေယျ ဝိနေကာဟံ၊ စာတုမာသံ နိသီဒနံ။ ။

၃-၄။ တိစီဝရံ၊-ကို၎င်း။ ပရိက္ခာရစောဠံ၊-ကို၎င်း။ ဝဿိကသာဋိကံ၊ မိုးရေခံ သက်နိုးကို၎င်း။ မုခပုဉ္ဆ နိသီဒနံ၊ မျက်နှာသုတ် ပုဝါ နှင့်သိဒိုင်ကို၎င်း။ ပစ္စတ္ထရဏံ၊ အိပ်ရာခင်းကို၎င်း။ ကဏ္ဍုဋ္ဌာဒိံ၊ အနာလွှမ်း သက်နိုးကို၎င်း။ အဓိဋ္ဌေ၊ ( မိမိအမည်ဖြင့် ) အဓိဋ္ဌာန် တင်ရာ၏။ န ဝိကပ္ပေယျ၊ (မိမိအမည်ဖြင့်)ဝိကပ္ပနာ မပြုရာ။ ဧတ္ထ၊ ဤသက်နိုး ကိုးထည်တို့တွင်။ တိစီဝရံ၊ (အဓိဋ္ဌာန် တင်ထားသော) တိစီဝရိက်မှ။ ဝိ၊-နှင့်။ ဝိနာ၊ ကင်း၍။ ဧကာဟံ၊ တရက် လည်း။ န ဝသေယျ၊ မနေရာ။ နိသီဒနံ၊-မှ။ ဝိ၊-နှင့်။ ဝိနာ၊-၍။ စာတု မာသံ၊ လေးလပတ်လုံး။ န ဝသေယျ၊-ရာ။

---

**၂။ ဒုက္ကုလဗ္ဗေဝ**……ဂါထာဖြင့် ဇာတိသက်နိုး ခြောက်ထည်အား လျော်သော အနုလောမ သက်နိုးခြောက်ထည်ကိုပြသည်၊ လျော်ပုံ ပထမကထိနသိက္ခာပုဒ်၌ ပြခဲ့ပြီ။

**၃-၄။ တိစီဝရံ**……ဂါထာနှစ်ခုတို့ဖြင့် သက်နိုး ကိုးထည် မိမိအမည် ဖြင့် အဓိဋ္ဌာန်တင်ရသည်၊ မိမိအမည်ဖြင့် ဝိကပ္ပနာမပြုရ၊အဓိဋ္ဌာန်တင်ထားသော တိစီဝရိက်နှင့် တည်ဥ္စမှုမကင်းရ၊အဓိဋ္ဌာန်တင်ထားသော နိသီဒိုင်နှင့်လည်း မိုးလေးလမကင်းကောင်းသည် ကိုပြသည်။ တိဏ္ဏံ စီဝရာနံ သမာဟာရော တိစီဝရံ၊ သက်နိုးသုံးထည်

၅။ ဈာမံ သံဃာဋိံ ဓိဋ္ဌာမိ၊ သဃာဋိမိစ္စဓိဋ္ဌဟော။
အဟတ္ထပါသမေတန္တိ၊ သေသေသုပိ အယံ နယော။ ။

၅။ သံဃာဋိံ၊ ဒုကုဋ်ကို။ ဈာမံ သံဃာဋိံ အဓိဋ္ဌာမိတိ၊-မိ ဟူ၍။ အဓိဋ္ဌဟော၊ အဓိဋ္ဌာန်တင်ရာ၌။ အဟတ္ထပါသံ၊ ဟတ္ထပါသ်မှ ကင်းသောဒုကုဋ်ကို။ ဧတံ သံဃာဋိံ အဓိဋ္ဌာမိတိ၊-မိ ဟူ၍။ အဓိဋ္ဌဟော၊-၌။ သေသေသုပိ၊ ကြွင်းသော သင်္ကန်းတို့၌လည်း။ အယံ နယော၊ ဤနည်း အတိုင်းတည်း။

၆။ အဓိဋ္ဌဟန္တော သံဃာဋိ၊ ပ္ပဘုတိံ ပုဗ္ဗစီဝရံ။
ပစ္စုဒ္ဓရိတွာဓိဋ္ဌေယျ၊ ပတ္တာဓိဋ္ဌဟနေ တထာ။ ။

၆။ သံဃာဋိပ္ပဘုတိံ၊ သံဃာဋိစသော သင်္ကန်းသစ်ကို။ အဓိဋ္ဌဟန္တော၊ အဓိဋ္ဌာန်တင်လိုသောရဟန်းသည်။ သံဃာဋိပ္ပဘုတိံ၊-သော။ ပုဗ္ဗစီဝရံ၊ (အဓိဋ္ဌာန်တင်ထားသော) ရှေးသင်္ကန်းဟောင်းကို။ ပစ္စုဒ္ဓ

---

အပေါင်းကိုရစေ။ ။ပရိက္ခာရဉ္စ တံ စောဠဉ္စာတိ ပရိက္ခာရစောဠံ၊ အသုံးအဆောင် ပရိက္ခရာဖြစ်သော အဝတ်ကိုရစေ။ ။ဝဿဿ ယောဂ္ဂါ ဝဿိကာ၊ မိုးလအားလျော်သောသင်္ကန်းကို ရစေ။ ။ဝဿိကာဝ သာဋိကာ ဝဿိကသာဋိကာ၊ မိုးလအား လျော်သော အဝတ်ဖြစ်သော မိုးရေခံသင်္ကန်းကို ရစေ။ ။မုခဿ ပုဉ္ဆနံ မုခပုဉ္ဆနံ၊ မျက်နှာကိုသုတ်ကြောင်း မျက်နှာသုတ် ပုဝါကို ရစေ။ ။နိသီဒန္တိ ဧတ္ထာတိ နိသီဒနံ၊ နေရာထိုင်ခင်း ဟူသော နိသီဒိုင် အခင်းကို ရစေ။ ။သယနေ သုခါဒိံ ပဋိစ္စ အတ္ထရိယတီတိ ပစ္စတ္ထရဏံ၊ အိပ်သောအခါ ချမ်းသာခြင်းစသည်ကိုစွဲ၍ ဖြန့်ခင်းအပ်သော အိပ်ရာခင်းကို ရစေ၊ က ပစ္စည်းကား သောတ္တ။ ။ကဏ္ဍုံ ပဋိစ္ဆာဒေတိ ဧတာယာတိ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ အနာပေါက်သောအခါ အနာကိုဖုံးလွှမ်းထားကြောင်း ဖြစ်သော အနာလွှမ်း သင်္ကန်းကိုရစေ။

**၅။ ဈာမံ သံဃာဋိံ ဓိဋ္ဌာမိ** …. ဂါထာဖြင့် သင်္ကန်းကိုးထည် အဓိဋ္ဌာန် တင်ပုံကို ပြသည်၊
အဓိပ္ပါယ် လွယ်၏။

**၆။ အဓိဋ္ဌဟန္တော** ….ဂါထာဖြင့် အဓိဋ္ဌာန်တင်လိုသော ရဟန်းကား အဓိဋ္ဌာန်တင်ထားပြီးသား ဖြစ်သော

ရိတွာ၊ ပစ္စုဒ္ဓိုရ်ပြု၍။ အဓိဋ္ဌဟေယျ၊-၏။ ပတ္တာဓိဋ္ဌဟနေ၊- ၌လည်း။
တထာ၊-ထို့။ အဓိဋ္ဌဟေယျ၊-၏။

၇။ ဇေတံ ဇာမံဝ သံဃာဋိံ၊ သံသေ ပစ္စုဒ္ဓရာမိတိ။
ဇဝံ သဗ္ဗာနိ နာမေန၊ ဝတွာ ပစ္စုဒ္ဓရေ ဝိဒူ။ ။

၇။ ဇေတံ သံဃာဋိံ၊-ကို။ ပစ္စုဒ္ဓရာမိ၊-၏။ ဇာတိဝါ-သို့၎င်း။ ဇာမံ သံဃာဋိံ၊-ကို။ ပစ္စုဒ္ဓရာမိ၊-၏။ ဇာတိဝါ၊-၎င်း။ သံသေ၊ ဆိုရာ၏။ ဇဝံ၊-သို့။ သဗ္ဗာနိ၊အလုံးစုံသော သင်္ကန်းတို့ကို။ နာမေန၊(မိမိ၏)အမည် အားဖြင့်။ ဝတွာ၊ ဆို၍။ ဝိဒူ၊ ပညာရှိ ရဟန်းသည်။ ပစ္စုဒ္ဓရေ၊-၏။

၈။ သံဃာဋိ ပစ္ဆိမန္တေန၊ ဒိဃသော မုဋ္ဌိပဉ္စကော။
ဥတ္တမန္တေန သုဂတ၊ စိဝရူနာပိ ဝဋ္ဋတိ။ ။

၈။ သံဃာဋိ၊-သည်။ ပစ္ဆိမန္တေနပိ၊ အယုတ်ဆုံး အစွန်းအားဖြင့်လည်း။ ဒိဃသော၊ အလျားမှ။ မုဋ္ဌိပဉ္စကော၊ အဆုပ်နှင့် တကွ ငါးတောင်ရှိသော်။ ဝဋ္ဋတိ၊ အပ်၏။ ဥတ္တမန္တေနပိ၊ အလွန်ဆုံး အစွန်းအားဖြင့်လည်း။ သုဂတစိဝရူနာ၊မြတ်စွာဘုရား၏ သင်္ကန်းအောက် ယုတ်သော်။ ဝဋ္ဋတိ၊-၏။

၉။ မုဋ္ဌိတ္တိကဉ္စ တိရိယံ၊ တထာ ဇေကံသိကာသပိ။
အန္တရဝါသကောစာပိ၊ဒိဃသော မုဋ္ဌိပဉ္စကော။
အဍ္ဎတေယျော ဒွိဟတ္ထော ဝါ၊ တိရိယန္တေန ဝဋ္ဋတိ။ ။

၉။ သံဃာဋိ၊-သည်။ ပစ္ဆိမန္တေန၊ အားဖြင့်။ တိရိယံ၊-မှ။ မုဋ္ဌိတ္တိကဉ္စ၊ အဆုပ်နှင့်တကွ သုံးတောင် ရှိသော်လည်း။ ဝဋ္ဋတိ၊-၏။ ဇေကံသိ

---

ရှေးသင်္ကန်းဟောင်းရှိလျှင် ပစ္စုဒ္ဓိုရ်ပြုပြီးမှ သင်္ကန်းသစ်ကိုအဓိဋ္ဌာန် တင်ရမည်ဟု ပြသည်၊ မရှိက ပစ္စုဒ္ဓိုရ်ပြုဘွယ်မရှိဟူ၏။

**၇။ ဇေတံ ဇာမံဝ သံဃာဋိံ**……ဂါထာဖြင့် ပစ္စုဒ္ဓိုရ်ပြုပုံ အစီအရင် ကိုပြသည်၊ ဤဂါထာ၌ဝါကို ဆန်းစောင့်ခြင်းအကျိုးငှါ ရဿပြုထား၍ ဝ ဖြစ်နေသည်၊ ဇေတံ ကား-အဝေး တထည်၊ ဇာမံ ကား-အနီးတထည်၊ဇေတာနိကား-အဝေးအများ၊ ဇာမာနိ ကား-အနီး အများကို ဆိုရမည့်အဖြစ်ကို သိလေ။

**၈ ၉။သံဃာဋိ**……စသောနှစ်ဂါထာတို့ဖြင့် တိစီဝရိက်၏ပမာဏ အပိုင်းအခြားကို ပြသည်၊ထိုသင်္ကန်း သုံးထည်၏

ကာသပိ၊ ကိုယ်ရုံ၏လည်း။ တထာ၊ ထို့အတူတည်း။အန္တရဝါသကော စာပိ၊ သင်းပိုင် သည်လည်း။ ဒီဃသော၊-မှ။ ပဉ္စ မုဋ္ဌိကော၊ အဆုပ်နှင့် တကွ ငါးတောင်ရှိသော်။ ဝဋ္ဋတိ၊-၏။ တိရိယန္တေန၊ အနံစွန်းမှ။ အဍ္ဎ တေယျာဝါ၊ အခွဲနှင့် တကွ သုံးတောင် ရှိသော်ရင်း။ ဒွိ ဟတ္ထော ဝါ၊ နှစ်တောင်သည်ရင်း။ ဝဋ္ဋတိ၊-၏။

၁၀။ နိသီဒနဿ ဒီဃေန၊ဝိဒတ္ထိ ဒွေ ဝိသာလတော။
ဒိယဍ္ဎံ ဒသာ ဝိဒတ္ထိ၊ သုဂတဿ ဝိဒတ္ထိယာ။ ။

၁၀။ နိသီဒနဿ၊-၏။ ဒီဃေန၊- မှ။ သုဂတဿ၊-၏။ ဝိဒတ္ထိယာ၊ အထွာဖြင့်။ ဒွေ ဝိဒတ္ထိ၊ နှစ်ထွာတို့တည်း။ ဝိသာလတော၊ အနံမှ။ ဒိယဍ္ဎံ၊ တထွာခွဲတည်း။ ဒသာ၊ အဆာသည်။ ဝိဒတ္ထိ၊ တထွာတည်း။

၁၁။ ကဏ္ဍုပ္ပဋိစ္ဆာဒိကဿ၊ တိရိယံ ဒွေ ဝိဒတ္ထိယော။
ဒီဃန္တော စတဿောဝ၊သုဂတဿ ဝိဒတ္ထိယာ။ ။

၁၁။ ကဏ္ဍုပ္ပဋိစ္ဆာဒိကဿ၊-၏။ တိရိယံ၊-မှ။ သုဂတဿ၊-၏။ ဝိဒတ္ထိယာ၊-အားဖြင့်။ ဒွေ ဝိဒတ္ထိယော၊-တို့တည်း။ ဒီဃန္တော၊-မှ။ စတဿောဝ၊လေးထွာတို့သာတည်း။

---

အပိုင်းအခြားကိုဂါထာလာတိုင်းသိ။……မုဋ္ဌိယာသဟိတံပဉ္စကံ ယဿာတိ မုဋ္ဌိပဉ္စကော၊ အဆုပ်နှင့်တကွ ငါးတောင်ရှိသော ( ငါးတောင်ဆုပ်ရှိသော )ဒုကုဋ်ကို ရစေ၊ ဒုကုဋ်အလျား အငယ်ပမာဏကား ငါးတောင်ဆုပ်ဟူ၏၊ အကြီးပမာဏကား မြတ်စွာဘုရားသင်္ကန်းတော် အောက် နည်းနည်း ယုတ်သည်၊ မုဋ္ဌိပဉ္စကာဟု ဣတ္ထိလိင်ဖြင့် ဆိုအပ်လျက် မုဋ္ဌိပဉ္စကောဟု လိင်ပြန်ထားသည်၊အချို့ကား အဋ္ဌကထာတို့၌ မုဋ္ဌိပဉ္စက ငါးခုမြောက်တောင်ဆုပ်ရှိ၏ဟု မဆိုဘဲ မုဋ္ဌိပဉ္စက တောင်ဆုပ်ငါးခု အပေါင်းဟု အနက်ယူရမည်ဖြစ်၍ ငါးတောင်ဆုပ်ဟူသော ရှေးဆရာတော်ကြီးများ၏စကားကို စဉ်းစားသင့်သည် ဆို၏၊ ထိုဆရာအလို— မုဋ္ဌိနံပဉ္စကော မုဋ္ဌိပဉ္စကောဟု တပ္ပုရိသ်သမာသ် တွဲယူဟန်ရှိသည်။

၁၀။ **နိသီဒနဿ ဒီဃေန**……ဂါထာဖြင့် နိသီဒန သိက္ခာပုဒ်ကို ပြသည်။

၁၁။ **ကဏ္ဍုပ္ပဋိစ္ဆာဒိကဿ**··ဂါထာဖြင့် ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာ ပုဒ်ကိုပြသည်၊ ကဏ္ဍုပ္ပဋိစ္ဆာဒိပုဒ် သည် ဣတ္ထိလိင်ဖြစ်ရကား ကဏ္ဍုပ္ပဋိစ္ဆာဒိကာယရှိမှုသာ၍ကောင်း၏။

၁၂။ ဝဿိကသာဋိကာယာပိ၊ ဒီဃသော ဆ ဝိဒတ္ထိယော။
တိရိယံ အဍ္ဎတေယျာဝ၊ သုဂတဿ ဝိဒတ္ထိယာ။ ။

၁၂။ ဝဿိကသာဋိကာယပိ၊-၏လည်း။ ဒီဃသော၊-မှ။ သုဂတဿ၊-၏။ ဝိဒတ္ထိယာ၊-အားဖြင့်။ ဆ ဝိဒတ္ထိယော၊- တို့တည်း။ တိရိယံ၊ မှ။ အဍ္ဎ-တေယျာဝ၊ အခွဲနှင့်တကွ သုံးထွာတို့သာတည်း။

၁၃။ ဒွေ့ဆေဒနပါစိတ္တိ၊ ကရောန္တဿ တဒုတ္တရိ။
ပစ္စတ္ထရမုခစောဠာ၊ အာကင်္ခိတပ္ပမာဏိကာ။ ။

၁၃။ ဒွေ၊ ဤပမာဏ ရှိကုန်သော သင်္ကန်း ခြောက်ထည် တို့၌။ တ ဒုတ္တရိ၊ ထိုပမာဏထက် အလွန်ကို။ ကရောန္တဿ၊— အား။ ဆေဒန ပါစိတ္တိ၊ ဖြတ်ခြင်းနှင့်တကွသော ပါစိတ်သည်။ (ဟောတိ၊- ၏။) ပစ္စတ္ထရ မုခစောဠာ၊ အိပ်ရာခင်း မျက်နှာသုတ်ပုဝါ တို့သည်။ အာကင်္ခိတပ္ပ မာဏိကာ၊ အလိုရှိအပ်သော ပမာဏရှိကုန်၏။

၁၄။ ပရိက္ခာရစောဠေ ဂဏနာ၊ ပမာဏံဝါ န ဒီပိတံ။
တထာ ဝတွာ အဓိဋ္ဌေယျ၊ ထဝိကာဒိဝိကပ္ပိယံ။ ။

၁၄။ ပရိက္ခာရစောဠေ၊—၌။ ဂဏနာဝါ၊ အရေ အတွက်ကိုရင်း။ ပမာဏံဝါ၊-ကိုရင်း။ (အဋ္ဌကထာယံ၊-၌။)န ဒီပိတံ၊ မပြအပ်။ ထဝိကာဒိ

**၁၂။ ဝဿိကသာဋိကာယာပိ**…ဂါထာဖြင့်ဝဿိကသာဋိကသိက္ခာပုဒ်ကိုပြသည်။

**၁၃။ ဒွေ့ဆေဒနပါစိတ္တိ**….ဂါထာဖြင့် သင်္ကန်း ခြောက်ထည်ကား ဆိုအပ်ပြီးသော ပမာဏထက် လွန်မှုအပြစ်ရှိသည့်အဖြစ်, အကြွင်းသုံးထည် အကြီးပမာဏ မရှိသည့် အဖြစ်ကိုပြသည်၊ အကြီးပမာဏကို အလိုရှိတိုင်း ပြုလုပ်နိုင်သည်၊ အငယ်ပမာဏကား အလျားတတောင့်ထွာ အနံ တထွာခြောက်သစ် ဖြစ်သင့်၏။

**၁၄။ ပရိက္ခာရစောဠေ**……ဂါထာ အဓိပ္ပါယ်လွယ်၏၊ ထဝိကာဒိ၌ အာဒိသဒ္ဒါဖြင့် ရေစစ်စသည်ကိုယူ၊

ဝိကပ္ပိယံ၊ ဝိကပ္ပနာလောက်သော အိတ်အစရှိသည်ကို။ တထာ ဝတ္တာ၊ ထိုသို့ ပရိက္ခာရစောဠဟုဆို၍။ အဓိဋ္ဌေယျ-၏။

၁၅။ အဟာတာဟာတကပ္ပါနံ၊ သဃာဒို ဒိဂုဏာ သိယာ။
ကောစ္စိယောတ္တရာသင်္ဂါ၊ တထာ အန္တရဝါသကော။ ။

၁၅။ အဟာတာ ဟာတ ကပ္ပါနံ၊ အသစ်–အသစ်နှင့် တူသောအဝတ်တို့၏။ သံဃာဋိ၊- သည်။ ဒိဂုဏာ၊ နှစ်ထပ်ရှိသည်။ သိယာ၊-၏။ ဥတ္တရာသင်္ဂါ၊ ကိုယ်ရုံသည်။ ကောစ္စယော၊ တထပ်သာရှိသည်။ သိယာ၊–၏။ အန္တရဝါသကော၊-သည်။ တထာ၊ ထိုကိုယ်ရုံအတူတထပ်သာရှိသည်။ သိယာ၊– ၏။

---

ဝိကပ္ပနာလောက်သောသပိတ်အိတ်ရေစစ်စသည်တို့ကိုပရိက္ခာရစောဠ ဟု ဆို၍ အဓိဋ္ဌာန် တင်ရမည်၊ဤစကားရပ်ဖြင့် ပရိက္ခာရ စောဠမည်သည် တိစီဝရိက်စသော သင်္ကန်းတို့မှ သီးခြားသိမ်းထားဘို့ရန်ပြသည် ဟုသိ။ .....အဓိဋ္ဌာန်တင်ပုံ တခုဖြစ်အံ့၊ "ဣမံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ"၊ အများဖြစ်အံ့၊ "ဣမာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ" ဟု ဆို၍တင်၊ အဝေးဖြစ်အံ့၊ "ဧတံ" "ဧတာနိ"ဟု တခုအများ ခွဲ၍ဆို။

**၁၅။ အဟာတာဟာတကပ္ပါနံ**...... ဂါထာဖြင့် အဝတ်သစ် သင်္ကန်း ချုပ်ပုံကိုပြသည်၊ အဟာတကား တကြိမ်မျှမဖွပ်ရသေးသော အဝတ်သစ်ကိုဆိုသည်၊ အဟာတကပ္ပကား တကြိမ်မျှလောက်ဖွပ်အပ်သော အဝတ်ကို ဆိုသည်ဟုသိ။ ဒွေ ဂုဏာ ယဿာတိ ဒိဂုဏာ၊ နှစ်ထပ်ရှိသော ဒုကုဋ် သင်္ကန်းကိုရစေ။ ဥတ္တရသ္မိံ အာသဉ္ဇိယတိတိ ဥတ္တရာသင်္ဂါ၊ ကိုယ်အထက်၌ ကပ်ငြိသော ဧကစ္စိကို ရစေ။ဧကစ္စံ အဿ အတ္ထိတိ ဧကစ္စိ၊တထပ်သာရှိသောဧကစ္စိကိုရစေ၊ အဟာတ အဟာတကပ္ပအဝတ်ဖြင့်သင်္ကန်းချုပ်လိုလျှင် ဒုကုဋ်နှစ်ထပ်၊ ဧကစ္စိတထပ်, သင်းပိုင်တထပ်သာချုပ်ရမည်ဟူ၏။ [အန္တရဝါသကော တထာ၊ သင်းပိုင်သည်လည်း။ ဧကစ္စိယော၊ တထပ်သာရှိသည်။ သိယာ၊-၏ဟု တထာသဒ္ဒါသမုစ္စည်းအနက်လည်းပေးနိုင်သည်။] [စိဝရက္ခန္ဓက ပါဠိ ဘာသာဋီကာ]

၁၆။ ဥတုဒ္ဓတာနံ ဒုဿာနံ၊ သံဃာဋိစ စတုဂ္ဂုဏာ။
ဘဝေယျုံ ဒိဂုဏာ သေသာ၊ ပံသုကူလေ ယထာရုစိ။ ။

၁၆။ ဥတုဒ္ဓတာနံ၊ များစွာဥတု ထားသိုမှုမှ ထုတ်ဆောင်အပ်ကုန်သော။ ဒုဿာနံ၊ အဝတ်ပုဆိုးတို့၏။ သံဃာဋိစ၊-သည်ကား။ စတုဂ္ဂုဏာ၊ လေးထပ်ရှိသည်။ ဘဝေယျ၊–၏။ သေသာ၊ (သံဃာဋိမှ)ကြွင်းကုန်သော ကိုယ်ရုံနှင့်သင်းပိုင်တို့သည်။ ဒိဂုဏာ၊-ကုန်သည်။ ဘဝေယျုံ၊-ကုန်ရာ၏။ ပံသုကူလေ၊–၌။ ယထာ ရုစိ၊ အလိုရှိတိုင်း။ (ဝဋ္ဋတိ၊–၏။)

၁၇။ တိသု ဒွေဝါပိ ဇကံဝါ၊ ဆိန္ဒိတဗ္ဗံ ပဟောတိ ယံ။
သဗ္ဗေသု အပ္ပဟောန္တေသု၊ အန္ဝါဓိမာဒိယေယျဝါ။
အစ္ဆိန္နဉ္စ အနာဒိန္နံ၊ န ဓာရေယျ တိစီဝရံ။ ။

၁၇။ တိသု၊ သင်္ကန်းသုံးထည်တို့တွင်။ ယံ ယာနိ၊ အကြင်နှစ်ထည် တို့သည်။ ပဟောန္တိ၊ (အယုတ်ဆုံးသင်္ကန်းပမာဏ ) လောက်ကုန်၏။ တာနိ ဒွေဝါပိ၊ ထိုနှစ်ထည် တို့ကိုလည်း။ ဆိန္ဒိတဗ္ဗာနိ၊ ဖြတ်ချုပ် အပ်ကုန်၏။ ယံ၊ အကြင်တထည်သည်။ ပဟောတိ၊ လောက်၏။ တံ ဇကံဝါ၊ ထိုတထည်ကိုလည်း။ ဆိန္ဒိတဗ္ဗံ၊ ဖြတ်ချုပ်အပ်၏။ သဗ္ဗေသု၊ အလုံးစုံသုံးထည်တို့သည်။ အပ္ပဟောန္တေသု၊ (ဖြတ်ချုပ်၍) မလောက် ကုန်သည်ရှိသော်။ အန္ဝါဓိံ ဝါ၊ သလင်းတောင်ကိုလည်း။ အာဒိယေယျ၊

---

**၁၆။ ဥတုဒ္ဓတာနံ**····ဂါထာဖြင့် အဝတ်ဟောင်း သင်္ကန်းချုပ်ပုံ ကိုပြသည်။ ဥတုတော ဥဒ္ဓတာ ဥတုဒ္ဓတာ၊ ကြာမြင့်စွာသောကာလမှထုတ်ယူအပ်သော အဝတ်ကိုရစေ၊ ထိုအဝတ် သင်္ကန်းချုပ်ပုံကို ဂါထာလာတိုင်းသိ။ ပံသုဝိယ ကုစ္ဆိတံ ဥလတိတိ ပံသုကူလံ၊မြေမှုန့်ကဲ့သို့ စက်ဆုပ်အပ်သည်ဖြစ်သော လမ်းမ သုသာန် အမှိုက်ပုံစသည်တို့၌ တည်သော အဝတ်ပိုင်းကိုရစေ၊ ပံသုကူအဝတ် ဖြစ်မူ အထပ်တရာသော်လည်းအပ်သည်ဟုသိ။ [စီဝရက္ခန္ဓက ဝိသာခါ ဘာဏဝါရ။]

**၁၇။ တိသု ဒွေဝါပိ ဇကံဝါ**···ဂါထာဖြင့် သင်္ကန်းသုံးထည်စလုံး ဖြတ်၍ချုပ်ခြင်းငှါမလောက်သော အခါ၌ ချုပ်ပုံအစီအရင်ကိုပြသည်၊အဋ္ဌုပ္ပတ် သင်္ကန်း သုံးထည်လုံး ဖြတ်၍ ချုပ်ရမည်ဟု ဟောပြီးနောက် ရဟန်းတပါး သင်္ကန်းချုပ်

ယူရာ၏။ အဓိဋ္ဌာန်၊ မဖြစ်အပ်သည်လည်း ဖြစ်သော၊ အနာဒိန္နံ၊ (သလင်းတောင်ကို) မယူအပ်သည်လည်း ဖြစ်သော။ တိစီဝရံ၊-ကို၊ နဝါရေယျ၊ မဆောင်ရာ။

၁၈။ ဂါမေ နိဝေသနေ ဥဒေါသိတပါသာဒဟမ္မိယေ၊
နာဝါဋ္ဋမာဠ္ဟအာရာမေ၊ သတ္ထခေတ္တခလေ ဒုမေ၊ ။

၁၉။ အဇ္ဈောကာသေ ဝိဟာရေဝါ၊ နိက္ခိပိတွာ တိစီဝရံ၊
ဘိက္ခုသမ္မုတိယာညတြ၊ ဝိပ္ပဝတ္ထုံ န ဝဋ္ဋတိ။ ။

၁၈-၉။ ဂါမေ၊ရွာ၌၎င်း။ နိဝေသနေဝါ၊ (ရွာပ) အိမ်၌၎င်း။ ဥဒေါသိတ-ပါသာဒ-ဟမ္မိယေ၊ ဥစ္စာထားရာတိုက်, ပြာသာဒ်ရှည်, ပြာသာဒ်

---

သော် သက်နိုးသုံးထည် ချုပ်ရန် မလောက်သဖြင့် လျှောက်ရကား သုံးထည်လုံးမလောက်လျှင် နှစ်ထည်ဖြတ်ချုပ်၊ နှစ်ထည်ဖြတ်ချုပ်သဖြင့် မလောက်သော် တထည်ဖြတ်ချုပ်၊ မလောက်သော် သလင်းတောင် တင်ရန် ခွင့်ပြုတော်မူသည်။ [စီဝရက္ခန္ဓက တတိယဘာဏဝါရ။] အဓိပ္ပါယ်-သလင်းတောင် ဟူသည် ရသောအဝတ်ကြီးကြီးကို သုံးထည်လုံး အယုတ်ဆုံး ငါးခဏ်းစသည် မချုပ်လောက်လျှင် လောက်သည်ကိုဖြတ်၍ မလောက်သော သက်နိုးအတွက်တလုပ်မြောင်းဘော်ရာ အကွက်တွင် အလျားနားပတ်ကဲ့သို့ ခေါက်၍သက်နိုး၏အထက်၌ ဒုကုန် အသွင်ဖြင့် ထပ်ချုပ်ခြင်းကိုဆိုသည်၊ ဒုကုန်ဖြစ်လျှင် တလုပ်မြောင်း ဘော်ရာအကွက်၌ နှစ်ထပ်ချုပ် ကိုယ်ဝတ်သင်းပိုင်ဖြစ်လျှင် ချုပ်ကြောင်းတွင်သာထပ်၍ချုပ်ဟု ဆိုကြ၏၊ ယခုအခါမပြုလုပ်ကြ၍ အသိခက်၏၊ ဤကား မလောက်ရာ၌ခွင့်ပြုပုံတည်း၊ လောက်လျှင်ဖြတ်၍သာ ချုပ်အပ်၏၊ မဖြတ်ဘဲချုပ်က ဒုက္ကဋ်ဟုသိ။......[အာဂန္တုကပတ္တန္တိ-ဒိဂုဏစီဝရေသု ဥပရိ အညံ ပတ္တံ အပေ့တွာ၊ တံ သန္ဓာယ ဝုတ္တံ ဟု ဝိမတိ တမျိုးဆို၏]။ ။န ဝါရေယျဟူသည် ဖြတ်လည်းမဖြတ် သလင်းတောင်လည်း မတင်သောသက်နိုးကို တိစီဝရိက် အဓိဋ္ဌာန်တင်နည်းအတိုင်း အဓိဋ္ဌာန်တင်၍ မဆောင်ကောင်းသည်ကို ဆိုသည်၊ (ဋီကာဟောင်း)။ န ဝါရေယျဖြင့် အကယ်၍ဆောင်အံ့၊ ဒုက္ကဋ်ဟု ပြသည်၊ (ဋီကာသစ်)။

**၁၈-၉။ဂါမေ နိဝေသနေ**......နှစ်ဂါထာတို့ဖြင့် အဓိဋ္ဌာန် တင်ထားသော တိစီဝရိက်နှင့် ဟတ္ထ

ဦးပြည်းခြင်း။ နာဝါ–နှ–မာဇ္ဇ–အာရာမေ၊ ဖျော့, ပြအိုး,တန်ဆောင်း, အရုံခြင်း။ သဏ္ဍ–ခေတ္တ–ခလေ–ဒုမေ၊လျှည်း, လယ်, ကောက်နယ် တလင်း, သစ်ပင်ရင်းခြင်း။အဇ္ဈောကာသေ၊ရွာ၏အပြင် လွင်တီးခေါင်ခြင်း။ ဝိဟာရေဝါ၊ ကျောင်းခြင်း။ တိစီဝရံ၊ အဓိဋ္ဌာန် တင်ထားသော တိစီဝရိက်ကို။ နိက္ခိပိတွာ၊ ထား၍။ဘိက္ခု၊ သမ္မုတိယာ၊–ကို။ အညတြ၊ –၍။ဝိပ္ပဝဿုံ၊ကင်း၍နေခြင်း၌။ နှ–ဝဋ္ဋတိ၊မအပ်။

၂၀။ ရောဂ ဝဿ ပရိယန္တာ၊ ကဏ္ဍုစ္ဆာဒိက သာဒိကာ။
တတော ပရံ ဝိကပ္ပေယျ၊ သေသာ အပရိယန္တိကာ။ ။

၂၀။ ကဏ္ဍုစ္ဆာဒိက-သာဒိကာ၊ အနာလွှမ်း, မိုးရေခံသက်နိုးတို့ သည်။ရောဂ ဝဿ-ပရိယန္တာ၊အနာရောဂါ,မိုးလအပိုင်းအခြားရှိကုန် ၏။ဘတော-ပရံ၊ထိုအပိုင်းအခြားမှ နောက်ကာလ၌။ ဝိကပ္ပေယျ၊–၏။ သေသာ၊ ကြွင်းသောသက်နိုးတို့သည်။အပရိယန္တိကာ၊ အပိုင်းအခြား မရှိကုန်။

---

ပါဠိကင်းသော်လည်း ကင်းရာမရောက်သောအရပ် ၁၅–ပါးကို ပြသည်၊ အဓိပ္ပါယ်အကျဉ်းကို ဥဒေါ်သိတ သိက္ခာပုဒ်သာတိုင်းသိ၊ ပါဠိတော်အဋ္ဌကထာမှာ အကျယ်လာပြီ။

**၂၀။ ရောဂဝဿပရိယန္တာ**……ဂါထာဖြင့် သက်နိုးကိုးထည်တို့ တွင် အနာလွှမ်းသက်နိုး,မိုးရေခံ သက်နိုးနှစ်ထည်သာ ကာလအပိုင်းအခြားရှိ၍ ကြွင်းခုနစ်ထည် အပိုင်း အခြားမရှိပုံကိုပြသည်၊ အနာလွှမ်းသက်နိုးကို အနာမပျောက်ခြင်း အဓိဋ္ဌာန် တင်သုံး၊အနာပျောက်လျှင် ပစ္စုဒ္ဓရိုက်ပြန်ပြီး ဝိကပ္ပနာပြုထား၊ မိုးရေခံ သက်နိုးကို မိုးလေးလပတ်လုံး အဓိဋ္ဌာန်တင်သုံး၊ မိုး လေးလလွန်လျှင် ပစ္စုဒ္ဓရိုက်ပြန်ပြီး ဝိကပ္ပနာပြုထားရခည်၊ကြွင်း၇-ထည် ကိုကား ကာလ အပိုင်းအခြားမရှိ အဓိဋ္ဌာန်တင်သုံးနိုင်သည်၊ အဓိဋ္ဌာန် တင်ရာကာလ အပိုင်းအခြားမရှိဟုသိ။

၂၁။ ပစ္စတ္ထရပရိက္ခာရ၊ မုခပုဉ္ဆန စောဠကံ။
ဒသံပျရတ္တနာဒိန္နံ၊ ကပ္ပံ လဗ္ဘံ နိသီဒနံ။ ။
၂၂။ အဒသံ ရဇိတံယေဝ၊ သေသစီဝရပဉ္စကံ။
ကပ္ပတာဒိန္နကပ္ပံဝ၊ သဒသံဝ နိသီဒနံ။ ။

၂၁-၂။ ပစ္စတ္ထရ—ပရိက္ခာရ—မုခပုဉ္ဆန စောဠကံ၊ အိပ်ရာခင်း, ပရိက္ခာရစောဠ, မျက်နှာသုတ်ပုဝါသည်ရင်း။ နိသီဒနံ၊ —သည်ရင်း။ ဒသံပိ၊ အဆာရှိသော်လည်း။ အ—ရတ္တ-နာဒိန္နကပ္ပံ၊ မဆိုး, ကပ္ပဗိန္ဒုမထိုးသော်လည်း။ လဗ္ဘံ၊ရအပ်၏။ ။သေသ-စီဝရ—ပဉ္စကံ၊ ကြွင်းသောသက်န်းငါးထည်အပေါင်းသည်။ အ-ဒသံ၊ အဆာမရှိသော်သာလျှင်။ ရဇိတံ ယေဝ၊ (အင်သောဆိုးရည်ဖြင့်) ဆိုးအပ်သော်သာလျှင်။ အာဒိန္နကပ္ပံဝ၊ကပ္ပဗိန္ဒုထိုးသော်သာလျှင်။ ကပ္ပတိ၊ အပ်၏။ နိသီဒနံ၊—သည်။ သ—ဒသံဝ၊အဆာရှိသော်သာလျှင်။ကပ္ပတိ၊—၏။

၂၃။ အနုဝိဋ္ဌိတနိသဇ္ဇံ၊ ကပ္ပေတွာ ပရိဘုဉ္ဇယေ။
ဟတ္ထဒီဃံ တတောပဍ္ဍ၊ဝိတ္ထာရဉ္စ ဝိကပ္ပိယံ။ ။

၂၃။ အနု—ဝိဋ္ဌိတ-နိသဇ္ဇံ၊အဓိဋ္ဌာန် မတင်အပ်, မခွန့်အပ်သောသက်န်းကို။ ဝိကပ္ပေတွာ၊ —၍။ပရိဘုဉ္ဇယေ၊ သုံးဆောင်ရာ၏။ ဟတ္ထ—ဒီဃံ၊(မဇ္ဈိမပုရိသ)တတောင် အလျားရှည်သော။ တတော၊ထိုတတောင်ထွာမှ။ဥပဍ္ဍ ဝိတ္ထာရဉ္စ၊ ထက်ဝက်အနံရှိသော သက်န်းသည်သာလျှင်။ ဝိကပ္ပိယံ၊ဝိကပ္ပနာလောက်၏။

---

**၂၁-၂။ ပစ္စတ္ထရပရိက္ခာရ**…နှစ်ဂါထာတို့ဖြင့် အဆာရှိအပ် မရှိအပ်, ဆိုးအပ် မဆိုးအပ်, ကပ္ပဗိန္ဒုထိုးအပ် မထိုးအပ် သည်ကို ပြသည်၊ အိပ်ရာခင်း,ပရိက္ခာရစောဠ, မျက်နှာသုတ်ပုဝါ ဤသုံးထည်ကားအဆာရှိ မရှိအပ်သည်၊ အဆာအမျိုးမျိုးပင် အပ်သည်၊ နိသီဒိုင်ကား အဆာရှိမှသာ အပ်သည်၊ ဆိုအပ်ပြီးသော လေးထည်ကား ဆိုးဆိုးမဆိုးဆိုးအပ်သည်၊ကြွင်းငါးထည်ကား အဆာမရှိရ၊ အပ်သော ဆိုးရည်ဖြင့် ဆိုးရမည်၊ ကပ္ပဗိန္ဒုထိုးရမည်၊သို့မှအပ်သည်။

**၂၃။ အနဓိဋ္ဌိတနိသဇ္ဇံ**……ဂါထာဖြင့် အဓိဋ္ဌာန်မတင် မခွန့်အပ်သောသက်န်း၌ ပြုရပုံ အစီအရင်ကို ပြသည်၊တိစီဝရိက် အဓိဋ္ဌာန် တင်နည်းဖြင့်လည်း အဓိဋ္ဌာန် မတင်အပ်,

၂၄။ တိစိဝရဿ ဘိက္ခုဿ၊ သဗ္ဗမေတံ ပကာသိတံ။
ပရိက္ခာရစောဠိယော သဗ္ဗံ၊ တထာ ဝတွာ အဓိဋ္ဌတိ။ ။

၂၄။ တိစိဝရဿ၊ ဝိနည်းတိစိဝရိက်ဆောင်သော။ ဘိက္ခုဿ၊-အား။ ဧတံ သဗ္ဗံ၊ အံနုဓိဋ္ဌိတ-အနိဿဋ္ဌဟူသမျှကိုဝိကပ္ပနာပြု၍ချည်းသုံးဆောင်ရာ၏ဟူသော ဤအလုံးစုံသော အစီအရင်ကို။ ပကာသိတံ၊ ပြအပ်၏။ ပရိက္ခာရစောဠိယော၊ ပရိက္ခာရစောဠတင်ဆောင်သော ရဟန်းသည်။ သဗ္ဗံ၊သင်္ကန်းအားလုံးကို။ တထာ ဝတွာ၊ ထိုပရိက္ခာရစောဠတင်ပုံအတိုင်းဆို၍။အဓိဋ္ဌတိ၊—၏။

---

စွန့်နည်းအမျိုးမျိုးဖြင့်လည်း မစွန့်အပ်သေးသော သင်္ကန်းကို ဝိကပ္ပနာပြု၍ သုံးဆောင်ရမည်၊ ပကတိ ပုရိသ အလျား တတောင့်ထွာ အနံ တထွာခြောက်သစ်ရှိမှ ဝိကပ္ပနာလောက်သည်ဟုသိ။ [ဝိကပ္ပနာပြုပုံ နောက်၌လာလတ္တံ့။]

**၂၄။ တိစိဝရဿ**…ဂါထာဖြင့် ဆိုအပ်ခဲ့ပြီးသော အစီအရင်သည် တိစိဝရိက်ဆောင်သော ရဟန်းအားသာကျင့်ရပုံနှင့် မဆောင်သော ရဟန်းများ တနည်းကျင့်ရပုံကို ပြသည်၊ တိစိဝရဿ—ပကာသိတံ ဟူသော ပုဗ္ဗဓဖြင့် အဓိဋ္ဌာန်မတင်, မစွန့်သော သင်္ကန်းကို ဝိကပ္ပနာပြု၍ သုံးဆောင်ရမည်ဟူသော အစီအရင်ကား ဝိနည်း တိစိဝရိက်ဆောင်သော ရဟန်းတို့အား တိစိဝရိက်နှင့်ကင်း၍ ချမ်းသာစွာ နေနိုင်စေခြင်းအကျိုးငှါဆိုသောစကားရပ်ဖြစ်သည်ဟုပြသည်၊ ပရိက္ခာရစောဠအမည်ဖြင့် အဓိဋ္ဌာန် တင်ဆောင်သော ရဟန်းတို့ကို ပြသည် မဟုတ်ဟုသိ။ တိဏ်ိ စိဝရာနိ ဧတဿာတိ တိစိဝရော၊ မိမိအမည်ဖြင့်အဓိဋ္ဌာန်တင်အပ်သော သင်္ကန်းသုံးထည်ရှိသော ရဟန်းကိုရစေ၊ ထို့ကြောင့်ဝိနည်းတိစိဝရိက်ကိုဆောင်သောဟု အနက်ပေးလိုက်သည်။ ။ပရိက္ခာရ— အဓိဋ္ဌတိ ဟူသော အပရဓဖြင့် သင်္ကန်းကိုးထည်စလုံးကို ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ဆောင်သော ရဟန်းကား တိစိဝရိက်နှင့် ညဉ့်ကင်းလျက် ချမ်းသာစွာ နေရခြင်း အကျိုးရသည်ဟုပြသည်။……အမည်ဖြင့် အဓိဋ္ဌာန် တင်ဆောင်လျှင် ညဉ့်မကင်း

၂၅။ အဒ္ဓေဒ္ဓဝိသဇ္ဇနဂါဟာဝိဇ္ဈမား၊ ပစ္စုဒ္ဒရောမာရဏာလိင်္ဂသိက္ခာ။
သမ္ဘေဒ္ဒသုဝိဋ္ဌာနဝိယောဂကာရဏာ၊ နိမ္မိဒ္ဒ ဆိဒ္ဒုစ္စတိစီဝရသာပိ။ ။

၂၅။ အဒ္ဓေဒ္ဓ-ဝိသဇ္ဇန-ဂါဟာ-ဝိဇ္ဈမား၊ လှသွားခြင်း, ပေးစွန့်လိုက်ခြင်း, အကျွမ်းတဝင်ယူခြင်း, လုယူလိုက်ခြင်းတို့ဖြင့်၎င်း။ ပစ္စုဒ္ဒါရော၊ ပစ္စုဒ္ဓိုရ်၍ ပြန်ခြင်းဖြင့်၎င်း၊ မရဏာ-လိင်္ဂ-သိက္ခာ၊ သေခြင်း, လိင်ပြန်ခြင်း, သိက္ခာချခြင်းတို့ဖြင့်၎င်း။ ( ဏုတိ၊-သို့။ ဇတေ အဒ္ဓ၊-တို့သည်။ ) သမ္ဘေသု၊ သက်နိုးအားလုံးတို့၌။ အဓိဋ္ဌာန ဝိယောဂ ကာရဏာ၊ အဓိဋ္ဌာန် ကင်းခြင်း ကျခြင်း၏ အကြောင်းတို့တည်း။ တိစီဝရသာပိ၊–၏လည်း။ နိမ္မိဒ္ဒ ဆိဒ္ဒုစ္စ၊ ထုတ်ချင်းထွင်းသော အပေါက်သည်သာလျှင်။ (အဓိဋ္ဌာနံ၊-ကို။ ဘိန္ဒတိ၊ ဖျက်၏။)

---

ကောင်း၍ ချမ်းသာစွာ မနေရ၊ ပရိက္ခာရစောဠ တင်ဆောင်လျှင် ညဥ့်ကင်းကောင်း၍ အလိုရှိသလို ချမ်းသာစွာ နေရသည် ဟူ၏၊ သင်္ကန်းကိုးထည်စလုံး ပရိက္ခာရစောဠချည်း တင်ဆောင်ကောင်းသည်၊ပရိက္ခာရစောဠတင်ပုံ၊''ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ''ဟုတင်၊ အနည်းအများ အဝေး အနီး ခွဲဆိုရမည်ဟုသိ။ ။အချို့ပါဠိ၌ အဓိဋ္ဌေပောဟု ရှိ၏၊ ဋီကာတို့၌ အဓိဋ္ဌတိတိ အဓိဋ္ဌာတိဟု ဖွင့်သည်ကို ထောက်သော်မရှိသင့်ဟုမှတ်။

**၂၅။ အဒ္ဓေဒ္ဓဝိသဇ္ဇန** ···· ဂါထာဖြင့် အဓိဋ္ဌာန် တင်ထားသော သင်္ကန်း၌ အဓိဋ္ဌာန်စွန့်ခြင်းအကြောင်းကိုးပါးကိုပြသည်၊ ဝိဇ္ဈမာပုဒ်ဖြင့် ဘိက္ခုနီမအားသာ အဓိဋ္ဌာန်စွန့်ခြင်းကိုယူရမည်၊ ဋီကာဟောင်း။ သာရတ္ထဒီပနီ၌ လုယူလိုက်သော ဘိက္ခုနီမဟု အထူးပြု၍မဆိုခြင်းကြောင့် ဘိက္ခုနီမ လူဝတ်လဲသော် ရဟန်းမိန်းမ မဟုတ်ခြင်းကြောင့် ဘိက္ခုနီမ လူဝတ်လဲသော် အဓိဋ္ဌာန် စွန့်ခြင်းကို အထူးဆိုဘွယ်မရှိဟု ဋီကာသစ်၌ မိမိဆရာများသော ဆိုကြောင်းကိုဆို၏။····· သာရတ္ထဋီကာ အထူးပြု၍မဆိုသော်လည်း ကင်္ခါဋီကာစသော ထိုထိုဋီကာများ၌ အထူးပြု၍ဆိုခြင်းကြောင့် ဆရာဆရာကြီးများကား လုယူလိုက်ခြင်းအရ ဘိက္ခုနီမကိုသာ နှစ်သက်ကြ၏။

၂၆။ ကုသဝါကဖလကာနိ၊ ကမ္ဗလံ ကောသဝါဠဇံ။
ထုလ္လစ္စယံ ခါရယာတော၊ လူကပက္ခာဇိနက္ခိပေ။ ။

၂၆။ ကုသ ဝါက ဖလကာနိ၊ သမန်းမြက်,လျှော်,ပျဉ်ချပ်သင်္ကန်းတို့ကို၎င်း။ ကောသ ဝါဠဇံ၊ လူဆံပင် သားမြီးတို့မှ ဖြစ်သော၊ ကမ္ဗလံ၊ သားမွေး သင်္ကန်းကို၎င်း။ ဥလူကပက္ခ—အဇိနက္ခိပေ၊ ခင်ပုပ်တောင်, သစ်နက်ရေသင်္ကန်းတို့ကို၎င်း။ ခါရယာတော၊ ဆောင်သောရဟန်းအား၊ ထုလ္လစ္စယံ၊—၏။

၂၇။ ကဒလေရကက္ကဒုသော၊ ပေါတ္ထကေစာပိ ဒုက္ကဋံ။
သဗ္ဗနီလကမဉ္ဇိဋ္ဌ၊ ပီတလောဟိတကဏှကေ။ ။

၂၈။ မဟာရင်္ဂမဟာနာမ၊ ရင်္ဂရတ္တေ တိရီဋကေ။
အစ္ဆိန္နဒီဃဒသကေ၊ ဖလပုပ္ဖဒသေ တထာ။
ကဉ္စုကေ ဝေဌနေ သဗ္ဗံ၊ လဘတျစ္ဆိန္နစီဝရော။ ။

၂၇–၈။ ကဒလေ-ရက-က္က ဒုသော၊ ငှက်ပျောမျှင် မြိတ်မျှင် မရိုးမျှင် သင်္ကန်းတို့ကိုဆောင်ခြင်းကြောင့်၎င်း။ ပေါတ္ထကေပိစ၊ သင်ပန်းလျှော်

---

ဟီနာယ ဝတ္တိတွာတိ ဣဒံ အနန္တိမဝတ္ထုံ အဇ္ဈာပန္နိတွာ “[၁]ဘိက္ခုနိပဋိညာယ” ဣတဿစေဝ၊ တိတ္ထိယပက္ကန္တကဿစ၊ ဘိက္ခုနီယာစ၊ “[၂]ဘိက္ခုဘာဝေ” နိရပေက္ခတာယ ဂိဟိလိင်္ဂ တိတ္ထိယလိင်္ဂဂ္ဂဟဏံသန္ဓာယဝုတ္တံ။ ။ဝိမတိအဆိုရှိ၏။

**၂၆။ ကုသဝါကဖလကာနိ**……ဂါထာဖြင့် မအပ်သော သင်္ကန်းများကိုပြသည်၊ သမန်း မြက်နှင့် လျှော်သင်္ကန်းတို့ကား သမန်းမြက်လျှော်တို့ကို ထုံး၍ ပြုသည်၊ ပျဉ်ချပ်သင်္ကန်းကား ပျဉ်ပြားကလေးများကို ကြိုးဖြင့်သီ၍ပြုသည်၊ ကမ္ဗလာသင်္ကန်းကား ရက်၍ပြုသည်၊ ခင်ပုပ်တောင်သင်္ကန်းကား အတောင်တချသို့ အတောင်တချထိုး၍ပြုသည်၊ သစ်နက်ရေအရ အမွေးခွါနှင့်တကွသော သစ်ကောင်၏ အရေကိုယူ။ [ တိတ္ထိယ ဓဇဖြစ်၍ ပယ်သည်၊ စီဝရက္ခန္ဓက။]

**၂၇–၈။ ကဒလေရကက္ကဒုသော**……နှစ်ဂါထာတို့ဖြင့်လည်း မဝတ်အပ်သော အဝတ် သင်္ကန်း

---

၁။ “ဘိက္ခုပဋိညာယ”။ ၂။ “ဘိက္ခုနီဘာဝေ”ရှိမှကောင်းမည်။

သကၤန်းကိုဆောင်ခြင်းကြောင့်ၶင်း။ဒုက္ကဋံ၊-၏။သဗ္ဗ နီလက-မဉ္ဇိဋ္ဌ-ပီတ-လောဟိတ-ကဏှကော၊ အလုံးစုံ ညို မောင်း ရွှေ နီ မဲသော သင်္ကန်းတို့ကိုဆောင်ခြင်းကြောင့်ၶင်း။ ။မဟာရင်္ဂ-မဟာနာမ-ရင်္ဂရတ္တေ၊ကင်းခြေများကျောက်ကုန်းအဆင်း,ဖြော့တော့သော အဆင်းရှိသောဆိုးရည်ဖြင့်ဆိုးအပ်သော သင်္ကန်းကို ဆောင်ခြင်းကြောင့်ၶင်း။ တိရိဋကော၊ တိရိဋကမည်သော သစ်ခွံဖြင့် ပြုအပ်သော သင်္ကန်းကို ဆောင်ခြင်းကြောင့်ၶင်း။ အစ္ဆိန္န-ဒီဃ-ဒသကော၊ မဖြတ်အပ်သော အဆာ,ရှည်သော အဆာရှိသော သင်္ကန်းကို ဆောင်ခြင်းကြောင့်ၶင်း။ ဖလ-ပုပ္ဖ-ဒသော၊ အသီးအပွင့်နှင့် တူစွာ အဆာရှိသော သင်္ကန်းကို ဆောင်ခြင်းကြောင့်ၶင်း။ ကဉ္စုကော၊ အင်္ကျီ, သင်ဒိုင်းကို ဝတ်ခြင်းကြောင့်ၶင်း။ ဝေဌနေ၊ ဦးရစ်ခေါင်းပေါင်း ပေါင်းခြင်းကြောင့်ၶင်း။ တထာ၊ -တူ။ ဒုက္ကဋံ၊-၏။ အစ္ဆိန္နစီဝရော၊ လုယက်အပ်သော သင်္ကန်း ရှိသော ရဟန်းသည်။သဗ္ဗံ၊ (ကုသစီရစသော) အလုံးစုံသောသင်္ကန်းကို။ လဘတိ၊ (ဝတ်ခြင်းငှါ) ရ၏။……ဣတိ၊ ဤကား သင်္ကန်းအပြီးတည်း။

---

များကိုပြသည်။…အညိုအရ အောက်မဲညိုပန်းလောက်ညိုသည်ကိုယူ၊ မောင်းအရ မဲညိုနီအဆင်း သုံးမျိုးရောသောအဆင်းကိုယူ၊ အရွှေအရ မဟာလှေကား ပန်းပွင့်အဆင်းမျိုးကိုယူ၊ အနီအရ လယ်ခေါင်းရန်းပွင့်အဆင်းမျိုးကိုယူ၊ အမဲအရ ပုကြီးနက်အဆင်းကိုယူ၊ မဟာရင်္ဂအရ ကင်းခြေများ ကျောက်ကုန်း အဆင်းမျိုးကိုယူ။ မဟာနာမရင်္ဂ အရ ဖက်ရွက်ရော်ကဲ့သို့သော ဖြော့တော့သော အဆင်းကိုယူ၊ ပဒုမ္မာကြာပန်းအဆင်းမျိုးဟူ၍လည်း ဆိုကြ၏။ ။သဗ္ဗံလဘတျစ္ဆိန္န စီဝရောဖြင့် ခိုးသူလုယက်ခြင်းစသည်ခံရ၍ သင်္ကန်းမရှိသောရဟန်းအားကုသစီရမှစ၍ အလုံးစုံသော သင်္ကန်းအဝတ်များ ဝတ်ကောင်းသည်ကို ပြသည်။ [စီဝရက္ခန္ဓက။]

သင်္ကန်းပြီးပြီ။

## ၄-ရဇနာနိစာတိ

၁။ မူလက္ခန္ဓ တစ ပတ္တ၊ ဖလ ပုပ္ဖပ္ပဘေဒတော။
ရဇနာနိ ဆဗ္ဗိဓာနိ၊ အနုညာတာနိ သတ္ထုနာ။ ။

## ၄။ ရဇနာနိစာတိ၊ဟူသည်။

၁။ မူလ-က္ခန္ဓ-တစ-ပတ္တ-ဖလ- ပုပ္ဖပ္ပဘေဒတော၊အမြစ်,ပင်စည်, အခေါက်,အရွက်,အသီး,အပွင့် တို့၏ အပြား အားဖြင့်။ ရဇနာနိ၊ ဆိုး ရည်တို့ကို။ ဆဗ္ဗိဓာနိ၊ ခြောက်ပါး အပြားရှိကုန်၏ ဟူ၍။ သတ္ထုနာ၊ မြတ်စွာဘုရားသည်။ အနုညာတာနိ၊ ခွင့်ပြုတော်မူအပ်ကုန်၏။

၂။ မူလေ ဟလိဒ္ဒိံ ခန္ဓေစ၊ မဉ္ဇိဋ္ဌတုင်္ဂဟာရကေ။
အလ္လိံ နီလိဉ္စ ပတ္တေသု၊ တစေ လောဒ္ဒဉ္စ ကဏ္ဍုလံ။
ကုသုမ္ဘံ ကိံသုကံ ပုပ္ဖေ၊သဗ္ဗံ လဗ္ဘံ ဝိဝဇ္ဇယာတိ။

၂။ မူလေ၊အမြစ်ဆိုးရည်၌။ ဟလိဒ္ဒိံ၊နနွင်းမြစ်ကို။ ဝိဝဇ္ဇယ၊ကြဉ်၍။ ခန္ဓေစ၊ ပင်စည်၌လည်း။ မဉ္ဇိဋ္ဌ တုင်္ဂဟာရကေ၊ ထန်းကျင့် ပိန္နဲနွယ်တို့ ကို။ ဝိဝဇ္ဇယ၊-၍။ ပတ္တေသု၊-တို့၌။ အလ္လိံစ၊ မဲရွက်ကိုရင်း။ နီလိဉ္စ၊ ဒန်း ရွက်ကိုရင်း။ ဝိဝဇ္ဇယ၊-၍။ တစေ၊-၌။ လောဒ္ဒဉ္စ၊ ဒေါက်ရပ်ခေါက် ကို ရင်း။ ကဏ္ဍုလဉ္စ၊ ကြပိုင်ခေါက်ကိုရင်း။ဝိဝဇ္ဇယ၊-၍။ ပုပ္ဖေ၊-၌။ ကုသုမ္ဘံ၊ ဝတ်ပန်းပွင့်ကိုရင်း။ ကိံ သုကံ၊ ပေါက်ပွင့်ကိုရင်း။ ဝိဝဇ္ဇယ၊-၍။ သဗ္ဗံ၊ အလုံးစုံသော ဆိုးရည်ကို။ လဗ္ဘံ၊-၏။ ·····ဇာတိ၊ ဤကား ဆိုးရည် အပြီး တည်း။

---

## ၄-ဆိုးရည်

၄။ ရဇနာနိ၊ဆိုးရည်နှင့်စပ်သောစကားကိုပြသည်။

**၁။ မူလက္ခန္ဓ တစပတ္တ** ·····ဂါထာဖြင့် သင်္ကန်းဆိုးရည်ကိုပြသည်။ ရဇန္တိ ဧတေဟိတိ ရဇနာနိ၊ဆိုးကြောင်း ဖြစ်သော ဆိုးရည်တို့ကို ရစေ၊ ထိုဆိုးရည်ကို ခြောက်မျိုးသာ ခွင့်ပြု သည် ဟူ၏။

**၂။ မူလေ ဟလိဒ္ဒိံ** ·····ဂါထာဖြင့် အပ်မအပ်သော ဆိုးရည်ကို ပြ သည်၊ အမြစ်ဆိုးရည်၌ နနွင်းမြစ်၊ ပင်စည်

## ၅–ပဗ္ဗောဇာတိ

၁။ အယော ပဗ္ဗော ဘူမိပဗ္ဗော၊ ဇာတိယာ ကပ္ပိယာ ဒုဝေ။
ဥက္ကဋ္ဌော မဇ္ဈိမော စေဝ၊ ဩမကောစ ပမာဏတော။ ။

## ၅။ ပဗ္ဗောဇာတိ၊ဟူသည်။

၁။ အယော ပဗ္ဗော၊ သံသပိတ်ရင်း။ ဘူမိပဗ္ဗော၊ မြေသပိတ်ရင်း။ ဇာတိယာ၊ ဇာတ်အားဖြင့်။ ဒုဝေ၊ နှစ်မျိုး ကုန်သော သပိတ် တို့သည်။ ကပ္ပိယာ၊ အပ်ကုန်၏။ ဥက္ကဋ္ဌော၊-သပိတ်ရင်း။ မဇ္ဈိမော စေဝ၊-သပိတ်ရင်း။ ဩမကောစ၊-သပိတ်ရင်း။ ပမာဏတော၊-အားဖြင့်။ တယော၊-သုံးလုံးကုန်သော သပိတ်တို့သည်။ ကပ္ပိယာ၊-ကုန်၏။

---

၌ ထန်းကျင့် ပိန္နဲနွယ်၊ အရွက်၌ မဲရွက် ဒန်းရွက်၊ အခေါက်၌ ဒေါက်ရပ်ခေါက် ကြပိုင်ခေါက်၊ အပွင့်၌ ဝတ်ပန်းပွင့် ပေါက်ပွင့်၊ ယင်းဆိုးရည်ကိုးမျိုး မအပ်၊ အကြွင်းအပ်သည် ဟူ၏၊ ဆိုးရည် များကား ကျွမှ အပ်သည်ဟု သိ။

**ဆောင်**……မြစ်, ပင်, ခေါက်, ရွက်၊သီး, ပွင့်, စွက်၊ခြောက်ချက်ဆိုးရည်ဝယ်။
နနွင်းမြစ်ပယ်၊ ပင်စည်ဝယ်၊ ထန်းကျင့်,ပိန္နဲနွယ်။(၃)
မဲရွက်,ဒန်းရွက်၊ ယင်း နှစ်ရွက်၊ အရွက်မအပ်ပယ်။(၂)
ကြပိုင်,ဒေါက်ရပ်၊နှစ်ချမှတ်၊ပယ်အပ်အခေါက်ဝယ်။(၂)
ဝတ်ပန်း,ပေါက်ပွင့်၊ ယင်း နှစ်ဆင့်၊ ပယ်သင့် အပွင့်ဝယ်။ (၂)
ကိုးပါးဖယ်ထား၊ အကြွင်းကား၊ ဆိုးပြားအပ်ပေတယ်။

ဆိုးရည် ပြီးပြီ။

---

## ၅–သပိတ်

၅။ ပဗ္ဗော၊ သပိတ်ခွက်နှင့်စပ်သောစကားကို ပြသည်။

**၁။ အယော ပဗ္ဗော** ……ဂါထာဖြင့် ခွက်အထူးကိုပြသည်။အယာ နိဗ္ဗဗ္ဗော ပဗ္ဗော အယော ပဗ္ဗော၊ သံဖြင့်ပြီးသော သပိတ်ကို ရစေ၊ ဘူမိပဗ္ဗောကိုလည်း နည်းတူသိ၊ ဇာတ်အရ ဥက္ကဋ္ဌ,မဇ္ဈိမ,ဩမကဇာတ်ကို ယူ၊(ဋီကာသစ်။)

၂။ ဥက္ကဋ္ဌော မဂဓေ နာဠိ၊ ဒွယတဏ္ဍုလသာဓိတံ။
ဂဏ္ဍာတိ ဩဒနံ သူပံ၊ ဗျဉ္ဇနဉ္စ တဒုပိယံ။ ။

၂။ ဥက္ကဋ္ဌော၊-သည်။ မဂဓေ–မဂဓေသု၊ မဂဓတိုင်းတို့၌။ နာဠိဒွယတဏ္ဍုလ သာဓိတံ၊ နှစ်ကွမ်းစားဆန်ဖြင့်ချက်အပ်သော။ ဩဒနံ၊ထမင်းကိုလည်းကောင်း။ သူပံ၊ ထမင်း၏လေးဘို့ဘို့ လက်ကော်ရ ပဲနောက် ဟင်းကိုလည်းကောင်း။ တဒုပိယံ၊ ထိုထမင်းအားလျော်သော။ ဗျဉ္ဇနဉ္စ၊ ငါး အမဲ စသော ဟင်းကိုလည်းကောင်း။ ဂဏ္ဍာတိ၊ ယူ၏။ ဝါ၊ ဝင်၏။ ဝါ၊ ဆံ့၏။

၃။ မဇ္ဈိမော တဒုပဍ္ဎော ဝ၊ တတောပဍ္ဎော ဝ ဩမကော။
ဥက္ကဋ္ဌတော စ ဥက္ကဋ္ဌော၊ အပဏ္ဍော ဩမကောမကော။ ။

၃။ တဿ၊ ထိုဥက္ကဋ္ဌသဝိတ်၌ ဆိုအပ်ပြီးသော ထမင်း စသည်၏။ ဥပဍ္ဎော ဝ၊ ထက်ဝက်ဆံ့သော သဝိတ်သည် သာလျှင်။ မဇ္ဈိမော၊

---

**၂။ ဥက္ကဋ္ဌော မဂဓေ နာဠိ**.....ဂါထာဖြင့် ဥက္ကဋ္ဌသဝိတ်၏ ပမာဏကို ပြသည်၊ ဥက္ကဋ္ဌော မဂဓနာဠိဟု ဆိုဘို့ကောင်းလျက် ဂါထာဗန္ဓ ဖြစ်၍ လွယ်ကူ စေခြင်း အကျိုးငှါ (ဆန်းစောင့်ခြင်းအကျိုးငှါ) မဂဓေ နာဠိဟု ဆိုလိုက်သည်၊ (ဋီကာဟောင်း၊) ထိုဋီကာဟောင်းကို ထောက်သော် မဂဓေရှိရမည်၊ ဗဟုဝုစ် သုကိုကြေဝုစ် ပြန်ထားသည်၊ ဘနည်း–သု ကြေနေသည်ဟု ဋီကာသစ်ဆို၏၊ နာဠိနှင့် သမာသ်မဟုတ် ဝါကျဟူ၏၊ ပုမ္ဗဟုဇ္ဈေကုရု သဏ္ဍာစသော အဘိဓာန်ကိုထောက်၍ ကြံဖွယ်ရှိသည်၊ ဤ၌ ထမင်း နှစ်ပြည်, လက်ကော်ရ ပဲနောက်ဟင်း တခွက်သားခန့်, ငါး အမဲ ဟင်း လျာ တခွက်သားခန့် အားလုံးပေါင်း သုံးပြည်ဖြစ်၏၊ ယင်းသုံးပြည်တိတိ ဝင်သော သဝိတ်ကို ဥက္ကဋ္ဌသဝိတ်ခေါ်သည်၊ သုံးပြည်အောက်ယုတ် မှု (ဟောက်မှု) ဥက္ကဋ္ဌဩကဋ္ဌ သဝိတ်ခေါ်သည်၊ သုံးပြည်ထက် လွန်မှု (မောက်မှု) ဥက္ကဋ္ဌောမကာသဝိတ်ခေါ်သည်ဟု ဥက္ကဋ္ဌ၌ သဝိတ်သုံးမျိုးခွဲသိ၊ အကျယ် ပစ္စယသိက္ခာပုဒ်၌ ဆိုခဲ့ပြီ။

**၃။ မဇ္ဈိမော တဒုပဍ္ဎော ဝ**...ဂါထာဖြင့် မဇ္ဈိမသဝိတ် ဩမက သဝိတ်နှင့် သဝိတ်မခေါ်ရသည်

–သပိတ်မည်၏။တတော၊ထိုမဏ္ဍိမသပိတ်၌ ဆိုအပ်သောထမင်းစသည်မှ။ဥပဍ္ဎာဝ၊-သည်သာလျှင်။ ဩမကော၊-သပိတ်မည်၏။ ဥက္ကဋ္ဌတော၊-သပိတ်ထက်။ ဥက္ကဋ္ဌောစ၊-သပိတ် သည်ရှင်း။ ဩမကော မကော၊ ဩမကသပိတ်အောက်ငယ်သော သပိတ်သည်ရှင်း။ အ ပတ္တော၊ သပိတ်မမည်။

၄။ အတိရေကပတ္တော ဓာရေယျော၊ ဒသာဟပရမံ သကော။
ကပ္ပေါ နိဿဂ္ဂိယော ဟောတိ၊ တသ္မိံ ကာလေတိနာမိတေ။ ။

၄။ ကပ္ပေါ၊အပ်သော။ သကော၊မိမိ၏ ဥစ္စာဖြစ်သော။ အတိရေကပတ္တော၊အပိုသပိတ်ကို။ ဒသာ-ဟ-ပရမံ၊–လုံး။ ဓာရေယျော၊ ဆောင်အပ်၏။ တသ္မိံ–ကာလေ၊ ထိုဆယ်ရက် ကာလကို။ အတိနာမိတေ၊ လွန်စေအပ်သည်ရှိသော်။နိဿဂ္ဂိယော၊ သည်။ဟောတိ၊–၏။

---

တို့ကို ပြသည်၊ ဥက္ကဋ္ဌသပိတ်ဆံ့သောထမင်းစသည်၏ ထက်ဝက်ဟု ဆိုသောကြောင့် မဏ္ဍိမသပိတ်ကား သုံးခွက် ဝင်သည်ဟု သိ၊ ထိုမဏ္ဍိမ သပိတ်လည်း သုံးခွက်တိတိဝင်မှု မဏ္ဍိမသပိတ်, ဟောက်မှု မဏ္ဍိမုက္ကဋ္ဌ သပိတ်, မောက်မှု မဏ္ဍိမောမကသပိတ်ဟု သုံးမျိုးပြား၏၊ ထိုမဏ္ဍိမ သပိတ်ဆံ့သော ထမင်းစသည်၏ ထက်ဝက်ဟု ဆိုသောကြောင့် ဩမကသပိတ်ကား သုံးစလယ်ဝင်သည်ဟုသိ၊ထိုဩမက သပိတ်လည်း သုံးစလယ်တိတိဝင်မှု ဩမကသပိတ်, ဟောက်မှု ဩမကုက္ကဋ္ဌသပိတ်, မောက်မှု ဩမကောမကသပိတ်ဟု သုံးမျိုးပြား၏၊ ထိုသပိတ် ကိုးလုံးတို့တွင် အကြီးဆုံး ဥက္ကဋ္ဌုက္ကဋ္ဌသပိတ်နှင့် အငယ်ဆုံး ဩမကောမက သပိတ်နှစ်လုံးကား သပိတ်မမည်၊ အဓိဋ္ဌာန်မတင် ဝိကပ္ပနာလည်းမပြုရ၊ သုံးဆောင်လိုက ခွက်ဟူသော သုံးဆောင်ခြင်းမျိုးဖြင့်သာ သုံးဆောင်ကောင်းသည်ဟုမှတ်။

**၄။ အတိရေကပတ္တော**······ဂါထာဖြင့် အတိရေကသပိတ်ဆောင်ထားရန် ရက်အပိုင်းအခြားနှင့် ရက်လွန်က အာပတ်သင့်ခြင်းကို ပြသည်၊ အဓိပ္ပါယ် ပတ္တ သိက္ခာပုဒ် အတိုင်းသိ။

၅။ အဇ္ဈေဒဒါနဂါဟေဟိ၊ ဝိဿမာ မရဏာဒ္ဓုတာ။
လိင်္ဂသိက္ခာဟိ ဆိဒ္ဒေန၊ ပတ္တော့ဗိဋ္ဌာန မုစ္စတိ။ ။

၅။ အဇ္ဈေဒ-ဒါန-ဂါဟေဟိ၊ လုယက်ခြင်း,ပေးလိုက်ခြင်း,အကျွမ်းတဝင်ယူခြင်းတို့ကြောင့်ရင်း။ ဝိဿမာ၊ (သိက္ခာမချဘဲ) လူထွက်ခြင်းကြောင့်ရင်း။ မရဏာ-ဒ္ဓု တာ၊ သေခြင်း, အဓိဋ္ဌာန် စွန့်ခြင်းကြောင့်ရင်း။ လိင်္ဂ-သိက္ခာဟိ၊ လိင်ပြန်ခြင်း, သိက္ခာချခြင်းတို့ကြောင့်ရင်း။ ဆိဒ္ဒေန၊ အပေါက်ကြောင့်ရင်း။ပတ္တော၊-သည်။အဓိဋ္ဌာန်၊—ကို။ဥစ္စတိ၊စွန့်၏။

၆။ ပတ္တံ န ပ္ပဋိသာမေယျ၊သောဒကံ န စ သြတပေ။
ဥဏှေ န နိဒဟေ ဘူမျာ၊ န ဌပေ နောဝ လဂ္ဂယေ။ ။

၆။ သော-ဒကံ၊ရေရှိသော။ပတ္တံ၊—ကို။နပ္ပဋိသာမေယျ၊မသိမ်းရာ။ နစ သြတပေ၊နေလည်းမလှန်းရာ။ဥဏှေ၊နေပူ၌။န နိဒဟေ၊ကြာရှည်စွာ မထားရာ။ ဘူမျာ၊ ကြမ်းသောမြေ၌။န ဌပေ၊ မထားရာ။နောဝ လဂ္ဂယေ၊ ချိတ်ဆွဲ၍လည်း မထားရာ။

---

၅။ **အဇ္ဈေဒဒါနဂါဟေဟိ**..... ဂါထာဖြင့် သပိတ် အဓိဋ္ဌာန် စွန့်ကြောင်း ကိုးပါးကို ပြသည်။ ..... အဓိပ္ပါယ် ပထမကထိနသိက္ခာပုဒ်၌ဆိုခဲ့ပြီ၊ အပေါက်အရ သပိတ်နှုတ်ခမ်းမှ လက်နှစ်သစ်အောက် ဆပ်ထမင်းလုံးလောက် အပေါက်ကိုယူ။

၆။ **ပတ္တံ နပ္ပဋိသာမေယျ**.....ဂါထာဖြင့် သပိတ် မထားကောင်းသော အစီအရင်ကိုပြသည်။ .... ရေမသုတ်ရသေးသောသပိတ်ကို လုံခြုံရာအရပ်၌ မသိမ်းရ၊ အနည်းငယ်မျှလည်း နေမလှန်းရ၊ သပိတ်ကို ရေပြောင်အောင်သုတ်ပြီးမှ နေအနည်းငယ်လှန်းရသည်၊ ကြာကြာ မလှန်းရ၊ အဆင်း ပျက်ကောင်းသော ကြမ်းထမ်းသောမြေ၌ သပိတ်ကို မှောက်၍ လှမ်း၍မထားရ၊ မြေမှုန့်, မြူစသည်တို့အပေါ်၌လည်း မထားရ၊ အဆင်းမပျက်ကောင်းသော အပြေအပြစ် ပြုထားသောမြေ၌ သဲ၌မှောက်ထားကောင်းသည်၊ နံရံစသည်တို့၌ သပိတ်ကိုချိတ်ဆွဲမထားရ၊ ခုဒ္ဒကဝတ္ထုက္ခန္ဓက၌ ဒုက္ကဋ်ဟုလာ၏။

၇။ မိစ္ဆေ့ ပရိဘဏ္ဍေ့၊ အကော်ဝါ အာတပတ္တကော။
ပါဒေသု မဋ္ဌဝိဋ္ဌေ ဝါ၊ ဌပေတုံ န စ ကပ္ပတိ။ ။

၇။ မိစ္ဆ-ဗ္ဘေ့၊ အတွင်းအကျည်စွန်း၌ရင်း။ ပရိဘဏ္ဍ-ဗ္ဘေ့၊ အပ အကျည်စွန်း၌ရင်း။ အကော်ဝါ၊ တင်ပျဉ်အခွေ၌ရင်း။ အာတပတ္တကော၊ ထီး၌ရင်း။ ပါဒေသု၊ ခြေတို့၌ရင်း။ မဋ္ဌ-ဝိဋ္ဌေဝါ၊-၌ရင်း။ ဌပေတုံ၊-ဌါ။ နစ-ကပ္ပတိ၊မ-အပ်သည်သာတည်း။

၈။ န နီဟရေယျ ဥစ္ဆိဋ္ဌေဒကဥ္စ စလကဋ္ဌိကံ။
ပတ္တေန ပတ္တဟတ္ထော ဝါ၊ ကဝါရံ နပ္ပဏာမယေ။ ။

၈။ ဥစ္ဆိဋ္ဌေဒကဥ္စ၊ နှုတ်ဆေးရေကိုရင်း။စလကဋ္ဌိကံ၊ စားဖတ် အရိုးကိုရင်း။ ပတ္တေန၊-ဖြင့်။န နီဟရေယျ၊ မထုတ်ဆောင်ရာ။ ပတ္တ ဟတ္ထော ဝါ၊ သပိတ် လက်၌ရှိသော ရဟန်းသည်လည်း။ကဝါရံ၊တံခါး ရွက်ကို။ နပ္ပဏာမယေ၊ မတွန်း မဖွင့်ရာ။

---

**၇။ မိစ္ဆေ့**……ဂါထာဖြင့် သပိတ်မထားကောင်းသော အရပ်ကို ပြသည်။……အတွင်း အကျည်စွန်း၌မထားရ၊ ရိုက်ထားသော ကျယ်သော အကျည်ဖြစ်မှုထားကောင်းသည်၊အပအကျည် စွန်း၌ မထားရဆိုသော်လည်း ကျဉ်းသော အကျည်ကိုသာယူ၊ ကျယ်မှု ထားကောင်းသည်ဟုသိ၊တင်ပျဉ်ခွေအပေါ်၌ မထားရ ဆိုသော်လည်း မလွယ်ဘဲ သပိတ်သက်သက်ထားခြင်းကို ဆိုသည်၊သပိတ်အိတ်၌ထည့် ၍ ပခုံးလွယ်ကြိုးကိုလွယ်လျက် တင်ပျဉ်ခွေ၌ထားမှု အပ်၏၊ထီး၌မထား ရဆိုသော်လည်း မဖွဲ့မချည်သောထီးမျိုး၌သာ မအပ်၊ဖွဲ့ချည်ထားသော ထီး,စင်ငြမ်းပြု၍ထားသော ထီးတို့၌ကားအပ်၏ဟုသိ၊ ညောင်စောင်း အင်းပျဉ်တို့၌ မထားရဆိုသော်လည်း ညောင်စောင်း အင်းပျဉ်ပေါ်၌ သာ သက်သက်တင်မထားရ၊ တပါးသော သက်နီးထုပ်နှင့် အတူထုပ်၍ ထားမှုအပ်သည်၊စင်၌ ဖွဲ့ချည်၍ထားကောင်းသည်၊ ဖွဲ့ချည်၍ အထက် ၌ထားခြင်းငှါကား မအပ်၊ညောင်စောင်းအင်းပျဉ်ကိုမှောက်၍ တန်းခံပြီး ငြမ်းအသွင်ပြုလုပ်ထားအံ့၊ထိုအပေါ်၌ထားကောင်းသည်။

**၈။ န နီဟရေယျ**……ဂါထာဖြင့် သပိတ်၌ ထည့်မဆောင်ကောင်း ခြင်းစသည်ကို ပြသည်၊နှုတ်ဆေးရေစားဖတ် အရိုးတို့ကို သပိတ်ဖြင့် ထည့်မဆောင်ရ၊ ဆောင်လျှင်ဒုက္ကဋ်၊ စားဖတ်

၉ ဘူမိအာခာရကေ ဒါရုဒဏ္ဍာခာရေ သုသဏ္ဌိတေ။
ဒုဝေ ပတ္တေ ဌပေယျကံ၊ နိကုဇ္ဇိတွာန ဘူမိယံ။ ။

၉။ ဘူမိ အာခာရကေ၊ မြေနှင့်စပ်သဖြင့် မမြင့်သောလက်ကောက်သပိတ်ခြေ၌ရင်း။ သု သဏ္ဌိတေ၊ ကောင်းစွာ စီရင်အပ်သော။ ဒါရု–ဒဏ္ဍာ

---

ရုတ်ဖတ်ကို "စလက" ခေါ်သည်၊ အရိုးအရ ငါးရိုး သားရိုးကိုယူ၊ သပိတ်ကို ထွေးခံကဲ့သို့ လက်ဆေးထည့်ခြင်း စသည် မပြုကောင်း၊ လက်ဆေးရေ ခြေဆေးရေ တို့ကို သပိတ်ထည်းထည့်၍ ယူဆောင်မသွားကောင်း၊စားကြွင်းမရှိစင်ကြယ်သော သပိတ်ကို စားဆဲလက်ဖြင့် မကိုင်ကောင်း၊ မစားသောလက်ဖြင့် သပိတ်ထည်း ရေလောင်းထည့်ပြီး ရေတကျိုက်မျှလောက် သောက်ပြီးမှ ကိုင်မူ စားကြွင်းရှိသော သပိတ်ဖြစ်သောကြောင့် စားဆဲလက်ဖြင့် ကိုင်ကောင်းသည်၊ စားကြွင်းမရှိစင်ကြယ်သော သပိတ်ကို ဆေးပြီးသောစင်ကြယ်သော လက်ဖြင့်သာကိုင်ကောင်းသည်၊ ငါးအမဲသစ်သီး စသည်တို့ကိုစားသောရဟန်းသည် ထိုအရိုး အစေ့ စားကြွင်းတို့ကို စွန့်ပစ်လိုလျှက် မစွန့်သေးဘဲ သပိတ်ထည်း၌ ထည့်မထားကောင်း၊ တဘန် စားလိုသော်သာ ထည့်ထားကောင်းသည်၊ခံတွင်းမှ ထုတ်ပြီးသော ခဲဘွယ်ကို တဘန်စားလို၍ သပိတ်ထည်း ပြန်ထည့်မထားရ၊ ချင်းအုန်းသီး တို့ကိုကား ကိုက်ဖြတ်စားပြီး တဘန် ထည့်ထားကောင်းသည်။ ။သပိတ် လက်၌ ရှိသော ရဟန်း တံခါးမတွန်းရဟူရာ၌ ပဏ္ဏဟတ္ထကား ဥပလက္ခဏာနည်းတည်း၊ ခြေဖမိုးပေါ် ၌ဖြစ်စေ အမှတ်မရှိ ကိုယ်၏ တစိတ်တဒေသ၌ သပိတ် ရှိနေလျှင်လည်း တံခါးမဖွင့်ကောင်းဟုသိ၊ တံခါးအရ အဝတ်တင်းတိမ် ကန့်လန့်ကာမျိုးမှ တပါး အလုံးစုံသော တံခါးတို့ကိုယူ၊ သပိတ်လက်၌ စသည်ရှိလျှက် လက်ဖြင့်ဖြစ်စေ ခြေဖြင့်ဖြစ်စေ ဦးခေါင်းဖြင့်ဖြစ်စေ ကိုယ်အင်္ဂါအစိတ်အပိုင်း တခုခုဖြင့်ဖြစ်စေ တံခါးရွက်ကို မတွန်းကောင်း၊ ကျည်မကျည်ငယ်ကို မမြှောက်ကောင်း၊ သံကောက်သော့ဖြင့် မဖွင့်ကောင်း၊ ပခုံး၌ သပိတ်ကို လွယ်ကြိုးဖြင့် လွယ်ထားမူ အလိုရှိသလို ဖွင့်ကောင်းသည်ဟုမှတ်။

၉။ **ဘူမိအာခာရကေ**……ဂါထာဖြင့် သပိတ်ခြေ၌ သပိတ်ထားပုံ
အစီအရင်ကို ပြသည်၊ လက်ကောက်

ခါရေ၊သစ်သားတချဖြင့် ပြုအပ်သော သပိတ်ခြေ, များစွာသော အခတံတို့ဖြင့် ပြုအပ်သောသပိတ်ခြေနှစ်ဒွရင်း။ ဒုဝေ၊ နှစ်လုံးကုန်သော။ ပတ္တေ၊-တို့ကို။ ဌပေယျ၊ ဆင့်ထားရာ၏။ ဘူမိယံ၊-၌။ နိကုဇ္ဇိတွာန၊ မှောက်၍။ ဧကံ၊ တခုသော သပိတ်ကို။ ဌပေယျ၊-၏။

၁၀။ ဒါရု ရူပိယ သောဝဏ္ဏ၊ မဏိ ဝေဠုရိယာမယာ။
ကံသ ကာစ တိပု သီသ၊ ဖလိကာ တမ္ဗလောဟဇာ။ ။

၁၁။ ဆဝ သီသမယောစာပိ၊ ဃဋီ တုမ္ဗ ကဋာဟဇာ။
ပတ္တာ အကပ္ပိယာ သဗ္ဗေ၊ ဝုတ္တာ ဒုက္ကဋဝတ္ထုကာတိ။ ။

၁၀—၁။ ဒါရု- ရူပိယ- သောဝဏ္ဏ- မဏိ- ဝေဠုရိယာ မယာ၊ သစ်သား,ငွေ,ရွှေ,ပတ္တမြားညို,ကြောင်မျက်ရွဲတို့ဖြင့် ဖြစ်သော သပိတ်တို့ရင်း။ ကံသ-ကာစ-တိပု-သီသ-ဖလိကာ၊ ကြေးဖြူ,စဉ့်,သလွဲဖြူ,သလွဲမည်း,ဖလ်သပိတ်တို့ရင်း။ တမ္ဗ လောဟ ဇာ၊ ကြေးနီမှ ဖြစ်သောသပိတ်တို့ရင်း။ ။ဆဝ သီသ မယောစာပိ၊ လူသေခေါင်းခွံဖြင့် ပြီးသော သပိတ်ရင်း။ ဃဋီ-တုမ္ဗ-ကဋာဟ ဇာ၊ အိုးခြမ်း,ဘူးခြမ်း ဖြစ်ကုန်သောသပိတ်တို့ရင်း။ (ဣတိ၊-သို့။)သဗ္ဗေ၊-ကုန်သော။ ပတ္တာ၊-တို့သည်။ အကပ္ပိယာ၊

---

သပိတ်ခြေ၌ သပိတ်သုံးလုံး, ဒါရုအာဓာရက-ဒန္တာအာဓာရက တို့၌ သပိတ်နှစ်လုံး ထက်အောက်နှံမှုဖြင့် ဆင့်ထားကောင်းသည်ဟု ဂုရုနိဿ ဆိုသည်၊ လက်ကောက်သပိတ်ခြေ၌သုံးလုံးဆင့်ထားရန် အရာမဟုတ် သောကြောင့်နှစ်လုံးသာဆင့်ထားကောင်းသည်ဟု မဟာအဋ္ဌကထာဆို သည်၊ ပွတ်လက်ရုံးဦးနှင့်တူသော ပွတ်ဦးသပိတ်ခြေ, လှံတံသုံးချောင်း ဖြင့်ပြုလုပ်သော လှံတံသပိတ်ခြေတို့ကား သပိတ်ထားစရာမဟုတ်ဖြစ်၍ သပိတ်သက်သက်မထားရ၊ ထားလျှင်လက်ဖြင့် ကိုင်ထားရမည်၊သပိတ် နှစ်လုံးဆင့် ထားသည်ရှိသော် လိမ့်မကျနိုင်အောင် လုပ်ထားသည်ကို သုသဖွတ်ခေါ်သည်၊ ဘူမိအရ ဖျာရိုင်သင်ဖြူးစသည် အခင်းရှိသော မြေကို ယူရမည်၊ လှန်၍လည်းထားကောင်းသည်ဟုဋီကာဆို၏။

**၁၀။ ဒါရုရူပိယ**……နှစ်ဂါထာဖြင့် မအပ်သော သပိတ်တို့ကိုပြ သည်၊'သစ်သား,ရွှေ,ငွေ,ပတ္တမြားညို,ကြောင် မျက်ရွဲ, ကြေးဖြူ,စဉ့်, သလွဲဖြူ,သလွဲမည်း,ဖလ်,ကြေးနီ သပိတ် ၁၁— လုံးမအပ်၊ ကံသဖြင့် တေခပဲပြာဖြင့် ပြီးသော သပိတ်ကိုလည်းယူ။ ။

–ကုန်ဟူ၍။ဝုတ္တာ၊– ကုန်၏။ ဒုက္ကဋ ဝတ္ထုကာ၊–ဝတ္ထုတို့ဟူ၍။ ဝုတ္တာ၊– ကုန်၏။……ဣတိ၊ ဤကား သပိတ်အပြီးတည်း။

---

## ၆–ထာလကာစတိ

၁။ ကပ္ပိယာ ထာလကာ တိသော၊ တမ္ဗာယော မတ္တိကာမယာ။
ဒါရုသောဝဏ္ဏ ရဇတ၊ မဏိ ဝေဠုရိယာမယာ။ ။

၂။ အကပ္ပါ ဖလိကာ ကာစ၊ ကံသဇာ ဂိဟိသန္တကာ။
သံဃိကာ ကပ္ပိယာ တုမ္ဗ၊ ဃဋိဇာ တာဝကာလိကာတိ။ ။

### ၆။ ထာလကာစတိ၊ ဟူသည်။

၁–၂။ တမ္ဗာ-ယော-မတ္တိကာ မယာ၊ကြေးနီ,သံ, မြေတို့ဖြင့်ပြီးကုန်သော။တိသော၊–ကုန်သော။ထာလကာ၊ခွက်တို့သည်။ ကပ္ပိယာ၊ အပ်ကုန်၏။ဒါရု-သောဝဏ္ဏ-ရဇတ-မဏိ-ဝေဠုရိယာ မယာ၊ သစ်သား,ရွှေ, ငွေ, ပတ္တမြား, ကြောင်မျက်ရွဲဖြင့် ပြီးကုန်သောခွက်တို့သည်။ အကပ္ပါ၊ မအပ်ကုန်။ဖလိကာ-ကာစ-ကံသဇာ၊ဖလ်, စဉ့်, ကြေးဖြူမှ ဖြစ်ကုန်သော ခွက်တို့သည်။ဂိဟိ သန္တကာ၊လူတို့၏ဉစ္စာဖြစ်ကုန်သော်ငြား။သံဃိကာ၊ သံဃာ့ဥစ္စာ ဖြစ်ကုန်သော်ငြား။ကပ္ပိယာ၊–ကုန်၏။တုမ္ဗ–ဃဋိဇာ၊ ဘိုးအုံ ဘူးအုံဖြစ်သော ခွက်တို့သည်။တာဝကာလိကာ၊ အခိုက်အတန့် တို့သည် သာလျှင်။ကပ္ပိယာ၊–ကုန်၏။……ဣတိ၊ဤကားဆွမ်းစားခွက်အပြီးတည်း။

---

လူသေခေါင်းခွန်, ဘိုးအုံ, ဘူးအုံသပိတ် ဤသပိတ် ၃-လုံးလည်းမအပ်၊ ဒုက္ကဋဟု ခုဒ္ဒကဝတ္ထုကြွန်္ခကဍ်ဆိုသည်။

သပိတ်ပြီးပြီ။

---

## ၆–ဆွမ်းစားခွက်

၆။ ထာလကာ၊ ခွက်နှင့်စပ်သော စကားရပ်ကိုပြသည်။

**၁။ ကပ္ပိယာ ထာလကာ တိသော**……နှစ်ဂါထာဖြင့် အပ်သော ခွက် သုံးလုံးနှင့် မအပ်သော ခွက်ဆယ်လုံးတို့ကိုပြသည်။……ကြေးနီခွက်, သံခွက်, မြေခွက်, သုံးလုံးထည့်စားအပ်သည်၊ သစ်သားခွက် စသော ခွက်ငါးလုံးကား ကိုယ်ပိုင်ပုဂ္ဂလိက,သံဃိက,လူ့ဥစ္စာသုံးမျိုးပင်မအပ်၊ ဖလ်,စဉ့်,ကြေးဖြူ

ခွက်သုံးလုံးကား ကိုယ်ပိုင်ပုဂ္ဂလိကသာမအပ်၊ သံဃိက, လူ့ဥစ္စာဖြစ်မူ အပ်သည်၊ အိုးအုံ,ဖူးအုံ နှစ်ခုကား အခိုက်အတန့်သာ အပ်သည်၊ တကြိမ်စားပြီးပစ်လိုက်ရသည်၊သွားလေရာရာ ဆောင်ယူမသွားရ။ ။ အထူး—သစ်သားခွက်ကား ဘယ်အခါမှ ထည့်မစားအပ်၊ ကိုင်ရုံသာ ကိုင်ကောင်းသည်၊ ရွှေ,ငွေ,ပတ္တမြားညို,(ဝါ၊မြ။)ကြောင်မျက်ရွဲ ဤခွက် လေးလုံးကား ဒကာများက ဟင်းစသည်ထည့်၍ကပ်သော်လည်း ကိုင်ရုံ ပင် မကိုင်အပ်၊ထို့ကြောင့် ငွေထုံးဘူးများဖြင့် ထုံးထည့်၍ ကပ်သည် ကို သတိပြုသင့်၏။ ကြေးနီကား သပိတ်သာမအပ်၊ ခွက်အပ်သည်၊ စဥ့်ခွက်ဟူသည် ချက်၍ပြုအပ်သော ဖလ်မှန်များကို ဆိုသည်၊ ထို့ ကြောင့် ပုဂ္ဂလိကဖလ်ခွက်ကို သတိပြုသင့်သည်၊ ဖက်ခွက်ကို အိုးအုံ ဖူးအုံနှင့် အလားတူသည်ဟု ယူတော်မူကြသည်၊ သေနာသန အသုံး အဆောင်ဖြစ်မူ ခွက်အားလုံးအပ်သည်ဟုသိ။

**ဆောင်**……သံ,ကြေးနီ,မြေ၊ခွက်သုံးထွေ၊စားလေအမြဲအပ်။
သစ်သားခွက်ကား၊ အလျှင်းထား၊ ထည့်စားမအပ်စပ်။
မျက်ရွဲ,မြ,ရွှေ၊ငွေခွက်တွေ၊ကိုင်ချေမကိုင်အပ်။
ကြေးဖြူ,စဥ့်,ဖလ်၊ကိုယ်ပိုင်မှန်၊ဧကန်မအပ်စပ်။
သံဃာ့ဥစ္စာ၊လူ့ဥစ္စာ၊ ဖြစ်ပါထည့်စားအပ်။
အိုးနှင့်ဖူးအုံ၊ရန်ခါကြုံ၊ မြဲတုံမအပ်စပ်။
ဖလ်ခွက်ကိုကား၊ယင်းတူထား၊ မှတ်သားသုံးစွဲအပ်။
သေနာသနာ၊သုံးဆောင်ရာ၊ဖြစ်ပါအားလုံးအပ်။

**ဝါဒတပါး**……ရွှေ,ငွေ,ပတ္တမြား, ကြောင်မျက်ရွဲ, ဖလ်စစ် ဤခွက် ငါးလုံးသည် သုံးသပ်ရုံမျှမအပ်၊ကြေးဖြူခွက်,စဥ့်ခွက် နှစ်လုံးသည် သံဃာ့ဥစ္စာ၊ လူ့ဥစ္စာဖြစ်မူ ထည့်စားအပ်၏၊ ဖလ်စစ်ဟူ သည် တွင်းထွက်အဘိုးတန် ဖလ်ဖြစ်သည်၊ ရတနာ၌ အပါအဝင်ဖြစ် သည်ဟု ဆိုတော်မူကြ၏၊ ထို့ကြောင့် ဖလ်စစ်, ချက်ဖလ် နှစ်မျိုး ခွဲ၍ ရွေစသော ခွက်လေးလုံး၌ ဖလ်စစ်ကိုထည့်၍ ငါးလုံး၊ကြေးဖြူ, စဥ့်, ချက် ဖန် သုံးလုံးဟု တမျိုးယူကြသည်၊ ကာယသံသဂ္ဂသိက္ခာပုဒ် အဋ္ဌကထာ နှင့်ညီ၏။

ခွက်ပြီးပြီ။

## ၇–ပဝါရဏာဝတ်

၁။ ယေနိရိယာပထေနာယံ၊ ဘုဉ္ဇမာနော ပဝါရိတော။
တတော အညေန ဘုဉ္ဇေယျ၊ ပါစိတ္တိနုတ်ရိတ္တကံ။ ။

### ၇။ ပဝါရဏာဝတ်၊ ဟူသည်။

၁။ ယေနိ ရိယာပထေန၊ အကြင် ဣရိယာပုထ်ဖြင့်။(ဥပလက္ခိတော၊ –သော။)ဘုဉ္ဇမာနော၊ ဆွမ်းစားသော။ အယံ၊ ဤရဟန်းသည်။ ပဝါရိတော၊–၏။ တတော၊ထိုဣရိယာပုထ်မှ။ အညေန၊ တပါးသော ဣရိယာပုထ်ဖြင့်။ အနတိရိတ္တကံ၊ အတိရိတ်ဝိနည်းကံ မပြုအပ်သောယာဝကာလိကကို။ ဘုဉ္ဇေယျ၊စားအံ့။ပါစိတ္တိ၊–သည်။ဟောတိ၊-၏။

၂။ အသနံ ဘောဇနဉ္စေဝ၊ အဘိဟာရော သမီပတာ။
ကာယဝါစာ ပဋိက္ခေပေါ၊ ပဉ္စအင်္ဂါ ပဝါရဏာ။ ။

၂။ အသနံ၊ (ဘောဇဉ်ကို စားသော ရဟန်း၏) စားဆဲ ၎င်း။ ဘောဇနဉ္စေဝ၊ (ပဝါရိတ်လောက်သော )ဘောဇဉ်၎င်း။ အဘိဟာရော၊ (ကိုယ်ဖြင့် )ဈေး ရှုဆောင်ခြင်း၎င်း။သမီပတာ၊(နှစ်တောင့်ထွာဟူသော ) နီးသည်၏ အဖြစ်၎င်း။ ကာယဝါစာပဋိက္ခေပေါ၊ ကိုယ်ဖြင့် နှုတ်ဖြင့်

---

### ၇–ပဝါရိတ်

၇။ ပဝါရဏာ၊ ပဝါရိတ်သင့်ပုံစသည်ကိုပြသည်။

**၁။ ယေနိရိယာပထေနာယံ**·····ဂါထာဖြင့် ပဝါရိတ် သင့်ပုံကို ပြသည်၊ ပဝါရိတ်သင့်သောဣရိယာပုထ်မှတပါးသော ဣရိယာပုထ်ဖြင့် အတိရိတ်ဝိနည်းကံ မပြုသော ယာဝကာလိကကို စားသောရဟန်းပါစိတ်၊ အဓိပ္ပါယ်အကျယ် ပထမ ပဝါရဏာသိက္ခာပုဒ်၌ လာပြီ။

**၂။ အသနံ ဘောဇနဉ္စေဝ**·····ဂါထာဖြင့် ပဝါရိတ် သင့် ခြင်း အင်္ဂါငါးပါးကို ပြသည်၊အဓိပ္ပါယ် မခက်။

ပယ်မြစ်ခြင်းငှာ။ (ဣတိ၊-သို့။)ပဝါရဏာ၊-တို့သည်။ ပဉ္စအင်္ဂါ၊ အင်္ဂါငါးပါး ရှိကုန်၏။

၃။ ဩဒနော သတ္တုကုမ္မာသော၊ မစ္ဆော မံသဉ္စ ဘောဇနံ။
သာလိ ဝီဟိ ယဝေါ ကင်္ဂု၊ ကုဒြူသ ဝရ ဂေါဓုမာ။
သတ္တန္နမေသံ ဓညာနံ၊ ဩဒနော ဘောဇ္ဇ ယာဂုစ။ ။

၃။ ဩဒနော၊-သည်ငှာ။ သတ္တု—သည်ငှာ။ ကုမ္မာသော၊—သည်ငှာ။ မစ္ဆော၊—သည်ငှာ။ မံသဉ္စ၊-သည်ငှာ။ ဘောဇနံ၊ ဘောဇဉ် ငါးပါး မည်၏။ သာလိ၊ သလေးငှာ။ ဝီဟိ၊ စပါးငှာ။ ယဝေါ၊ မယော ဂျုံငှာ။ ကင်္ဂု၊ ဆပ်ငှာ။ ကုဒြူသ-ဝရ-ဂေါဓုမာ၊ လူးနက်, ပြောင်းကြီး, (ဝါ၊ လူးဖြူ) နတ်ကောက်တို့ငှာ။ ဣတိ၊-သို့။ သတ္တန္နံ၊-ကုန်သော။ ဧသံ ဓညာနံ၊ ဤစပါးမျိုး တို့၏။ ဘောဇ္ဇ—ယာဂု၊ စားသောက်ရာတွင် စာရေး ထင်သော ယာဂုသည်။ ဩဒနောစ၊-လည်းမည်၏။

၄။ သာမာကာဒိ တိဏံ ကုဒြူ၊ သကေ ဝရက စောရကော။
ဝရကေ သာလိယာဉ္စေဝ၊ နီဝါရော သင်္ဂဟံ ဂတော။ ။

၄။ သာမာကာဒိ-တိဏံ၊ သမန်းစသော မြက်မျိုးမှ ဖြစ်သော စပါးသည်။ ကုဒြူသကေ၊-၌။ သင်္ဂဟံ၊ ပေါင်းယူ ခြင်းသို့။ ဂတံ၊ ရောက်၏။ ဝရက စောရကော၊ ပြောင်းဖူးသည်။ ဝရကေ၊ ပြောင်းကြီး လူးဖြူ၌။ သင်္ဂဟံ၊-သို့။ ဂတော၊-၏။ နီဝါရော စေဝ၊ ကျိတ်သည် သာလျှင်။ သာလိယံ၊-၌။ သင်္ဂဟံ၊-သို့။ ဂတော၊-၏။

---

၃။ **ဩဒနော**……ဂါထာဖြင့် ဘောဇဉ်ငါးပါးနှင့် ဩဒန အရကို ဝေဘန်ပြသည်၊ ပထမပဝါရဏာ သိက္ခာပုဒ်၌ ပြခဲ့ပြီ။

၄။ **သာမာကာဒိ**…ဂါထာဖြင့် စပါးမျိုး ၇-ပါး အားလျော်သော စပါးမျိုးကိုပြသည်၊ ၎င်းအလျော်ကား ပထမ ပဝါရဏာသိက္ခာပုဒ်အဋ္ဌကထာကြီး၌ လာ၏။

၅။ ဘဋ္ဌ ဓညံ မယော သတ္တု၊ကုမ္မာသော ယဝသမ္ဘဝေါ။
မံသောစ ကပ္ပိယော ဝဇ္ဇော၊ မစ္ဆော ဥဒကသမ္ဘဝေါ။ ။

၅။ ဘဋ္ဌ-ဓညံ မယော၊ ကျက်စွာလှော်အပ်သော စပါးမျိုးဖြင့် လုပ်အပ်သော မုန့်မျိုးသည်။ သတ္တု၊-မည်၏။ ယဝ- သမ္ဘဝေါ၊ မယောချုံမှ ဖြစ်သောမုန့်သည်။ ကုမ္မာသော၊-မည်၏။ ကပ္ပိယောစ၊ အပ်သောအသားကိုသာလျှင်။ မံသော၊-ဟူ၍။ ဝဇ္ဇော၊-၏။ ဥဒက-သမ္ဘဝေါ၊ ရေ၌ ဖြစ်သော သတ္တဝါမျိုးသည်။ မစ္ဆော၊-မည်၏။

၆။ ဘုဥ္ဇန္တော ဘောဇနံ ကပ္ပ၊ မကပ္ပံဝါ နိသေဝယံ။
ဝါရိတောဘိဟာရံ ကပ္ပံ၊ တံ နာမေန ဋ္ဌမန္တိဝါ။ ။

၆။ ကပ္ပံဝါ၊ အပ်သည်လည်း ဖြစ်သော။ အကပ္ပံပါ၊ မအပ်သည်လည်း ဖြစ်သော။ ဘောဇနံ၊-ကို။ ဘုဥ္ဇန္တော၊ စားစဉ်။ တံ နာမေနဝါ၊ ထိုဘောဇဉ်ငါးပါး (အသီးသီးသော) အမည်ဖြင့်ရင်း။ ဋ္ဌမန္တိဝါ၊ ဤဘောဇဉ်ဟူသော အမည်သာမန် အားဖြင့်ရင်း။ ( ဝတွာ၊ ဆို၍။ ) အဘိဟာရံ၊ ဈေးရှုဆောင်အပ်သော။ ကပ္ပ၊ အပ်သောဘောဇဉ်ကို။ နိသေဝယံ၊ တားမြစ်သောရဟန်းသည်။ ဝါရိတော၊ ပဝါရိတ် သင့်၏။

---

၅။ **ဘဋ္ဌဓညမယော** ....ဂါထာဖြင့် ကျန် ဘောဇဉ် လေးပါးကို ပြသည်၊ အဘိုယ်ကို ပဝါရဏာသိက္ခာပုဒ်၌ ဆိုခဲ့ပြီ။

၆။ **ဘုဥ္ဇန္တော ဘောဇနံ** ... ဂါထာဖြင့် ပဝါရိတ် သင့်ကြောင်းသော စားအပ်သော ဘောဇဉ်နှင့် ဆောင်ယူလာသော ဘောဇဉ်နှစ်ပါးကို ပြသည်။......ဤ၌ အကပ္ပိယ ဘောဇဉ်ဟူသည် မအပ်သော အသားကြီး ဆယ်မျိုး, ကုလဒူသနမှု-ဥတ္တရိမနုဿဓမ္မကို ပြောကြားမှုကြောင့် ဖြစ်ပေါ်လာသော ဘောဇဉ်, ရွှေငွေ စသည်မှ ဖြစ်ပေါ်လာသောဘောဇဉ်တို့ကို ဆိုသည်၊ ထိုကပ္ပိယ အကပ္ပိယဘောဇဉ်နှစ်ပါး တပါးပါးကို အယုတ်ဆုံး ဆွမ်းတလုံးမျှ ယူစားပြီးသော, စားဆဲသောရဟန်းသည် ဘောဇဉ်ငါးပါးတို့တွင် သြဒနကိုအလှူခံပါစေသော တပါးတပါးသော အမည်ဖြင့်ဖြစ်စေ၊ ဤဘောဇဉ်

၇။ လာဇာ တံ သတ္တု ဘတ္တာနိ၊ ဂေါရသော သုဒ္ဓ ခဇ္ဇကော။
တဏ္ဍုလာ ဘဇ္ဇ ပိဋ္ဌဉ္စ၊ ပုထုကာ ဝေဠုအာဒိနံ။ ။

၈။ ဘတ္တံ ဝုတ္တာဝသေသာနံ၊ ရသ ယာဂု ရသောပိစ။
သုဒ္ဓယာဂုဖလာဒီနိ၊ န ဇနေန္တိ ပဝါရဏံ။ ။

၇-၈။ လာဇာ၊ ပေါက်ပေါက် သည်ရင်း။ တံ-သတ္တု-ဘတ္တာနိ၊ ထို ပေါက်ပေါက်ဖြင့် လုပ်အပ်သော မုံ့လုံး, ထမင်းတို့သည်ရင်း။ ဂေါရ သော၊ ဂေါရသငါးပါးသည်ရင်း။ သုဒ္ဓ-ခဇ္ဇကော၊ (ငါး အမဲတို့နှင့်မရော သော) သက်သက်သော ခဲဘွယ်သည်ရင်း။ တဏ္ဍုလာ၊ လှော်အပ်သော ဆန်တို့သည်ရင်း။ ဘဇ္ဇ-ပိဋ္ဌဉ္စ၊ လှော်အပ်သော(သက်သက်သော)အမှုန့် သည်ရင်း။ ပုထုကာ၊ မုံ့ဆန်းသည်ရင်း။ ဝုတ္တာဝ သေသာနံ၊ ဆိုအပ်ပြီး သော စပါးမျိုးခုနစ်ပါးမှ ကြွင်းကုန်သော။ ဝေဠုအာဒီနံ၊ ဝါးသုန်းဆန် စသည်တို့၏။ ဘတ္တံ၊ ထမင်းရင်း။ ရသ-ယာဂု၊ ငါး အမဲရည် စသည်နှင့် ရောသော ယာဂုသည်ရင်း။ ရသောပိစ၊ ငါး အမဲရည် သည်ရင်း။ သုဒ္ဓ ယာဂု- ဖလာဒီနိ၊ သက်သက်သောယာဂု, သစ်သီး စသည်တို့သည်ရင်း။ ပဝါရဏံ၊-ကို။ န ဇနေန္တိ၊ မဖြစ်စေကုန်။

---

အလျှုခံပါဟူသော အမည်သာမညဖြင့် ဖြစ်စေ၊ ရှေးရှုဆောင်အပ်သော ဘောဇဉ်ကို ကိုယ်နှုတ်ဖြင့် တားမြစ်မိအံ့၊ ပဝါရိတ် သင့်၏၊ ဘုဉ္ဇန္တော ဖြင့် စားဆဲအင်္ဂါ-၁၊ ဘောဇနံကပ္ပမကပ္ပံဝါဖြင့် ဘောဇဉ် ဖြစ်ခြင်း အင်္ဂါ-၁၊ နိသေဓယံဖြင့်တားမြစ်ခြင်း အင်္ဂါ-၁၊ အဘိဟာရံ ကပ္ပံ တံ နာမေန ဇာမန္တိဝါဖြင့် ဟတ္ထပါသ်သို့ ရောက်ခြင်းအင်္ဂါနှင့် ရှေးရှုဆောင် ခြင်း အင်္ဂါ၂-ပါးယူ၊ ဤအင်္ဂါ၅-ပါးပြည့်စုံက ပဝါရိတ်သင့်သည်။

**၇-၈။ လာဇာ တံ သတ္တု ဘတ္တာနိ**······နှစ်ဂါထာတို့ဖြင့်ပဝါရိတ် မဖြစ်ကောင်းသည်တို့ကို ပြသည်၊ နို့ရည်, နို့ခမ်း,ရက်တက်,ဆီဦး,ထောပတ်တို့ကိုဂေါရသငါးပါး ခေါ်သည်၊ ဝေဠုအာဒိနံ၌ အာဒိသဒ္ဒါဖြင့် အဖုအမြစ် အသီးတို့ကို ယူရ မည်ဟု ဋီကာဆို၏၊ ဖလာဒီနိ၌ အာဒိဖြင့် အဖုစသည်တို့ကိုယူ။ (ဋီကာ)

၉။ ပဝါရိတေန ဝုဋ္ဌာယ၊ အဘုတ္တေနစ ဘောဇနံ။
အတိရိတ္တံ နကာတဗ္ဗံ၊ ယေန ယံဝါ ပုရေ ကတံ။ ။

၉။ ပဝါရိတေန၊ ပဝါရိတ်သင့်သော ရဟန်းသည်။ ဝုဋ္ဌာယ၊(နေရာမှ)ထမိသော်။ အတိရိတ္တံ၊-ကို။ နကာတဗ္ဗံ၊ မပြုအပ်။ ဘောဇနံ၊-ကို။ အဘုတ္တေနစ၊ မစားသော ရဟန်းသည်လည်း။ အတိရိတ္တံ၊-ကို။ နကာတဗ္ဗံ၊-အပ်။ ယေန၊ အကြင်ဝိနည်းရိရ်ရဟန်းသည်။ ယံ၊ အကြင် ဘောဇဉ်ကို။ ပုရေ၊ ရှေး၌။ ကတံ၊ (ဝိနည်းကံ)ပြုအပ်ပြီ။ တေန၊-သည်သာလျှင်။ တံဝါ၊ထိုဘောဇဉ်ကိုသာလျှင်။ အတိရိတ္တံ၊-ကို။နကာတဗ္ဗံ၊-အပ်။

---

**၉။ ပဝါရိတေန**······ဂါထာဖြင့် အတိရိတ် ဝိနည်းကံ မပြုကောင်းသော သုံးမျိုးကိုပြသည်၊ အတိရိတ်ဝိနည်းကံ ပြုပေးလိုသော ဝိနည်းရိရ်သည် ပဝါရိတ် သင့်နေသဖြင့် စားဆဲနေရာမှ ထပြီးသော် ဝိနည်းကံကို ပြုမပေးကောင်း၊ မထသေးမီသာ ပြုပေးကောင်းသည်၊ [ပဝါရိတ်မသင့်သော ဝိနည်းရိရ်ဖြစ်မူ ထ, မထ ဆိုရန်မလို။] ဘောဇဉ်ငါးပါးတို့တွင်တပါးပါးကိုအယုတ်ဆုံး သမန်းမြက်ဖျားဖြင့်သော်လည်း ကော်ယူမစားဘဲ ပြုမပေးကောင်း၊ စားပြီးသောဝိနည်းရိရ်သာ အတိရိတ်ဝိနည်းကံ ပြုပေးကောင်းသည်၊······ဤအရာ၌စားအပ်သော ဘောဇဉ်ကို စဉ်းစားရန် ရှိသည်၊ စဉ်းစားရပုံ—ဟတ္ထပါသ်သို့ ဆောင်ယူလာသော ပဝါရိတ် သင့်သော ရဟန်း၏ဘောဇဉ်လော, သို့မဟုတ် ဘယ်ဘောဇဉ်ဘဲဖြစ်ဖြစ် ဘောဇဉ်ဖြစ်က ပြီးရောလောဟု စဉ်းစားရန်ရှိ၏၊ ဘယ်ဘောဇဉ်ဖြစ်ဖြစ် ဘောဇဉ်စားပြီးက ပြုပေးနိုင်သည်ဟု ချဒ္ဒသိက္ခာဋီကာဟောင်းဆို၏၊အချို့ကား ပဝါရိတ်သင့်သော ရဟန်း၏ဆောင်ယူလာသောဘောဇဉ်ကိုသာအယုတ်ဆုံး ထမင်းတလုံးယူစားပြီးမှ ပြုပေးကောင်းသည်ဟုဆို၏၊ အပိစေတ္ထ ဘုတ္တာဝိနာ ကတံ ဟောတီတိ အနန္တရေ နိသိန္နဿ သဘာဂဿ ဘိက္ခုနော ပတ္တတော ဧကံပိ သိတ္ထံဝါ မံသဟီရံဝါ ခါဒိတွာ ကတံပိ ဘုတ္တာဝိနာ ကတံ ဟောတီတိ ဝေဒိတဗ္ဗံ၊ဘုတ္တာဝိနာကတဟူသည် အခြားမဲ့၌နေသော သဘာဂရဟန်းတပါး၏ သပိတ်မှ ထမင်းတလုံးကိုဖြစ်စေ အမဲသားတမျှင်ကို ဖြစ်စေ ယူစားပြီးမှ ပြုကောင်းသည်၊ ဝိနည်းကံပြုလို၍ ယူလာသော သပိတ်ထည်းမှ ယူစားပြီး ပြုပေးရာ၌ ဆိုဖွယ်မရှိ ဟူသော အဋ္ဌကထာကို

၁၀။ ကပ္ပိယံ ဂဟိတဉ္စေဝ၊ ဥဂ္ဂဟိတံ ဟတ္ထပါသဂံ။
အတိရိတ္တံ ကရောန္တေဝံ၊ အလမေတန္တိ ဘာသတု။ ။

၁၀။ ကပ္ပိယဉ္စေဝ၊ ကပ္ပိပြီးသည်လည်း ဖြစ်သော။ ဂဟိတဉ္စေဝ၊ အကပ်ခံအပ်ပြီးသည်လည်းဖြစ်သော။ ဥဂ္ဂဟိတဉ္စေဝ၊ မြှောက်အပ်သည်လည်းဖြစ်သော။ ဟတ္ထပါသဂဉ္စေဝ၊ ဟတ္ထပါသ်သို့ရောက်သည်လည်းဖြစ်သော ကာလိကကိုသာလျှင်။ အတိရိတ္တံ၊–ကို။ကရောန္တော၊ ပြုလိုသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ဝိနည်းရှိရှိသည်။ အလမေတန္တိ၊ –ဟူ၍။ ဧဝံ၊ ဤသို့။ ဘာသတု၊ ဆိုလော။[ဧတံ၊ ဤအလုံးစုံကို။အလံ၊ ငါ တန်ပြီ။ တနည်း– ဧတံ၊-သည်။ အလံ၊ သင်စားထိုက်ပြီ။]

---

ထောက်၍ ဋီကာဟောင်း ဝါဒသင့်သည်ဟု ဆိုရမည်။ ။ဝိနည်းရှိရှိ ရဟန်းသည် ပဝါရိတ်သင့်သော ရဟန်းဆောင်ယူလာသော ဘောဇဉ် ကို ရှေး၌ ဝိနည်းကံပြုပေးပြီးသော် နောက်ထပ် အသစ် ဘောဇဉ်ရ၍ ရှေးကဝိနည်းကံပြုပေးပြီးသော ဘောဇဉ်နှင့် ရောပြီး တဘန် ဝိနည်းကံ ပြုပေးရန် လျှောက်အံ့၊ မပြုပေးကောင်း၊ ဝိနည်းကံ မပြုပေးဘူးသေး သော ဘောဇဉ်ကိုသာ ပြုပေးကောင်းသည်၊ တပါးသော ဝိနည်းရှိရှိ ဖြစ်က ဘယ်ဘောဇဉ်ဖြစ်ဖြစ် ပြုပေးကောင်းသည်ဟုသိ။

**၁၀။ ကပ္ပိယံ**·····ဂါထာဖြင့် အတိရိတ် ဝိနည်းကံပြုပုံ အင်္ဂါငါးပါး ကိုပြသည်၊ ကပ္ပိယဟူသည် ကပ္ပိခြင်းငါးမျိုးဖြင့် ကပ္ပိပြီးသား ယာဝကာလိကအပ်သောအသား,အပ်သော ဘောဇဉ်များ ကိုဆိုသည်၊ထိုအပ်သော ယာဝကာလိကမျိုးကိုသာ ဝိနည်းကံပြုကောင်း သည်၊ ထိုမှပြန်သော ယာဝကာလိကကား အကပ္ပိယ မည်၏၊ ထို အကပ္ပိယယာဝကာလိကကို ဝိနည်းကံမပြုကောင်း၊ ဂဟိတံဟူသည် ထိုအပ်သော ယာဝကာလိကကား အကပ်ခံပြီးသားဖြစ်ရမည်ဟု ဆိုလို သည်၊ အကပ်မခံဘဲဝိနည်းကံမပြုကောင်း၊ ဥဂ္ဂဟိတံဟူသည် ဝိနည်းကံ ပြုလိုသော ရဟန်းသည် အနည်းငယ် မြှောက်ခြင်း ညွတ်ခြင်းကိုဆို သည်၊မမြှောက်မညွတ်ဘဲ မပြုကောင်း၊ဟတ္ထပါသဂံဟူသည် ဝိနည်းကံ ပြုလိုသော ရဟန်းသည် နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း ရောက်မှ ပြုရမည်ဟု ဆိုသည်၊ ဟတ္ထပါသ် အပြင်ဘက်ကနေ၍ မပြုကောင်း၊ ဟတ္ထပါသ်သို့ ရောက်ပြီးသော် "အတိရိတ္တံ ကရောထ ဘန္တေ" ဟု ဆိုရ

၁၁။ နကရေနုပသမ္ပန္နံ၊ ဟတ္ထဂံ ပေသယိတွာပိ။
ကာရေတုံ လဘတေ သဗ္ဗော၊ ဘုဉ္ဇိတုံ တမကာရကောတိ။ ။

၁၁။ အံနုပသမ္ပန္န-ဟတ္ထဂံ၊ လူသာမဏေ၏လက်၌တည်သော ယာဝကာလိကကို။ နကရေ၊ (အတိရိတ်ဝိနည်းကံ) မပြုရာ။ ပေသယိတွာပိ၊ (ရဟန်းတပါးကို) စေခိုင်း၍လည်း။ ကာရေတုံ၊ ပြုစေခြင်းငှါ။ လဘတေ၊ ရ၏။ တံ၊ ထိုအတိရိတ်ဝိနည်းကံပြုသော ကာလိကကို။ အကာရကော၊ အတိရိတ်ဝိနည်းကံပြုသောရဟန်းမှ တပါးသော။ သဗ္ဗော၊ အလုံးစုံသော ရဟန်းသည်။ ဘုဉ္ဇိတုံ၊-ငှါ။ လဘတေ၊ ရ၏။······ဇာတိ၊ ဤကား ပဝါရဏာ အပြီးတည်း။

---

ဦးမည်၊ ဤအင်္ဂါလေးပါးကား ပဝါရိတ်သင့်သော ရဟန်း၏ အင်္ဂါဟု သိ။······အလမေတံဟူသည်၊ ဆိုအပ်ပြီးသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော ယာဝကာလိကကို ဝိနည်းကံပြုပေးလိုသော ဝိနည်းဓိုရ်ကို "အလမေတံသဗ္ဗံ" ဟု ဆိုရမည်ဟုဆိုလိုသည်၊ ပဝါရိတ်သင့်သောဝိနည်းဓိုရ်ဖြစ်က နေ့ချာမှမထေမိဖြစ်ခြင်းအင်္ဂါနှင့် မစားရသေးက စားပြီးမှ ပြုရမည့်အင်္ဂါနှစ်ပါးကို ဇှေးဂါထာလာ ဗျတိရေကအားဖြင့် သိလောက်ပြီ ဖြစ်၍ ဤ၌မဆိုတော့ပြီ။

**၁၁။ နကရေ နုပသမ္ပန္န**······ဂါထာဖြင့် လူသာမဏေလက်၌တည်ရှိသောကာလိကကို အတိရိတ်ဝိနည်းကံ မပြုကောင်းသည်ကို ပြသည်၊ ပဝါရိတ် သင့်ရာအရပ်၌ အတိရိတ်ဝိနည်းကံပြုပေးတတ်သော ရဟန်းမရှိက၊ အတိရိတ်ဝိနည်းကံ ပြုပေးတတ်သော ရဟန်းရှိရာအရပ်သို့ ကိုယ်တိုင်မသွားဘဲ ရဟန်းတပါးကို စေခိုင်းပြီး ဝိနည်းကံပြုစေခြင်းငှါကား အပ်သည်၊ ထိုဝိနည်းကံပြု၍ ယူလာသော ယာဝကာလိကကို ဝိနည်းကံပြုပေးသော ဝိနည်းဓိုရ်ရဟန်းမှတပါး ပဝါရိတ်သင့် မသင့်သော ရဟန်းအားလုံး စားကောင်းသည်၊ ပဝါရိတ် သင့်သောရဟန်းများ စားလိုက ရှိရင်းစွဲအာဒိသ စင်ကြယ်အောင် လက် ခံတွင်းများဆေးပြီးမှ စားရသည်၊ သူနာ၏ အကြွင်းဖြစ်မှု ဝိနည်းကံမပြုဘဲ စားကောင်းသည်ဟု သိ၊ အကျယ်အဋ္ဌကထာကြီး၌ လာပြီ။

ပဝါရိတ် ပြီးပြီ။

## ၈–ကာလိကာစတိ

၁။ ပဋိဂ္ဂဟိတာ စတ္တာရော၊ ကာလိကာ ယာဝကာလိကံ။
ယာမကာလိကံ သတ္တာဟ၊ ကာလိကံ ယာဝဇီဝိကံ။ ။

## ၈။ ကာလိကာစတိ၊ ဟူသည်။

၁။ ပဋိဂ္ဂဟိတာ၊ အကပ်ခံအပ် ကုန်သော။ ကာလိကာ၊-တို့သည်။ ယာဝကာလိကံ၊-၎င်း။ ယာမကာလိကံ၊-၎င်း။ သတ္တာဟကာလိကံ၊-၎င်း။ ယာဝဇီဝိကံ၊-၎င်း။ ဣတိ၊-သို့။ စတ္တာရော၊ လေးမျိုးတို့တည်း။

---

## ၈–ကာလိက ၄-ပါး

၈။ ကာလိကာ၊ကာလအားလျော်စွာ စားကောင်းသော ကာလိက တို့ကို ပြသည်။

**၁။ ပဋိဂ္ဂဟိတာ စတ္တာရော**·····ဂါထာဖြင့် ကာလိကလေးပါးကို ပြသည်။····· ကာလော ဧတေသံ အတ္ထီတိ ကာလိကာ၊ ကာလအပိုင်းအခြားရှိသော,ကာလအားလျော်စွာ စားကောင်းသောကာလိက လေးပါးကိုရစေ။ ယာဝကာလော အဿာတိ ယာဝကာလိကံ၊ မွန်းတည့်ရုံဟုဆိုအပ်သော စားအပ်သောကာလရှိသော ခဲဘွယ်ဘောဇဉ်ကို ရစေ။ ယာမော ကာလော အဿာတိ ယာမကာလိကံ၊ အရုဏ်တက်သည်မှစ၍ ညဉ့်၏ပစ္ဆိမယာမ် တိုင်အောင် စားအပ်သော ကာလရှိသော အနုလောမအဖျော်နှင့်တကွ အဖျော် ၉,စ် ပါးကို ရစေ။ သတ္တာဟော ကာလော အဿာတိ သတ္တာဟ ကာလိကံ၊ အကပ်ခံပြီးသည်မှစ၍ ခုနစ်ရက်သိုမှီး၍စားကောင်းသော ကာလ ရှိသော ထောပတ်စသော ဆေးငါးမျိုးကို ရစေ။ ယာဝဇီဝံ အဿာတိ ယာဝဇီဝိကံ၊ ဆိုအပ်ပြီးသော ကာလိက သုံးပါးနှင့် ရေကိုဖယ်ထား၍ ကြွင်းသောတသက်ပတ်လုံး ဆောင်ထား၍ စားကောင်းသော ဆေးကို ရစေ။

၂။ ဝိဋံ့ မူလံ ဖလံ ခန္ဓံ၊ ဂေါရသော ဉသောဘဇနံ။
ယာဂုသူပပ္ပဘုတယော၊ ဟောန္တေတေ ယာဝကာလိကာ။ ။

၂။ ဝိဋံ့၊ အမှုန့် ခဲဘွယ်ငင်း။ မူလံ၊ အမြစ်-ငင်း။ ဖလံ၊ အသီး-ငင်း။ ခန္ဓံ၊ မှုံ-ငင်း။ ဂေါရသော၊ ( နို့ရည်, နို့ခမ်း, ရက်တက်ဟူသော ) ဂေါရသ သုံးပါးငင်း။ ဉသောဘဇနံ၊ ( အလျော်အနှင့်တကွသော ) စပါးမျိုးတို့၏ ဘောဇဉ်သုံးပါးငင်း။ ယာဂုသူပ ပ္ပဘုတယော၊ ယာဂုဟင်း စသည်တို့ငင်း။ ဧတေ၊ ဤအလုံးစုံ တို့သည်။ ယာဝ ကာလိကာ၊-တို့သည်။ ဟောန္တိ၊—ကုန်၏။

---

**၂။ ဝိဋံ့ မူလံ**····· ဂါထာဖြင့် ယာဝကာလိကအရကို ပြသည်၊ ဝိဋ္ဌ အရ စပါးမှုန့် ပဲမှုန့် ဝိန္နဲစေ့မှုန့် ဇွေးစေ့မှုန့် ထန်းစေ့မှုန့် စသော အာဟာရကိစ္စ ပြီးစေနိုင်သော အမှုန့်မျိုးကို ယူ၊ မူလ အရ ဟင်းနုနွယ်မြစ် စသော အမြစ်မျိုးကိုယူ၊ ခန္ဓအရ ကျွဲသည်းမှုံ ကတွတ်မှုံစသော ကောက်ပဲဖြင့်ပြီးသော ခဲဘွယ်ကိုယူ၊ ဂေါရသအရ ဂေါရသ ငါးပါးတို့တွင် နို့ရည်,နို့ခမ်း,ရက်တက် ဟူသော ဂေါရသ သုံးပါးကိုသာ ယူ၊ ဆီဦးနှင့် ထောပတ်နှစ်ပါးကား သတ္တာဟကာလိက ဖြစ်၍ မယူရ၊ ဉသောဘဇနံအရ အလျော်အနှင့်တကွ စပါးမျိုးခုနစ်ပါး၏ ထမင်းနှင့် မှုံလုံး မယောမှုံ သုံးပါးကိုယူ။ [ဉသောဘဇနန္တိ—သာနု လောမာနိ သတ္တ ဓညာနိစ ပဋ္ဌဝိခ ဘောဇနဥ္စာတိ အတ္ထောဟု ဋီကာ ဟောင်းဆို၏၊ စပါးမျိုး ခုနစ်ပါးကအသီးဖြင့် ယူသင့်သည် ဖြစ်၍ သီး ခြားယူရာ၌ အကျိုးမရှိရကား မသင့်ဟု ဋီကာသစ် ဆို၏၊ ဉကို သီး ခြားခွဲမယူသင့်သော် ဘောဇနအရလည်း ဘောဇဉ် ငါးပါးစလုံး မယူ သင့်ပြီ]။ ပကတိသဒ္ဒါဖြင့် စပါးမျိုးမှဖြစ်သော ဘောဇဉ်မှ ကြွင်းသော ငါးအမဲဘောဇဉ် နှစ်ပါး, ဝိဋ္ဌ-မူလ—ဖလ—နိယျာသ ခဲဘွယ်လေးမျိုးမှ တပါးကြွင်းသော ခဲဘွယ်ရှစ်မျိုးကိုယူ၊နိယျာသခါဒနိယေ ယာဝကာလိ ကံ နတ္ထိ(ဋီကာဟောင်း။) နိယျာသအစေး ခဲဘွယ်ကား ယာဝကာလိက မရှိ၊ကြံစေးကား သတ္တာဟကာလိက၊အကြွင်း ယာဝဇီဝိကချည်းသာဟု ချုဒ္ဒသိက္ခာနိသျှဟောင်းတို့၌ ဆို၏၊ အဋ္ဌကထာကြီး၌ နိယျာသခါဒနိယေ ဧကောဥစ္ဆု နိယျာသော သတ္တာဟကာလိကော၊ သေသာ ယာဝဇီဝိ ကာဟု မိန့်ဆို၏၊ အကျယ်အဋ္ဌကထာကြီး ပထမပဝါရဏာသိက္ခာပုဒ် ၌လာပြီ။

၃။ မဓု မုဒ္ဒိက သာလူက၊ စောစ မောစမ္ဗ ဇမ္ဗုဇံ။
ဖာရုသံ နာဠိသန္တတ္တံ၊ ပါနကံ ယာမကာလိကံ။ ။

၃။ မဓု-မုဒ္ဒိက-သာလူက-စောစ-မောစ မ္ဗ-ဇမ္ဗုဇံ၊ သစ်မည်စည်, မုဒရက်,ကြာစွယ်, တောငှက်ပျော, အိမ်ငှက်ပျော, သရက်သီး, သပြေသီးမှဖြစ်ကုန်သော။ ဖာရုသံ၊ ဖက်သက်ဘရော်သီးမှ ဖြစ်သော။နာ-ဠိ–သန္တတ္တံ၊ မီးဖြင့်-မ-ချက်အပ်သော။ ပါနကံ၊ အဖျော်သည်။ ယာမကာလိကံ၊–မည်၏။

၄။ သာနုလောမာနိ ဓညာနိ၊ ဌပေတွာ ဖလဇော ရသော။
မဓူကပုပ္ဖါ အညတြ၊ သဗ္ဗော ပုပ္ဖရသောပိစ။ ။

၅။ သဗ္ဗပတ္တရသောစေဝ၊ ဌပေတွာ ပက္ကဍာကဇံ။
သိတောဒမဒ္ဒိတာဒိစ္စ၊ ပါကော ဝါ ယာမကာလိကော။ ။

၄–၅။ သာ-နုလောမာနိ၊–ကုန်သော။ ဓညာနိ၊ စပါးမျိုး,သီးကြီးကိုးလုံးနှင့် ပဲမျိုးတို့ကို။ဌပေတွာ၊–၍။ ဖလ-ဇော၊ အသီးမှဖြစ်သော။ ရသော၊အရည်သည်ဖင်း။မဓုက-ပုပ္ဖါ၊သစ်မည်စည်ပွင့်ကို။အညတြ၊-၍။

---

**၃။ မဓုမုဒ္ဒိကသာလူက**……ဂါထာဖြင့် ယာမကာလိက အရက်ိုပြသည်၊ အဖျော် ၈စ်ပါးကား ဘေသဇ္ဇက္ခန္ဓကပါဠိလာ၏၊ငင်းအဖျော်၈စ်ပါးကား မီးချက်မအပ်၊ ရေအေးနှင့်သာ ဖျော်ရသည်၊နေချက်ကားအပ်၏၊အထူး–သစ်မည်စည်သီး အရေသက်သက်ကား ယာဝကာလိကဖြစ်၍မွှန်းလွဲသော် မသောက်ကောင်း၊ ရေနှင့် ရောမှ သောက်ကောင်းသည်။[မဓုကပါနန္တိ မဓုကာနံ ဇာတိရသေန ကတပါနံ၊တံပန ဥဒကသမ္ဘိန္နံ ဝဋ္ဋတိ၊သုဒ္ဓံ နဝဋ္ဋတိ၊အဋ္ဌကထာ။]

**၄–၅။ သာနုလောမာနိ**……နှစ်ဂါထာတို့ဖြင့် ယာမကာလိကဖြစ်ကောင်းသော အရည် များကို ပြသည်၊ အနုလောမနှင့် တကွ စပါးမျိုးသီးကြီးကိုးလုံးနှင့် ပဲမျိုးတို့မှ ဖြစ်သော အရည်မအပ်၊ကြိမ်သီး,မန်ကျည်းသီး,ရှောက်သီး,သီးသီး,ခံသီး,ကြို့သီးစသည်တို့မှ ဖြစ်သော ငယ်သော အသီးအရည်ကား အပ်သည်၊ သစ်မည်စည် ပွင့် အရည်မအပ်၊ကြွင်းအပွင့်အရည် အားလုံး အပ်သည်၊ ဟင်းချက်စားကောင်းသော ယာဝကာလိက အရွက်တို့၏ အကျက်ရည်

သဗ္ဗော၊—သော။ ပုပ္ဖ—ရသောပိစ၊ အပွင့်-အရည်သည်ရင်း၊ ။ပက္က ဍာက-ဖံ၊ ဟင်းရွက်ကျက်ရည်ကို။ ဌပေတွာ၊—၍။ သဗ္ဗ-ပတ္တ-ရသော စေဝ၊ အလုံးစုံသော အရွက်ရည်သည်ရင်း။ သီတော-ဒ မဒ္ဒိတော၊ရေအေး၌ နယ်အပ်သော်ရင်း။ အာဒိစ္စ—ပါကောဝါ၊ နေပူ၌ ချက်ခြင်းရှိသော်ရင်း။ ယာမကာလိကော၊—မည်၏။

၆။ သပ္ပိ နောနီတ တေလာနိ၊ မဓု ဖာဏိတမေဝစ။
သတ္တာဟကာလိကာ သပ္ပိ၊ ယေသံ မံသမဝါရိတံ။ ။

၆။ သပ္ပိ-နောနီတ-တေလာနိ၊ ထောပတ်, ဆီဦး,ဆီတို့ရင်း။ မဓု-ဖာဏိတမေဝစ၊ ပျား,တင်လဲရင်း။ (ဣမေ-ပဉ္စ၊-တို့သည်၊) သတ္တာဟကာလိကာ၊—မည်ကုန်၏။ ယေသံ၊ အကြင်သတ္တဝါတို့၏။ မံသံ၊—ကို။ အ-ဝါရိတံ၊ မတားမြစ်အပ်။ တေသံ၊—တို့၏။ သပ္ပိ၊—သည်။ (သပ္ပိ၊—မည်၏။)

၇။ တေလံ တိလ ဝသေရဏ္ဍ၊ မဓု သာသပ သမ္ဘဝံ။
ခုဒ္ဒါ ဘမရ မဓုကရိ၊ မက္ခိကာဟိ ကတံ မဓု။ ။

၇။ တိလ-ဝသေ-ရဏ္ဍ—မဓု—သာသပ—သမ္ဘဝံ၊ နှမ်း, သားဆီ, ကြက်ဆူ, သစ်မည်စည်, မုန်ညင်းစေ့တို့မှ ဖြစ်ခြင်းရှိသော ဆီသည်။ တေလံ၊—မည်၏။ ခုဒ္ဒါ-ဘမရ မဓုကရိ-မက္ခိကာဟိ၊ ပျားငယ်,ပျားကြီး,

---

မှတပါး အလုံးစုံသော အကျက်အစိမ်းအရည်ကား အပ်သည်၊ ယာဝဇီဝိကအရွက်ကို ချက်သောအရည်သည် ယာဝဇီဝိကပင်မည်၏၊ကုရုန္ဒီ၌ကား ယာဝဇီဝိက အရွက်များကို ရေနှင့်နယ်၍ဖြစ်စေ နေနှင့်ချက်၍ ဖြစ်စေ ပြုအပ်၏ဟုဆို၏။

၆။ **သပ္ပိနောနီတတေလာနိ**·····ဂါထာဖြင့် သတ္တာဟ ကာလိက အရကိုပြသည်၊ ဘေသဇ္ဇသိက္ခာပုဒ်လာတိုင်းအဓိပ္ပါယ်ကိုသိလေ။

၇။ **တေလံ**·····ဂါထာဖြင့် တေလ အပြား ငါးပါးနှင့် မဓု အပြား သုံးပါးကို ပြသည်၊အဓိပ္ပါယ်လွယ်ပြီ။

အတံတို့၌ အဖုံးပြုတတ်သော ယင်ပျားတို့သည်။ ကတံ၊ ပြုအပ်သော ပျားရည်သည်။ မဓု၊–မည်၏။

ဂ။ ရသာဒိ ဥန္တု ဝိကတိ၊ ပက္ကာပက္ကာဝ ဖာဏိတံ။
သဝတ္ထုပက္ကာ သာမံဝါ၊ ဝသာ ကာလေ အမာနုသာ။
အညေသံ နပစေ ဝတ္ထုံ၊ ယာဝကာလိကဝတ္ထုနံ။ ။

ဂ။ ပက္ကာဝ၊ (အဖတ်မပါဘဲ) ချက်အပ်သည်လည်း ဖြစ်သော။ အ-ပက္ကာဝ၊–သော။ ရသာဒိ-ဥန္တု-ဝိကတိ၊ အရည် အစရှိသော ကြံ အထူးသည်။ ဖာဏိတံ၊–မည်၏။ ကာလေ၊ နံနက်ကာလ၌။ သာမံဝါ၊ ကိုယ်တိုင်လည်း။ သ–ဝတ္ထု–ပက္ကာ၊ ဝတ္ထုနှင့်တကွ (ပြု၍) ချက်အပ်သော။ အ–မာနုသာ၊ လူဆီမှ တပါးသော သားဆီသည်။ ဝသာ၊–မည်၏။ [တနည်း–ကာလေ၊–၌။ သာမံဝါ၊–ဖွင့်။(ပရေဟိဝါ၊–တို့သည်ဖွင့်။) အ-မာနုသာ၊–သော။ ဝသာ၊ အဆီသည်။ သတ္တာဟ ကာလိကာ၊ မည်၏။] အညေသံ၊ သားဆီကြည်မှ တပါးကုန်သော။ ယာဝကာလိကဝတ္ထုနံ၊ ယာဝကာလိက ဝတ္ထုရှိကုန်သော ထောပတ် စသည်တို့၏။ ဝတ္ထုံ၊ နို့, နို့ဓမ်းစသော ဝတ္ထုကို။ န ပစေ၊ မချက်ရာ။

---

ဂ။ **ရသာဒိဥန္တုဝိကတိ**·····ဂါထာဖြင့် ဖာဏိတအရရည်၍ခွင့်ပြုသော ဆီ,သားဆီဟူသ၍ ၍ သတ္တာဟ ကာလိကမည်ပုံနှင့် ထောပတ် စသည်တို့ကို ပြသည်၊ နံနက်သားဆီ အကပ်ခံပြီး နံနက်ကိုယ်တိုင် ဆီချက်၍ရသော သားဆီကား ခုနစ်ရက်ပတ်လုံး အာမိသ ကင်းသော သုံးဆောင်ခြင်းဖြင့် သုံးဆောင်ကောင်းသည်၊ သူတပါးချက်၍ရသော သားဆီကား နံနက်အကပ်ခံမှု အကပ်ခံသော နံနက်ခင်း၌ အာမိသနှင့်တကွ စားကောင်းသည်၊ နောက်နေ့များ၌ကား အာမိသ ကင်းမှ စားကောင်းသည်ဟုသိ။ ။နို့ကိုကား သားဆီကဲ့သို့ နံနက်ခင်း အကပ်ခံပြီး ချက်ကောင်းသည်မဟုတ်၊ နို့ကို အကပ်ခံပြီး ခုနစ်ရက်ထား၍ ထောပတ်ဖြစ်အောင် မချက်ကောင်းဟု ဆိုလိုသည်၊ ထို့ကြောင့် နို့ဓမ်းကို လာက်ရည်ပုပ္ပ၌ ထည့်၍ သကြားစသည်ဖြင့် ရောနှော၍ လာက်ရည်အချို ပြုလုပ်၍ မသောက်ကောင်းသည်ကို သတိပြုသင့်၏။

၉။ ဟလိဒ္ဒိ သိင်္ဂိဝေရဉ္စ၊ ဝစတ္တံ လသုဏံ ဝစာ။
ဥသီရံ ဘဒ္ဒမုတ္တဉ္စ၊ တိဝိသံ ကဋုကရောဟိဏီ။
ပဉ္စမူလာဒိကဉ္စာပိ၊ မူလံ တံ ယာဝဇီဝိကံ။ ။

၉။ ဟလိဒ္ဒိ၊နနွင်းရင်း။သိင်္ဂိဝေရဉ္စ၊ ချင်းရင်း။ ဝစတ္တံ၊ ဆိတ်မုရင်း။ လသုဏံ၊ ကြက်သွန်ရင်း။ ဝစာ၊ လင်းလေရင်း။ ဥသီရံ၊ ပန်းရင်းရင်း။ ဘဒ္ဒမုတ္တဉ္စ၊ နွားမြေရင်းရင်း။ အတိဝိသံ၊ ဗိဝုတ်ရင်း။ ကဋုကရောဟိနီ၊ ကုလားဆောင်မေခါးရင်း။ ပဉ္စမူလာဒိကံ၊ ပဉ္စမူအစရှိသော။ မူလဉ္စာပိ၊ အမြစ်ရင်း။ တံ၊ ထိုအလုံးစုံသည်။ယာဝဇီဝိကံ၊—မည်၏။

၁၀။ ဗိဠင်္ဂံ မရိစံ ဂေါဋ္ဌ၊ဖလံ ပိပ္ပလိ ရာဇိကာ။
တိဖလေရဏ္ဍကာဒိနံ၊ ဖလံ တံ ယာဝဇီဝိကံ။ ။

၁၀။ ဗိဠင်္ဂံ၊ အိပ်မွှေးသီးရင်း။ မရိစံ၊ ငရုပ်သီးရင်း။ ဂေါဋ္ဌဖလံ၊ သမင်စာသီးရင်း။ပိပ္ပလိ၊ ပိတ်ချင်းသီးရင်း။ ရာဇိကာ၊ မုန်ညင်းသီးရင်း။ တိဖလ-ဧရဏ္ဍကာဒိနံ၊ ကနုဆို့,ကြက်ဆူစသည်တို့၏။ ဖလံ၊အသီးရင်း။ တံ၊ ထိုအလုံးစုံသည်။ ယာဝဇီဝိကံ၊—မည်၏။

၁၁။ ကပ္ပါသ နိမ္ဗ ကုဋဇ၊ပဋောလ သုလသာဒိနံ။
သူပေယျပဏ္ဏံ ဝဇ္ဇေတွာ၊ပဏ္ဏံ တံ ယာဝဇီဝိကံ။ ။

၁၁။ သူပေယျ ပဏ္ဏံ၊ ဟင်းချက်ထိုက်သော အရွက်ကို။ ဝဇ္ဇေတွာ၊—၍။ ကပ္ပါသ—နိမ္ဗ—ကုဋဇ-ပဋောလ-သုလသာဒိနံ၊ ဝါ, တမာ, လက်ထုတ်,ဖြူးတား,ရှုံး အစရှိသည်တို့၏။ ယံ—ပဏ္ဏံ၊—သည်။ အတ္ထိ၊—၏။ တံ—ပဏ္ဏံ၊-သည်။ ယာဝဇီဝိကံ၊—မည်၏။

---

**၉။ ဟလိဒ္ဒိ သိင်္ဂိဝေရဉ္စ**…ဂါထာဖြင့် ယာဝဇီဝိက ဝတ္ထုတို့ကို ပြသည်။

**၁၀။ ဗိဠင်္ဂံ မရိစံ**…ဂါထာဖြင့်အသီးယာဝဇီဝိကဝတ္ထုကိုပြသည်။

**၁၁။ ကပ္ပါသ**….ဂါထာဖြင့် အရွက်ယာဝဇီဝိကဝတ္ထုကိုပြသည်။

၁၂။ ဥပေတွာ ဥဇ္ဇုနိယျာသံ၊
သရသံ ဥဇ္ဇုဇံ တစံ။
နိယျာသော စ တစော သဇ္ဇော၊
လောဏံ လောဟံ သိလာ တထာ။ ။

၁၃။ သုဒ္ဓသိပ္ပဉ္စ သေဝါလော၊ယဉ္စကိဉ္စိ သုဇ္ဈာပိတံ။
ဝိကဋာဒိပ္ပဘေဒဉ္စ၊ဉာတဗ္ဗံ ယာဝဇီဝိကံ။ ။

၁၂-၃။ ဥဇ္ဇု-နိယျာသံ၊ကြီ-အစေးကိုဂုင်း။သ-ရသံ၊အရည်ရှိသော။ ဥဇ္ဇု-ဇံ၊ကြီးနှင့်ဖြစ်သော။ တစံ၊အခွံကို။ ဥပေတွာ၊ ၍။ သဇ္ဇော၊-သော။ နိယျာသော စ၊အစေးကိုဂုင်း။ တစော၊ အခေါက်အခွံကိုဂုင်း။ လောဏံ၊ ဆားကိုဂုင်း။လောဟံ၊သံကြေးကိုဂုင်း။သိလာ၊ကျောက်ကိုဂုင်း။တထာ၊-ပါး။ ။သုဒ္ဓ-သိပ္ပဉ္စ၊သက်သက်သော ဖယောင်းကိုဂုင်း။သေဝါလော၊ မှော်ကိုဂုင်း။ သုဇ္ဈာပိတံ၊ကျွမ်းအောင်ဖုတ်အပ်သော။ ယဉ္စကိဉ္စိ၊အလုံးစုံ သော ကာလိကမျိုးကိုဂုင်း။ ဝိကဋာဒိပ္ပဘေဒဉ္စ၊ မဟာဝိကဋဆေး စသည် အပြားရှိသော။ ယဉ္စကိဉ္စိ၊ အလုံးစုံသောဝတ္ထုကိုဂုင်း။ ယာဝဇီဝိကံ၊-ဟူ၍။ဉာတဗ္ဗံ၊သိအပ်၏။

၁၄။ မူလံ သာရံ တစော ဖေဂ္ဂု၊ ပဏ္ဏံ ပုပ္ဖံ ဖလံ လတာ။
အာဟာရတ္ထမသာဓေန္တံ၊ သဗ္ဗံ တံ ယာဝဇီဝိကံ။ ။

၁၄။ အာဟာရတ္ထံ၊ အာဟာရကိစ္စကို။ အ-သာဓေန္တံ၊ မပြီးစေနိုင် သော။မူလံ၊-ဂုင်း။ သာရံ၊အနှစ်ဂုင်း။ တစော၊-ဂုင်း။ ဖေဂ္ဂု၊အကာဂုင်း။ ပဏ္ဏံ၊-ဂုင်း။ပုပ္ဖံ၊-ဂုင်း။ ဖလံ၊-ဂုင်း။ လတာ၊နွယ်ဂုင်း။ တံ သဗ္ဗံ၊-သည်။ ယာဝဇီဝိကံ၊-မည်၏။

---

**၁၂-၁၃။ ဥပေတွာ ဥဇ္ဇုနိယျာသံ**·····နှစ်ဂါထာတို့ဖြင့်အစေး, အခေါက်, အခွံ စသော ယာဝဇီဝိကကို ပြသည်။

**၁၄။ မူလံ သာရံ**····ဂါထာဖြင့် အမြစ်စသည်တို့၌ ယာဝဇီဝိက လက္ခဏာကိုပြသည်။

၁၅။ သဗ္ဗကာလိကသမ္ဘောဂေါ၊ ကာလေ သဗ္ဗဿ ကပ္ပတိ။
သတိ ပစ္စယေ ဝိကာလေ၊ ကပ္ပတေ ကာလိကတ္တယံ။ ။

၁၅။ သဗ္ဗကာလိကသမ္ဘောဂေါ၊ အလုံးစုံသော ကာလိကတို့ကို သုံးဆောင်ခြင်းသည်။ ကာလေ၊ (အကပ်ခံသည့်နေ့) နံနက်ကာလ၌။ သဗ္ဗဿ၊ အလုံးစုံသော နာ,မနာသောရဟန်းအား။ ကပ္ပတိ၊—၏။ ပစ္စယေ၊ အကြောင်းသည်။ သတိ၊ ရှိသော်။ ကာလိက-တ္တယံ၊ ကာလိကတို့၏ သုံးခုတို့၏ အပေါင်းသည်။ ဝိကာလေ၊-၌။ ကပ္ပတိ၊-၏။

၁၆။ ကာလယာမမတိက္ကန္တာ၊ ပါစိတ္တိံ ဇနယန္တိ ဘော။
ဇနယန္တိ ဥဘောပေတေ၊ အန္တောဝုတ္ထံ သန္နိဓိံ။ ။

၁၆။ ဥဘော၊ ယာဝ,ယာမကာလိကနှစ်မျိုးတို့သည်။ ကာလ ယာမံ၊ မွန်းတည့်ကာလ—ပစ္ဆိမယာမ်ကို။ အတိက္ကန္တာ၊ လွန်သည်ရှိသော်။ ပါစိတ္တိံ၊—ကို။ ဇနယန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဧတေ-ဥဘောပိ၊ ဤနှစ်ပါးသော ကာလိကတို့သည်သာလျှင်။ အန္တောဝုတ္ထံ၊ (အကပ္ပိယကုဋိတွင်း၌ သိုမှီးခြင်း)အန္တောဝုတ္ထဒုက္ကဋ်အာပတ်ကိုရင်း။ အန္တောဝုတ္ထ ဒုက္ကဋ်ကို မရသန္နိဓိ ဒုက္ကဋ်ဟူ၍လည်းဆိုသေး၏။ သန္နိဓိံစ၊ (ညဉ့်သိုမှီးခြင်း) သန္နိဓိပါစိတ် အာပတ်ကိုရင်း။ ဇနယန္တိ၊—ကုန်၏။

---

**၁၅။ သဗ္ဗကာလိကသမ္ဘောဂေါ**…ဂါထာဖြင့် ကာလိကလေးပါးတို့ကို သုံးဆောင်ရာ၌ အပ်သောကာလကိုပြသည်၊ ပစ္စယအရ ဂိလာနနှင့် ပိပါသ အကြောင်းနှစ်ပါးကိုယူ၊ ယာမကာလိကကား အကြောင်းနှစ်ပါးတို့တွင် တပါးပါးသော အကြောင်းကြောင့်လည်း စားကောင်းသည်၊ သတ္တာဟကာလိကနှင့် ယာဝဇီဝိကတို့ကား နာခြင်းအကြောင်းရှိမှသာ စားကောင်းသည်ဟုသိ။

**၁၆။ ကာလယာမမတိက္ကန္တာ**…ဂါထာဖြင့် ကာလိကနှစ်ပါး မိမိကာလကို လွန်ပြီးမှ စားသော် အာပတ်သင့်ခြင်းကိုပြသည်၊ ယာဝကာလိကကိုမိမိကာလလွန်မှစားအံ့၊ ဝိကာလဘောဇနပါစိတ်၊ ယာမကာလိကကို မိမိကာလလွန်မှ စားအံ့၊ သန္နိဓိသိက္ခာပုဒ်ဖြင့် ပါစိတ်၊ ၎င်းကာလိက နှစ်ပါး အကပ္ပိယကုဋိ၌ သိုမှီးအံ့၊ အန္တောဝုတ္ထဒုက္ကဋ်၊ နောက်နေ့စားအံ့၊ သန္နိဓိပါစိတ်အာပတ် သင့်သည်ဟူ၏။

၁၇။ သဗ္ဗာဟကာလိကေ သဗ္ဗ၊ အဟာနိ အတိနာမိတေ။
ပါစိတ္တိ ပါဠိနာရူဠ္ဌေ၊ သပ္ပိ အာဒိမှိ ဒုက္ကဋံ။ ။

၁၇။ သပ္ပိ-အာဒိမှိ၊-သော။ သဗ္ဗာဟ-ကာလိကေ၊-ကို။ သဗ္ဗအဟာနိ၊ ခုနစ်ရက်တို့ကို။ အတိနာမိတေ၊—သော်။ ပါစိတ္တိ၊-၏။ ပါဠိ-နာရူဠ္ဌေ၊ ပါဠိတော်သို့ မတင်အပ်သော။ သပ္ပိ—အာဒိမှိ၊—သော။ သဗ္ဗာဟကာလိကေ၊—ကို။ သဗ္ဗ—အဟာနိ၊—တို့ကို။ အတိနာမိတေ၊—သော်။ ဒုက္ကဋံ၊-၏။

၁၈။ နိဿဋ္ဌလဒ္ဓံ မဂ္ဂေယျ၊ နာင်္ဂ နာဇ္ဈောဟရေယျ စ။
ဝိက္ကပ္ပေန္တဿ သဗ္ဗာဟေ၊ သာမဏေရဿဒိန္နတော။
မက္ခနာဒိစ္စနာပတ္တိ၊ အညဿ ဒဒတော ပိစ။ ။

၁၈။ နိဿဋ္ဌ လဒ္ဓံ၊ စွန့်ပြီး၍ပြန်ရသော သဗ္ဗာဟကာလိကကို။(ဂဟေတွာ၊ ၍။)အင်္ဂ၊ ကိုယ်အင်္ဂါကို။ န-မဂ္ဂေယျ၊ မလိမ်းသုတ်ရာ။ နာ-ဇ္ဈောဟရေယျစ၊ မျိုလည်း မမျိုရာ။ သဗ္ဗာ-ဟေ၊ ခုနစ်ရက် အတွင်း၌။ သာမဏေရဿ၊ အား။ ဝိကပ္ပေန္တဿ၊ စွန့်အံ့ဟု သညာ စေတနာ အကြံရှိသော ရဟန်းအားရင်း။ မက္ခနာဒိံ၊ အနာလိမ်းသုတ်ခြင်းစသည်၌။အဒိန္နတော၊ ဆောက်တည်သော ရဟန်းအားရင်း။ အညဿ၊-သူအား။ ဒဒတောပိစ၊ ပေးသောရဟန်းအားရင်း။ အနာ-ပတ္တိ၊ အာပတ်မသင့်။

---

**၁၇။ သဗ္ဗာဟကာလိကေ** ····ဂါထာဖြင့် သဗ္ဗာဟကာလိက မိမိကာလကိုလွန်သော် အာပတ်သင့်သည်ကိုပြသည်၊ ပါဠိတော်လာ ထောပတ်ကား ခုနစ်ရက်လွန်သော် နိဿဂ္ဂိပါစိတ်၊မလာသော ထောပတ်ကား ခုနစ်ရက် လွန်သော် ဒုက္ကဋ်သာ သင့်သည်၊ [ဘေသဇ္ဇသိက္ခာပုဒ် အဋ္ဌကထာ]။ဒုက္ကဋ်သင့်သော သပ္ပိမျိုးကား လူစသော အသားမအပ်သော သတ္တဝါတို့၏နို့ကို ချက်သော ထောပတ်မျိုးကိုဆိုသည်၊အာဒိဖြင့် ထိုတို့၏ဆီဦး,ဒနုန်းဆီစသော ဆီနှင့်ရေအေးဖြင့်နယ်၍ပြုအပ်သော သစ်မည်စည်ပွင့်တင်လဲတို့ကိုယူ။

**၁၈။ နိဿဋ္ဌလဒ္ဓံ မဂ္ဂေယျ** ·····ဂါထာဖြင့် ခုနစ်ရက် လွန် သော သဗ္ဗာဟ ကာလိက၌ ပြုအပ်သော အစီအရင်ကိုရင်း, ခုနစ်ရက်အတွင်းပြုအပ်သော အစီအရင် ကိုရင်း ပြသည်၊ စွန့်ထိုက်,စွန့်အပ်ပြီးသော သဗ္ဗာဟကာလိကကို ပြန်ရသော်လည်း ဘယ်နည်းနှင့်မှ မသုံးရ၊ ခုနစ်ရက်အတွင်း သာမဏေအားစွန့်အံ့

၁၉။ ယာဝကာလိက အာဒိနိ၊ သံသဋ္ဌာနိ သဟတ္တနာ။
ဂါဟာပယန္တိ သတ္တာဝံ၊ တသ္မာ ဧဝမုဒိရိတံ။ ။

၁၉။ ယာဝကာလိကအာဒိနိ၊-တို့သည်။ အတ္တနာ၊ မိမိနှင့်။ သဟ၊ ကွ။ သံသဋ္ဌာနိ၊ ရောနှောအပ်ကုန်သော ကြွင်းသောကာလိကတို့ကို။ သတ္တာဝံ၊ မိမိသဘောကို။ (ယသ္မာ၊-ကြောင့်။) ဂါဟာပယန္တိ၊ ယူစေကုန်၏။ တသ္မာ၊-ကြောင့်။ ဧဝံ၊ ဤသို့ "ဝိကပ္ပေန္တဿ" စသည်ဖြင့်။ ဥဒိရိတံ၊ ဆိုအပ်၏။

၂၀။ ပုရေ ပဋိဂ္ဂဟိတဉ္စ၊ သတ္တာဟံ ယာဝဇီဝိကံ။
သေသကာလိကသမ္ဘိန္နံ၊ ပါစိတ္တိ ပရိဘုဉ္ဇတော။ ။

၂၀။ ပုရေ၊ ရှေးနေ့၌။ ပဋိဂ္ဂဟိတံ၊ အကပ်ခံအပ် ပြီးသော။ သေသကာလိက-သမ္ဘိန္နံ၊ ကြွင်းသော ယာဝ,ယာမကာလိကတို့နှင့်ရောသော။

---

ဟု စိတ်ကိုဆောက်တည်ထားသောရဟန်းအား ကိုယ်ကိုလိမ်းကျံခြင်း စားခြင်းပြုသော်လည်း အာပတ်မသင့်၊ [ဋီကာဟောင်း၌ အဓိပ္ပါယ်တမျိုး ပြသေး၏။] ထောပတ်စသည်ကို ခေါင်းလိမ်းရန် နှယ်ဆီအလို့ငှါ, ပျားရည်ကို အနာလိမ်းသုတ်ရန်အလို့ငှါ, တင်လဲကို ကျောင်းလိမ်းသုတ်ရန် အလို့ငှါ ဆောက်တည်ထားသောရဟန်းအားလည်း ချနစ်ရက်လွန်ရာ၌ အနာပတ္တိ၊ အညဿအရ ဥပသမ္ပန္န,အနုပသမ္ပန္န နှစ်မျိုးကိုပင် ယူ၊ [ဘေသဇ္ဇအဋ္ဌကထာ။]

၁၉။ **ယာဝကာလိကအာဒိနိ**……ဂါထာဖြင့်ကာလိကအမျိုးမျိုးရော ရာ၌ အသက်တိုသော ကာလိက သဘောသို့လိုက်သည်ကို ပြသည်၊ ယာဝကာလိကနှင့် ကြွင်းကာလိက သုံးပါးရောသော် ယာဝကာလိကအသက်အတိုင်း နံနက်ခင်းသာ အပ်သည်၊ ယာမကာလိကနှင့် သတ္တာဟကာလိက, ယာဝဇီဝိကတို့ ရောသော် ယာမကာလိကအသက်အတိုင်း တရက်သာအပ်သည်၊ သတ္တာဟကာလိကနှင့် ယာဝဇီဝိက ရောသော် သတ္တာဟကာလိက အသက်အတိုင်း ချနစ်ရက်သာ အပ်သည်၊ အကျယ် ဘေသဇ္ဇသိက္ခာပုဒ်၌လာပြီ။

၂၀။ **ပုရေ ပဋိဂ္ဂဟိတဉ္စ**……ဂါထာဖြင့် ကာလိကချင်း ရောစားရာ၌ အာပတ်သင့်သည်ကို ပြသည်၊ ရှေးနေ့များက အကပ်ခံထားသော ထောပတ်စသော သတ္တာဟ ကာလိကကို ယနေ့ အကပ်ခံအပ်သော ဆွမ်းစသော ယာဝကာလိကနှင့် ရောစား

သတ္တာဟာဒွ၊ သတ္တာဟကာလိကကိုရင်း။ ယာဝ ဇီဝိကဒွ၊-ကိုရင်း။ ပရိဘုဥ္ဇတော၊-ရဟန်းအား။ ပါစိတ္တိ၊ (သမ္ဘိဝ) ပါစိတ်သင့်၏။

၂၁။ ယာဝကာလိကသမ္ဘိဿံ၊ ဍတရံ ကာလိကတ္တယံ။
ပဋိဂ္ဂဟိတံ တဒဟု၊ တဒဟောဝ စ ဘုဉ္ဇယေ။ ။

၂၁၊ တ-ဒဟု ပဋိဂ္ဂဟိတံ၊ ထိုနေ့၌ အကပ်ခံအပ်သော။ ယာဝကာလိကာသမ္ဘိဿံ၊- သော။ ဍတရံ၊ ဤမှတပါးသော။ ကာလိကတ္တယံ၊-ကို။ တ-ဒဟောဝ၊ ထိုအကပ်ခံအပ်သော နေ့၌သာလျှင်။ဘုဥ္ဇယေ၊ စားရာ၏။ [နေလွဲမှစ၍ မအပ်ဟူ၏။]

၂၂။ ယာမကာလိကသမ္ဘိဿံ၊ သေသမေဝံ ဝိဇာနိယံ။
သတ္တာဟကာလိက မိဿဒွ၊ သတ္တာဟံ ကပ္ပတေ တရန္တိ။ ။

၂၂။ ယာမကာလိက သမ္ဘိဿံ၊-သော။ သေသံ၊ ကြွင်းသော သတ္တာဟကာလိက, ယာဝဇီဝိကကို။ ဧဝံ၊ ဤရှေးအတူ။ ဝိဇာနိယံ၊ သိအပ်၏။ သတ္တာဟကာလိက-မိဿံ၊-သော။ ဍတရဒွ၊ တပါးသော ယာဝဇီဝိက ကား။ သတ္တာ-ဟံ၊-လုံး။ ကပ္ပတိ၊-၏။……ဍတိ၊ ဤကား ကာလိကအပြီး တည်း။ [သတ္တာဟကို အကပ်ခံသောနေ့မှစ၍ ခုနစ်ရက်ရေတွက်အပ် ၏ ဟူလို။]

---

ရ၊ ထို့အတူ ယာမကာလိကနှင့်လည်း ရောမစားရ၊ရောစားက သမ္ဘိဝ အာပတ်သင့်သည်၊ ရှေးနေ့မျှားက အကပ်ခံ ထားသော ဆား စသော ယာဝဇီဝိကကိုလည်း ယနေ့အကပ်ခံသော ယာဝကာလိကနှင့် ရော မစားရ၊ စားက သမ္ဘိဝ အာပတ်သင့်သည်၊ ယာမကာလိကနှင့်လည်း ရောမစားရဟု သိ။

**၂၁။ ယာဝကာလိကသမ္ဘိဿံ** …… ဂါထာဖြင့် ယာဝကာလိကနှင့် ရောသော ကာလိကသုံးပါးစား ကောင်းသောကာလကို ပြသည်၊ ထိုနေ့နံနက်ခင်း အကပ်ခံ အပ်သော ယာဝကာလိကမှ တပါးသော ကာလိက သုံးပါးကား ယနေ့ နံနက်ခင်း အကပ်ခံအပ်သော ယာဝကာလိကနှင့် ရောနေမှု နံနက်ခင်းသာ စား ကောင်းသည် ဟူ၏။

**၂၂။ ယာမကာလိကသမ္ဘိဿံ** …… ဂါထာဖြင့်ယာမကာလိက,သတ္တာဟ ကာလိကနှင့်ရောသော ကာလိ

## ၉–ပဋိဂ္ဂါဟောတိ

၁။ ဒါတုကာမာဘိဟာရေစ၊ ဟတ္ထပါသေရဏာကွမံ။
တိဓာ ဒေန္တေ ဒွိဓာ ဂါဟော၊ ပဉ္စင်္ဂံ ပဋိဂ္ဂဟော။ ။

### ၉။ ပဋိဂ္ဂါဟောတိ၊ဟူသည်။

၁။ ဒါတု-ကာမာ-ဘိဟာရေစ၊ ကပ်လှူခြင်း၌ အလိုရှိသောသူ၏ ရှေးရှုဆောင်ခြင်းရင်း။ ဟတ္ထပါသေ၊ ဟတ္ထပါသ်သို့ ရောက်ခြင်းရင်း။ ဧရဏာ-ကွမံ၊အားအလတ်ရှိသော ယောကျ်ားချီမခြင်း၌ ခံ့သောဝတ္ထု ရင်း။ တိဓာ၊—ဖြင့်။ ဒေန္တေ၊ ပေးသော်။ ဒွိဓာ၊—ဖြင့်။ ဂါဟော၊ ယူခြင်း ရင်း။ ဧဝံ၊ ဤသို့။ ပဋိဂ္ဂါဟော၊ အကပ်ခံခြင်းသည်။ ပဉ္စ-င်္ဂ၊ အင်္ဂါ ငါးပါးရှိ၏။

၂။ အသံဟာရေ တဏ္ဍ ဓာတော၊ သုခုမေ စိဉ္စအာဒိနံ။
ပဏ္ဏေ ဝါသယှဘာရေစ၊ ပဋိဂ္ဂါဟော န ရုဟတိ။ ။

၂။ အ-သံဟာရေ၊ ရွှေ့ပြောင်း၍ မရစကောင်းသော ကျောက်ဖျာ စသည်၌ရင်း။ တဏ္ဍ—ဓာတကေ၊ ထိုသစ်ပင် စသည် တို့၌ ဖြစ်သော သစ်ချက်စသည်၌ရင်း။ စိဉ္စ-အာဒိနံ၊ မန်ကျည်း စသည်တို့၏။ သုခုမေ၊

---

က နှစ်ပါး တပါးပါးစားကောင်းသောကာလကိုပြသည်။…… အဓိပ္ပါယ် လွယ်၏။ [ဘေသဇ္ဇက္ခန္ဓကဋ္ဌ လာသည်။]

ကာလိကပြီးပြီ။

---

## ၉–အကပ်ခံခြင်း

၉။ ပဋိဂ္ဂါဟော၊ အကပ်ခံခြင်းနှင့် စပ်သောစကားရပ်ကိုပြသည်။

၁။ **ဒါတုကာမာဘိဟာရေစ**……ဂါထာဖြင့် အကပ်မြောက်ခြင်း
အင်္ဂါ ငါးပါးကို ပြသည်။ ။

အဓိပ္ပါယ် ဒန္တပေါဏသိက္ခာပုဒ်၌ဆိုခဲ့ပြီ။

၂။ **အသံဟာရေ**……ဂါထာဖြင့် အကပ်မမြောက်ခြင်း လေးပါးကို
ပြသည်၊ ရွှေ့ပြောင်း၍ မရစကောင်းသော
ကျောက်ဖျာ ညောင်စောင်းပျဉ်ပြား စသည်တို့အပေါ်၌ တင်ထားပြီး

သိမ်မွေ့သေးငယ်သော။ ပဏ္ဏေစ၊ အရွက်၌ရင်း။ အ-သယှာဘာရေစ (ထာမမ္ဘြမလှူ)မယူနိုင်သောဝန်၌ရင်း။ ပဋိဂ္ဂါဟော၊-သည်။ နှ-ရူဟာတိ၊ မရောက်။

၃။ သိက္ခာမရဏာလိင်္ဂေဟိ၊ အနုပေက္ခ ဝိသဂ္ဂတော။
အနွေ့ဒါနုပ်သမ္ပန္န၊ ဒါနာ ဂါဟောပသမ္ပတိ။ ။

၃။ သိက္ခာ-မရဏာ-လိင်္ဂေဟိ၊ သိက္ခာချခြင်း, သေခြင်း, လိင်ပြန်ခြင်းတို့ကြောင့်ရင်း။ အနု-ပေက္ခ-ဝိသဂ္ဂတော၊ ငဲ့ကွက်ခြင်းမရှိ စွန့်ခြင်းကြောင့်ရင်း။ အနွေ့ဒါ၊ လုယူခြင်းကြောင့်ရင်း။ အနုပသမ္ပန္န-ဒါနာ၊ လူသာမဏေအား ပေးခြင်းကြောင့်ရင်း။ ဂါဟော၊ အကပ်ခံခြင်းသည်။ ဥပသမ္ပတိ၊ ငြိမ်း၏။

၄။ အပ္ပဋိဂ္ဂဟိတံ သဗ္ဗံ၊ ပါဝိတ္တိ ပရိဘုဉ္ဇတော။
သုဒ္ဓဥ္စ နာတိဗဟာလံ၊ ကပ္ပတေ ဥဒကံ တထာ။ ။

၅။ အဂ်ိလဂ္ဂမဝိစ္ဆိန္နံ၊ ဒန္တကဋ္ဌကဏ္ဏဂူထကံ။
လောဏာသု ခေဠသိယ်ာဏိ၊ သေမှ မုတ္တ ကရီသကံ။ ။

၄-၅။ အ-ပ္ပဋိဂ္ဂဟိတံ၊ အကပ်မခံအပ်သေးသော။ သဗ္ဗံ၊ အလုံးစုံသော ကာလိကကို။ ပရိဘုဉ္ဇတော၊-အား။ ပါစိတ္တိ၊-၏။ သုဒ္ဓံ၊ စင်ကြယ်သော။ နာ တိဗဟာလံ၊ မ-နောက်လွန်းသော။ ဥဒကဥ္စ၊-သည်ရင်း။ တထာ၊-

ကပ်လျှင် အပင်၌ရှိသော သစ်ရွက်နှင့် အလားတူသောကြောင့် အကပ်မမြောက်၊ အပင်၌ရှိသော သစ်ရွက် ပေါ်တင်ပြီး ကပ်လျှင်လည်းကာယပဋိဗဒ္ဓမဖြစ်သောကြောင့် အကပ်မမြောက်၊ မန်ကျည်းရွက်စသော သေးငယ်သော အရွက်ပေါ်တင်၍ကပ်လျှင်လည်း အာဟာရကို ဆောင်ယူခြင်း မဖြစ်ကောင်းသောကြောင့် အကပ်မမြောက်၊ အားအလတ်ရှိသူ မမြှောက်နိုင်ရာ၌ မမြှောက်နိုင်သောကြောင့် အကပ်မမြောက်ဟုသိ။

**၃။ သိက္ခာမရဏာလိင်္ဂေဟိ**·····ဂါထာဖြင့် အကပ် ပျက်ကြောင်း အင်္ဂါခြောက်ပါးကို ပြသည်၊ ဒုတိယပါထာသိက္ခာပုဒ်၌ အကျယ်ပြခဲ့ပြီ။

**၄-၅။ အပ္ပဋိဂ္ဂဟိတံ**···နှစ်ဂါထာ တို့ဖြင့် အကပ်မခံဘဲ မစားကောင်း, စားကောင်း နှစ်မျိုးကို ခွဲပြသည်၊ အဓိပ္ပါယ်လွယ်၏၊ ဤစကားများ ဒုတိယပါထာသိက္ခာပုဒ်၌လာပြီ။

ပါး။ အင်္ဂ-လင်္ဂံ၊ ကိုယ်အင်္ဂါ၌ကပ်ငြိသော။ အဝိစ္ဆိန္နံ၊ ကိုယ်မှပြတ်၍ မကျသေးသော။ ဒန္တ-အက္ခိ-ကဏ္ဏ-ဂူထကံ၊ သွားချေး, မျက်ဝတ်, နဖားချေးသည်ရင်း။ လောဏ-သုဒ-ခေဠ-သိင်္ဃာဏိ၊ ကိုယ်၌တည်သော ဆား,မျက်ရည်, တံတွေး,နှပ်သည်ရင်း။ သေမှ-မုတ္တ-ကရီသကံ၊ သလိပ်, ကျင်ငယ်,ကျင်ကြီးသည်ရင်း။ (အ-ပ္ပဋိဂ္ဂဟိတံ၊-ဘဲ။) ကပ္ပတေ၊ အပ်၏။

၆။ ဂူထ မတ္တိက မုတ္တာနိ၊ ဆာရိကဉ္စ တထာ ဝိဓေ။
သာမံ ဂဟေတွာ သေဝေယျ၊ အသန္တေ ကပ္ပကာရကေ။ ။

၆။ ဂူထ-မတ္တိက-မုတ္တာနိ၊ ကျင်ကြီး, မြေ, ကျင်ငယ် တို့ကိုရင်း။ ဆာရိကဉ္စ၊ ပြာကိုရင်း။ တထာ ဝိဓေ၊ ထိုသို့ သဘောရှိသော မြွေကိုက်သော အခါ၌။ ကပ္ပ-ကာရကေ၊ ကပ္ပိယ-ကာရကသည်။ အ-သန္တေ၊ မရှိသော်။ သာမံ၊ ကိုယ်တိုင်။ ဂဟေတွာ၊-၍။ သေဝေယျ၊ မှီဝဲရာ၏။

၇။ ဒုရူပစိဏ္ဏေ ရဇောကိဏ္ဏေ၊ အထုဂ္ဂဟပဋိဂ္ဂဟေ။
အန္တောဝုတ္ထေ သယံပက္ကေ၊ အန္တောပက္ကေ စ ဒုက္ကဋံ။ ။

၇။ ဒု-ရူပစိဏ္ဏေ၊ (အသီးရှိသော နွယ်-သစ်ခက်,အာမိသရှိသော ခွက်ကိုလှုပ်ကိုင်ခြင်းစသော) မကောင်းသော သုံးသပ်ခြင်းကြောင့်ရင်း။ ရဇော-ကိဏ္ဏေ၊ မြူပြွမ်းသော သပိတ်စသည်၌ အာမိသကိုခံခြင်း ကြောင့်ရင်း။ အထ၊-ပါး။ ဥဂ္ဂဟ-ပဋိဂ္ဂဟေ၊ အကပ် ပျက်ပြီးသော ဝတ္ထုကို (စားလို၍) အကပ်ခံခြင်းကြောင့်ရင်း။ အန္တော-ဝုတ္ထေ၊ အကပ္ပိယကုဋိအတွင်း၌ ယာဝ,ယာမကာလိကတို့ကို သိုမှီးခြင်းကြောင့် ရင်း။ သယံ-ပက္ကေ၊ ကိုယ်တိုင် ချက်ခြင်းကြောင့်ရင်း။ အန္တော-ပက္ကေစ၊ အကပ္ပိယကုဋိ အတွင်း၌ ချက်ခြင်းကြောင့်ရင်း။ ဒုက္ကဋံ၊-၏။……ဆုတိ၊ ဤကား ပဋိဂ္ဂါဟအပြီးတည်း။

---

၆။ **ဂူထမတ္တိကမုတ္တာနိ**……ဂါထာဖြင့် ကာလောဒိသမဟာဝိကဋ ဆေးကြီး လေးမျိုးကို ပြသည်၊ အဓိပ္ပါယ်မခဲ၊ ဒန္တပေါဏသိက္ခာပုဒ် အဖွင့်ကထာ၌ပင် လာသည်။

၇။ **ဒုရူပစိဏ္ဏေ**……ဂါထာဖြင့် ဒုရူပစိဏ္ဏစသော ဒုက္ကဋ်ခြောက်မျိုး ကိုပြသည်၊ ဒန္တပေါဏသိက္ခာပုဒ်၌ အကျယ်ပြခဲ့ပြီ။

ပဋိဂ္ဂါဟပြီးပြီ။

H·132-10

## ၁၀–မံသေသု စ အကပ္ပိယန္တိ

၁။ မနုဿ ဟတ္ထိ အဿာနံ၊ မံသံ သုနခ ဒီပိနံ။
သီဟ ဗျဂ္ဃ တရစ္ဆာနံ၊ အစ္ဆဿ ဥရဂဿစ။ ။
၂။ ဥဒ္ဒိဿ ကတမံသဉ္စ၊ ယဉ္စ အပ္ပဋိဝေက္ခိတံ။
ထုလ္လစ္စယံ မနုဿာနံ၊ မံသေ သေသေသု ဒုက္ကဋံ။ ။

## ၁၀။ မံသေသု စ အကပ္ပိယန္တိ၊ ဟူသည်။

၁–၂။ မနုဿ ဟတ္ထိ–အဿာနံ၊–တို့၏ရင်း။ သုနခ–ဒီပိနံ၊ ခွေး, သစ်တို့၏ရင်း။ သီဟ–ဗျဂ္ဃ–တရစ္ဆာနံ၊ ခြင်္သေ့, ကျား, အောင်းတို့၏ ရင်း။ အစ္ဆဿ၊ ဝံ၏ရင်း။ ဥရဂဿစ၊ မြွေ၏ရင်း။ ယံ–မံသံ၊ အကြင် အသားသည်ရင်း။ ဥဒ္ဒိဿ၊ (သိတင်းသုံးဘော်ကို) ရည်စူး၍။ ယံ–ကတ မံသဉ္စ၊ အကြင်သတ်အပ်သောအသားသည်ရင်း။ အ–ပ္ပဋိဝေက္ခိတံ၊ မမေးအပ်သော။ ယဉ္စ–မံသံ၊–သည်ရင်း။ (အတ္ထိ၊–၏၊ တေသု၊ ထို အသားတဆဲ့နှစ်ပါးတို့တွင်။) မနုဿာနံ၊–တို့၏။ မံသေ၊–၌။ ထုလ္လစ္စယံ၊–၏။ သေသေသု၊ ကြွင်းသော အသား တဆဲ့တပါးတို့၌။ ဒုက္ကဋံ၊–၏။

---

## ၁၀–အကပ္ပိယမံသ

၁၀။ မံသေသုစအကပ္ပိယံ၊ မစားကောင်းသော အသားကြီးတို့ကို ပြသည်။

**၁ ၂။ မနုဿ ဟတ္ထိ အဿာနံ**…နှစ်ဂါထာတို့ဖြင့် မစားအပ်သော အသား ဆဲ့နှစ်မျိုးကို ပြသည်၊ လူသား,ဆင်သား,မြင်းသားတို့ကား အဓိပ္ပါယ်ထင်ရှား၏၊ ခွေးသားအရ အိမ်ခွေးကိုယူ၊ တောခွေးအသားကား အပ်သည်၊ တောခွေး အိမ်ခွေး စပ်ကျသော ခွေးသားကား စပ်နေ၍မအပ်၊ မြွေသားကား ဘယ်မြွေ မျိုးမှအပ်သည်မရှိ၊ ဥဒ္ဒိဿမံသအရ မိမိအတွက် ဖြစ်စေ, သိတင်းသုံး ဘော် ငါးယောက်အတွက် ဖြစ်စေ ရည်စူး၍သတ်သော အသားမျိုးနှင့် ငါးမျိုးကိုယူ၊ မိမိအတွက်, သိတင်းသုံးဘော်အတွက် ရည်စူးပြီးသတ် သည်ဟုထင်လျှင်,မြင်လျှင်,ကြားလျှင်မစားအပ် မစားကောင်း၊ထင်ခြင်း, မြင်ခြင်း,ကြားခြင်း ဟူသော အစွန်းသုံးပါး လွတ်ပါမှ စားကောင်းသည် ဟုသိ။ ။အပ္ပဋိဝေက္ခိတဟူသည် မည်သည့်အသားဟုသိလျှင် မေးနေ

၃။ အဋ္ဌိပိ လောဟိတံ စမ္မံ၊ လောမမေသံ န ကပ္ပတိ။
သစိတ္တကံဝ ဥဒ္ဒိဿ၊ ကတံ သေသာ အစိတ္တကာတိ။ ။

၃။ ဧသံ၊ ထိုအသားမအပ်သော သတ္တဝါ ဆယ်မျိုးတို့၏။ အဋ္ဌိပိ၊ အရိုးသည်ရင်း။ လောဟိတံ၊ သွေးသည်ရင်း။ စမ္မံ၊ သားရေသည်ရင်း။ လောမံ၊ အမွေးသည်ရင်း။ န-ကပ္ပတိ၊ မ-အပ်။ ဥဒ္ဒိဿ-ကတံဝ၊ ရည်၍ သတ်အပ်သော အသားသည်သာလျှင်၊ သ-စိတ္တကံ၊-မည်၏။ သေသာ၊ ကြွင်းသောအသား တဆဲ့တပါးတို့သည်။ အစိတ္တကာ၊-မည်ကုန်၏။····ဣတိ၊ ဤကား အကပ္ပိယမံသအပြီးတည်း။

---

ဘွယ်မရှိ၊ မသိက မေးပြီးမှသာစားရမည်၊ မမေးဘဲ အမှတ်တမဲ့စားအံ့၊ ဒုက္ကဋ်။···ထိုအသားဆဲ့နှစ်မျိုးတို့တွင် လူသားကား ထုလ္လစ္စယဝတ္ထု၊ ကြွင်းဆဲ့တစ်မျိုးကား ဒုက္ကဋ်ဝတ္ထု၊ အထူးကား- အသားကြီးဆယ်ပါးတို့တွင် လူသားကိုဇာတ်တူသားဖြစ်၍ ပယ်သည်၊ ဆင်သားနှင့် မြင်းသားနှစ်မျိုးကို မင်းအသုံးအဆောင် အင်္ဂါဖြစ်၍ပယ်သည်၊ ခွေးသားနှင့် မြွေသားနှစ်မျိုးကို ရွံစရာကောင်း၍ပယ်သည်၊ ခြင်္သေ့, သစ်,ကျား,ဝံ,အောင်း အသား ငါးမျိုးကို မိမိဘေးရန်မရှိစိမ့်သောငှါပယ်သည်။ [ဘေသဇ္ဇက္ခန္ဓက]။

**ဆောင်**····· လူ,မြွေ,မြင်း, ဆင်၊ ခွေး,ကျား,ခြင်၊သစ်,ဝံ,အောင်း ဆယ်ပါး။

ရည်ရွယ်ကာ သတ်၊ မမေးအပ်သား၊ ရောထည့်ငြား၊ အသားဆဲ့နှစ်ပါး။

မြင်,ကြား,ထင်ဟု၊ ဤသုံးချ၊ မှတ်ရှုဥဒ္ဒိဿ။

လူမှာဇာတ်ချင်း၊ ထုလ္လစ္စည်းတည်း၊ မြင်းနှင့်ဆင်မှာ၊ မင်းအင်္ဂါဖြစ်၊ သစ်,ကျားရင်း၊ ဝံ,အောင်း,ခြင်္သေ့၊ ဘေးရန်တွေ့တတ်၊ ရွံအပ်ခွေး, မြွေ၊ ဤကိုးထွေ၊ မှတ်လေ ဒုက္ကဋ်ပြ။

၃။ **အဋ္ဌိပိ လောဟိတံ စမ္မံ**··· ဂါထာဖြင့်အသားမအပ်သောသတ္တဝါ တို့၏ အရိုး 'စသည် လေးပါးလည်း မအပ်သည်ကိုပြသည်၊ ရည်ရွယ်၍သတ်အပ်သော ငါးအမဲသည်သာ သစိတ္တက၊ ရည်ရွယ်၍ သတ်သည့် အဖြစ်ကို သိသော စိတ်ရှိပြီး စားမှသာ

## ၁၁—နိဿဂ္ဂိယာနီတိ

၁။ အရူပိယံ ရူပိယေန၊ ရူပိယံ ဇာတရေနစ။
ရူပိယံ ပရိဝတ္တေယျ၊ နိဿဂ္ဂိ ဇာဝ ရူပိယံ။ ။
၂။ ကဟာပဏော သဏ္ဍူ သိင်္ဂီ၊ ဝေါဟာရူပဂမာသကံ။
ဝတ္ထုမုတ္တာဒိ ဇာတရံ၊ ကပ္ပံ ဒုက္ကဋဝတ္ထုစ။ ။

### ၁၁။ နိဿဂ္ဂိယာနီတိ၊ ဟူသည်။

၁—၂။ ရူပိယေန၊ ရူပိယနိဿဂ္ဂိယဝတ္ထုဖြင့်။ အရူပိယံ၊ အရူပိယ ဒုက္ကဋ်ဝတ္ထု,ကပ္ပိယဝတ္ထုကိုရင်း။ရူပိယံ၊ရူပိယနိဿဂ္ဂိယ ဝတ္ထုကိုရင်း။ ဇာတရေန၊ဤရူပိယ ဝတ္ထုမှ တပါးသော ကပ္ပိယဝတ္ထု,ဒုက္ကဋ်ဝတ္ထုဖြင့်။ ရူပိယံ၊—ကိုရင်း။ ပရိဝတ္တေယျ၊ လဲလှယ်အံ့။နိဿဂ္ဂိ၊-သည်။(ဟောတိ၊-၏။) ဇာဝ၊ ဤသိက္ခာပုဒ်၌။ ကဟာပဏော၊ ရွှေ-ငွေဖြင့် ပြီးသော ဒင်္ဂါး ကျပ်ပြားသည်ရင်း။ သဏ္ဍူ၊ ငွေသားရင်း။ သိင်္ဂီ၊ ရွှေသားရင်း။ဝေါဟာရူပ ဂမာသကံ၊ ရောင်းဝယ်ခြင်းသို့ရောက်သော မိုက်ဆံ ငွေစက္ကူ စသော မာသကရင်း။ ရူပိယံ၊—မည်၏။ ဝတ္ထု—မုတ္တာဒိ၊ အဝတ်, ပုလဲအစရှိ သော။ကပ္ပံ-ဒုက္ကဋ-ဝတ္ထုစ၊ ကပ္ပိယဝတ္ထု, ဒုက္ကဋ်ဝတ္ထုသည်။ ဇာတရံ၊ အရူပိယ မည်၏။

---

အာပတ်သင့်သည်၊ မသိဘဲစားက အာပတ်မသင့်၊ ကြွင်းဆဲ့တပါးကား အစိတ္တက၊လူသားစသည်ဟု သိသိ-မသိသိ စားက အာပတ်သင့်သည် ဟူ၏။

အကပ္ပိယမံသပြီးပြီ။

---

### ၁၁—နိဿဂ္ဂိယ

၁၁။ နိဿဂ္ဂိယ၊ နိဿဂ္ဂိယအကြောင်းကို ပြသည်။

**၁—၂။ အရူပိယံ ရူပိယေန**…နှစ်ဂါထာတို့ဖြင့် ရူပိယသံဝေါဟာရ သိက္ခာပုဒ်ကို ပြသည်၊နိဿဂ္ဂိယ ဝတ္ထုဖြင့်ဒုက္ကဋ်ဝတ္ထု,ကပ္ပိယဝတ္ထု,နိဿဂ္ဂိယဝတ္ထုတို့ကိုလဲအံ့၊နိဿဂ္ဂိ သုံးချက်၊ ဒုက္ကဋ်ဝတ္ထု,ကပ္ပိယဝတ္ထု တို့ဖြင့် နိဿဂ္ဂိယဝတ္ထုကိုလဲအံ့၊ နိဿဂ္ဂိနှစ်ချက်၊ပေါင်း နိဿဂ္ဂိငါးချက်ဖြစ်သည်ဟူသိ။ ။ရွှေ,ငွေ,အသပြာ,ပဲရုပ် လေးမျိုးကား နိဿဂ္ဂိယဝတ္ထု၊ ပုလဲ,ပတ္တမြား စသည်ကား

၃။ ဉာမံ ဂဟေတွာ ဘုတွာ၀ါ၊ ဉာမံ ဒေဟိ ကာရေနယာ။
ဒေမိ ၀ါတိ သမာပန္နေ၊ နိဿဂ္ဂိ ကာယဝိဉ္ဉာယော။ ။

၃။ ဉာမံ၊ ဉာ်ကပ္ပိယ ၀တ္ထုကို။ ဂဟေတွာ၊-၍။ ဉာမံ၊ ဉာ်အ၀တ် စသည်ကို။ ဒေဟိ၊ ပေးလော။ဉာမံ၊ ဉာ်အမှုကို။ ကရ၊ ပြုလော။ ဉာမံ၊ ဉာ်၀တ္ထုကို။ အာနယ၊ ဆောင်ခဲ့လော။ ဉာတိ၀ါ၊ ဉာ်သို့ရင်း။ ဉာမံ၊ဉာ်ဆွမ်း စသည်ကို။ ဘုတွာ၊ စား၍။ ဉာမံ၊ ဉာ်အ၀တ်စသည်ကို။ ဒေဟိ၊-လော။ ဉာမံ၊ ဉာ်အမှုကို။ ကရ၊-လော။ ဉာမံ၊ ဉာ်၀တ္ထုကို။ အာနယ၊--လော။ ဉာတိ၀ါ၊-သို့ရင်း။ ဉာမံ၊ ဉာ်ပုဆိုးစသည်ကို။ ဒေမိ၊ ငါပေး၏။ ဉာမံ၊ ဉာ် အ၀တ်စသည်ကို။ ဒေဟိ၊ ပေးလော။ ဉာမံ၊ ဉာ်အမှုစသည်ကို။ ကရ၊-လော။ ဉာမံ၊ ဉာ်၀တ္ထုကို။ အာနယ၊-လော။ ဉာတိ၀ါ၊--သို့ရင်း။ ကာယ-ဝိဉ္ဉာယော၊ ၀ယ်ခြင်း, ရောင်းခြင်းသို့။သမာပန္နေ၊ ရောက်သော်။ နိဿဂ္ဂိ၊-သည်။ ( ဟောတိ၊-၏။ )

၄။ အဏ္ဏနော အညတော လာဘံ၊ သံဃာဿညဿ၀ါ နတံ။
ပရိဏာမေယျ နိဿဂ္ဂိ၊ ပါစိတ္တိဗာဒ် ဒုက္ကဋံ။ ။

၄။ သံဃဿ၊-အား။ နတံ၊ ညွတ်လေပြီးသော။ လာဘံ၊လာဘ်ကို။ အဏ္ဏနော၊ သို့။ ပရိဏာမေယျ၊ညွတ်စေငြားအံ့။နိဿဂ္ဂိ၊-၏။အညတော၊ တပါးသော ပုဂ္ဂိုလ်သို့။ ပရိဏာမေယျ၊-အံ့။ ပါစိတ္တိ၊-၏။ အညဿ၊ တပါးသော သံဃာ,စေတီသို့။ပရိဏာမေယျ၊-အံ့။ဒုက္ကဋံ၊ ၏။အညဿ၊ တပါးသောပုဂ္ဂိုလ်,စေတီအား။ နတံ၊-သော။ လာဘံ၊-ကို။အဏ္ဏနော၊-သို့ရင်း။ သံဃဿ၀ါ၊-သို့ရင်း။ အညဿ၀ါ၊ တပါးသော ပုဂ္ဂိုလ်,စေတီ သို့ရင်း။ ပရိဏာမေယျ၊-အံ့။ ဒုက္ကဋံ၊-၏။

---

ဒုက္ကဋ်၀တ္ထု၊ အ၀တ်အစား စသည်ကား ကပ္ပိယ၀တ္ထုဟု ၀တ္ထုသုံးမျိုး ပြာ ၏၊ ရာဇသိက္ခာပုဒ်, ရူပိယပဋိဂ္ဂဟဏ သိက္ခာပုဒ်များ၌ အကျယ် ဆိုခဲ့ပြီ။

**၃။ ဉာမံဂဟေတွာ**······ဂါထာဖြင့် ကယ ဝိက္ကယ သိက္ခာပုဒ်ကိုပြ သည်၊ အကျယ် ရင်းသိက္ခာပုဒ်မှာရှု။

**၄။ အဏ္ဏနော အညတော လာဘံ** ··· ဂါထာဖြင့် ညွတ်သည့် အစွမ်းဖြင့် အာပတ် အ ပြားကို ပြသည်၊ပရိဏတသိက္ခာပုဒ်၌ အကျယ်ဆိုခဲ့ပြီ။

၅။ အနိဿဋ္ဌိတ္တာ နိဿဂ္ဂိ၊ ပရိဘုဉ္ဇေ န ဒေယျဝါ။
နိဿဋ္ဌံ သကသညာယ၊ ဒုက္ကဋံ အညထေတရန္တိ။ ။

၅။ နိဿဂ္ဂိ၊ နိဿဂ္ဂိ ပစ္စည်းကို။ အ-နိဿဋ္ဌိတ္တာ၊ မစွန့်မူ၍။ ပရိဘုဉ္ဇေ၊-အံ့။ ဒုက္ကဋံ၊—၏။ နိဿဋ္ဌံဝါ၊ စွန့်အပ်ပြီးသောပစ္စည်းကိုလည်း။ သက—သညာယ၊ မိမိဥစ္စာဟူသော အမှတ်ဖြင့်။ န ဒဒေ၊ ပြန်မပေးအံ့။ ဒုက္ကဋံ၊—၏။ အညထာ၊ သကသညာမှ တပါး ခိုးလိုသော စိတ်ထားဖြင့်။ န ဒဒေ၊—အံ့။ ဣတရံ၊ ဝတ္ထုအလျောက် ပါရာဇိက, ထုလ္လစ္စည်း, ဒုက္ကဋ် သင့်၏။……ဣတိ၊ ဤကား နိဿဂ္ဂိယအပြီးတည်း။

---

## ၁၂–ပါစိတ္တိတိ

၁။ မုသာဝါဒေါမသဝါဒေါ၊ ပေသုညဟာရဏော တထာ။
ပဒသောဓမ္မသာဂါရာ၊ ဥဇ္ဈာပနကခိယျနေ။ ။

## ၁၂။ ပါစိတ္တိတိ၊ဟူသည်။

၁။ မုသာ ဝါဒေါဂသဝါဒေါ၊ မုသား—ဆိုခြင်း, ( ရဟန်းတို့အား ) ဆဲရေး တိုင်းထွာခြင်းကြောင့်ရင်း။ ပေသုည—ဟာရဏော၊ ကုံးတိုက် သောစကားကို ဆောင်ခြင်းကြောင့်ရင်း။ တထာ၊—ပါ။ ပဒသော ဓမ္မ-သာဂါရာ၊ဓမ္မကို ပုဒ်ပြိုင်မှိုချခြင်း,(လူသာမဏေ မိန်းမတို့နှင့်)တမိုးတရံ

၅။ **အနိဿဋ္ဌိတ္တာ**……ဂါထာဖြင့် နိဿဂ္ဂိယပစ္စည်းကို သုံးဆောင် ခြင်း စသည်၌ အာပတ်အမျိုးမျိုး သင့်ပုံကို ပြသည်၊ အဓိပ္ပါယ်လွယ်၏။

နိဿဂ္ဂိယပြီးပြီ။

---

## ၁၂–ပါစိတ်

၁၂။ ပါစိတ္တိ၊ ပါစိတ်အာပတ်သင့်ပုံကို ပြသည်။

၁။ **မုသာဝါဒေါ**……ဂါထာဖြင့် မုသာဝါဒ သိက္ခာပုဒ်, ပေသုည, ပဒသော ဓမ္မ,သဟသေယျ ၂—ခု, ဥဇ္ဈာပန သိက္ခာပုဒ်တို့ကိုပြသည်၊ အဓိပ္ပါယ် ရင်းသိက္ခာပုဒ်များအတိုင်းသိ။

တည်းသော ကျောင်း၌တကွ အိပ်ခြင်းကြောင့်၎င်း။ ဥဇ္ဈာပနက ခိယျနေ၊ (သမ္မုတိရသော ရဟန်းကို)ကဲ့ရဲ့ရှုတ်ချခြင်းကြောင့်၎င်း။( ပါစိတ္တိ-ကို။ ဝုတ္တာ၊–၈၂။ )

၂။ တလသတ္တိ အနာဒရ၊ ကုက္ကုစ္စုပ္ပါဒနေသုစ။
ဂါမပ္ပဝေသနာပုစ္ဆာ၊ ဘောဇနေ စ ပရမ္ပရာ။ ။

၂။ တလသတ္တိ-အနာဒရ-ကုက္ကုစ္စုပ္ပါဒနေသုစ၊ (ရဟန်းကို)လက်ဝါးပြက် လက်နက်ဖြင့်ရိုးခြင်း,( ပုဂ္ဂလ-ဓမ္မကို )မရိုသေခြင်း,ကုက္ကုစ္စကို ဖြစ်စေခြင်းတို့ကြောင့်၎င်း။ ဂါမပ္ပဝေသနာပုစ္ဆာ၊ (မွန်းလွဲသောအခါ) မပန်ကြားဘဲ ရွာထည်းသို့ဝင်ခြင်းကြောင့်၎င်း။ ဘောဇနေစ ပရံပရာ၊ ပရံပရဘောဇဉ်ကိုစားခြင်းကြောင့်၎င်း။ ( ပါစိတ္တိ-ကို။ ဝုတ္တာ၊–၈၂။ )

၃။ အနုဋ္ဌရိတွာ ဂမနေ၊ သေယျံ သေနာသနာနိ ဝါ။
ဈုတ္တိယာဒ္ဓါနဂမနေ၊ ဧကေကာယ နိသီဒနေ။ ။

၃။ သေယျံ၊အခင်းဆယ်ပါးကို၎င်း။ သေနာသနာနိဝါ၊ အိပ်ရာနေရာတို့ကို၎င်း။ အနုဋ္ဌရိတွာ၊ (ခင်းပြီး)မသိမ်းဘဲ။ ဂမနေ၊သွားခြင်းကြောင့်၎င်း။ ဈုတ္တိယာ၊–နှင့်။ အဒ္ဓါန–ဂမနေ၊အဝေးရှည်သောခရီးသို့ သွားခြင်းကြောင့်၎င်း။ ဧကေ-ကာယ၊ ( မိန်းမနှင့် )တယောက်ချင်းချင်း။ နိသီဒနေ၊ ထိုင်နေခြင်းကြောင့်၎င်း။(ပါစိတ္တိ–ကို။ ဝုတ္တာ၊-၈၂။)

---

**၂။ တလသတ္တိအနာဒရ**····· ဂါထာဖြင့် တလသတ္တိက သိက္ခာပုဒ်, အနာဒရိယ သိက္ခာပုဒ်, ကုက္ကုစ္စုပ္ပါဒ သိက္ခာပုဒ်, ဝိကာလဂါမပ္ပဝိသန သိက္ခာပုဒ်, ပရံပရဘောဇန သိက္ခာပုဒ်တို့ကိုပြသည်၊ ၎င်းသိက္ခာပုဒ်များလာသောအတိုင်း အဓိပ္ပါယ်သိ။

**၃။ အနုဋ္ဌရိတွာ ဂမနေ**····· ဂါထာဖြင့် ဒုတိယသေနာသန, ပထမသေနာသန, အဒ္ဓါန, ဒုတိယရဟောနိသဇ္ဇ သိက္ခာပုဒ်တို့ကိုပြသည်၊ ၎င်းသိက္ခာပုဒ်များအတိုင်းအဓိပ္ပါယ်သိ။

၄။ ဘိံသာပနာ ကောဋနံ အညဝါဒေ၊
ဝိဟေသ ဒုဋ္ဌုလ္လပကာသဆာဒေ။
ဟာသောဒကေ နိစ္ဆုဘနေ ဝိဟာရာ၊
ပါစိတ္တိ ဝုဋ္ဌာနုပခဇ္ဇသာယေတိ။ ။

၄။ ဘိံသာပနာ-ကောဋနံ-အည ဝါဒေ၊ (ရဟန်းကို) ချောက်ခြင်း, ရိုက်နှက်ခြင်း,မေးသည့်မှတပါးကို ဆိုခြင်းကြောင့်ရင်း။ဝိဟေသ-ဒုဋ္ဌုလ္လပကာသ-ဆာဒေ၊ (ဆိတ်ဆိတ်နေ၍သံဃာကို) ညှဉ်းဆဲခြင်း, သံဃာဒိသေသ်အာပတ်ကို (လူသာမဏေအား) ပြောကြားခြင်း,ဖုံးလွှမ်းခြင်းကြောင့်ရင်း။ ဟာသောဒကေ၊ ချိုင်းထိုးကစားခြင်း, ရေ၌မြူးတူးခြင်းကြောင့်ရင်း။ ဝိဟာရာ၊ သံဃိကကျောင်းမှ။နိစ္ဆုဘနေ၊ (ရဟန်းကို) နှင်ထုတ်ခြင်းကြောင့်ရင်း။အနုပခဇ္ဇ-သာယေ၊ (ရောက်နှင့်သော ရဟန်းကို) တိုးဝှေ၍အိပ်ခြင်းကြောင့်ရင်း။ ပါစိတ္တိ-ကို။ ဝုဋ္ဌာ၊–၏။…ဇာတိ၊ ဤကား ပါစိတ်အပြီးတည်း။

## ၁၃-သမဏကပ္ပါတိ

၁။ ဘူတဂါမသမာရမ္ဘေ၊ပါစိတ္တိ ကတကပ္ပိယံ။
နခေန ဝါဂ္ဂိသတ္ထေဟိ၊ ဘဇေ သမဏကပ္ပိယံ။ ။

## ၁၃။ သမဏ ကပ္ပါတိ၊ ဟူသည်။

၁။ ဘူတဂါမ–သမာရမ္ဘေ၊ (ကြီးပွါးဆဲ, ကြီးပွါးပြီးဖြစ်သော) မြက်သစ်ပင်အပေါင်းကို ဖျက်ဆီးခြင်းကြောင့်။ပါစိတ္တိ–သည်။ (ဟော

၄။ **ဘိံသာပနာ**……ဂါထာဖြင့် ဘိံသာပန သိက္ခာပုဒ်, ပဟာရ, အညဝါဒကဝိဟေသက, ဒုဋ္ဌုလ္လာရောစန, ဒုဋ္ဌုလ္လ, အဂ်လိပတောဒက, ဟာသဓမ္မ, နိက္ကဍ္ဎန, အနုပခဇ္ဇ သိက္ခာပုဒ် တို့ကို ပြသည်၊ရင်းသိက္ခာပုဒ်များအတိုင်းအဓိပ္ပါယ်သိလေ။
ပါစိတ်ပြီးပြီ။

## ၁၃–သမဏကပ္ပ

၁၃။ သမဏကပ္ပ၊ ရဟန်တို့အား အပ်သော ကပ္ပိခြင်းစသည်ကို ပြသည်။

တိ၊—၏။ )နခေနဝါ၊လက်သည်းဖြင့်၎င်း။အဂ္ဂိ-သတ္ထေဟိဝါ၊မီး,ဓားတို့ဖြင့် ၎င်း။ကတကပ္ပိယံ၊ ပြုအပ်သော ကပ္ပိခြင်းရှိသော ဗီဇဂါမ်, ဘူတဂါမ်သည်။သမဏာ ကပ္ပိယံ၊ ရဟန်းတို့၏ ကပ္ပိခြင်းမည်သည်။ ဘဝေ၊—၏။

၂။ သ မူလခန္ဓ ဗီဇဂ္ဂ၊ ဖဠုဗီဇပ္ပဘာဝိတော။
အာရမ္ဘေ ဒုက္ကဋံ ဗီဇံ၊ဘူတဂါမ ဝိယောဇိတံ။ ။

၂။ သ သော၊ထိုဘူတဂါမ်ကို။ မူလ-ခန္ဓ-ဗီဇ-ဂ္ဂ-ဖဠု-ဗီဇပ္ပဘာဝိတော၊အမြစ်,ပင်စည်, အစေ့, အညွန့်,အဆစ် မျိုးစေ့တို့သည် ဖြစ်စေအပ်၏။ ဝါ၊—တို့မှ ဖြစ်၏။ဝါ၊-တို့ကြောင့်ဖြစ်၏။ဘူတဂါမ-ဝိယောဇိတံ၊ ဘူတဂါမ်အဖြစ်မှကင်းသော။ ဗီဇံ၊ မျိုးစေ့ငါးပါးကို။အာရမ္ဘေ၊ ဖျက်ဆီးခြင်းကြောင့်။ဒုက္ကဋံ၊—၏။

၃။ နိဗ္ဗဋ္ဋဗီဇံ နောဗီဇ၊ မကတဉ္စာပိ ကပ္ပတိ။
ကဋာဟဗဒ္ဓဗီဇာနိ၊ဗဟိဒ္ဓါဝါပိ ကာရယေ။ ။

၃။ နိဗ္ဗဋ္ဋ ဗီဇံ၊ ထုတ်အပ်သော အစေ့ရှိသော အသီးသည်၎င်း။ နော ဗီဇံ၊အစေ့နုသောအသီးသည်၎င်း။အကတဉ္စာပိ၊ မကပ္ပိဘဲလည်း။ ကပ္ပတိ၊—၏။ကဋာဟ ဗဒ္ဓဗီဇာနိ၊အခွံနှင့်စပ်သော အစေ့ရှိသော သီးသီးစသည်တို့ကို။ ဗဟိဒ္ဓါဝါပိ၊ အပြင်ဘက်အခွံ၌လည်း။ ကာရယေ၊ (ကပ္ပိမှုကို)ပြုကောင်း၏။

---

၁။ **ဘူတဂါမသမာရမ္ဘော**……ဂါထာဖြင့် ဘူတဂါမသိက္ခာပုဒ်ကို ပြသည်၊ အကျယ် ထိုသိက္ခာပုဒ်၌ ဆိုခဲ့ပြီ။

၂။ **သ မူလခန္ဓ ဗီဇဂ္ဂ**……ဂါထာဖြင့် ဘူတဂါမ်ကို ခွဲဝေပြသည်၊ အဓိပ္ပါယ်ထင်ရှားပြီ။

၃။ **နိဗ္ဗဋ္ဋဗီဇံ**……ဂါထာဖြင့် ကပ္ပိခြင်းငါးမျိုးတို့တွင် ကြွင်းနှစ်မျိုးသော ကပ္ပိခြင်းကိုပြသည်၊လက်သည်း,မီး,ဓါး, သုံးပါးတို့ဖြင့် ကပ္ပိခြင်းကို ပထမဂါထာဖြင့် ပြခဲ့ပြီ၊ဤဂါထာဖြင့် အစေ့ကို ထုတ်စားခြင်းနှင့် အစေ့နုခြင်းဟူသော ကပ္ပိခြင်းနှစ်မျိုးကိုပြသည် ဟူ၏၊ ဤနှစ်ပါးကား ပင်ကိုကပင် အပ်ခြင်းဖြစ်နေရကား ကပ္ပိယံ

၄။ ကောဗဒ္ဓေသု ဗိဇေသု၊ ဘာဇနေဝါပိ ဘူမိယံ။
ကတေ စ ကပ္ပိယေကသ္မိံ၊ သဗ္ဗေသွေဝ ကတံ ဘဝေ။ ။

၄။ ဘာဇနေဝါပိ၊ အိုး၌ခွက်၌ ၎င်း။ဘူမိယံ၊—၌၎င်း။ ကောဗဒ္ဓေသု၊ တစပ်ထည်းစပ်ကုန ်သော။ ဗိဇေသု၊ ဗိဇဂါမ်တို့တွင်။ဧကသ္မိံ စ၊ တခုသော မျိုးစေ့ကို၎င်း။ကပ္ပိယေ၊ ကပ္ပိခြင်းကို။ ကတေ၊-သော်။ သဗ္ဗေသွေဝ၊—တို့၌သာလျှင်။ကတံ၊ပြုအပ်သည်မည်သည်။ဘဝေ၊—၏။

၅။ နိက္ခိတ္တေ ကပ္ပိယံ ကတွာ၊မူလပဏ္ဏာနိ ဇာယရုံ။
ကပ္ပိယံ ပုန ကာရေယျ၊ဘူတဂါမော ဟိ သော တဒါ။ ။

၅။ ကပ္ပိယံ၊ကပ္ပိခြင်းကို။ ကတွာ၊-၍။ နိက္ခိတ္တေ၊ ထားအပ်သော ချင်းစသည်၌။မူလ-ပဏ္ဏာနိ၊-တို့သည်။ ဇာယရုံ၊ ဖြစ်ကုန်အံ့။ ကပ္ပိယံ၊-ခြင်းကို။ပုန၊တဖန်။ကာရေယျ၊-၏။ကသ္မာ၊-နည်း။ဟိ ယသ္မာ၊-ကြောင့်။

---

ကရော်ဟိ,ကပ္ပိယံဘန္တေဟုဆိုနေဘွယ်မရှိ၊ နိဗ္ဗတ္တဗိဇအရ သရက် သီးမှည့် ပိန္နဲသီးမှည့်စသည်ကိုယူ၊နောဗိဇအရ သရက်သီးစိမ်းစသည် ကိုယူ။

**၄။ ကောဗဒ္ဓေသု** ·····ဂါထာဖြင့် တခုကပ္ပိလျှင် အများကပ္ပိရာ ရောက်သည်ကိုပြသည်၊ အိုး၌ဖြစ်စေ,ခွက်၌ ဖြစ်စေ,မြေကြီးပေါ်မှာဖြစ်စေ,ထည့်ထားသော ရပုံထားသော တောင် မှုလောက်ကြီးသော မျိုးစေ့ပုံကိုသော်လည်း မျိုးစေ့တခုကို ကပ္ပိလျှင် မျိုးစေ့အားလုံး ကပ္ပိရာရောက်သည်၊ သစ်ပင်ကိုဖြတ်၍ တစပ်ထည်း ပုံထားရာ၌၎င်း,ကြိုးချောင်းတွေရစ်ပြီး ရစည်းထားရာ၌၎င်း နည်းတူ တခုကပ္ပိလျှင် အများကပ္ပိရာရောက်သည်ကိုလည်း အဋ္ဌကထာကြီး၌ ပြသေး၏။ ။အထူး-ဗိဇေသုကို ဗီဇဂါမ်ကိုသာ မခွဲဘဲ ဘူတဂါမ် ကိုပါထည့်၍“ဗိဇေသူတိ ဗိဇဂါမ ဘူတဂါမေသု၊ ဘူတဂါမောပိ ဟိ ဗူဇပဗိဇ နဂ္ဂ ရုက္ခဝသေန ဝုတ္တတိ” ဋီကာသစ်ခွဲ၏ ဘူတဂါမ်ကို ကပ္ပိခြင်း ငါးပါးဖြင့် မကပ္ပိရသောကြောင့် အဘူထား၍ဆိုခြင်းကို မသင့်ဟု ဆိုကြ၏။

**၅။ နိက္ခိတ္တေ ကပ္ပိယံ ကတွာ** ···· ဂါထာဖြင့် ကပ္ပိပြီးသားဖြစ်သော် လည်း တဖန် ကပ္ပိရခြင်းကို ပြသည်၊ ·····ကပ္ပိထားအပ်ပြီးသော ချင်းစသည်၌ အမြစ်အရွက်

သော၊ ထိုကပ္ပိထားသော ချင်းစသောဗီဇဂါမ်သည်။ တဒါ၊ ထိုအမြစ်, အရွက် အစုံထွက်သော အခါ၌။ ဘူတဂါမော၊ ဘူတဂါမ်ဖြစ်ပြန်၏။ တသ္မာ၊—တည်း။

၆။ သပဏ္ဏော၀ါ အပဏ္ဏော၀ါ၊ သေ၀ါလောဒကသမ္ဘ၀ေါ။
စေတိယာဒီသု သေ၀ါလော၊ နိက္ခန္တဲ့ဒွတ္တိပတ္တကော။
ဘူဘဂါမော၀ ဗီဇမ္ပိ၊ မူလပဏ္ဏေ ဝိနိဂ္ဂတော။ ။

၆။ သ-ပဏ္ဏော၀ါ၊အရွက်ရှိသည်လည်းဖြစ်သော။ အ ပဏ္ဏော၀ါ၊ အရွက်မရှိသည်သည်းဖြစ်သော။ ဥဒက သမ္ဘ၀ေါ၊ ရေ၌ဖြစ်သော။ သေ၀ါလေ၊မှော်သည်ရင်း။ နိက္ခန္တ-ဒွတ္တိ-ပတ္တကော၊ နှစ်ရွက် သုံးရွက် ထွက်သော။ စေတိယာဒီသု၊-တို့၌။ သေ၀ါလော၊-သည့်ရင်း။ ဘူတဂါမော၀၊-တည်း။ မူလ-ပဏ္ဏေ၊အမြစ်,အရွက်သည်။ဝိနိဂ္ဂတော၊ထွက်သည်ရှိသော်။ ဗီဇမ္ပိ၊—သည်လည်း။ ဘူတဂါမော၀၊-သာတည်း။

---

နှစ်ပါးစုံထွက်လာပြားအံ့၊ ဘူတဂါမ်ဖြစ်၍ တဘန် ကပ္ပိရဦးမည်ဟူ၏၊ အကယ်၍ အမြစ်မျှသာထွက်အံ့၊ အထက်ပိုင်း ဖြတ်စားကောင်းသည်၊ အကယ်၍ အညွန့်မျှသာထွက်အံ့၊ အောက်ပိုင်း ဖြတ်စားကောင်းသည်၊ ဗီဇဂါမ်ဟူ၍ပင် ခေါ်ရသေးသည်ဟုသိ။

၆။ **သပဏ္ဏော၀ါ** ...ဂါထာဖြင့် ဘူတဂါမ်ကို ပြသည်၊ အရွက် ရှိရှိ မရှိရှိ ရေ၌ဖြစ်သော မှော်အားလုံးနှင့် နှစ်ရွက်သုံးရွက်ထွက်သော စေတီ တံတိုင်း စသည်တို့၌ ပေါက်သော မှော်တို့ကား ဘူတဂါမ်ဖြစ်သည်၊ အဋ္ဌကထာကြီး၌ ရေညှိကို မှော်မျိုး အတူထား၍ ဆိုသည်၊ ထိုရေညှိသည် အထက်ပြင်ကား ကြမ်းသည်၊ အဆင်းလည်းကြမ်းသည်၊အောက်အပြင်ကား နူးညံ့သည်၊ အဆင်းကား စိမ်းညိုသော အဆင်းရှိသည်ဟုဆို၏၊ မြေသို့သက်၍ အမြစ်တွယ်သော မှော်ဖြစ်အံ့၊ ရေမှအမြစ်မလွတ်သေးသော်လည်း မြေမှ လွတ်အောင် ပြုလျှင်,ဖျက်ဆီးလျှင်ပါစိတ်၊မြေ၌အမြစ်မတွယ် ရေပြင်၌သာ သွားလာ ရွေ့ရှားနေသော မှော်ဖြစ်အံ့၊ ရေပြင်မှ ဆယ်ယူ၍ ကုန်းပေါ်သို့ တင် လျှင်, ဖျက်ဆီးလျှင် ပါစိတ်၊ ရေပြင်တချလုံးသည် ရွေ့ရှားသွားလာနေ သော မှော်၏တည်ရာဖြစ်ရကား ထိုသို့ဤ၌ ရွေ့စေချာ၌ အာပတ်မသင့်၊ နှစ်ရွက်သုံးရွက်ထွက်သော် မှော်သာ ဘူတဂါမ်ဖြစ်သည်၊ အညွန့်မျ

၇။ ဃဋ္ဋာဒိပိဋ္ဌေ သေဝါလ လာ၊ မကုဋ္ဌံ အဟိဆတ္တကံ။
ဒုက္ကဋဿေဝ ဝဏ္ဏူနိ၊ ဖုလ္လမဗျဝဟာရိကံ။ ။

၇။ ဃဋ္ဋာဒိ-ပိဋ္ဌေ၊ရေအိုးစသည်တို့၏အပြင်ဘက်၌။သေဝါလော၊-သည့်ရင်း။ အဟိဆတ္တကံ မကုဋ္ဌံ၊ မှိုငုံသည်ရင်း။ ဒုက္ကဋဿေဝ၊-၏သာလျှင်။ ဝဏ္ဏူနိ၊-တို့တည်း။ ဖုလ္လံ၊ပွင့်ပြီးသောမှိုသည်။ အဗျဝဟာရိကံ၊ ဒုက္ကဋ်အာပတ်သင့်၏ဟု မဆိုလောက်။

၈။ လာခါနိယျာသဆတ္တာနိ၊အလ္လရုက္ခေ ဝိကောပိယ။
ဂဏှတော တဿ ပါစိတ္တိ၊ဆိန္ဒတောဝါပိ အက္ခရံ။ ။

၈။ အလ္လ-ရုက္ခေ၊ စိမ်းရှင်သောသစ်ပင်၌။ လာခါ-နိယျာသ-ဆတ္တာနိ၊ ချိပ်, အစေး,မှိုတို့ကို။ ဝိကောပိယ၊ဖျက်ဆီး၍။ ဂဏှတော၊ယူသောရဟန်းအားရင်း။တဿ၊ ထိုသစ်ပင်၌။ အက္ခရံ၊ ကို။ ဆိန္ဒတောဝါပိ၊ ရေးထုသော ရဟန်းအားရင်း။ပါစိတ္တိ၊—၏။

---

လောက် ထွက်ရုံနှင့် ဘူတဂါမ် မဖြစ်သေး, ဗီဇဂါမ်ဟုသာသိ၊ အမြစ် အရွက် အစုံထွက်သော ဗီဇဂါမ်မျိုးလည်း ဘူတဂါမ်သာ၊ အညွန့်မျှ ထွက်ရုံဖြင့် ဘူတဂါမ်မဖြစ်သေးဟုသိ၊ ဤ၌ ဗီဇောပိဟု ဩကာရှိသော် လည်း ဗီဇသဒ္ဒါ-နပုံလိင်ဖြစ်၍ ဗီဇံပိရှိမှသာကောင်းမည်၊ [အဓိပ္ပါယ် အကျယ် အဋ္ဌကထာကြီးမှာယူ။]

**၇။ ဃဋ္ဋာဒိပိဋ္ဌေ သေဝါလော**····· ဂါထာဖြင့် ဒုက္ကဋ်နှင့် အဗျောဟာရိက မှော်, ရေညှိ,မှိုတို့ကိုပြသည်၊ရေအိုး စည်ပိုင်းစသည်တို့၏ အပြင်ဘက်၌ရှိသော မှော်,ရေညှိတို့ကို ပွတ်တိုက်ကဒုက္ကဋ်၊အတွင်း၌ရှိသောရေညှိကား အဗျောဟာရိက,အာပတ်မသင့်၊မှိုငုံသည် ဒုက္ကဋ်ဝတ္ထု၊အပွင့်ကား အဗျောဟာရိကဟူ၏၊ စာအုပ်,ဒန်ပူ,မှုံစသည်တို့၌ မှိုသည် အဗျောဟာရိကဖြစ်သည်၊ ပွတ်တိုက်ကောင်းသည်ဟုသိ။

**၈။ လာခါ နိယျာသ ဆတ္တာနိ**·····ဂါထာဖြင့် ပါစိတ်အာပတ်သင့်ပုံ တမျိုးကို ပြသည်၊ အဓိပ္ပါယ်လွယ်ပြီ၊ စိမ်းစိုသောသစ်ပင်မှ အပွေးကိုမခွါယူကောင်း၊ သစ်ရွက်ရော်ကို သစ်ပင်မှမလှုပ်ချကောင်းဟုသိ။

၉။ ပိဋ္ဌေတုံ နာဠိကေရာဒိံ၊ ဒါရုမက္ကဋကာဒိနာ။
ဆိန္ဒိတုံ ဂဏ္ဌိကံ ကာတုံ၊ တိဏာဒိံ နစ ကပ္ပတိ။ ။

၉။ နာဠိကေရာဒိံ၊ အုန်းပင်အစရှိသည်ကို။ ဒါရုမက္ကဋကာဒိနာ၊ မျောက် သစ်လက်အစရှိသည်ဖြင့်။ ပိဋ္ဌေတုံ၊ ညှပ်ခြင်းငှါရင်း။ တိဏာဒိံ၊ မြက်အစရှိသည်ကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှါရင်း။ ဂဏ္ဌိကံ၊ အထုံးကို။ ကာတုံ၊–ငှါရင်း။ နစ ကပ္ပတိ၊ မအပ်သည်သာတည်း။

၁၀။ ဘူတဂါမံဝ ဗီဇံဝါ၊ ဆိန္န ဘိန္နောစိနာဟိဝါ။
ဖာလေဟိ ဝိဒ္ဓ ပစဝါ၊ နိယမေတွာ န ဘာသယေ။ ။

၁၀။ ဘူတဂါမံဝါ၊–ကိုရင်း။ ဗီဇဂါမံဝါ၊ ကိုရင်း။ ဆိန္န၊ ချတ်ဖြတ် လော။ ဘိန္န၊ ဖျက်ဆီးလော။ ဩစိနာဟိ၊ ဆွတ်ခူးလော။ ဣတိဝါ၊–သို့ရင်း။ ဖာလေဟိ၊ ခွဲလော့။ ဝိဒ္ဓ၊ ထိုးဖောက်လော။ ပစ၊ ချက်ပြုတ်လော။ ဣတိဝါ၊–သို့ရင်း။ နိယမေတွာ၊–၍။ န ဘာသယေ၊ မဆိုရာ။

၁၁။ ဣမံကရောဟိ ကပ္ပိယံ၊ ဣမံ ဂဏှေဒမာဟရ။
ဣမံ ဒေဟိ ဣမံ သောဓေဟေဝံ ဝဋ္ဋတိ ဘာသိတုံ။ ။

၁၁။ ဣမံ၊ ဤသစ်ပင်စသည်ကို။ ကပ္ပိယံ၊–ကို။ ကရောဟိ၊–လော။ ဣမံ၊–ကို။ ဂဏှ၊ ယူခဲ့လော။ ဣဒံ၊–ကို။ အာဟရ၊ ဆောင်ခဲ့လော။ ဣမံ၊–ကို။

---

၉။ **ပိဋ္ဌေတုံ နာဠိကေရာဒိံ**……ဂါထာဖြင့် မပြုကောင်းသည်ကို ပြသည်၊ အုန်းပင် စသည့်တို့ကိုသူခိုးများမတက်နိုင်စေခြင်းငှါ မျောက်သစ်လက်ဖြင့် မရိုက်နှက်ကောင်း၊ ဆူးမဖွဲ့ထားကောင်း၊ မျောက်သစ်လက်စသည်ဖြင့် တင်းတင်း ကျပ်ကျပ် မညှပ်ကောင်း၊ ကပ်ငြိရုံမျှ ညှပ်သော်ကားအပ်၏။

၁၀။ **ဘူတဂါမံဝ**……ဂါထာဖြင့် အကပ္ပိယ ဝေါဟာရဖြင့် မခိုင်းကောင်းသည်ကို ပြသည်၊ ဤသစ်ပင်ကို ဤမျိုးစေ့ကို ရိုက်လိုက်, ဖျက်ဆီးလိုက်, ခူးလိုက်, ခွဲလိုက်, ထိုးလိုက်, ဖောက်လိုက်, ချက်ပြုတ်လိုက်ဟုမှတ်၍ မခိုင်းကောင်း၊ ဤသစ်ပင်မျိုးစေ့ဟု မမှတ်ဘဲ သစ်ပင်ဖြတ်လိုက်, မျိုးစေ့ဖျက်ဆီးလိုက်ဟုခိုင်းမှုအပ်သည်၊ သရက်ပင်ဖြတ်လိုက်ဟု အမည်ကိုဖော်၍လည်း ခိုင်းကောင်းသည်။

၁၁။ **ဣမံ ကရောဟိ ကပ္ပိယံ**……ဂါထာဖြင့် ကပ္ပိယဝေါဟာရဖြင့် ခိုင်းခြင်းကို ပြသည်။ ……အဓိပ္ပါယ်

ဒေဟိ၊ပေးလော။ဍာမံ၊-ကို။သောဓေဟိ၊သုတ်သင်လော။ဇ္ဇဝံ၊-သို့။ဘာသိတုံ၊–ဌါ။ဝဋ္ဋတိ၊အပ်၏။……ဍာတိ၊ ဤကား သမဏကပ္ပအပြီးတည်း။

---

## ၁၄–ဘူမိယောဂတိ

၁။ သမ္မုတုဿာဝနန္တာစ၊ ဂေါနိသာဒိ ဂဟပ္ပတိ။
ကပ္ပိယာ ဘူမိယော ယာသု၊ ဝုတ္ထံ ပက္ကဉ္စ ကပ္ပတိ။ ။

## ၁၄။ဘူမိယောဂတိ၊ဟူသည်။

၁။ ယာသု၊ အကြင်ကပ္ပိယကုဋိတို့၌။ ဝုတ္ထံ၊ သိုမှီးခြင်းသည်၎င်း။ ပက္ကဉ္စ၊ချက်ခြင်းသည်၎င်း။ကပ္ပတိ၊အပ်၏။ တာ-ကပ္ပိယာဘူမိယော၊ ထိုကပ္ပိယကုဋိတို့သည်။ သမ္မုတိ၊သမုတ်အပ်သောကုဋိ၎င်း။ ဥဿာဝနန္တာစ၊ ဥဿာဝနန္တိကကုဋိ၎င်း။ ဂေါနိသာဒိ၊ ဂေါနိသာဒိကုဋိ၎င်း ဂဟပ္ပတိ၊ ဂဟပတိကုဋိ၎င်း။(ဍာတိ၊–သို့။စတသော၊-တို့သည်။ဟောန္တိ၊-ကုန်၏။)

---

လွယ်၏၊ ဤသို့ခိုင်းခြင်းကား ဘူတဂါမ်မှ လွတ်စေခြင်းအကျိုးငှါ ခိုင်းခြင်းဖြစ်သည်၊ စားစရာဖြစ်အံ့ စားလိုက ဗီဇဂါမ်မှလွတ်စေခြင်းအကျိုးငှါ ကပ္ပိပြီးမှစားရသည်။

သမဏကပ္ပပြီးပြီ။

---

## ၁၄–ကပ္ပိယကုဋိ ၄ မျိုး

၁၄။ ဘူမိ၊ကပ္ပိယကုဋိကိုပြသည်။

၁။ **သမ္မုတုဿာဝနန္တာစ** …. ဂါထာဖြင့် ကပ္ပိယ ကုဋိ လေးမျိုးကို ပြသည်။သမ္မာဥဋ္ဌာသမ္ပန္နံ ကပ္ပိယတိတိ သမ္မုတိ၊ဥဋ္ဌိဒုတိယကံ,အပလောကနကံတမျိုးမျိုးဖြင့် ပြောကြား၍ ကောင်းစွာ ဥတ်နှင့်ပြည့်စုံအောင် ပြုအပ်သော ကုဋိမျိုးကို သမ္မုတိကုဋိခေါ်သည်၊ဥဂ္ဃနိ သာဝနံ အန္တံ ယဿာတိ ဥဿာဝနန္တိကာ၊တိုင်နံ ရံရေခြေဖြစ်သော အုတ်ကျောက်တို့ကို ချီမြှောက်၍ချထားခြင်းနှင့် ကပ္ပိယကုဋိ

၂။ ဝါသတ္ထာယ ကတော ဂေဟော၊ သံဃိကေဝေကသန္တကော။
ကပ္ပိယာ ကုဋိ လဒ္ဓဗ္ဗာ၊ သဟသေယျပ္ပဟောနကော။ ။

၂။ ဝါသတ္ထာယ၊နေစရာအကျိုးငှါ။ကတော၊ ဆောက်လုပ်အပ်သော။ သံဃိကေဝါ၊သံဃာ၏ဥစ္စာလည်းဖြစ်သော။ဧကသန္တကေဝါ၊ ရဟန်းတပါး၏ ဥစ္စာလည်းဖြစ်သော။သဟသေယျပ္ပဟောနကော၊ သဟသေယျလောက်သော။ဂေဟော၊ကျောင်းသည်။ ဝါ၊–၏။ကပ္ပိယာကုဋိ၊ ကပ္ပိယကုဋိအဖြစ်ကို။လဒ္ဓဗ္ဗာ၊ရအပ်၏။

---

ကရောမဟု ဆိုသောစကားဆိုခြင်း၏ ပြီးဆုံးခြင်း နှစ်ချက်တူမျှအောင် ပြုအပ်သော ကုဋိမျိုးကို ဥဿာဝနန္တိက ကုဋိခေါ်သည်၊ အချို့ကား ဤဥဿာဝနကို သံဃာသာပြုအပ်သော သံဃကံဟု အတင်းငြင်းကုန်၏၊ လက်နက်ဟောင်းရရှိလျက် မတိုက်ပွတ်လျှင် သံချေးတက်မည် သာတည်း၊ နိသာဒနံ နိသာဒေါ၊ဝင်ခြင်းကြိယာကိုရစေ၊ ဂုန္နံ ဝိယ နိသာဒေါ ဂေါနိသာဒေါ၊ထိုထိုအရပ်မှ ကျိုးပြတ်ပေါက်ကြား နွားခြံအလားကဲ့သို့ နွားဝင်စရာနေရာဖြစ်သော (ဝါ) နေရာရှိသော ကုဋိမျိုးကို ဂေါနိသာဒိ ကုဋိခေါ်သည်၊ ရဟန်းမှတပါးသော သူများ လှူအပ်သော ကုဋိမျိုးကို ဂဟပတိကုဋိခေါ်သည်၊ ထိုကပ္ပိယကုဋိတို့၌ သိမ်းခြင်း ချက်ခြင်းများ အပ်သည်၊ အကျယ်သန္နိဋ္ဌိသိက္ခာပုဒ်၌ ဆိုခဲ့ပြီ။ ။ဘေသဇ္ဇက္ခန္ဓကာ၌ လာ၏။

၂။ **ဝါသတ္ထာယ** .... ဂါထာဖြင့် အသိုရှိအပ်သော ကပ္ပိယကုဋိကို ပြသည်၊ သံဃာ၏ရင်း ပုဂ္ဂိုလ်၏ရင်း နေစရာ အကျိုးငှါ ဆောက်လုပ်အပ်သော သဟသေယျလောက်သော ကျောင်းမျိုးကို''ကပ္ပိယကုဋိံ ကရောမ''ဟု ဥဿာဝနန္တိက ပြုခြင်း,အရံပျက်ခြင်း, ကပ္ပိယကုဋိံ ဒေမ ဟု လှူခြင်း သုံးမျိုးကို ရထိုက်သည်ဟူ၏၊ ဝါသတ္ထာယဟုဆိုခြင်းကြောင့် ဝါသာဂါရမဟုတ်သော ဆွမ်းစားကျောင်း ဥပုသ်အိမ် စေတီအိမ်စသည်တို့၌ ကပ္ပိယကုဋိ ပြုလုပ်ဘွယ်မရှိခြင်း ကိုသိ၊ဝိမတိဋီကာ၌ အလိုလိုအပ်သော ပဌမိကပ္ပိယ ကုဋိဟုဆို၏။

၃၊ ဂေဟေ သံဃဿ ဝေကဿ၊ ကရမာနေဝမိရိယံ။
ပထမိဋ္ဌကာထမ္ဘာဒိံ၊ ထပေယျုသာဝန္တိကာ။
“ကပ္ပိယကုဋိံ ကရောမ၊ ကပ္ပိယကုဋိံ ကရောမာ”တိ။ ။

၃။ သံဃဿဝါ၊—၏ရင်း။ဧကဿဝါ၊-၏ရင်း။ ဂေဟေ၊ကျောင်းကို။ ကရမာနေ၊-သော်။ကပ္ပိယကုဋိံ ကရောမ ကပ္ပိယကုဋိံ ကရောမာတိ၊-ဟူ၍။ဧဝံ၊ ဤသို့။ ဤရိယံ၊ဆိုလျက်။ပထမိဋ္ဌက— ထမ္ဘာဒိံ၊ ရှေးဦးစွာ အုတ်နံရံတိုင်အစရှိသည်ကို။ ထပေယျုံ၊ အကယ်၍ထားငြားအံ့။ သာ၊ထိုကုဋိသည်။ ဥဿာဝန္တိကာ၊-မည်၏။

၄။ ယေဘုယျေနာပရိက္ခိတ္တော၊ အာရာမော သကလောပိ ဝါ။
ဝုတ္တော ဂေါနိသာဒီတိ၊ သမ္မုတိ သံဃသမ္မတာ။ ။

၄။ ယေဘုယျေနဝါ၊–ဖြင့်လည်း။ အပရိက္ခိတ္တော၊ အရံမရှိသော။ သကလောပိဝါ၊ အလုံးစုံလည်း။ အပရိက္ခိတ္တော၊–သော။ အာရာမော၊ အရာမ်ကို။ဂေါနိသာဒီတိ၊–မည်၏ဟူ၍။ ဝုတ္တော၊–၏။ သံဃသမ္မတာ၊ သံဃာသည် သမုတ်အပ်သောကုဋိသည်။သမ္မုတိ၊-မည်၏။

၅။ ဘိက္ခုံ ထပေတွာ အညေဟိ၊ ဒိန္နော တေသံဝ သန္တကော။
အတ္ထာယ ကပ္ပကုဋိယာ၊ ဂေဟော ဂဟပတီ မတော။ ။

၅။ ဘိက္ခုံ၊–ကို။ထပေတွာ၊-၍။အညေဟိ၊–သူတို့သည်။ ကပ္ပကုဋိယာ။ကပ္ပိယကုဋိ၏။အတ္ထာယ၊ ငှါ။ ဒိန္နော၊လှူအပ်သော။ ဂေဟောဝါ၊ ကျောင်းကိုရင်း။တေသံ၊ထိုသူတို့၏။ သန္တကော၊-သော။ ဂေဟောဝါ၊—ကိုရင်း။ဂဟပတီ၊–ဟူ၍။မတော၊–၏။

---

၃။ **ဂေဟေသံဃဿဝေကဿ** ….. ဂါထာဖြင့် ဥဿာဝန္တိက ကုဋိ၌ ကျင့်အပ်သော အစီအရင်ကိုပြသည်၊ အကျယ်ဆိုခဲ့ပြီ။

၄။ **ယေဘုယျေနာပရိက္ခိတ္တော** …..ဂါထာဖြင့် ဂေါနိသာဒိကုဋိ, သမ္မုတိ ကုဋိတို့၏ အဓိပ္ပါယ်ကို ပြသည်၊အကျယ်ဆိုခဲ့ပြီ။

၅။ **ဘိက္ခုံထပေတွာအညေဟိ** …..ဂါထာဖြင့် ဂဟပတိကုဋိ အဓိပ္ပါယ်ကိုပြသည်၊အကျယ်ဆိုခဲ့ပြီ။

၆။ အကပ္ပကုဋိယာ ဝုတ္ထ၊သပ္ပိအာဒိဟိ မိဿိတံ။
ဝဇ္ဇေယျ အန္တောဝုတ္ထတ္တံ၊ပုရိမံ ကာလိကဒွယံ။ ။

၆။ အကပ္ပကုဋိယာ၊—၌။ ဝုတ္ထ—သပ္ပိ-အာဒိဟိ၊ သိုမှီးအပ်သော ထောပတ် အစရှိသော နောက်ကာလိက နှစ်ပါးတို့နှင့်။ မိဿိတံ၊-အပ်သော။ ပုရိမံ—ကာလိက—ဒွယံ၊ ရှေးကာလိက နှစ်ခုအပေါင်းသည်။ အန္တော-ဝုတ္ထတ္တံ၊ အန္တောဝုတ္ထ၏အဖြစ်သို့။ ဝဇ္ဇေယျ၊ ရောက်ရာ၏။

၇။ တေဟေဝ ဘိက္ခုနာ ပက္ကံ၊ ကပ္ပတေ ယာဝဇီဝိကံ။
နိရာမိသံဝ သတ္တာဟံ၊ သာမိသေ သာမပါကတာ။ ။

၇။ တေဟေဝ၊ထိုအကပ္ပိယကုဋိ၌ထားအပ်သော ထောပတ်စသည် တို့နှင့်တကွသာလျှင်။ ဘိက္ခုနာ၊-သည်။ ပက္ကံ၊ ချက်အပ်သော။ ယာဝဇီဝိကံ၊—သည်။ နိ-ရာမိသံဝ၊ အာမိသကင်းသော်သာလျှင်။ သတ္တာဟံ၊-လုံး။ကပ္ပတေ၊-၏။ သာ-မိသေ၊ အာမိသနှင့်ရောသော်။ သာမ-ပါကတာ၊ သာမံ-ပါက၏အဖြစ်သည်။ (ဟောတိ၊-၏။)

---

**၆။ အကပ္ပကုဋိယာ**……ဂါထာဖြင့် အကပ္ပိယကုဋိ၌ သိုမှီးထားသော ကာလိကနှင့်ရောစားရာ မအပ်သည်ကိုပြသည်၊ အကပ္ပိယကုဋိ၌ သိုမှီးထားသော ထောပတ်စသော သတ္တာဟကာလိက, ဆားစသော ယာဝဇီဝိကနှစ်ပါးနှင့်ယာဝကာလိက,ယာမကာလိကနှစ်ပါး ရောမစားကောင်း၊ ရောစားက အန္တောဝုတ္ထဒုက္ကဋ် အာပတ်သင့်သည်။

**၇။ တေဟေဝ ဘိက္ခုနာ ပက္ကံ**…ဂါထာဖြင့် ကာလိကရောချက်ရာ၌အပ်မအပ်ကိုပြသည်၊အကပ္ပိယကုဋိ၌ထားအပ်သော ထောပတ်စသည်နှင့်တကွ ရဟန်းကိုယ်တိုင်ချက်အပ်သော ယာဝဇီဝိကအရွက်သည် အာမိသကင်းမူ သတ္တာဟကာလိကနှင့်ရောသောကြောင့် ခုနစ်ရက်သာထား၍ စားကောင်းသည်၊သတ္တာဟကာလိကနှင့် တကွ ချက်အပ်သော အာမိသ· ဖြစ်သော ရှေးကာလိကနှစ်ပါးရှိသော ယာဝဇီဝိကကား သာမံပါက ဖြစ်သည်၊ အန္တောဝုတ္ထလည်းဖြစ်သည်၊ မအပ်ဟူ၏၊ ဤရောပုံနည်းကိုမှီး၍ အကျယ်ချဲ့သိ။

၈။ ဥဿာဝန္တိကာ .ယေဟိ၊ထမ္ဘာဒိဟိ အဓိဋ္ဌိတာ။
တေသု ယေဝါပနီတေသု၊ တဒြေသုပိ တိဋ္ဌတိ။ ။

၈။ ဥဿာဝန္တိကာ၊— ကုဋိသည်။ ယေဟိ— ထမ္ဘာဒိဟိ၊— တို့ဖြင့်။ အဓိဋ္ဌိတာ၊ တည်၏။ တေသု၊ ထိုတိုင်စသည်တို့ကို။ အပ နီတေသု၊ ပယ်နုတ်အပ်ကုန်သည်ရှိသော်။ တ-ဒြေသုပိ၊ ထိုတိုင်မှတပါးသော တိုင်တို့၌လည်း။ တိဋ္ဌတိ-ယေဝ၊ တည်သေးသည်သာလျှင်တည်း။

၉။ သဗ္ဗေသု အပနီတေသု၊ ဘဝေ ဇဟိတဝတ္ထုကာ။
ဂေါနိသာဒိ ပရိက္ခိတ္တော၊ သေသာ ဆဒနဝိဗ္ဘမာတိ။ ။

၉။ သဗ္ဗေသု၊ အလုံးစုံသော တိုင်တို့ကို။ အပနီတေသု၊—သော်။ ဇဟိတ-ဝတ္ထုကာ၊စွန့်အပ်သောကုဋိရာရှိသည်။ဘဝေ၊-၏။ဂေါနိသာဒိ၊-သည်။ ပရိက္ခိတ္တော၊ အရံရှိသော်။ဇဟိတ-ဝတ္ထုကာ၊-သည်။ဘဝေ၊-၏။ သေသာ၊ ကြွင်းသောကုဋိတို့သည်။ ဆဒန-ဝိဗ္ဘမာ၊ အမိုးပျက်ကုန်လတ်သော်။ ဇဟိတ-ဝတ္ထုကာ၊- ကုန်သည်။ ဘဝန္တိ၊-ကုန်၏။…… ဣတိ၊ ဤကား ကုဋိအပြီးတည်း။

---

**၈။ ဥဿာဝန္တိကာ ယေဟိ**……ဂါထာဖြင့် ဥဿာဝန္တိကကုဋိ ပျက်မပျက်ကိုပြသည်၊အကျယ် သမ္မောဒိသိက္ခာပုဒ်၌ဆိုခဲ့ပြီ။

**၉။ သဗ္ဗေသု အပနီတေသု**…… ဂါထာဖြင့် ကပ္ပိယကုဋိလေးလုံးပျက်ပုံကို ပြသည်၊အဓိပ္ပါယ်မခဲ။

ဘူမိပြီးပြီ။

## ၁၅–ဥပဇ္ဈာစေရဝဂ္ဂနိတိ

၁။ နိဿာယုပဇ္ဈာစရိယော၊ ဝသမာနော သုပေသလော။
ဒဏ္ဍကဋ္ဌသနံ တောယံ။ ယာဂုံ ကာလေ ဒဒေ သဒါ။ ။

## ၁၅။ ဥပဇ္ဈာစေရဝဂ္ဂနိတိ၊ ဟူသည်။

၁။ ဥပဇ္ဈာ-စရိယော၊ ဥပဇ္ဈာယ်ဆရာတို့ကို။ နိဿာယ၊-၍။ ဝသမာနော၊ နေသော။ သုပေသလော၊ ကောင်းစွာချစ်အပ်သော သီလရှိသော ရဟန်းသာမဏေသည်။ဒဏ္ဍကဋ္ဌံ၊ ဒန်ပူကိုရင်း။ အာသနံ၊နေရာကိုရင်း။တောယံ၊မျက်နှာသစ်ရေကိုရင်း။ယာဂုံ၊-ကိုရင်း။ကာလေ၊ လျော်ကပတ်သောအခါ၌။သဒါ၊အခါခပ်သိမ်း။ဒဒေ၊ အလိုရှိရာပေးကပ်ရာ၏။

---

## ၁၅–ဥပဇ္ဈာစေရဝဂ္ဂ

၁၅။ ဥပဇ္ဈာစေရဝဂ္ဂနှိ၊ ဥပဇ္ဈာယဝတ်, အာစရိယ ဝတ်တို့ကိုပြသည်။

**၁။ နိဿာယုပဇ္ဈာစရိယေ**……ဂါထာဖြင့် ဥပဇ္ဈာယ် စသည်၌ ပြုရသောဝတ်အကျင့်တို့ကို ပြသည်၊
ဝဇ္ဇာဝဇ္ဇံဥပနိဇ္ဈာယတီတိ ဥပဇ္ဈာ၊ အပြစ်ငယ်အပြစ်ကြီးကို လွန်စွာကြံတတ်သော ဥပဇ္ဈာယ်ကိုရစေ၊သင်သည် မကောင်းသဖြင့် ပြုအပ်သည်, မကောင်းသဖြင့် ဆိုအပ်သည်စသည်တို့ကို ပြောပြတတ်သော ဓိဓိ၏ အပြစ်ကို သတိမရသော တပည့်အား သတိပေးစကား ပြောပြတတ်သော ကောင်းစွာကျင့်ဘို့ရန် တိုက်တွန်းတတ်သောကြောင့် အပြစ်ငယ် အပြစ်ကြီးကို လွန်စွာ ကြံတတ်သည် ဟူ၏၊ အာစာရ သိက္ခာပနေ အာစရတိပဝတ္တတီတိ အာစရိယော၊ဤသို့သရဇ္ဈာယ်ရမည်,ဤသို့သွားရမည်, လာရမည် စသည်ဖြင့် အကျင့်ကို သင်ပေးတတ်သော ဆရာလေးမျိုးကိုရစေ၊ ဆရာလေးမျိုးကား– နိဿယာစရိယ, ပဗ္ဗဇ္ဇာစရိယ, ဥပသမ္ပဒါစရိယ, ဓမ္မာစရိယ တို့တည်း။ ;ဥပဇ္ဈာစ အာစရိယောစ ဥပဇ္ဈာစရိယာ၊ ဥပဇ္ဈာယ်တမျိုးနှင့် ဆရာလေးမျိုးကို ရစေ။ ။ဝိယံ

သီလံ အဿာတိ ပေသလော၊ပဏ္ဍိတ္ထုကိုဧဝုဒ္ဓိပြု၊ယကိုချေ၊သ၏အစိတ်ဤကိုအပြု၍ ပေသလဟု ရုပ်ပြီးသည်၊ သီလကိုချစ်သောရဟန်းသာမဏေကိုရစေ။ သုဋ္ဌု ပေသလော သုပေသလော၊သီလကို ကောင်းကောင်းချစ်သော ရဟန်း သာမဏေကို ရစေ၊ ဤပုဗ္ဗဆုဖြင့် ဥပဇ္ဈာယ်ယူနေသော သဒ္ဓိဝိဟာရိကတပည့်နှင့် နိဿယန္တေဝါသိက,ပဗ္ဗဇ္ဇန္တေဝါသိက, ဥပသမ္ပဒန္တေဝါသိက,ဓမ္မန္တေဝါသိကတပည့်တို့ကိုပြ၏။

**အထူး** ···· သဒ္ဓိဝိဟာရိကတပည့်သည် သက်နိုးဆိုးသည့်တိုင်အောင်သောဝတ်တို့ကိုမကျင့် ဥပဇ္ဈာယ်အား ဆုတ်ယုတ်ခြင်းဖြစ်သောကြောင့် ထိုဝတ်တို့ကိုမပြုသော် နိဿယည်းမှ လွတ်လွတ်မလွတ်လွတ် ဒုက္ကနှိအာပတ်သင့်သည်၊ ဥပဇ္ဈာယ်နှင့် ဝိသဘာဂဖြစ်သောရဟန်းအား သပိတ်ပေးသည်မှစ၍ နိဿယည်းမလွတ်သေးသောရဟန်းအားသာ အာပတ်သင့်သည်၊ လွတ်မူ အာပတ်မသင့်။ ··· နိဿယန္တေဝါသိကတပည့်သည်နိဿယည်းယူနေသရွေ့ကာလပတ်လုံးသဒ္ဓိဝိဟာရိကတပည့်အတိုင်း အာစရိယကိုပြုရသည်။····ပဗ္ဗဇ္ဇန္တေဝါသိက, ဥပသမ္ပဒန္တေဝါသိက,ဓမ္မန္တေဝါသိက သုံးယောက်တို့ကား နိဿယည်းလွတ်ကုန်သော်လည်း အစမှစ၍ သက်နိုးဆိုးသောဝတ်တိုင်အောင်ပြုရမည်၊ဆရာနှင့် ဝိသဘာဂဖြစ်သောသူအား သပိတ်ပေးသည်မှစ၍ ထိုသုံးယောက်တို့အား အာပတ်မသင့်။····· ပဗ္ဗဇ္ဇာစရိယနှင့် ပဗ္ဗဇ္ဇန္တေဝါသိက, ဥပသမ္ပဒါစရိယနှင့် ဥပသမ္ပဒန္တေဝါသိကတို့သည် အချင်းချင်းအသက်ထက်ဆုံး ဝန်မကင်းကြ၊ နိဿယာစရိယနှင့် နိဿယန္တေဝါသိက, ဓမ္မာစရိယနှင့် ဓမ္မန္တေဝါသိကတို့ကား နိဿယည်းယူနေ, စာတက်နေတုန်းအခိုက်သာ ဝန်မကင်းကြ၊အချင်းချင်းပြုကျင့်ရမည့် ဝတ်များကို ပြုကျင့်ရမည်ဟူ၏။

**ဝတ်ပြုကျင့်ပုံ** ····သဒ္ဓိဝိဟာရိက တပည့်သည် နံနက်စောစောထ၍ကိုယ်ဝတ်ကို လက်ကတော့တင်၍ ဒန်ပူကပ်ချိန် ဒန်ပူကပ်ရမည်၊ နေရာခင်းချိန် နေရာခင်းရမည်၊ မျက်နှာသစ်ရေစသည် ကပ်ချိန် မျက်နှာသစ်ရေကပ်ရမည်၊ ယာဂုရှိက သပိတ်ခွက်ဆေး၍ ယာဂုကပ်ရမည်၊ ယာဂုသောက်ပြီးသော် ရေကပ်,သပိတ်ခွက်ဆေးပြီး သိမ်းထားရမည်။

၂။ ပဏ္ဏေ ဝတ္တံ စရေ ဂါမ၊ ပ္ပဝေသေ ဂမနာဂမေ။
အာသနေ ပါဒပီဌေစ၊ ကထလောပါဟာန စီဝရေ။ ။

၂။ ပဏ္ဏေ၊-၌ရင်း။ ဂါမပ္ပဝေသေ၊ ရွာဝင်ခါနီး၌ရင်း။ ဂမနေ၊ (ရွာသို့) သွားသောအခါ၌ရင်း။ အာဂမေ၊ ပြန်လာသောအခါ၌ရင်း။ အာသနေ၊ နေရာ၌ရင်း။ ပါဒပီဌေစ၊ ခြေဆေးအင်းပျဉ်၌ရင်း။ ကထလေ၊ ခြေပွတ်အိုးခြမ်း၌ရင်း။ ဥပါဟာန-စီဝရေ၊ ဘိနပ်သင်္ကန်း၌ရင်း။ ဝတ္တံ၊ (သင့်လျော်သော) ဝတ်ကို။ စရေ၊ ပြုကျင့်ရာ၏။

၃။ ဘောဇနီယပါနီယေသု၊ ဝစ္စပ္ပဿာဝဌာနိသု။
ဝိဟာရသောဓနေ ဝတ္တံ၊ ပုန ပညာပနေ တထာ။ ။

၃။ ဘောဇနီယ- ပါနီယေသု၊ သုံးရေ, သောက်ရေတို့၌ရင်း။ ဝစ္စပ္ပဿာဝဌာနိသု၊ ကျင်ကြီးအိမ်, ကျင်ငယ်အိမ်တို့၌ရင်း။ ဝိဟာရ

---

**၂။ ပဏ္ဏေဝတ္တံစရေ**……ဂါထာဖြင့် သပိတ်စသည်၌ ပြုရသော ဝတ်အကျင့်ကိုပြသည်၊ ဆွမ်းစားပြီးသော ဥပဇ္ဈာယ်၏သပိတ်ကိုယူ၊ မခြစ်မိအောင် ရိုရိုသေသေဆေးပြီး အတန် ငယ်နေလှန်း၊ ထားမြဲနေရာ၌ သပိတ်ကိုထားရမည်၊ ဥပဇ္ဈာယ်ဆရာ ရွာထည်းသို့သွားလိုသည်ဖြစ်အံ့၊သင်းပိုင်အသစ်ကိုပေး၊ဝတ်ထားသော အဟောင်းကိုယူ ၊ခါးပန်းကြိုးပေး၊ကိုယ်ဝတ်ဒုကုဋ်တို့ကို ခေါက်၍ပေး၊ သပိတ် ရေကျင်းပြီး ရေကြွင်းအနည်းငယ်ထား၍ သပိတ်ကိုပေးရမည်၊ နောက်လိုက်အဖြစ်ဖြင့် အလိုရှိအံ့ ၊ အဝန်းသုံးပါးညီစွာ ဝတ်ရုံပြီး မနီးမဝေးက လိုက်ရမည်၊ ဥပဇ္ဈာယ်ဆရာ ရွာမှပြန်လာသော် မိမိက ရှေးမှလာ၍ နေရာခင်းထား၊ခြေဆေးရေ စသည် အနီး၌ထား၊ သပိတ် သင်္ကန်းကိုလှမ်းယူရမည်၊နေရာခင်း၊ဥပဇ္ဈာယ်ဆရာထသွားသော် နေ ရာသိမ်းထားရမည်၊ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းတို့ကို အနီး၌ ထား၊ ခြေဆေးပြီးလျှင် ပြန်သိမ်းထားရမည်၊ဘိနပ်သုတ်ပေးရမည်၊ချွေး စိုသောသင်္ကန်းဖြစ်အံ့၊ နေအနည်းငယ်လှန်းပြီးမှ အစတဘက် လက် လေးသစ်လောက် လျှော့၍ခေါက်ပြီး တန်းပေါ်၌ အခွေကို မိမိဘက် က ထား၍ တင်ထားရမည်။

**၃။ ဘောဇနီယပါနီယေသု**……ဂါထာဖြင့် သုံးရေ သောက်ရေ စသည်ပြုရသော ဝတ်အကျင့်ကို

သောဓနေ၊ ကျောင်းကို သုတ်သင်ခြင်း၌ဎင်း။ ပုနပညာပနေ၊ တဘန် ခင်းခြင်း၌ဎင်း။ ဝတ္တံ၊-ကို။ တထာ၊-တူ။ စရေ၊-ရာ၏။ [ဝိုကာ၌ပရိဘောဇနီယ ပါနီယ၊ ဝစ္စပဿာဝဒ္ဓါနီသု-ဟုဝါကျရှိ၏။]

၄။ နှပမ္ဗေါဋ္ဌေယျ သောဓေန္တော၊ ပဋိဝါတေစ သင်္ဂဏေ။
ဝိဟာရံ ဘိက္ခု ပါနီယ၊ သာမန္တာ သယနာသနံ။ ။

၄။ ဝိဟာရံ၊-ကို။ သောဓေန္တော၊-သော။ ဘိက္ခု၊-သည်။ ပဋိဝါတေစ၊ လေထက်၌ဎင်း။ သင်္ဂဏေ၊ စည်းဝေးရာအပြင်၌ဎင်း။ ပါနီယ-သာမန္တာ၊ သောက်ရေသုံးရေအနီး၌ဎင်း။ သယနာ-သနံ၊-ကို။ နှ-ပမ္ဗေါဋ္ဌေယျ၊ မခါရာ။

၅။ နှာနေ နှာတဿ ကာတဗ္ဗေ၊ ရင်္ဂပါကေစ ဓောဝနေ။
သိဗ္ဗနေ စီဝရေ ထေဝေ၊ ရဇန္တော န ဝဇေ ဌိတော။ ။

၅။ နှာနေ၊ ရေချိုးရာ၌။ (ဝတ္တံ၊-ကို။ စရေ၊-၏။) နှာတဿ၊ ရေချိုးပြီးသော ဆရာအား။ ကာတဗ္ဗေ၊ ပြုအပ်သောကိစ္စကို။ စရေ၊-၏။ ရင်္ဂ-

ပြသည်၊ ခြေဆေးရေ ချိုးရေခပ်ထားရမည်၊ အကယ်၍ ရေနွေးအလို ရှိလျှင် ရေနွေးပေးခြင်းကို ပရိဘောဇနီယဝတ်ခေါ်သည်၊ ရေသောက်ရန် မေးလျှောက်ခြင်း သောက်ရေ တည်ထားခြင်းကို ပါနီယဝတ်ခေါ်သည်၊ ကျင်ကြီးအိမ် ကျင်ငယ်အိမ်တို့၌ တံမြက်လှည်းခြင်း,သန့်သက်ရေထားခြင်းကို ဝစ္စပဿာဝဒ္ဓါနဝတ်ခေါ်သည်၊ ကျောင်းသုတ်သင်လိုသော သဒ္ဓိဝိဟာရိကသည် ဈေးဦးစွာ သပိတ် သင်္ကန်း စသည် တို့ကို အပြင်ဘက်ထုတ်၍ သင့်တော်ရာ၌ထားပြီးမှမျက်နှာကြက်မှစ၍ တံမြက်လှည်းခြင်းကို ဝိဟာရသောဓန ဝတ်ခေါ်သည်၊ နေလှန်းပြီး,ကျောင်းသုတ်သင်ပြီး, ခါတွက်ပြီး, တဘန်ဆောင်ယူ၍ ထားမြဲတိုင်းနေရာ၌ ပြန်ထားခြင်းကို ပုနပညာပနဝတ်ခေါ်သည်။

**၄။ နှပမ္ဗေါဋ္ဌေယျ**……ဂါထာဖြင့် ကျောင်းသုတ်သင် ရှင်းလင်းပုံ ဝတ်ကိုပြသည်၊ ပါနီယသဒ္ဒါဖြင့် ပရိဘောဇနီယ သုံးဆောင်သော ရေကိုလည်းယူ၊ သယနာသန အရ မြေအခင်း စသည်ကိုယူ။

**၅။ နှာနေ နှာတဿ ကာတဗ္ဗေ**……ဂါထာဖြင့် ရေချိုးရာစသည်၌ ပြုရသော ဝတ်ကို ပြသည်၊

ပါကေစ၊ ဆိုးရည်ကျိုခြင်းနှင့်၎င်း။ ဓောဝနေ၊ သက်နှဲးဖွပ်ခြင်းနှင့်၎င်း။ သိဗ္ဗနေ၊ သင်္ကန်း ချုပ်ခြင်းနှင့်၎င်း။ ဝဋ္ဋံ၊–ကို။ စရေ၊–၏။ ရဇနေ္တာ၊ သင်္ကန်းဆိုးသော ရဟန်းသည်။ စိဝရေ၊–၌။ ထေဝေ၊ ဆိုးရည်ပေါက်သည်။ ဠ္ဌတေ၊ တည်နေသေးသည်ရှိသော်။ န ဝဇေ၊ မသွားရာ။

၆။ ဧကစ္စဿ အနာပုစ္ဆာ၊ ပတ္တံ ဝါ စိဝရာနိ ဝါ။
န ဒဒေယျ န ဂဏှေယျ၊ ပရိက္ခာရဉ္စ ကိဉ္စနံ။ ။

၆။ အနာ-ပုစ္ဆာ၊ (ဆရာဥပဇ္ဈာယ်ထံ) မပန်ကြားဘဲ။ ဧကစ္စဿ၊ (ဆရာဥပဇ္ဈာယ်၏ရန်သူဖြစ်သော) အချို့သော ရဟန်းအား။ ပတ္တံ ဝါ၊– ကို၎င်း။ စိဝရာနိ ဝါ၊–တို့ကို၎င်း။ ကိဉ္စနံ၊ တစုံတခုသော။ ပရိက္ခာရဉ္စ၊– ကို၎င်း။ န-ဒဒေယျ ဝါ၊ ပေးလည်း မပေးရာ။ န-ဂဏှေယျ ဝါ၊ ယူလည်း မယူရာ။

၇။ ဧကစ္စံ ပစ္ဆတော ကာတုံ၊ ဂန္တုံ ဝါ တဿ ပစ္ဆတော။
ဝိဏ္ဏပါတဉ္စ နိဟာတုံ၊ နီဟာရာပေတုမတ္တနော။ ။

၈။ ကိစ္စယံ ပရိကမ္မံ ဝါ၊ ကေသစ္ဆေဒဉ္စ အတ္တနော။
ကာရာပေတုံ ဝ ကာတုံ ဝါ၊ အနာပုစ္ဆာ န ဝဋ္ဋတိ။ ။

၇–၈။ (အနာ-ပုစ္ဆာ၊–ဘဲ။) ဧကစ္စံ၊ အချို့သောရဟန်းကို။ ပစ္ဆ

---

ဥပဇ္ဈာယ်ဆရာ ရေချိုးလိုသော် ချိုးရေစီရင်ရသည်၊ ရေအေး အလိုရှိအံ့၊ ရေအေးစီရင်ပေး, ရေနွေးအလိုရှိက ရေနွေးစီရင်ပေး စသည်ကို နှာနဝတ်ခေါ်သည်၊ ရေချိုးပြီးသော ဥပဇ္ဈာယ်၏ကိုယ်မှ ရေပေါက်ကို သုတ်ပေးခြင်း သင်းပိုင်ပေးခြင်းစသည်ကို နှာတဿကာတဗ္ဗဝတ်ခေါ် သည်၊ ဥပဇ္ဈာယ်အတွက် ဆိုးရေကျိုပေးခြင်းကို ရင်္ဂပါက ခေါ်သည်၊ အကြွင်းဝတ်များ သိလွယ်ပြီ။

**၆။ ဧကစ္စဿအနာပုစ္ဆာ**..ဂါထာဖြင့် မပေးကောင်း မယူကောင်း သည်ကိုပြသည်၊ ဥပဇ္ဈာယ်ဆရာနှင့် ဝိသဘာဂဖြစ်သော အချို့ပုဂ္ဂိုလ်အား သပိတ်သင်္ကန်းစသော တစုံတခု သော ပရိက္ခရာကို မပေးကောင်း၊ ထိုပုဂ္ဂိုလ်၏ ပစ္စည်းကိုလည်း မယူ ကောင်း၊ သို့မှီးသိမ်းဆည်းခြင်း၌လည်း မပေးမယူကောင်းဟု သိ။

**၇-၈။ ဧကစ္စံ ပစ္ဆတော ကာတုံ**…နှစ်ဂါထာ တို့ဖြင့် မပြုကောင်း သည်တို့ကိုပြသည် ဥပဇ္ဈာယ်

တော–ကာတုံ၊ နောက်လိုက်ရဟန်းပြုခြင်းငှါရင်း။ တဿ၊ ထိုရန်သူရဟန်း၏။ ပစ္ဆတော၊ နောက်၌။ ဂန္တုံ(ဝါ၊ (မိမိ) လိုက်ခြင်းငှါရင်း။ ပိဏ္ဍပါတံ၊–ကို။ နီဟရိတုံ၊ ဆောင်ခြင်းငှါရင်း။ အတ္တနော၊–၏။( ပိဏ္ဍပါတံ၊-ကို။ ) နီဟရာပေတုံ၊ ဆောင်စေခြင်းငှါရင်း။ အတ္တနော၊–၏။ ကိစ္စယံ ဝါ၊ ကိစ္စကြီးငယ်ကိုရင်း။ ပရိကမ္မံဝါ၊ ချေးတွန်းခြင်းစသောအမှုကိုရင်း။ ကောသ-နှေ့ဒ္ဓ၊ ဆံရိတ်ခြင်းကိုရင်း။ ကာရာပေတုံဝါ၊ ပြုစေခြင်းငှါရင်း။ ကာတုံဝါ၊ ပြုပေးခြင်းငှါရင်း။ န-ဝဋ္ဋတိ၊မအပ်။

၉။ ဂါမံ သုသာနံ နိဿိမံ၊ ဒိသံ ဝါ ဂန္တုံမိစ္ဆတော။
အတ္တနော ကိစ္စယံ ဝါပိ၊ အနာပုစ္ဆာ န ဝဋ္ဋတိ။ ။

၉။ ဂါမံ၊–သို့ရင်း။ သုသာနံ၊-သို့ရင်း။ နိ–ဿိမံ၊ ဥပစာရသိမ်ပသို့ရင်း။ ဒိသံဝါ၊ အရပ်တပါးသို့ရင်း။ ဂန္တုံ၊–ငှါ။ ဣစ္ဆတော၊အလိုရှိသောရဟန်းအားရင်း။ အတ္တနော၊–၏။ ကိစ္စယံ၊–ကို။(ကာတုံ၊-ငှါ။) ဣစ္ဆတောဝါပိ၊–အားရင်း။ အနာ-ပုစ္ဆာ၊–ဘဲ။ န-ဝဋ္ဋတိ၊ မအပ်။

၁၀။ ဥပ္ပန္နံ အရတိံ ဒိဋ္ဌိံ၊ ကုက္ကုစ္စံ ဝါ ဝိနောဒယေ။
ကရေယျဝါပိ ဥဿုက္ကံ၊ သံဃာယတ္တေသု ကမ္မသု။ ။

၁၀။ ဥပ္ပန္နံ၊ ( ဆရာဥပဇ္ဈာယ်တို့၌ )ဖြစ်ပေါ်လာသော။ အ-ရတိံ၊မမွေ့လျော်ခြင်းကိုရင်း။ ဒိဋ္ဌိံ၊မှားသောအယူကိုရင်း။ ကုက္ကုစ္စံဝါ၊-ကိုရင်း။ ဝိနောဒယေ၊ပယ်ဖျောက်ရာ၏။ သံဃာ–ယတ္တေသု၊ သံဃာနှင့်စပ်ကုန်သော။ ကမ္မေသု၊ အမှုတို့၌။ ဥဿုက္ကံဝါပိ၊ ကြောင့်ကြခြင်း ကိုလည်း။ ကရေယျ၊–ရာ၏။

၁၁။ ဂိလာနေစ သုပဋ္ဌေယျ၊ ဝုဋ္ဌာနံ နေသမာဂမေ။
ဝတ္တဘေဒေန သဗ္ဗတ္ထ၊ အနာဒရေန ဒုက္ကဋံ။ ။

၁၁။ ဂိလာနေစ၊မမာသောဆရာဥပဇ္ဈာယ်တို့ကိုလည်း။သုပဋ္ဌေယျ၊ ကောင်းစွာလုပ်ကျွေးရာ၏။ နေသံ၊ ထိုဆရာ ဥပဇ္ဈာယ်တို့၏။ ဝုဋ္ဌာနံ၊

---

ဆရာနှင့်ဝိသဘာဂဖြစ်သော ရဟန်းကို မိမိ၏နောက်လိုက်မလုပ်ရ၊ ထိုဝိသဘာဂရဟန်း၏နောက်သို့လည်း မိမိကမလိုက်ရ၊ထိုရဟန်း၏ဆွမ်းကိုမဆောင်ယူရ၊ မိမိ၏ ဆွမ်းကိုလည်း မဆောင်စေရ၊ မိမိ၏ ကိစ္စကြီးငယ်ကို မပြုနိုင်းရ၊ချေးတွန်းခြင်း ဆံပင်ရိတ်နိုင်းခြင်း များကိုလည်း မပြုရ၊ မိမိကလည်းမပြုပေးရဟူ၏။

(အနာဝမှ)ထမြောက်ခြင်းကို။ အာဂမေ၊ ဆိုင်းငံ့ကြည့်ရှုရာ၏။ သဗ္ဗဿ၊ အလုံးစုံသော ဝတ်၌။ အနာ-ဒရေန၊ မရိုသေသဖြင့်။ ဝတ္တ ဘေဒေန၊ ဝတ်ပျက်ခြင်းကြောင့်။ဒုက္ကဋံ၊—၏။ .....ဗ္ဗာတိ၊ ဤကား ဥပဇ္ဈာစေရဝတ် အပြီးတည်း။

---

## ၁၆—ဝစ္စ-ပဿာဝဌာနိကဏ္ဍ

၁။ နကရေယျ ယထာဝုဍ္ဎံ၊ ဝစ္စံ ယာတာ-နုပုဗ္ဗိယာ။
ဝစ္စ-ပဿာဝကုဋိယော၊ နှာန-တိတ္ထဉ္စ လဗ္ဘတိ။ ။

**၁၆။ ဝစ္စ-ပဿာဝဌာနိကဏ္ဍ၊ ဟူသည်။**

၁။ ယထာ-ဝုဍ္ဎံ၊ သိတင်းကြီး အစဉ်အတိုင်း။ ဝစ္စံ၊ ကျင်ကြီး, ကျင်ငယ်,ရေချိုးမှုကို။ န-ကရေယျ၊—ရာ။ ယာတာ-နုပုဗ္ဗိယာ၊ ရောက်လာသောသူတို့၏ အစဉ်အတိုင်း။ ဝစ္စ-ပဿာဝ-ကုဋိယော၊-တို့ကိုရင်း။ နှာန-တိတ္ထဉ္စ၊ ရေချိုးဆိပ်ကိုရင်း။ လဗ္ဘတိ၊ ရအပ်၏။

---

၉—၁၀—၁၁။ ဤဂါထာတို့၏အဓိပ္ပါယ်ကား ထင်ရှားပြီ၊ မဟာဝါ ဥပဇ္ဈာယဝတ္တကထာ, ရုဋ္ဌဝါဝတ္တကထာ တို့၌ အကျယ်လာပြီ။—အထူးကား ဥပဇ္ဈာယ်နှင့်ဆရာတို့က သဒ္ဓိဝိဟာရိကတပည့်နှင့် အန္တေဝါသိက တပည့်တို့အပေါ်၌လည်း ထိုထိုဝတ်များပြုကျင့်ရမည်၊မကျန်းမာသော တပည့်ဖြစ်အံ့၊ဒန္တကဋ္ဌသနံတောယံ မှစ၍သက်နှုန်း၌ ဆိုးရည်ဆိုးသည် တိုင်အောင်သောဝတ်, မမွေ့လျော်ခြင်းကို ပယ်ဖျောက်ပေးခြင်းစသော ဝတ်ပြုရမည်၊ကျန်းမာသောတပည့်ဖြစ်အံ့၊ပါဠိသင်ပေးခြင်း,အဋ္ဌကထာ သင်ပေးခြင်း,ဩဝါဒ-အနုသာသနီဖြင့် ချီးမြှောက်ခြင်း,သပိတ်သက်နှုန်း ပေးခြင်းတို့ကို ပြုလုပ်ရမည်။

ဥပဇ္ဈာစေရဝတ္တာနိ ပြီးပြီ။

---

## ၁၆—ဝစ္စ-ပဿာဝကုဋိဝတ်

၁၆။ ဝစ္စပဿာဝဌာနိက၊ဝစ္စကုဋိ ပဿာဝကုဋိဝတ်တို့ကို ပြသည်။

**၁။ နကရေယျ ယထာဝုဍ္ဎံ** ...ဂါထာဖြင့် ကျင်ကြီးစွန့်ခြင်း, ကျင်ငယ်စွန့်ခြင်း,ရေချိုးခြင်း သုံးမျိုးတို့၌ သိတင်းကြီးကိုမငဲ့ဘဲ ရှေးဦးစွာ ရောက်လာသောရဟန်း ရှေးဦးစွာ ပြုသင့်သည်ကိုပြသည်။

၂။ ပဝိသေယျ ဥဗ္ဘဇိတွာ နေသ၊ သဟာသာ ပဝိသေယျ စ။
ဥက္ကာသိတွာ ဝဇ္ဇေယျ၊ ပါဒုကာသေ့ဝ သင်္ကမိတော။ ။

၂။ ဥဗ္ဘဇိတွာ၊ သင်းပိုင်ကိုပင့်၍။ နေသ ပဝိသေယျ၊ (ကုဋိသို့) မဝင်ရာ။ သဟာသာစ၊ မြန်မြန်လည်း။ နေသ ပဝိသေယျ၊ — ရာ။ ဥက္ကာသိတွာဝ၊ ချောင်းဟန့်၍သာလျှင်။ ပဝိသေယျ၊ ဝင်ရာ၏။ ပါဒုကာသေ့ဝ၊ ခြေနင်းတို့၌ သာလျှင်။ သင်္ကမိတော၊ ရပ်လျက်။ ဥဗ္ဘဇေယျ၊ သင်းပိုင်ကိုပင့်ရာ၏။

၃။ န ကရေ နိဋ္ဌုဟံ ဝစ္စံ၊ ဒန္တကဋ္ဌဉ္စ ခါဒယံ။
ဝစ္စပဿာဝဒေါဏီနံ၊ န ကရေယျ ဥဘယံ ဗဟိ။ ။

၃။ နိဋ္ဌုဟံ၊ ညည်းတွားလျက်။ ဝစ္စံ၊ — ကို။ န ကရေ၊ — ရာ။ ဒန္တကဋ္ဌဉ္စ၊ — ကိုလည်း။ ခါဒယံ၊ စားလျက်။ ဝစ္စံ၊ — ကို။ န ကရေ၊ — ရာ။ ဝစ္စပဿာဝဒေါဏီနံ၊ ကျင်ကြီးတွင်း ကျင်ငယ်တွင်းတို့၏။ ဗဟိ၊ အပ၌။ ဥဘယံ၊ (ကျင်ကြီးကျင်ငယ်) နှစ်ပါးစုံကို။ န ကရေ၊ — ရာ။

၄။ ကူပေ ကဋ္ဌံ န ပါတေယျ၊ ခေဠံ ပဿာဝဒေါဏိယာ။
နာဝလေခေယျ ဖရုသေ၊ နုဟာတဉ္စာပိ ဓောဝယေ။ ။

၄။ ကူပေ၊ ကျင်ကြီးတွင်း၌။ ကဋ္ဌံ၊ ကနုတ်ကို။ န ပါတေယျ၊ မချရာ။ ပဿာဝဒေါဏိယာ၊ ကျင်ငယ်ကြောင်း၌။ ခေဠံ၊ တံတွေးကို။ န ပါတေယျ၊ မထွေးရာ။ ဖရုသေန၊ ကြမ်းသောကနုတ်ဖြင့်။ နာဝလေခေယျ၊ မသုတ်ရာ။ ဥဟာတဉ္စာပိ၊ လိမ်းကပ်သောမစင်ကိုလည်း။ ဓောဝယေ၊ ဆေးရာ၏။

---

၂။ **ပဝိသေယျ ဥဗ္ဘဇိတွာနေသ**……ဂါထာဖြင့် အဝေးမှနေပြီး သင်းပိုင်ကို ပင့်မသွားရခြင်း, မြန်မြန်မသွားရခြင်း, ကုဋိအပြင်ဘက်မှနေ၍ ချောင်းဟန့်ရခြင်း, နင်းခုံကိုနင်းပြီးမှ သင်းပိုင်ကိုပင့်ရခြင်းတို့ကိုပြသည်။

၃။ **န ကရေ နိဋ္ဌုဟံ ဝစ္စံ**……ဂါထာဖြင့် ညည်းတွားလျက် ကျင်ကြီးမစွန့်ရခြင်း, ဒန်ပူစသည်စားလျက် ကျင်ကြီးမစွန့်ရခြင်း, ကျင်ကြီးတွင်း ကျင်ငယ်တွင်းတို့၏ အပ၌ ကျင်ကြီး ကျင်ငယ်မစွန့်ရခြင်းစသည်တို့ကိုပြသည်။

၄။ **ကူပေကဋ္ဌံနပါတေယျ**……ဂါထာဖြင့် ကျင်ကြီးတွင်း၌ ကနုတ်မချရ၊ ကျင်ငယ်ကြောင်း၌ တံတွေး

၅။ နနိက္ခမေယျ သဟာသာ၊ ဝုဋ္ဌဟိတွာ န နိက္ခမေ။
စပု စပု နာစမေယျ၊ ဥလ္လာပဥ္စ ဝိသောဓယေတိ။ ။

၅။ သဟာသာဝ၊—သာလျှင်။ န နိက္ခမေယျ၊ မထွက်ရာ။ ဥဋ္ဌဟိတွာ၊—၍။ န နိက္ခမေယျ၊-ရာ။ စပုစပု၊ စွက်စွက်အသံပြု၍။ နာစမေယျ၊ သန့်သက်ရေ မဆေးရာ။ ဥလ္လာပဥ္စ၊ အမှိုက်ကိုလည်း။ ဝိသောဓယေ၊ သုတ်သင်ရာ၏။.....ဣတိ၊ ဤကား ဝစ္စ-ပဿာဝကုဋိ၌ ပြုရသော ဝတ်အပြီး တည်း။

---

## ၁၇—အာပုစ္ဆကရဏဝတ္တံ

၁။ အနဇ္ဈိဋ္ဌောဝ ထေရေန၊ ပါတိမောက္ခံ န ဥဒ္ဒိသေ။
ဓမ္မံ နကထယေ ပဉှံ၊ န ပုစ္ဆေ နစ ဝိဿဇေ။ ။

## ၁၇။ အာပုစ္ဆကရဏဝတ္တံ၊ ဟူသည်။

၁။ ထေရေန၊ မထေရ်ကြီးသည်။ အနဇ္ဈိဋ္ဌောဝ၊ မတိုက်တွန်းအပ်သည်သာ ဖြစ်သောရဟန်းငယ်သည်။ ပါတိမောက္ခံ၊—ကို။ န ဥဒ္ဒိသေ၊ မပြရာ။ ဓမ္မံ၊—ကို။ န ကထယေ၊ မဟောရာ။ ပဉှံ၊ ပြဿနာကို။ န ပုစ္ဆေ၊ မမေးရာ။ နစ ဝိဿဇ္ဇေ၊ မဖြေရာ။

---

မထွေးရ၊ ကြမ်းသော ကနုတံစသည်ဖြင့် မသုတ်ရ၊ ကျင်ကြီးပေနေတာ တွေ့လျှင် ဆေးချရမည်ကိုပြသည်။ ။မအပ်သော ကနုတံ ၆-မျိုး..... ကွဲသောကနုတံ,ကြမ်းသောကနုတံ,အဆစ်အဖုရှိသော ကနုတံ,:ဆူး ပါသောကနုတံ,အခေါင်းပါသောကနုတံ,ပုပ်သောကနုတံ ဤခြောက် မျိုး မအပ်။

**ဆောင်** .... ကွဲ,ကြမ်း,ဆစ်ဖု၊ဆူး,ခေါင်း,ပု၊ကနု မအပ်ခြောက်။

**၅။ နနိက္ခမေယျသဟသာ** ....ဂါထာဖြင့် ကျင်ကြီးအိမ်မှ မြန်မြန် မထွက်ရ၊ သင်းပိုင်ကိုပင့်၍မထွက်ရ၊ စွက်စွက်အသံပြု၍ သန့်သက်ရေမဆေးရ၊ အမှိုက်ရှိလျှင် သုတ်သင် ရမည်ကိုပြသည်။

ဝစ္စပဿာဝဋ္ဌာနကပြီးပြီ။

၂။ အာပုစ္ဆိတွာ ကထေန္တဿ၊ ပုန ဝုၑတရာဂမေ။
ပုန အာပုစ္ဆနံ နတ္ထိ၊ ဘတ္တဂ္ဂေ စာနုမောဒတော။ ။

၂။ အာပုစ္ဆိတွာ၊ (သိတင်းကြီးကို) ပန်ကြား၍။ ကထေန္တဿ၊ ဟောသောရဟန်းအား။ ပုန၊ ဝဘန်။ ဝုၑတရာ-ဂမေ၊ သိတင်းကြီးထက် သိတင်းကြီး လာသည်ရှိသော်။ ပုန၊-ဘန်။ အာပုစ္ဆနံ၊–သည်။ နတ္ထိ၊ မရှိ။ ဘတ္တဂ္ဂေ၊ ဆွမ်းစားဇရပ်၌။ အနုမောဒတော၊ အနုမောဒနာပြု သောရဟန်းငယ်အားလည်း။ အာပုစ္ဆနံ၊-သည်။ နတ္ထိ၊ မရှိ။

---

## ၁၇–အာပုစ္ဆကရဏ

၁၇။ အာပုစ္ဆကရဏ၊ ပန်ကြား၍ပြုအပ်သောဝတ်တို့ကိုပြသည်။

**၁။ အနဇ္ဈိဋ္ဌေ၀ ထေရေန** ......ဂါထာဖြင့် မထေရ်ကြီးက မတိုက်တွန်းဘဲ ပါတိမောက် မပြရ, တရားမဟောရ, မထေရ်ကြီးထံမှ ခွင့်မရဘဲ ပြဿနာမမေးရ, ဖြေလည်းမဖြေရသည်ကိုပြသည်၊ တိုက်တွန်းခြင်းသည် တရားဟော စေခြင်း၌ တိုက်တွန်းရန် သမ္မုတိရသော ရဟန်းနှင့်လည်း စပ်သည်၊ သံဃာ့ထေရ်နှင့်လည်းစပ်သည်၊ အကယ်၍ တောင်းပန်တိုက်တွန်းမည့် သူ မရှိအံ့၊ သံဃာ့ထေရ်ကို ပန်ကြား၍လည်း ဟောကောင်းသည်၊ သံဃာ့ထေရ်က ငါ့ရှင် ပါဠိသက်သက် ဟောလိုက်ဟု ခိုင်းအံ့၊ပါဠိ သက်သက်သာဟောရသည်၊ အနက်သက်သက်ဟောလိုက်ဟု ခိုင်းအံ့၊ အနက်သက်သက်သာ ဟောရသည်၊ ပါဠိအနက် အစုံဟောခိုင်းလျှင် ပါဠိအနက်အစုံဟောရသည်၊ အလိုရှိသလိုဟောဟုဆိုအံ့၊အလိုရှိသလို ဟောနိုင်သည်။ ။ဤဂါထာလာလေးမျိုးစလုံး မတိုက်တွန်း မစေခိုင်း သော် ပန်ကြားပြုရသည်၊အားလုံးခွင့်ပြုထားက အားလုံးပင် ပြုကောင်း သည်ဟုသိ။

**၂။ အာပုစ္ဆိတွာ ကထေန္တဿ**......ဂါထာဖြင့် ပန်ကြားပြီး ပြုစဉ် နောက်ထပ်ပန်ကြားရန်မရှိသည် ကိုပြသည်၊မထေရ်ကြီးကိုပန်ကြားပြီးမှ တရားဟောနေစဉ် ထိုပန်ကြား အပ်သော မထေရ်ကြီးထက် ကြီးသောမထေရ်ကြီး ရောက်လာသော် လည်း တရားဟောခြင်းကိုခေတ္တရပ်၍ တဘန် ပန်ကြားရန်မလို၊ဆက် လက်၍ ဟောနိုင်သည်၊ သံဃာ့ထေရ်မလာမီ တရားဟောနေစဉ်

၃။ ဝသန္တော စ အနာပုစ္ဆာ၊ ဂုဏဇေ့နေကဝိဟာရကော။
န သဇ္ဈာယေယျ ဥဒ္ဒေသံ၊ ပရိပုစ္ဆဉ္စ နော ဒဒေ။ ။
၄။ ဓမ္မံ န ဘာသယေ ဒီပံ၊ န ကရေ နစ ဝိဏ္ဍပေ။
ဝါတပါနံ ကဝါဋံဝါ၊ ဝိဝရေယျ ထကေယျ စ။ ။

၃-၄။ ဂုဏဇေ့န၊သိတင်းကြီးနှင့်တကွ၊ ဧက ဝိဟာရကော၊တခုသော ကျောင်းငယ်၌။ ဝသန္တော စ၊ နေသော ရဟန်းငယ်သည်လည်း။ အနာ ပုစ္ဆာ၊-ဘဲ။ န-သဇ္ဈာယေယျ၊ မသရဇ္ဈာယ်ရာ။ ဥဒ္ဒေသံ၊ ပါဠိသင်ခြင်း ကိုရင်း။ ပရိပုစ္ဆဉ္စ၊ အဋ္ဌကထာ သင်ခြင်းကိုရင်း။ နော-ဒဒေ၊ မပေး ရာ။ ။ဓမ္မံ၊-ကို။ န-ဘာသယေ၊ မဟောရာ။ ဒီပံ၊ မီးကို။ န-ကရေ၊ မညှိထွန်းရာ။ နစ ဝိဏ္ဍပေ၊ မငြိမ်းလည်း မငြိမ်းရာ။ ဝါတ-ပါနံ၊ လေ သောက်တံခါးကိုရင်း။ကဝါဋံ ဝါ၊ တံခါးရွက်ကိုရင်း။န-ဝိဝရေယျ၊မဖွင့် ရာ။ န-ထကေယျစ၊ ပိတ်လည်း မပိတ်ရာ။

---

နောက်မှ သံဃာ့ထေရ်ရောက်လာသော်လည်း တရားဟောခွင့်ရပ် ဆိုင်း၍ ပန်ကြားနေဘွယ်မရှိဟုသိ၊ လူတို့က မိမိနှင့် ပတ်သက်သော ပုဂ္ဂိုလ်တပါးကို တရားဟောရန်ပျော်ထားရာ မထေရ်ကြီးကိုမပန် ကြားဘဲ အနုမောဒနာပြုကောင်းသည်၊၏အရာ၌ မဟာထေရ်၏တာဝန် မဟုတ်၊ ဥပနိသိန္နကထာမျိုး၌သာ မဟာထေရ်ကြီးကို ပန်ကြားရသည် ဟု ရုဋ္ဌဝါ ဝဏ္ဏနာ၌က အဋ္ဌကထာဆို၏။

**၃-၄။ ဝသန္တော စ အနာပုစ္ဆာ** ..ဂါထာတို့ဖြင့်ပန်ကြားပြီးမှပြု ရသောဝတ်တို့ကို ပြသည်၊

သရဇ္ဈာယ်လိုသော ရဟန်းငယ်သည် မထေရ်ကြီးကို ပန်ကြားပြီးမှ သရဇ္ဈာယ်ရသည်၊ မထေရ်ကြီးတပါးကို ပန်ကြားပြီး သရဇ္ဈာယ်စဉ် မထေရ်ကြီးတပါးရောက်လာအံ့၊ တဘန် ပန်ကြားဘွယ်မရှိ၊ အမောဖြေ နေစဉ် မထေရ်ကြီးတပါး ရောက်လာအံ့၊ နောက်ထပ် သရဇ္ဈာယ်လို သော် ပန်ကြားရဦးမည်၊ သံဃာ့ထေရ်မလာမီ သရဇ္ဈာယ်ရာ၌ လည်း ထို့နည်းအတိုင်း မှတ်၊ သံဃာ့ထေရ်က မပန်ကြားဘဲ အလိုရှိသလို သရဇ္ဈာယ်ရန် ခွင့်ပေးထားရာ၌ အလိုရှိတိုင်း သရဇ္ဈာယ် နိုင်သည်၊ တပါးသော သံဃာ့ထေရ်ကြီး ရောက်လာသော်ကား ပန်ကြားပြီးမှ သရဇ္ဈာယ်ရမည်၊ဥပေါသထက္ခန္ဓက အဋ္ဌကထာ။……ဧကဝိဟာရေ ကို

၅။ စက်မေစက်မန္တော့ပိ၊ ဝုဇော့နှ ပရိဝတ္တယော။
ယော့ ဝုဇော့ သ သံဃာဒိ၊ ကဏ္ဍော့နေနံ့ နှ ဃဋ္ဋယော်။

၅။ စက်မေ၊ (တခုတည်းသော)စကြံ၌။ ဝုဇော့နှ၊–တကွ။ စက်မန္တော့ပိ၊ စကြံသွားသော ရဟန်းငယ်သည်လည်း။ ယော့၊ အကြင်အရပ်၌။ဝုဇော့၊ –သည်။(အဋ္ဌိ'–၏။ တော့၊ထိုအရပ်သို့။) ပရိဝတ္တယော၊ မျက်နှာလှည့်ရာ၏။သ– သော၊ ထိုရဟန်းငယ်သည်။ဧနံ၊ ထိုမထေရ်ကြီးကို။သံဃာဒိ ကဏ္ဍော့နှ၊သင်္ကန်းစွန်းဖြင့်။နှဃဋ္ဋယော၊ မထိခိုက်စေရာ။·····ဇ္ဈတိ၊ဤကား အာပုစ္ဆကရဏအပြီးတည်း။

---

ဇကော၀ရကေ-တိုက်ခန်းတခုတည်း ဟု ဋီကာ့ဟောင်း ဖွင့်သည်။"သ ဝန္ဒုပစာရေ ခုဒ္ဒကဝိဟာရေ နှ မဟာဝိဟာရေ၊ ကုဋ္ဋိတဒွေ ဟိ ကပဋ္ဋ ယော"ဟု ဋီကာသစ် ဖွင့်သည်၊ ဇကဝိဟာရအရ ကြားလောက်သော ဥပစာရှိသော ကျောင်းငယ်ကိုယူ၊ ကျောင်းကြီး မဟုတ်၊ ကပဋ္ဋည်း ကုဋ္ဋိတ အနက်၌ သက်သည်ဟူ၏။ ကုဋ္ဋိတဒွေ ဟိ ကပဋ္ဋယော ကား မကောင်း၊ခုဒ္ဒကဒွေဟိကပဋ္ဋယော-ရှိမှ ရှေ့နောက်ညီ၍ ကောင်းမည်၊ မထေရ်ကြီးနှင့် ကျောင်းငယ်တခုတည်းမှာ အတူနေသော ရဟန်းငယ်သည် မထေရ်ကြီးကို မပန်ကြားဘဲ ပါဠိ အဋ္ဌကထာမသင်ရ စသော စကားရပ်ကား ဗုဋ္ဌဝါသေနာသနဣန္ဒကာ၌လာသည်၊···နံပါတ် ၁-ဂါထာ၌ ဓမ္မံ နှ ကထယေ ကား ဥပုသ်ဗိမ်သံဃာ့အစည်းအဝေး၌ ဖြစ်သော စကား၊ နံပါတ် ၄–ဂါထာ၌ ဓမ္မံ နှ ဘာသယေ ကား ကျောင်းငယ်၌ အတူနေသော ရဟန်းငယ်အား ဖြစ်သည်ဟု အထူးသိ။"ဝါတပါနဥ္စ အာလောကသန္ဓိဖလကံ- ကဝါဋုဥ္စဒွါရဖလကံ"ဟု ဋီကာသစ်ဖွင့်သည်၊ ဝါတပါနအရ လေသောက် တံခါးရွက်ကိုယူ၊ ကဝါဋ အရ ဋီကာဟောင်းအလို တိုက်ခန်း တံခါး, ဋီကာသစ် အလို ကျောင်းတံခါးမကို ယူ။ ·····"ဒွါရံနာမ မဟာဝဠဉ္ဇံ၊တတ္ထအာပုစ္ဆနကိစ္စံနတ္ထိ"ဋီကာဟောင်း၊ ဒွါရမည်သည်ကျောင်းကြီး၌ အများသုံးဆောင်သော တံခါးမကြီးကို ခေါ်သည်၊ထိုတံခါးမကြီးဖြစ်မှု ပန်ကြားဘွယ်ကိစ္စ မရှိဟူ၏။····"သေနာသနဝတ္တေ ဒွါရံနာမ ယဿာမဟာဝဠဉ္ဇံ, တဿာတတ္ထအာပုစ္ဆနကိစ္စံ နတ္ထိ"ဝတ္တက္ခန္ဓက အဋ္ဌကထာ၊ဤ၌လည်း ဋီကာဟောင်းအတိုင်းယူ။····အားလုံး၌ ဝတ္တဘေဒဒုက္ကဋ်။

## ၁၈—နဂ္ဂေါတိ

၁။ နဂ္ဂေါ မဂ္ဂံ ဝဇေ ဘုဉ္ဇေ၊ ပိဝေ ခါဒေ န သာယယေ။
န ဂဏှေ န ဒဒေ နေဝ၊ ဝဉ္ဆေ ဝဉ္ဆာပယေယျဝါ။ ။
၂။ ပရိကမ္မံ န ကာရေယျ၊ န ကရေ ပဋိဆာဒိသု။
ပရိကမ္မေ ဒုဝေ ဝတ္ထု၊ ဆွာဒိ သဗ္ဗတ္ထ ကပ္ပိယာတိ။ ။

### ၁၈။ နဂ္ဂေါ တိ၊ ဟူသည်။

၁–၂။ နဂ္ဂေါ၊ အဝတ်မပါ ဗလာကိုယ်တည်း အချည်းနှီးသော ရဟန်းသည်။ မဂ္ဂံ၊ ခရီးကို။ နဝဇေ၊ မသွားရာ။ နဘုဉ္ဇေ၊ မစားရာ။ နပိဝေ၊ မသောက်ရာ။ နခါဒေ၊ မခဲရာ။ နသာယယေ၊ မလျက်ရာ။ န ဂဏှေ၊ မယူရာ။ န ဒဒေ၊ မပေးရာ။ န ဝဉ္ဆေ၊ ရှိ-မခိုးရာ။ နေဝ ဝဉ္ဆာပယေယျဝါ၊ ရှိမှုလည်း မခိုးစေရာ။ ။ပရိကမ္မံ၊ ချေးတွန်းခြင်းစသောအမှုကို။ န ကာရေယျ၊ မပြုစေရာ။ န ကရေ၊ မပြုရာ။ ပဋိစ္ဆာဒိသု၊ ဖုံးလွှမ်းခြင်းသုံးပါးတို့တွင်။ ဒုဝေ၊ (ဇရုံးအိမ်နှင့် ရေဖုံးလွှမ်းခြင်း) နှစ်ပါးတို့သည်။ ပရိကမ္မေ၊-၌။ ကပ္ပိယာ၊ အပ်ကုန်၏။ ဝတ္ထုစ္ဆာဒိ၊ အဝတ် ဖုံးလွှမ်းခြင်းသည်။ သဗ္ဗတ္ထ၊— တို့၌။ ကပ္ပိယာ၊-၏။…ဣတိ၊ ဤကား နဂ္ဂအပြီးတည်း။

---

၃။ **စက်မေ စက်မန္တော ၁ ပိ** …… ဂါထာဖြင့်စ ကြိတခုတည်း၌ စကြြ သွားသော ဝတ်ကိုပြသည်၊ ဤ၌ သံဃာဒိုကဏ္ဍအရ ကိုယ်ရုံသက်န်းစွန်းကိုယူ၊ ကိုယ်ရုံသက်န်းကိုလည်း သံဃာဒိုခေါ်ကြောင်းကို"သဗ္ဗံ ဟိ စီဝရံ သံဃာဋိတစ္ဆာ သံဃာဋိတိ ဝုစ္စတိ"ဟူသော မဟာဝါအဋ္ဌကထာ ဥပဇ္ဈာယဝတ္တကထာ၌ဆိုသည်၊ ခေါက်အပ် စပ်အပ်သောကြောင့်သက်န်းအားလုံးကို သံဃာဋိခေါ်နိုင်သည်ဟူ၏။

အာပုစ္ဆကရဏာပြီးပြီ။

---

၁၈—နဂ္ဂ

၁၈။ နဂ္ဂ၊ သင်းပိုင်ကိုယ်ဝတ်မပါဘဲ မပြုကောင်းသည်ကိုပြသည်။

**၁—၂။ နဂ္ဂေါ မဂ္ဂံ ဝဇေ ဘုဉ္ဇေ**…ဂါထာတို့ဖြင့်အဝတ်မကပ်သော ရဟန်း မပြုကောင်း သည် ကို

## ၁၉–နှာနကပ္ပေါ်တိ

၁။ နှစ နှာယေယျ ထေရာနံ၊ပုရတောပရိဝါ တထာ။
ဒဒေယျ ဩတရန္တာနံ၊ မဂ္ဂမုတ္တရမာနကော။ ။

## ၁၉။ နှာနကပ္ပေါ်တိ၊ ဟူသည်။

၁။ ထေရာနံ၊-တို့၏။ပုရတော၊ရှေ့တည့်တည့်၌ရင်း။ဥပရိဝါ၊ရေညာ၌ရင်း။နှစ နှာယေယျ၊ရေမချိုးရသည်သာတည်း။ တထာ၊–ပါး။ ဥတ္တရမာနကော၊ ရေမှတက်သော သီတင်းငယ်သည်။ ဩတရန္တာနံ၊ ရေသို့သက်ဆင်းကုန်သော သီတင်းကြီးတို့အား။မဂ္ဂံ၊လမ်းခရီးကို။ဒဒေယျ၊-၏။

---

ပြသည်၊ အဝတ်မဝတ်သော ရဟန်းသည် ခရီးမသွားရ၊ မစားရ၊ မသောက်ရ၊မခဲရ၊ မလျက်ရ၊သူတပါးပေးသည်ကိုမယူရ၊ မိမိကလည်း မပေးရ၊ ရှိမခိုးရ၊ မခံရ၊ ချေးတွန်းမခိုင်းရ၊ ချေးတွန်းမပေးရ၊ ဇရုံးအိမ်, ရေ,အဝတ်ဖုံးလွှမ်းခြင်းသုံးမျိုးတို့တွင် ရှေးနှစ်ပါး၌ ဥပဇ္ဈာယ်စသည်တို့အား ချေးတွန်းပေးခြင်းအမှုသာ အပ်သည်၊ ရှိခိုးခြင်းစသည်မအပ်၊ အဝတ်ဖုံးလွှမ်းရာ၌ကား စားခြင်းသောက်ခြင်းစသည်အားလုံးအပ်သည်၊ ခုဒ္ဒကဝဏ္ဏနာ၌ကား။ ။မီး ရေ အပြည့်အစုံထား၍ရေလည်း ချိုးနိုင်,ချွေးလည်း အောင်းနိုင်သော ကျောင်းတမျိုးကို ဇရုံးအိမ် ခေါ်သည်၊လုံခြုံသောရေချိုးအိမ်များလည်း ဇရုံးအိမ်နှင့်တူသည်ဟုသိ။

နဝမြီးပြီ။

---

## ၁၉-နှာနကပ္ပ

၁၉။ နှာနကပ္ပ၊ရေချိုးခြင်း၌ ပြုအပ် မပြုအပ် အစီအရင်ကိုပြသည်။

**၁။ နှစ နှာယေယျ ထေရာနံ**····ဂါထာဖြင့်ရေချိုးခြင်း၌ပြုရာသော အစီအရင်ကိုပြသည်။(ဤ၃–ချက် ဝဏ္ဏကွန္နက ဇန္တာဃရဝတ်၌ လာသည်။)

၂။ ကုဋ္ဋေထမ္ဘေတရုဋ္ဌာနေ၊ နှာယမာနော န ဃံသယေ။
ကာယံ ဂန္ဓဗ္ဗဟတ္ထေန၊ ကုရုဝိန္ဒကသုတ္တိယာ။ ။
၃။ မလ္လကေနာညမညံ ဝါ၊ သရီရေန န ဃံသယေ။
ကပါလိဋ္ဌကခဏ္ဍာနိ၊ ဝဋ္ဋဝဋ္ဋိစ ဝဋ္ဋတိ။ ။
၄။ သဗ္ဗေသံ ပုထုပါဏိ စ၊ ကလ္လသာကတမလ္လကံ။
ပါသာဏဖေဏကထလာ၊ ကပ္ပန္တိ ပါဒဃံသနေတိ။ ။

၂–၃–၄။ နှာယမာနော ရေချိုးသောရဟန်းသည်။ ကုဋ္ဋ-ထမ္ဘ-တရု-ဋ္ဌာနေ၊ နံရံ,တိုင်,သစ်ပင်,ပျဉ်ချပ်၌။ကာယံ၊–ကို။န ဃံသယေ၊ မပွတ်တိုက်ရာ။ ဂန္ဓဗ္ဗဟတ္ထေန၊ သစ်မျောက်လက်ဖြင့်၎င်း။ကုရုဝိန္ဒက သုတ္တိယာ၊ ချည်ဖြင့် သီအပ်သော ကျောက်မှုန့်လုံးဖြင့်၎င်း။ ။မလ္လကေန၊ မကန်းသွားထု၍ ထွေးခံခြေသဏ္ဌာန်ပြုအပ်သော ချေးပွတ်ဖြင့်၎င်း။အညမညံ၊ အချင်းချင်း။သရီရေန ဝါ၊ကိုယ်ဖြင့်၎င်း။န ဃံသယေ၊–ရာ။ကပါလိဋ္ဌကခဏ္ဍာနိ၊အိုးကွဲ အုတ်ခဲတို့သည်၎င်း။ဝဋ္ဋ ဝဋ္ဋိ စ၊အဝတ် ကျစ်သည်၎င်း။ပုထုပါဏိ စ၊လက်ဝါးသည်၎င်း။သဗ္ဗေသံ ၊(နာ,မနာ)အလုံးစုံသော ရဟန်းတို့အား။ ဝဋ္ဋတိ၊–၏။ အကလ္လကဿ၊ နာသော ရဟန်းအား။ အကတ-မလ္လကံ၊ မကန်းသွား မထုသော ထွေးခံခြေဖြင့် ပြုအပ်သော ချေးပွတ်သည်။ ဝဋ္ဋတိ၊ ၏။ ပါသာဏ-ဖေဏ-ကထလာ၊ ကျောက်ခဲ,ပင်လယ်ရေမြှုပ်, အိုးခြမ်းကွဲတို့သည်။ ပါဒ-ဃံသနေ၊ ခြေကို ပွတ်တိုက်ခြင်း၌။ ကပ္ပန္တိ၊ အပ်ကုန်၏၊ ·····ဣတိ၊ ဤကား နှာနကပ္ပအပြီးတည်း။

---

**၂–၃–၄။ ကုဋ္ဋထမ္ဘတရုဋ္ဌာနေ** ····· ဤသုံးဂါထာတို့ဖြင့် ရေချိုးရာ၌ မပြုအပ် ပြုအပ်သည်တို့ကိုပြသည်၊ ကုဋ္ဋအရ အုတ်, ကျောက်, သစ်သားနံရံသုံးမျိုးကိုယူ၊ ထမ္ဘအရ ရေချိုးအိမ်၌ ချေးပွတ်ရန် စိုက်ထောင်ထားအပ်သော တိုင်ကိုယူ၊ တရုအရ ချေးပွတ်စရာ စိုက်ထားအပ်သော သစ်ပင်ကိုယူ၊ အဋ္ဌာနဟူသည် တချစ်ရေး ရှစ်ကွက်ကျားသဏ္ဌာန်ထစေ၍ ရေချိုးအိမ်၌ စိုက်ထောင်ထားအပ်သောပျဉ်ပြားကိုဆိုသည်၊လူတို့သည် ထိုပျဉ်ပြား၌ ကာသယ်မှုန့်တို့ကို ပက်၍ ကိုယ်ကိုပွတ်တိုက်ကြသည်၊ ဂန္ဓဗ္ဗဟတ္ထဟူသည် ရေချိုးအိမ်၌ထားအပ်သော လက်ကဲ့သို့ ပြုလုပ်သော သစ်သားလက်ကိုဆိုသည်၊ လူတို့သည် ထိုသစ်သားလက်ဖြင့် ကာသယ်မှုန့်တို့ကို

## ၂၀–အဝန္ဒိယောဂတိ

၁။ ဥက္ခိတ္တာနုပသမ္ပန္နံ၊ နာနာသံဝါသ ဇာတ္တိယော။
နဝေါစ ဂရုကဋ္ဌောစ၊ ပဏ္ဍကောစ အဝန္ဒိယာတိ။ ။

## ၂၀။ အဝန္ဒိယောဂတိ၊ ဟူသည်။

၁။ ဥက္ခိတ္တော၊ သုံးမျိုးသော ဥက္ခိတ္တက ရဟန်းကိုငင်း။ အနုပသမ္ပန္န နာနာသံဝါသ- ဇာတ္တိယော၊ ရဟန်းမဟုတ်သူ,နာနာသံဝါသက သိတင်းကြီး,မိန်းမတို့ကိုငင်း။ နဝေါစ၊ သိတင်းငယ်ကို ငင်း။ ဂရုကဋ္ဌောစ၊ ပရိဝါသ်စသည်နေသော ဒဏ်သား ရဟန်းကိုငင်း။ ပဏ္ဍကောစ၊ -ကိုငင်း။ အဝန္ဒိယာ၊ ရှိမခိုးအပ်ကုန်။……ဇာတိ၊ ဤကား အဝန္ဒိယ အပြီးတည်း။

---

ယူ၍ ကိုယ်ကို ပွတ်တိုက်ကြသည်၊ ကုရုဝိန္ဒကသုတ္တိ ဟူသည် မှတ်ကျောက်မှုန့် တို့ကို ချိပ်ဖြင့်ဖွဲ၍ အလုံးပြုပြီး ချည်ဖြင့် သိကုံးထားသော ကျောက်မှုန့်လုံး တို့ကို ဆိုသည်၊ ထိုကျောက်မှုန့်လုံးတို့ကို အစွန်နှစ်ဘက်ကကိုင်ပြီး ကိုယ်ကိုပွတ်တိုက်ကြသည်။ ။ခွေးသွားစိတ်ထု၍ ထွေးခံခြေသဏ္ဍာန်ပြုလုပ်အပ်သော ချေးပွတ်စရာကို မလ္လကခေါ်သည်၊ ဤမလ္လက ချေးပွတ်သည် ဂိလာနအားသော်လည်း မအပ်၊ ခွေးသွားစိတ်မထုမူ၍ ထွေးခံခြေသဏ္ဍာန်ပြုလုပ်အပ်သော ချေးပွတ်ကား အဂိလာနသာ မအပ်၊ ဂိလာန အပ်သည်၊ အချင်းချင်း ကိုယ်ဖြင့်ပွတ်တိုက်ခြင်းကို ဝိဂ္ဂယှပရိကမ္မကရဏဟု ဆိုသည်။

**အပ်သောချေးတွန်းခြင်း**……အိုးကွဲ အရှဲ့ခဲတို့ဖြင့် ချေးတွန်း ခြင်းကား အပ်သည်၊ ဤစကား ပါဠိတော်မဟုတ်,အဋ္ဌကထာစကားတည်း၊ ဝတ္ထုဝဋ္ဋိကို ပါဠိတော်၌ ဥက္ကာသိက ဟု ဆိုသည်၊ ရေဝတ်ချိုးသော ရေသနုပ်ကိုလိမ်ပြီး ကျောက်ကုန်းကို ပွတ်တိုက်ခြင်း၌ါ အပ်သည်ဟူ၏။ ။[ကုန္ဒမှစ၍ ဆိုသောစကား အားလုံးသည် ခုဒ္ဒကဝတ္ထုက္ခန္ဓကာ၌ လာသည်။]

နှာနကပ္ပပြီးပြီ။

## ၂၀–အဝန္တိယ

၂၀။ အဝန္တိယ၊ ရှိမခိုးအပ်သော ပုဂ္ဂိုလ်ကို ပြသည်။

**၁။ ဥက္ခိတ္တာနုပသမ္ပန္န**……ဂါထာဖြင့် ရှိမခိုးအပ်သော ပုဂ္ဂိုလ် တကျိပ်တယောက်ကို ပြသည်၊ အာပတ်ကို မကုစားခြင်း, အာပတ်ကို မရှုခြင်း, မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် သံဃာမှနှင်ထုတ်အပ်သော ကမ္မနာနာသံဝါသက ဥက္ခိတ္တက ရဟန်း-၁၊ ရဟန်းမဟုတ်သူ-၂၊ အယူသီးခြားရှိသော လိင်္ဂနာနာသံဝါသက အဓမ္မဝါဒီ သိတင်းကြီး ရဟန်း-၃၊ မိန်းမ-၄၊ သိတင်းငယ် ရဟန်း-၅၊ ပရိဝါသာရဟ ရဟန်း-၆၊ ပရိဝါသ် ဆောက်တည်ထားဆဲ ရဟန်း-၇၊ အရင်းသို့ငင်ခြင်းငှါထိုက်သော မူလာယပဋိကဿနရဟန်း-၈၊ မာနတ်ကျင့်ခြင်းငှါထိုက်သော မာနတ္တာရဟ ရဟန်း-၉၊ မာနတ် ကျင့်ဆဲသော မာနတ္တစာရိက ရဟန်း-၁၀၊ အဗ္ဘာန်သွင်းခြင်းငှါ ထိုက်သော အဗ္ဘာနာရဟရဟန်း ၁၁၊ ဤ ၁၁-ယောက်ကို ဤဂါထာဖြင့် ပြသည်၊ နဂ္ဂနိဒ္ဒေသ၌လာသော နဂ္ဂရဟန်းတယောက်ပါ ထည့်လျှင် တကျိပ် နှစ်ယောက်ဖြစ်၏၊ ယင်း တကျိပ်နှစ်ယောက်ကို ရှိမခိုးရ၊ ရှိခိုးသောရဟန်း ဒုက္ကဋ်သင့်သည်၊ ပရိဝါသာရဟစသောပုဂ္ဂိုလ် ၆-ယောက် တို့ကား အချင်းချင်း ရှိခိုးကောင်း၏။

**မှတ်ချက်**……စူဠဝါ ပါဠိတော် သေနာသနက္ခန္ဓက၌ အဝန္တိယ တကျိပ်လာသည်၊ လိင်္ဂနာနာသံဝါသကနှင့် ကမ္မနာနာသံဝါသကနှစ်ယောက်ကို တယောက်ထည်းပေါင်း၍ ဟောတော်မူခြင်းဖြစ်သည်၊ ဤ ချဒ္ဒသိက္ခာ၌ နာနာသံဝါသကနှစ်မျိုးကိုခွဲ၍ ဆိုခြင်းဖြစ်သည်၊ ထို့ကြောင့် ၁၁-ယောက်ဖြစ်၏ဟု မှတ်။ ။ပရိဝါပါဠိတော် ဧကုတ္တရိကနယ ကောဒသက၌ သေနာသနက္ခန္ဓကလာ ၁၀-ယောက်အနက် နဂ္ဂ တယောက်ထည့်၍ ၁၁-ယောက်လာသည်။ ။ပရိဝါ ပါဠိတော် ဥပါလိပဉ္စာ ကထိနတ္ထာရဝဂ်၌ မြို့တွင်း ရွာတွင်းသို့ ဝင်ဆဲရဟန်း-၁၊ ထုတ်ချင်းမထွင်းသောခရီးသို့ သွားဆဲရဟန်း-၂၊ အမိုက်မှောင်၌နေသောရဟန်း-၃၊ ကိစ္စတခုကို အားထုတ်ဆဲဖြစ်၍ ရှိခိုးခြင်းကို နှလုံးမသွင်းနိုင်သော ရဟန်း-၄၊ အိပ်ပျော်နေသော ရဟန်း-၅၊ ယာဂုသောက်နေသောရဟန်း-၆၊ ဆွမ်းစားကျောင်း၌ နေသောရဟန်း-၇၊

## ၂၁- စမ္မတ္တိ

၁။ မိဂါ ဇေဋ္ဌက စမ္မာနိ၊ ကပ္ပတ္တိ ပရိဘုဥ္ဇတုံ။
ရောဟိတေဏီ ပသဒါစ၊ ကုရုင်္ဂါ မိဂဇာတိကာ။ ။

## ၂၁။ စမ္မတ္တိ၊ဟူသည်။

၁။ မိဂါ-ဇေဋ္ဌက-စမ္မာနိ၊ သမင်,ဆိတ်,သိုးတို့၏ အရေတို့ကို။ ပရိဘုဥ္ဇတုံ၊ (အရာတိုင်း) သုံးဆောင်ခြင်းငှါ။ ကပ္ပတ္တိ၊-ကုန်၏။ ရောဟိတေ-ဏီ-ပသဒါစ၊ စိုင်,ဇဏီမည်သောသား,ချေတို့သည်၎င်း။ ကုရုင်္ဂါ၊ ဆတ်တို့သည်၎င်း။ မိဂ-ဇာတိကာ၊ သမင်မျိုးတို့တည်း။

---

တဘက်ရန်သူအဘို့၌ တည်နေသော ရဟန်း—၈၊ တပါးကို နှလုံးသွင်းကြံစည်နေသောရဟန်း—၉၊ ခဲဘွယ်ကိုစားနေသောရဟန်း—၁၀၊ ဘောဇဉ်ကို စားနေသော ရဟန်း—၁၁၊ ကျင်ကြီးစွန့်နေသော ရဟန်း—၁၂၊ ကျင်ငယ်စွန့်နေသောရဟန်း—၁၃၊ ဤတကျိပ် သုံးယောက်လည်း ရှိခိုး ထိုက်ကြောင်း လာသေး၏၊ သို့သော် ယင်းတကျိပ်သုံးယောက်ကို ရှိခိုးခြင်းကြောင့် အာပတ်မသင့်၍ ဤခုဒ္ဒသိက္ခာ၌ မဆိုသည်ဟု သိ။ ။
“ဉာတိ ဉာမေသု ပဥ္စကေသု တေရသ ဇနေ ဝန္ဒန္တဿ အနာပတ္တိ၊ ဥဒ္ဒိသန္တံ ဝန္ဒနဿ အာပတ္တိ”ပရိဝါအဋ္ဌကထာ။

အဝန္ဒိယ ပြီးပြီ။

---

## ၂၁—စမ္မ

### ၂၁။ စမ္မ၊ သားရေအခင်း အပ်မအပ် ပြသည်။

၁။ **မိဂါဇေဋ္ဌကစမ္မာနိ**····· ဂါထာဖြင့် အပ်သော သားရေအခင်းတို့ကို ပြသည်၊ သမင်ရေ, ဆိတ်မြန်မာရေ, ဆိတ်ကုလားရေ( ဝါ )သိုးရေ—ဤသုံးမျိုးသာ အပ်သည်ဟု “အနုဇာနာမိ ဘိက္ခဝေ သဗ္ဗပစ္စန္တိမေသု စမ္မာနိ အဠကရဏာနိ ဇေဋ္ဌက စမ္မံ အဇစမ္မံ မိဂစမ္မံ”ဟူ၍ စမ္မက္ခန္ဓကာ၌ လာသည်၊ မိဂအရ ဇဏီမည်သော သား, သမင်ပျံ,ချေ,ဆတ်,စိုင်,သမင်ပါး ဤသားကောင် တို့ကိုလည်းယူရမည်ဟု အဋ္ဌကထာဆို၏၊ ဤဂါထာ၌ မိဂဇာတ်အရ-သုံးမျိုး

၂။ အနုညာတဏ္ဍယာ အညံ၊ စမ္ပိ ဒုက္ကဋံ ၀ဏ္ဏိတံ။
ထ၀ိကောပါဟနေ စမ္မံ၊ သဗ္ဗံ ကပ္ပတျမာနုသံ ၊ ။

၂။ အနုညာတ-ဏ္ဍယာ၊ ခွင့်ပြုအပ်သော သားရေသုံးမျိုးမှ။ အညံ၊-သော။ စမ္မံ၊-သည်။ ဒုက္ကဋ-၀ဏ္ဏိတံ၊-တည်း။ အ-မာနုသံ၊ လူရေမှ တပါးသော။ သဗ္ဗံ၊-သော။ စမ္မံ၊-သည်။ ထ၀ိကော ပါဟနေ၊ ဒိတ်ဘိနပ်၌။ ကပ္ပတိ၊-၏။·····ဋီကာ၊ ဤကား စမ္မ အပြီးတည်း။

---

## ၂၂–ဥပါဟနာဝိနိစ္ဆယ

၁။ မဇ္ဈဒေသေ န ကပ္ပန္တိ၊ ဂဏင်္ဂဏူပါဟနာ နဝါ။
သဗ္ဗသော ကပ္ပန္တာရာမေ၊ သဗ္ဗဿာကလ္လကဿစ။ ။

## ၂၂။ ဥပါဟနာဝိနိစ္ဆယ၊ ဟူသည်။

၁။ နဝါ၊ အသစ်ဖြစ်ကုန်သော။ ဂဏ-င်္ဂဏူ-ပါဟနာ၊ (လေးထပ်မှစ၍) အထပ်ထပ်သော ဘိနပ်တို့သည်။ မဇ္ဈ ဒေသေ၊ မဇ္ဈိမ ဒေသ၌။ န-ကပ္ပန္တိ၊-ကုန်။ အာရာမေ၊ ကျောင်း အရာမ်၌။ သဗ္ဗသော၊(နာ,မနာသော) အလုံးစုံသောရဟန်းအား။ ကပ္ပန္တိ၊-ကုန်၏။ သဗ္ဗဿ၊ အလုံးစုံသောအရပ်၌။ အကလ္လကဿစ၊ ဂိလာနအားလည်း။ ကပ္ပန္တိ၊-ကုန်၏။

---

သာထုတ်ပြသည်၊ အကြွင်းသုံးမျိုးကို စသဒ္ဒါဖြင့် ဆည်းယူ၊ ဤဆိုအပ်ပြီးသော သားရေတို့ကို ညောင်စောင်း အင်းပျဉ် စသော နေရာတိုင်း၌ ခင်း၍ထိုင်ခြင်း,ခင်း၍အိပ်ခြင်းတို့ကို ပြုကောင်းသည်ဟု သိ။

၂။ **အနုညာတဏ္ဍယာအညံ** ···· ဂါထာဖြင့် မအပ်သော သားရေတို့ကို ပြသည်၊ ထိုသားရေ တို့ကား မျောက်ဝံ,သမင်ဆိုးဆောက်,ဝံပိုင် စသည်တို့ တည်း၊ ထ၀ိကအရ ဘိနပ်အိတ်,သင်ရုန်းအိတ်,သံကောက်အိတ် တို့သာ အပ်သည်၊ သပိတ်အိတ် စသည်မအပ်ဟု ဋီကာတို့ဆိုကြ၏။·····သားရေမအပ် ဟူသည် နိသီဒိုင်အခင်း ပြုလုပ်ခြင်းငှါသာမအပ်သည်၊ မြေအခင်းစသည်၏ အစွမ်းဖြင့် ကျောင်း အသုံးအဆောင်ဖြစ်မှု အပ်သည်ဟု ဝိမတိဋီကာ ဆို၏။

စမ္မပြီးပြီ။

၂။ သဗ္ဗနီလက ပြဒ္ဒါတ၊ ပီတလောဟိတကဏှကာ။
မဟာရင်္ဂမဟာနာမ၊ရင်္ဂရတ္တာ ဥပါဟနာ။ ။
၃။ သဗ္ဗမဇ္ဈိမက္ခိကာ စိတြာ၊နီလပီတာဒိဝဒ္ဓိကာ။
တိတ္တိရပတ္တိကာ မေဏ္ဍ၊အဇဝိသာဏဝဒ္ဓိကာ။ ။
၄။ ခလ္လဗဒ္ဓါ ပုဋဗဒ္ဓါ၊ တူလပုဏ္ဏာ ရုပါဟနာ။
ပါဠိဂုဏ္ဌိမကာ မောရ၊ပိဉ္ဆေန ပရိသိဗ္ဗိတာ။ ။
၅။ ဝိစ္ဆိကာဠိကတာ သီဟာ၊ ဗျဂ္ဃုဒ္ဒါဖိနဒီပိနံ။
မဇ္ဇာရကာဠကောလူက၊စမ္မေဟိစ ပရိက္ခတာ။
ပါဒုကာ သင်္ကမနီယာ၊ကောစိ ခာရေ ယျ ဒုက္ကဋံ။ ။

၂-၃-၄-၅။ သဗ္ဗ နီလက-ပြဒ္ဒါတ-ပီတ-လောဟိတ-ကဏှကာ၊ အလုံးစုံ ညို,ဖြူ,ရွှေ,နီ,မည်းသောအဆင်းရှိသော ဘိနပ်တို့ကိုရင်း၊ မဟာရင်္ဂ မဟာနာမ ရင်္ဂရတ္တာ၊ ကင်းခြေများ ကျောက်ကုန်းအဆင်း ဖြော့တော့သော အဆင်းရှိသော ဆိုးရည်ဖြင့် ဆိုးအပ်ကုန်သော။ ဥပါဟနာ၊-တို့ကိုရင်း။ (ကောစိနာမ၊ တစုံတယောက်သောရဟန်းသည်။ ခာရေယျ၊-အံ့။ဒုက္ကဋံ၊-၏။)။ သဗ္ဗမဇ္ဈိမက္ခိကာ၊အလုံးစုံမောင်းသောအဆင်း ရှိသော ဘိနပ်တို့ကိုရင်း။ စိတြာ၊(သင်္ကာသန် ခြူးပန်းခြူးနွယ်စသည်တို့ ဖြင့်)ဆန်းကြယ်သော ဘိနပ်တို့ကိုရင်း။နီလ-ပီတာဒိ-ဝဒ္ဓိကာ၊ညိုသော ရွှေသောသည်းကြိုးစသည်တပ်သောဘိနပ်တို့ကိုရင်း။တိတ္တိရ-ပတ္တိကာ၊ ခါတောင်အလား ပြောက်ကျားသော ဘိနပ်တို့ကိုရင်း။ မေဏ္ဍ-အဇ-

## ၂၂-ဥပါဟန

၂၂။ ဥပါဟန၊ ဘိနပ် အပ်မအပ်ကို ပြသည်။

၁။ အသစ်ဖြစ်သော လေးထပ်မှစ၍ အထပ်ထပ်သော ဘိနပ်တို့သည် မဇ္ဈိမဒေသ၌ မအပ်ကုန်၊ အသစ်ဟူသည် တကြိမ်မျှမစီးရသေး သော ဘိနပ်ကို ဆိုသည်၊ ဤအထပ်ထပ်သော ဘိနပ်ကို နာသော ရဟန်းသော်မှလည်း မစီးကောင်း၊ "အနုဇာနာမိ ဘိက္ခဝေ ပစ္စန္တိမေသု ဇနပဒေသု ဂဏင်္ဂဏူပါဟနံ"ဟု စမ္မက္ခန္ဓက၌ ဟောခြင်းကြောင့် ပစ္စန္တိမ ဇနပုဒ်၌ ဂိလာန ဖြစ်မူ အထပ်ထပ်သော ဘိနပ်သစ်ကို စီး ကောင်း၏၊ သူတပါးတကြိမ်မျှစီးပြီးသော ဘိနပ်ကား အသစ်မဟုတ်ဟု

ဝိသာဏာ-ဝဒ္ဓိကာ၊ဆိတ်ချို,သိုးချိုနှင့်တူသော အသည်းတပ်သော ဘိနပ်တို့ကိုရင်း။( ကောစိ၊-သည်။ ခါရေယျ၊-အုံ့။ ဒုက္ကရုံ၊-၏။) ။ခလ္လဗဒ္ဓါ၊ ဖွဲ့အပ်သော ဖနောင့်ဖုံးရှိကုန်သော။ပုဋ ဗဒ္ဓါ၊ ဖွဲ့အပ်သော ဖမိုးဖုံးရှိကုန်သော။တူလပုဏ္ဏာ၊ ပြည့်သောလဲရှိကုန်သော။ ဥပါဟနာဝ၊-တို့ကိုရင်း။ ပါဠိဂုဏ္ဍိမကာ၊ ဖနောင့်ဖုံး ဖမိုးဖုံးတပ်ကုန်သော ဘိနပ်တို့ကိုရင်း။ မောရပိဉ္ဆေန၊ ဥဒေါင်းမြီးဖြင့်။ ပရိသိဗ္ဗိတာ၊ ထက်ဝန်းကျင်ချုပ်အပ်ကုန်သော ဘိနပ်တို့ကိုရင်း။ ( ကောစိခါရေယျဒုက္ကရုံသွားစဉ်။ ) ဝိစ္ဆိကာဠိကတာ၊ ကင်းပုစွန်လက်မ အမြီးနှင့်တူစွာ အသည်းတပ်အပ်ကုန်သော ဘိနပ်တို့ကိုရင်း။သီဟ-ဗျဂ္ဃ-ဒီပိ-ဇိန-ဥဒ္ဒိနံ၊ ခြင်္သေ့,ကျား, ဖျံ, သစ်နက်, သစ်ဆင်တို့၏။ စမ္မေဟိ၊- တို့ဖြင့်ရင်း။မဇ္ဇာရ- ကာဠကော- လူက- စမ္မေဟိ၊ ကြောင်, ရှဉ့်နက်, ရှူးပျံ ရေတို့ဖြင့်ရင်း။ ပရိက္ခဋာ၊ အနားရစ်ပတ်ကွပ်အပ်သော ဘိနပ်တို့ကိုရင်း။ သင်္ကမနီယာ၊စီးသွားကြောင်းဖြစ်ကုန်သော။ပါဒုကာ၊ ခြေနင်းတို့ကိုရင်း။ ကောစိ၊-သည်။ခါရေယျ၊-အုံ့။ ဒုက္ကရုံ၊-၏။

---

သိ။......"အနုဇာနာမိ ဘိက္ခဝေ အဗ္ဘာရာမေ ဥပါဟနံ ဓာရေတုံ"ဟု ဟောခြင်းကြောင့် မဇ္ဈိမ,ပစ္စန္တိမ အရပ် ၂-မျိုးစလုံး၌ အာရာမ,အာရာမူပစာရ၌ဖြစ်မှု နာ,မနာသောရဟန်းအားလုံးပင် ဘိနပ်စီးကောင်းသည်၊ အာရာမ်တွင်းဖြစ်ဖြစ် ရွာတွင်းဖြစ်ဖြစ်. ဂိလာနဖြစ်မှု ဘိနပ်စီးကောင်း၏၊ စကားဆက်—မဇ္ဈိမ၌ ဂိလာနဖြစ်မှု အထပ်ထပ်သောဘိနပ်ဟောင်းကို အာရာမ်တွင်း ရွာတွင်း နှစ်မျိုး၌ပင် စီးကောင်းသည်၊ ပစ္စန္တိမ၌ ဂိလာနဖြစ်မှု အထပ်ထပ်သော ဘိနပ်သစ်ကိုလည်း စီးကောင်းသည်ဟု မှတ်။

၂။ အလုံးစုံ ညိုသော အဆင်းရှိသော ဘိနပ်စသည် ၇-မျိုး မစီးအပ်။......အထူး-ပြုသောဘိနပ်ကား ပါဠိတော် အဋ္ဌကထာတို့၌ မပယ်၊ အနုလောမစွမ်းဖြင့် မအပ်ရကား ဤခုဒ္ဒသိက္ခာ၌ ဆိုထားသည်ဟု သိ။

၃-၄-၅။ နီလ ပီတာဒိ၌ အာဒိသဒ္ဒါဖြင့် အထက်ဂါထာလာ ကျန် ၅-မျိုးသော ဘိနပ်တို့ကို ယူ။...... အထူး-ဥပါဟန ဘိနပ်ကား သားရေဖြင့် ပြုလုပ်ထားသည်၊ ပါဒုကာစီးသော ခြေနင်းကား သားရေမှ တပါးဖြင့် ပြုလုပ်ထားသည်ဟု ပါဠိတော်ကိုကြည့်၍ သိသင့်၏၊ ဆိုအပ်ပြီးသော ဘိနပ်နှင့် ခြေနင်းတို့ကား နာ,မနာသောရဟန်းအားလုံး မအပ်ဟု သိ။ ။

၆။ နီလာဒိဝဏ္ဏံ သကလံ၊ ပုဉ္ဆိတွာ ဝေကဒေသကံ။
ဥပါဟနာ ဝဠဉ္ဇေယျ၊ ဟာရေတွာ ခလ္လကာဒိကန္တိ။ ။

၆။ နီလာဒိ-ဝဏ္ဏံ၊ အညိုစသော အဆင်းကို။ သကလံ၊-ကိုရင်း။ ဧကဒေသကံ၊ တစိတ်ကိုရင်း။ ပုဉ္ဆိတွာ၊ ပွတ်ဖျက်၍။ ခလ္လကာဒိကံ၊ နောက်ပိတ်စသည်ကို။ ဟာရေတွာ၊ ပယ်ဖျက်၍၊ ဥပါဟနာ၊-တို့ကို။ ဝဠဉ္ဇေယျ၊ သုံးဆောင်ရာ၏။……ဋီကာ၊ ဤကား ဥပါဟနအပြီးတည်း။

## ၂၃–အနောလောကိယန္တိ

၁။ သာရတ္တော ဇာတုဣတ္ထိယာ ယောနိံ၊ မုခံ ဝါ ဘိက္ခုဒါယိယာ။
ပရဿ ပတ္တမုဉ္စာန၊ သညိ ဝါ အတ္တနော မုခံ။
အာဒါသောဒကပတ္တေဝါ၊ ဩလောကေယျဿ ဒုက္ကဋန္တိ။ ။

## ၂၃။ အနောလောကိယန္တိ၊ ဟူသည်။

၁။ သာ-ရတ္တော၊ တပ်မက်သော စိတ်ရှိသည်ဖြစ်၍။ ဇာတုဣတ္ထိယာ၊-၏။ ယောနိံ၊ ယောနိကိုရင်း။ ဘိက္ခု–ဒါယိယာ၊ ဆွမ်းလှူသော မိန်းမ ယောကျ်ား၏။ မုခံ ဝါ၊ မျက်နှာကိုရင်း။ ဥဇ္ဇာန-သညီ၊-၍။ ပရဿ၊-၏။ ပတ္တံ၊–ကိုရင်း။ အာဒါသေဝါ၊ မှန်ပြင်၌ရင်း။ ဥဒက-ပတ္တေဝါ၊ ရေ-ခွက်၌ရင်း။ အတ္တနော၊–၏။ မုခံ၊–ကိုရင်း။ ဩလောကေယျ၊ ကြည့်ငြားအံ့။ အဿ၊ ထိုရဟန်းအား။ ဒုက္ကဋံ၊-၏။…… ဋီကာ၊ ဤကား အနောလောကိယ အပြီးတည်း။

---

သားရေမဟုတ်သော ရော်ဘါ စက္ကူစသည်ဖြင့်ပြုလျှင် အဘယ်၌ဝင်မည်ဟု ဆုံးဖြတ်နိုင်ရာ၏။

၆။ အညိုစသောအဆင်းကို အလုံးစုံကိုဖြစ်စေ, တစိတ် တဒေသကိုဖြစ်စေ ပုဆိုးကြမ်းဖြင့် ပွတ်တိုက်၍ ဖျက်ပြီး သုံးဆောင်ကောင်းသည်ဟု မှတ်။

ဥပါဟန ပြီးပြီ။

## ၂၃–အနောလောကိယ

၂၃။ အနောလောကိယ၊ မကြည့်ကောင်းသည်ကို ပြသည်။

၁။ တပ်မက်သောစိတ်ဖြင့် ယနေ့မွေးဖွားသောမိန်းကလေး၏အင်္ဂါဇာတ်ကို မကြည့်ကောင်း၊ အဝတ်အထပ်တရာဖုံးလွှမ်းထားသော အရာ

## ၂၄–အဉ္ဇနီတိ

၁။ ဝဋ္ဋာဋ္ဌသောဠသံသာဝ၊ မဋ္ဌာ ဝဋ္ဋတိ အဉ္ဇနီ။
တိဿောပိ မူလေ ဂီဝါယံ၊ လေခါ ဧကောဝ ဗန္ဓိတုံ။ ။

## ၂၄။ အဉ္ဇနီတိ၊ဟူသည်။

၁။ ဝဋ္ဋာဝ၊ လုံးသည်လည်း ဖြစ်သော။ အဋ္ဌ–သောဠသံ–သာဝ၊ ရှစ်မြှောင့်, တဆဲ့ခြောက်မြှောင့်ရှိသည်လည်းဖြစ်သော။ မဋ္ဌာ၊ ချောမော သော။ အဉ္ဇနီ၊ မျက်စဉ်းကျည်သည်။ ဝဋ္ဋတိ၊–၏။ မူလေ၊ အရင်း၌။ တိဿောပိ၊–ကုန်သော။ လေခါ၊ (လုံးသော ) အရေးတို့သည်။ ဝဋ္ဋန္တိ၊–ကုန်၏။ ဂီဝါယံ၊ လည်ပင်း၌။ ဗန္ဓိတုံ၊ (အပိတ်ကို ) ဖွဲ့ခြင်းငှါ။ ဧကောဝ၊–သော။ လေခါ၊–သည်။ ဝဋ္ဋတိ၊–၏။

---

မဟုတ်သောအရပ်ကိုကြည့်အံ့၊ ဒုက္ကဋ်၊ အယုတ်ဆုံး တိရစ္ဆာန်မ၏အင်္ဂါဇာတ်ကိုသော်လည်း ကြည့်အံ့၊ ဒုက္ကဋ်ပင်၊ ဆွမ်းကပ် ဆွမ်းလောင်း သော ဒကာ ဒကာမမျက်နှာကို မတပ်မက်သော်လည်း မကြည့်ကောင်း။ “အနုဇာနာမိ ဘိက္ခဝေ အာဗာဓပစ္စယာ အာဒါသေဝါ ဥဒကပတ္တေဝါ မုခနိမိတ္တံ ဩလောကေတုံ”ဟု ခုဒ္ဒကဝတ္ထု ပါဠိတော်၌ လာရှိသော ကြောင့် အနာစသည်ရှိသဖြင့် သိလို၍ မှန်စသည်ကို ကြည့်အံ့၊ အို၏, မအို၏ဟု အာယုသင်္ခါရကို သိလို၍ မှန်စသည်ကို ကြည့်အံ့၊ ကြည့် ကောင်းသည်၊ အနာပတ္တိဟု သိ။

အနေ့ာလောကိယပြီးပြီ။

---

## ၂၄–အဉ္ဇနီ

၂၄။ အဉ္ဇနီ၊ မျက်စဉ်းကျည် အပ် မအပ်ကို ပြသည်။

၁။ အလုံး ဖြစ်စေ,ရှစ်မြှောင့်ဖြစ်စေ, တဆဲ့ခြောက်မြှောင့် ဖြစ်စေ ရှုးပန်း ရှုးနွယ် စသည်တို့ဖြင့် ဆန်းကြယ်သော ချောမော ပြေ ပြစ်သော မျက်စဉ်းကျည်သည် အပ်၏၊ ရှစ်မြှောင့်, တဆဲ့ခြောက် မြှောင့်အပ်သဖြင့် လေးမြှောင့်လည်း အပ်သည်သာဟု သိ။

၂။ ယံကိဉ္စိ ရူပံ မာလာဒိ၊ ကမ္မံ မကရဒန္တကံ။
ဂေါမုတ္တကဆုစန္ဒာဒိ၊ ဝိကာရံ နေတ္ထ ဝဋ္ဋတိ။ ။

၂။ ဧတ္ထ၊ ဤမျက်စဉ်းကျည်၌။ ယံကိဉ္စိ၊— သော။ ရူပံ၊ အရုပ်သည် ၎င်း။ မာလာဒိကမ္မံ၊ ရှူးပန်းစသောအမှုသည် ၎င်း။ မကရ-ဒန္တကံ၊ မကန်းသွားသည် ၎င်း။ ဂေါ-မုတ္တက-ဆု-စန္ဒာဒိ ဝိကာရံ၊ နွားကျင်ကောက်, လ-ရေးကောက်စသော ဘောက်ပြန်ခြင်းသည် ၎င်း။ န ဝဋ္ဋတိ၊ မအပ်။

၃။ လဗ္ဘေ့ကဝဏ္ဏသုတ္တေန၊ သိဗ္ဗိတုံ ထဝိကာ တထာ။
သိပါဋိ ကုဉ္စိကာကောသော၊ သလာကာပိ အစိတ္တကာ။ ။

၃။ ထဝိကာ၊ မျက်စဉ်းအိတ်ကို ၎င်း။ တထာ၊— ပါး။ သိပါဋိ၊ သင်ရုန်းအိတ်ကို ၎င်း။ ကုဉ္စိကာ-ကောသော၊ သံကောက်အိတ်ကို ၎င်း။ ဧက-ဝဏ္ဏ-သုတ္တေန၊ တမျိုးတည်း အဆင်းရှိသော ချည်ဖြင့်။ သိဗ္ဗိတုံ၊ ချုပ်ခြင်းငှါ။ လဗ္ဘာ၊ ရအပ်၏။ အ—စိတ္တကာ၊ (အရုပ် ပန်းနွယ်) ဆန်းကြယ်ခြင်းမရှိသော။ သလာကာပိ၊ မျက်စဉ်းတံကိုလည်း။ လဗ္ဘာ၊ ရအပ်၏။

၄။ သဝ်ိနာဘိ ဝိသာဏာဋ္ဌိ၊ နဠဒန္တမယာ တထာ။
ဖလကဋ္ဌမယာ ဝေဠု၊ လာခါလောဟမယာ ပန။ ။
၅။ အဉ္ဇနိယော သလာကာယော၊ ရူမနေတ္တာစ လဗ္ဘရေ။
တထာ သတ္တကဒဏ္ဍာနိ၊ နတ္ထုဒါနာစ တမ္ဗယာတိ။ ။

၄—၅။ သင်္ခ-နာဘိ, ဝိသာဏာ,ဋ္ဌိ, နဠ- ဒန္တ-မယာ၊ ခရုသင်းချက်, သားချို, လူရိုးမှတပါးသောအရိုး,ကျူ, ဆင်စွယ်တို့ဖြင့် ပြီးကုန်သော။ အဉ္ဇနိယောစ၊-တို့ကို ၎င်း။ တထာ၊—ပါး။ ဖလ-ကဋ္ဌ-မယာ၊ သစ်သီး,သစ်သားတို့ဖြင့် ပြီးကုန်သော။ အဉ္ဇနိယောစ၊-တို့ကို ၎င်း။ ပန၊-ပါး။ ဝေဠု-လာခါ-လောဟ-မယာ၊ ဝါး, ချိပ်, ကြေးသံဖြင့်ပြီးကုန်သော။ အဉ္ဇနိယောစ၊-တို့ကို ၎င်း။ တမ္ဗယာ၊ ထိုခရုသင်းချက်စသည်တို့ဖြင့် ပြီးကုန်သော။ သလာကာယောစ၊ မျက်စဉ်းတံတို့ကို ၎င်း။ ရူမနေတ္တာစ၊ အခိုးတံတို့ကို

---

၂။ မကန်းသွားဟူသည် ငါးမန်းအစွယ်ကဲ့သို့နေသည်ဟု သိ။
၃။ အရုပ်ပန်းနွယ် စသည်တို့ဖြင့် ဆန်းကြယ်စွာပြုလုပ်ထားမှုကား ဘိနပ်ကိုဖျက်သုံးသလို ၎င်းတို့ကို ဖျက်၍သုံးနိုင်သည်ဟု သိ။

ၒင်း။တထာ၊-ပါး၊သတ္တက-ဒဏ္ဍာဒိ၊ဓားငယ်ရိုးတို့ကိုၒင်း။ နတ္ထုဒါနာဝ၊ နှာနှတ်တံတို့ကိုၒင်း။ လဗ္ဘရေ၊ ရအပ်ကုန်၏။ ·····ဣတိ၊ ဤကား အဋ္ဌနိ အပြီးတည်း။

---

## ၂၅–အကပ္ပိယသယနဂါထာ

၁။ အာသန္ဒိ တူလိ ပလ္လင်္ကော၊ ပဋိကံ ဂေါနစိတ္တကံ။
ပဋလိ ဝိကတိ ဥဒ္ဒ၊လောမိ ဧကန္တလောမိကာ။ ။

၂။ ကုဋ္ဋိ ကောသေယျံ ကဋ္ဋိဿံ၊ ဟတ္ထိအဿရထတ္ထရာ။
ဖိနပ္ပဝေဏိ ကဒလိ၊ မိဂပ္ပဝရအတ္ထရာ။ ။

၃။ သလောဟိတဝိတာနဉ္စ၊ဘတောရတ္တုပဓာနကံ။
အကပ္ပိယာနိ ဧတာနိ၊ ဒုက္ကဋံ ပရိဘုဉ္ဇတော။ ။

## ၂၅။ အကပ္ပိယသယနဂါထာ၊ ဟူသည်။

၁–၂–၃။ အာသန္ဒိ၊(တတောင်ထွာထက်)အခြေရှည်သော ညောင်စောင်းအင်းပျဉ်။ တူလိ၊ လဲသုံးမျိုးရှိသောအခင်း။ပလ္လင်္ကော၊ သားရဲရုပ်တပ်သောပလ္လင်။ပဋိကံ၊ သားမွေးဖြူအခင်း။ ဂေါန-စိတ္တကံ၊ လက်လေးသစ်ထက် အမွေးရှည်သော ကော်ဇောကြီး, သားရဲရုပ်ဖြင့်ဆန်းကြယ်သော သားမွေးအခင်း။ ပဋလိ၊ တခဲနက် ပန်းပွင့်ရှိသော သားမွေးနီအခင်း။ ဝိကတိ၊ ခြသေ့်သစ်ကျားစသော အရုပ်တို့ဖြင့် ဆန်းကြယ်သော

---

၄-၅။ အဋ္ဌိသဒ္ဒါဖြင့်လူရိုးမှတပါးသောအရိုးများကိုသာ ယူရမည်ဟုသိ။ (ဘေသဇ္ဇက္ခန္ဓက။)

အဋ္ဌနိပြီးပြီ။

---

## ၂၅–အကပ္ပိယသယန

၂၅။ အကပ္ပိယသယနဂါထာ၊ မအပ်သောအိပ်ရာနေရာများကိုပြသည်။

၁–၂–၃။ အာသန္ဒိနှင့်ပလ္လင်္က ၂-မျိုးကို ဥစ္စာသယနဟုဆိုရမည်၊ အကြွင်းအားလုံးကိုမဟာသယနဟုဆိုရမည်၊ ပမာဏထက်လွန်သော နေရာကို အာသန္ဒိ, အခြေတို့၌ အသေတပ်ထားသော သားရဲရုပ်ရှိသော ညောင်စောင်းကို ပလ္လင်္ကဟုဆိုသည်။······“ဝါဠရူပါနိ‌တိ အဟာရိမာနိ

သားမွေးအခင်း။ ဥဒ္ဒလောမိ၊တဘက်သာအမွေးရှိသောသားမွေးအခင်း။ ဧကန္တလောမိကာ၊ နှစ်ဘက်အမွေးရှိသော သားမွေးအခင်း။ ။ကုဋ္ဋိ၊ တကျိပ်ခြောက်ယောက် က-လောက်သောသားမွေးအခင်း။ကောသေယျံ၊ ရွှေချည်ဖြင့် ချုပ်အပ်သော ပိုးချည်အခင်း။ ကဋ္ဋိဿံ၊ ပိုးချည်အတွင်း ရွှေချည်သွင်း၍ ရက်အပ်သောအခင်း။ ဟတ္ထိ-အဿ-ရထ-တ္ထရာ၊ ဆင်ကုန်းနှီး, မြင်းကုန်းနှီး, ရထားအခင်းတို့။ အဇိန-ပ္ပဝေဏိ၊ သစ်နက်ရေတို့ကို ညောင်စောင်းပမာဏ နှစ်ထပ်သုံးထပ်ချုပ်အပ်သော အခင်း။ ကဒလိ—မိဂ-ပ္ပဝရ အတ္ထရာ၊ ပိတ်ဖြူအထက် ဝံပိုင်ရေကြက်၍ လုပ်အပ်သော ဖြတ်သောအခင်း။ ။သ-လောဟိတ-ဝိတာနံ၊ ဗိတာန်မျက်နှာကြက်နီနှင့် တကွသော။ ဥဘတော-ရတ္တူ-ပဓာနကဉ္စ၊ ညောင်စောင်း၏ ခြေရင်း ခေါင်းရင်း–နီသောအုံးရှိသော အိပ်ရာ နေရာရင်း။ (ဣတိ၊—သို့။)အ-ကပ္ပိယာနိ၊—ကုန်သော။ဧတာနိ၊ဤနေရာတို့ကို။ပရိဘုဉ္ဇတော၊ သုံးဆောင်သောရဟန်းအား။ ဒုက္ကဋံ၊ - ၏။ (အချို့—သလောဟိတနှင့်ဥဘတောကိုခွဲ၍ ၂၀—ပြသည်၊ ဋီကာသစ်၌ ပေါင်း၍ပြသည်၊ ထို့ကြောင့် ၁၉—ဖြစ်သည်။)

၄။ အာသန္ဒာဒိတ္တယာ သေသေ၊ လဗ္ဘတေ ဂိဟိသန္တကေ။
ဓမ္မာသနေစ ဘတ္တဂ္ဂေ၊ ဃရေဝါပိ နိသီဒိတုံ။
ဘူမတ္ထရဏသခ်ေပေ၊ သယိတုဉ္စာပိ ကပ္ပတိ။ ။

၄။ ဓမ္မာ—သနေစ၊ တရားဟောနေရာ၌ရင်း။ ဘတ္တဂ္ဂေ၊ ဆွမ်းစားကျောင်း၌ရင်း။ဃရေဝါပိ၊အိမ်တွင်း၌ရင်း။အာသန္ဒာဒိ-တ္တယာ၊အာသန္ဒိ, တူလိ,ပလ္လင် သုံးခုတို့၏ အပေါင်းမှ။ သေသေ၊ကြွင်းသော။ ဂိဟိ–

ဝါဋ္ဋရူပါနိ” ဟူသော ဝိမတိကို ထောက်၍ ဟာရိမဝါဋ္ဋရူပ ရှိသော အသေမဟုတ် ခေတ္တအငှါးတပ်ထားသော ညောင်စောင်းကားအပ်၏ဟု အဓိပ္ပါယ်ရောက်သည်၊ လက်လေးသစ်ထက် လွန်သော အမွေးရှိသော မည်းသော ကော်ဇောကို ဂေါနှ( ဝါ—ဂေါနက )ဟုဆိုသည်၊လက်လေးသစ်အောက်ယုတ်မူ အပ်၏ဟု ဆိုကြသေး၏။ “စတုရင်္ဂုလတောဟိ ဦနာနိကိရဥဒ္ဒလောမိအာဒိသုပဝိသန္တိ”ဟု ဝိမတိ၌ဆိုရှိရကား အမွေး လက်လေးသစ်အောက် ယုတ်သော်လည်း မအပ်ဟု အဓိပ္ပါယ်ရသည်၊ ထိုဂေါနကစသော အကပ္ပိယအခင်းများကို ဘုံလျှိုအခွံ၌ ထည့်၍ အိပ်

သန္တကော၊ လူတို့၏ အခင်း၌။ နိသိဒိတုံ၊ ထိုင်ခြင်းငှါ။ လဗ္ဘတေ၊–၏။ ဘူမ-တ္ထရဏ–သင်္ခေပေ၊ မြေအခင်း၌ သွင်းခြင်း ရှိလတ်သော်။ ဝါ၊ မြေအခင်း၌သွင်းခြင်းရှိသော အိပ်ရာ၌။သယိတုံစာပိ၊ အိပ်ခြင်းငှါလည်း။ ကပ္ပတိ၊–၏။

၅။ စတုရံသပီဌာ သတ္တင်္ဂါ ပဉ္စင်္ဂိစ္စပါဒကာ။
တူလောနဒ္ဓါ စာရေယေဝ၊ မဉ္စပီဌာ နိသိဒိတုံ။ ။

၅။ ဥစ္စ-ပါဒကာ၊ မြင့်သော အခြေရှိကုန်သော။ စတု-ရံသ-ပီဌာ၊ လေး ထောင့် အင်းပျဉ်တို့သည်၎င်း။ သတ္တ-င်္ဂါ၊ အင်္ဂါ ခုနစ်ပါးရှိသော ညောင်စောင်း အင်းပျဉ်တို့သည်၎င်း။ ပဉ္စ-င်္ဂါ၊ အင်္ဂါ ငါးပါးရှိသော ညောင်စောင်း အင်းပျဉ်တို့သည်၎င်း။ ကပ္ပိယာ၊-ကုန်၏။ တူလော-နဒ္ဓါ၊ လဲဖြင့် ဖွဲ့ယှက်အပ်ကုန်သော။ မဉ္စ-ပီဌာ၊-တို့သည်။ စာရေယေဝ၊အိမ်၌ သာလျှင်။ နိသိဒိတုံဧဝ၊ ထိုင်ခြင်းငှါသာလျှင်။ ကပ္ပိယာ၊-ကုန်၏။

---

လျှင်အပ်သည်ဟု ဝိမတိဆို၏၊ အလုံးစုံနီသော ဗိတာန်သည်မအပ်၊ ၎င်း အောက်၌ကပ္ပိယအခင်းပင်ဖြစ်စေကာမူ မအပ်၊အထူးထူးသောအဆင်း ရှိသော သားရဲရုပ်တို့ဖြင့် ဆန်းကြယ်သော ဗိတာန်ကား အပ်၏၊ အပြူ စသော မျက်နှာကြက်ပင်ရှိသော်လည်း အောက်၌ မအပ်သော အခင်း ဖြစ်မူ မအပ်၊အပ်သောအခင်းဖြစ်မှအပ်သည်၊ ညောင်စောင်း၏ ခြေရင်း ခေါင်းရင်း၌ နီသောအုံးရှိသောအိပ်ရာ မအပ်၊ အုံးတခုတည်း ရှိသော အိပ်ရာဖြစ်မူ အနီစသော အဆင်းတို့ဖြင့် ဆန်းကြယ်သော်လည်း ပမာဏ နှင့်ယှဉ်မူအပ်၏၊ ပမာဏနှင့် ယှဉ်သော အုံးကို တူလောနဒ္ဓသိက္ခာပုဒ် ၌ဆိုခဲ့ပြီ။

၄။ ဓမ္မာသနစသောသုံးနေရာ၌အာသန္ဒီ,တူလိ,ပလ္လင်္ကသုံးမျိုးမအပ်၊ ထိုသုံးနေရာ၌ ခင်းထားအပ်သော ထိုသုံးမျိုးမှကြွင်းသော လူတို့၏ ဥစ္စာ ဖြစ်သော အခင်းများ၌ ထိုင်ရုံသာအပ်သည်၊ဓမ္မာသနစသည်၌ သံဃိက ပင်ဖြစ်သော်လည်း ဂေါနကစသည်ကို ရဟန်းတို့က မခိုင်းဘဲ အရာခံ စောင့်စသည်တို့က ကိုယ်တိုင်ခင်း၍ ကိုယ်တိုင်သိမ်းအံ့၊ ဂိဟိသန္တကက သို့ဝင်၏၊ ထိုင်ကောင်းသည်၊ ဤ၌ ဓမ္မာသနဟူသည် တခုခုသောနေရာ ကိုဆိုသည်၊ စာရဟူသည် ရွာတွင်းကို ဆိုသည်၊ ဘတ္တဂ္ဂ ဟူသည် ကျောင်း၌ လှူရာအရပ်ကိုဆိုသည်ဟု ဋီကာများဖွင့်ကြ၏၊ အာသန္ဒီဖြစ်မူ

၆။ စောဠဝါကုဏ္ဍပဏ္ဏာနံ၊ တိဏာနဉ္စဝ ပူရိတာ။
စိဝရန္တုပိယော ပဥ္စ၊ ဘိသိ သဗ္ဗတ္ထ ကပ္ပိယာ။ ။

၆။ စောဠ-ဝါကု-ဏ္ဍ-ပဏ္ဏာနံ၊အဝတ်,လျှော်,သားမွေး,သစ်ရွက်တို့ဖြင့်၎င်း။ တိဏာနဉ္စဝ၊ မြက်တို့ဖြင့်၎င်း။ ပူရိတာ၊ပြည့်စေအပ်ကုန်သော။ စိဝရ—န္တုပိယော၊ သက်နီးအလွှမ်းရှိကုန်သော။ ပဥ္စ၊ ငါးမျိုးကုန်သော။ ဘိသိ၊—တို့သည်။သဗ္ဗတ္ထ၊ အလုံးစုံသောနေရာတို့၌။ ကပ္ပိယာ၊-ကုန်၏။

---

အခြေဖြတ်, ပလ္လက်ဖြစ်မှု သားရဲရုပ်ဖျက်, တူလိ ဖြစ်မှု လဲထုတ်၍ သုံးဆောင်ကောင်းသည်၊ ကြွင်းသော ဂေါနက စသော အခင်းများကို မြေအခင်းပြု၍ သုံးဆောင်လျှင်အပ်သည်ဟုသိ။

၅။ လေးထောင့်စပ်စပ် အင်းပျဉ်သည် ပမာဏထက် လွန်သော် လည်း( ဝါ )မြင့်သော အခြေရှိသော်လည်းအပ်၏။ (သေနာသနက္ခန္ဓက အဋ္ဌကထာ )။ဥစ္စပါဒကာဟူသော ဝိသေသနသည် သတ္တင်္ဂ, ပဥ္စင်္ဂတို့ကို လည်း အထူးပြုသည်၊ ထို့ကြောင့်လေးထောင့်စပ်စပ်သတ္တင်္ဂ,ပဥ္စင်္ဂတို့ကား ၈ုစ်သစ်ထက် အခြေရှည်သော်လည်းအပ်၏၊အလျားရှည်မှုမအပ် ဟု ဝိမတိဆို၏၊ သတ္တင်္ဂညောင်စောင်းဟူသည် အရပ်သုံးမျက်နှာ တို့၌ အမှီသုံးခုနှင့် ခြေထောက်လေးခု ပေါင်း ခုနစ်ခုသော အင်္ဂါရှိသော ညောင်စောင်းကို ဆိုသည်၊ အမှီသုံးခု အရ နောက်မှီသက်သက် တခု လက်တင်နှစ်ခုကိုယူကြ၏၊ ပဥ္စင်္ဂကားအမှီသက်သက်တခုနှင့်ခြေလေးခု ရှိသောညောင်စောင်းတည်း ။''သတ္တင်္ဂေ ါနာမ တီသု ဒိသာသု အပဿယံ ကတွာ ကတမဉ္စော၊ အယံပိ ပမာဏာတိက္ကန္တော ဝဋ္ဋတိ''ဟု အဋ္ဌကထာ သာမညဆို၏။

၆။ စောဠ-အဝတ်ဘိသိ၊ဝါက—လျှော်ဘိသိ၊ ဥဏ္ဏ-သားမွေးဘိသိ၊ ပဏ္ဏ—သစ်ရွက်ဘိသိ၊ တိဏ—မြက်ဘိသိ၊ ပုဆိုးတို့ကို ထည့်၍လုပ်သော ဘုံလျှိုကို စောဠဘိသိခေါ်သည်၊ ထို့အတူ လျှော်အမျိုးမျိုးကို ထည့်၍လုပ်သော ဘုံလျှိုကို ဝါကဘိသိ၊ လူမွေးမှတပါးသော၄က်မွေး စသော သားမွေးတို့ကိုထည့်၍လုပ်သော ဘုံလျှိုကိုဥဏ္ဏဘိသိ၊[ကမ္ဗလာ ကော်ဇောကို လေးငါးခေါက် ခေါက်၍ ထည့်လုပ်သော ဘိသိကို လည်း ဥဏ္ဏဘိသိ ခေါ်သည်။] ပန်းညိုရွက်သက်သက်ကိုဖယ်ထား၍ ကြွင်းသစ်ရွက်များကိုထည့်၍လုပ်သော ဘုံလျှိုကို ပဏ္ဏဘိသိ၊ [ပန်းညို

၇။ တူလတ္တယံ ဘိသိဂဏ္ဍော၊ လောမာနိ မိဂပက္ခိနံ။
ဗိမ္ဗောဟနေ အနုညာတံ၊ တူလဝဇ္ဇံ မသူရကော။ ။

၇။ တူလ တ္တယံ၊ လဲသုံးမျိုးတို့၏ အပေါင်းကိုရင်း။ ဘိသိ-ဂဏ္ဍော၊ ဘုံလျို အစာငါးပါးကိုရင်း။ မိဂ-ပက္ခိနံ၊ သား,ငှက်တို့၏။ လောမာနိ၊—တို့ကိုရင်း။ ဗိမ္ဗောဟနေ၊ ခေါင်းအုံး၌။ အနုညာတာနိ၊ ခွင့်ပြုအပ်ကုန်၏။ တူလ—ဝဇ္ဇံ၊ လဲသုံးမျိုးသည် ကြဉ်အပ်သော အစာခြောက်မျိုးကို။မသူရ ကော၊ သားရေလွှမ်းသောဘုံလျို၌။ အနုညာတံ၊—၏။

၈။ မနုဿလောမဥဏ္ဏာယံ၊ ပဏ္ဏေ ပုပ္ဖံ တမာလကံ။
သုဒ္ဓံ န အာသနေ့ဝေ၊ လဗ္ဘမပ္ပဋိဝေက္ခိတ န္တိ။ ။

၈။ ဥဏ္ဏာယံ၊ သားမွေးဘုံလျို၌။ မနုဿ—လောမံ၊ လူမွေးကိုရင်း။ ပဏ္ဏေ၊ သစ်ရွက်ဘုံလျို၌။သုဒ္ဓံ၊ သက်သက်သော။ တမာလကံ၊ပန်းညိုရွက်ကိုရင်း။ ပုပ္ဖံ၊ ပန်းပွင့်ကိုရင်း။ အ—ပ္ပဋိဝေက္ခိတံ၊ မသုံးသပ် မဆင်ခြင်အပ်သော။ အာသနေ့ဝေ၊ (တွန့်လိပ်ဖောင်းပွသော)နေရာကို ရင်း။နလဗ္ဘံ၊ (ထိုင်ခြင်းငှါ)မရအပ်။……ဣတိ၊ဤကား အကပ္ပိယသယန အပြီးတည်း။

---

ရွက်ကား တပါးသော သစ်ရွက်နှင့်ရောမှု အပ်သည်၊ပန်းညိုရွက်သက် သက်သာ မအပ်ဟု သိ။] မြက်အမျိုးမျိုးကိုထည့်၍လုပ်သော ဘုံလျိုကို တိဏဘိသိ ခေါ်သည်၊ သဗ္ဗတ္ထအရ ညောင်စောင်း,အင်းပျဉ်,ဆွမ်းစား ကျောင်း, ရွာတွင်းစသည်ကိုယူ၊ ဘိသိတို့၏ပမာဏကား မရှိ၊ ညောင် စောင်း စသည်တို့အားလျော်စွာ ပမာဏကိုပြုအပ်သည်။

၇။ လဲသုံးမျိုး,ဘုံလျိုအစာငါးမျိုး,သားကောင်နှင့် ငှက်တို့၏ အမွေး တမျိုး ဤကိုးမျိုးသွတ်သောခေါင်းအုံးသည် အပ်၏၊ လဲသုံးမျိုးကိုကြဉ်၍ ကျန် ခြောက်မျိုးကိုသွတ်သော သားရေအခွံရှိသော ဘုံလျို အပ်သည်၊ ဘုံလျို၌ လဲမအပ်ဟု သိ။

၈။ ဥဏ္ဏာဘိသိ၌ လူမွေးမအပ်၊ ပဏ္ဏာဘိသိ၌ ပန်းညိုရွက်သက်သက် နှင့် ပန်းပွင့်သက်သက် မအပ်၊ ဖောင်းပွ နေသော နေရာဖြစ်မူ လက် စသည်ဖြင့် မစမ်းသပ်ဘဲ မထိုင်အပ်ဟု သိ။

· အကပ္ပိယသယန ပြီးပြီ။

## ၂၆–သမာနာသနိကောပိစာတိ

၁။ တိဝဿန္တရာနုညာတံ၊ ဘိက္ခုနမေကမာသနံ။
သတ္တဝဿ တိဝဿေဟိ၊ ပဥ္စဝဿော နိသီဒိတုံ။ ။

## ၂၆။ သမာနာသနိကောပိစာတိ၊ ဟူသည်။

၁။ တိဝဿ–န္တရော၊ သုံးဝါအတွင်းရှိသော ရဟန်းသည်။ဝါ၊သုံးဝါအတွင်း ရဟန်းနှင့်။သဒ္ဓိံ၊–ကွ။ဧက-မာသနံ၊ ( ညောင်စောင်းစသော ) တနေရာတည်း၌ နှစ်ပါးနေခြင်းကို။ဘိက္ခုနံ၊–တို့အား။အနုညာတံ၊–၏။ (တတောဧဝ၊ ထို့ကြောင့်သာလျှင်။) ပဥ္စ–ဝဿော။ ငါးဝါရသော ရဟန်းသည်။ သတ္တဝဿ–တိဝဿေဟိ၊ခုနစ်ဝါရ,သုံးဝါရ ရဟန်းတို့နှင့်။(သဒ္ဓိံ၊–ကွ။)နိသီဒိတုံ၊-ဌါ။ ဝဋ္ဋတိ၊–၏။

၂။ ထပေတွာ ပဏ္ဍကံ ဇာတ္တိံ၊ ဥဘတောဗျဉ္စနံ မုနိ၊
ဒီဃာသနေ အနုညာသိ၊ သဗ္ဗေဟေဝ နိသီဒိတုံ။ ။

၂။ ပဏ္ဍကံ၊–ကိုရင်း။ ဇာတ္တိံ၊–ကိုရင်း။ ဥဘတောဗျဉ္စနံ၊–ကိုရင်း။ ထပေတွာ၊–၍။ သဗ္ဗေဟေဝ၊ အလုံးစုံသော သူတို့နှင့် တကွ သာလျှင်။ ဒီဃာ-သနေ၊ ရှည်သောနေရာ၌။နိသီဒိတုံ၊–ဌါ။မုနိ၊မြတ်စွာဘုရားသည်။ အနုညာသိ၊–ပြီ။

---

## ၂၆–သမာနာသနိက

၂၆။ သမာနာသနိက၊ နေရာတူ နေကောင်း မနေကောင်းကို ပြသည်။

၁။ ဝါတူ တဝါကြီး တဝါငယ် နှစ်ဝါကြီး နှစ်ဝါငယ်သော ရဟန်းများကို တိဝဿန္တရ ခေါ်သည်၊ သမာနာသနိကလည်း ခေါ်သည်။...... "တိဝဿန္တရော နာမ ယော ဒွိဟိ ဝဿေဟိ မဟန္တတရောဝါ ဒဟရောဝါ ဟောတိ ယောပန ဧကေန-ပ-နတ္တိ" ဟူသော သေနာသနက္ခန္ဓက အဋ္ဌကထာကိုထောက်၊ ၎င်း တိဝဿန္တရ ရဟန်းချင်း ညောင်စောင်း အင်းပျဉ်စသော အဒီဃာသန၌ နှစ်ပါးထိုင်ကောင်းသည်၊ အနုပသမ္ပန္နနှင့်လည်း ထိုင်ကောင်းသည်ဟု အဋ္ဌကထာဆို၏။

၃။ အန္တံ ဒိဃာသနံ တိဏ္ဏံ၊ ယံ ပဟောတိ နိသီဒိတုံ။
မဇ္ဈေကေဝါပိ ဗိဠ္ဌေဝါ၊ ဒွိန္နံ လဟ္တုံ နိသီဒိတုန္တိ။ ။

၃။ ယံ၊ အကြင်နေရာသည်၊ တိဏ္ဏံ၊ သုံးယောက်ကုန်သော ရဟန်းတို့အား။ နိသီဒိတုံ၊–ငှါ။ ပဟောတိ၊ လောက်၏။ တံ၊–သည်။ အန္တံ၊ အယုတ်ဆုံးဖြစ်သော။ ဒီဃာ သနံ၊ နေရာရှည် မည်၏။ မဇ္ဈေကေဝါပိ၊–ဌ်ငင်း။ ဗိဠ္ဌေဝါ၊–ဌ်ငင်း။ ဒွိန္နံ၊ ရဟန်းနှစ်ပါးတို့အား။ နိသီဒိတုံ၊–ငှါ။ လဟ္တုံ၊–၏။……ဣတိ၊ ဤကား သမာနာသနိက အပြီးတည်း။

## ၂၇–အသံဝါသိကဝေါစတိ

၁။ ဥက္ခိတ္တာနုပသမ္ပန္နော၊ ဘိက္ခုနီ သိန္နမူလကော။
နာနာသံဝါသ နိသီမ၊ ဋ္ဌိတ ဝေဟာသ သင္ဂိတာ။
ဧကာဒသ အဘဗ္ဗာစ၊ အသံဝါသာတိ ဒိပိတာတိ။ ။

## ၂၇။ အသံဝါသိကဝေါစတိ၊ ဟူသည်။

၁။ ဥက္ခိတ္တော၊–ကိုငင်း။အနုပသမ္ပန္နော၊(သိက္ခမာန်,သာမဏေ ထီး-မ,သိက္ခာချသောသူဟူသော) အနုပသမ္ပန္နကိုငင်း။ ဘိက္ခုနီ၊–ကိုငင်း။ သိန္န–မူလကော၊ ပါရာဇိကကျသော ရဟန်းကိုငင်း။ နာနာသံဝါသ–နိသီမ-ဋ္ဌိတ-ဝေဟာသ-သင္ဂိတာ၊ (ဥက္ခိတ္တာနုဝတ္တကဟု ဆိုအပ်သော) လဒ္ဓိနာနာသံဝါသက ရဟန်း, သိမ်ပ၌ တည်သော ရဟန်း, ကောင်းကင်၌ တည်သော ရဟန်းတို့ကိုငင်း။ ဧကာဒသ၊–ကုန်သော။ အဘဗ္ဗာစ၊–တို့ကိုငင်း။ အသံဝါသာတိ၊–တို့ဟူ၍။ ဒိပိတာ၊ ပြဆိုအပ်ကုန်၏။……ဣတိ၊ ဤကား အသံဝါသိက အပြီးတည်း။

---

၂။ ပဏ္ဍုက်,မိန်းမ, ဥဘတောဗျည်း သုံးယောက်နှင့် ဒီဃာသနၥ်သော်လည်း မထိုင်ကောင်း၊ ၎င်းသုံးယောက်မှ ကြွင်းသော သူအားလုံးနှင့်ကား ထိုင်ကောင်းသည်။

၃။ အယုတ်ဆုံး သုံးယောက်ထိုင်လောက်သော နေရာရှည်ကိုဒီဃာသနခေါ်သည်၊ မဇ္ဈေကေဝါပိ ဟူသော စကားရပ်ဖြင့် သမာနာသနိက ရဟန်းတို့ ထိုင်ကောင်းသည်ကို ပြသည်ဟု သိ။

သမာနာသနိကပြီးပြီ။

## ၂၀–ကမ္မန္တိ

၁။ ဝဂ္ဂေန အဓမ္မကမ္မံ၊သမဂ္ဂေန အဓမ္မိကံ။
ဝဂ္ဂေန ဓမ္မကမ္မဉ္စ၊သမဂ္ဂေနစ ဓမ္မိကံ။
စတုဓွံ ယေဝါဟုညာတံ၊ သေသကမ္မေသု ဒုက္ကဋံ။ ။

## ၂၀။ ကမ္မန္တိ၊ ဟူသည်။

၁။ ဝဂ္ဂေန-အဓမ္မ-ကမ္မံ၊ ဝဂ်ဖြစ်သော သံဃာသည် ပြုအပ်သော အဓမ္မကံဒင်း။ သမဂ္ဂေန-အဓမ္မိကံ၊ သမဂ္ဂသံဃာသည် ပြုအပ်သော အဓမ္မကံဒင်း။ ဝဂ္ဂေန-ဓမ္မကမ္မဉ္စ၊ဝဂ်ဖြစ်သော သံဃာသည်ပြုအပ်သော ဓမ္မကံဒင်း။ သမဂ္ဂေနစ–ဓမ္မိကံ၊ သမဂ္ဂသံဃာသည် ပြုအပ်သော ဓမ္မကံဒင်း။ (ဣတိ၊-သို့။ စတ္တာရိ၊–တို့သည်။ ဟောန္တိ၊-ကုန်၏။ တေသု၊ ထို လေးပါးတို့တွင်။) စတုဓွံယေဝ၊ စတုတ္ထ ဖြစ်သော ကံကိုသာလျှင်။ အနုညာတံ၊–အပ်၏။ သေသ-ကမ္မေသု၊-တို့၌။ ဒုက္ကဋံ၊-၏။

---

## ၂၇–အသံဝါသိက

၂၇။ အသံဝါသိက၊ ကံမပြုကောင်းသောပုဂ္ဂိုလ်တို့ကို ပြသည်။

၁။ ကမ္မနာနာသံဝါသက ဖြစ်သော ဥက္ခိတ္တက ရဟန်း ၃-ယောက်၊ အနုပသမ္ပန္နဖြစ်သော သိက္ခမာန်,သာမဏေထီး,သာမဏေမ, သိက္ခာချသောသူ ၄-ယောက်၊ အန္တိမဝတ္ထု အဇ္ဈာပန္န ဖြစ်သော ဆိန္နမူလက ရဟန်း ၁-ယောက်၊ ဥက္ခိတ္တာနုဝတ္တကဖြစ်သော လဒ္ဓိနာနာသံဝါသက ရဟန်း, နိဿီမဋ္ဌိတရဟန်း,ဝေဟာသ သံဌိတရဟန်း, ၃- ယောက်၊ အဘဗ္ဗရဟန်း ၁၁-ယောက်၊ ဤ ၂၂-ယောက်တို့တွင် ဥက္ခိတ္တကရဟန်း ၃-ယောက်ရှိလျှက် ဥပုသ်ကံပြုအံ့၊ပါစိတ်၊ နိဿီမဋ္ဌ,ဝေဟာသ သံဌိတ ရဟန်း ၂–ယောက်နှင့် အတူပြုအံ့၊ ကံပျက်၏၊ ဒုက္ကဋ်လည်း သင့်၏၊ အကြွင်း ၁၇–ယောက်တို့နှင့် အတူပြုအံ့၊ ဒုက္ကဋ်သာဟု သိ။ ။(ဥပေါသထက္ခန္ဓက။)

အသံဝါသိက ပြီးပြီ။

၂။ စတုဝဂ္ဂေါ ပဉ္စဝဂ္ဂေါ၊ ဒသ ဝီသတိ ဝဂ္ဂိကော။
တိရေကဝီသတိဝဂ္ဂေါ၊ ပဉ္စသံဃာ ဝိဘာဝိတာ။ ။

၂။ စတု–ဝဂ္ဂေါ၊ ရဟန်းလေးပါးတို့၏ အပေါင်းဖြစ်သော သံဃာရင်း။ ပဉ္စ–ဝဂ္ဂေါ၊–ရင်း။ ဒသ–ဝီသတိ-ဝဂ္ဂိကော၊ ရဟန်းဆယ်ပါး, နှစ်ဆယ်တို့၏ အပေါင်းဖြစ်သော သံဃာရင်း။ အတိရေက–ဝီသတိ–ဝဂ္ဂေါ၊ နှစ်ကျိပ်ထက် လွန်သော ရဟန်းတို့၏အပေါင်းဖြစ်သော သံဃာရင်း။ (ဣတိ၊–သို့။) ပဉ္စသံဃာ၊ ဝဂ်အားဖြင့်သံဃာငါးမျိုးတို့ကို။ ဝိဘာဝိတာ၊ အထူးပြအပ်ကုန်၏။

၃။ စတုဝဂ္ဂေတ္ထ အဋ္ဌာနု၊ ပသမ္ဘဒပ္ပဝါရဏာ။
ပဉ္စဝဂ္ဂေါစ အဋ္ဌာနံ၊ မဇ္ဈဒေသုပသမ္ပဒံ။ ။

၄။ ဒသဝဂ္ဂေါစ အဋ္ဌာနံ၊ ထပေတွာ သဗ္ဗကမ္မိကော။
ဣတရော သဗ္ဗကမ္မေသု၊ ကမ္မပ္ပတ္တောတိ ဒီပိတော။ ။

၃–၄။ ဧတ္ထ၊ ဤသံဃာ ငါးမျိုးတို့တွင်။ စတု–ဝဂ္ဂေါ၊ စတုဝဂ်သံဃာသည်။ အဋ္ဌာနု-ပသမ္ပဒ–ပ္ပဝါရဏာ၊ အဗ္ဘာနကံ, ဥပသမ္ပဒကံ,

---

## ၂၈–ကမ္မ

### ၂၀။ ကမ္မ၊ ကံအမျိုးမျိုးကိုပြသည်။

၁။ ဝဂ္ဂသဒ္ဒါ အပေါင်းအစုဟူသော အနက်ကိုဟော၏၊ အပေါင်းအစုပျက်လျှင် ဝဂ်မဟုတ်၊ ထိုအပေါင်းအစုသည် လေးယောက်အစုဖြစ်သော စတုဝဂ်စသည်ဖြင့် ၅-မျိုးပြား၏၊ အောက်ဂါထာ၌ ပြဆိုလတ္တံ့၊ ထိုစတုဝဂ်စသော သံဃာသည် ပြုအပ်သောကံတို့၌ ကံအားလျောက်ပတ်ကုန်သော ရဟန်းတို့၏ မျက်မှောက်သို့ မရောက်ခြင်း, ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကိုမဆောင်ခြင်း, မျက်မှောက် ရောက်လာသော ရဟန်းက တားမြစ်ခြင်း သုံးပါးတို့တွင် တပါးပါးဖြင့်လည်း ဝဂ်ဖြစ်၏၊ ဝဂ်မဖြစ်လျှင် သမဂ္ဂဖြစ်၏ဟုမှတ်၊ ဉတ္တိကံကို ဉတ်ထား၍ ပြုခြင်းစသော မိမိကံအလျောက်ပြုခြင်းကို ဓမ္မကံခေါ်သည်၊ ဉတ္တိဒုတိယကံကို ဉတ်နှစ်ကြိမ်ပြုခြင်းစသော မိမိကံမှတပါးသော အခြင်းအရာအားဖြင့် ပြုခြင်းကို အဓမ္မကံခေါ်သည်ဟုမှတ်၊ သမဂ္ဂဓမ္မကံမှကြွင်းသော ကံသုံးပါးတို့၌ ကံပျက်ခြင်းကြောင့် ဒုက္ကဋ်ဟုသိ။

ပဝါရဏာကံတို့ကို။ ထပေတွာ၊–၍။ သဗ္ဗ-ကမ္မိကော၊ အလုံးစုံသော ကံအားလျော်က်ပတ်၍။ ပဉ္စဝဂ္ဂေါ၊ သည်လည်း။ အဗ္ဘာနံ၊-ကံကို ၎င်း။ မဇ္ဈ–ဒေသေ၊ မဇ္ဈိမအရပ်၌။ ဥပသမ္ပဒံ၊-ကံကို၎င်း။ ထပေတွာ၊-၍။ သဗ္ဗ-ကမ္မိကော၊–၏။ ။ဒသ–ဝဂ္ဂေါ၊–သည်လည်း။ အဗ္ဘာနံ၊–ကို။ ထပေတွာ၊-၍။ သဗ္ဗ-ကမ္မိကော၊-၏။ ဇာတရော၊ ဆိုအပ်ပြီးသည်မှ တပါးသော ဝီသတိဝဂ်သံဃာ, အတိရေကဝီသတိဝဂ် သံဃာသည်။ သဗ္ဗ–ကမ္မေသု၊–တို့၌။ ကမ္မ-ပ္ပတ္တော၊ ကံအားလျော်က်ပတ်၍။ ဇာတိ၊–သို့။ ဒိပိတော၊ ပြအပ်၏။

၅။ စတုဝဂ္ဂေန ကတ္တဗ္ဗေ၊စတ္တာရော ပကတတ္တကာ။
ကမ္မပ္ပတ္တာ ပရေ ဆန္ဒာ၊ရဟာ သေသေပျယံ နယော။ ။

၅။ စတု -ဝဂ္ဂေန၊–သည်။ ကတ္တဗ္ဗေ၊ ပြုအပ်သောကံ၌။စတ္တာရော၊– ကုန်သော။ပကတတ္တကာ၊(မကောင်းကောသောကိုယ်ရှိသော)ပကတတ် ရဟန်းတို့သည်။ ကမ္မ–ပ္ပတ္တာ၊–ကုန်၏။ ပရေ၊တပါးကုန်သော( ဆိမ်တခု တည်း၌တည်ကုန်သော )ပကတတ် ရဟန်းတို့သည်။ ဆန္ဒာရဟာ၊ ဆန္ဒ ထိုက်ကုန်၏။ သေသေပိ၊ ကြွင်းသော ( ပဉ္စဝဂ်စသည်တို့သည် ပြုအပ် သော)သံဃာ့ကံ၌လည်း။ အယံ–နယော၊ ဤနည်းတည်း။

---

**၂။ စတုဝဂ္ဂေါ**······ဂါထာဖြင့် သမဂ္ဂမေ့ကံပြုကောင်းသော သံဃာ ကိုပြသည်၊

၃-၄။ စမ္ပေယျက္ခန္ဓက၊ဝီသတိဝဂ်သံဃာဖြင့်ကံအားလုံးပြီးကောင်း လျက် ဘယ်အတွက် အတိရေကဝီသတိဝဂ်သံဃာကို ဆိုသနည်းဟု မေး၊ ပြီးကောင်းသည်မှန်သော်လည်း စတုဝဂ်သံဃာစသည် ပြုအပ် သော ကံသည် ယုတ်လျော့၍ ပြုမှု မအပ်၊လွန်မှုအပ်၏ဟူသော အဓိပ္ပါယ် ကိုသိစေလို၍ ဆိုသည်ဟုဖြေ၊

**၅။ စတုဝဂ္ဂေန** ····ဂါထာဖြင့် ကမ္မပ္ပတ္တ,ဆန္ဒာရဟ ၂–မျိုးကို ပြသည်၊ ပါရာဇိကစသည်သို့ မရောက်သော ကြောင့် ပြကတေ့အားဖြင့်တည်သော ကိုယ်ရှိသောရဟန်း၊ တနည်း– ကံတို့၌ မကောင်းကောသော ကိုယ်ရှိသော ရဟန်းမျိုးကို ပကတတ် ရဟန်းခေါ်သည်၊ ပါရာဇိကကျသောရဟန်းနှင့် ဥက္ခိတ္တ, ဥက္ခိတ္တာနု

၆။ စတုဝဂ္ဂါဒိကတ္တပ္ပံ၊ အသံဝါသကမ္မာရဟာ။
ဂရုကဋ္ဌေသွညတရံ၊ ကတ္ဝာန ဂဏပူရကံ။
ပရိဝါသာဒိကံ ကမ္မံ၊ ကတံ ကုပ္ပဥ္စ ဒုက္ကဋံ။ ။

၆။ စတု-ဝဂ္ဂါဒိ-ကတ္တပ္ပံ၊ စတုဝဂ် သံဃာစသည်သည် ပြုအပ်သော။ ပရိဝါသာ-ဒိကံ၊-ရှိသော။ ကမ္မံ၊-ကို။ အသံဝါသ-ကမ္မာရဟာ-ဂရုကဋ္ဌေသု၊ အသံဝါသ ရဟန်း, ကံထိုက်သော ရဟန်း, ဒဏ်သား ရဟန်းတို့တွင်။ အညတရံ၊ တပါးပါးကို။ ဂဏ-ပူရကံ၊ ဂိုဏ်းပြည့်ကို။ ကတွာန၊-၍။ ကတံ၊ ပြုမိအံ့။ ကုပ္ပဥ္စ၊ ကံလည်းပျက်၏။ ဒုက္ကဋဥ္စ၊-၏။

၇။ အဓမ္မကမ္မံ ဝါရေယျ၊ အန္တရာယေ ဒုဝေ တယော။
ဒိဋ္ဌာဝိမေကောဝဓိဋ္ဌာနံ၊ ဝါရေန္တော ဝံ တတောဓိကာ။ ။

၇။ အန္တရာယေ၊( အသက်, သာသနာ နှစ်ဖြာသော ) အန္တရာယ်သည်၊ အ-သတိ၊ မရှိသော်။ အဓမ္မ-ကမ္မံ၊-ကို။(ဧကောပိ၊ တပါးတည်းဖြစ်သော်လည်း။)ဝါရေယျ၊ တားမြစ်ရာ၏။ အန္တရာယေ၊-သည်။ သတိ၊-သော်။ ဒုဝေ-တယော၊ နှစ်ပါး, သုံးပါးတို့သည်။ ဒိဋ္ဌိံ၊ မိစ္ဆာအယူကို။

---

ဝတ္တကရဟန်း ၃-မျိုးမှကြွင်းသော ရဟန်းတို့ကို ပကတတ်ရဟန်း ခေါ်သည်၊ ထိုပကတတ်ရဟန်းကား ကမ္မပ္ပတ္တရဟန်း, ဆန္ဒာရဟရဟန်းဟု ၂-မျိုးပြား၏၊ သိမ်တခုတည်း၌ ဟတ္ထပါသ်အတွင်း ရောက်သော ရဟန်းကို ကမ္မပ္ပတ္တ, မရောက်သော ရဟန်းကို ဆန္ဒာရဟရဟန်းခေါ်သည်ဟုသိ။

၆။ **စတုဝဂ္ဂါဒိ**......ဂါထာဖြင့် ကံပျက်မပျက်, အာပတ်သင့်မသင့်ကို ပြသည်။......အသံဝါသရဟန်းနှင့် ကံထိုက်သော ရဟန်းကို ဂဏပူရကပြု၍ စတုဝဂ်စသော ကံပြုအံ့၊ကံလည်းပျက်, ဒုက္ကဋ်အာပတ်လည်းသင့်၏၊ ကံထိုက်သော ရဟန်းအရ ဒဏ်သား ရဟန်းမှတပါးသော ရဟန်းကိုယူ၊ဒဏ်သားရဟန်းကို ဂဏပူရကပြု၍ ပရိဝါသ်စသော ကံပြုအံ့၊ ကံလည်း ပျက်လည်းပျက်, ဒုက္ကဋ်အာပတ်လည်းသင့်၏၊နိက္ခိတ္တဝတ်ပြုထားမှ ပကတတ်အရာ၌တည်သောကြောင့် ဂဏပူရကပြုကောင်းသည်ဟုသိ။

အာဝိ၊ ထင်ရှား။ (ကရေယျုံ၊ အချင်းချင်းပြုကုန်ရာ၏။ )ဧကော၊ တပါးတည်းဖြစ်မှု။အဓိဋ္ဌာန်၊ ငါမနှစ်သက်ဟုဆောက်တည်မှုကို။(ကရေယျ၊-၏။)တတော၊ထိုသုံးပါးထက်။အဓိကာ၊လွန်ကုန်လတ်သော်။ဝါရေတွေဝ၊ တားမြစ်ကုန်ရမည်သာတည်း။

ဂ။ ကမ္မာရဟာ အသံဝါသာ ဝိတ္တစိတ္တ ဒုခဋ္ဌိတာ။
ဧတေသံ သံဃမဇ္ဈမှိ၊ပဋိက္ခေပေါ န ရူဟာတိ။ ။

ဂ။ ကမ္မာ-ရဟာ၊ ကံ ထိုက်ကုန်သော ရဟန်းတို့ရင်း။အသံဝါသာ၊-တို့ရင်း။ ဝိတ္တ-စိတ္တ,ဒုခဋ္ဌိတာ၊စိတ်ပြန့်လွင့်သောရဟန်း, ရောဂါ နှိပ်စက်သော ရဟန်းတို့ရင်း။ ဧတေသံ၊ ဤရဟန်းလေးဦးတို့၏။ သံဃ-မဇ္ဈမှိ၊-၌။ ပဋိက္ခေပေါ၊ ပယ်မြစ်ခြင်းသည်။ န-ရူဟာတိ၊ (ယူအပ်သည့် အဖြစ်သို့) မရောက်။

ဇ။ ပကတတ္တေကသီမဋ္ဌ၊ သမသံဝါသဘိက္ခုနော။
အာရောစေန္တဿ ဉတ္တိမသော၊ နတ္တိရသောပိ ရူဟာတိ။ ။

ဇ။ အနန္တိမသော၊ ယုတ်စွပိုင်းခြား အောက်ထစ်အားဖြင့်၊ အနန္တိရသောပိ၊ အခြားမဲ့ရဟန်းအားလည်း။အာရောစေန္တဿ၊ (မိမိအယူကို) ပြောကြားလတ်သော်။ ပကတတ္တေ-ကသီမဋ္ဌ-သမသံဝါသ-ဘိက္ခုနော၊

---

၇။ အသက်အန္တရာယ်, သာသနအန္တရာယ် တခုခုမရှိလတ်သော် အယုတ်ဆုံး တပါးတည်းပင်ဖြစ်သော်လည်း အဓမ္မကံကို တားမြစ်ရမည်၊ မတားမြစ်က ဒုက္ကဋ်၊ အန္တရာယ်ရှိလတ်သော် နှစ်ပါးသုံးပါးဖြစ်အံ့၊ ဤကံသည် အဓမ္မကံဖြစ်သည်ဟု မိမိ၏အယူကို အချင်းချင်းပြောရမည်၊ တပါးတည်းဖြစ်မှု ထိုကံကို ငါမနှစ်သက်ဟု အဓိဋ္ဌာန်ပြုရမည်၊သုံးပါးထက်လွန်၍ လေးပါး ငါးပါးစသည်ဖြစ်မူ တားမြစ်ရမည်သာဟုမှတ်။

**ဂ။ ကမ္မာရဟာ**……ဂါထာဖြင့် ပယ်မြစ်ရာ မရောက်ကောင်းသော ပုဂ္ဂိုလ်တို့ကိုပြသည်။……ကံပြုခံရသော ရဟန်း, ၂၂-ယောက်သော အသံဝါသရဟန်း, ဝိတ္တစိတ္တရဟန်း, (ဤဝိတ္တစိတ္တရဟန်းဖြင့် ဥမ္မတ္တကရဟန်းကိုလည်းယူ၊ ပါဠိတော်၌ ဥမ္မတ္တကရဟန်းကို သီးခြား ဆိုထားသည်ကို ထောက်သည်၊) ဒုက္ခဋ္ဌိတရဟန်း-ဤရဟန်း လေးမျိုးတို့ကိုပယ်မြစ်ခြင်းကားပယ်မြစ်ရာမရောက်။(စမ္မေယျက္ခန္ဓက။)

ပကတတ်ဖြစ်သော တသိမ်တည်း၌တည်သော သံဝါသရှိသောရဟန်း၏။ (ပဒိုကွေပေါ၊-သည်။) ရှုဟာတိ၊ ရောက်၏။

၁၀။ ကောပေတုံ ခမ္ဘိကံ ကမ္မံ၊ ပဒိုက္ကောသေယျ သမ္မုခါ။
တိရောက္ခာ ကာယသာမဂ္ဂိံ၊ ဆန္ဒံ နော ဒေယျ ဒုက္ကဋံ။ ။

၁၀။ ခမ္ဘိကံ၊-သော။ ကမ္မံ၊-ကို။ ကောပေတုံ၊ ပျက်စေခြင်းငှါ။ သမ္မုခါ၊ မျက်မှောက်၌။ ပဒိုက္ကောသေယျ၊ တားမြစ်အံ့။ တိရောက္ခာ၊ မျက်ကွယ်၌။ ကာယ-သာမဂ္ဂိံ၊ ကိုယ်၏ညီညွတ်ခြင်းကိုဝင်း။ ဆန္ဒံ၊-ကိုဝင်း။ နော ဒေယျ၊ မပေးငြားအံ့။ ဒုက္ကဋံ၊-၏။…… ဿတိ၊ ဤကား ကံ အပြီး တည်း။

---

## ၂၉–မိဿာဒိဋ္ဌိဝ ဝိဝဍ္ဎနဝတိ

၁။ ဒါရုံ ဝေဠုံ ဖလံ ပုပ္ဖံ၊ ရုက္ခံ နှာန မုခေါဒကံ။
မတ္တိကာ ဒန္တကဋ္ဌာဒိံ၊ နှ ဒဒေ ကုလသင်္ဂဟာ။ ။

## ၂၉။ မိဿာဒိဋ္ဌိဝ ဝိဝဍ္ဎနဝတိ၊ ဟူသည်။

၁။ ဒါရုံ၊ သစ်သားကိုဝင်း။ ဝေဠုံ၊ ဝါးကိုဝင်း။ ဖလံ၊ သစ်သီး ကိုဝင်း။ ပုပ္ဖံ၊ ပန်းပွင့်ကိုဝင်း။ ရုက္ခံ၊ ဆပ်ပြာ-ကာသယ်မှုန့်ကိုဝင်း။ နှာန-မုခေါဒကံ၊ ချိုးရေ,မျက်နှာသစ်ရေကိုဝင်း။ မတ္တိကာ-ဒန္တကဋ္ဌာဒိံ၊ မြေညက်,ဒန်ပူ စသည်ကိုဝင်း။ ကုလ-သင်္ဂဟာ၊ အမျိုးလေးပါး မြှောက်စား ထောက်ပံ့ခြင်းဖြင့်။ နှ-ဒဒေ၊ မပေးရာ။

---

၉။ **ပကတတ္တေက**……ဂါထာဖြင့် ပယ်မြစ်ရာရောက်ကောင်းသော ရဟန်းတမျိုးကိုပြသည်။

၁၀။ ခမ္ဘန ကာတဗ္ဗံ ခမ္ဘိကံ၊ တရားသဘောအတိုင်း ပြုအပ်သော အပလောကနကံစသော ကံ၄-ပါးကို အရကောက်၊ခမ္ဘိကကံကို ပျက်အောင် မျက်မှောက်တားမြစ်အံ့၊ဒုက္ကဋ်၊မျက်ကွယ်တားမြစ်မှု ကာယသာမဂ္ဂိကိုသော်ဝင်း,ဆန္ဒကိုသော်ဝင်း ပေးရမည်၊မပေးအံ့၊ ဒုက္ကဋ်ဟူ၏။

ကမ္မပြီးပြီ။

၂။ ပါရိဘဋျကတာ မုဂ္ဂသူပျတာ ဝတ္ထုဝိဇ္ဇယာ။
ပဟောဏ ဒူတကမ္မေန၊ ဇင်္ဃပေသနိယေနဝါ။ ။

၃။ အနုပ္ပဒါနပ္ပဋိပိဏ္ဍ၊ ဝေဇ္ဇကမ္မေနဝါ ပန။
နာညေန ဝါပိ သမ္ဗုဒ္ဓ၊ပဋိကုဋ္ဌေန ဇီဝယေ။ ။

၂-၃။ ပါရိဘဋျကတာ၊သူတပါး သားငယ်ကို ချီပိုးခြင်းဖြင့်၎င်း။ မုဂ္ဂသူပျတာ၊ ပဲနောက်ဟင်းအလား အမှားများသော စကားရှိသူ၏ ဖြစ်ကြောင်းစကားဖြင့်၎င်း။ ဝတ္ထု-ဝိဇ္ဇယာ၊ အိမ်ရာစသည်နှင့် စပ်သော မြေကြန်အတတ်ဖြင့်၎င်း။ ပဟောဏ-ဒူတ-ကမ္မေန၊ လူတို့၏ ထိုထို အမှုကို အားထုတ်ခြင်း, တမန်သည်အမှုကိုပြုခြင်းဖြင့်၎င်း။ ဇင်္ဃ-ပေသနိယေန ဝါ၊ ခြေဖြင့် အစေအပါးခံမှု ရှိခြင်းဖြင့်၎င်း။ ။ပန၊ ထိုမှတပါး။ အနုပ္ပဒါန-ပ္ပဋိပိဏ္ဍ-ဝေဇ္ဇ-ကမ္မေနဝါ၊ လာဘ်ကိုလိုက်၍ပေးခြင်း, ဆွမ်းတုံ့ပေးခြင်း,ဆေးကုပေးခြင်းဖြင့်၎င်း။ သမ္ဗုဒ္ဓ-ပဋိကုဋ္ဌေန၊ မြတ်စွာဘုရားသည် စက်ဆုပ်အပ်သော။ အညေနဝါပိ၊တပါးသော အင်္ဂဝိဇ္ဇာစသည်ဖြင့်၎င်း။ န-ဇီဝယေ၊ အသက်မမွေးရာ။

---

## ၂၉—မိစ္ဆာဇီဝဝိဝဇ္ဇန

၂၉။ မိစ္ဆာဇီဝဝိဝဇ္ဇနာ၊မိစ္ဆာဇီဝမှရှောင်ကြဉ်ခြင်းကိုပြသည်။

အာဂမ္မဇီဝ န္တိ ဧတေနာတိ အာဇီဝေါ၊အသက်မွေးကြောင်းဖြစ်သော ပစ္စည်းတို့ကို ရှာမှီးသော ဝီရိယကိုရစေ၊ မိစ္ဆာယ အာဇီဝေါ မိစ္ဆာဇီဝေါ၊မကောင်းသောအသက်မွေးကြောင်းဖြစ်သော ဝီရိယကိုပင်ရစေ၊ မိစ္ဆာဇီဝဿ ဝိဝဇ္ဇနာ မိစ္ဆာဇီဝဝိဝဇ္ဇနာ၊ အာစာရနှင့်အာဇီဝပါရိသုဒ္ဓိသီလကိုရစေ။

၁။ လာဘ်ကိုမြှော်၍ သံဃိကပစ္စည်းဖြစ်ဖြစ် ပုဂ္ဂလိကပစ္စည်းဘဲဖြစ်ဖြစ် ဝါးစသည်ကို မပေးကောင်း၊ မိမိကပေး၍ အတုံ့ပြန်လှူသော ပစ္စည်းကို မိမိလည်းမသုံးကောင်း, သိတင်းသုံးဘော်များလည်း မသုံးကောင်း,မိစ္ဆာဇီဝဖြစ်သည်။

၂—၃။ လယ်ယာ စသည်တို့သို့ စေခိုင်းသည်ကို သွားခြင်းကို ပဟေဏကခေါ်သည်၊ သတင်းစကားကို အသွားအပြန်ဆောင်ခြင်းကို ဒူတကမ္မခေါ်သည်၊တအိမ်တက်ဆင်းသွားလာခြင်းကို ဇင်္ဃပေသနိယ ခေါ်သည်ဟုသိ။

၄။ ဝိညတ္တိနေသနာဘူတ၊ လပနာကုဟနာဒိဟိ။
ကုလဒူသာဒိနုပ္ပန္န၊ ပစ္စယေ ပရိဝဇ္ဇယေတိ။ ။

၄။ ဝိညတ္တိ–နေသနာ-ဘူတ-လပနာ-ကုဟနာဒိဟိ၊ (အညာတက, အပ္ပဝါရိတ တို့အား)တောင်းခြင်း,မအပ်သော ပစ္စည်းရှာမှီးခြင်း, မိမိ၌ ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကို ပြောဆိုခြင်း, ပစ္စည်းကိုရစ်ပတ်၍ အံ့ဘွယ်သရဲကိုပြောခြင်း စသည် တို့ဖြင့်၎င်း။ ကုလ-ဒူသနာဒိနာ၊-ဖြင့် ၎င်း။ ဥပ္ပန္န-ပစ္စယေ၊ ဖြစ်သောပစ္စည်းတို့ကို။ ပရိဝဇ္ဇယေ၊ ဝေးစွာရှောင်ကြဉ်ရာ၏။......ဣတိ၊ ဤကား မိစ္ဆာဇီဝအပြီးတည်း။

---

## ၃၀–ဝဇ္ဇနီ

၁။ အာဂန္တုကော န အာရာမံ၊ ပဝိသေ သဥပါဟနော။
သဆတ္တောဂုဏ္ဌိတော သီသေ၊ ကရိတွာ ဝါပိ စီဝရံ။ ။

## ၃၀။ ဝဇ္ဇနီ၊ဟူသည်။

၁။ အာဂန္တုကော၊-သည်။ သ-ဥပါဟနော၊ ဘိနပ်စီးလျက်။ သ-ဆတ္တော၊ ထီးဆောင်းလျက်။ ဩဂုဏ္ဌိတော၊ ဦးခေါင်းခြုံလျက်။ စီဝရံ ဝါပိ၊-ကိုလည်း။ သီသေ၊-၌။ ကရိတွာ၊ (တင်သည်ကို) ပြု၍။ အာရာမံ၊ အရာမ်,အရာမ်ထိုက်ရာသို့။ န-ပဝိသေ၊ မဝင်ရာ။

၂။ ပါနီယေန န ဓောဝေယျ၊ ပါဒေ ဝုဍ္ဎတရေ ပိစ။
အာဝါသိကေဘိဝါဒေယျ၊ ပုစ္ဆေယျ သယနာသနံ။ ။

၂။ ပါနီယေန၊ သောက်ရေဖြင့်။ ပါဒေ၊-တို့ကို။ န-ဓောဝေယျ၊ မဆေးရာ။ ဝုဍ္ဎတရေ၊ သီတင်းကြီးဖြစ်ကုန်သော။ အာဝါသိကေပိစ၊-တို့ကိုလည်း။ အဘိဝါဒေယျ၊-၏။ သယနာ-သနံ၊ (ရောက်သော)ကျောင်းအိပ်ရာ နေရာကို။ ပုစ္ဆေယျ၊ မေးရာ၏။

---

၄။ ကုဟနာဒိ၌ အာဒိဖြင့် လပန, နေမိတ္တိကတာ, နိပ္ပေသိကတာ, လာဘေန လာဘံနိဇိဂီသနတာ ၄-ချက်ကို ယူရမည်ဟု ဋီကာဟောင်း ဆို၏၊ ၎င်းတို့၏အကျယ်ကို ဝိသုဒ္ဓိမဂ်၌ဆိုပြီ၊ ကုလဒူသနာဒိ၌ အာဒိဖြင့် ရူပိယပဋိဂ္ဂဟဏ,ရူပိယသံဝေါဟာရတို့ကိုယူဟု ဋီကာသစ်ဆို၏။

မိစ္ဆာဇီဝဝိဝဇ္ဇနာပြီးပြီ။

---

၃။ ဂမိကော ပဋိသာမေတွာ၊ ဒါရုမတ္တိကဘာဏ္ဍကံ။
ဝိဟာရဉ္စ ထကေတွာန၊ အာပုစ္ဆ သယနာသနံ။ ။
၄။ အာပုစ္ဆိတဗ္ဗေ အသတိ၊ သံဂေါပေတွာန သာဓုကံ။
ပက္ကမေယျညထာ တဿ၊ ပက္ကန္တုံ နစ ကပ္ပတိ။ ။

၃-၄။ ဂမိကော၊ ခရီးသွားလိုသောရဟန်းသည်။ ဒါရု မတ္တိက-ဘာဏ္ဍကံ၊ သစ်ဘဏ္ဍာ၊ မြေဘဏ္ဍာကို။ ပဋိသာမေတွာ၊ သိုမှီး သိမ်းဆည်း၍။ ဝိဟာရဉ္စ၊-ကိုလည်း။ ထကေတွာန၊ ပိတ်ဆို့၍။ သယနာ-သနံ၊-ကို။ အာပုစ္ဆ၊ ပန်ကြား၍။ ။အာပုစ္ဆိတဗ္ဗေ၊ ပန်ကြားအပ်သူသည်။ အသတိ၊-သော်။ သာဓုကံ၊ ကောင်းစွာ။ သံဂေါပေတွာန၊ လုံခြုံစေ၍။ ပက္ကမေယျ၊ ဖဲသွားရာ၏။ အညထာ၊ ဖြင့်။ ဝါ၊ ဂမိကဝတ်ကိုမပြုဘဲ။ တဿ၊ ထိုဂမိကရဟန်းအား။ ပက္ကန္တုံ၊ (အရပ်တပါး) ဘဲသွား ခြင်းငှါ။ နစ ကပ္ပတိ၊-သာတည်း။

၅။ အာဝါသိကော ပညပေယျ၊ ဝုဍ္ဎာဂန္တုဿ အာသနံ။
ဥပနိက္ခိပေ ပါဒေါဒပ္ပဘုတိံ ပတ္တစီဝရံ။ ။
၆။ ပစ္စုဂ္ဂန္တွာန ဂဏှေယျ၊ ပါနီယေနစ ပုစ္ဆယေ။
အာဂန္တုကောဘိဝါဒေယျ၊ ပညပေ သယနာသနံ။ ။

၅-၆။ အာဝါသိကော၊-သည်။ ဝုဍ္ဎာ-ဂန္တုဿ၊ သီတင်းကြီး ဖြစ်သော အာဂန္တု၏။ အာသနံ၊ နေရာကို။ ပညပေယျ၊ ခင်းပေးရာ၏။ ပါဒေါဒ-ပ္ပဘုတိံ၊ ခြေဆေးရေ စသည်ကို။ ဥပနိက္ခိပေ၊ အနီး၌ထားရာ၏။ ပစ္စု-ဂ္ဂန္တွာန၊ ခရီးဦးကြိုဆို၍။ ပတ္တ-စီဝရံ၊-ကို။ ဂဏှေယျ၊ လှမ်းယူရာ၏။ ပါနီယေနစ၊-ဖြင့်လည်း။ ပုစ္ဆယေ၊ မေးရာ၏။ အာဂန္တုကော၊-တို့ကို။ အဘိဝါဒေယျ၊-၏။ သယနာ-သနံ၊-ကို။ ပညပေ၊ ပြောပြရာ၏။

---

## ၃၀-ဝတ္တ

၃၀။ ဝတ္တ၊ အာဂန္တုကဝတ်စသော ဝတ်တို့ကိုပြသည်။

၁-၂။ နံပါတ်လာဂါထာများ၏အဓိပ္ပါယ်လွယ်၏။ ( ဗုဒ္ဓဝါဝတ္တက္ခန္ဓက အာဂန္တုကဝတ္တ။ )

၃-၄။ နံပါတ်လာဂါထာများ၏ အဓိပ္ပါယ်လည်းလွယ်၏။ ( ဂမိကဝတ္တ။ )

၇။ အဏ္ဍာဂုတ္တမဂုတ္တံဝါ၊ ဂေါစရာဂေါစရံ ဝဒေ။
ဝဏ္ဏပ္ပသာဒ ဃာနာဒိ၊ ကတိကံ သေကမ္ဗ သမ္မုတိံ။ ။

၇။ အဏ္ဍာဂုတ္တံဝါ၊ နေဘူးသည်ကိုရင်း။ အဂုတ္တံဝါ၊ မနေဘူး သည် ကိုရင်း။ ဂေါစရံ၊ ဆွမ်းခံရွာကိုရင်း။ အ-ဂေါစရံ၊ ဆွမ်းခံရွာ မဟုတ် သည်ကိုရင်း။ ဝဏ္ဏ-ပ္ပသာဒ-ဃာနာဒိ၊ ဝဏ္ဏကုဒ္ဒိ,ပသာဒကုဒ္ဒိတို့ကိုရင်း။ ကတိကံ၊ ကတိကဝတ်ကိုရင်း။ သေကမ္ဗ သမ္မုတိံ၊ သေကမ္ဗသမ္မုတိ ပေး ထားသော အမျိုးကိုရင်း။ ဝဒေ၊ ဆိုထားရာ၏။

၈။ ပဝေသနိက္ခမေ ကာလံ၊ ပရိဘောဇနီယပါနီယံ။
နိသိန္နေဝ နဝကဿ၊ ဧတံ သဗ္ဗံ သမုဒ္ဒိသေတိ။ ။

၈။ ပဝေသ-နိက္ခမေ၊ ဝင်ခြင်း,ထွက်ခြင်း၌။ ကာလံ၊ အခါကို ရင်း။ ပရိဘောဇနီယ-ပါနီယံ၊-ကိုရင်း။ ဝဒေ၊-၏။ နဝကဿ၊ သီတင်း ငယ် အား။ နိသိန္နေဝ၊ ထိုင်လျက် သာလျှင်။ ဧတံ-သဗ္ဗံ၊ ဤအလုံးစုံသော ဝတ်ကို။ သမုဒ္ဒိသေ၊ ကောင်းစွာ ညွှန်ကြားရာ၏။ ……ဣတိ၊ ဤကား ဝတ်အပြီးတည်း။

---

## ၃၁–ဝိကပ္ပနာစေဝါတိ

၁။ သမ္မုခါ ပရမ္မုခါတိ၊ ဒုဝေ ဝုတ္တာ ဝိကပ္ပနာ။
သမ္မုခါယ ဝိကပ္ပေန္တော၊ ဗျတ္တဿေကဿ သန္တိကေ။
"ဣမံ စီဝရံ တုယှံ၊ ဝိကပ္ပေမိ" တိ ဘာသယေ။ ။

## ၃၁။ ဝိကပ္ပနာစေဝါတိ၊ဟူသည်။

၁။ သမ္မုခါ၊ မိမိနှုတ်ဖြင့် ဝိကပ္ပနာပြုခြင်းရင်း။ ပရ-မ္မုခါ၊ သူတပါး ၏နှုတ်ဖြင့် ဝိကပ္ပနာပြုခြင်းရင်း။ ဣတိ၊-သို့။ ဒုဝေ၊ ကုန်သော။ဝိကပ္ပနာ၊- တို့ကို။ ဝုတ္တာ၊-ကုန်၏။ (တေသု၊ ထိုနှစ်မျိုးတို့တွင်။) သမ္မုခါယ၊ သမ္မုခါ ဝိကပ္ပနာဖြင့်။ ဝိကပ္ပေန္တော၊ ဝိကပ္ပနာပြုသော ရဟန်းသည်။ ဗျတ္တဿ၊

---

၅-၆-၇-၈။ နံပါတ်လာဂါထာများ၏ အဓိပ္ပါယ်လည်း လွယ်ပြီ။ (ရင်းအာဝါသိကဝတ္တ။)

ဝတ္တပြီးပြီ။

(ဝိကပ္ပနာ,ပစ္စုဒ္ဓိုရ်အစီအရင်ကို)သိသော။ ဧကော၊ တပါးသောရဟန်း၏။ သန္တိကေ၊-၌။ ဍမံ စီဝရံ တုယှံ ဝိကပ္ပေမိတိ၊-ဟူ၍။ ဘာသယေ၊ ဆိုရာ၏။

၂။ ဧတ္တာဝတာ နိဓေတုံ ဝ၊ ကပ္ပတိ နစ ကပ္ပတိ။
. ပရိဘောဂါဒိကံ တေန၊ အပစ္စုဒ္ဓရဘာဝတော။ ။

၂။ ဧတ္တာဝတာ၊ ဤသို့ဝိကပ္ပနာ ပြုကာမျှဖြင့်။ နိဓေတုံ ဝ၊သိမ်းခြင်းငှါသာလျှင်။ ကပ္ပတိ၊-၏။ ပရိဘောဂါဒိကံ၊ သုံးဆောင်ခြင်း စသည်သည်။ နစ-ကပ္ပတိ၊ မအပ်သည်သာတည်း။ (ကသ္မာ၊-နည်း။)တေန၊ ထိုဗျတ္တရဟန်းသည်။ အပစ္စုဒ္ဓရဘာဝတော၊ ပစ္စုဒ္ဓိုရ်မပြုအပ်သေးသည်၏ အဖြစ်ကြောင့်တည်း။

၃။ "မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ
ယထာပစ္စယံ ဝါ ကရောဟိ"တိ။
တေန ပစ္စုဒ္ဓဋေ ယေဝ၊
ပရိဘောဂါဒိ ကပ္ပတိ။ ။

၃။ မယှံသန္တကံ–ကရောဟီတိ၊–ဟိဟူ၍။ တေန၊ ထိုဗျတ္တ ရဟန်းသည်။ ပစ္စုဒ္ဓဋေယေဝ၊ ပစ္စုဒ္ဓိုရ်ပြုသော်သာလျှင်။ ပရိဘောဂါဒိ၊–သည်။ ကပ္ပတိ၊–၏။[မယှံသန္တကံစသည်အနက်ထင်လောက်စရာရှိပြီ။]

---

## ၃၁–ဝိကပ္ပနာ

၃၁။ ဝိကပ္ပနာ၊ ဝိကပ္ပနာပြုပုံနှင့် ပစ္စုဒ္ဓိုရ်ပြုပုံကိုပြသည်။

၁။ ဗျတ္တအရ–ဝိကပ္ပနာပြုပုံ အစီအရင်, ပစ္စုဒ္ဓိုရ်ပြုပုံ အစီအရင် ၂-ပါးကို သိနားလည်သော ရဟန်းကိုဆိုသည်၊အဗျတ္တဖြစ်မူ ဤရဟန်းသည် ငါ့အားပေး၏ဟုမှတ်၍ ယူသွားလိမ့်မည်ဟု ဋီကာဟောင်းဆို၏။

၂။ ဍမံစီဝရံ တုယှံ ဝိကပ္ပေမိဟု ဝိကပ္ပနာပြုကာမျှဖြင့် သိမ်းထားရုံသာ အပ်သည်၊ဗျတ္တရဟန်းက ပစ္စုဒ္ဓိုရ်မပြုသောကြောင့် ဝတ်ဆင်သုံးဆောင်ခြင်း, စွန့်လွှတ်လှူဒါန်းခြင်း, အဓိဋ္ဌာန်တင်ခြင်း၃-မျိုးမအပ်သေးဟုသိ။

၃။ **မယှံသန္တကံ** .... ဂါထာဖြင့် ပစ္စုဒ္ဓိုရ်ပြုပုံနှင့် အပ်ခြင်းသုံးမျိုးကို ပြသည်။

၄။ အပရာ သမ္မုခါ ဧကာ၊ ဘိက္ခုဿေကဿ သန္တိကေ။
ဂဟေတွာ နာမမေကဿ၊ ပဉ္စန္နံ သဟဓမ္မိနံ။ ။

၅။ “ဣမံ စီဝရံ တိဿဿ ဘိက္ခုနော၊ တိဿာယ ဘိက္ခုနိယာ။ တိဿဿ သာမဏေရဿ၊ တိဿာယ သာမဏေရိယာ။ တိဿာယ သိက္ခမာနာယ ဝိကပ္ပေမိ” တိ ဝတ္တဗ္ဗံ၊ တေန ဘိက္ခုနာ “တိဿဿ ဘိက္ခုနော၊ တိဿာယ ဘိက္ခုနိယာ၊ တိဿဿ သာမဏေရဿ၊ တိဿာယ သာမဏေရိယာ၊ တိဿာယ သိက္ခမာနာယ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟီ”တိ ဝတ္တဗ္ဗံ။ ။

၄–၅။ ဝါ၊-ကား။ အပရာ၊ တပါးသော။ ဧကာ၊ တမျိုးသော။ သမ္မုခါ၊ သမ္မုခါဝိကပ္ပနာသည်။(အတ္ထိ၊ရှိသေး၏၊)ဧကဿ၊တပါးသော။ ဘိက္ခုဿ၊–၏။ သန္တိကေ၊-၌။ ပဉ္စန္နံ၊ ငါးဦးကုန်သော။ သဟဓမ္မိနံ၊-တို့တွင်။ဧကဿ၊တယောက်ယောက်၏။ နာမံ၊-ကို။ ဂဟေတွာ၊–၍။ ။ ဣမံ–စီဝရံ၊–ကို။ တိဿဿ-ဘိက္ခုနော၊-အား။ တိဿာယ-ဘိက္ခုနိယာ၊-အား။တိဿဿ-သာမဏေရဿ၊-အား။တိဿာယ-သာမဏေရိယာ၊–အား။တိဿာယ-သိက္ခမာနာယ၊-အား။ ဝိကပ္ပေမိ၊ ဝိကပ္ပနာပြုပါ၏။ ဣတိ၊–သို့။ ဝတ္တဗ္ဗံ၊–၏။ တေန–ဘိက္ခုနာ၊ ထိုဗျတ္တ ရဟန်းသည်။ တိဿဿ–ဘိက္ခုနော၊–၏။–ပေ–။ တိဿာယ–သိက္ခမာနာယ၊-၏။ သန္တကံ၊-ကို။ပရိဘုဉ္ဇ ဝါ၊-လော။ဝိဿဇ္ဇေဟိ ဝါ၊-လော။ ယထာပစ္စယံ၊ အကြောင်း အားလျော်စွာ။ ကရောဟိ၊–လော။ ဣတိ၊–သို့။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။

၆။ ပရမ္မုခါ ဝိကပ္ပနေ၊ ကဿ သန္တိကေဝ မီရယေ။
“ဣမံ စီဝရံ တုယှံ၊ ဝိကပ္ပနတ္ထာယ ဒမ္မိ”တိ။ ။

၇။ တေန ဝတ္တဗ္ဗော–“ကော တေ မိတ္တော ဝါ သန္ဒိဋ္ဌော ဝါ”တိ။ ဣတရေန စေဝံ ဝတ္တဗ္ဗံ–“တိဿော ဘိက္ခူတိ ဝါ၊ တိဿာ ဘိက္ခုနီတိ ဝါ၊ တိဿော သာမဏေရောတိ ဝါ၊ တိဿာ သာမဏေရီတိ ဝါ၊တိဿာ သိက္ခမာနာတိ ဝါ၊ ပုန တေန“အဟံ

---

၄–၅။ ဤသမ္မုခဝိကပ္ပနာ ၂-မျိုးကား ကိုယ်တိုင်သာ ဝိကပ္ပနာပြု၍ သူတပါးကို ပစ္စုဒ္ဓိုရ်ပြန်စေအပ်သောကြောင့် သမ္မုခဝိကပ္ပနာခေါ်၏ဟု မှတ်။

တိဿဿ တိဿာယဝါ ဒဒ္ဒိ”တိ ဝိကပ္ပေတဗ္ဗာ တေနေဝ တိဿဿ ဘိက္ခုနော၊ တိဿာယ ဘိက္ခုနိယာ၊ တိဿဿ သာမဏေရဿ၊ တိဿာယ သာမဏေရိယာ၊ တိဿာယ သိက္ခမာနာယ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာ ပစ္စယံဝါ ကရောဟီတိ ပစ္စုဒ္ဓရိတဗ္ဗံ။ ။

၆–၇။ ပရမ္မုခါဝိကပ္ပနာ၊-ကို။ကြေဿ၊တပါးသောဗျတ္တရဟန်း၏။ သန္တိကေ၊ အနီး၌။ ဣမံစီဝရံတုယှံဝိကပ္ပနတ္ထာယဒမ္မီတိ၊– မိဟူ၍။ ဤရယော၊ ဆိုရာ၏။ [ဝိကပ္ပနတ္ထာယကို ဌါပေး။] တေန၊ ထိုဗျတ္တရဟန်း သည်။ တေ၊သင်၏။ မိတ္တော ဝါ၊ မြဲမြံသော အဆွေခင်ပွန်းသည်ရင်း။ သန္ဒိဋ္ဌော ဝါ၊ မြင်ဘူးကာမျှသော အဆွေခင်ပွန်းသည်ရင်း။ ကော၊ အဘယ်သူနည်း။ ဣတိ၊-သို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ဣတရေနစ၊ သက်နိုး ရှင်ရဟန်းသည်လည်း။ တိဿော–ဘိက္ခု၊–တည်း။ ဣတိဝါ၊-သို့ရင်း။ တိဿာ-ဘိက္ခုနီ၊-တည်း။ဣတိဝါ၊–သို့ရင်း။တိဿော–သာမဏေရော၊-တည်း။ဣတိဝါ၊-သို့ရင်း။တိဿာ-သာမဏေရီ၊–တည်း။ဣတိဝါ၊-သို့ရင်း။ တိဿာ–သိက္ခမာနာ၊-တည်း။ဣတိဝါ၊–သို့ရင်း။ ဧဝံ၊-သို့။ ဝတ္တဗ္ဗံ၊–၏။ ပုန၊–ဘန်။ တေန၊ ထိုဗျတ္တရဟန်းသည်။ အဟံ၊ ငါသည်။ တိဿဿ– ဘိက္ခုနော၊–အား။ဒမ္မိ၊ ပေး၏။ ဣတိဝါ၊–သို့ရင်း။-ပေ-။ တိဿာယ– သိက္ခမာနာယ၊–အား။ ဒမ္မိ၊–၏။ ဣတိဝါ၊–သို့ရင်း။ ဝိကပ္ပေတဗ္ဗာ၊–၍။ [ဝိကပ္ပိတေ–ဟု အချို့ပါဌ်ရှိ၏။ သေသ်ဟု အနက်ပေး]။ တေနေဝ၊ ထို ဗျတ္တရဟန်းသည်သာလျှင်။တိဿဿ-ဘိက္ခုနော၊-၏။-ပေ-တိဿာယ- သိက္ခမာနာယ၊–၏။သန္တကံ၊-ကို။ ပရိဘုဉ္ဇဝါ၊–လော။ ဝိဿဇ္ဇေဟိဝါ၊- လော။ယထာပစ္စယံ၊–စွာ။ကရောဟိ၊–လော။ ဣတိ၊–သို့။ ပစ္စုဒ္ဓရိတဗ္ဗံ၊ ပစ္စုဒ္ဓိုရ်ပြန်အပ်၏။

---

၆-၇။ မိတ္တောတိ ဒဠှမိတ္တော၊ မြဲမြံသော အကြွမ်းတဝင်ရှိသော ဒဠှမိတ္တရဟန်းကိုဆိုသည်။သန္ဒိဋ္ဌောတိ ဒိဋ္ဌမတ္တမိတ္တော၊ မြင်ဘူးကာမျှ ဖြစ်သော (အကြွမ်းမဝင်လွန်းသော) ရဟန်းကို ဆိုသည်။·····သမ္မုခ, ပရမ္မုခဝိကပ္ပနာ ၂-ပါးအထူးကား ကိုယ်တိုင် ဝိကပ္ပနာပြု၍ သူတပါးကို ပစ္စုဒ္ဓိုရ်ပြန်စေသည်ကား သမ္မုခဝိကပ္ပနာ,သူ့တပါးကို ဝိကပ္ပနာပြုစေ၍ သူတပါးကိုပင်ပစ္စုဒ္ဓိုရ်ပြန်စေသည်ကား ပရမ္မုခဝိကပ္ပနာဟုအထူးသိ။

၇။ ဒူရသန္တိကတ္တေကတ္တ၊ ဗဟုဘာဝံ ဝိဇာနိယ။
ပေတံ ဉာမန္တိ ပေတာနိ၊ ဉာမာနိတေတ္တ ယောဇယေ။ ။

၇။ ဧတ္ထ၊ ဤဝိကပ္ပနာပြုရာ၌။ ဒူရ–သန္တိကတ္တံ၊ (သက်န်း၏) ဝေး သည် နီးသည်၏ အဖြစ်ကိုရင်း။ ကေတ္တ–ဗဟုဘာဝံ၊ တထည်၏အဖြစ်, များသည်၏ အဖြစ်ကိုရင်း။ ဝိဇာနိယ၊ သိ၍။ပေတံ–ဉာမန္တိ၊ ပေတံ–ဉာမံ ဟူ၍ရင်း။ ပေတာနိ-ဉာမာနိတိ၊ပေတာနိ-ဉာမာနိဟူ၍ရင်း။ ယောဇယေ၊ ယှဉ် ရာ၏။

၈။ ဒသာဟံ မာသမေကံဝါ၊ ပဉ္စဝါ ကထိနတ္ထတေ။
ပါရိပူရတ္ထမူနဿ၊ ပစ္စာသာ သတိ မာသကံ။
နပ္ပါဒယတိ နိဿဂ္ဂိံ၊ နာဓိဋ္ဌိတဝိကပ္ပိတန္တိ။ ။

၈။ ဒသာ–ဟံ၊-လုံးရင်း။ဧကံ-မာသံဝါ၊တလပတ်လုံးရင်း။ကထိန-တ္ထ တေ၊ ကထိန်ခင်းခြင်းရှိသော ကျောင်း၌။ ပဉ္စဝါ၊ငါးလတို့ပတ်လုံးရင်း။ ဦနဿ၊ ယုတ်သော (ဝိနည်းသမယ၌ဖြစ်သော) သက်န်းကို။ ပါရိပူရတ္ထံ၊ ပြည့်စုံခြင်းအကျိုးရှိသည်ကို။ (ကတွာ၊-၍။) ပစ္စာသာ၊ ရနိုးခြင်းသည်။ သတိ၊–သော်။ မာသကံ၊ တလပတ်လုံးရင်း။ နာ-ဓိဋ္ဌိတ–ဝိကပ္ပိတံ၊ အဓိဋ္ဌာန် မတင်, ဝိကပ္ပနာ-မပြုအပ်သော သက်န်းသည်။ နိဿဂ္ဂိံ၊- ကို။ နပ္ပါဒယတိ၊မဖြစ်စေနိုင်။ ·····ဥတိ၊ဤကားဝိကပ္ပနာအပြီးတည်း။

---

၇။ ပေတံကား နှစ်တောင်ထွာ ဟတ္ထပါသ်ထက် အလွန်အဝေး တထည်ဟော၊ဉာမံကား ဟတ္ထပါသ်အတွင်းအနီး တထည်ဟော၊ပေတာ နိနှင့် ဉာမာနိတို့ကား အစဉ်အတိုင်း အဝေးနှင့်အနီး,အများဟောဟုသိ။ (အကျယ်ကို ဝိကပ္ပနာသိက္ခာပုဒ်၌ဆိုခဲ့ပြီ။)

၈။ **ဒသာဟံ မာသမေကံဝါ**·····ဂါထာအဓိပ္ပါယ် နိဿဂ္ဂိကထိန သိက္ခာပုဒ်စသည်၌ဆိုခဲ့ပြီ။

ဝိကပ္ပနာပြီးပြီ။

## ၃၂–နိဿယယောဂတိ

၁။ ဗျတ္တဿ ပဉ္စဝဿဿ၊ နတ္ထိ နိဿယကာရိယံ။
ယာဝဇီဝမ္ပိ အဗျတ္တော၊ နိဿိတောဝ ဇီဝတိ။ ။

## ၃၂။ နိဿယယောဂတိ၊ ဟူသည်။

၁။ ပဉ္စ-ဝဿဿ၊ ငါးဝါရရှိပြီးသော။ ဗျတ္တဿ၊ ( ဝိနည်းအရာ ) လိမ်မာသော ရဟန်းသည်။ နိဿယ–ကာရိယံ၊ နိသျှည်းယူခြင်းဖြင့် ပြုအပ်သော ကိစ္စသည်။ [နိ ဿာယ– ကာရိယံ–ဟု လည်း ပါဌ်ရှိ၍၊ နိဿာယ၊ဆရာစသည်ကိုမှီ၍။ ကာရိယံ၊ နေခြင်းကိစ္စသည်-ဟုအနက်ပေး]။ နတ္ထိ၊ မရှိ။ အ-ဗျတ္တော၊ (ဝိနည်းအရာ) မလိမ်မာသော ရဟန်းသည်။ ယာဝဇီဝမ္ပိ၊ အသက်ထက်ဆုံးလည်း။ နိဿိတောဝ၊ မှီ၍သာလျှင်။ ဇီဝတိ၊ အသက်မွေးရာ၏။

---

## ၃၂–နိဿယ

၃၂။ နိဿယ၊ နိဿယည်းလွတ်မလွတ်နှင့် နိဿယည်းယူပုံကို ပြသည်။

၁။ ဤ၌ဗျတ္တအရ အယုတ်ဆုံးဒွေမာတိကာကို ပါဠိရ၍ အနက်ထင်ရမည်၊ပက္ခနေ့တို့၌ တရားဟောခြင်းအကျိုးငှါ သုတ္တန်မှ လေးဘာဏဝါရ (နှစ်အင်္ဂါ)ရ ရမည်၊မိမိထံသို့ရောက်လာသောပရိသတ်အားဟောပြောခြင်းအကျိုးငှါအန္ဓကဝိန္ဒသုတ်,မဟာရာဟုလောဝါဒသုတ်နှင့် အလားတူ သုတ်တသုတ် ရရမည်၊ သံဃဘတ်,သုမင်္ဂလ,ဒုမင်္ဂလတို့၌ အနုမောဒနာပြုရန် အနုမောဒနာတရားသုံးပုဒ်ရရမည်၊ဥပုသ်ပဝါရဏာစသည်သိဘို့ရန် ကံကြီးကံငယ်များ ဆုံးဖြတ်နိုင်ရမည်၊ရဟန်းတရားအားထုတ်ဘို့ရာသမထဝိပဿနာစွမ်းဖြင့် အရဟတ္တဖိုလ်တိုင်အောင်သော ကမ္မဋ္ဌာန်းတခုနားလည်ထားရမည်၊ရုပ်နာမ်တရားများကို ဆုံးဖြတ်နိုင်ရမည်၊ ဤမျှသိရှိမှ ဗျတ္တဖြစ်ပြီဟု ဋီကာဟောင်းဆို၏။ [ဤ၌ နိဿယမုစ္စကအင်္ဂါ ခုနစ်ပါး ပြည့်စုံသူကို ဗျတ္တဆိုသည်၊ နိဿယမုစ္စကအင်္ဂါ ခုနစ်ပါးကို ဘိက္ခုနောဝါဒကဝဂ်ပထမသိက္ခာပုဒ်၌ ဆိုခဲ့ပြီ။]

၂။ ကော်သံ စိဝရံ ကတွာ၊ ပဂ္ဂဏှိတွာန အဥ္ဇလိံ။
ဥက္ကုဋိကံ နိသိဒိတွာ၊ ဝဒေ ယာဝ တတိယကံ။
"အာစရိယော မေ ဘန္တေ ဟောဟိ၊
အာယသ္မတော နိဿာယ ဝစ္ဆာမိ"တိ။ ။

၂။ စိဝရံ၊ ကေစ္စိကို။ ဧကံ-သံ၊ လက်ဝဲတဘက်-ပခုံးထက်၌။ ကတွာ၊ (တင်သည်ကို) ပြု၍။ အဥ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂဏှိတွာန၊ မြှောက်ချီ၍။ ဥက္ကုဋိကံ၊ဆောင့်ကြောင့်။နိသိဒိတွာ၊ထိုင်၍။ အာစရိယော မေ-ပေ-ဝစ္ဆာမိတိ၊-မိဟူ၍။ယာဝတတိယကံ၊သုံးကြိမ်တိုင်အောင်။ ဝဒေ၊ ဆိုရာ၏။······ဘန္တေ၊ အရှင်မြတ်ဘုရား။ (တွံ၊ အရှင်မြတ်ဘုရားသည်။) မေ၊ ဘုရားတပည့်တော်၏။ အာစရိယော၊ မှီခိုစရာနိဿျည်းဆရာသည်။ ဟောဟိ၊ဖြစ်တော်မူပါ။ အာယသ္မတော၊-ကို။ နိဿာယ၊ အမှီပြု၍။ ဝစ္ဆာမိ၊ နေပါအံ့ဘုရား။

၃။ ပက္ကန္တေ ပက္ခသင်္ကန္တေ၊ ဝိဗ္ဘန္တေစာပိ နိဿယော။
မရဏာဏတ္တုပဇ္ဈာယ၊သမောဓာနေဟိ သမ္ဘတိ။ ။

၃။ ပက္ကန္တေ၊ (မနေလိုတော့ဘဲ) အရပ်တပါး ဖဲသွားသော်ရင်း။ ပက္ခ-သင်္ကန္တေ၊ တိတ္ထိအသင်းသို့ ပြောင်းရွှေ့သွားသော်ရင်း။ ဝိဗ္ဘန္တေ စာပိ၊ လူထွက်သော်ရင်း။ မရဏာ-ဏတ္တု-ပဇ္ဈာယ-သမောဓာနေဟိ၊ သေသော်,(နိဿယည်းဆရာက) နှင်ထုတ်သော်,ဥပဇ္ဈာယ်ဆရာနှင့် ပေါင်းဆုံမိသော်ရင်း။ နိဿယော၊-သည်။ သမ္ဘတိ၊ ငြိမ်း၏။

---

၂။ **ကော်သံ**·····စသည်ဖြင့် နိဿယည်းယူပုံကိုပြသည်။

၃။ **ပက္ကန္တေ**·····စသည်ဖြင့် နိဿယည်း ငြိမ်းပုံကိုပြသည်။······ ပက္ကန္တ၌ တပည့်က နိဿယည်းဆရာကို အရှင်ဘုရား ဤမည်သောအရပ်သို့ သွားလိုပါသည်ဟု ပန်ကြားလျှောက်ထားသောအခါ ဆရာက သင် ဘယ်အခါသွားမည်နည်းဟု မေးသော် ညနေ ၅-နာရီအချိန် သွားမည်ဟု လျှောက်၏၊ ဆရာက ကောင်းပြီဟု ဝန်ခံသည်နှင့်တပြိုင်နက် (နောက်မသွားဖြစ်သော်လည်း) နိဿယည်းငြိမ်း၏၊ နိဿယည်းဆရာကို မပန်ကြားဘဲသွားသောတပည့်အား ဥပစာသိမ်ကို လွန်မှ နိဿယည်းငြိမ်း၏၊နိဿယည်း ဆရာက ပန်ကြားရာ မပန်ကြား ရာ၌လည်း နည်းတူသိ၊ ပက္ခသင်္ကန္တ,ဝိဗ္ဘန္တ,မရဏ သုံးမျိုး၌လည်း ထို

၄။ နိဿာယ နှ ဝသေလဇ္ဇီ၊ အပုဗ္ဗံ ဌာနမာဂတော။
အာဂမေ စတုပဉ္စာဟံ၊ ဉာတုံ ဘိက္ခုသဘာဂတံ။ ။

၄။ အလဇ္ဇီ၊ အလဇ္ဇီရဟန်းကို။ နိဿာယ၊ မှီ၍။ နှ-ဝသေ၊ မနေရာ။ အပုဗ္ဗံ၊ အသစ်ဖြစ်သော။ ဌာနံ၊ နေရာသို့။ အာဂတော၊ ရောက်လာသော ရဟန်းသည်။ ဘိက္ခု-သဘာဂတံ၊ လဇ္ဇီရဟန်းနှင့် တူသော သဘော ရှိသည့် အဖြစ်ကို။ ဉာတုံ၊ သိခြင်းငှါ။ စတု-ပဉ္စာ-ဟံ၊ လေးရက်, ငါးရက်ပတ်လုံး။ အာဂမေ၊ ဆိုင်းငံ့ရာ၏။

၅။ အဒ္ဓိကဿ ဂိလာနဿ၊ ဂိလာနုပဋ္ဌကဿစ။
ယာစိတဿ အရညေဝါ၊ သလ္လက္ခန္တေန ဖာသုကံ။
သဘာဂေ ဒါယကေ သန္တေ၊ ဝသိတုံ တာဝ လဗ္ဘတိတိ။ ။

၅။ အဒ္ဓိကဿ၊ ခရီးသွားသော ရဟန်းသည်၎င်း။ ဂိလာနဿ၊- သည်၎င်း။ ယာစိတဿ၊ သူနာရဟန်းသည် တောင်းပန်အပ်သော။ ဂိလာနု-ပဋ္ဌကဿစ၊ ဂိလာန အလုပ်အကျွေး ရဟန်းသည်၎င်း။ အရညေဝါ၊ တောၖ်လည်း။ ဖာသုကံ၊ (နှသောသမထ,ဝိပဿနာထူး၏ အစွမ်းဖြင့်)ချမ်းသာစွာနေခြင်းကို။ သလ္လက္ခန္တေန၊ မှတ်အပ်သောတော နေရဟန်းသည်၎င်း။ သဘာဂေ၊-သော။ ဒါယကေ၊ နိဿယည်းပေးတတ် သောဆရာသည်။ အသန္တေ၊-သော်။ တာဝ ထိုမျှလောက်ဝါဆိုလပြည့် နေ့တိုင်အောင်။ ဝသိတုံ၊-ငှါ။ လဗ္ဘတိ၊-၏။……ဇာတိ၊ ဤကား နိဿ ယည်းအပြီးတည်း။

---

ခဏာသာငြိမ်း၏၊ နှင်ထုတ်ရာ၌ ဆရာတပည့်တဦးဦး အာလယရှိနေသေး လျှင် နိဿယည်း မငြိမ်းသေး၊ နှစ်ဦးစလုံး ရရနိက္ခေပပြုပါမှ ငြိမ်းသည်၊ ဥပဇ္ဈာယ်နှင့် ပေါင်းဆုံမိရာ၌ မြင်ခြင်း ကြားခြင်း၏ အစွမ်း၂-မျိုးဖြင့် ပေါင်းဆုံမိခြင်းကိုသိ၊ မြင်သိမှငြိမ်းသည်၊ မြင်ကားမြင်၏၊ ဥပဇ္ဈာယ်မှန်း မသိမူ မငြိမ်း၊ ကြားသိမှ ငြိမ်းသည်၊ အသံကိုကားကြား၏၊ ဥပဇ္ဈာယ် ဆရာအသံဘဲဟု မသိမူမငြိမ်းဟုမှတ်။

၄။ အလဇ္ဇီလက္ခဏာ ၃-ပါး ပါတိမောက္ခမေဒိနီ နိဒါန်း၌ ပြဆိုခဲ့ ပြီ။ ။နိဿယည်းပေးသောဆရာသည်လည်း အလဇ္ဇီဖြစ်သောတပည့် အား နိဿယည်းမပေးရ၊ ပေးလျှင်ဒုက္ကဋ်၊ မရောက်ဘူးသေးသောနေရာ

## ၃၃–ကာယဗန္ဓနတ္တိ

၁။ အကာယဗန္ဓနော ဂါမံ၊ ဒုက္ကဋံ ပဝိသေယျ စေ။
ဗန္ဓေယျ ယတ္ထ သရတိ၊ တတ္ထေဝါသတိယာ ဂတော။ ။

## ၃၃။ ကာယဗန္ဓနတ္တိ၊ ဟူသည်။

၁။ အ-ကာယဗန္ဓနော၊ ခါးပန်းကြိုး-မဖွဲ့သောရဟန်းသည်။ ဂါမံ၊-သို့။ စေ-ပဝိသေယျ၊ အကယ်၍ ဝင်ငြားအံ့။ ဒုက္ကဋံ၊-၏။ အ-သတိယာ၊ သတိမေ့သဖြင့်။ ဂတော၊ ရွာတွင်းသို့သွားမိသော ရဟန်းသည်။ ယတ္ထ၊ အကြင်အရပ်၌။ သရတိ၊ သတိရ၏။ တတ္ထေဝ၊ ထိုသတိရသောအရပ်၌ သာလျှင်။ ဗန္ဓေယျ၊ (ခါးပန်းကြိုးကို)ဖွဲ့စည်းရာ၏။

---

သစ်သို့ ရောက်သော ရဟန်းသည် ဤမထေရ်ကား လဇ္ဇီသူတော်ကောင်းတည်းဟု သိအံ့၊ ထိုနေ့၌ပင် နိဿယည်းယူရမည်၊ တရက်မျှ အစောင့်အရှောက်မရ၊ အခွင့်မရသေး၍ အရဏ်မတက်မီထ၍ ယူမည်ဟု အိပ်အံ့၊ အရဏ်တက်မှန်းမသိလိုက်ဘဲ အိပ်ပျော်သွားသော်အာပတ်မသင့်၊ ထိုမထေရ်၏ လဇ္ဇီအဖြစ်ကိုသိရှိရန် လေးငါးရက် စောင့်ကြည့်နိုင်သည်၊ နိဿယည်းပေးမည့်ဆရာက ဆိုင်းငံ့ထားမူ လေးငါးရက်ထက်အလွန်လည်းနေနိုင်သည်ဟုသိ။ (မဟာဝါ မဟာခန္ဓက။)

၅။ အဒ္ဓိကစသော လေးဦးသည် လဇ္ဇီသဘာဂဖြစ်သော နိဿယည်းပေးတတ်သော ဆရာမရှိလတ်သော် ဝါဆိုလပြည့်နေ့တိုင်အောင် နေကောင်းသည်ဟူ၏။

နိဿယပြီးပြီ။

---

## ၃၃–ကာယဗန္ဓန

၃၃။ ကာယဗန္ဓန၊ခါးပန်းကြိုး အပ်မအပ်ကိုပြသည်။

ဗန္ဓိယတိ ဧတေနာတိ ဗန္ဓနံ၊ဖွဲ့ချည်ကြောင်းကြိုးကိုရစေ၊ကာယဿ ဗန္ဓနံ ကာယဗန္ဓနံ၊ခါးဟုဆိုအပ်သော ကိုယ်ကိုဖွဲ့ချည်ကြောင်း ခါးပန်းကြိုးကိုရစေ။

၂။ ပဋ္ဋိကာ သူကရန္တကံ၊ ဒုဝိဓံ ကာယဗန္ဓနံ။
ဒုဿပဋ္ဋော စ ရဇ္ဇုဝ၊ ကော ဟဒန္ဓလောမိကာ။ ။

၂။ ပဋ္ဋိကာ၊ ခါးပန်းကြိုးအပြားရင်း။ သူကရ-န္တကံ၊ ဝက်အူပမာ-အခေါင်းပါသော ခါးပန်းကြိုးရင်း။ ဣတိ၊-သို့။ ကာယဗန္ဓနံ၊-သည်။ ဒုဝိဓံ၊ နှစ်မျိုးပြား၏။ ဒုဿ-ပဋ္ဋော စ၊ အဝတ်ခါးပန်းပြားသည်ကား။ တဒန္ဓလောမိကာ၊ ခါးပန်းပြားအားလျော်၏။ ကောရဇ္ဇုစ၊ တချောင်းသော ကြိုးခါးပန်းသည်ကား။ တ-ဒန္ဓလောမိကာ၊ ထိုဝက်အူခါးပန်းကြိုးအား လျော်၏။

၃။ မန္တ ကဏ္ဍက ခဇ္ဇူရိ၊ ပဏ္ဏာ မဋ္ဌာ စ ပဋ္ဋိကာ။
လဋ္ဌာ ဒသာ စတဿောပိ၊ အန္တေ ဒိဂုဏသုတ္တကံ။ ။

၃။ ပဋ္ဋိကာ၊–ကို။ မန္တ-ကဏ္ဍက, ခဇ္ဇူရိ–ပဏ္ဏာ၊ ငါးကျောက်ဆူး ရိုးသဏ္ဌာန်,သင်ပေါင်းရွက်သဏ္ဌာန်ရှိသော်ရင်း။ မဋ္ဌာ စ၊သင်ချောပြား ကဲ့သို့ ရက်အပ်သော်ရင်း။ လဋ္ဌာ၊ရအပ်၏။ဒသာ၊အဆာအမြိတ်တို့ကို။ စတဿောပိ၊လေးချောင်းလေးသွယ်တို့ကိုလည်း။ လဋ္ဌာ၊ရအပ်ကုန်၏။ အန္တေ၊ (ခါးပန်းပြား၏)အနားစွန်းနှစ်ဘက်၌။ ဒိဂုဏ-သုတ္တကံ၊ နှစ်လွန်း တင်သော ချည်ကြိုးကို။ လဋ္ဌံ၊–၏။

---

၁။ ခါးပန်းကြိုး မပန်းဘဲ ရွာတွင်းသို့မဝင်ကောင်း၊ ဝင်အံ့၊ ဒုက္ကဋ်၊ သတိမရ၍ ဝင်မိအံ့၊ သတိရသောနေရာ၌ ရပ်၍ ခါးပန်းကြိုးပန်းရမည်၊ ဆွမ်းစားကျောင်းသို့သွားပြီး ပန်းအံ့ဟု သွားအံ့၊ အပ်၏၊ သတိရလျက် မပန်းဘဲ ဆွမ်းခံမသွားကောင်း၊ စေတနာမရှိဘဲ သွားအံ့၊ အနာပတ္တိ၊ (ခုဒ္ဒကဝတ္ထုက္ခန္ဓက။)ဋီကာသစ်ကား "ဒုက္ကဋန္တိ သဉ္စိစ္စဝါ အသဉ္စိစ္စဝါ ပဝိသေယျစေ ဒုက္ကဋံ"ဟုဆို၏·ဝိမတိဋီကာကြံ့နှင့်မညီ။

၂။ ခါးပန်းကြိုးသည် အပြားနှင့် ဝက်အူခါးပန်းကြိုးသာအပ်သည်၊ အဝတ်ကိုပြား၍ ချုပ်ထားသော ခါးပန်းပြား သည်ကား ခါးပန်းပြား အားလျော်သည်ဖြစ်၍ အပ်သည်၊ ယခုကာလပန်းပြောက်တို့ဖြင့် ဆန်း ကြယ်သော လက်ကိုင်ပုဝါအကြီးစားကို ခါးပန်းကြိုး လုပ်၍ ပန်းသည် ကား မအပ်၊ တချောင်းသာဖြစ်သော ကြိုးခါးပန်းကား ဝက်အူ ခါးပန်း အား လျော်သည်ဖြစ်၍ အပ်သည်၊ ဆောက်လုံးသဏ္ဌာန်ရှိမူ တချောင်း

၄။ မာလာဒိံ ကုဏ္ဍလဋ္ဌာဒိံ၊ဒသေဝဋ္ဋာ ဂဏာသုတ္တကံ။
ကောဋ္ဋိတာ ကုဋ္ဋရုဋ္ဌာဒိံ၊ပဋ္ဋိကာ နစ ကပ္ပတိ။ ။

၄။ မာလာဒိံ၊ရှုံးပန်းစသည်ကိုရင်း။ ကုဏ္ဍလဋ္ဌာဒိံ၊ ဖူးဖွန်မျက်စိသဏ္ဌာန်စသည်ကိုရင်း။ ကုဋ္ဋရ-ဋ္ဌာဒိံ၊ ဆင်မျက်ကွင်းသဏ္ဌာန်စသည်ကိုရင်း။ ဒသေဝဋ္ဋာ၊ ပြဲ၍။ဂဏာ–သုတ္တကံ၊နှစ်လွှန်းတင်သော ချည်ဖြင့်။ ကောဋ္ဋိတာ၊ ရက်အပ်သော။ ပဋ္ဋိကာ၊ခါးပန်းပြားသည်။နစ–ကပ္ပတိ၊ မအပ်သည်သာတည်း။

၅။ ဃဋကံ မကြမုခါဒိ၊န ကပ္ပန္တိ ဒသာမုခေ။
ဥဘန္တေ ဃဋကာ လေခါ၊ ဝိဓေ အညဉ္စ ဝိတ္တကံ။ ။

၅။ ဒသာ–မုခေ၊ အဆာ၀၌။ ဃဋကံ၊ ကြာသွတ်အိုး သဏ္ဌာန်သည်ရင်း။ မကြ-မုခါဒိ၊မကန်း ခံတွင်း သဏ္ဌာန် စသည်တို့သည်ရင်း။ န-ကပ္ပန္တိ၊–ကုန်။ ဝိဓေ၊ ခါးပန်းဘိ၌။ ဥဘာ-ဏ္ဍေ၊ နှစ်ဘက်အစွန်း၌။ ဃဋကာ၊–မှုရင်း။ လေခါ၊ အရေးမှုရင်း။ အညံ၊–သော။ ဝိတ္တကဉ္စ၊ ဆန်းကြယ်သောသဏ္ဌာန်သည်ရင်း။ န-ကပ္ပတိ၊-အပ်။ [ဋီကာ၌မုခါဒိံ ရှိ၏၊ နကပ္ပန္တိ ကြိယာကိုထောက်သော် မုခါဒိ ရှိမှကောင်းမည်။]

---

တည်းပင်ဖြစ်သော်လည်း မအပ်၊ ကြိုးအများကိုအလယ်ကထား၍ ကြိုးတချောင်းဖြင့် မပြတ်ရစ်ပတ်၍ပြုလုပ်ထားမှုကား ဗဟုရဇ္ဇုကဟုမခေါ်ရသောကြောင့် အပ်သည်ဟု သိ။

၃။ ခါးပန်းပြားသည် ဖြောင့်ဖြောင့် ငါးကျောက်ဆူးရိုးပုံသဏ္ဌာန်ရှိသော ခါးပန်းပြားတမျိုး,သင်ပေါင်းရွက် ပုံသဏ္ဌာန်ရှိသော ခါးပန်းပြားတမျိုး,သင်ဖျာကဲ့သို့ ရိုးရိုးရက်အပ်သော ခါးပန်းပြား တမျိုးဟု ၃-မျိုးပြား၏၊ ယင်း ၃-မျိုးစလုံး အပ်သည်၊ ခါးပန်း၏ အမြိတ်အဆာတို့ကား တချောင်းမှစ၍ လေးချောင်းအထိ အပ်သည်၊ လေးချောင်းထက်လွန်မှု မအပ်၊ ခါးပန်းပြား၏ အစွန်းနှစ်ဘက်တို့၌ အမြိတ် အဆာ အရင်း ခိုင်စေခြင်းငှါ နှစ်လွှန်းတင်ကြိုးကျစ်ထားခြင်းငှါ အပ်သည်။ (ဒုတိယ ပါရာဇိက ပါဠိမုတ္တက။)

၄။ ယင်းဂါထာအဓိပ္ပါယ်လွယ်ပြီ။ (ဒုတိယပါရာဇိက။)

၆။ ဒေဒ္ဒုဘကဉ္စ မုရဇံ၊ မဒ္ဒဝိဏံ ကလာဗုကံ။
နကပ္ပန္တိ ဒသာသု ဌေ၊ မဏ္ဍိမာယေဝ'ကပ္ပရေ။ ။

၆။ ဒေဒ္ဒုဘကဉ္စ၊ ရေမြွေဦးခေါင်းနှင့် တူသော ခါးပန်းသည်ရင်း။ မုရဇံ၊ မုရိုးစည်သဏ္ဌာန်ရစ်၍ပြုအပ်သော ခါးပန်းသည်ရင်း။ မဒ္ဒဝိဏံ၊ သောက်လုံးသဏ္ဌာန်ပြုအပ်သော ခါးပန်းသည်ရင်း။ ကလာဗုကံ၊ ကြိုးအများရှိသော ခါးပန်းသည်ရင်း။ န—ကပ္ပန္တိ၊–ကုန်။ ဒသာသု၊–တို့၌။ ဌေ၊–ကုန်သော။ မဏ္ဍိမာယေဝ၊ အလယ်၌ဖြစ်သော မုရဇ,မဒ္ဒဝိဏတို့သည် သာလျှင်။ ကပ္ပရေ၊–ကုန်၏။

၇။ ဝေဠုဒန္တ ဝိသာဏဋ္ဌိ၊ ကဋ္ဌ လာခါ ဖလာမယာ။
သင်္ခနာဘိမယာ သုတ္တာ၊ နဠ လောဟမယာပိ စ။
ဝိဓာ ကပ္ပန္တိ ကပ္ပိယာ၊ ဂဏ္ဌိယောစာပိ တမ္မယာတိ။ ။

ပဌမဘာဏဝါရံ နိဋ္ဌိတံ။

၇။ ဝေဠု—ဒန္တ—ဝိသာဏ-ဋ္ဌိ—ကဋ္ဌ—လာခါ—ဖလာ—မယာ၊ ဝါး, ဆင်စွယ်, သားချို, အရိုး, သစ်သား, ချိပ်,သစ်သီးတို့ဖြင့် ပြီးကုန်သော။ သင်္ခ—နာဘိ—မယာ၊ ခရုသင်းချက်ဖြင့် ပြီးကုန်သော။ သုတ္တ—နဠ—လောဟ-မယာပိစ၊ ချည်,ကျူ,သံကြေးတို့ဖြင့်ပြီးသည်လည်း ဖြစ်ကုန်သော။ ဝိဓာ၊ ခါးပန်းဘိတို့သည်။ ကပ္ပန္တိ၊–ကုန်၏။ တမ္မယာ၊ ထိုဝါးစသည်တို့ဖြင့်ပြီးကုန်သော။ ဂဏ္ဌိယောစာပိ၊ ခါးပန်းသီးတို့သည်လည်း။ ကပ္ပိယာ၊ အပ်ကုန်၏။ ·····ဣတိ၊ ဤကား ခါးပန်းကြိုး အပြီးတည်း။

ပဌမဘာဏဝါရံ၊–သည်။ နိဋ္ဌိတံ၊ ပြီးဆုံးခြင်းသို့ရောက်ပြီ။

ပဌမဘာဏဝါရပြီး၏။

---

၅။ အမြိတ်အဆာရင်း၌ ဃဋက,မကရမုခ,ဒေဒ္ဒုဘသီသ,နှစ်ဘက်အစွန်း၌ ကြာသွတ်အိုး, အရေးအကြောင်းတို့မှတပါး ဆန်းကြယ်သော အရုပ်စသည် မအပ်ဟု သိ။ (ဒုတိယပါရာဇိက။)

၆။ "အနုဇာနာမိ ဘိက္ခဝေ မုရဇံ မဒ္ဒဝိဏံ"ဟူသော စကားသည် အဆာတို့၌သာ ခွင့်ပြုသောစကားဖြစ်၏၊ ခါးပန်း၌ကား မအပ်ဟု သိ။ (ခုဒ္ဒကဝတ္ထုက္ခန္ဓက။)

## ၃၄-ပထဝီစာတိ

၁။ ဓာတာဓာတာတိ ဒုဝိဓာ၊ သုဒ္ဓမတ္တိကပံသုကာ။
ဓာတာ ဒဍ္ဎာစ ပထဝီ၊ ဗဟုမတ္တိကပံသုကာ။ ။
၂။ စာတုမာသာဓိကောဝဋ္ဋ၊ ပံသုမတ္တိကရာသိ စ။
သုဒ္ဓ သက္ခရ ပါသာဏ၊ မရုမ္ဗ ကထ ဝါလုကာ။ ။
၃။ ဒဍ္ဎာစ ဘူမိ ယေဘုယျ၊ သက္ခရာဒိ မဟိပိ စ။
ဒုတိယာ ဝဏ္ဏရာသိစ၊ စာတုမာသောမဝဋ္ဋကော။ ။

## ၃၄။ ပထဝီစာတိ၊ဟူသည်။

၁-၂-၃။ ဓာတာ၊ ဓာတမြေ၎င်း။ အဓာတာ၊-၎င်း။ ဣတိ၊-သို့။ (ပထဝီ၊ မြေသည်။) ဒုဝိဓာ၊-၏။ သုဒ္ဓ မတ္တိက-ပံသုကာ၊ သက်သက်သော မြေစိုင်, သက်သက်သော မြေမှုန့်သည်၎င်း။ အဒဍ္ဎာ၊ မီးမလောင်ဘူးသော။ ပထဝီစ၊-သည်၎င်း။ ဗဟု-မတ္တိက-ပံသုကာ၊ များသော မြေစိုင်, မြေမှုန့်ရှိသော။ ပထဝီစ၊-သည်၎င်း။ ။စာတုမာသာ-ဓိကော-ဝဋ္ဋ-ပံသု-မတ္တိက-ရာသိစ၊ မိုးလေးလထက် အလွန် မိုးစွတ်သော မြေမှုန့်,မြေစိုင်ခဲသည်၎င်း။ ဓာတာ၊ ဓာတပထဝီမည်၏။ သုဒ္ဓ-သက္ခရ-ပါသာဏ- မရုမ္ဗ-ကထ-ဝါလုကာ၊ သက်သက်သော ကျောက်စရစ်, ကျောက်ခဲ, ကျောက်ပြုတ်, အိုးခြမ်းကွဲ, သဲတို့သည်၎င်း။ ။ဒဍ္ဎာ၊ မီးလောင်သော။ ဘူမိစ၊ မြေသည်၎င်း။ယေဘုယျ-သက္ခရာဒိ-မဟိပိစ များသော အားဖြင့် ကျောက်စရစ် စသည်ရှိသော မြေသည်၎င်း။ စာတုမာသောမဝဋ္ဋကော၊ မိုးစွတ်၍ လေးလမပြည့်သေးသော။ ဝဏ္ဏ-

---

၇။ ဝါး စသော ၁၁-ခုသော ခါးပန်းသီး အပ်သည်၊ (ချဒ္ဒက။) သို့သော် ခရုသင်း အဌမကာန်း ဆန်းကြယ်သော အရုပ်မျိုးထုထားမှု မအပ်၊ အပိုင်းအခြားဖြစ်သောအရေးမျှသာ အပ်သည်၊ ခါးပန်းသီး၏ နှစ်ဘက် အစွန်းတို့၌ ခိုင်စေလို၍ ကြာသွတ်အိုးကို ပြုခြင်းငှါကား အပ်၏ဟု သိ။ (ဒုတိယပါရာဇိက။)

ကာယဗန္ဓန ပြီးပြီ။
ပထမ ဘာဏဝါရ ပြီးပြီ။

ရာသိစ၊ ဆိုအပ်ပြီးသော မြေစိုင်, မြေမှုန့် အစုသည်ဇင်း။ ဒုတိယာ၊ နှစ်ခု မြောက်သော အဓာတမြေမည်၏။

၄။ ဒွေ ဘာဂါ တိသု ဘာဂေသု၊ မတ္တိကာ ယဿ ဘူမိယာ။
ယေဘုယျမတ္တိကာ ဧသာ၊ သေသေသုပိ အယံ နယော။ ။

၄။ ယဿဘူမိယာ၊ အကြင် မြေ၏။ တိသု–ဘာဂေသု၊ သုံးတို့ တဘို့တို့တွင်။ ဒွေ–ဘာဂါ၊–တို့သည်။ မတ္တိကာ၊ မြေစေးတို့တည်း။ ဧသာ၊ ဤမြေသည်။ ယေဘုယျ-မတ္တိကာ၊ များသော မြေစေးရှိသော မြေမည်၏။ သေသေသုပိ၊ ကြွင်းသော ယေဘုယျပံသု စသည်တို့၌ လည်း။ အယံ နယော၊ ဤနည်းအတိုင်းတည်း။

---

## ၃၄–ပထဝီ

၃၄။ ပထဝီ၊ အပ်မအပ်သောမြေ စသည်ကိုပြသည်။

၁-၂-၃။ ဓာတာဓာတာစ ပထဝီ ဟူသောပါဌ်ဖြင့် မြေသည် မြေ စစ်ဖြစ်သော ဓာတပထဝီ,မြေစစ်မဟုတ်သော အဓာတ ပထဝီဟု နှစ် မျိုးရှိသည်ကိုပြ၏။ "သုဒ္ဓမတ္တိက ပံသုကာ" မှ "ပံသုမတ္တိက ရာသိစ" တိုင်အောင်သောပါဌ်ဖြင့် ဓာတပထဝီလေးမျိုးကို ပြသည်။……သုဒ္ဓကို အပ္ပသက္ခရာဒိတာယ ဟု ဋီကာသစ်ဖွင့်၏။ ဗဟုမတ္တိကပံသုကာကို ထောက်၍ ဆင်ခြင်ရန်ရှိ၏ဟုဆိုကြ၏။ ။မတ္တိကနှင့် ပံသုကကို ဒွန်ကွဲ၊ သုဒ္ဓနှင့် ကမ္မဓာရယသမာသ်တွဲ။ ။"ဒွန်၏ရှေ့နောက်၊ပုဒ် နှစ်ထောက် မှာ၊ပုဒ် တိုင်းသာ၊ ယှဉ်ကာ စပ်ရမြဲ"ဟူသော နိယံအရ သက်သက် သော မြေစိုင်,သက်သက်သော မြေမှုန့်ဟု အနက်ပေးလိုက်သည်၊ဋီကာ သစ်၌ ဗာဟိရတ္ထသမာသ်ဟုဆို၏၊ ဇင်းအလို သက်သက်သော မြေစိုင် မြေမှုန့်ရှိသော မြေဟု အနက်ပေး။ ။ဗဟုနှင့် မတ္တိကပံသုကို အညပဒတ္ထသမာသ်တွဲ။ ။အဒဍ္ဍမြေကား သီးခြားမရှိ၊ သုဒ္ဓမတ္တိကစသော သုံးပါးတို့တွင် တပါးပါးသာဟုမှတ်။ ။စတ္တာရောမာသာတိ စာတု မာသာ၊ မိုးလေးလဟူ၏။ စာတုမာသေဟိ အဓိကော စာတုမာသာ ဓိကော၊မိုးလေးလထက်လွန်သောကာလ။စာတုမာသာဓိကေ ဩဝဋ္ဌော စာတုမာသာဓိကောဝဋ္ဌော၊ မိုးလေးလထက်အလွန် မိုးပေါက်တိုက်

၅။ ပါစိတ္တိ ခနနေ ဓာတော၊ ဓာတာသညိဿ ဒုက္ကဋံ။
ဒွေဠှဿာ ဓာတာသညိဿ၊ နာပတ္တာဏာပနေ တထာ။ ။

၅။ ဓာတော၊ ဓာတမြေ၌။ ဓာတ–သညိဿ၊ ဓာတမြေဟု အမှတ် ရှိသော ရဟန်းအား။ ခနနေ၊တူးဆွခြင်းကြောင့်။ ပါစိတ္တိ၊–၏။ ဒွေဠှဿ၊ သံသယရှိသော ရဟန်းအား။ ခနနေ၊-ကြောင့်။ ဒုက္ကဋံ၊–၏။ အဓာတ-သညိဿ၊–အား။ ခနနေ၊-ကြောင့်။ အနာပတ္တိ၊ အာပတ်မသင့်။ အာဏာပနေ၊ စေခိုင်းရာ၌။ တထာ၊ထို့အတူတည်း။

---

ရိုက်ထိမှန်၍ မိုးရွတ်သောမြေကိုယူ၊ တစုံတခုသောအရပ်၌ ထိခိုက်၍ စင်ကျလာသော မိုးပေါက်ထိမှန်သော မြေမျိုးကို မယူရဟုဆို၏။ ။

ပံသုနှင့်မတ္တိကကိုရှေးအတိုင်းခွန်တွဲ၊ ပံသုမတ္တိကာနံ ရာသိ ပံသုမတ္တိက ရာသိ၊ မြေမှုန့်မြေစိုင်ခဲကိုယူ၊ စာတုမာသာဓိကောဝဿောနှင့် ပံသုမတ္တိကရာသိကို ကမ္မဓာရယသမာသ်တွဲ၊မိုးလေးလထက်အလွန်မိုးရွတ်သော မြေမှုန့်မြေစိုင်ခဲဟု အနက်ပေး။····ဋီကာသစ်ကား အညပဒတ္ထသမာသ် လည်း တွဲသေး၏။

"သုဒ္ဓသဒ္ဒရ"မှသည် "ဝုတ္တရာသိ"တိုင်အောင်သောပါဌ်ဖြင့် အဓာတ ပထဝီလေးမျိုးကိုပြသည်။[ပထဝီခနန သိက္ခာပုဒ်ပါဠိတော်။]

သဒ္ဒရမှစ၍ ဝါလုကာတိုင်အောင်သောပုဒ်ငါးပုဒ်ကိုခွန်တွဲ၊သုဒ္ဓနှင့် ကမ္မဓာရယသမာသ်တွဲ၊ ကထလဟုဆိုအပ်လျက် "လ"အက္ခရာ ချေ ထားသည်။

**အမှာ**····သမာသ်တွဲပုံကို အနက်ပေးပုံကိုကြည့်၍ တွဲစပ်တတ် အောင်ကြံ။

**ဆောင်**·····လက်ဆုပ်မက၊ပါသာဏ၊ ဆုပ်မျှသက္ခရာ။
ကျောက်ပြုတ်ငယ်စွ၊မရုမ္ဗ၊ခေါ်ကြသဲကျောက်သာ။

**၄။ ဒွေဘာဂါ**···· ဂါထာဖြင့် ယေဘုယျမတ္တိက,ယေဘုယျ ပံသု, ယေဘုယျသက္ခရစသော ၇–မျိုးကိုပြသည်၊
[ပါစိတ်ပါဠိတော် ပထဝီခနနသိက္ခာပုဒ်။]

**မှတ်ချက်**·····ထက်ဝက်စီဖြစ်မှု မအပ်သော အဘို့ကို မလွန်သော ကြောင့် အပ်၏ဟု ဋီကာဟောင်းဆို၏။····· ကေစိကား ဒုက္ကဋံ၊·····ဝိမတိနှင့် သာရတ္ထကား ပါစိတ်ဟုဆို၏။ဆက်ဦးအံ့၊ မြေမှုန့်

၆။ ပဟာရေ ပဟာရေပတ္တိ၊ ခနမာနသ္သ အတ္တနာ။
ဧကောယာဏတ္တိယာ ဧကာ၊ နာနာဏတ္တိသု ဝါစသော။ ။

၆။ အတ္တနာ၊ ကိုယ်တိုင်။ ခနမာနဿ၊ တူးသော ရဟန်းအား။ ပဟာရေ-ပဟာရေ၊ တူးတိုင်း တူးတိုင်း။ အာပတ္တိ၊ ပါစိတ်အာပတ် သင့်၏။ ဧကာယာ-ဏတ္တိယာ၊ တကြိမ် စေခိုင်းခြင်းကြောင့်။ ဧကာ၊ အာပတ် တချက်သင့်၏။ နာနာဏတ္တိသု၊ အကြိမ်ကြိမ် စေခိုင်းခြင်းတို့ကြောင့်။ ဝါစသော၊ ခွန်းတိုင်း ခွန်းတိုင်း။ အာပတ္တိ၊-၏။

၇။ ဣမံ ဌာနမိမံ ကန္ဒ၊ မိဝ ဝါပိံ ခနေတ္တ စ။
ဇာလေဟာဂ္ဂိန္တိ ဝါ ဝတ္တုံ၊ နိယမေတွာ န ဝဋ္ဋတိ။ ။

၇။ ဣမံ-ဌာနံ၊ ဤအရပ်ကို။ ဣမံ-ကန္ဒံ၊ ဤအဖုကို။ ခန၊ တူးလော။ ဣဓ၊ ဤအရပ်၌။ ဝါပိံ၊ ရေကန်ကို။ ခန၊-လော။ ဧတ္တ၊ ဤအရပ်၌လည်း။ အဂ္ဂိံ၊ မီးကို။ ဇာလေဟိ၊ ညှိလော။ ဣတိ ဝါ၊-သို့လည်း။ နိယမေတွာ၊ မှတ်၍။ ဝတ္တုံ၊ ဆိုခြင်းငှါ။ န-ဝဋ္ဋတိ၊ မအပ်။

မြေစိုင်နည်းသော မြေ၌ အနာပတ္တိဟု မိန့်ခြင်းကြောင့် ထက်ဝက်စီဖြစ်သော်ကား ပါစိတ်ဟု ဝိမတိအကြောင်းပြ၏။ ····နည်း,များနှစ်မျိုးရှိသော မြေကိုသာ ဟောတော်မူ၏၊ ဥပဍ္ဎမြေကို မဟော၊ သို့ပင်မဟောသော်လည်း ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့၌ သာဝသေသ ပညတ် ဖြစ်သင့်ခြင်းကြောင့် ဥပဍ္ဎရောသောမြေ၌ ပါစိတ်သာ ဖြစ်သင့်၏ဟု သာရတ္ထအကြောင်းပြ၏၊ ပါစိတ်ဝတ္ထု မြေနှင့် အနာပတ္တိဝတ္ထုမြေ ၂-မျိုးသာ ရှိသောကြောင့် ဒုက္ကဋ်ဆိုသည်မှာ မသင့်ဟု ဆုံးဖြတ်ကြသည်။

၅။ **ပါစိတ္တိခနနေ**······ဂါထာဖြင့် အာပတ္တိ, အနာပတ္တိ ၂-မျိုး အဆုံးအဖြတ်ကိုပြသည်၊ [ဋ္ဌင်းပါဠိတော်။]

၆။ **ပဟာရေ**······ဂါထာအဓိပ္ပါယ်လွယ်၏၊ [ဋ္ဌင်းအဋ္ဌကထာ။]

၇။ **ဣမံဌာနံ**······ဂါထာဖြင့် မှတ်၍တူးခိုင်းသော် မအပ်သည်ကို ပြသည်၊ ဤအရပ် ဤအရပ် ဤအဖုအမြစ်ကိုတူးလောဟု ဆွလောဟုမှတ်၍ခိုင်းသော်သာမအပ်၊ နိယမေတွာကိုထောက်၍ မမှတ်မူ၍ ခိုင်းသော်အပ်၏။ ။ဝတ္တုံကား ကတ္တား,သမ္ပဒါန်နှစ်ချက် သင့်၏ဟု ဋီကာသစ်ဆို၏။ [ဋ္ဌင်း-ဋ္ဌ။]

၈။ ထမ္ဘသိမဿ အာဝါရံ၊ မတ္တိကံ ဇာန မာဟာရ။
ကရောဟိ ကပ္ပိယဒ္ဓေတိ၊ ဝစနံ ဝဋ္ဋတေဒိသံ။ ။

၈။ ဓမ္မသိ-ထမ္ဘဿ၊ ဤတိုင်၏။ အာဝါရံ၊ တွင်းကို။ ဇာန၊ သိလော။ မတ္တိကံ၊ မြေကို။ အာဟာရ၊ ဆောင်ခဲ့လော။ ကပ္ပိယံ၊ ကပ္ပိခြင်းကို။ ကရောဟိ၊ ပြုလော။ ဓမ္မတိစ၊—သို့လည်း။ ဧဒိသံ၊ ဤသို့သော။ ဝါ၊ ဤသို့ရှုအပ်သော။ ဝစနံ၊ စကားသည်။ ဝဋ္ဋတိ၊ အပ်၏။

၉။ အသမ္ဗန္ဓံ ပထဝိယာ၊ သုက္ခကဒ္ဒမအာဒိကံ။
ကောပေတုံ တနုကံ လဗ္ဘာ၊ ဥဿိဉ္စနိယ ကဒ္ဒမံ။ ။

၉။ ပထဝိယာ၊ အောက်မြေနှင့်။ အ–သမ္ဗန္ဓံ၊ မစပ်သော။ သုက္ခ-ကဒ္ဒမ–အာဒိကံ၊ ခြောက်သော ညွန်အစရှိသည်ကိုရင်း။ တနုကံ၊ ကဲသော။ ဥဿိဉ္စနိယ-ကဒ္ဒမံ၊ (အိုးတို့ဖြင့် ခပ်၍) သွန်းလောင်းခြင်းငှါ စွမ်းနိုင်သောညွန်ကိုရင်း။ ကောပေတုံ၊ ဖျက်ဆီးခြင်းငှါ။ လဗ္ဘံ၊ ရအပ်၏။

၁၀။ ဂဏ္ဍုပ္ပါဒံ ဥပစိကာ၊ မတ္တိကံ မူသိကုက္ကိရံ။
စာတုမာသာဗိကောဝဋ္ဋံ၊ လေဍ္ဍာဒိစ္စ န ကောပယေ။ ။

၁၀။ စာတုမာသာ-ဗိကော-ဝဋ္ဋံ၊ မိုးစွတ်၍ လေးလထက်လွန်သော။ ဂဏ္ဍုပ္ပါဒံ၊ တီကျစ်စာမြေကိုရင်း။ ဥပစိကာ—မတ္တိကံ၊ ခြအိမ်မြေကိုရင်း။ မူသိကု—က္ကိရံ၊ ကြွက်ကျစ်စာမြေကိုရင်း။ လေဍ္ဍာဒိံ စ၊ ထွန်သွားဖြင့် ဖျက်အပ်သောမြေစသည်ကိုရင်း။ န—ကောပယေ၊ မဖျက်ဆီးရာ။

---

၈။ **ထမ္ဘသိမဿ**·····ဂါထာဖြင့် အပ်သော ခိုင်းနည်းကို ပြသည်။
[ပါစိတ်—ပါ။] ဝစနံ ဝဋ္ဋတေဒိသံဖြင့် မတ္တိကံ ဒေဟိစသော ဥပမေယျ၊ မတ္တိကံ ဇာနစသောဥပမာန၊ ထိုဥပမာန, ဥပမေယျနှစ်ပါးတို့၏ အပ်ခြင်းတူသည့်အဖြစ်တည်းဟူသော ဥပမာ သုံးပါးကိုယူ။

၉။ **အသမ္ဗန္ဓံ**······ ဂါထာဖြင့် အပ်သောမြေအထူးကို ပြသည်။
· [ရင်း-ဌ။]ခပ်၍သွန်းလောင်းခြင်းငှါ မရစကောင်းသော ညွှန်ပြစ်ဖြစ်မူ မအပ်၊ ဗဟလော န ဝဋ္ဋတိ။[ရင်း–ဌ။]

၁၁။ ပတိတေ ဝါပိအာဒီနံ၊ ကူလေ ဥဒကသန္တိကေ။
ပါသာဏေစ ရဇေ လဂ္ဂေ၊ ပတိတေ နဝသောဏ္ဍိယာ။ ။

၁၂။ ဝမ္မိကေ မတ္တိကာကုဋ္ဋေ၊ အဗ္ဘောကာသုဋ္ဌိတေ တထာ။
ယေဘုယျကထလဋ္ဌာနေ၊ တိဋ္ဌတိဋ္ဌကကုဋ္ဋကော။ ။

၁၁–၁၂။ ဥဒက–သန္တိကေ၊ ရေ၏အနီး၌။ ပတိတေ၊ ပြိုကျသော။ ဝါပိအာဒီနံ၊ ထုံးအိုင်စသည်တို့၏။ ကူလေ၊ ကမ်းပါး၌၎င်း။ ပါသာဏော၊–၌။ လဂ္ဂေ၊ ကပ်ငြိသော။ ရဇေ၊ မြူ၌၎င်း။ နဝ-သောဏ္ဍိယာ၊ အသစ်ဖြစ်သောအိုင်၌။ ပတိတေ၊ ကျသော။ ရဇေ၊–၌၎င်း။ အဗ္ဘောကာသေ၊ လွင်တီးခေါင်၌။ ဥဋ္ဌိတေ၊ ပေါက်သော။ ဝမ္မိကေ၊ တောင်ပို့၌၎င်း။ မတ္တိကာ–ကုဋ္ဋေ၊ မြေနံရံ၌၎င်း။ တထာ၊ ထိုတီကျစ်စာမြေစသည်နှင့် အတူတည်း။ ဋ္ဌာ ဗ္ဗက–ကုဋ္ဋကော၊ အုဌ်နံရံသည်။ ယေဘုယျ–ကထလ-ဋ္ဌာနေ၊ များသောအားဖြင့် အိုးခြမ်းကွဲရှိသော မြေအရာ၌။ တိဋ္ဌတိ၊ တည်၏။

---

**၁၀။ ဂဏ္ဌာပုပ္ပါဒံ**…… ဂါထာဖြင့် မဖျက်ဆီးကောင်းသောမြေကို ပြသည်၊ မိုးလေးလမလွန်သေးမူ ၎င်းမြေ လေးမျိုးစသည်ကို ဖျက်ဆီးကောင်းသည်။ [၎င်း–၄။]

**မှတ်ချက်**……လေဍ္ဍုအာဒိ၌ အာဒိဖြင့် နွားခွါကြောင့် ပျက်သော မြေ ကိုယူ။

**၁၁–၂။ ပတိတေ**……စသော နှစ်ဂါထာတို့ဖြင့် ကပ္ပိယ,အကပ္ပိယ မြေကို ပြသည်၊ ရေ၏အနီး၌ ပြိုကျသော ထုံးအိုင်စသည်တို့၏ ကမ်းပါးမြေ, ကျောက်ဖျာ၌ ကပ်ငြိတင်နေသော မြူ,တူး သစ်စအိုင်၌ ကျသော မြူ,လွင်တီးခေါင်၌ ပေါက်သော တောင်ပို့ မြေ, နံရံမြေ- ဤမြေ ငါးမျိုးကား တီကျစ်မြေစသည်နှင့် တူ၏၊ မိုး လေးလလွန်မူ မအပ်၊ မလွန်သေးက အပ်သည်။ ။အုဌ်နံရံသည် များ သောအားဖြင့် အိုးခြမ်းကွဲရှိသောမြေအရာ၌ တည်၏၊ အဇ္ဈာတပထဝီ မည်ကောင်းသောကြောင့် ဖြိုဖျက်ကောင်းသည်၊ အာပတ်မသင့်ဟူ၏။ [၎င်း–၄။]

**မှတ်ချက်**……ဋ္ဌာ ဗ္ဗကာယ ကတော ကုဋ္ဋကော- ဋ္ဌာ ဗ္ဗကကုဋ္ဋကော–ဟု တွဲစပ်။

၁၃။ ထမ္ဘာဒိံ ဂဏှိတုံ ဘူမိံ၊ သဉ္စာလေတွာ ဝိကောပယံ။
ခါရာယ ဘိန္ဒိတုံ ဘူမိံ၊ ကာတုံပါ ဝိသမံ သမံ။ ။
၁၄။ သမ္ဗန္ဓနီဟိ ဃံသိတုံ၊ ကဏ္ဍကာဒိံ ပဝေသိတုံ။
ဒသေသာသာမိတိ ဘိန္ဒန္တော၊ ဘူမိံ စက်မိတုံ ပဒံ။ ။
၁၅။ ဃံသိတုံ အဂ်ပစ္စင်္၊ကဏ္ဍုရောဂီ တဋာဒိသု။
ဟတ္ထံဝါ ခေါဝိတုံ ဘူမိံ၊ ဃံသိတုံ နစ ကပ္ပတိ။ ။

၁၃–၁၄–၁၅။ သဉ္စာလေတွာ၊ လှုပ်၍။ ဘူမိံ၊–ကို။ ဝိကောပယံ၊ ဖျက်ဆီးသဖြင့်။ ထမ္ဘာဒိံ၊ (လွင်တီးခေါင်ဒွတည့်ရှိသော) တိုင်စသည်ကို။ ဂဏှိတုံ၊ယူခြင်းငှါရင်း။ခါရာယ၊ ကျင်ငယ်အယဉ်ဖြင့်။ဘူမိံ၊–ကို။ ဘိန္ဒိတုံ၊ခွဲဖျက်ခြင်းငှါရင်း။ဝိသမံ၊ မညီညွတ်သောမြေကို။ သမံ၊ အညီအမျှ။ကာတုံဝါ၊ပြုခြင်းငှါရင်း။သမ္ဗန္ဓနီဟိ၊ တံမြက်စည်းတို့ဖြင့်။ဃံသိတုံဝါ၊ပွတ်ခြစ်ခြင်းငှါရင်း။ ကဏ္ဍကာဒိံ၊ ဆူးစသည်ကို။ ပဝေသိတုံ၊ သွင်းခြင်းငှါရင်း။ ပဒံ၊ ခြေရာကို။ ဒသေသာသာမိတိ၊ပြအံ့ ထင်စေအံ့ဟု။ ဘူမိံ၊–ကို။ ဘိန္ဒန္တော၊ခွဲလျက်။ စက်မိတုံ၊ စင်္ကြံသွားခြင်းငှါရင်း။ ကဏ္ဍု–ရောဂီ၊ဝဲနာ ယားနာရှိသည် ဖြစ်၍။တဋာဒိသု၊ ကမ်းပါးပြတ်စသည်တို့၌။ အဂ်–ပစ္စင်္၊ အင်္ဂါကြီးငယ်ကို။ဃံသိတုံ၊ ပွတ်တိုက်ခြင်းငှါရင်း။ ဟတ္ထံ၊လက်ကို။ ခေါဝိတုံ၊ ဆေးခြင်းငှါ။ ဘူမိံ၊–ကို။ ဃံသိတုံ၊–ငှါရင်း။ နစ–ကပ္ပတိ၊–သာတည်း။

၁၆။ ထမ္ဘာဒိဥဇုကုဋ္ဋါရော၊ ပါသာဏာဒိပဝဋ္ဋနံ။
သာခါဒိကဍ္ဍနံ ရုက္ခ၊ လတာ ေဆွဒန ဖာလနံ။ ။
၁၇။ သေကော ပဿာဝအာဒီနံ၊ သုဒ္ဓစိတ္တဿ ဝဋ္ဋတိ။
အလ္လဟတ္ထံ ထပေတွာန၊ ရဇဂ္ဂါဟောစ ဘူမိယာ။ ။

၁၆–၁၇။ ထမ္ဘာဒိ–ဥဇု–ကုဋ္ဋါရော၊ တိုင်စသည်ကို ဖြောင့်ဖြောင့်နုတ်ခြင်းသည်ရင်း။ ပါသာဏာဒိ- ပဝဋ္ဋနံ၊ ကျောက်စသည့်ကိုလှိမ့်ခြင်းသည်ရင်း။ သာခါဒိ–ကဍ္ဍနံ၊ သစ်ခက်စသည်ကို ဆွဲငင်ခြင်းသည်ရင်း။ ရုက္ခ–လတာ–ေဆွဒန–ဖာလနံ၊ (ခြောက်သော)သစ်ပင်, နွယ်ကိုဖြတ်ခြင်း ခွဲခြင်းသည်ရင်း။ ။ပဿာဝအာဒီနံ၊ကျင်ငယ် အစရှိသည်တို့ကို။ သေကော၊ သွန်းလောင်းခြင်းသည်ရင်း။ ဘူမိယာ၊–၌။ အလ္လ–ဟတ္ထံ၊

၁၃-၁၄-၁၅။ ထမ္ဘာဒိံ……စသော နှစ်ဂါထာဖြင့် မပြုကောင်းသည်ကို ပြသည်၊အဓိပ္ပါယ်လွယ်၏။[ရင်း–၅။]

စိုသောလက်ကို။ ထပေတွာန၊ ထား၍။ ရဇ-ဂ္ဂါဟော၊ မြူကိုယူခြင်း သည်ရင်း။ သုဒ္ဓ-စိတ္တဿ၊ စင်ကြယ်သော စိတ်ရှိသောရဟန်းအား။ ဝဋ္ဋတိ၊-၏။

၁၈။ အဂ္ဂိဿ အနုပါဒါနေ၊ ကပါလေ ဇ္ဇာဗ္ဗကာယဝါ။
ပါတေတုံ လဗ္ဘတေ အဂ္ဂိံ၊ ဘူမိယံဝါဝသေ သတိတိ။ ။

၁၈။ အဂ္ဂိဿ၊မီး၏။အနု-ပါဒါနေ၊လောင်စာမဟုတ်သော။ကပါလေ၊ အိုးခြမ်း၌ရင်း။ ဇ္ဇာဗ္ဗကာယဝါ၊ အုဋ္ဌ၌ရင်း။ အ-ဝသေ၊ လိုရာအရပ်သို့ မဆောင်နိုင်သည်။ သတိ၊-သော်။ ဘူမိယံဝါ၊-၌လည်း။ အဂ္ဂိံ၊-ကို။ ပါတေတုံ၊ ကျစေခြင်းငှါ။ လဗ္ဘတေ၊-၏။ ·····ဇာတိ၊ ဤကားမြေအပြီး တည်း။

---

**၁၆ ၇။ ထမ္ဘာဒိ**·····စသော နှစ်ဂါထာဖြင့် ပြုကောင်းသည်ကို ပြသည်၊ဤခြောက်မျိုးကား မြေကို မပျက်စီးစေလိုသော စိတ်ရှိသော ရဟန်းအား အပ်သည်၊ ပြုကောင်းသည်၊ အာပတ်မသင့်ဟူ၏။ [ဋင်း-၄။]

**၁၈။ အဂ္ဂိဿ**·····ဂါထာဖြင့် အပ်သည်ကိုပြသည်၊ မီးမလောင်နိုင်သော မီးအိုးကင်းနှင့် အုဋ္ဌခဲတို့အပေါ်၌ ကိုင်သွားသော မီးစ, မြက်မီးရှူး စသည်ကို ချထားကောင်းသည်၊ မြက်မီးရှူး စသည်ကို ကိုင်သွားသော် လက်ကိုမီးလောင်သော် မြေပေါ်သို့ ပစ်ချအံ့၊ အနာပတ္တိ။ [ဋင်း-၄။]

မီး စသည်ကို ပစ်ချလိုက်သောနေရာ၌ နောက်ထပ်လောင်စာပေး၍ မီးထည့်မှု အပ်၏၊ ခြောက်သောသစ်ငုတ် ခြောက်သောသစ်ပင်စသည် တို့ကို မီးမထည့်ကောင်း၊ အကယ်၍မြေသို့မရောက်မီ မီးကိုငြိမ်းသတ် အံ့ဟု မီးထည့်အံ့၊အပ်သည်၊ မီးအရှိန်ပြင်းသဖြင့် ငြိမ်းသတ်ခြင်းငှါ မစွမ်း နိုင်အံ့၊အရာမဟုတ်သောကြောင့် အနာပတ္တိ၊ ဤမီး စသည်ကို မြေပေါ် သို့ချလိုက်ဟု မခိုင်းကောင်း။ [ဋီကာသစ်။]

ပထဝီ ပြီး၏။

## ၃၅-ပရိက္ခာရဇောတိ

၁။ ပဉ္စဝဏ္ဏေဟိ သုတ္တေဟိ၊ အန္တော ဗဟိ စ သိဗ္ဗိတုံ။
ဂိရိကူဋဍ္ဎစန္ဒာဒိံ၊ ဆတ္တေ ပဏ္ဏေ စ ဆိန္ဒိတုံ။ ။

၂။ ဃဋကံ ဝါဠရူပံ ဝါ၊ ဒဏ္ဍေ လေခါ န ဝဋ္ဋတိ။
ဝဋ္ဋတေ ဒဏ္ဍဗုန္ဒမှိ၊ အဟိဆတ္တကသာဒိသံ။ ။

### ၃၅။ ပရိက္ခာရဇောတိ၊ဟူသည်။

၁-၂။ ဆတ္တေ၊ ထီး၌။ အန္တော၊ အတွင်း၌ရင်း။ ဗဟိ စ၊ အပ၌ရင်း။ ပဉ္စ-ဝဏ္ဏေဟိ၊ငါးပါးသော အဆင်းရှိကုန်သော။ သုတ္တေဟိ၊ချည်တို့ဖြင့်။ သိဗ္ဗိတုံစ၊ ချုပ်ခြင်းငှါရင်း။ ပဏ္ဏေ၊ ထီးရွက်၌။ ဂိရိ-ကူဋ-ဍ္ဎစန္ဒာဒိံ၊ တောင် ထွတ်သဏ္ဌာန်, လ-ထက်ဝက် သဏ္ဌာန် စသည်ကို။ ဆိန္ဒိတုံစ၊ ဖြတ်ခြင်းငှါလည်း။ န-ဝဋ္ဋတိ၊ မအပ်။ ။ဒဏ္ဍေ၊ ထီးရိုး၌။ ဃဋကံ၊ ကြာသွတ်အိုးသည်ရင်း။ ဝါဠရူပံ ဝါ၊ သားရဲ ရုပ်သည်ရင်း။ လေခါ၊ ကြိုးဆစ်ရေးသည်ရင်း။ န-ဝဋ္ဋတိ၊ မအပ်။ ဒဏ္ဍ-ဗုန္ဒမှိ၊ ထီးရိုးရင်း၌။ အဟိဆတ္တက-သာဒိသံ၊ မှိုပုံနှင့်တူသော အဖုးပုံသည်။ဝဋ္ဋတေ၊-၏။

---

### ၃၅-ပရိက္ခာရ

၃၅။ ပရိက္ခာရဇော၊အပ် မအပ်သော ပရိက္ခရာအမျိုးမျိုးကို ပြသည်။

**၁-၂။ ပဉ္စဝဏ္ဏေဟိ**......စသော နှစ်ဂါထာတို့ဖြင့် အပ် မအပ်သော ထီးကိုပြသည်၊ ထီးဝယ် အတွင်းအပ နှစ်ဌာန၌ အဆင်းငါးမျိုးရှိသောချည်တို့ဖြင့် ချုပ်ခြင်းငှါ မအပ်၊ထီးရွက်၌ တောင်ထွတ်သဏ္ဌာန်, လ-ခြမ်းသဏ္ဌာန်စသည် ထုလုပ်ခြင်းငှါ မအပ်၊ ထီးရိုး၌ ကြာသွတ်အိုး သားရဲရုပ် ကြိုးဆစ်ရေးမအပ်၊ထီးရိုးအရင်း၌ မှိုပုံနှင့်တူသော အဖုးအပုံသာ အပ်သည်။ ......ဆတ္တေတိ တာလပဏ္ဏဆတ္တေဟု ဋီကာသစ်ဖွင့်ဆို၏။ "ကေစိ တာလပဏ္ဏဆတ္တံ အန္တော ဝါ ဗဟိ ဝါ"စသော ပထမပါရာဇိကအဋ္ဌကထာ ပါဠိမုတ္တကစကားကို ထောက်၍ ဖွင့်ဆိုဟန်ရှိသည်၊ ထီးသုံးမျိုးစလုံးယူသော် သာ၍သင့်မည် ထင်၏။

၃။ သိဗ္ဗိတုံ ကောဝဇ္ဇေန၊ ပဋ္ဋရံဝါ ဝိနန္ဓိတုံ။
ထိရဏ္ဍံ ဝဋ္ဋတိ ဆဂ္ဂေ၊ ဒဏ္ဍေ လေခါဝ ဗန္ဓိတုံ။ ။

၃။ ထိရဏ္ဍံ၊ မြဲမြံခိုင်ခံ့ခြင်းအကျိုးငှါ။ ဆဂ္ဂေ၊-၌။ ကော-ဝဇ္ဇေန၊ တခုသော အဆင်းရှိသော ချည်ဖြင့်။ သိဗ္ဗိတုံဝါ၊( အတွင်းအပနှစ်ဌာန၌ ) ချုပ်ခြင်းငှါရင်း။ ပဋ္ဋရံ၊ ထီးချိုင့်ထီးခရိုင်ကို။ ဝိနန္ဓိတုံဝါ၊ ဖွဲ့ခြင်းငှါရင်း။ ဝဋ္ဋတိ၊-၏။ ဒဏ္ဍေ၊ ထီးရိုး၌။ ဗန္ဓိတုံ၊ ဖွဲ့ချည်စရာအလို့ငှါ။ လေခါဝ၊ (လက်ကောက်ကွင်းနှင့်တူစွာထ၍ ပြုအပ်သော)အရေးသည်သာလျှင်။ ဝဋ္ဋတိ၊-၏။

၄။ အဋ္ဌေ ပဋ္ဋမုခေဝါပိ၊ ဝေဏိ သင်္ခလိကာပိဝါ။
သူစိဝိကာရမညံဝါ၊ စီဝရေ နစ ကပ္ပတိ။
ကပ္ပဗိန္ဒုဝိကာရံဝါ၊ ပါဠိကဏ္ဏိကအာဒိကံ။ ။

၄။ စီဝရေ၊-၌။ အဋ္ဌေ၊ အလျားနှားပတ်စွန်း၌ရင်း။ ပဋ္ဋ-မုခေဝါပိ၊ အနားပတ် နှစ်ခုစပ်ရာ ထောင့်၌ရင်း။ ဝေဏိ၊ ပြောင်းနှံသဏ္ဍာန်ချုပ်ခြင်းသည်ရင်း။ သင်္ခလိကာပိဝါ၊ သံခြေကျင်းသဏ္ဍာန်ချုပ်ခြင်းသည်ရင်း။ အညံ၊-သော။ သူစိ-ဝိကာရံဝါ၊ ( ကင်းခြေများသဏ္ဍာန်စသော )အပ်အမှု၏ ဘောက်ပြန်ခြင်းသည်ရင်း။ ပါဠိ-ကဏ္ဏိက—အာဒိကံ၊ စဉ်၍ထိုးခြင်း,ပန်းချက်အတု ရ၍ ထိုးခြင်း အစရှိသော။ ကပ္ပဗိန္ဒုဝိကာရံဝါ၊ ကပ္ပဗိန္ဒု၏ ဘောက်ပြန်ခြင်းသည်ရင်း။နစ-ကပ္ပတိ၊-သာတည်း။

---

**၃။ သိဗ္ဗိတုံ**… ဂါထာဖြင့်ထီး၌ ပြုအပ်သည်ကိုပြသည်၊ ထီး၌ ခိုင်ခံ့စေခြင်းအကျိုးငှါ အဆင်းတမျိုးသာရှိသော ချည်ဖြင့် ချုပ်ခြင်းငှါ ထီးခရိုင်ကို့ဖွဲ့ချည်ခြင်းငှါ အပ်သည်၊အဆင်းလှပအောင်ပြုမှုမအပ်၊ ထီးရိုး၌လေတိုက်သောအခါ မလွှပ်ရန် ထီးဝန်းကို ကြိုးတို့ဖြင့် ချည်ခြင်းအကျိုးငှါ လက်ကောက်ကွင်းသဏ္ဍာန် ပြုလုပ်အပ်သောအရေး အသားအပ်၏။(ရင်း—ဌ။)

**၄။ အဋ္ဌေ ပဋ္ဋမုခေဝါပိ**.. ဂါထာဖြင့် သင်္ကန်း၌မပြုအပ်သည်ကိုပြသည်။အညံ့သူစိဝိကာရံဝါအဝိပ္ပါယ်ကား သင်္ကန်းကို တန်ဆာဆင်ခြင်းအကျိုးငှါ ပြုလုပ်အပ်သော တစုံတခုသော ကင်းခြေများသဏ္ဍာန်စသော အပ်အမှု၏ ဘောက်ဘောက် ပြန်ပြန်ချုပ်

၅။ ဂဏ္ဍိပါသကပန္နာပိ၊ စတုက္ကောဏာ ၀ အဋ္ဌိယံ။
ဖုဂ္ဂရော ကဏ္ဍုစ္ဆာဒိ၊ ဝိကာရံ နေဝ ဝဋ္ဋတိ။ ။

၅။ ဂဏ္ဍိ-ပါသက-ပန္နာပိ၊ ကမွတ်သီး အိမ်, ကမွတ်ကွင်း အိမ်တို့သည်လည်း။ စတုက္ကောဏာ၀၊ လေးထောင့်တို့သည်သာလျှင်။ ဝဋ္ဋန္တိ၊ ကုန်၏။ ဧတ္ထ၊ ဤကမွတ်အိမ်၌။ အဋ္ဌိယံ၊ စေတီသဏ္ဌာန်သည်ငင်း။ ဖုဂ္ဂရော၊ ဆောက်ပုတ် သဏ္ဌာန်သည်ငင်း။ ကဏ္ဍု-စ္ဆာဒိဝိကာရံ၊ ဗုဇွန် မျက်စိအစရှိသော ဘောက်ပြန်ခြင်းသည်ငင်း။ န-ဝဋ္ဋတိ၊ မအပ်။

၆။ ကောဏာသုတ္တာစ ပိဋ္ဌကာ၊ ဒုဝိညေယျာ ၀ ကပ္ပရေ။
ဂန္ဓိ တေလံ ၀ လာခံ ၀ါ၊ ရဇနေ နစ ပက္ခိပေ။ ။

၆။ (တေသံ၊ ထိုကမွတ်သီးအိမ်,ကမွတ်ကွင်းအိမ်တို့၏။) ကောဏာ-သုတ္တာစ၊ အထောင့်တို့မှ ထုတ်အပ်သော ချည်တို့သည်ငင်း။ ပိဋ္ဌကာ၊ (ထိုချည်တို့ကိုပင်ပြန်နှစ်၍) ခွဲသေးသဏ္ဌာန် ပြုအပ်သော ချည်တို့သည်ငင်း။ ဒု-ဝိညေယျာ၀၊ သိနိုင် ခဲကုန်သော် သာလျှင်။ ကပ္ပရေ၊—ကုန်၏။ ရဇနေ၊ ဆိုးရည်၌။ ဂန္ဓိ၊ နံ့သာကိုငင်း။ တေလံ ၀ါ၊ ဆီကိုငင်း။ လာခံ ၀ါ၊ ချိပ်ကိုငင်း။ နစ—ပက္ခိပေ၊ မထည့်ရာ။

---

ခြင်းမျိုး မအပ်၊သက်နှ်းကိုတန်ဆာဆင်ခြင်းအကျိုး၌ အဆင်းအမျိုးမျိုးရှိသောချည်, အဆင်းတမျိုးသာရှိသောချည်တို့ဖြင့် အဆန်းတကြယ် ချုပ်ခြင်း၌မအပ်၊ သက်နှ်းရတ်သောနေရာ ကွဲသောနေရာ ခိုင်မြဲပါစေခြင်းအကျိုး၌ ကင်းခြေများသဏ္ဌာန် စသည်ချုပ်မှု အပ်သည်ဟု ဋီကာသစ်အယူရှိသည်၊ ပါဠိကဏ္ဍိကတို့၌ ပါဠိကပ္ပ, ကဏ္ဍိကကပ္ပဟုဆိုလိုလျှက် ကပ္ပသဒ္ဒါကို ချေထားသည်၊ ပါဠိကပ္ပဟူသည် တင့်တယ်လှပစေခြင်း၌ ဗိန္ဒုလုံးကလေးတွေနှစ်လုံး သုံးလုံး စီတန်းထိုးခြင်းကို ဆိုသည်၊ ကဏ္ဍိကကပ္ပဟူသည် တင့်တယ်လှပစေခြင်း၌ ဗိန္ဒုလုံးကလေးတွေကို လေးငါးလုံးရပေါင်းထိုးခြင်းကိုဆိုသည်၊ ထိုကပ္ပဗိန္ဒုမျိုးကား မအပ်၊ မထိုးကောင်းဟုသိ။ ( ငင်း—၄။ )

**၅။ ဂဏ္ဍိပါသကပန္နာပိ**……ဂါထာဖြင့် ကမွတ်အိမ် အပ်မအပ်ကို ပြသည်၊အဓိပ္ပါယ်လွယ်၏။ (ငင်း—၄။)

**၆။ ကောဏာသုတ္တာစ** ····ဂါထာဖြင့်အပ်သော ကမွတ်အိမ်နှင့် ဆိုးရည်တို့ကို ပြသည်၊ ကမွတ်အိမ်၌

၇။ ရတ္တံ သင်္ခေနှ မဏိနှာ၊ ဃသန္တေယျာဉ္ဇနဝါ နစ။
ဃံသေယျ ဒေါဏိယံ ကတွာ၊ ပဟာရေ နစ မုဋ္ဌိနှာ။ ။

၇။ ရတ္တံ၊ ဆိုးအပ်ပြီးသော သင်္ကန်းကို။သင်္ခေနှ၊ ခရုသင်းဖြင့်ရင်း။ မဏိနှာ၊ ပတ္တမြားကျောက်ဖြင့်ရင်း။ အဉ္ဇနဝါ၊ တပါးသော ဝတ္ထုဖြင့်ရင်း။နစ–ဃသန္တေယျ၊ မပွတ်တိုက်ရာ။ဒေါဏိယံ၊ဆိုးရည်ကျင်း၌။ကတွာ၊ (ထားသည်ကို)ပြု၍။ နစ-ဃံသေယျ၊ မ ပွတ်ရာ။ မုဋ္ဌိနှာ၊ လက်ဆုပ်ဖြင့်။ နစ–ပဟာရေ၊ မပုတ်ခပ်ရာ။ .

၈။ ကဏ္ဍုကောဏကသုတ္တာနိ၊ ရတ္တေ ဆိန္ဒေယျ စီဝရေ။
လေခါ နှ ဝဋ္ဋတိ ဓမ္မ၊ကရဏော ဆတ္တဝဋ္ဋိယံ။ ။
၉။ လေခံ ထပေတွာ မဏိကာ၊ ပီဠကာ ကုဋ္ဋိကာယာစ။
ပိပ္ဖလေစ ပရိဿာဝေ၊ လေခါ ဒဏ္ဍမှိ ဝဋ္ဋတိ။ ။

၈–၉။ ကဏ္ဍု–ကောဏက–သုတ္တာနိ၊ (သင်္ကန်းဆိုးသော အခါ ဆွဲချိတ်စရာ) အနားလေးထောင့်၌ တပ်ထားသော နှသံကွင်းချည်တို့ကို။ စီဝရေ–ကို။ ရတ္တေ၊ ဆိုးပြီးသည်ရှိသော်။ ဆိန္ဒေယျ၊ ဖြတ်ရာ၏။ ဓမ္မ-ကရဏော၊ ဓမ္မကရိဏ်ရေစစ်၌။ ဆတ္တ-ဝဋ္ဋိယံ၊အမိုး မျက်နှာရေး၌။ လေခံ၊ အရေးကို။ ထပေတွာ၊-၍။ လေခါ၊ (တပါးသော) အရေးသည်။ နှ-ဝဋ္ဋတိ၊ မအပ်။ ကုဋ္ဋိကာယာစ၊ သံကောက်၌ရင်း။ ပိပ္ဖလေစ၊ သင်ဓုန်း ဓား၌ရင်း။ မဏိကာ၊ ရွဲကြီးသည်ရင်း။ ပီဠကာ၊ ရွဲသေးသည်ရင်း။ နှ-ဝဋ္ဋတိ၊-အပ်။ ဒဏ္ဍမှိ၊ ဓားရိုး၌။ပရိဿာဝေဒလေခါ၊ပိုင်းခြားသောအရေးသည်။ ဝဋ္ဋတိ၊-၏။

---

အထောင့်မှထုတ်အပ်သော ချည်စွန်း၊(ဝါ-ထောင့်တန်း) ချုပ်အပ်သော ချည်၊ လေးမျက်နှာမှ ချုပ်အပ်သောချည်၊ ထိုချည်တို့ကိုပြန်၍ ရွဲသေး. သဏ္ဍာန်ချုပ်အပ်သောချည်တို့သည် ဆိုးရည်ဆိုးလတ်သော် မထင်ရှား မှအပ်သည်။ ။ဆိုးရည်၌ အနံ့ကောင်းစေရန် နံ့သာကို, အရောင်တက် စေရန် ဆီကို, အဆင်းလှစေရန် ချိပ်ကို ဆိုးရည်၌ မထည့်ကောင်း။ ။ (ရင်း–ဌ။)

၇။ ရတ္တံ သင်္ခေနှ·····ဂါထာဖြင့် သင်္ကန်း၌ မအပ်သော ပြုလုပ်ခြင်း ကို ပြသည်၊ အဓိပ္ပါယ်လွယ်၏။ (ရင်း–ဌ။)

၁၀။ မာလာဈရက်ယံ ပတ္တ၊ မဏ္ဍလေ ဘိတ္တိကမ္မစ။
ဟေဋ္ဌာ လေခါ ဒွယံ ဥဒ္ဓ၊ မဟိဿ တ္တကာသာဒိသံ။ ။

၁၁။ ဟိတွာ ကတ္တရယဋ္ဌိမ္ပိ၊ သူစိ သဏ္ဍာသကေပိ စ။
ယံကိဉ္စိ ဂိရိကူဋာဒိ၊ ဝဏ္ဏမဋ္ဌံ န ဝဋ္ဋတိ။ ။

၁၀-၁၁။ အရက်ယံ၊ မီးပွတ်၌။ မာလာဒိ၊ ရှုံးပန်း စသော အမှုသည်ရင်း။ ပတ္တ-မဏ္ဍလေ၊ ( သလွဲစသည်ဖြင့် ပြုအပ်သော ) သပိတ်ခံ အဝန်း၌။ ဘိတ္တိ-ကမ္မဉ္စ၊ ရုပ်ရုံပြွမ်းလျက် ဆန်းကြယ်သော အမှုသည်ရင်း။ န-ဝဋ္ဋတိ၊-အပ်။ ကတ္တရ-ယဋ္ဌိမ္ပိ၊ တောင်ဝှေး၌။ ဟေဋ္ဌာ၊ အောက်၌။ လေခါ-ဒွယံ၊ အရေးနှစ်ချက်ရင်း။ ဥဒ္ဓံ၊ အထက်၌။ အဟိဿ တ္တက-သာဒိသံ၊ မှိုင်းနှင့်တူသည်ကိုရင်း။ ဟိတွာ၊ စွန့်ထား၍။ ယံကိဉ္စိ၊-သော။ ဝဏ္ဏ-မဋ္ဌံ၊ အဆင်းပြေပြစ်မှုသည်။ သူစိ-သဏ္ဍာသကေပိ၊ အပ်-ညှပ်၌လည်း။ ယံကိဉ္စိ၊-သော။ ဂိရိ-ကူဋာဒိ-ဝဏ္ဏ-မဋ္ဌံ၊ တောင်ထွဋ် စသော သဏ္ဌာန်, အဆင်းပြေပြစ်မှုသည်။ န-ဝဋ္ဋတိ၊-အပ်။

---

**၈–၉။ ကဏ္ဏကောဋကကသုတ္တာနိ**……စသော နှစ်ဂါထာ တို့ဖြင့် မအပ်သော နားပတ်ကွင်းစသည်ကိုပြသည်၊ ဓမ္မကရိက်ရေစစ်၌လက်ကိုင်ရာ အမိုးမျက်နှာရေး၌ လက်ကိုင်စရာအရေးကို ဖယ်ထား၍ တပါးသောအရေးသည် မအပ်ဟုသိ။ ။သံကောက်သင်ရုန်းခါး၌ ခွဲကြီးခွဲသေးမအပ်၊ သင်ရုန်းရိုး၌ အပိုင်းအခြားအရေးအသားအပ်၏။ (ရင်း–မှ။)

**၁၀-၁၁။ မာလာဈရက်ယံ**…စသော နှစ်ဂါထာတို့ဖြင့် မအပ်သော ပွတ်ခုံစသည်ကိုပြသည်၊ ပွတ်ခုံ ပွတ်ကျည် ပွတ်နှိပ်လေးတို့၌ ရှုံးပန်းရှုံးနွယ်စသော အဆင်းပြေပြစ်အောင် ပြုလုပ်ခြင်း၊ သလွဲစသည်ဖြင့် ပြုအပ်သောသပိတ်ခြေဝန်း၌ ရုပ်လုံးစသော အဆန်းတကြယ် ပြုလုပ်ခြင်းများမအပ်။( ခုဒ္ဒကဝတ္ထုပါဠိတော်။ )မကန်းသွားကားအပ်သည်။ (ဋီကာ။)တောင်ဝှေး၌ အောက်အရေး နှစ်ခုနှင့် အထက်မှိုင်သဏ္ဌာန်အပ်သည်၊အလုံးစုံ ခြူးပန်းခြူးနွယ်မအပ်၊အပ်သွေးသောညှပ်၌ အလုံးစုံ အဆင်း အပြေအပြစ်ပြုခြင်းမအပ်။ (ပါရာဇိကဏ် အဋ္ဌကထာ။)

၁၂။ ဝိဇ္ဇောဟနေ ဘိသိမဏ္ဍု၊ ဝိဋ္ဌာဒိသယနာသနေ။
သမ္မုဉ္ဇနိမှိ သင်္ကာရ၊ ဆဍ္ဍနေ ရင်္ဂဘာဇနေ။ ။

၁၃။ ပါနီယဘာဇနေ ပါဒ၊ ပီဌေ ကထလိကာယစ။
ပတ္တာဓာရပိဓာနေသု၊ တာလဝဏ္ဋေစ ဗီဇနေ။
ယံကိဉ္စိ မာလာကမ္မာဒိ၊ ဝဏ္ဏမဋ္ဌမဝါရိတံ။ ။

၁၂-၃။ ဝိဇ္ဇောဟနေ၊ ခေါင်းအုံး၌ဂုဏ်း။ ဘိသိ-မဏ္ဍု-ဝိဋ္ဌာဒိ-သယနာ-သနေ၊ ဘုံလျို, ညောင်စောင်း, အင်းပျဉ် စသော အိပ်ရာ နေရာ၌ ဂုဏ်း။ သမ္မုဉ္ဇနိမှိ၊ တံမြက်စည်း၌ဂုဏ်း။ သင်္ကာရ-ဆဍ္ဍနေ၊ အမှိုက်စွန့်သော တောင်း၌ဂုဏ်း။ ရင်္ဂ-ဘာဇနေ၊ ဆိုးရည် ကျိုသော အိုး၌ဂုဏ်း။ ပါနီယ-ဘာဇနေ၊သောက်ရေအိုး၌ ဂုဏ်း။ ပါဒ ပီဌေ၊ ခြေဆေး အင်းပျဉ်၌ဂုဏ်း။ ကထလိကာယစ၊ အိုးခြမ်းကွဲ၌ဂုဏ်း။ ပတ္တာဓာရ-ပိဓာနေသု၊ သပိတ်ခြေ, သပိတ်ဖုံးတို့၌ဂုဏ်း။ တာလ-ဝဏ္ဋေစ၊ ထန်းရွက်ယပ်ဝန်း၌ဂုဏ်း။ ဗီဇနေ၊ လေးထောင့်ယပ်၌ဂုဏ်း။ ယံကိဉ္စိ၊—သော။ မာလာ-ကမ္မာဒိ-ဝဏ္ဏ-မဋ္ဌံ၊ ပန်းမှုစသော အဆင်းအပြေအပြစ်မှုကို။ အဝါရိတံ၊ မတားမြစ်အပ်။

၁၄။ သေနာသနေ ပန ဒွါရ၊ ကဝါဋ္ဌာဒိပ္ပဘေဒနေ။
သောဝဏ္ဏမယံနုညာတံ၊ ဝဏ္ဏမဋ္ဌမှိ ကာ ကထာ။ ။

၁၄။ သေနာ-သနေ ပန၊ကျောင်း၌ကား။ ဒွါရ-ကဝါဋ္ဌာဒိ-ပ္ပဘေဒနေ၊ တံခါးမ,တံခါးရွက် အစရှိသော အပြား၌။ သောဝဏ္ဏ မယံ၊ ရွှေဖြင့်ပြီး သည်ကိုလည်း။ အနုညာတံ၊ ခွင့်ပြုအပ်၏။ ဝဏ္ဏ-မဋ္ဌမှိ၊ အဆင်းပြေပြစ် မှု၌။ ကာကထာ၊အဘယ်ဆိုစရာရှိအံ့နည်း။

---

**၁၂—၃။ ဝိဇ္ဇောဟနေ**……စသော နှစ်ဂါထာဖြင့်အပ်သော ခေါင်း အုံး စသည်ကိုပြသည်၊ ခေါင်းအုံး စသော ၁၄-မျိုးတို့၌ အလုံးစုံ အဆင်းပြေပြစ်အောင် ပြုလုပ်မှုအပ်သည်။ (ဂုဏ်း—ဋ္ဌ။)သို့သော် ပိန်းမရုပ် မအပ်။(ဋီကာ။)

**၁၄။ သေနာသနေ**…ဂါထာဖြင့် ကျောင်း၌အပ်သော ပြုဘွယ်ကို ပြသည်၊ရွှေကျောင်းကြီးပင်ဖြစ်သော်လည်း အပ်သည်၊အဆင်းအပြေအပြစ်ပြုလုပ်မှုကား ဆိုဘွယ်မရှိ။ (ဂုဏ်း-ဋ္ဌ။)

၁၅။ ဝိသာဏာနာဠိလာဗုဒ္ဒါပွာဘေဒေ တေလာဘာဇနေ။
ပုမိတ္တိရူပရဟိတံ၊ ဝဏ္ဏမဋ္ဌမဝါရိတန္တိ။ ။

၁၅။ ဝိသာဏာ–နာဠိ–လာဗုဒ္ဒါပွာဘေဒေ၊ သားချို့, ကျည်တောက်,ဖူး စသည့် အပြားရှိသော။ တေလ–ဘာဇနေ၊ ဆီခွက်၌။ ပုမိတ္တိရူပရဟိတံ၊ အထီးရုပ်, အမဲရုပ်မှကင်းသော။ ဝဏ္ဏမဋ္ဌံ၊–ကို။ အ ဝါရိတံ၊–အပ်။······ ဆုတိ၊ ဤကား ပရိက္ခာရ အပြီးတည်း။

---

## ၃၆–ဘေသဇ္ဇကဏ္ဍ

၁။ ဇနဿ ကာတုံ ဘေသဇ္ဇံ၊ ဒါတုံ ဝတ္တုံ န လဗ္ဘတိ။
ဘိက္ခုစရိယ ဝိညတ္တိ၊ သဟောမိ သဟာဓမ္မိနံ။ ။

၂။ ပိတုန္နံ တဒုပဋ္ဌာက၊ ဘိက္ခုနိသိတ ဘဏ္ဍုနံ။
လဗ္ဘံ ဘေသဇ္ဇ ကရဏံ၊ဝေယျာဝစ္စကရဿ စ။ ။

## ၃၆။ဘေသဇ္ဇကဏ္ဍ၊ဟူသည်။

၁-၂။ ဇနဿ၊ လူတိုင်းအား။ ဘေသဇ္ဇံ၊ ဆေးကို။ ကာတုံ၊ ကုသခြင်း ငှါလည်း။ ဒါတုံ၊ ပေးခြင်းငှါလည်း။ ဝတ္တုံ၊ ပြောပြခြင်းငှါလည်း။ န လဗ္ဘတိ၊ မရ အပ်။ သဟာဓမ္မိနံ၊–တို့အားလည်း။ ပိတုန္နံ၊ မိဘတို့အား လည်း။တ-ဒုပဋ္ဌာက ဘိက္ခုနိသိတ ဘဏ္ဍုနံ၊ ထိုမိဘတို့ကို လုပ်ကျွေးသောသူ, ရဟန်းတို့ ကို မှီနေသောသူ, ရှင်လောင်းတို့အားလည်း။ ဝေယျာဝစ္စ ကရဿစ၊ မိမိ

---

၁၅။ **ဝိသာဏာ**······ ဂါထာဖြင့် အပ် မအပ်သော ဆီကျည်တောက် ကိုပြသည်၊ ဆီကျည်တောက်၌ မိန်းမရုပ် ယောကျ်ားရုပ်မှတပါး အဆင်းပြေပြစ်အောင် ပြုလုပ်ခြင်းစသော အလုံး စုံအပ်သည်။(ငင်း–ဌ။ )

**မှတ်ချက်**······ဝိနယညူပုဂ္ဂိုလ်များကား မအပ်သောပရိက္ခရာ ဆောင် ယူလာသည်ကိုတွေ့မြင်လျှင် ကိုယ်တိုင်လည်း ဖျက် ဆီးသည်၊သူတပါးကိုလည်း ဖျက်ဆီးခိုင်းကြသည်၊အပြစ်မရှိဟု မိန့်ဆို ကြ၏၊သို့သော် မအပ်သောနေရာမျှကိုသာ မှတ်၍ ဖျက်ရမည်။

ပရိက္ခာရပြီးပြီ။

အမှုကိုပြုသော သူအားရင်း။ ဘိက္ခာစရိယ-ဝိညတ္တိ-သကေဟိ၊ဆွမ်းခံခြင်း, တောင်းခြင်း,မိမိဥစ္စာတို့ဖြင့်။ ဘေသဇ္ဇ ကရဏံ၊ ဆေးကုမှုကို။ လဘ္ဘံ၊-၏။

၃။ မဟာ ရုဋ္ဌ ပိတာ မာတာ၊ ဘာတာ ဘဂိနီ အာဒိနံ။
တေသံ သကေ နတ္တနိယော၊ ဒါတဗ္ဗံ တာဝကာလိကံ။ ။

၄။ ကုလဒူသနဝိညတ္တိ၊ဘေသဇ္ဇကရဏာဒိ ဟိ။
မာတာပိတူဟိ သမ္ဗန္ဓ၊ဉာတကေသု န ရူဟတိ။ ။

၃–၄။ မဟာ-ရုဋ္ဌ-ပိတာ မာတာ-ဘာတာ-ဘဂိနီ-အာဒိနံ၊ဘကြီး-ဘထွေး-မိကြီး-မိထွေး-အစ်ကို-ညီ-အမ-နှမ-စသည်တို့အား။ တေသံ၊ ထိုဘကြီးစသည်တို့၏။ သကေ၊ ကိုယ်ပိုင် ဆေးရှိသော်။ ဘေသဇ္ဇ-ကရဏံ၊ ဆေးကုမှုကို။ လဗ္ဘံ၊–၏။ နး၊ကိုယ်ပိုင်ဆေးမရှိအံ့။ အတ္တနိယော၊ မိမိပိုင်ဆေးသည်။(သတိ၊–သော်။ )တာဝကာလိကံ၊ အခိုက်အတန့်ပြု၍။ ဒါတဗ္ဗံ၊-၏။ ။(ကသ္မာ၊-နည်း။)ဟိ-ယသ္မာ၊-ကြောင့်။ ကုလ-ဒူသန-ဝိညတ္တိ–ဘေသဇ္ဇကရဏာဒိ၊ အမျိုးတို့၏ သဒ္ဓါတရားကိုဖျက်ဆီးခြင်း, တောင်းခြင်း,ဆေးကုခြင်းစသည်သည်။ မာတာပိတူဟိ၊-တို့နှင့်။သမ္ဗန္ဓ-ဉာတကေသု၊ စပ်သော အမျိုးချနစ်ဆက်တို့၌။ န-ရူဟတိ၊ မရောက်။ တသ္မာ၊–တည်း။

---

## ၃၆–ဘေသဇ္ဇ

၃၆။ ဘေသဇ္ဇံ၊ ဆေးကုကောင်း မကုံကောင်းစသည်ကိုပြသည်။

**၁–၂။ ဇနသင်္ဂဟကာတုံ**······စသော နှစ်ဂါထာတို့ဖြင့် ဆေးကုကောင်း မကုကောင်းကို ပြသည်၊

လာလာသမျှသော လူတိုင်းအား ဆေးမကု,မပေး, ဆေးနည်း မပြောကောင်း၊ကုမိ,ပေးမိ,ပြောမိက ဒုက္ကဋ်၊သိတင်းသုံးဘော် ငါးယောက်နှင့်မိဘ, မိဘကို လုပ်ကျွေးသောသူ, ရဟန်းတို့ကိုမှီ၍ နေသောသူ, ရှင်လောင်း, မိမိ၏ ဝေယျာဝစ္စကို အခဖြင့်ပြုသောသူ ဤ ၁၀–ယောက်တို့အား ဆေးကုကောင်း, ပေးကောင်း, ဆေးနည်းပြောကောင်းသည်။ (ပါရာဇိကဏ်အဋ္ဌကထာ တတိယသိက္ခာပုဒ်အဖွင့်။ )

၅။ ပိဏ္ဍပါတော အနာဝမဋ္ဌော၊ မာတာဒိန္နမဝါရိတော။
ဆန္ဒံ ဒါမရိစောရဿ၊ ဒါတုမိဿရိယဿ စ။ ။

၅။ အနာ—မဋ္ဌော၊ မသုံးသပ်အပ်သေးသော။ ပိဏ္ဍပါတော၊ဆွမ်း ဦးကို။ မာတာဒိန္နံ၊-ကုန်သော။ ဆန္ဒံ၊ ခြောက်ယောက်ကုန်သောသူတို့ အားရင်း။ ဒါမရိစောရဿ၊ သူပုန်အားရင်း။ ဣဿရိယဿစ၊ အစိုးရ သောမင်းအားရင်း။ ဒါတုံ၊ ပေးခြင်းငှါ။ အဝါရိတော၊ မတားမြစ်အပ်။

---

**၃—၄။ မဟာစူဠပိတာမာတာ**·····စသော၂စ်ဂါထာဖြင့် ဆေးကု ကောင်းသောသူ၁၀-ယောက် ကို ပြသည်၊ ဘကြီး,ဘထွေး, မိကြီး,မိထွေး, အစ်ကို, ညီ,အစ်မ, နှစ်မ, ဦးရီး,အရီး ဤ ၁၀-ယောက်တို့အား ဆေးရှိသော် သူ့ဆေးဖြင့် ကုပေးရ မည်၊ မရှိသော် မိမိဆေးဖြင့်အခိုက်အတန့် ကုပေးရမည်။

**မှတ်ချက်**······အမိအဘတို့နှင့်စပ်ကုန်သော အမျိုး ၇—ဆက်တို့ အ ပေါ်၌ တောင်းခြင်း, ဆေးကုခြင်းစသည် ပြုကောင်း သောကြောင့် ထိုသူ ၁၀—ယောက်တို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်း ကုလဒူသနမှုမရှိဟုမှတ်၊ အာဒိဖြင့် အနာမဋ္ဌ ပိဏ္ဍပါတ စသည်ကိုယူ။ [ရင်း—ဌ။]အကျယ်ရင်းအဋ္ဌကထာ၌ လာပြီ။

**၅။ ပိဏ္ဍပါတော**·····ဂါထာဖြင့် ဆွမ်းဦး ပေးကောင်းသူ ၇-ဦး ကိုပြသည်၊အမိ,အဘ,မိဘကိုလုပ်ကျွေးသူ, ရှင်လောင်း, မိမိ၏ ဝေယျာဝစ္စကရ,ခါးပြ,မင်း—ဤ ၇-ဦးသော သူတို့ အား တစုံတယောက်သောသူ မစားရသေးသော ဆွမ်းဦးကို ပေး ကောင်းသည်။

**အထူး**······အဋ္ဌကထာကြီး၌ ၇-ယောက်သာ လာသည်၊ဤချဒ္ဒသိက္ခာ အဋ္ဌကထာ၌ ရဟန်းကိုမှီနေသူပါ ထည့်၍ ၈-ယောက်ဟု ဆို၏၊ဆရာဗုဒ္ဓဒတ်လည်း ၇—ယောက်ပင် ဆိုသည်။

**မှတ်ချက်**·····ဒါမရိကစောရ ဟူသည် မင်းအဖြစ်ကို တောင့်တ၍ သူပုန်ထနေသော သူပုန်ကိုဆိုသည်။ ····အနာမဋ္ဌပိဏ္ဍ ပါတကား ရဟန်းမဟုတ်သူထံမှရသော ကိုယ်တိုင်ဖြစ်စေ, တပါးသူ ဖြစ်စေ မယူရသေးသောဆွမ်းကို ဆိုသည်။

၆။ တေသံ သုတ္တောဒကေဟောဝ၊ ပရိတ္တံ ကရေ နတ္တနော။
ဘဏိတဗ္ဗံ ဘဏာပေတ္ဗေ၊ ပရိတ္တံ သာသနောဂဓံ။ ။

၆။ တေသံ၊ ထိုအမျိုးမတော်သောသူတို့၏။ သုတ္တော-ဒကေဟောဝ၊ ပရိတ်ချည်,ပရိတ်ရေတို့ဖြင့်သာလျှင်။ ပရိတ္တံ၊ ပရိတ်ရွတ်ခြင်းကို။ ကရေ၊ ပြုရာ၏။ အတ္တနော၊–၏။ (သုတ္တော-ဒကေဟိ၊-တို့ဖြင့်။)န-ကရေ၊ မပြုရာ။ ဘဏာပေတ္ဗေ၊ ပရိတ်ရွတ်တော်မူပါဟုလျှောက်သော်။ သာသနော-ဂဓံ၊ သာသနာတော်၌ သက်ဝင်သော။ ပရိတ္တံ၊–ကို။ ဘဏိတဗ္ဗံ၊ ရွတ်ဆိုအပ်၏။

၇။ သီလံ ဓမ္မံ ပရိတ္တံဝါ၊ အာဂန္တွာ ဒေတု ဘာသတု။
ဒါတုံ ဝတ္တုံမွ လဗ္ဘတိ၊ ဂန္တွာ ကေနစိ ပေသိတော။ ။

၇။ အာဂန္တွာ၊ ကြွလာ၍။ သီလံ၊–ကို။ ဒေတု၊ ပေးတော်မူပါ။ ဓမ္မံ၊–ကိုရင်း။ ပရိတ္တံဝါ၊–ကိုရင်း။ ဘာသတု၊ ဟောရွတ်ပါ။ (ဣတိ၊–သို့။) ကေနစိ၊ တစုံတယောက်သည်။ ပေသိတော၊ ပင့်လျှောက် အပ်သော ရဟန်းသည်။ ဂန္တွာ၊ သွား၍။ ဒါတုံ၊ သီလပေးခြင်းငှါရင်း။ ဝတ္တုံ၊ တရားဟော ပရိတ်ရွတ်ခြင်းငှါရင်း။ လဗ္ဘတိ၊-၏။……ဣတိ၊ ဤကား ဘေသဇ္ဇ အပြီးတည်း။

---

**၆။ တေသံ**……ဂါထာဖြင့် ပရိတ်၌ ကျင့်ရသောဝတ်, မကျင့်အပ်သောအစီအရင်ကို ပြသည်၊ ကျောင်းမှရေကိုရင်း မိမိဥစ္စာဖြစ်သော ချည်ကိုရင်း ပရိတ်ရွတ်၍ မပေးကောင်း၊ ရွတ်ပေးအံ့၊ ဒုက္ကဋ်။……[သစေ ဝိဟာရတော ဥဒကံ အတ္တနော သန္တကံဝါ သုတ္တံ ဒေတိ ဒုက္ကဋံ–ရင်းအဋ္ဌကထာ။]

**မှတ်ချက်**……သာသနောဂဓပရိတ္တ ဟူသည် ရတနသုတ်, အာဋာနာဋိယသုတ်,မေတ္တသုတ်,ဓဇဂ်သုတ်ပရိတ် စသည်ကို ဆိုသည်၊ ရင်းပရိတ်တို့ကိုရွတ်သောအခါ ကာလကိုကြည့်၍ ရွတ်ရသည်၊မင်္ဂလာဆောင်၌ အသုဘတရားဟောသလို မဖြစ်စေရဟူ၏။

**၇။ သီလံ ဓမ္မံ**……ဂါထာဖြင့် လာပင့်သော် သီလပေး ပရိတ်ရွတ် တရားဟောခြင်းငှါ အပ်သည်ကို ပြသည်၊ အဓိပ္ပါယ် လွယ်၏။

## ၃၇–ဥဂ္ဂဟောတိ

၁။ ကမ္မ စေတိယ သံဃညု၊ပုဂ္ဂလဋ္ဌံ ဂဏာသဝ။
ဒသဘေဒမ္ပိ ရတနံ၊ဥဂ္ဂဏှန္တာသ ဒုက္ကရံ။ ။

## ၃၇။ ဥဂ္ဂဟောတိ၊ ဟူသည်။

၁။ ကမ္မ–စေတိယ-သံဃ-ညု-ပုဂ္ဂလဋ္ဌံ၊ အမှုသစ်,စေတီ,သံဃာ, တပါးသော ပုဂ္ဂိုလ်တို့၏ အကျိုးငှါရင်း။ဂဏာသဝ၊ဂိုဏ်းအကျိုးငှါရင်း။ ဒသ-ဘေဒမ္ပိ၊-သော။ရတနံ၊-ကို။ဥဂ္ဂဏှန္တာသ၊ ခံယူသောရဟန်းအား။ ဒုက္ကရံ၊–၏။

၂။ နိဿဂ္ဂိ တေသု အဋ္ဌဟ္ဌံ၊ဒွိသု သေသေသု ဒုက္ကရံ။
အနာမသိတွာ ဝုတ္တေတု၊ ဂဏာသံဃညုပုဂ္ဂလံ။ ။

၃။ စေတျသ နဝကမ္မဿ၊ ဒမ္ဘိတိ န ပဋိက္ခိပေ။
ဝဒေ ကပ္ပိယကာရာနံ၊ဝဒန္တော ဝ မိမေ ဇာတိ။ ။

၂–၃။ တေသု၊ထိုရတနာဆယ်ပါးတို့တွင်။အဋ္ဌဟ္ဌံ၊ မိမိအကျိုးငှါ။ (ဥဂ္ဂဏှန္တဿ၊-အား။)ဒွိသု၊ရွှေငွေနှစ်ပါးတို့၌။နိဿဂ္ဂိ၊–၏။သေသေသု၊ ကြွင်းသောရတနာ ၈စ်ပါးတို့၌။ ဒုက္ကရံ၊–၏။ဂဏ–သံဃ–ညု–ပုဂ္ဂလံ၊– ကို။အနာ-မသိတွာ၊မသုံးသပ်မူ၍။ စေတျသ၊ စေတီအား။နဝကမ္မဿ၊- အား။ ဒမ္ဘ၊–၏။ ဇာတိ၊–သို့။ ဝုတ္တေတု၊ ဆိုသော်ကား။ န-ပဋိက္ခိပေ၊ မပယ်ရာ။ဇာမေ၊ဤသူတို့သည်။ ဇဝံ-ဝဒန္တော၊ ဤသို့ဆိုကုန်၏။ ဇာတိ၊–သို့။ ကပ္ပိယကာရာနံ၊–တို့အား။ ဝဒေ၊ဆိုရာ၏။

---

**မှတ်ချက်**·····နာသောသူအား ပရိတ်အရံအတား ပြုပေးတော်မူပါ ဟု လျှောက်ထားမူ ပရိတ်မရွတ်အပ်၊ပရိတ်ရွတ် ပေး တော်မူပါဟု လျှောက်ပါမှ ပရိတ်ရွတ်ကောင်းသည်ဟု မှတ်။(ရင်း–ဌ။)

ဘေသဇ္ဇ ပြီးပြီ။

---

## ၃၇–ဥဂ္ဂဟ

၃၇။ ဥဂ္ဂဟော၊ ကိုင်ကောင်း, ခံယူကောင်း စသည်ကိုပြသည်။

**၁။ ကမ္မစေတိယ**······ဂါထာဖြင့်အလှူမခံကောင်းသည်ကိုပြသည်၊ နဝကမ္မအလို့ငှါ,စေတီအလို့ငှါ,သံဃာ,တပါး

၄။ ခေတ္တံ ဝတ္ထုံ တဠာကံ၀ါ၊ ဒေန္တော ဒါသပသွာဒိကံ။
ပဋိက္ခိပိတွာ ဂဏှေယျ၊ ကပ္ပိယေန ကမေနစ။
ခေတ္တာဒီနိ ဝိဟာရဿ၊ ဝုတ္တော ဒမ္မိတိ ဝဋ္ဋတိ။ ။

၄။ ခေတ္တံ၊လယ်ကိုရင်း။ ဝတ္ထုံ၊ ယာကိုရင်း။ တဠာကံ၀ါ၊—ကိုရင်း။ ဒါသ-ပသွာဒိကံ၊ကျွန်,နွားစသည်ကိုရင်း။ ဒေန္တော၊-သော်။ပဋိက္ခိပိတွာ၊ (မအပ်ဟု)ပယ်၍။ ကပ္ပိယေန၊ အပ်သော။ကမေနစ၊ ဝေါဟာရ အစဉ်အားဖြင့်သာလျှင်။ ဂဏှေယျ၊ယူရာ၏။ ခေတ္တာဒီနိ၊—တို့ကို။ဝိဟာရဿ၊-အား။ ဒမ္မိ၊—၏။ဣတိ၊-သို့။ ဝုတ္တော၊—သော်။ ဝဋ္ဋတိ၊—၏။

---

ပုဂ္ဂိုလ်,ဂိုဏ်းအလို့ငှါ ရတနာ ၁၀-ပါးကို အလှူခံသောရဟန်း ဒုက္ကဋ်။ [ရတနာ ၁၀—ပါးကို ပါတိမောက္ခမေဒိနီ ရတနသိက္ခာပုဒ်၌ ဆိုခဲ့ပြီ။] သေသာနံအတ္ထာယဒုက္ကဋံ။ [ရူပိယသိက္ခာပုဒ် အဖွင့် အဋ္ဌကထာကြီး။]

**၂—၃။ နိဿဂ္ဂိ တေသု**.....စသော နှစ်ဂါထာ တို့ဖြင့် အလှူခံရာ၌ အာပတ်သင့်ပုံ မပယ်ကောင်းပုံ တို့ကို ပြသည်၊ရတနာ ၁၀—ပါးတို့တွင် ရွှေငွေ ၂—ပါးကို မိမိအလို့ငှါအလှူခံအံ့၊ နိဿဂ္ဂိ၊နဝကမ္မစသည် ၅—ပါးအလို့ငှါ အလှူခံအံ့၊ ဒုက္ကဋ်ဟုသိ၊ အကြွင်း ၈-ပါးကို မိမိအလို့ငှါ အလှူခံအံ့၊ ဒုက္ကဋ်၊ ဂိုဏ်း,သံဃာ, ပုဂ္ဂိုလ်ကိုမသုံးသပ်ဘဲ စေတီအား,နဝကမ္မအား, ကျောင်းအားလှူပါ၏ဟု ဆိုသော် မပယ်ကောင်း၊ အလှူခံရမည်၊ ဤဒကာတို့သည် ဤသို့ ပြော၍ လှူသွားကြသည်ဟု ကပ္ပိယကာရကတို့အား ပြောပြရမည်၊ ဤရွှေငွေတို့ကိုသိမ်းထားလိုက်ဟု မပြောကောင်း။ [ဇင်း—၌။]

**၄။ ခေတ္တံဝတ္ထုံ**......ဂါထာဖြင့် အပ် မအပ်သော ဝေါဟာရကိုပြသည်၊ လယ်, ယာ,တဘက်ဆည်ကန်, ကျွန်, နွား,သစ်သီးအရာမ်,ပန်းအရာမ်စသော ဒုက္ကဋ် ဝတ္ထုများကို လှူသော် မအပ်ဟု ပယ်ရမည်၊ အရှင်ဘုရား အဘယ်သို့သောနည်းဖြင့် လှူသော် အပ်ပါသနည်းဟု လျှောက်ငြားအံ့၊ ဤလယ်ယာ စသည်မှ ထွက်သော ပစ္စည်းလေးပါးကို သုံးဆောင်တော် မူပါဟု ဆို၍ လှူသော် အပ်၏ဟု

၅။ နဝ မာတိကာ ကေဒါရ၊ တဠ္ဍာက ကြိယာနဝေ။
မတ္တိကုဋ္ဋရဏံ ဗန္ဓော၊ ထိရကာရောစ အာဠ္ဍယာ။ ။

၆။ အတိရေကဘာဂါဒါနံ၊ ကေဒါရေ အနဝေ နဝေ။
အပရိစ္ဆိန္နဘာဂေစ၊ သဿေ ဒေထေတ္တကေ ဣတိ။
ကဟာပဏဉ္စာပနဥ္စ၊ သဗ္ဗသမ္ပိ အကပ္ပိယံ။ ။

၅–၆။ နဝ–မာတိကာ–ကေဒါရ–တဠ္ဍာက–ကြိယာ၊ မြောင်းသစ်, လယ်သစ်, ကန်သစ် ပြုခြင်းသည်၎င်း။ အ-နဝေ၊ အဟောင်း၌။ မတ္တိ ကု-ဋ္ဋရဏံ၊ မြေစိုင်ကို ထုတ်ခြင်းသည်၎င်း။ အာဠ္ဍယာ( ကျိုးပျက်သော) ကန်သင်းကို။ ဗန္ဓော၊ ဖွဲ့ဆည်ခြင်းသည်၎င်း။ ထိရ-ကာရောစ၊ ခိုင် အောင် ပြုခြင်းသည်၎င်း။ အနဝေ၊—သော။ ကေဒါရေ၊ လယ်၌။ အတိ ရေက—ဘာဂါဒါနံ၊ (ထားမြဲတိုင်းသောအတိုးထက် ) လွန်၍ အတိုးယူ ခြင်းသည်၎င်း။ အ—ပရိစ္ဆိန္န—ဘာဂေ၊ မပိုင်းခြား အပ်သော အတို့ရှိ သော။နဝေ၊ အသစ်ဖြစ်သော။ သဿေ၊ ကောက်၌။ ဧတ္တကေ၊ ဤမျှ လောက်သောအသပြာတို့ကို။ ဒေထ၊ပေးကုန်လော့။ ဣတိ၊-သို့။ ကဟာ ပဏ-ဥ္စာပနဥ္စ၊အသပြာကို ဖြစ်စေခြင်းသည်၎င်း။ သဗ္ဗသမ္ပိ၊ အလုံးစုံ သော သိတင်းသုံးတော်တို့အားလည်း။အ-ကပ္ပိယံ၊မအပ်။

---

ပြောပြရမည်၊ ဤသို့ပြောပြ၍ သိသောအခါတိုင်း ကပ္ပိယ ဝေါဟာရဖြင့် ဆို၍ လှူသော် အလှူခံကောင်းသည်၊လယ်ယာစသည်ကို ကျောင်းအား လှူပါ၏ဆို၍ လှူသော်အပ်၏။ [အဠကထာကြီး၌ အကျယ်လာပြီ။]

**၅–၆။ နဝ မာတိကာ** .....စသော ၂ဂါထာတို့ဖြင့် မအပ်သော ပြု လုပ်ခြင်းတို့ကို ပြသည်၊ မြောင်း,လယ်, ကန်တို့ကို အသစ်ပြုခြင်းမအပ်၊ကပ္ပိယဝေါဟာရဖြင့် လှူထားအပ်သော တဘက်ဆည်ကန်ဟောင်း၌ မြေစိုင်ကိုထုတ်ခြင်း, ကျိုးပျက်သော ကန် ဘောင်ရိုး ကန်သင်းများကို ဖွဲ့ခြင်း, ခိုင်အောင်ပြုခြင်းများ မအပ်။ ၊ လယ်ဟောင်း၌ ယူမြဲ အတိုးထက် ပိုယူခြင်း ဤမြေ၌ အတိုးဤမျှပေး ရမည်ဟု မပိုင်းခြားအပ်သေးသောမြေ၌ ဤမျှပေးရမည်ဟု အသပြာကို တောင်းခြင်းသည် ရဟန်းအားလုံးမအပ်။ [၎င်း–၄။]

၇။ အဝတ္ထာ ကာသ ဝပ္ပိစ္စာ၊ဒေတ္တကာယာစ ဘူမိယာ။
ပတိဋ္ဌာပေတိ ဘူမိံ ဝါ၊ဘာဂေါ ဒေယျောတိ ဇွတ္တကော။ ။
၈။ ဘူမိဘာဂေ ကတံ သညံ၊ဇွတ္တကေ ဂဏှတေတ္တကံ။
ဂဏှနတ္တံ ဝဒေနေ့ဝံ၊ပမာဏံ ဒဏ္ဍာရဇ္ဇုဘိ။ ။
၉။ မိနနေ ရက္ခဏော ဌတွာ၊ခလေ တံ နီဟရာပနေ။
ကောဋ္ဌာဒိပ္ပဝိသာမနေ၊တသောဝေတမကပ္ပိယံ။ ။

၇–၈–၉။ ကာသ၊ထွန်လော။ဝပ္ပ၊ စိုက်ပျိုးလော။ ဇူစ္စာဒိံ၊ဤသို့အစ ရှိသည်ကို။ အ-ဝတ္ထာ၊ မဆိုမူ၍။ ဇွတ္တကာယဘူမိယာစ၊ ဤမျှလောက် သောမြေ၌သာလျှင်။ဇွတ္တကော၊ဤမျှသော။ဘာဂေါ၊အဘို့ကို။ဒေယျော၊- ဖြဲ။ ဇူတိ၊–သို့။ ဘူမိံ ဝါ၊မြေကိုလည်း။ ပတိဋ္ဌာပေတိ၊ တည်စေ၏။ ။ ဇွတ္တကေ၊–သော။ဘူမိ-ဘာဂေ၊မြေအဘို့၌။ သညံ၊ ကောက်ကို။ကတံ၊ ပြုအပ်ပြီ။ဇွတ္တကံ၊ဤမျှသောအဘို့ကို။ ဂဏှထ၊ ယူကုန်လော။ ဇဝံ၊-သို့။ ဝဒနေ၊ဆိုလတ်သော်။ ပမာဏံ၊ လယ်ပမာဏကို။ ဂဏှနတ္တံ၊-ဌါ။ ဒဏ္ဍာ-ရဇ္ဇုဘိ၊ တာတံ, တာကြိုးတို့ဖြင့်။ မိနနေ၊ တိုင်းတာခြင်းကြောင့် ၎င်း။ခလေ၊တလင်း၌။ဌတွာ၊ရပ်၍။ရက္ခဏော၊စောင့်ခြင်းကြောင့်၎င်း။တံ- နီဟရာပနေ၊ထိုတလင်းမှ ဆောင်ခြင်းကြောင့်၎င်း။ ကောဋ္ဌာဒိ-ပ္ပဝိသာ မနေ၊ ကျီစသည်၌ သွင်းထားခြင်းကြောင့်၎င်း။ ဇတံ၊ ဤစပါးသည်။ တသောဝ၊ထိုရဟန်းအားသာလျှင်။အ–ကပ္ပိယံ၊မအပ်။

---

**၇–၈–၉။ အဝတ္ထာ**·····စသော သုံးဂါထာ တို့ဖြင့် စီရင်သော ရဟန်းများသာ မအပ်ပုံကို ပြသည်၊ ထွန်လော,စိုက်ပျိုးလောစသည်မဆိုဘဲ ဤမျှသောမြေအဘို့၌ ဤမျှသော အဘိုးကိုပေးရမည်ဟု မြေအဘို့ကို စီရင်သောရဟန်း–အသပြာကို လည်း သုံးသပ်သည်မဟုတ်–မအပ်သော အမှုအရာမျှသာဖြစ်ခြင်း မူလ အဘိုးထက်ပို၍ မတောင်းခြင်းတို့ကြောင့် ထိုရဟန်းအားသာ မအပ်၊ တပါးသော ရဟန်းများအပ်သည်။ ။ဤမြေ၌ ဤမျှသာ စိုက်ပါသည် ဤမျှသော အဘို့ကို ယူပါဟု လျှောက်သော် လယ်ပမာဏ အတိုင်း ယူခြင်း၄ါ တာဘန် တာကြိုးတို့ဖြင့် တိုင်းထွာခြင်း, တလင်း၌ ရပ်၍ စောင့်ခြင်း, ထိုတလင်းမှ ကျီသို့ဆောင်ပို့ခြင်း, ကျီစသည်သို့သွင်းထား ခြင်းစသည်ကိုပြုသောရဟန်း ထိုစပါးမအပ်၊ အသစ်ကိုမဖြစ်စေသော

၁၀။ ပဋိသာမေယျ ပါစိတ္တိ၊ယံကိဉ္စိ ဂိဟိသန္တကံ။
ဘဏ္ဍာဂါရိက သီသေန၊သစေပိ ပိတုသန္တကံ။ ။

၁၀။ ပိတု–သန္တကံပိ၊ မိဘတို့၏ ဥစ္စာလည်း ဖြစ်သော။ ဂိဟိ သန္တကံ၊–သော။ ယံကိဉ္စိ၊ အလုံးစုံသော ဥစ္စာကို။ ဘဏ္ဍာဂါရိက–သီသေန၊ ဘဏ္ဍာစိုးကို အဦးပြုသဖြင့်။သစေ-ပဋိသာမေယျ၊အကယ်၍ သိုမှီးငြားအံ့။ပါစိတ္တိ၊–၏။

၁၁။ ပိတူနံ ကပ္ပိယံ ဝတ္ထုံ၊အဝသံ ပဋိသာမိယံ။
အတ္တနော သန္တကံ ကတွာ၊လဗ္ဘတေ ပဋိသာမိတုံ။ ။

၁၁။ အဝသံ၊မချွတ်။ပဋိသာမိယံ၊ သိုမှီးသင့်သော။ ပိတူနံ၊ မိဘတို့၏။ကပ္ပိယံ၊-သော။ဝတ္ထုံ၊–ကို။အတ္တနော၊-၏။သန္တကံ၊-ကို။ကတွာ၊–၍။ ပဋိသာမိတုံ၊–ငှါ။လဗ္ဘတေ၊ရအပ်၏။

၁၂။ ဒေဟီတိ ပဋိသာမေတွာ၊ ဝုတ္တေစာပိ ပဋိက္ခိပေ။ !
ပါတေတွာန ဂတေ လဒ္ဓုံ၊ပလိဗောဓောတိ ဂေါပိတုံ။ ။

၁၂။ ပဋိသာမေတွာ၊–၍။ဒေဟိ၊ ပေးလော။ ဣတိ၊–သို့။ ဝုတ္တေ စာပိ၊ဆိုအပ်သော်လည်း။ပဋိက္ခိပေ၊ပယ်ရာ၏။ပါတေတွာန၊ ချထားခဲ့၍။ ဂတေ၊ သွားသော်။ ပလိဗောဓောတိ၊ ငါ၏ ကြောင့်ကြခြင်းဖြစ်၏ဟု။ ဂေါပိတုံ၊ စောင့်ရှောက်ခြင်းငှါ။ လဒ္ဓုံ၊ ရအပ်၏။

---

ကြောင့် အခြားရဟန်းများ အပ်သည်၊ [ရင်း–ဌ။] အကျယ်ကို ရာဇ သိက္ခာပုဒ်မှာရှု။

**၁၀။ ပဋိသာမေယျ**·····ဂါထာဖြင့် မသိမ်းထားကောင်း သည်ကို ပြသည်၊ အပ်သော ဝတ္ထုဘဲ ဖြစ်ဖြစ်၊ မအပ်သောဝတ္ထုဘဲဖြစ်ဖြစ် အလုံးစုံသော လူတို့၏ ဥစ္စာ၊ အယုတ်ဆုံး မိခင်၏နားဥပန်သော ထန်းရွက်နားပန်ကိုမျှသော်လည်း စောင့်ရှောက် လိုသောသဘောမျိုးဖြင့် မသိမ်းထားကောင်း၊ သိမ်းထားသောရဟန်း ပါစိတ်။ [ရတနသိက္ခာပုဒ်အဋ္ဌကထာ။]

**၁၁။ ပိတူနံ ကပ္ပိယံ**·····ဂါထာဖြင့်အပ်သောသိမ်းထားကောင်းပုံ ကို ပြသည်၊ မချွတ်သိမ်းဆည်း ထား ကောင်းသောမိဘတို့၏ ကပ္ပိယဘဏ္ဍာဖြစ်အံ့၊ မိမိဥစ္စာဟုမှတ်၍ သိမ်း ထားကောင်းသည်။ [ရတန–ဌ။]

၁၃။ ကမ္ဗံ ကရောန္တာ အာရာမေ၊သကံ ဝဏ္ဏကိအာဒယော။
ပရိက္ခာရဋ္ဌ သယနဲ၊ဘဏ္ဍံဝါ ရာဇဝလ္လဘာ။ ။
၁၄။ ဒေဟီတိ ပဋိသာမေတွာ၊ဝဒန္တိ ယဒိ ဆန္ဒသော။
န ကရေယျ ဘယာ ဌာနံ၊ဂုတ္တံ ဒဿေတု ဝဋ္ဋတိ။ ။

၁၃-၄။ အာရာမေ-၌။ကမ္ဗံ၊-ကို။ကရောန္တာ၊ပြုကုန်သော။ဝဏ္ဏကိ-အာဒယော၊လက်သမား အစရှိသည်တို့သည်။ သကံ၊ မိမိ၏ ဥစ္စာဖြစ်သော။ပရိက္ခာရဋ္ဌ၊ပဲခွပ်စသော ပရိက္ခရာကိုရင်း။ ရာဇ-ဝလ္လဘာ၊ မင်းနှင့် အကျွမ်းဝင်ကုန်သော သူတို့သည်။ သယန-ဘဏ္ဍံဝါ၊ အိပ်ရာဘဏ္ဍာကိုရင်း။ ပဋိသာမေတွာ၊-၍။ ဒေဟိ၊-လော။ဣတိ၊-သို့။ ယဒိ-ဝဒန္တိ၊-ကုန်အံ့။ ဆန္ဒသော၊ ချစ်သောအားဖြင့်။ ဘယာ၊ ကြောက်သော အားဖြင့်။ န-ကရေယျ၊ (သိမ်းခြင်းကို) မပြုရာ။ ဂုတ္တံ၊ လုံခြုံသော။ ဌာနံ၊ နေရာကို။ ဒဿေတုံ၊-ငှါ။ ဝဋ္ဋတိ၊-၏။

၁၅။ ဗလက္ကာရေန ပါတေတွာ၊ ဂတေသု ပဋိသာမိတုံ။
ဘိက္ခုံ မနုဿာ သက်္ကာ၊နဋ္ဌေ ဝဏ္ဏုမ္မိ တာဒိသေ။ ။
၁၆။ ဝိဟာရေဝသထဿန္တော၊ရတနံ ရတနသမ္မတံ။
နိက္ခိပေယျ ဂဟေတွာန၊မဂ္ဂေရညေပိ တာဒိသေ။
သာမိကာ နာဂမံ ဥတွာ၊ပတိရူပံ ကရိယတီတိ။ ။

၁၅-၆။ ဗလက္ကာရေန၊ နိုင်ထက်မှုသဖြင့်။ ပါတေတွာ၊ ချထားခဲ့၍။ ဂတေသု၊-သော်။ ပဋိသာမိတုံ၊-ငှါ။ ဝဋ္ဋတိ၊-၏။ဝဏ္ဏုမ္မိ၊ လုတ်ဝဏ္ဏုသည်။နဋ္ဌေ၊ ပျောက်ခဲ့သော်။ဘိက္ခုံ၊ ကို။မနုဿာ၊-တို့သည်။သက်္ကာ၊

၁၂။ **ဒေဟီတိ**……ဂါထာဖြင့် ပယ်ရ စောင့်ရှောက်ရ မည်ကို ပြသည်၊ ဤဝဏ္ဏုကို သိမ်းထားပေးပါဟု မိဘတို့ကဆိုသော် ငါတို့သိမ်းမထားကောင်းဟု ပယ်ရမည်၊ အကယ်၍ချထားပြီး ဘဲသွားငြားအံ့၊ မိမိ၏ ကြောင့်ကြခြင်းဖြစ်၍ သိမ်းထား ကောင်းသည်။ [ရတန-၄၅။]

၁၃-၄။ **ကမ္မံ ကရောန္တာ**……စသော နှစ်ဂါထာတို့ဖြင့် သိမ်းမထားကောင်းသည်ကို ပြသည်၊ အဓိပ္ပါယ် လွယ်၏၊ [ရတန-၄၅။]

**မှတ်ချက်**……အာဒိဖြင့် မင်းချင်းယောက်ျား စသည်ကို ယူ။

သုံမှားကုန်၏။ တာဒိသေ၊ ထိုသို့သဘောရှိသော။ ဝိဟာရေ-ဝသထသော၊ ကျောင်းဇရပ်၏။ အန္တော၊–၌။ ရတနံ၊–ကိုရင်း။ ရတ္ထ-သမ္မတံ၊ရတနာဟု သမုတ်အပ်သော အဝတ် အထည် စသည်ကိုရင်း။ ဂဟေတွာန၊ ကောက်ယူ၍။ နိက္ခိပေယျ၊ (မှတ်သား) ထားရာ၏။ သာမိကာ-နာဂမံ၊ ဥစ္စာရှင်တို့မလာခြင်းကို။ ဉတွာ၊ သိ၍။ ပတိရူပံ၊ လျောက်ပတ်သော ကျောင်းကန်စသော ထာဝရအမှုကို။ ကရိယတိ၊–အပ်၏။မဂ္ဂေ၊ လမ်းခရီး၌ရင်း။ အရညေပိ၊ တော၌ရင်း။ တာဒိသေ၊-သော ရတန-ရတနသမ္မတဥစ္စာသည်။( သတိ၊-သော်။ )သာမိကာ–နာဂမံ၊–ကို။ဉတွာ၊-၍။ ပတိရူပံ၊လျောက်ပတ်သော-ပုံသုကျအမှတ်ဖြင့် ယူခြင်း, ကြောင့်ကြမဲ့သွားခြင်းကို။ ကရိယတိ၊-၏။·····ဇာတိ၊ ဤကား ဥဂ္ဂဟာအပြီးတည်း။

---

## ၃၈–ဒူသနတ္တိ

၁။ ပုပ္ဖံ ဝေဠုံ ဖလံ ရုက္ခံ၊ဒန္တကဋ္ဌ မတ္တိကံ။
သင်္ဂဟာဏတ္ထံ ဒဒတော၊ ကုလဒူသနဒုက္ကဋံ။ ။

## ၃၈။ ဒူသနတ္တိ၊ ဟူသည်။

၁။ ပုပ္ဖံ၊-ကိုရင်း။ ဝေဠုံ၊-ကိုရင်း။ဖလံ၊-ကိုရင်း။ ရုက္ခံ၊ ကသယ်မှုန့်ကိုရင်း။ ဒန္တကဋ္ဌ၊-ကိုရင်း။မတ္တိကံ၊-ကိုရင်း။ သင်္ဂဟာဏတ္ထံ၊( ဒါယကာတို့ကို ) ချီးမြှောက်ခြင်း အကျိုးငှါ။ ဒဒတော၊ ပေးသော ရဟန်းအား။ ကုလဒူသနဒုက္ကဋံ၊-သည်။ (ဟောတိ၊-၏။)

---

**၁၅-၆။ ဗလက္ကာရေန**·····စသော နှစ်ဂါထာ တို့ဖြင့် သိမ်းထား ကောင်း ပြုကောင်းသည်ကို ပြသည်၊
လက်သမား မင်းချင်းယောကျ်ား စသည်တို့က အနိုင်ကျင့်ပြီး ပစ်ချထားခဲ့အံ့၊ ထိုထားခဲ့သောပစ္စည်းများကို သိမ်းထား ကောင်းသည်။ ။
အကြွင်းအဓိပ္ပါယ် လွယ်၏။ [ရတန–၌။]

ဥဂ္ဂဟပြီးပြီ။

၂။ ထုလ္လစ္စယံ ဂရုဘဏ္ဍံ၊ ဇာ္ဇသရေနေထ္တ သံဃိကံ။
ဒေန္တဿ ဒုက္ကဋာဒီနိ၊ ထေယျာ သံဃဿ သန္တကံ။ ။

၂။ ဇေတ္တ၊ ဤပန်းစသည်တို့တွင်။ သံဃိကံ၊-သော။ ဂရုဘဏ္ဍံ၊–ကို။ ဇာ္ဇသရေန၊ အစိုးရခြင်းရှိသဖြင့်။ ဒေန္တဿ၊-ရဟန်းအား။ ထုလ္လစ္စယံ၊-၏။ သံဃဿ၊-၏။ သန္တကံ၊ ဥစ္စာဖြစ်သော ပန်းစသည်ကို။ ထေယျာ၊ ခိုးလိုသောစိတ်ဖြင့်။ ဒေန္တဿ၊–အား။ ဒုက္ကဋာဒီနိ၊ ဒုက္ကဋ် စသည်တို့သည်။ ဟောန္တိ၊-ကုန်၏။

၃။ ကုလသင်္ဂဟာ ရောပေတုံ၊ ရောပါပေတုဉ္စ သမ္ဗထာ။
ဖလပုပ္ဖူပဂံ ရုက္ခံ၊ ဇဂ္ဂိတုဉ္စ န ဝဋ္ဋတိ။ ။

၃။ ကုလ–သင်္ဂဟာ၊ ဒါယကာတို့ကို ချီးမြှောက်ခြင်း အကျိုးငှါ။ ဖလ-ပုပ္ဖူ-ပဂံ၊ သီးပွင့်ခြင်းသို့ကပ်ရောက်သော။ ရုက္ခံ၊-ကို။ သမ္ဗထာ၊ (ကပ္ပိယဝေါဟာရစသော) ခပ်သိမ်းသော အခြင်း အရာ အားဖြင့်။ ရောပေတုံ၊ ကိုယ်တိုင်စိုက်ပျိုးခြင်းငှါလည်း။ ရောပါပေတုံ၊ သူတပါးကိုစိုက်ပျိုးစေခြင်းငှါလည်း။ ဇဂ္ဂိတုံစ၊ စောင့်ရှောက်ခြင်းငှါလည်း။ န-ဝဋ္ဋတိ၊ မအပ်။

---

## ၃၈ – ဒူသန

၃၈။ ဒူသနံ၊ ကုလဒူသနအမှုနှင့် အပြစ်ကိုပြသည်။

၁။ **ပုပ္ဖံ ဝေဠုံ**…… ဂါထာဖြင့် ကုလဒူသနဒုက္ကဋ်ကို ပြသည်၊ ကုလာနံ ဒူသနံ-ကုလဒူသနံ၊ မိမိ၏မကောင်းသော အကျင့်ဖြင့် ဒါယကာတို့၏ ကြည်ညိုခြင်း သဒ္ဓါတရားကို ဖျက်ဆီးခြင်း အမှုကိုရစေ။ ကုလဒူသနေန ဒုက္ကဋံ- ကုလဒူသနဒုက္ကဋံ-ဟု တွဲစပ်၊ မိမိ၏ မကောင်းသောအကျင့်ဖြင့် ဒါယကာတို့၏သဒ္ဓါတရားကို ဖျက်ဆီးမှုကြောင့် သင့်သောဒုက္ကဋ်အာပတ်ကို ရစေ၊ မိမိပစ္စည်း သူတပါးပစ္စည်းကိုချီးမြှောက်လို၍ပေးမှု ဒုက္ကဋ်ဟူ၏။(ကုလဒူသနသိက္ခာပုဒ်။)

၂။ **ထုလ္လစ္စယံ**……ဂါထာဖြင့် အာပတ်အပြားကို ပြသည်၊ ပန်းစသော ဝတ္ထုတို့တွင် သံဃိကဖြစ်သော ဂရုဘဏ် ပစ္စည်းကိုချီးမြှောက်လို၍ အစိုးတရပေးအံ့၊ ဒုက္ကဋ်နှင့် ထုလ္လစ္စည်း၊ မချီး

၄။ နိမိတ္တော ဘာသတော ကပ္ပ၊ ဝေါဟာရ ပရိယာယတော။
အတ္တနော ပရိဘောဂတ္ထံ၊ ရောပါပနာဒိ လဗ္ဘတိ။ ။

၄။ အတ္တနော၊–၏။ ပရိဘောဂတ္ထံ၊ သုံးဆောင်ခြင်း အကျိုးငှါ။ နိမိတ္တော–ဘာသတော၊ နိမိတ်ပြုခြင်း, အရိပ်ပြခြင်းဖြင့်ရင်း။ ကပ္ပ–ဝေါဟာရ-ပရိယာယတော၊ကပ္ပိယဝေါဟာရ ပရိယာယ်အားဖြင့်ရင်း။ ရောပါပနာဒိ၊ ပေါက်ရောက်စေခြင်းအစရှိသည်ကို၊လဗ္ဘတိ–၏။

---

မြောက်လိုရာ၌ ထုလ္လစ္စည်းသာ၊ ခိုးလိုသောစိတ်ဖြင့်ပေးအံ့၊ ဒုက္ကဋ်, ထုလ္လစ္စည်း,ပါရာဇိက။

**အဓိပ္ပါယ်** ..... ဒါယကာကို ချီးမြောက်လို၍ ခိုးလိုသော စိတ်ဖြင့် သံဃိကပစ္စည်းကို ပေးအံ့၊ တပဲ,တပဲတန်အောက် ယုတ်မူ ဒုက္ကဋ်၊တပဲထက်အလွန် ငါးပဲတန်အောက်ယုတ်မူ ထုလ္လစ္စည်း၊ ငါးပဲ,ငါးပဲတန်ထက်လွန်မူ ပါရာဇိက။ (ကုလဒူသန သိက္ခာပုဒ် အဋ္ဌကထာ။)

**၃။ ကုလသင်္ဂဟာ**......ဂါထာဖြင့် ဒါယကာ များကို ချီးမြောက်ခြင်းအကျိုးငှါ သစ်ပင် မစိုက်ကောင်းသည်ကို ပြသည်။

**မှတ်ချက်** ..... သဗ္ဗဒါအရ ကပ္ပိယဝေါဟာရ,အကပ္ပိယဝေါဟာရ, ပရိယာယ်,ဩဘာ, နိမိတ်စွမ်းဖြင့် အလုံးစုံကို ယူ၊ ဘယ်လိုနည်းနှင့်မှုမစိုက်ကောင်း ဟူ၏။ ။စသဒ္ဒါ အရတ္တ သမုစ္စည်း၊ ရူးခြင်း ရူးစေခြင်း, ကုံးခြင်း ကုံးစေခြင်း ဟူသော မဆိုအပ်သေးသည်ကို ဆည်းသည်။ ။ရေသွန်းလောင်းခြင်းစသည်တို့ကိုပြု၍ သစ်ပင်မသေအောင် စောင့်ရှောက်ခြင်းကို ဇဂ္ဂတုံဟု ဆိုသည်၊ ဒုက္ကဋ် သင့်၏။ [ဋင်း–ဠ၁။]

**၄။ နိမိတ္တော ဘာသတော**......ဂါထာဖြင့် ပြုကောင်းသည်ကို ပြသည်၊မိမိသုံးဆောင်ခြင်း အကျိုးငှါစိုက်မူ နိမိတ်, ဩဘာ, ကပ္ပိယဝေါဟာရ, ပရိယာယ် ၄-မျိုး အပ်သည်။ [ဋင်း–ဠ၁။] အကျယ် ပါတိမောက္ခမေဒိနီ၌ ဆိုခဲ့ပြီ။

၅။ ဝုတ္တာဝ ဝေဋ္ဌိကာ ဇယ်၊ပေသနေ ဂိဟိကမ္မိသု။
ထပေတွာ ပိတရော ဘဏ္ဍုံ၊ဝေယျာဝစ္စကရံ သကံ။ ။

၆။ ဒုက္ကဋံ ပဒဝါရေန၊ဟာရကော ဒူတသာသနံ။
သာသနံ အဂ္ဂဟေတွာပိ၊ပထမံ ဝဒတော ပုန။ ။

၅–၆။ ဝေဋ္ဌိကာ၊ဆေးကုခြင်းကို။ဝုတ္တာဝ၊ တည်း။ဇယ်-ပေသနေ၊ ခြေဖြင့်အစေအပါးခံရာ၌။ ပိတရော၊မိဘတို့ကိုရင်း။ဘဏ္ဍုံ၊ရှင်လောင်း ရဟန်းလောင်းကိုရင်း။ သကံ-ဝေယျာဝစ္စကရံ၊ မိမိ၏ အမှုကိုပြုသော သူကိုရင်း။ထပေတွာ၊–၍။ဂိဟိ-ကမ္မိသု၊ လူ၏အမှုတို့၌။ဒူတ-သာသနံ၊ တမန်ပြုပြား သတင်းစကားကို။ ဟာရကော၊ ဆောင်ခြင်းကြောင့်။ပဒ–ဝါရေန၊ ခြေလှမ်းအကြိမ်ဖြင့်။ ဒုက္ကဋံ၊–၏။ ပထမံ၊–စွာ။သာသနံ၊ သတင်းစကားကို။ အ–ဂ္ဂဟေတွာပိ၊ မယူမူ၍လည်း။ ပုန၊–ဘန်။ ဝဒတော၊ ဆိုသောရဟန်းအား။ ဒုက္ကဋံ၊–၏။

၇။ ဥပ္ပန္နပစ္စယာ ဧဝံ၊ပဉ္စန္နမ္ပိ အကပ္ပိယာ။
အဘူတာရောစနာ ရူပ၊သံဝေါဟာရုဂ္ဂဟာဒိသာ။ ။

၇။ ဧဝံ၊ ဤသို့။ ဥပ္ပန္န-ပစ္စယာ၊ (ကုလဒူသန မှုကြောင့်) ဖြစ်သော ပစ္စည်းတို့သည်။ ပဉ္စန္နမ္ပိ၊ သိတင်းသုံးဘော် ငါးဦးတို့ အားလည်း။ အ-

---

**၅-၆။ ဝုတ္တာဝ**….. စသော နှစ်ဂါထာ တို့ဖြင့် အပ် မအပ်သော သတင်းစကားကို ဆောင်ခြင်းကို ပြသည်၊ ဆေးကုခြင်း ကုလဒူသနကို မိစ္ဆာဇီဝ ဝိဝဇ္ဇနာ၌ ဆိုခဲ့ပြီးပြီ၊သိတင်းသုံး ဘော် ငါးယောက်နှင့် တကွ မိဘ, ရှင်လောင်း, ရဟန်းလောင်း,မိမိ အမှုကို ပြုသောသူတို့၏ သတင်းစကားကို ဆောင်ခြင်း၌ အပ်၏၊ လူအမှုရေးရာတို့၌ သတင်းစကားကို ဆောင်အံ့၊ ခြေလှမ်းတိုင်း ဒုက္ကဋ်၊ သတင်းစကား မှာလိုက်သည်ကို လက်ဦးဝန်မခံဘဲ နောက်မှ မှာအပ်သောသူကိုတွေ့၍ပြောအံ့၊ ဒုက္ကဋ်ပင်။ [ဋင်း–ဌ။]

**မှတ်ချက်**…… လယ်ထွန်ခြင်း, ကုန်သွယ်ခြင်း စသော အမှုမျိုးသာ မအပ်၊ သာသနာတော်နှင့် စပ်ဆိုင်သော သတင်း စကားမျိုးကား အပ်၏ဟု သိ။

ကပ္ပိယာ၊—ကုန်။ အဘူတာ–ရောစနာ—ရူပသံဝေါဟာရ-ဂုဟာ-ဒိသာ၊ (ဥတ္တရိမနုဿဓမ္မကို)မဟုတ်မတရားပြောကြားခြင်း, ရွှေငွေကိုလဲခြင်း, ရွှေငွေကိုခံယူခြင်းတို့ကြောင့်ဖြစ်သော ပစ္စည်းတို့နှင့် တူကုန်၏။

၈။ ဟာရာပေတွာ ဟာရိတွာပိ၊ ပိတူနံ သေသဉာတိနံ။
ပတ္တာနံ ဝတ္ထုံ ပူဇတ္ထံ၊ ဒါတုံ ပုပ္ဖါဒိ လဗ္ဘတိ။
မဏ္ဍနတ္ထဉ္စ လိင်္ဂါဒိ၊ ပူဇတ္ထဉ္စ န လဗ္ဘတိ။ ။

၈။ ပိတူနံ၊ မိဘတို့အား။ ဟာရာပေတွာ၊ ဆောင်စေ၍၎င်း။ ဟာရိတွာ၊ ဆောင်၍၎င်း။ ဝတ္ထုံ ပူဇတ္ထံ၊ ရတနာ သုံးပါးအား ပူဇော်ခြင်း အကျိုးငှါ။ ပုပ္ဖါဒိ၊ တို့ကို။ ဒါတုံ၊-ငှါ။ လဗ္ဘတိ၊-၏။ ပတ္တာနံ၊ ရောက်လာကုန်သော။ သေသ ဉာတိနံ၊ ကြွင်းသောဆွေမျိုးတို့အား။ ဝတ္ထုံ ပူဇတ္ထံ၊-ငှါ။ ပုပ္ဖါဒိ၊-တို့ကို။ ဒါတုံ၊-ငှါ။ လဗ္ဘတိ၊-၏။ မဏ္ဍနတ္ထဉ္စ၊ တန်ဆာဆင်ခြင်းငှါ၎င်း။ လိင်္ဂါဒိ ပူဇတ္ထဉ္စ၊ ဗိသနိုးနှတ် စသည်ကို ပူဇော်ခြင်းအကျိုးငှါ၎င်း။ ဒါတုံ၊-ငှါ။ န-လဗ္ဘတိ၊-အပ်။

---

၇။ **ဥပ္ပန္နပစ္စယာ**…ဂါထာဖြင့် ကုလဒူသနမှုကြောင့်ရသောပစ္စည်း စသည်ကား မအပ်ဟု ပြသည်၊ ကုလဒူသနမှုကြောင့် ရသောပစ္စည်း, အဘူတာရောစန မှုကြောင့်ရသော ပစ္စည်း, ရူပိယသံ ဝေါဟာရကြောင့်ရသောပစ္စည်း ဤပစ္စည်း ၃-မျိုးကား မိမိမှုမက သိတင်းသုံးဘော် ၅-ယောက် စလုံးပင် မအပ်။ [၎င်း—ဌ။]

**မှတ်ချက်**……ဧဝံ ကုလဒူသနေန ဥပ္ပန္နပစ္စယာ ပဉ္စန္နမ္ပိ—ဟု အဆိုရှိခြင်းကြောင့် သာမဏေသည် ပြုအပ်သောကုလဒူသနမှု စသည်ကြောင့် ရအပ်သောပစ္စည်းများလည်းမအပ်၊ အာတုမဝတ္ထုကို ထောက်၍သိရမည်ဟု ဋီကာဟောင်းဆို၏။

၈။ **ဟာရာပေတွာ**……ဂါထာဖြင့် ပေးကောင်း, မပေးကောင်းကို ခွဲပြသည်၊ အဓိပ္ပါယ်လွယ်၏။ [၎င်း—ဌ။]

**မှတ်ချက်**……ရောက်လာသော ဥပါသကာ တို့အားလည်း ရတနာ သုံးပါး ပူဇော်ခြင်း အကျိုးငှါ ပေးကောင်းသည်ဟု ဋီကာသစ်ဆို၏။

၉။ တထာ ဖလံ ဂိလာနာနံ၊ သမ္ပတ္တိသာရိယဿ စ။
ပရိဗ္ဗယဝိဟီနာနံ၊ ဒါတုံ သပရသန္တကံ။ ။

၉။ သ ပရ သန္တကံ၊ မိမိဥစ္စာ, အကျွမ်းဝင်သူ့ဥစ္စာဖြစ်သော။ဖလံ၊-ကို။ တထာ၊ ထိုပန်းအတူ ပေးခြင်းကိုရင်း။ ဂိလာနာနံ၊-တို့အားနှင့်။ သမ္ပတ္တိ-သာရိယဿစ၊ ရောက်လာသော အစိုးရအားရင်း။ ပရိဗ္ဗယ-ဝိဟီနာနံ၊ ကုန်သော ရိက္ခာရှိသော ဧည့်သည် တို့အားရင်း။ဒါတုံ၊-ငှါ။ လဗ္ဘတိ၊ ၏။

၁၀။ ဘာဇေန္တေ ဖလ ပုပ္ဖမ္ပိ၊ဒေယျံ ပတ္တဿ ကဿစိ။
သမ္မတေနာပလောကေတွာ၊ဒါတဗ္ဗမိတရေန တု။ ။

၁၀။ ဖလ-ပုပ္ဖမ္ပိ၊သစ်သီး,ပန်းကို။ ဘာဇေန္တေ၊ဝေဘန်စဉ်။ပတ္တဿ၊ ရောက်လာသော။ ကဿစိ၊-အား။ သမ္မတေန၊ သမ္မုတိရသော ရဟန်းသည်။ ဒေယျံ၊ (လေးဘို့ တဘို့) ပေးအပ်၏။ ဣတရေနတု၊ သမ္မုတိမရသောရဟန်းသည်ကား။ အပလောကေတွာ၊ ၍။ ဒါတဗ္ဗံ၊ ၏။

---

**၉။ တထာဖလံ**······ဂါထာဖြင့်သစ်သီးပေးကောင်းသောသူတို့ကို ပြသည်။ အဓိပ္ပါယ်လွယ်၏။[ရင်း—၅။]

**မှတ်ချက်**···"ပရောတိ အတ္တနော ဝိဿာသညာတကောဝေ အဓိပ္ပေ တော" ဟု ဋီကာဟောင်း အထူးဆို၏။ ။"သပရန္တိ အတ္တနော ဝိဿာသိကာ"ဟု ဋီကာသစ်သာမညဆို၏။ ။အဋ္ဌကထာ၌ "အတ္တနော သန္တကံယေဝ"ဟု မိန့်ဆို၏၊ထိုသို့ဆိုခြင်းကား ထုလ္လစ္စည်းစသည်ကို ဝေဘန်ခြင်းမှ လွတ်စေလို၍ ဆိုခြင်းဖြစ်သည်ဟုဋီကာသစ်ဆို၏၊ ဤ၌ အတ္တနောသန္တကံယေဝ-ဟု မိန့်ဆိုသော်လည်း- အတ္တနော သန္တကေပရသန္တကေ-ဟု အာပတ္တိအရာ၌ ပြဆိုခြင်းကြောင့် မိမိဥစ္စာ အကျွမ်းဝင်သူ့ဥစ္စာဟု ယူသင့်သည်၊ ထို့ကြောင့်" သပရ " ဟု ခုဒ္ဒသိက္ခာဆရာဆိုသည်ဟုမှတ်။

**၁၀။ ဘာဇေန္တေ**······ဂါထာဖြင့် ဝေဘန်စဉ် ပေးကောင်းပုံကို ပြသည်၊ ထက်ဝက် ပေးရမည်ဟု မဟာအဋ္ဌကထာမိန့်ဆို၏၊ လေးဘို့ တဘို့ ပေးရမည် ဟု မဟာပစ္စရိက်နှင့် ဝိနယသင်္ဂဟာအဋ္ဌကထာများ ဆိုဘော်မူကြ၏။

၁၁။ ဝိဟာရေ ဝါ ပရိန္တိဏ္ဍွကေတွာန ကတိကံ တတော။
ဒေယျံ ယထာပရိစ္ဆေဒံ၊ ဂိလာနဿေတရဿ ဝါ။
ယာစမာနဿ ကတိကာ၊ ကတရုက္ခာဝ ဒသိယာ။ ။

၁၁။ ဝိဟာရေ၊-၌။ ပရိန္တိဏ္ဍွဝါ၊ (အသီး အပင်ကို) ပိုင်းခြား၍ ငှင်း။ ကတိကံ၊-ဝတ်ကို။ ကတွာနဝါ၊-၍ငှင်း။ တတော၊ ထို ပိုင်းခြားအပ်သော သစ်သီး သစ်ပင်မှ။ ယာစ မာနဿ၊ တောင်းလာသော။ ဂိလာနဿ၊- အားငှင်း။ ဣတရဿဝါ၊ ဤမှတပါးသောသူအားငှင်း။ ယထာ-ပရိစ္ဆေဒံ၊ ပိုင်းခြားထားတိုင်း။ ဒေယျံ၊-၏။ ကတိက ကတ ရုက္ခာဝါ၊ ကတိကဝတ် ပြုထားအပ်သော သစ်ပင်တို့ကိုလည်း။ ဒသိယာ၊ ပြအပ်ကုန်၏။

၁၂။ သိရီသ ကာသဝါဒိနံ၊ ရုက္ခော သေသေစ နိစ္ဆယော။
ယထာ ဝုတ္တနယော ဝေ၊ ပဏ္ဏမေတ္ထ ပဝေသယေတိ။ ။

၁၂။ သိရီသ-ကာသာဝါဒိနံ၊ ကုက္ကို၊ အဖန် စသည်တို့၏။ ရုက္ခော၊-၌ ငှင်း။ သေသေစ၊ ကြွင်းသော မြေ့ဝါး၊ဒန်ပူ၌ငှင်း။ ဝိနိစ္ဆယော၊-သည်။ ယထာ ဝုတ္တ နယော ဝေ၊-တည်း။ ပဏ္ဏံ၊ သစ်ရွက်ကို။ ဧတ္ထ၊ ဤပန်းစသည်တို့၌။ ပဝေသယေ၊ သွင်းရာ၏။ .....ဣတိ၊ ဤကား ဒူသန အပြီး တည်း။

---

**၁၁။ ဝိဟာရေ**......ဂါထာဖြင့် တောင်းလာသူအား ပေးကောင်းပုံ ကိုပြသည်၊ သံဃိက ကျောင်း၌ ဤအပင်မှ ဤမျှလောက်သောသစ်သီးကို ယူသည်ကို မတားမြစ်အပ်၊ပေးရမည်ဟု အပလောကနကံဖြင့် ပိုင်းခြား၍ဖြစ်စေ,ကတိကာဝတ်ပြု၍ ဖြစ်စေ ထား အပ်သော သစ်သီးသစ်ပင်ကို လာတောင်းသော လူနာအား ငှင်းပိုင်း ခြား ထားတိုင်းသာပေးရမည်၊ သို့မဟုတ် ကတိကဝတ်ပြုထားသော သစ်ပင်ကိုလည်း ပြပေးရမည်၊ဤသစ်ပင်မှအသီးတို့သည် ကောင်းကုန် ၏၊ဤသစ်ပင်မှ ယူကြကုန်ဟု မဆိုကောင်း။

**၁၂။ သိရီသကာသဝါဒိနံ**......ဂါထာဖြင့် ဆိုအပ်ပြီးသည်မှ ကြွင်း သော အမှုန့်မှစ၍ လေးမျိုးကိုပြ သည်၊ကုက္ကိုမှုန့်,အဖန်မှုန့်, ကြွင်းသော ဒန်ပူ,မြေတို့ကို ချီးမြှောက်လို၍ ပေးအံ့၊ ဒုက္ကဋ်။

## ၃၉–ဝဿူပနာယိကာစေဝါတိ

၁။ ပုရိမိကာ ပစ္ဆိမိကာ၊ ဒုဝေ ဝဿူပနာယိကာ။
တတ္ထာလယပရိဂ္ဂါဟော၊ ဝစီဘေဒေါစ ဇဒိသော။ ။
၂။ "ဣမသ္မိံ ဝိဟာရေ ဣမံ၊ တေမာသံ ဝဿံ ဥပေမိ"။
"ဣဓ ဝဿံ ဥပေမိ"တိ၊စိတ္တုပ္ပါဒေတ္တ အာလယော။ ။

## ၃၉–ဝဿူပနာယိကာစေဝါတိ၊ ဟူသည်။

၁-၂။ ပုရိမိကာ၊ ပုရိမဝါကပ်ခြင်းရင်း။ ပစ္ဆိမိကာ၊ ပစ္ဆိမဝါကပ်ခြင်းရင်း။ (ဣတိ၊-သို့။) ဝဿူပနာယိကာ၊ ဝါကပ်ခြင်း တို့သည်။ ဒုဝေ၊ နှစ်ပါးတို့တည်း။ တတ္ထ၊ ထိုနှစ်ပါးတို့၌။ ဝဿူပနာယိကာ၊ တို့သည်။ အာလယ ပရိဂ္ဂါဟောစ၊ အာလယပြုခြင်းနှင့်တကွ ကျောင်းခံခြင်းရင်း။ ဝစီဘေဒေါစ၊ နှုတ်မြွက်ခြင်းရင်း။ (ဣတိ၊–သို့။)ဒုဝေ၊–တို့တည်း။ ဧတ္ထ၊ ဤအာလယ,ဝစီဘေဒ နှစ်ပါးတို့တွင်။ဣမသ္မိံ ဝိဟာရေ ဣမံ တေ မာသံ ဝဿံ ဥပေမိတိ၊-မိဟူ၍။ ဣဓဝဿံ ဥပေမိတိ၊-မိဟူ၍။ ဝစီဘေဒေါ၊-သည်။ ဇဒိသော၊ ဤသို့သဘောရှိ၏။ စိတ္တုပ္ပါဒေါ၊ (ဤ၌ ဝါတွင်းနေအံ့) ဟု စိတ်ဖြစ်ခြင်းသည်။ အာလယော၊ မည်၏။……[ဣဓ၊ဤလှေ့လှည်း၌။ ဝဿံ၊–သို့။ ဥပေမိ၊ကပ်ပါ၏။]

---

**မှတ်ချက်**……ကုလဒူသန ဝတ္တုသည် ၈-မျိုးသာရှိ၏ ဟု ပါဠိတော်၌ လာသော်လည်း သစ်ရွက်ကို ပန်းစသည်တို့၌သွင်းယူရမည် ဟု အဋ္ဌကထာအဆိုရှိသောကြောင့် သစ်ရွက် ပေးခြင်း သည်လည်း ကုလဒူသနအမှုပင် ဖြစ်သည်ဟုမှတ်။ ,[ ကုလဒူသန သိက္ခာပုဒ် အဋ္ဌကထာ။]

ဒူသနပြီးပြီ။

---

## ၃၉–ဝဿူပနာယိက

၃၉။ ဝဿူပနာယိကာ၊ ဝါကပ်ပုံကို ပြသည်။

**၁–၂။ ပုရိမိကာ** ……စသော ဂျေဂါထာဝက်ဖြင့် ဝါကပ်ပုံ ၂-မျိုး ကို ပြသည်၊ပုရေဘဝါ- ပုရိမာ၊ ပုရိမာဧဝ-

၃။ နောပေတုကာမော အာဝါသံ၊ တဒဟု တိက္ကမေယျ ဝါ။
ဘဝေယျ ဒုက္ကဋာပတ္တိ၊ ဇာနံ ဝါ နုပဂစ္ဆတော။ ။

၃။ တ-ဒဟု၊ ထိုဝါဆိုအံ့သောနေ့၌။ နော-ပေတုကာမော၊ ဝါမကပ်လိုသောရဟန်းသည်။ အာဝါသံ၊ ကျောင်းဥပစာကို။ အတိက္ကမေယျဝါ၊-အံ့။ ဒုက္ကဋာ-ပတ္တိ၊–သည်။ ဘဝေယျ၊–၏။ ဇာနံဝါ၊ (ဝါဆိုအံ့သောနေ့ဟု) သိလျက်။ အနု-ပဂစ္ဆတော၊ ဝါမကပ်သော ရဟန်းအား။ ဒုက္ကဋာ-ပတ္တိ၊–သည်။ ဘဝေယျ၊–၏။

---

ပုရိမိကာ၊ ပစ္ဆိမဝါ မကပ်မီ ရှေးဖြစ်သော ဝါဆိုလပြည့်ကျော် တရက်နေ့၌ ဝါကပ်ခြင်းကို ပုရိမဝါကပ်သည်ဟု ဆိုသည်။ ပစ္ဆာ ဘဝါ-ပစ္ဆိမာ၊ပစ္ဆိမာ ဧဝ-ပစ္ဆိမိကာ၊ ပုရိမဝါကပ်ပြီးသည်မှနောက်၌ ဝါခေါင်လပြည့်ကျော် တရက်နေ့ ဝါကပ်ခြင်းကို ပစ္ဆိမဝါကပ်ခြင်းဟု ဆိုသည်။ ' ။ဝဿအရ ရချအားဖြင့် မိုးရွာသောကာလမျှကိုသာ မယူဘဲ ဥပစာအားဖြင့် မိုးရွာသော ကာလ၌နေခြင်းကို ယူ၍ ။ဥပနယနံ-ဥပနာယိကာ၊ ဝဿဿ ဥပနာယိကာ၊ဝဿူပနာယိကာ၊ မိုးကာလ၌ နေခြင်း ဝါကပ်ခြင်း, ဝဿူပနာယိကာဟုဆိုသည်၊ ထိုဝါကပ်ခြင်းတို့သည် ပုရိမဝါကပ်ခြင်း ပစ္ဆိမဝါကပ်ခြင်းနှစ်မျိုးရှိသည် ဟူ၏။

**တတ္ထာလယ** ..စသောဂါထာဝက်ဖြင့် ပုရိမဝါကပ်ခြင်း၌ အာလယ ပရိဂ္ဂါဟနှင့် ဝစီဘေဒနှစ်မျိုး၊ ပစ္ဆိမဝါကပ်ခြင်း၌လည်း ထို့အတူ နှစ်မျိုးစီပြား၏ဟု ပြသည်။

**ဣမသ္မိံ ဝိဟာရေ**......စသော သုံးပါဒဖြင့် ဝစီဘေဒ ဝါကပ်ပုံနှင့် အာလယပရိဂ္ဂါဟဝါကပ်ပုံနှစ်မျိုးကို ပြသည်။

**မှတ်ချက်**...... ဣမသ္မိံ ဝိဟာရေ ,ဣမံ တေ မာသံ ဝဿံ ဥပေမိ–ဖြင့် နှုတ်မြွက်၍ဖြစ်စေ, အာလယ ပြု၍ဖြစ်စေ ဝါကပ်နိုင်သည်ကို ပြသည်၊ ဣဓဝဿံ ဥပေမိ–ဖြင့်လည်း ရင်းအတိုင်း ပြသည်၊ ကျောင်းမရမီ လျှော့,လှည်းစသည်၌ဝါဆိုမူ အာလယ ဖြင့်သာ ဆိုရမည်ဟု ဋီကာသစ် ဆို၏။......၌အလို–ဣမသ္မိံ ဝိဟာရေ ဥပေမိ တိ–ဟူ၍။ သော၊ ထိုအာလယပရိဂ္ဂါဟ ဝစီဘေဒ နှစ်ပါးသည်။ ဧဒိ

၄။ ဒုတိယံ ဥပဂန္တွေယျ၊သိန္နဝဿောနုပါဂတော။
နပဏ္ဏမေယျ တေမာသံ၊အဝသိတွာန စာရိကံ။

၄။ သိန္န-ဝဿော၊ ပုရိမဝါ ပြတ်သော ရဟန်းသည်၎င်း။ အနုပါဂတော၊( အန္တရာယ်ကြောင့် ) ပုရိမဝါ မကပ်သောရဟန်းသည်၎င်း။ ဒုတိယံ၊-ဝါသို့။ ဥပဂန္တွေယျ၊ ကပ်ရာ၏။ တေမာသံ၊ သုံးလပတ်လုံး။ အ-ဝသိတွာန၊ ( ဝါကပ်ပြီး ) မနေမူ၍။ စာရိကံ၊ ဒေသစာရီ လှည့်လည်ခြင်းကို။ န-ပဏ္ဏမေယျ၊ မဖဲသွားရာ။

---

သော၊ ဤသို့သဘောရှိ၏။ ဤသို့ "သော" ဟူသောပုဒ် ထည့်စွက်၍ အနက်ပေးစေလိုဟန် ရှိ၏၊ ကျောင်း၌ ဝါကပ်ပါမူ နတ်မြွက်၍သာ ဝါကပ်ရမည်၊အကယ်၍"ဣမ ဝဿံ ဝသိဿာမိ"ဟု အာလယရှိအံ့၊သတိမထားမူ၍ ဝါမကပ်မိအံ့၊ ဝါမပြတ်၊ ပဝါရဏာ ပြုခြင်း၌လည်း ရ၏။ အဋ္ဌကထာ။

**တနည်း**……"ဣမ ပန ဘိက္ခဝေ ဘိက္ခုနော ဝဿာဝါသော ပဋိဿုတော ·ဟောတိ ပုရိမိကာယ"စသော ပါဠိတော်အရ ဥပနန္ဒထေရ်သည် ကောသလမင်းကြီးအား ပုရိမဝါကပ်ရန် ဝန်ခံလိုက်သောဝဿုန္၌ ပါဆိုရန် ကျောင်းခံမှုကို ဤ၌ပဋိဂ္ဂါဟ ခေါ်သည်၊ ယင်းပဋိဂ္ဂါဟကို ခုဒ္ဒသိက္ခာ၌ ဝါဆိုမှုနှင့်တွဲဘက်၍ အာလယပဋိဂ္ဂါဟဟု ဆိုသည်၊ ထို့ကြောင့် ကျောင်းခံမှုနှင့် ဝါဆိုမှု နှစ်ခုကွဲပြားအောင် သိနိုင်ရမည်၊ ကျောင်းခံခြင်းသည် အာလယ ပဋိဂ္ဂါဟဖြင့် ခံခြင်းနှင့် ဝစီဘေဒဖြင့်ခံခြင်းနှစ်မျိုး ရှိသင့်၏၊ အာလယဖြင့် ဝါဆိုခြင်းကား-ဝါဆိုကျောင်း မရ၍ လှေ,လှည်း,နွားခြံတို့၌ဝါဆိုမူ "ဣမ ဝဿံ ဥပေမိ"ဟု အာလယပြု၍ ဝါဆိုရမည်၊ ဝါဆိုကျောင်း ရမူ"ဣမသ္မိံ ဝိဟာရေ ဥပေမိ"ဟု ဝါဆိုရမည် ဟူ၏။

**၃။ နောပေတုကာမော**……ဂါထာဖြင့် ဝါမဆိုသော ရဟန်းအား အာပတ် သင့်ပုံကို ပြသည်။ အဓိပ္ပါယ်လွယ်၏။ [ပါဠိတော်။]

**၄။ ဒုတိယံ**……ဂါထာဖြင့် အကြောင်းမညီညွတ်၍ ပုရိမ ဝါကပ်ပြီးမှပျက်, ပုရိမဝါလုံးလုံးမကပ်ရသေးသောရဟန်း ဒုတိယဝါ ကပ်ရမည့်ကို ပြသည်။ [၎င်း—၌။]

၅။ မာတာပိတူန မတ္ထာယ၊ ပဋ္ဌန္တိ သဟာဓမ္မိနံ။
ဂိလာနတဒုပဋ္ဌာက၊ဘတ္တ မေသိဿမောသဓံ။ ။
၆။ ပုစ္ဆိဿာမိ ဥပဋ္ဌိဿံ၊ ဂန္တွာ နဘိရတိံ အဟံ။
ဝူပကာသိဿံ ကုက္ကုစ္စံ၊ ဒိဋ္ဌိံ ဂရုကမာဒိကံ။ ။
၇။ ကရိဿံ ဝါပိ ကာရေဿံ၊ ဝိနောဒနွ ဝိဝေစနံ။
ဝုဋ္ဌာနံ ဝါပိ ဥဿုက္ကံ၊ ဂန္တုံ ဣစ္စေဝမာဒိနာ။
လဒ္ဓုံ သတ္တာဟကိစ္စေန၊ ပဟိတာ ပဟိတေပိ စ။ ။

၅—၆—၇။ မာတာ-ပိတူနံ၊—တို့၏ရင်း။ ပဋ္ဌန္တိ၊—ကုန်သော။ သဟာ ဓမ္မိနံ၊ တို့၏ရင်း။အတ္ထာယ၊—ငှါ။ ဂိလာန-တ—ဒုပဋ္ဌာက—ဘတ္တံ၊ ဂိလာန ဘတ်, ဂိလာနုပဋ္ဌာကဘတ်ကိုရင်း။ ဩသဓံ၊ ဆေးကိုရင်း။ ဧသိဿံ၊ ရှာမှီးအံ့။ ပုစ္ဆိဿာမိ၊ မေးအံ့။ ဥပဋ္ဌိဿံ၊ လုပ်ကျွေးအံ့။ အဟံ၊—သည်။ ဂန္တွာ၊-၍။အန—ဘိရတိံ၊ (သိတင်းသုံးဘော်တို့၏) မမွေ့လျော်ခြင်းကို။ ဝူပကာသိဿံ၊ ငြိမ်းစေအံ့။ ကုက္ကုစ္စံ၊ ဝိနယကုက္ကုစ္စကို။ ဝိနောဒနွ၊ ပယ်ဖျောက်ခြင်းကိုရင်း။ဒိဋ္ဌိံ၊မိစ္ဆာအယူကို။ ဝိဝေစနံ၊ကင်းစေခြင်းကိုရင်း။ ဂရုက မာဒိကံ၊သံဃာဒိသေသ်စသည်ကို။ဝုဋ္ဌာနံဝါပိ၊ထမြောက်ခြင်းကိုရင်း။ ဥဿုက္ကံ၊အသက်မေးခြင်းစသော ကြောင့်ကြခြင်းကိုရင်း။ ကရိဿံဝါပိ၊ ကိုယ်တိုင်လည်းပြုအံ့။ ကာရေဿံ၊ သူတပါးကိုလည်း ပြုစေအံ့။ဣစ္စေဝ—မာဒိနာ၊ ဤသို့စသော အကြောင်းကြောင့် သာလျှင်။ သတ္တာဟ—ကိစ္စေန၊ ခုနစ်ရက် ကိစ္စဖြင့်။ပဟိတေ၊ ပင့်ခေါ်အပ်သော် ရင်း။အ—ပဟိတေပိ စ၊ မပင့်ခေါ်အပ်သော်ရင်း။ဂန္တုံ၊—ငှါ။လဒ္ဓုံ၊—၏။

---

**မှတ်ချက်**……ဝါကပ်ပြီးမှ အရုဏ်မတက်မီ ထိုနေ့၌ သော်လည်း သတ္တာဟကရဏီယဖြင့် ဖဲသွား၍ ခုနစ်ရက်အတွင်း ပြန်လာသောရဟန်းအားလည်း အနာပတ္တိဟု ဋီကာသစ်ဆို၏။

**၅-၆-၇။ မာတာပိတူနံ**……စသော သုံးဂါထာဖြင့် ဝါပန်၍ သွား ကောင်း ပုံကို ပြသည်၊ အဓိပ္ပါယ် လွယ်၏။[ရင်း—၅။]

**မှတ်ချက်**……မိဘ, သိတင်း သုံးဘော် ငါးယောက် ဤ ၇-ယောက် ဂိလာနဖြစ်မူ ဝါမပန်ဘဲလည်း သွားကောင်းသည်။

၈။ သံဃာကမ္မေ ဝဇ္ဇေ မမ္မ၊ သာဝဇ္ဇတ္တံ နိမန္တိတော။
ဂရုဟိ ပဟိတောဝါပိ၊ ဂန္တုံဝါပိ ပဿိတုံ။ ။

၈။ သံဃာ–ကမ္မေ၊ သံဃာ့ ကိစ္စကြောင့်။ ဝဇ္ဇေ၊ သွားရာ၏။ ဓမ္မ–သာဝဇ္ဇတ္တံ၊ တရားနာခြင်း အကျိုးငှါ။ နိမန္တိတော၊ ပင့်ဘိတ်အပ်သည်ဖြစ်၍၎င်း။ ဂရုဟိ၊ ဆရာ,ဥပဇ္ဈာယ်တို့သည်။ ပဟိတောဝါ၊ (သက်နိုးဖွပ်လျှော်ခြင်း ကိစ္စစသည်ဖြင့်) စေခိုင်းအပ်သည်ဖြစ်၍၎င်း။ ဂန္တုံဝါပိ–တို့ကိုလည်း။ပဿိတုံ၊ ဖူးမြင်ခြင်းငှါ။ဝဇ္ဇေ–၏။

၉။ နဘဏ္ဍာဓောဝနဒ္ဓေသ၊ ဉာတုပဋ္ဌာကဒဿနေ။
လဗ္ဘံ့နပါပုဏေယျဇ္ဇေ၊ ဝါဂမိဿန္တ ဒုရဂေါ။ ။

၉။ ဘဏ္ဍ–ဓောဝန–ဓေသ–ဉာတု–ပဋ္ဌာက–ဒဿနေ၊ ဘဏ္ဍာ–ဖွပ်ခြင်း, ပါဠိသင်ခြင်း, (မိဘမှတပါး)ဉာတိ–အလုပ်အကျွေး ဒါယကာတို့ကိုရှုမြင်လိုခြင်းကြောင့်။ န–ဝဇ္ဇေ၊–ရာ။ အဇ္ဇေဝ၊ ယနေ့ပင်သာလျှင်။ အာဂမိဿံ၊ ပြန်လာအံ့။ ဣတိ၊–သို့။ အ–ဒုရ–ဂေါ၊မဝေးသောအရပ်သို့ သွားသော ရဟန်းသည်။ န–ပါပုဏေယျ၊ (အရုဏ်မတက်မီ)ပြန်မရောက်အံ့။ လဗ္ဘံ၊ အပ်ခြင်းကိုရအပ်၏၊

---

ဂရုကမာဒိကံ၌ အာဒိဖြင့် သာမဏေတို့၏ အသက်ကိုမေးခြင်း, သိက္ခာပုဒ် ဆောက်တည်လိုခြင်း, တန္တနီယကံ စသော ကံပြုလိုခြင်း များကို ယူ။ ။ဇ္ဈွေဝမာဒိနာ၌ အာဒိဖြင့် မိစ္ဆာအယူရှိသူတို့အား တရားဟောလိုခြင်းစသည်ကို ယူ။ ။သတ္တာဟ ကိစ္စ ဟူသည် ဆိုအပ်ပြီးသော ဝါပန်သွားကောင်းသောကိစ္စ,သံဃာ့ကိစ္စစသည်ကို ဆိုသည်ဟု မှတ်။

**၈။ သံဃကမ္မေ**……ဂါထာဖြင့် အပ်သောဝါပန်ကောင်း သည်ကို ပြသည်။ အဓိပ္ပါယ် လွယ်၏။ [ဋ္ဌင်း–ဌ။]

**မှတ်ချက်**……အယုတ်ဆုံး ပုဂ္ဂလိက ကျောင်းတို့၌ ပြုဘွယ်ကိစ္စ ရှိလတ်သော် သွားကောင်းသည်ဟု ဋီကာသစ်ဆို၏။

**၉။ နဘဏ္ဍ**……ဂါထာဖြင့် ဝါမပန်ကောင်း သည်ကို ပြသည်။ [ဋ္ဌင်း–ဌ။]

**မှတ်ချက်**……လဗ္ဘံ့အရကို ဝါလည်းမပြတ်, ညဉ့်ပျက်ခြင်းကြောင့် ဒုက္ကဋ်လည်းမသင့်ဟု ဋီကာဟောင်း ဆို၏။

၁၀။ သေသဉာတီဟိ ပေသိတေ၊ ဘိက္ခု နိဿိတကေနစ။
ဥပါသကောပါသိကာဟိ၊ နိမန္တိတွာဝ ပေသိတေ။ ။

၁၀။ သေသ–ဉာတီဟိ၊ (မိဘမှ)ကြွင်းသော ဆွေမျိုးတို့သည်ငင်း။ ဘိက္ခုနိဿိတကေနစ၊ ရဟန်းကို မှီသောသူသည်ငင်း။ ပေသိတေ၊ (တုံသုံးချက်ဖြင့်) ပင့်ဆောင်ရာ၌ငင်း။ ဥပါသကော–ပါသိကာဟိ၊ ဥပါသကာတထိး, ဥပါသိကာမတို့သည်ငင်း။ နိမန္တိတွာဝ၊(ဒါနစသည်ကို) ရည်ရွယ်၍သာလျှင်။ ပေသိတေ၊-၌ငင်း။လွှတ်၊ သွားခြင်းကိုရအပ်၏။

၁၁။ ဝဿစ္ဆေဒေ အနာပတ္တိ၊အန္တရာယေ သတတ္တနော။
သံဃသာမဂ္ဂိယာ ဝါ နော၊ဆိန္နဝဿော ပဝါရယေ။ ။

၁၁။ အတ္တနော၊–၏။ အန္တရာယေ၊–သည်။ သတိဝါ၊-သော်ငင်း။ သံဃ–သာမဂ္ဂိယာ၊သံဃာ၏ ညီညွတ်ခြင်းသည်။ သတိဝါ၊-သော်ငင်း။ ဝဿ–စ္ဆေဒေ၊ ဝါ ပြတ်ခြင်းကြောင့်။ အနာပတ္တိ၊-သင့်။ ဆိန္န-ဝဿော၊ ဝါပြတ်သောရဟန်းသည်။ နော–ပဝါရယေ၊ပဝါရဏာမပြုရာ။

---

**၁၀။ သေသဉာတီဟိ**·····ဂါထာဖြင့် တုံသုံးချက်ဖြင့်ပန်သော် ဝါ ပန်ကောင်းသည်ကိုပြသည်၊[ငင်း–ပါ။]

**မှတ်ချက်**····· ဒါနဠ ဒါတုံ၊ သီလဠ ရက္ခိတုံ၊ ဓမ္မဠ သောတုံ–ဤ တုံသုံးချက် မပါဘဲ ရဟန်းတော်များ ကြွလာပါ၊ ရဟန်းတော်များ ကြွသာခြင်းကို အလိုရှိပါသည်ဟူ၍ သက်သက် ပင့်ရာ၌ မသွားကောင်းဟု မှတ်။

**၁၁။ ဝဿစ္ဆေဒေ**·····ဂါထာဖြင့် ဝါကပ်ပြီးမှ သွားကောင်းသည်ကို ပြသည်၊ အန္တရာယ် ၁၀-ပါး တို့တွင် တပါးပါးသော အန္တရာယ်ရှိသော်ငင်း, သံဃာကွဲပြားအောင် လုံ့လပြုသည်ကိုမြင်၍ သံဃာ ညီညွတ်စေခြင်းငှါငင်း ဝါပြတ် ခြင်းကြောင့် အာပတ်မသင့်၊ သို့သော် ပဝါရဏာကား မပြုရ။ [ငင်း–ပါ။]

**အထူး**··· လှေ, လှည်း စသည်၌နေသော ရဟန်းအား ဝဿစ္ဆေဒ အာပတ်လည်းမရှိ၊ပဝါရဏာလည်း ပြုကောင်းသည်။······ ဤဂါထာလာ ပုဂ္ဂိုလ်များကား ဝဿစ္ဆေဒ မဖြစ်သော်လည်း ပဝါရဏာ မပြုကောင်းတော့ပြီ၊ ဤကား ထူးပုံ။

၁၂။ အဇ္ဈောကာသေစ ရုက္ခသ၊သုသိရေ ဝိဋပေပိဝါ။
ဆဝကုဋ္ဌိ ဆတ္တ စာဋိ၊ သူပဂ္ဂန္တိ နှ ဝဋ္ဋတိ။ ။

၁၂။ အဇ္ဈောကာသေစ၊ လွင်တီးခေါင်၌ ၎င်း။ ရုက္ခသ၊— ၏။ သုသိရေ၊ အခေါင်း၌၎င်း။ ဝိဋပေပိ၊ သစ်ခွ၌၎င်း။ ဆဝ-ကုဋ္ဌိ-ဆတ္တ-စာဋိသု၊ စကြာတညောင်စောင်း စသောကုဋိ,ထီး, အိုးစရည်းတို့၌၎င်း။ ဥပဂန္တုံ၊ဝါကပ်ခြင်းငှါ။ နှ-ဝဋ္ဋတိ၊—အပ်။

၁၃။ အသေနာသနိကေနာပိ၊ဥပဂန္တုံ နှ လဗ္ဘတိ။
ပဝါရေတုဉ္စ လဗ္ဘတိ၊နာဝါ သတ္ထ ဝဇပဂေါတိ။ ။

၁၃။ အ-သေနာသနိကေနာပိ၊ ကျောင်းမရှိသော ရဟန်းသည် လည်း။ ဥပဂန္တုံ၊—ငှါ။ နလဗ္ဘတိ၊-အပ်။ နာဝါ သတ္ထ—ဝဇ ပဂေါ၊လှေ, လှည်း,နွားခြံတဲတို့၌ ဝါကပ်သောရဟန်းသည်။ပဝါရေတုဉ္စ၊-ငှါလည်း။ လဗ္ဘတိ၊—၏။ ···· ဣတိ၊ ဤကား ဝဿူပနာယိက အပြီးတည်း။

---

၁၂။ **အဇ္ဈောကာသေ**·····ဂါထာဖြင့် ဝါမဆိုကောင်းသော နေရာ တို့ကို ပြသည်။ [၎င်း-ပါ။]

**မှတ်ချက်**······ သစ်ခေါင်းအကြီးစားဖြစ်မှု အခေါင်း အတွင်း၌ သစ် ရွက်မိုးကုဋိပြု၍ ဝင်စရာ တံခါးပေါက် တံခါးရွက် တပ်၍ ဝါကပ်သော် ကပ်ကောင်းသည်၊ သစ်ခွ၌လည်း ငြမ်းထိုး၍ အမိုး တံခါးရွက်တပ်၍ဝါကပ်မှ အပ်သည်၊ ထီး,အိုးစရည်းတို့၌လည်း နည်း တူသိ။ ။စကြာတညောင်စောင်းဟူသည် ရှည်သော ညောင်စောင်းခြေ တို့ကို အလယ်၌ထွင်း၍ ဘောင်တပ်၍ပြုထားသော ညောင်စောင်းကို ခေါ်သည်။·····တနည်း—ကျောက်တုံးလေးခုအပေါ်၌ ကျောက်ပြားခင်း ၍ပြုထားသော ကုဋိမျိုးကို ခေါ်သည်။ (ဋီကာသစ်။)

၁၃။ **အသေနာသနိကေန**·····ဂါထာဖြင့် ကျောင်းမရှိ၍ ဝါမဆိုရ သည်ကိုပြသည်။ [၎င်း—ဌ။]အသေ နာသနိကအရ အမိုးငါးပါးတို့တွင် တပါးပါးဖြင့် မိုးအပ်သော အမိုးရှိ ရခြင်း,အကာအရံရှိရခြင်း, တံခါးအဖွဲ့ရှိရခြင်း ဤအင်္ဂါ ၃-ပါးနှင့်မပြည့် စုံသော ကျောင်းမျိုးကို ဆိုသည်၊ ၎င်းအင်္ဂါတို့နှင့် မပြည့်စုံမှ အသေ နာသနိက ခေါ်သည်ဟု မှတ်။

ဝဿူပနာယိက ပြီးပြီ။

## ၄၀—အဝေဘင်္ဂိယန္တိ

၁။ အာရာမာရာမဝတ္ထူနိ၊ ဝိဟာရော တဿ ဝတ္ထုစ။
မဉ္စော ပီဌံ ဘိသိဗိမ္ဗော၊ဟနာဒိသယနာသနံ။ ။

၂။ လောဟကုမ္ဘီ ကဋာဟော စ၊ လောဟဘာဏက ဝါရကော။
ကုဋ္ဌာရီ ဝါသိ ဖရသု၊ ကုဒ္ဒါလော စ နိခါဒနံ။ ။

၃။ ဝလ္လိ ဝေဠု တိဏံ ပဏ္ဏံ၊ မုဉ္ဇပဗ္ဗဇမတ္တိကာ။
ဒါရုမတ္တိကဘဏ္ဍာနိ၊ ပဉ္စေတေ အဝိဘာဇိယာ။ ။

၄။ ထုလ္လစ္စယံ ဘာဇယတော၊ ဘာဇိတာပိ အဘာဇိတာ။
ဂရုဘဏ္ဍာနိ ဝုတ္တာနိ၊ ဧတေ ဝိသဇ္ဇိယာ နစ။ ။

## ၄၀။ အဝေဘင်္ဂိယန္တိ၊ ဟူသည်။

၁—၂—၃—၄။ အာရာမာ—ရာမ-ဝတ္ထူနိ၊ အရာမ်,အရာမ်ရာတို့ရင်း။ ဝိဟာရော၊—ရင်း။ တဿ၊ ထိုကျောင်း၏။ ဝတ္ထု၊ အရာရင်း။ မဉ္စော၊—ရင်း။ ပီဌံ၊—ရင်း။ ဘိသိ—ဗိမ္ဗောဟနာဒိ—သယနာ—သနံ၊ ဘုံလျှို, ခေါင်းအုံး စသော အိပ်ရာနေရာရင်း။ ။ လောဟကုမ္ဘီ၊ ကြေးအိုးရင်း။ ကဋာဟော၊ ကြေးဖျဉ်းအိုးရင်း။ လောဟဘာဏက—ဝါရကော၊ ကြေးအိုးစရည်း, ကြေးအင်တုံရင်း။ ကုဋ္ဌာရီ၊ ဓားမရင်း။ ဝါသိ၊ ပဲခွပ်ရင်း။ ဖရသု၊ ပေါက်ဆိန်ရင်း။ ကုဒ္ဒါလော စ၊ ပေါက်တူးရင်း။ နိခါဒနံ၊ ဆောက်ရင်း။ ။ ဝလ္လိ၊ နွယ်ရင်း။ ဝေဠု၊ ဝါးရင်း။ တိဏံ၊ မြက်ရင်း။ ပဏ္ဏံ၊ သစ်ရွက်ရင်း။ မုဉ္ဇ—ပဗ္ဗဇ—မတ္တိကာ၊ ဖြူဆံမြက်, ပြိတ်မြက်, မြေညက်တို့ရင်း။ ဒါရု—မတ္တိက—ဘဏ္ဍာနိ၊ သစ်ဘဏ္ဍာ, မြေဘဏ္ဍာတို့ရင်း။ ဧတေ—ပဉ္စ၊ ဤငါးစု

---

### ၄၀—အဝေဘင်္ဂိယ

၄၀။ အဝေဘင်္ဂိယံ၊ မဝေဘန်ကောင်းသော ဂရုဘဏ် စသည်ကို ပြသည်။

**၁-၂-၃-၄။ အာရာမာရာမဝတ္ထူနိ**……စသော လေးဂါထာတို့ဖြင့် ဂရုဘဏ်သည် အစုအား ဖြင့် ငါးပါး၊ သရုပ်အားဖြင့် ၂၅-ပါးတို့ကို ပြသည်။ ။[သေနာ

တို့ကို။ အ–ဝိဘာဗိယာ၊ မဝေဘန်အပ်ကုန်။ ။ဘာဇယတောပိ၊ ဝေဘန်သောရဟန်းအားလည်း ။ထုလ္လစ္စယံ၊-၏။ ဧတေ၊ထိုဂရုဘဏ်တို့ကို။ ဘာဇိတာပိ၊ ဝေဘန်အပ်ကုန်သော်လည်း။အ–ဘာဇိတာ၊ ဝေဘန်အပ်သည်မမည်ကုန်။ ဂရုဘဏ္ဍာနိ၊–ဟူ၍။ ဝုစ္စန္တိ၊-ကုန်၏။ နစ-ဝိဿဇ္ဇိယာ၊ စွန့်လည်း မစွန့်အပ်ကုန်။

၅။ ဝလ္လိဆုဗာဟုမတ္တာပိ၊ဝေဠုအဋ္ဌင်္ဂုလာယတော။
တိဏာဒိ မုဋ္ဌိမတ္တမ္ပိ၊ပဏ္ဏံ ဧကမ္ပိ မတ္တိကာ။ ။

၆။ ပါကတာ ပဉ္စဝဏ္ဏာဝါ၊သုဓာ ကင်္ကုဋ္ဌ အာဒိကာ။
တာလပက္ကပ္ပမာဏာပိ၊ဒိန္နာဝါ တတ္ထ ဇာတကာ။ ။

၇။ ရက္ခိတာ သံဃိကာ ရုက္ခ၊ယောဂ္ဂာဒိပိ အဘာဇိယာ။
နိဋ္ဌိတေ ဘာဇိယာ ကမ္မေ၊သံဃိကေ စေတိယဿဝါ။ ။

၅–၆–၇။ အဆု-ဗာဟု-မတ္တာ၊ လက်မောင်း ထက်ဝက် ပမာဏရှိသော။ဝလ္လိပိ၊ နွယ်ကိုရင်း။အဋ္ဌ–င်္ဂုလာယတော၊ (လုံးပတ်ကညစ်ရိုး) အလျားလက်ရှစ်သစ်ရှိသော။ ဝေဠု၊ဝါးကိုရင်း။ မုဋ္ဌိ–မတ္တံ၊ တဆုပ်မျှရှိသော။ တိဏာဒိပိ၊သက်ငယ်စသောမြက်ကိုရင်း။ဧကံ၊–သော။ ပဏ္ဏံပိ၊ သစ်ရွက်ကိုရင်း။ပါကတာဝါ၊ ပကတိအတိုင်းလည်းဖြစ်သော။ ပဉ္စ–ဝဏ္ဏာဝါ၊အဆင်းငါးပါးရှိသည့်လည်းဖြစ်သော။တာလ-ပက္က-ပ္ပမာဏာဝါ၊ ထန်းသီးမှည့်ပမာဏရှိသည့်လည်းဖြစ်သော။ မတ္တိကာပိ၊ မြေမှုန့်ကိုရင်း။ သုဓာ–ကင်္ကုဋ္ဌ–အာဒိကာ၊ အင်္ဂတေ,ကညင်စေး အစရှိသည်ကိုရင်း။ ရုက္ခ–ယောဂ္ဂာဒိပိ၊ကြိုး, လွှန်အစရှိသည်တို့ကိုရင်း။ ဒိန္နာဝါ၊

---

သနက္ခန္ဓက ပါဠိတော်။] ပါတိမောက္ခ မေဒိနီ သဟာဓမ္မိကဝဂ် ဒုဗ္ဗလသိက္ခာပုဒ်၌ အကျယ်ဆိုခဲ့ပြီ။

**မှတ်ချက်**······ မဝေဘန်အပ်သဖြင့် လေးလံသော ဘဏ္ဍာဖြစ်ခြင်းကြောင့် ဂရုဘဏ် ခေါ်သည်။

**၅-၆-၇။ ဝလ္လိဆု ဗာဟု မတ္တာပိ**······စသော သုံးဂါထာဖြင့် ဝေဘန်ကောင်း မဝေဘန် ကောင်း နှစ်မျိုး ခွဲပြသည်။ [ဝင်း–ဋ္ဌ။]

(သံဃာအား )လှူအပ်သော်ရင်း။ တတ္ထ—ဇာတကာဝါ၊ ထိုသံဃာ့မြေ၌ ဖြစ်သော်ရင်း။ရက္ခိတာ၊စောင့်ရှောက်အပ်ကုန်သော။ သံဃိကာ၊ သံဃာ့ ဥစ္စာတို့ကို။အ—ဘာဇိယာ၊—ကုန်။သံဃိကေ၊သံဃာသည် ပြုအပ်သော။ ကမ္မေဝါ၊ အမှုသည်ရင်း။ စေတိယာသ၊—၏။ ကမ္မေဝါ၊— သည်ရင်း။ နိဋ္ဌိတေ၊—သော်။ဘာဇိယာ၊—ကုန်၏။

၈။ ပဏ္ဏာဒိ ဘိက္ခုသာရုပ္ပံ၊တထာ ဝိပ္ပကတာ ကတံ။
ဘာဇိယံ လောဟဘဏ္ဍေသု၊ဝါရကံ ပါဒဂဏှကံ။ ။

၈။ လောဟ—ဘဏ္ဍေသု၊ ကြေးသံဘဏ္ဍာတို့တွင်။ ဘိက္ခု—သာ ရုပ္ပံ၊ရဟန်းအား လျောက်ပတ်သော။ ပဏ္ဏာဒိ၊—ကိုရင်း။ တထာ၊-ပါး။ ဝိပ္ပကတံ၊ ပြု၍မပြီးသေးသော ကြေးသံဘဏ္ဍာကိုရင်း။အ-ကတံ၊ အချင်း ခပ်သိမ်းပြု၍ မပြီးသေးသော- ကြေးသံဘဏ္ဍာကိုရင်း။ ပါဒ ဂဏှကံ၊ သီဟိုဠ်တပါဒ-မာဂဓငါးကွမ်းစားဝင်သော။ ဝါရကံ၊ ကြေးအင်တုံကို ရင်း။ ဘာဇိယံ၊—၏။

---

ပထမဂရုဘဏ်, ဒုတိယဂရုဘဏ်, တတိယဂရုဘဏ် သုံးမျိုးကား ဂရုဘဏ်စစ် ဖြစ်ခြင်းကြောင့် သံဃိကဖြစ်မှု မဝေဘန်ကောင်း၊ စတုတ္ထ ဂရုဘဏ်နှင့် ပဉ္စမဂရုဘဏ် တို့ကား အချို့ဂရုဘဏ်, အချို့ ဂရုဘဏ် မဟုတ်ကုန်၊ သံဃိကတပ္ပဓာတ ဂရုဘဏ်ကို မဝေဘန်ရ၊ သို့သော် သံဃာ့ကိစ္စ, စေတီကိစ္စပြီးဆုံး၍ပိုလွန်မှု ဝေဘန်ကောင်းသည်၊ပုဂ္ဂလိက အမှု၌လည်း ပြုကောင်းသည်။

**မှတ်ချက်**……လက်ရှစ်သစ် ပမာဏရှိသော စာမရေးရသေးသော ပေရွက်ကား ဂရုဘဏ်သာ။ ။သုခေါကကျ်၌အာဒိကာ၌ အာဒိဖြင့် ပွဲလျက်, ဟင်းရိစသည်ကိုယူ။ ။ရဇ္ဇုယောတ္တာဒိ၌ အာဒိဖြင့် သင်ပန်းချော အုန်းဆံမျှင်တို့ကို ကျစ်ထားသော တလွန်းတင်ကြိုးကို ယူရမည်ဟုမှတ်။

**၈။ ပဏ္ဏာဒိ**……ဂါထာဖြင့် ဝေဘန်ကောင်းသော ဘဏ္ဍာတို့ကို ပြသည်။အဋ္ဌပါယ်လွယ်၏။ [ရင်း—၅။]

**မှတ်ချက်**……“လောဟဝါရကောပန —လ— သီဟဠဒီပေပါဒဂဏှန ကော ဘာဇေတဗ္ဗော၊ ပါဒေါစနာမမာဂဓနာဠိယာ

၉။ ဝေဠုမှိ ဘာဇိယာ တေလ၊နာဠို ကဋ္ဌရဒဏ္ဍကော။
ဆတ္တဒဏ္ဍသလာကာယော၊တထောပါဟနဒဏ္ဍကော။ ။

၁၀။ အနုညာတဝါသိဒဏ္ဍော၊ကရဏ္ဍော ပါဒဂဏ္ဍိကော။
အရဏိဓူမနေ သိင်္ဂါဒိ၊ ဘိက္ခုပကရဏံ တထာ။ ။

၁၁။ တစ္ဆိတာနိဋ္ဌိတံ ဒါရု၊ဘဏ္ဍံ ဒန္တဋ္ဌ ဘာဇိယံ။
ဘိက္ခုပကရဏေ ပါဒ၊ဗာဟိုကော မဏ္ဍိကာမယော။ ။

၉–၁၀–၁။ ဝေဠုမှိ၊–၌၊ တေလ-နာဠို၊ ဆီကျည်တောက်ကိုရင်း။ ကဋ္ဌရ–ဒဏ္ဍကော၊တောင်ဝှေးကိုရင်း။ ဆတ္တ-ဒဏ္ဍ–သလာကာယော၊ ထီးရိုး, ထီးတံတို့ကိုရင်း။ တထာ၊-ပါး။ ဥပါဟန–ဒဏ္ဍကော၊ဘိနပ်ချိတ်တံကိုရင်း။ ဘာဇိယာ၊– ကုန်၏။ အနုညာတ– ဝါသိ– ဒဏ္ဍော၊ (ဝေဘန်အပ်၏ဟု) ခွင့်ပြုအပ်သော ပဲခွပ်ငယ်ရိုးကိုရင်း။ ပါဒ-ဂဏ္ဍိကော၊-သော။ကရဏ္ဍော၊ကြုတ်ကိုရင်း။ အရဏိ-ဓူမနေ-သိင်္ဂါဒိ၊မီးပွတ်, မျက်စဉ်းကျည် ,သားချို အစရှိသော။ဘိက္ခုပကရဏံ၊ ရဟန်းတို့၏ အဆောက်အဦကိုရင်း။ တထာ၊-ပါး။ ။တစ္ဆိတာနိဋ္ဌိတံ၊ ရွေ၍မပြီးသေးသော။ဒါရု–ဘဏ္ဍံ၊-ကိုရင်း။ဒန္တဋ္ဌ၊ ဆင်စွယ်ကိုရင်း။ ဘာဇိယံ၊–၏။ ဘိက္ခု–ပကရဏေ၊–၌၊ မဏ္ဍိကာ–မယော၊–သော။ ပါဒဗာဟုကော၊– အိုးကို။ ဘာဇိယော၊–၏။····· [စလယ်ကွမ်းစား ယူကြ၏။]

---

ပဉ္စနာဠိမတ္တံ ဂဏှာတိ''ဟူသော မဟာအဋ္ဌကထာ ဝါဒကိုမှီ၍ ပြရုံသာ ဟုမှတ်ထိုက်၏။ ···''ကံသလောဟ ဝဋ္ဋလောဟ ဘာဇနဝိကတိ သံဃိက ပရိဘောဂေနဝါ ဂိဟိကတာဝါ ဝဋ္ဋတိ၊ ပုဂ္ဂလိက ပရိဘောဂေန နဝဋ္ဋတိ''စသော မဟာပစ္စရိက် အဋ္ဌကထာအလိုအားဖြင့် မဝေဘန်ရ၊ ဂရုဘဏ် ပစ္စည်းမျိုးဟု မှတ်ရမည်။ ။မဟာပစ္စရိက်စကားကိုနောက်ထား၍ ဆိုခြင်းကြောင့်ကြေးခပ်ပြာ,ကြေးဖြူဖြင့်ပြီးသော အလုံးစုံသောကြေး အိုးကို အစပြု၍ မဝေဘန်ရ၊လူတို့လှူသော်လည်း ပုဂ္ဂလိက မလှူစေရဟု ဝိမတိ ဆို၏။

၉–၁၀–၁။ ဝေဠုမှိ···စသော သုံးဂါထာတို့ဖြင့် ဝေဘန်ကောင်းသောဘဏ္ဍာတို့ကိုပင်ပြသည်။ [ရှင်း–၄၅။]
ဝါး၌ တပါဒ ဝင်လောက်သော ဆီကျည်တောက်, တောင်ဝှေး,ထီးရိုး,

၁၂။ ဘာဇိယံ ကပ္ပိယံ စမ္မံ၊ ဧဠစမ္မမဘာဇိယံ။
ဂရုနာ ဂရုဘဏ္ဍံ၊ ထာဝရံ ထာဝရေန စ။ ။

၁၃။ ထာဝရံ ပရိဝတ္တေယျ၊ တထာ ကတ္တာစ ဘုဉ္ဇတု။
ဝလ္လာဒိံ ဖာတိကမ္မေန၊ ဂဏ္ဍေ သေသမဘာဇိယန္တိ။ ။

၁၂–၃။ ကပ္ပိယံ၊–သော။ စမ္မံ၊–ကို။ ဘာဇိယံ၊–၏။ ဧဠ–စမ္မံ၊ သိုးရေကို။ အ–ဘာဇိယံ၊ မဝေဘန်အပ်။ ဂရုနာ၊ ညောင်စောင်း စသော ဂရုဘဏ်ဖြင့်။ ဂရုဘဏ္ဍံ၊ ညောင်စောင်းစသော ဂရုဘဏ်ကိုရင်း။ ထာဝရံ၊ အရာမ်စသောထာဝရကိုရင်း။ ထာဝရေန၊–ဖြင့်။ ထာဝရံ၊–ကိုရင်း။ ပရိဝတ္တေယျ၊ လဲလှယ်ရာ၏။ တထာ–ကတ္တာစ၊ ထိုလဲလှယ်မှုကို ပြုပြီး၍လည်း။ ဘုဉ္ဇတု၊ သုံးဆောင်ရာ၏။ ဝလ္လာဒိံ၊–ကို။ ဖာတိကမ္မေန၊ အတိုးတိုးပွါးမှုဖြင့်။ ဂဏ္ဍေ၊–၏။ သေသံ၊ ကြွင်းသော ဈေးသုံးခုကို။ အဘာဇိယံ၊–အပ်။……ဣတိ၊ ဤကား အဝေဘာဂီယ အပြီးတည်း။

---

ထီးတံ, ဘိနပ်ချိတ်တံ, ဝေဘန်ကောင်းသည်ဟု ခွင့်ပြုအပ်သော ကြိမ်နွ ခါရုံလောက် ဒန်ပူဖြတ်နိုင်ရုံလောက်သာရှိသော ပဲခွပ်ငယ်ရိုး, မာဂဓ ငါးကွမ်းစားဝင်သောကြုတ်, မီးပွတ်, မျက်စဉ်းကျည်, သားချိုစသော ရဟန်းအဆောက်အဦများ ဝေဘန်ကောင်းသည်၊ ရွေ၍မပြီးသေးသော သစ်ဘဏ္ဍာ, ဆင်စွယ်ဘဏ္ဍာ ရဟန်းတို့၏အဆောက်အဦ၌ မာဂဓ ငါးကွမ်းစားဝင်သောကြာသွတ်အိုးများကိုလည်းဝေဘန်ကောင်းသည်။

**မှတ်ချက်** …. အဋ္ဌနိသိဂ်ါဒိ၌ အာဒိဖြင့် မျက်စဉ်းတံ,ထီး,ဖြက်ဆုပ်, ဘိနပ်, ဓမ္မကရိုဏ်, ရှိရှားဘူး, ရှိရှားအိုး, သားချိုဘူး တို့ကိုယူ၊ ပါဒဃဋကောကား မြေဘဏ္ဍာကိုမှတ်သည်၊ ထို့ကြောင့် မြေ သပိတ်, မြေခွက်, မြေကရားတို့ကိုလည်းဝေဘန်ကောင်းသည်ဟုမှတ်။

**၁၂-၃။ ဘာဇိယံ** ..စသော နှစ်ဂါထာတို့ဖြင့် ဝေဘန်အပ်, မအပ်, လဲလှယ်ကောင်း စသည်ကိုပြသည်။ [ဇင်း-ဌ။]

အပ်သော သားရေဖြစ်မူ ဝေဘန်ကောင်းသည်၊ သို့သော် သိုးရေကား ပစ္စတ္ထရဏနှင့် အလားတူသည်ဖြစ်၍ ဂရုဘဏ်ဖြစ်ခြင်းကြောင့် မဝေ ဘန်ကောင်း၊ ဂရုဘဏ်ချင်း ထာဝရချင်း လဲခြင်းကိုပြု၍ သုံးဆောင် ကောင်းသည်၊ နွယ် ဝါး စသည်ကို အတိုးတိုးပွါးမှု ပြု၍ ယူကောင်း

## ၄၁–ပကိဏ္ဏကကထာ

၁။ သဇ္ဈါရုဗ္ဗန္ဓနေ ဥဒ္ဓနေ၊ သောဒုက္ခလကပါသကေ။
သယနဂ္ဂေန ဒိဝါ ဒွါရံ၊ ဗန္ဓေယျ ပရိဝတ္တကံ။ ။

## ၄၁။ ပကိဏ္ဏကကထာ၊ ဟူသည်။

၁။ သော–ဒုက္ခလက–ပါသကေ၊ အောက်ဆုံငယ်, အထက်လက်ကောက်ကွင်းနှင့်တကွသော။ သ–ဒွါရ-ဗန္ဓနေ၊ တံခါး, တံခါးအဖွဲ့ရှိသော။ ဥဒ္ဓနေ၊ နေရာ၌။ ဒိဝါ၊ နေ့၌။ သယနဂ္ဂေန၊ လှဲအိပ်လိုသော ရဟန်းသည်။ ပရိဝတ္တကံ၊ လည်သော။ ဒွါရံ၊–ကို။ ဗန္ဓေယျ၊ ဖွဲ့ပိတ်ရာ၏။

---

သည်။ ။"အနုဇာနာမိ ဘိက္ခဝေ ဖာတိကမ္မတ္ထာယ ပရိဝတ္တေတုံ" [ရှုင္ဒဝါပါဠိတော် သေနာသနက္ခန္ဓက။]

**မှတ်ချက်**.....သံဃာ စောင့်ရှောက်ထားသော ဝါးကို ယူလိုသော သူသည် ဝါးတန်ဘိုးဖြစ်စေ, ဝါးအစား အခြင်္ဂကျောက်ကိုဖြစ်စေ,အညီအမျှဖြစ်စေ, လွန်၍ဖြစ်စေ,ထာဝရဲဖြစ်အံ့၊ ပွါးတိုးခြင်းအမှုကိုပြု၍ယူရမည်၊အယုတ်ဆုံးထိုဝါးဘိုးထိုက်သော ထာဝရပစ္စည်းကိုသော်လည်း ပွါးတိုးမှုပြု၍ ယူရမည်၊ ပွါးတိုးမှုမပြုဘဲ ယူသော ရဟန်း ထိုအရပ်၌သာ သုံးရမည်၊ အရပ်တပါး သွားမူ သံဃိက ကျောင်း၌သာထားသွားရမည်။ [ဋင်း–ဋ္ဌ။]

---

## ၄၁–ပကိဏ္ဏက

၄၁။ ပကိဏ္ဏကာ၊ တံခါးပိတ်၍ အိပ်ရခြင်းစသည်ကိုပြသည်။

**၁။ သဇ္ဈါရုဗ္ဗန္ဓနေ**......ဂါထာဖြင့် နေ့အခါအိပ်သောရဟန်း တံခါးပိတ်၍အိပ်ရမည့်ကိုပြသည်၊ နေ့အခါအိပ်သော ရဟန်းသည် ဆုံလည်ပတ္တာတံခါး,တံခါး အဖွဲ့ရှိသော တံတိုင်းစသော အရာမ်ရှိသော ကျောင်း၌ လှဲအိပ်မူ တံခါးကိုပိတ်၍ အိပ်ရမည်ဟူ၏။ [ပါရာဇိကဏ်ပါဠိတော်နှင့်..... ဋင်း–ဋ္ဌ။]

၂။ သန္တေ ဝိညူမှိ ပုရိသေ၊ အာဘောဂေါ စာပိ ကပ္ပတိ။
သဝသေ တံ ဝိနာကာရံ၊ သယနွော ဒုက္ကဋံ ဖုသေ။ ။

၂။ ဝိညူမှိ၊ သိကြားလိမ္မာသော။ ပုရိသေ၊—သည်။ သန္တေ၊—သော်။ အာဘောဂေါ စာပိ၊ (ဤသူပိတ်လတ္တံ့ဟု) နှလုံးပြုခြင်း သည်လည်း။ ကပ္ပတိ၊—၏။ သ—ဝသေ၊ မိမိအစိုးရရာ၌။ တံ-အာကာရံ၊ (ပိတ်ခြင်း, ပိတ်စေခြင်း, နှလုံးပြုခြင်းဟူသော) ထိုအခြင်းအရာ သုံးမျိုးကို။ ဝိနာ၊ ကြဉ်၍။ သယနွော၊—ရဟန်းသည်။ ဒုက္ကဋံ၊—သို့။ ဖုသေ၊—၏။

---

ဒွါရဉ္စ ဒွါရဗန္ဓနဉ္စ-ဒွါရဗန္ဓနာဒိ၊ မဇ္ဈေ လောပ ဝိသမာသ်။ တံခါးနှင့် တံခါးဘောင်တို့ကို ရစေ။ သဟ ဒွါရဗန္ဓနေဟိ ယံ ဝတ္တတီတိ သဒွါရဗန္ဓနံ၊ ပဌမာ ဗဟုဗ္ဗီဟိ။ တံခါးနှင့် တံခါးဘောင်ရှိသော ကျောင်းအိပ်ရာကိုရစေ။ 'သဟာဥဒုက္ခလကပါသကေဟိ ယံ ဝတ္တတီတိ သောဒုက္ခလက ပါသကံ၊ အောက်ဆုံငယ်, အထက် လက်ကောက်ကွင်းနှင့် တကွသော (လက်ကောက်ကွင်းရှိသော )ကျောင်းအိပ်ရာကိုပင်ရစေ။

**မှတ်ချက်**.....သယနွဟူသည် အိပ်ပျော်မှ အိပ်သည်ဟု မယူရ၊ အိပ်ပျော်သည်ဖြစ်စေ, မပျော်သည်ဖြစ်စေ ကိုယ်ကို လှဲအိပ်လျှင် အိပ်သည်ဟု ဆိုရသည်၊ ဘိက္ခုနီ, မာတုဂါမများကို ကား ပန်ကြားခြင်း၌ မအပ်။ ။တံခါးအရ အယုတ်ဆုံး တင်းတိမ် တံခါးကိုသော်လည်း ယူရမည်။ ။ဗန္ဓယျ ဟူသည် အယုတ်ဆုံး ခေါင်းမဝင်နိုင်ရုံပိတ်သည်ကိုလည်း တံခါးပိတ်သည်ဟူ၍ပင်ဆိုရသည် ဟုမှတ်။ [ပါရာဇိကဏ်အဋ္ဌကထာ-ပဌမပါရာဇိကသိက္ခာပုဒ် ဝိနီတ ဝတ္ထု၌အကျယ်လာပြီ။]

**၂။ သန္တေဝိညူမှိ**.....ဂါထာဖြင့် တံခါးမပိတ်မူ အာပတ်သင့်ပုံကို ပြသည်။

**မှတ်ချက်**.....ဝိညူပုရိသ ဟူသည် ရဟန်း ယောကျ်ား, သာမဏေ ယောကျ်ား, လူယောကျ်ား တို့ကို ဆိုသည်၊ ၎င်း ယောကျ်ားတို့ ရှိနေမူ တံခါးကို ပိတ်ခိုင်း၍ ဖြစ်စေ, ပိတ်လိမ့်မည် ဟု အာဘောဂထား၍ဖြစ်စေ အိပ်ကောင်းသည်၊ မိန်းမဖြစ်မူ မအပ်။ ။ အာဘောဂေါ စာပိ၌ စဖြင့် ပိတ်ခိုင်းခြင်းကိုယူ။ ။သဝသ ဟူသည်

၃။ ရတနာနိတ္ထိရူပါနိ၊ ဓညမိတ္ထိ ပသာဓနံ။
တူရိယာ ဝုဓ ဘဏ္ဍာနိ၊အာမသန္တဿ ဒုက္ကဋံ။ ။

၃။ ရတနာနိ၊ရတနာဆယ်ပါးတို့ကို၎င်း။ဣတ္ထိ- ရူပါနိ၊မိန်းမရုပ်တို့ကို၎င်း။ဓညံ၊စပါးမျိုးခုနစ်ပါးကို၎င်း။ ဣတ္ထိ—ပသာဓနံ၊ မိန်းမတို့၏ တန်ဆာကို၎င်း။ တူရိယာ—ဝုဓ-ဘဏ္ဍာနိ၊ တူရိယာ,လက်နက်, ဘဏ္ဍာတို့ကို၎င်း။ အာမသန္တဿ၊ သုံးသပ်သောရဟန်းအား။ ဒုက္ကဋံ၊—၏။

၄။ သိတ္ထတေလောဒတေလေဟိ၊ ဖဏာဟတ္ထဖဏေဟိဝါ။
ကောစ္ဆေနဝါပိ ယော ကေသေ၊ဩသဏ္ဌေယျဿ ဒုက္ကဋံ။ ။

၄။ သိတ္ထ-တေလော-ဒ—တေလေဟိ၊ ဖယောင်းနှင့် ရောသောဆီ, ရေနှင့်ရောသော ဆီတို့ဖြင့်၎င်း။ ဖဏာ-ဟတ္ထ-ဖဏေဟိဝါ၊(ဆင်စွယ်ဘီး စသော) ခေါင်းဘီး,လက်ဘီးတို့ဖြင့်၎င်း။ ကောစ္ဆေနဝါပိ၊ဝက်မျှင်ဘီး ဖြင့်၎င်း။ယော၊ အကြင်ရဟန်းသည်။ကေသေ၊ ဆံပင်တို့ကို။ ဩသဏ္ဌေယျ၊ ဖြီးငြားအံ့။ အဿ၊-အား။ဒုက္ကဋံ၊—၏။

---

မိမိနှင့်စပ်သော မိမိအစိုးရသော နေရာကျောင်းကိုဆိုသည်၊ မိမိနှင့်မစပ် အစိုးမရ-အများနှင့်စပ်သောကျောင်းဖြစ်၍ မိမိကိုယ်တိုင် တံခါးပိတ် သော်လည်း ပိတ်သည့်အတိုင်းမနေဘဲ ဖွင့်၍သွားလာနိုင်သည့်,တံတိုင်း နံရံစသည်ကတက်၍ သွားလာနိုင်သည့် ကျောင်း ပရိဝုဏ်မျိုး ဖြစ်အံ့၊ မပိတ်ဘဲသော်လည်း အိပ်ကောင်းသည်ဟုမှတ်။[၎င်း—အဋ္ဌကထာ။]

**၃။ ရတနာနိတ္ထိရူပါနိ**···ဂါထာဖြင့် မကိုင်ကောင်းသောဘဏ္ဍာတို့ ကို ပြသည်။ အဓိပ္ပါယ်လွယ်ပြီ။ [ပါရာဇိကဏ် အဋ္ဌကထာ၊ ကာယသံသဂ္ဂသိက္ခာပုဒ် အဖွင့်။]

**မှတ်ချက်** ····· ပြန့်နေသော စပါးပဲ တို့အပေါ်၌ နင်းမသွားကောင်း၊ လမ်းမရှိ သော်သာ လမ်းအမှတ်ဖြင့် သွားကောင်း သေး၏ဟု မှတ်။

**၄။ သိတ္ထတေလောဒတေလေဟိ** ······ ဂါထာဖြင့် ခေါင်းမဖြီး ကောင်းသည်ကိုပြသည်၊ လွယ်၏။ [ခုဒ္ဒကဝတ္ထုက္ခန္ဓက ပါဠိတော်။]

၅၊ နေကပါဝုရဏာ ဧကော၊ဗ္ဗုရဏာဝါ တုဝန္ထယံ။
တထေကမဗ္ဗေ ဘုဥ္ဇေယျုံ၊ဧကောသွိ ဝါပိ ဘာဇနေ။ ။

၅။ ဧက-ပါဝုရဏာ၊တထည်တည်းခြုံကုန်၍ဖြင်း။ ဧက-ဗ္ဗုရဏာဝါ၊ တထည်တည်း ခင်းကုန်၍ဖြင်း။ တထာ၊-ပါး။ဧက-မဗ္ဗေ၊တခုတည်းသော ညောင်စောင်း၌ဖြင်း။နှ-တုဝန္ထယံ၊(နှစ်ယောက်) မအိပ်ကုန်ရာ။ ဧကသွိ၊-သော။ ဘာဇနေဝါပိ၊ ခွက်၌လည်း။ နှ-ဘုဥ္ဇေယျုံ၊ မစားကုန်ရာ။

၆။ စတုရင်္ဂုလတော ဦနံ၊မဓိကဥ္စ ဂုလံ တထာ။
ဒန္တကဋ္ဌံ နှ ခါဒေယျ၊လသုဏံ နှ အကလ္လကော။ ။

၆။ တထာ၊-ပါး။ စတုရ-င်္ဂုလတော၊ (မဇ္ဈိမ ပုရိသ)လက်လေးသစ်အောက်။ ဦနံ၊ တိုသော။ အဓိက-ဥ္စ-ဂုလံ၊ လက်ရှစ်သစ်ထက် ပိုလွန်သော။ ဒန္တကဋ္ဌံ၊-ကို။ နှ-ခါဒေယျ၊ မစားရာ။ နှ-အကလ္လကော၊ မနာသောရဟန်းသည်။ လသုဏံ၊-ကို။ နှ-ခါဒေယျ၊ မစားရာ။

---

**မှတ်ချက်**...... တစုံတခု ဘောက်ပြန်မှုဖြင့် ဆံပင်တို့ကိုမသကောင်းဟု မှတ်။ [ဋီကာဟောင်း။]

**၅။ နေကပါဝုရဏာ** .... ဂါထာဖြင့် တခင်းတည်းစသည်၌ မအိပ်ကောင်း သည်ကို ပြသည်၊ လွယ်၏။ [ဋင်း-ပါ။]

**အဓိပ္ပါယ်**......ရဟန်းနှစ်ပါးတထည်တည်းခြုံ,တခင်းတည်း,ညောင်စောင်း တခုတည်း မအိပ်ကောင်း၊ တခွက် တည်းလည်း မစားကောင်း၊ စားအံ့ဒုက္ကဋ်။

**မှတ်ချက်**..... ဧက ဘာဇနေ အရ ဆွမ်းဟင်းခွက်အများကို စားပွဲပေါ်တင်၍ ယခုကာလ စားသောက်ကြ သကဲ့သို့ တခွက်ခွက်၌ တပါးပြီးမှ တပါးယူစားမှု အပ်၏၊ တပြိုင်နက် နှစ်ပါး လက်ဆုံနှိုက်၍သာ မစားကောင်းဟု မှတ်။

**၆။ စတုရင်္ဂုလတော**...ဂါထာဖြင့်အပ်သောဒန်ပူစသည်ကိုပြသည်၊ လွယ်၏။ [ဋင်း-ပါ။]ကြက်သွန်ဖြူ အကြောင်းကို ပါတိမောက္ခမေဒိနီ လသုဏာသိက္ခာပုဒ်အဖွင့်၌ အကျယ်လာပြီ။

၇။ ဟီနုက္ကဋ္ဌေဟိ ဥက္ကဋ္ဌံ၊ ဟီနံ ဝါ ဇာတိအာဒိဟိ။
ဥဇုံ ဝါ ညာပဒေသေန၊ ဝဒေ ဒုက္ကဋံ သိတံ ဒဝါ။ ။

၇။ ဟီနု-က္ကဋ္ဌေဟိ၊ အယုတ်,အမြတ်ဖြစ်ကုန်သော။ ဇာတိအာဒိဟိ၊-တို့ဖြင့်။ ဥက္ကဋ္ဌံ၊ မြတ်သောသူကိုရှင်း။ ဟီနံ ဝါ၊ ယုတ်သောသူကိုရှင်း။ ဥဇုံ ဝါ၊ ဖြောင့်ဖြောင့်ရှင်း။ အညာ-ပဒေသေန ဝါ၊ သူတပါးကို ရည်ညွှန်းခြင်း ဖြင့်ရှင်း။ ဒဝါ၊ ရယ်မြူးလိုသဖြင့်။ ဝဒေ၊ အံ့။ ဒုက္ကဋံ သိတံ၊ ၏။

၈။ ဒီဃေ နခေစ ကေသေစ၊ နာသလောမေ န ဓာရယေ။
န လဗ္ဘံ ဝိသတိ မဋ္ဌံ၊ သမ္ဗာဓေ လောမဟာရဏံ။ ။

၈။ ဒီဃေ၊ ရှည်ကုန်သော။ နခေစ၊ ခြေသည်း လက်သည်း တို့ကို ရှင်း။ ကေသေစ၊ ဆံပင်တို့ကိုရှင်း။ နာသလောမေ၊ နှာခေါင်းမွေးတို့ကို ရှင်း။ န-ဓာရယေ၊ မဆောင်ရာ။ ဝိသတိ-မဋ္ဌံ၊ နှစ်ဆယ်သော ခြေသည်း လက်သည်းတို့ကို အပြေအပြစ်ပွတ်ခြင်းကိုရှင်း။ သမ္ဗာဓေ၊ ကျဉ်းမြောင်း ရာအရပ်၌။ လောမ-ဟာရဏံ၊ အမွေးကိုနှုတ်ပယ်ခြင်းကိုရှင်း။ န-လဗ္ဘံ၊ မရအပ်။

---

**၇။ ဟီနုက္ကဋ္ဌေဟိ**·····ဂါထာဖြင့် ရယ်မြူးလို၍မျှ ပြက်ရယ် မပြော ကောင်းသည်ကိုပြသည်။ [ဩမသဝါဒသိက္ခာ-ပုဒ်။] အမျိုးယုတ်သောသူကို အမျိုးယုတ်ကြီးလာသသဟော့၊ အမျိုးမြတ်သော သူကို အမျိုးမြတ်ကြီးလာသသဟော့ ဤသို့စသော ဇာတ်အားဖြင့် ဖြစ်စေ, နာမဂေါတ္တစသောအားဖြင့်ဖြစ်စေ, သွယ်ဝိုက်၍ဖြစ်စေ, ဖြောင့်ဖြောင့် ဖြစ်စေ,ဆဲရေးလို၍ ရှုတ်ချလို၍ အကျောဲစေမှဲ့လို၍ မဟုတ်ဘဲ သက် သက်ရယ်မြူးလို၍ ရဟန်းသာမဏေ လူတို့ကိုပြောသောရဟန်းဒုက္ကဋ်သင့်။

**၈။ ဒီဃေနခေစ**···ဂါထာဖြင့် ရှည်သော လက်သည်း,ခြေသည်း, ဆံပင်မထားကောင်းသည်ကို ပြသည်။ [ခုဒ္ဒက ဝတ္ထုပါဠိတော်။] အသားထက် ရှည်အောင် လက်သည်း ခြေသည်း မထားကောင်း၊ ကာလအားဖြင့် နှစ်လထက် ကြာအောင်, ပမာဏအား ဖြင့် လက်နှစ်သစ်ထက်လွန်အောင် ဆံပင်မထားကောင်း။ ။နှာခေါင်း ဝမှ အပသို့ထွက်အောင် နှာခေါင်းမွေး မထားကောင်း။ ။အယုတ်ဆုံး

၉။ ယထာဝုဓုံ န ဗာဓေယျ၊ သံဃုဋ္ဌိဋ္ဌဝ သံဃိကံ။
အဓောတအလ္လပါဒေဟိ၊ နာက္ကမေ သယနာသနံ။
သုဓောတပါဒကံဝါပိ၊ တထေဝ သဉပါဟနော။ ။

၉။ သံဃု-ဋ္ဌိဋ္ဌဝါ၊ သံဃာအား ရည်ညွှန်းအပ်သည်လည်းဖြစ်သော။ သံဃိကံ၊-သော။ သယနာ-သနံ၊-ကို။ ယထာ ဝုဓုံ၊-တိုင်း။ န ဗာဓေယျ၊ မတားမြစ်ရာ။ အဓောတ-အလ္လ-ပါဒေဟိ၊ မဆေးသောခြေ, စိုသောခြေတို့ဖြင့်။ သယနာ-သနံ၊-ကို၊ နာက္ကမေ၊ မနင်းရာ။ သု-ဓောတ-ပါဒကံဝါပိ၊ ကောင်းစွာ ဆေးပြီးသောခြေဖြင့် နင်းရာအရပ်ကိုလည်း။ သ-ဉပါဟနော၊ ဘိနပ်စီးလျက်။ တထေဝ၊-သာလျှင်။ နာက္ကမေ၊ မနင်းရာ။

၁၀။ သံဃာဋိယာ န ပလ္လတ္ထေ၊ ဘိတ္တာဒိံ န အပဿယေ။
ပရိကမ္မကတံ သဓ္ဓော၊ ဥဒကေ နော န အာစမေ။ ။

၁၀။ သံဃာဋိယာ၊-ဖြင့်။ န ပလ္လတ္ထေ၊ အာယောဂပတ် မဖွဲ့ရာ။ ပရိကမ္မ-ကတံ၊ အပြေအပြစ် ပြုအပ်သော။ ဘိတ္တာဒိံ၊ နံရံစသည်ကို။ န-အပဿယေ၊ မမှီရာ။ ဥဒကေ၊-သည်။ သဓ္ဓော၊ ရှိလျက်။ နော-နအာစမေ၊ သန့်သက်ရေ မဆေးဘဲ မနေရာ။

---

အညစ်အကြေးမရှိဘဲ ချောမွေ့ရန်အတွက် လက်သည်း ခြေသည်းတို့ကို ဓားဖြင့် မခြစ်ကောင်း။ ။ဝစ္စမဂ်,ပဿာဝမဂ်,လက်ကတီးကြားဟု ဆိုအပ်သော ကျဉ်းမြောင်းရာအရပ်၌ ပေါက်သော အမွေးများကို မနုတ်ကောင်း၊ အလုံးစုံဒုက္ကဋ်။

၉။ **ယထာဝုဓုံ**……ဂါထာဖြင့် သံဃိကအိပ်ရာနေရာကို မတားမြစ်ကောင်းသည်ကို ပြသည်၊ လွယ်၏။ [ခုဒ္ဒကဝတ္ထု-ပါ။]

**မှတ်ချက်**……"အနုဇာနာမိ ဘိက္ခဝေ ပစ္စတ္ထရိတွာ နိပဇ္ဇိတုံ"ဟု ဟောတော်မူခြင်းကြောင့် အပြေအပြစ် ပြုထားသော မြေ,ဘူမတ္ထရဏအခင်း,သံဃိက ညောင်စောင်း, အင်းပျဉ်တို့ အပေါ်၌ မိမိ၏ သင်းပိုင်ဟောင်း စံသောအခင်းကို ထပ်ခင်းပြီးမှ ထိုင်အိပ်လျှင်သာ၍ ကောင်းသည်ဟုမှတ်။

၁၁။ အကပ္ပိယသမာဒါနေ၊ဒဝါ သိလာပဝိဋ္ဋနေ။
ဒေသနာယ သဘာဂါယ၊အာဝိကမ္မေစ ဒုက္ကဋံ။ ။

၁၁။ အကပ္ပိယ–သမာဒါနေ၊ မအပ်သော အမှု၌ တိုက်တွန်းခြင်းကြောင့်ရင်း။ ဒဝါ၊ မြူးတူးသဖြင့်။ သိလာ ပဝိဋ္ဋနေ၊ ကျောက်ခဲကိုလှိမ့်ခြင်းကြောင့်ရင်း။ သဘာဂါယ၊ ဝတ္ထုသဘာဂ အာပတ်ကို။ ဒေသနာယ၊ ဒေသနာ ကြားခြင်းကြောင့်ရင်း။ အာဝိကမ္မေစ၊ အာဝိကရဏာ ပြုခြင်းကြောင့်ရင်း။ ဒုက္ကဋံ၊–၏။

၁၂။ ပဋိဿဝဝိသံဝါဒေ၊သုဒ္ဓစိတ္တဿ ဒုက္ကဋံ။
ပဋိဿဝဿာဘင်္ဂေ၊ပါစိတ္တံ ဇာတရူပဿ စ။ ။

၁၂။ ပဋိဿဝ–ဝိသံဝါဒေ၊ ဝန်ခံပြီးသည်ကို ချွတ်ယွင်း စေခြင်းကြောင့်။ သုဒ္ဓ စိတ္တဿ၊စင်ကြယ်သောစိတ်ရှိသောရဟန်းအား။ ဒုက္ကဋံ၊–၏။ ဇာတရူပဿစ၊ မစင်ကြယ်သော စိတ်ရှိသောရဟန်းအားလည်း။ ပဋိဿဝဿာဘင်္ဂေ၊ ဝန်ခံဆဲခဏ၌သာလျှင်။ ပါစိတ္တိ၊–၏။

---

**၁၀။ သံဃာဒိုယာ** … ဂါထာဖြင့် အာယောဂပတ် စသည်မအပ်ခြင်းကို ပြသည်၊ အဓိဋ္ဌာန်တင်ထားသော သံဃာဋိဖြင့် မြင်းခေါင်း ကျောက်ဆစ် ရစ်သိုင်း၍ အာယောဂပတ်မ့ဖွဲ့ကောင်း၊ အဆန်းတကြွယ်ပြုထားအပ်သော နံရံ, ပြုသောအဆင်းဖြင့်ပြုအပ်သောနံရံ, တံခါး လေသာပြူတင်း စသည်ကို သက်နှးစသည် မဖုံးလွှမ်းသောကိုယ်ဖြင့် မမှီကောင်း၊ မှီအံ့၊အမွေး အရေအတွက် ဒုက္ကဋ်၊ ကျင်ကြီးစွန့်ပြီး၍ သန့်သက်ရေရှိလျက် မဆေးအံ့၊ဒုက္ကဋ်၊ မရှိ၍ မဆေးသော် အနာပတ္တိ။[ခုဒ္ဒကဝတ္ထုက္ခန္ဓက–ပါ။]

**၁၁။ အကပ္ပိယသမာဒါနေ**……ဂါထာဖြင့် မအပ်သော အမှု၌ မတိုက်တွန်းကောင်းခြင်း စသည်ကို ပြသည်။ [အကပ္ပိယ သမာဒါနကား–ဘေသဇ္ဇက္ခန္ဓက-ပါ။သိလာပဝိဋ္ဋနကား – တတိယပါရာဇိက-ပါ။ သဘာဂါယ ဒေသနာယကား-မဟာဝါ ဥပေါသထက္ခန္ဓက-ပါ။]

**မှတ်ချက်**……အကပ္ပိယ သမာဒါန အရ ရဟန်းသာမဏေ တို့ကိုယူ။ ။သိလာပဝိဋ္ဋန အရ အယုတ်ဆုံး လက်ယန္တရား

၁၃။ နရုက္ခမဘိရူဟေယျ၊သတိ ကိစ္စေဝ ပေါရိသံ။
အာပဒါသု ယထာကာမံ၊ကပ္ပတေ အဘိရူဟိတုံ။ ။

၁၃။ ရုက္ခံ၊-ကို။ နအဘိရူဟေယျ၊မတက်ရာ။ကိစ္စေ၊-သည်။ သတိ ဧဝ၊ ရှိသော်သာလျှင်။ ပေါရိသံ၊ တသူလောက်ကို။ အဘိရူဟေယျ၊-၏။ အာပဒါသု၊ ဘေးရန်တို့ကြောင့်။ယထာကာမံ၊ အလိုရှိတိုင်း။ အဘိရူဟိတုံ၊–ငှါ။ ကပ္ပတေ၊–၏။

၁၄။ ဝိနာဝဋ္ဋနိ ဝဇ္ဇေယျ၊ဒုက္ကဋံ ပရိသာဝနံ။
ယာစမာနဿ အဒါနေ၊အဒဒန္တဿ ဒုက္ကဋံ။ ။

၁၄။ ပရိသာဝနံ၊ ရေစစ်ကို။ ဝိနာ၊–၍။ အဒ္ဓါနံ၊ အဝေးရှည်သော (ယူဇနာခွဲရှိသော)ခရီးသို့။ဝဇ္ဇေယျ၊သွားသောရဟန်းအား။ဒုက္ကဋံ၊-၏။ အဒါနေ၊လမ်းခရီး၌။ယာစမာနဿ၊ ရေစစ်တောင်းလျက်။ အဒဒန္တဿ၊ မပေးသော ရဟန်းအား။ ဒုက္ကဋံ၊-၏။

---

ကျောက်စရစ်ခဲ ပစ်ခြင်းကိုလည်း ယူ။ ။အာဝိကမ္မေစ၌ စဖြင့် ဒေသနာခံခြင်းကိုယူ။

**၁၂။ ပဋိဿဝဝိသံဝါဒေ**……ဂါထာဖြင့် ဝန်ခံချက်မပျက်ကောင်း သည်ကိုပြသည်။[မဟာဝါ ဝဿူပနာယိကက္ခန္ဓက–ပါ။]

**မှတ်ချက်**……ပဋိဿဝဟူသည် ငါတို့နှစ်ပါး ဤအရပ်၌ ဝါဆိုကုန်အံ့၊ ပါဠိသင်ကုန်အံ့၊ ဤသို့စသည်ဖြင့် နှီးနှော ပြောဆို တိုင်ပင်ခြင်းကို ဆိုသည်။ ။ဝန်ခံဆဲခဏာ၌ သုဒ္ဓစိတ်ဖြင့်ဝန်ခံ၍ နောက် ချွတ်ယွင်းမှု ဒုက္ကဋ်၊ ဝန်ခံဆဲခဏာ၌ပင် လိမ်လိုသောစိတ်ရှိပြီးဝန်ခံမှု ဝန် ခံဆဲခဏာ၌ပင် ပါစိတ်ဟုမှတ်။

**၁၃။ နရုက္ခမဘိရူဟေယျ**……ဂါထာဖြင့် သစ်ပင်မတက်ကောင်း တက်ကောင်းသည်တို့ကို ပြသည်။ [ရုဋ္ဌဝါ ခုဒ္ဒကဝတ္ထုက္ခန္ဓက–ပါ။]

**၁၄။ ဝိနာဝဒ္ဓါနံ**……ဂါထာဖြင့် ရေစစ်မပါဘဲ ခရီးမသွားကောင်း သည်ကို ပြသည်။ [ခုဒ္ဒကဝတ္ထု–ပါ။]

၁၅။ ထုလ္လစ္စယံ ဖုသေ အင်္ဂ၊ ဓာတစ္ဆေဒနေ ဒုက္ကဋံ။
အာဗာဓပစ္စယာညတြ၊ သေသင်္ဂေ အဂ္ဂဟာတနေ။ ။

၁၅။ အင်္ဂဇာတစ္ဆေဒနေ၊ အင်္ဂါဇာတ်ကို ဖြတ်ခြင်းကြောင့်။ ထုလ္လစ္စယံ၊-သို့။ဖုသေ၊-၏။ အာဗာဓပစ္စယာ၊အနာဟူသောအကြောင်းကို။ အညတြ၊ -၍။ သေသင်္ဂေ၊ ကြွင်းသောအင်္ဂါကိုဖြတ်ခြင်းကြောင့်၎င်း။ အဂ္ဂဟာတနေ၊မိမိကိုယ်ကို သတ်ခြင်းကြောင့်၎င်း။ဒုက္ကဋံ၊-၏။

၁၆။ စိတ္တပေါတ္ထကရူပါနိ၊နကာရေ နစ ကာရယေ။
နဝုဍ္ဎာပေယျ ဘုဉ္ဇန္တံ၊ အာရာမာရညဂေဟာသု။ ။

၁၆။ စိတ္တ ပေါတ္ထကရူပါနိ၊ ပန်းချီဆေးရေးရုပ်, ပန်းပုရုပ်တို့ကို။ နကာရေ၊မရေးထုရာ။နစ ကာရယေ၊- စေရာ။ အာရာမာ- ရည-ဂေဟာသု၊ အရာမ်,တော,အိမ်တို့၌။ ဘုဉ္ဇန္တံ၊ စားဆဲသောသိတင်းကြီးကို။ န ဝုဍ္ဎာပေယျ၊ မထစေရာ။......[ဂေဟာသုဟုဆိုအပ်လျက် ဆန်းအတွက်ဇကို အပြုထားသည်။]

---

**မှတ်ချက်**..... ဓမ္မကရိုဏ်ရေစစ်မရှိမူ သင်္ကန်းစွန်းဖြင့်စစ်၍သောက်အံ့, လက်ကိုင်ပုဝါဖြင့် စစ်၍ သောက်အံ့ဟု အဓိဋ္ဌာန်ပြု၍ သွားကောင်းသည်ဟု မှတ်။

**၁၅။ ထုလ္လစ္စယံ**......ဂါထာဖြင့် အင်္ဂါကြီးငယ်ကို ဖြတ်ခြင်း စသည် မပြုကောင်းသည်ကိုပြသည်။[အင်္ဂဇာတစ္ဆေဒန-ခုဒ္ဒက-ပါ။ ။သေသင်္ဂစ္ဆေဒန......၎င်း—ဋ္ဌ။ ။အဂ္ဂဟာတန-တတိယပါရာဇိက။]

**၁၆။ စိတ္တပေါတ္ထကရူပါနိ**...... ဂါထာဖြင့် အရုပ် မရေး မထု ကောင်းသည်ကို ပြသည်။ [ခုဒ္ဒကဝတ္ထုက္ခန္ဓက-ပါ။]

**မှတ်ချက်** .... ဝေဿန္တရာ-ဇာတ်စသော ဇာတ်တို့ကိုရေးခိုင်းမှုအပ်၏၊ ခြူးပန်းခြူးနွယ်စသော အမှုကား ကိုယ်တိုင်ပြုခြင်း၌လည်းအပ်သည်။ ။မထေရ်ကြီးပင်ဖြစ်သော်လည်း ကြွပါဟု ဆိုမှ ထိုင်ကောင်းသည်ဟုမှတ်။

၁၇။ ယာနာနိ ပုမယုတ္တာနိ၊သိဝိကာ ဟတ္ထဝဋ္ဋကာ။
ပါဒုကာဆတ္တ ဂိလာနဿ၊ကပ္ပတေ အဘိရူဟိတုံ။ ။

၁၇။ ဂိလာနဿ၊-အား။ပုမ ယုတ္တာနိ၊အထီးကကုန်သော။ယာနာနိ၊ လှည်းရထားစသော ယာဉ်တို့ကိုရင်း။ သိဝိကာ၊ ထမ်းစင်ကိုရင်း။ ဟတ္ထဝဋ္ဋကာ၊ လက်တွန်း လက်ဆွဲယာဉ်ကိုရင်း။ ပါဒုကာဆတ္တ၊ သံလျင်းကိုရင်း။ အဘိရူဟိတုံ၊—ငှါ။ကပ္ပတေ၊-၏။

၁၈။ ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊အာရဗ္ဘ ကရဏော ဒဝံ။
ဒုက္ကဋံ ပရိသံဝါပိ၊အညဿ ဉပလာဠနေ။ ။

၁၈။ ဗုဒ္ဓဉ္စ၊-ကိုရင်း။ ဓမ္မဉ္စ၊ ကိုရင်း။ သံဃဉ္စ၊ -ကိုရင်း။ အာရဗ္ဘ၊ အကြောင်းပြု၍။ဒဝံ၊ပြက်ရယ်မှုကို။ ကရဏော၊—ကြောင့်ရင်း။အညဿ၊-သူ၏။ပရိသံဝါပိ၊-ကိုလည်း။ဉပလာဠနေ၊ (သပိတ်သက်နန်းစသည်ဖြင့်) ဖြားယောင်းခြင်းကြောင့်ရင်း။ဒုက္ကဋံ၊—၏။

၁၉။ ကာယံ ဉရုံ နိမိတ္တံဝါ၊ဘိက္ခုနီနံ န ဒဿယေ။
ဝိဝရိတွာ န သိဉ္စေယျ၊တာ ကဒ္ဒမုဒကာဒိနာ။ ။

၁၉။ ကာယံ၊ကိုယ်ကိုရင်း။ဉရုံ၊ပေါင်ကိုရင်း။နိမိတ္တံဝါ၊ အင်္ဂါဇာတ်ကိုရင်း။ဝိဝရိတွာ၊ဖွင့်၍။ ဘိက္ခုနီနံ၊—တို့အား။န ဒဿယေ၊ မပြရာ။တာ၊ ထိုဘိက္ခုနီမတို့ကို။ကဒ္ဒမ ဉဒကာဒိနာ၊ညွန်,ရေစသည်ဖြင့်။န သိဉ္စေယျ၊ မသွန်းလောင်းရာ။

---

၁၇။ **ယာနာနိပုမယုတ္တာနိ**..ဂါထာဖြင့် ယာဉ်မစီးကောင်းသည် ကိုပြသည်။[ချဒ္ဒကဝတ္ထုက္ခန္ဓက-ပါ။]

၁၈။ **ဗုဒ္ဓံ ဓမ္မဉ္စသံဃဉ္စ**.....ဂါထာဖြင့် ရတနာသုံးပါးအား ပြက်ရယ် မပြုကောင်းသည်ကို ပြသည်၊ ရတနာသုံးပါးကို အကြောင်းပြု၍ ကျောက်ဆင်းတုလော, ဘုရားတုလော, နွားတရားလော, ဆိတ်တရားလော, သမင်အပေါင်းလော, သားကောင်အပေါင်းလော စသည်ဖြင့် ပြက်ရယ်ပြုခြင်းကြောင့် ဒုက္ကဋ်။[သေခိယ သုရာသုရဝဂ်—၌။]

၁၉။ **ကာယံဉရုံ**.....ဂါထာဖြင့် ဘိက္ခုနီမတို့အား မပြကောင်းသည်ကိုပြသည်။အဓိပ္ပါယ်လွယ်၏။ [ဘိက္ခုနီခန္ဓက—ပါ။]

၂၀။ အဂဏှတောစ ဩဝါဒံ၊နှ ပဋ္ဌာဟရတောပိစ။
ဗာလံ ဂိလာနံ ဂမိယံ၊ဝဇ္ဇယိတွာန ဒုက္ကဋံ။ ။

၂၀။ ဗာလံ၊ ဗာလရဟန်းကိုရင်း။ ဂိလာနံ၊ နာသောရဟန်းကိုရင်း။ ဂမိယံ၊ခရီးသွားရဟန်းကိုရင်း။ဝဇ္ဇယိတွာန၊ကြဉ်၍။ဩဝါဒံ၊ တောင်းပန်အပ်သော ဩဝါဒကို။ အဂဏှတောစ၊ မခံယူသော ရဟန်းအားရင်း။ နှ ပဋ္ဌာဟရတောပိစ၊ တဘန် ပြန်မဆောင်သော ရဟန်းအားရင်း။ ဒုက္ကဋံ၊–၏။

၂၁။ လောကာယတံ နှ ဝါစေယျ၊ပလိတံ နစ ဂါဟယေ။
ပေဋ္ဌာသပိ နှ ဘုဉ္ဇေယျ၊နှ ကီဠေ့ ကိဋ္ဌိကီဋ္ဌိတံ။ ။

၂၁။ လောကာယတံ၊ လောကကို ချွတ်တတ်သော တိတ္ထိကျမ်းကို။ နှဝါစေယျ၊မပို့ချရာ။ပလိတံ၊ဆံပင်ဖြူကို။နှစ ဂါဟယေ၊မနှုတ်ရာ။ ပေဋ္ဌာယပိ၊ပအုပ်ခွံလည်း။နှ ဘုဉ္ဇေယျ၊-ရာ။ကိဋ္ဌိကီဋ္ဌိတံ၊ တစုံတခု ကစားစရာကို။နှ ကီဠေ့၊မကစားရာ။

၂၂။ ပါရုပေ နှ နိဝါသေယျ၊ဂိဟိပါရုပနံ နိဝါ။
သနံ ကရေ သံဝလ္လိယံ၊ဒါယမာလိမ္ပယေယျဝါ။ ။

၂၂။ ဂိဟိပါရုပနံ၊လူတို့ကဲ့သို့ ခြုံရုံခြင်းရှိသည်ကို။ (ကတွာ၊-၍။) နှပါရုပေ၊မခြုံရုံရာ။နိဝါသနံ၊လူတို့ကဲ့သို့ဝတ်ခြင်းရှိသည်ကို။(ကတွာ၊-၍။) နှ နိဝါသေယျ၊–ရာ။သံဝလ္လိယံ၊ ခါးတောင်းကျိုက်ခြင်းကို။နှကရေ၊-ရာ။ ဒါယံဝါ၊တောကိုမူလည်း။ နှ အာလိမ္ပယေယျ၊မီးမတိုက်ရာ။

---

**၂၀။ အဂဏှတောစ**…ဂါထာဖြင့်ဩဝါဒကိုမခံ,မပြန်ပြောသော ရဟန်း အာပတ်သင့်ခြင်းကို ပြသည်။
[ဘိက္ခုနီခန္ဓက–ပါ။]

**၂၁။ လောကာယတံ**……ဂါထာဖြင့်မပြုကောင်းသည်ကိုပြသည်။ လွယ်၏။ [ခုဒ္ဒကဝတ္ထုက္ခန္ဓက-ပါ။]

**မှတ်ချက်**……လောကာယတကျမ်းဟူသည် အကျိုးမရှိသော အကြောင်းမျိုးနှင့်စပ်သော တိတ္ထိတို့၏ကျမ်းကိုဆိုသည်၊ ကျီးကန်းသည် အရိုးဖြူသောကြောင့် ဖြူ၏၊ ‘ဗြဲထောက်မည်းသော ကြောင့် မျိုင်းသည်မည်း၏စသည်ဖြင့် ဆိုထားသောကျမ်းမျိုးဟူ၏။

၂၃။ ဝဏ္ဏံ ပယောဇယေ ယာစေ၊ နော ဉာတကပ္ပဝါရိတေ။
အတ္တနော ပရိဘောဂတ္ထံ၊ ဒိန္နမညဿ နော ဒဒေ။
အဂ္ဂံ ဂါဟေတွာ ဘုတွာဝါ၊ ကတိပါဟံ ပုနော ဒဒေ။ ။

၂၃။ ဝဏ္ဏံ၊ ကြွေးမြီအတိုးအပွါးကို။ နော ပယောဇယေ၊ မယှဉ်စေရာ။ အညာတကပ္ပဝါရိတေ၊ အမျိုးမတော်သူ ့ မဖိတ်သောသူတို့ကို။ နော ယာစေ၊ မတောင်းရာ။ အတ္တနော၊—၏။ ပရိဘောဂတ္ထံ၊ သုံးဆောင်ခြင်း အကျိုးငှါ။ ဒိန္နံ၊ လှူအပ်သော ဝတ္ထုကို။ အညဿ၊—သူအား။ နော ဒဒေ၊ မပေးရာ။ အဂ္ဂံ၊ အဦးအဖျားကို။ ဂါဟေတွာ၊ ယူစေ၍ရင်း။ ကတိပါဟံ၊ နှစ်ရက်သုံးရက်။ ဘုတွာဝါ၊ သုံးဆောင်ပြီး၍ရင်း။ ပုနော၊ နောက်၌။ ဒဒေ၊ ·၏။

၂၄။ ဥဒ္ဒိဿ ယာစနေ ရက္ခံ၊ ဥတွာ ဥတွာဝ ဒဏ္ဍိနံ။
ဂိဝါဿ ဒဏ္ဍိတေ ဒဏ္ဍော၊ သယံ ဒဏ္ဍာပနေ ပန။
ဒဏ္ဍဿ အဋ္ဌဘောဒေနှ၊ ဧ ဃျာ ပါရာဇိကာဒိကာ။ ။

၂၄။ ဒဏ္ဍိနံ၊ ဒဏ်ရိုက်မည်ကို။ ဥတွာဝါ၊ သိ၍ရင်း။ အ-ဥတွာဝါ၊ မသိမူ၍ရင်း။ ဥဒ္ဒိဿ၊ (ဤသူပြုဘူးပြီ ့ ပြုလတ္တံ့ဟူသော ) အတိတ် အနာဂတ်ကိုရည်ရွယ်၍။ ရက္ခံ၊ အစောင့်အရှောက်ကို။ ယာစနေ၊ (အစိုးရထံ) တောင်းခြင်းကြောင့်။ ဒဏ္ဍိတေ၊ ထိုသူကို ဒဏ်ရိုက်လတ်သော်။ ဒဏ္ဍော၊ ရိုက်သော ဒဏ်သည်။ အဿ၊ ထိုရဟန်းအား။ ဂိဝါ၊ အစားထိုက်၏။ သယံ၊ ကိုယ်တိုင်။ ဒဏ္ဍာပနေ ပန၊ ဒဏ်ရိုက်သော်ကား။ ဒဏ္ဍဿ၊—၏။ အဋ္ဌ-ဘောဒေနှ၊ အဘိုး အထူးအားဖြင့်။ ပါရာဇိကာဒိကာ၊—တို့ကို။ ဧ ဃျာ၊ သိအပ်ကုန်၏။

---

၂၂။ **ပါရုပေ**······ဂါထာဖြင့် လူတို့ကဲ့သို့ ဝတ်ရုံခြင်းမပြုကောင်း သည်ကို ပြသည်။ [ခုဒ္ဒကဝတ္ထုက္ခန္ဓက-ပါ။] ပါတိမောက္ခမေဒိနီ၌ အကျယ်ဆိုခဲ့ပြီ။

၂၃။ **ဝဏ္ဏံ ပယောဇယေ** ·····ဂါထာဖြင့် အတိုးမပေးကောင်းသည် ကို ပြသည်။[ဝဏ္ဏံ ပယောဇေန္တဿ ဒုက္ကဋံ-ရူပိယသံဝေါဟာရသိက္ခာပုဒ် အဋ္ဌကထာ။]

၂၅။ ဟာရန္တေသု ပရိက္ခာရံ၊ စောရောစောရောတိ ဘာသိတော။
အနုဂ္ဂါဝယေသံ ဂစ္ဆန္တေ၊ ဒုက္ကဋံ ဂိဝါသ တတ္တကံ။ ။

၂၅။ ပရိက္ခာရံ—ကို။ ဟာရန္တေသု၊ သူခိုးဆောင်ကုန်လတ်သော်။ ဧသံ၊ ထိုသူခိုးတို့၏။ အနု-ဂ္ဂါဝယ၊ အကျိုးမဲ့ဖြစ်ခြင်းငှါ။ စောရောစောရောတိ၊-ဟူ၍။ ဘာသိတော၊ အော်ရာ၌။ ဒုက္ကဋံ၊ ဒုက်ကို။ ဂစ္ဆန္တေ၊ (သူခိုးအပေါ်၌)ယူသည့်ရှိသော်။ တတ္တကံ၊ ထိုမျှလောက်သော ဒုက်သည်။ အဿ၊ ထိုရဟန်းအား။ ဂိဝါ၊—၏။

၂၆။ ဝိဃာသုစ္စာရ သင်္ကာရံ၊ မုတ္တံ ဆဍ္ဍေယျ ဒုက္ကဋံ။
ဗဟိ ပါကာရကုဋ္ဋာနံ၊ ဝဠဉ္ဇေ နာဝလောကိယ၊
ဟရိတေဝါပိ ဝိဟာဒိ၊ နာဠိကေရာဒိ ရောပိမေ။ ။

၂၆။ ပါကာရ-ကုဋ္ဋာနံ၊ တံတိုင်း,နံရံတို့၏။ ဗဟိ၊—၌။ ဝဠဉ္ဇေဝါပိ၊ သွားလာသုံးဆောင်ရာ၌၎င်း။ ဝိဟာဒိ—နာဠိကေရာဒိ-ရောပိမေ၊ စပါးစသည်, အုန်းစသည်တို့ကိုစိုက်ပျိုးရာဖြစ်သော။ ဟရိတေဝါပိ၊ စိမ်းစိုသောအရပ်၌၎င်း။ နာ-ဝလောကိယ၊ မကြည့်မူ၍။ ဝိဃာသု-စ္စာရ-သင်္ကာရံ၊ စားကြွင်း,ကျင်ကြီး, အမှိုက်စသည်ကို၎င်း။ မုတ္တံ၊ ကျင်ငယ်ကို၎င်း။ ဆဍ္ဍေယျ၊ စွန့်ပြုအံ့။ ဒုက္ကဋံ၊ ၏။

---

**၂၄။ ဥဒ္ဒိဿ ယာစနေ** …… ဂါထာဖြင့် တရားမစွဲသင့်ကြောင်းကို ပြသည်၊ လွယ်၏။ [ဘိက္ခုနီဝိဘင်း ပထမသံဃာဒိသေသ်—၌။]

**မှတ်ချက်** …… ကိုယ်ဒုက်, နှုတ်ဒုက်, ဥစ္စာဒုက်သုံးပါးတို့တွင် ဥစ္စာဒုက်ကိုယူ။

**၂၅။ ဟာရန္တေသု** …… ဂါထာဖြင့် သူခိုး ခိုးရာ၌ မအော်ကောင်းသည်ကို ပြသည်။ [၎င်း—၌။]

**၂၆။ ဝိဃာသုစ္စာရသင်္ကာရံ** …… ဂါထာဖြင့်နံရံပသို့အမှိုက်စသည် မစွန့်ကောင်းသည်ကို ပြသည်။ [လသုဏဝဂ်အဋ္ဌကထာ။]

၂၇။ ယောဇာပေတုဥ္စ ယောဇေတုံ၊ ပယုတ္တာနိစ ပဿိတုံ။
နလဗ္ဘံ ဓမ္မယုတ္တမ္ပိ၊ နန္တံ ဂီတဥ္စ ဝါဒိတံ။
ဥပဟာရံ ကရောမာတိ၊ ဝုတ္တေဝါ သမ္ပဋိစ္ဆိတုံ။ ။

၂၇။ ဓမ္မ-ယုတ္တမ္ပိ၊ ကောင်းမှုနှင့် ယှဉ်သည်လည်းဖြစ်သော။ နစ္စံ၊ ကခြင်းကိုရင်း။ ဂီတဥ္စ၊ သီခြင်းကိုရင်း။ ဝါဒိတံ၊ တီးမှုတ်ခြင်းကိုရင်း။ ယောဇာပေတုံစ၊ ယှဉ်စေခြင်းငှါရင်း။ ယောဇေတုံစ၊ ယှဉ်ခြင်းငှါရင်း။ ပယုတ္တာနိ၊ ယှဉ်ကခြင်းတို့ကို။(ဝါ၊သူတပါးကခြင်းစသည်တို့ကို။) ပဿိတုံစ၊ ကြည့်ရှုခြင်းငှါရင်း။ ဥပဟာရံ၊(ရတနာသုံးပါးအား)ပူဇော်ခြင်းကို။ ကရောမ၊ ပြုကုန်အံ့။ ဣတိ၊-သို့။ဝုတ္တေ၊ သော်။ သမ္ပဋိစ္ဆိတုံစ၊ (ကောင်းပြီဟု )ဝန်ခံခြင်းကိုရင်း။န-လဗ္ဘံ၊-အခပ်။

၂၈။ ရာဇာဂါရံ ပေါက္ခရဏိံ၊ ဥယျာနံ စိတ္တဂါရကံ။
ကီဠတ္ထံ ဂစ္ဆတော ဒဋ္ဌုံ၊အာရာမံ ဒုက္ကဋံ ကတံ။ ။

၂၈။ ကီဠတ္ထံ၊ ကစားခြင်းအကျိုးငှါ။ ကတံ၊-သော။ ရာဇာဂါရံဝါ၊ မင်းကွန်းကိုရင်း။ ပေါက္ခရဏိံ၊ ရေကန်ကိုရင်း။ဥယျာနံ၊—ကိုရင်း။ စိတ္တဂါရကံ၊ပန်းချီမှုဖြင့်ဆန်းကြယ်စွာပြုအပ်သော ဇရပ်တန်ဆောင်းကိုရင်း။ အာရာမံ၊မြို့တွင်းဥယျာဉ်အရာမ်ကိုရင်း။ဒဋ္ဌုံ၊ကြည့်ရှုခြင်းငှါ။ ဂစ္ဆတော၊ သွားသောရဟန်းအား။ဒုက္ကဋံ၊—၏။

---

**မှတ်ချက်**……ကြည့်ရှု၍ဖြစ်စေ သွားလာသုံးဆောင်ခြင်း မရှိသော နေရာမျိုးဖြစ်စေ အမှိုက်, စားကြွင်း စသည်ကို စွန့်မှု အနာပတ္တိ။

**၂၇။ ယောဇာပေတုဥ္စ**……ဂါထာဖြင့် ကခြင်းသီခြင်းကို မပြု, မခိုင်း ကောင်း သည်ကို ပြ သည်။

[ချဒ္ဒကဝတ္ထုက္ခန္ဓက—ပါ။ ။လသုဏဝဂ် ဒသမ။]

ရတနာသုံးပါးနှင့် စပ်နေသောကြောင့် အယုတ်ဆုံး ကောင်းမှုနှင့် ယှဉ်သော်လည်း ကခြင်း သီခြင်း တီးမှုတ်ခြင်းများကို ကိုယ်တိုင်ဖြစ်စေ စေခိုင်းသည်ဖြစ်စေ မလုပ်ကောင်း၊အယုတ်ဆုံး ရေပြင်ကို စည်လုပ်ပြီး သော်မှလည်း မတီးကောင်း၊အသံရှည်ရှည်ဆွဲ၍ တရားမဟောကောင်း၊ လမ်းသွားစဉ် ခေါင်းကို နောက်ပြန်လှည့်၍သော်လည်း မကြည့်ကောင်း၊

၂၉။ နဝေ နပ္ပဋိဗာဟေယျာ၊ သနေနူ့ဇ္ဈေ နှ စီဝရံ။
နိဒဟေယျ ခမာပေယျ၊ ဂရုနာစ ပဏာမိတော။ ။

၂၉။ နဝေ၊ သီတင်းငယ်တို့ကို။ အာသနေနှ၊ –မှ။ န–ပ္ပဋိဗာဟေယျ၊ မတားမြစ် မထစေရာ။ ဥဇ္ဈေ၊ နေပူ၌။ စီဝရံ၊ –ကို။ န–နိဒဟေယျ၊ (ကြာမြင့်စွာ )မလှန်းရာ။ ဂရုနာ၊ဆရာဥပဇ္ဈာယ်သည်။ ပဏာမိတောစ၊ နှင်ထုတ်အပ်သော ရဟန်းသည်လည်း။ ခမာပေယျ၊ သည်းခံစေရာ၏။

၃၀။ အဂ္ဂေ့ာသနေ ပရမ္ဘုခါ၊အာပတ္တိဟိစ သတ္တဟိ။
ဘိက္ခုံ ဥပါသကံဝါပိ၊အညေနေဝ စ ဒုက္ကရံ။ ။

၃၀။ ဘိက္ခုံ၊ –ကို။သတ္တဟိ၊ -ကုန်သော။အာပတ္တိဟိစ၊-တို့ဖြင့်ရင်း။ အညေနစ၊ဆဲရေးကြောင်းဝတ္ထုဖြင့်ရင်း။ပရမ္ဘုခါ၊မျက်ကွယ်။ အဂ္ဂေ့ာသနေ၊ –ကြောင့်။ဒုက္ကရံ၊ –၏။ ဥပါသကံဝါပိ၊ –ကိုလည်း။ အညေနေဝ၊ တပါးသော ဆဲရေးကြောင်း ဝတ္ထုဖြင့် သာလျှင်။ အဂ္ဂေ့ာသနေစ၊ –ကြောင့်လည်း။ ဒုက္ကရံ၊ –၏။

---

အရာမ်တွင်းဖြစ်၍ ကြည့်မှုအပ်၏။ ။ရတနာသုံးပါးအား ပူဇော်ပါရစေဟု ဆိုသော် ကောင်းပြီဟု ဝန်ခံခြင်းကား မအပ်၊ ပူဇော်ခြင်းသည် ကောင်း၏ဟု ဆိုရုံသာအပ်သည်။

**၂၈။ ရာဇာဂါရံ**…… ဂါထာဖြင့် မင်းဥယျာဉ်စသည်ကို သွားမကြည့် ကောင်း စသည် ကို ပြသည်။ [ဘိက္ခုသာ သဗ္ဗတ္ထ ဒုက္ကရံ–စိတ္တာဂါရဝဂ် ပဌမသိက္ခာပုဒ်။]

**၂၉။ နဝေနပ္ပဋိဗာဟေယျ**……ဂါထာဖြင့် သဒ္ဓိဝိဟာရိကဝတ် စသည်ကို ပြသည်။ အဓိပ္ပါယ်လွယ်၏။ [ဝတ္တက္ခန္ဓက-ပါ။ခုဒ္ဒကဝတ္ထုက္ခန္ဓက-ပါ။]

**၃၀။ အဂ္ဂေ့ာသနေ**………ဂါထာဖြင့် မဆဲရေးကောင်းသည်ကို ပြသည်၊အဓိပ္ပါယ်လွယ်၏။[ဩမသဝါဒ သိက္ခာပုဒ်။]

၃၁။ နလဗ္ဘာ ဝိနိပါတေတုံ၊သဒ္ဓါဒေယျဉ္စ စီဝရံ။
လဒ္ဓါ ပိတူနံ သေသာနံ၊ဉာတီနမ္ပိ န လဗ္ဘတိ။ ။

၃၁။ သဒ္ဓါဒေယျံ၊ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော။ စီဝရဉ္စ၊-ကိုလည်း။ဝိနိပါတေတုံ၊ ဖျက်ဆီးခြင်းငှါ။ န-လဗ္ဘာ၊-အပ်။ ပိတူနံ၊ မိဘတို့အား။လဒ္ဓါ၊-၍။သေသာနံ၊-သူတို့အား။ဉာတီနမ္ပိ၊ ဆွေမျိုးဖြစ်ကုန်သော်လည်း။န-လဗ္ဘတိ၊-အပ်။

၃၂။ ဝဿံဝုဋ္ဌောညတောညတြ၊ဘာဂံ ဂဏှေယျ ဒုက္ကဋံ။
ပဋိဒေယျ နဋ္ဌေ ဇိဏ္ဏေ၊ဂိဝါ နောဒေယျ စောဒိတော။
ဓုရနိက္ခေပတော တေသံ၊ဟောတိ ဘဏ္ဍဂ္ဃကာရိယော။ ။

၃၂။ အညတြ၊ တပါးသော ကျောင်း၌။ ဝဿံ ဝုဋ္ဌော၊ ဝါကျွတ်သောရဟန်းသည်။ အညတော၊ တပါးသောကျောင်းမှ။ ဘာဂံ၊ အဘို့ကို။ ဂဏှေယျ၊-အံ့။ ဒုက္ကဋံ၊-၏။ ပဋိဒေယျ၊ ပြန်ပေးရာ၏။ နဋ္ဌေဝါ၊ ပျောက်သော်ရင်း။ ဇိဏ္ဏေဝါ၊ ဆွေးသော်ရင်း။ ဂိဝါ၊-၏။ စောဒိတော၊ တောင်းအပ်သောရဟန်းသည်။နော ဒေယျ၊ မပေးအံ့။ တေသံ၊ထိုဘဏ္ဍာရှင်တို့၏။ ဓုရ နိက္ခေပတော၊ ဝန်ချခြင်းကြောင့်။ ဘဏ္ဍဂ္ဃကာရိယော၊ ဘဏ္ဍာဘိုးဖြင့် ဆုံးဖြတ်အပ်သည်။ ဟောတိ၊-၏။

၃၃။ န သင်္ကစ္စိကုတ္တရော ဂါမံ၊ကလ္လောဝါ သဥပါဟနော။
ပဝိသေယျ နဓာရေယျ၊ စာမရိ မကသ ဗီဇနိံ။ ။

၃၃။ သင်္ကစ္စိကုတ္တရော၊ သင်းပိုင် ကိုယ်ရုံနှင့် တကွသာလျှင် ရင်း။ ကလ္လော၊ ကျန်းမာလျက်။ သ ဥပါဟနော ဝါ၊ ဘိနပ်စီး၍ရင်း။ ဂါမံ၊-သို့။ န ပဝိသေယျ၊ မဝင်ရာ။ စာမရိ မကသ ဗီဇနိံ၊ စာမရီမြီးဖြင့် ပြုအပ်သော ယင်နှင်ယပ်ကို။ န ဓာရေယျ၊ မဆောင်ရာ။

---

**၃၁။ နလဗ္ဘာ**·····ဂါထာဖြင့် သဒ္ဓါဒေယျ ပစ္စည်းကို မဖျက်ဆီးကောင်းသည်ကိုပြသည်၊ သဒ္ဓါ၍ လှူအပ်သော သင်္ကန်း,တပါးသောပစ္စည်းများကိုမိဘမှတပါးသောသူအားမပေးအပ်၊ ပေးသော် သဒ္ဓါဒေယျကို ဖျက်ဆီးမှုကြောင့် ဒုက္ကဋ်၊ မိဘအားကား ပေးကောင်း၏၊ မိဘမှတပါးသော ဆွေမျိုးတို့အား မပေးကောင်း။ [စီဝရက္ခန္ဓက-ပါ။] "ဌပေတွာ မာတာပိတရော သေသဉာတီနံ ဒေန္တောပိ ဝိနိပါတေတိယေဝ"။·····ရင်းအဋ္ဌကထာ။

၃၄။ အဂိလာနေ နဲ့ ဆိန္နေယျ၊ ကေသေ ကတ္တရိယာ ဗဟိ။
အာရာမတော နဲ့ ဓာရေယျ၊ ဆတ္တံ လဗ္ဘတိ ဂုတ္တိယာ။ ။

၃၄။ အဂိလာနေ၊-သည်။ ကေသေ၊ ဆံပင်တို့ကို။ ကတ္တရိယာ၊ ကတ်ကျေးဖြင့်။ န ဆိန္နေယျ၊ မကိုက်ဖြတ်ရာ။ အာရာမတော၊ အရာမ်ဥပစာမှ။ ဗဟိ၊-၌။ ဆတ္တံ၊-ကို။ န ဓာရေယျ၊ မဆောင်းရာ။ ဂုတ္တိယာ၊ စီဝရဂုတ္တ,အတ္တဂုတ္တအကျိုးငှါ။ လဗ္ဘတိ၊-၏။

၃၅။ ဝဟေယျ နုဘတောကာဇံ၊ဧကန္တရိကကာဇကံ။
သီသက္ခန္ဓကဋိဘာရာ၊ ဟတ္ထောလမ္ဗောစ လဗ္ဘတိ။ ။

၃၅။ ဥဘတော ကာဇံ၊ နှစ်ဘက်ဝန်ရှိသော ထမ်းပိုးကို။ န ဝဟေယျ၊ မထမ်းရာ။ ဧကန္တရိက ကာဇကံ၊ တဘက်ဝန်,အလယ်ဝန် ရှိသော ထမ်းပိုးကို။ ဝဟေယျ၊ ထမ်းရာ၏။ သီသ-က္ခန္ဓ-ကဋိ-ဘာရာ၊ ခေါင်းဝန်, ပခုံးဝန်, ခါးဝန်တို့ကိုလည်း။ ဟတ္ထော-လမ္ဗောစ၊ လက်ဆွဲ ဝန်ကိုလည်း။ လဗ္ဘတိ၊-၏။ [ဋီကာ၌ ဂါဟေယျဟု ပါ၍ရှိ၏။]

---

၃၂။ **ဝသံဝုတ္တော**·····ဂါထာဖြင့်မအပ်သော သင်္ကန်းခံယူခြင်းကို ပြသည်။ အဓိပ္ပါယ်လွယ်၏။[စီဝရက္ခန္ဓက-ပါ။]

၃၃။ **နသင်္ကစ္ဆိကာရောဂါမံ**······ဂါထာဖြင့် သင်္ကန်းကြီး မပါဘဲ ရွာတွင်း မသွားကောင်းသည်ကို ပြသည်။[စီဝရက္ခန္ဓက-ပါ။ ။ခုဒ္ဒကဝတ္ထုက္ခန္ဓက-ပါ။]

**မှတ်ချက်**·····ယခုကာလ သင်္ကန်းကြီးမပါဘဲ ရွာတွင်းဝင်ခြင်းကား "ပဉ္စိမေ ဘိက္ခဝေ ပစ္စယာ သံဃာဋိယာ နိက္ခေပါယ" စသောပါဠိတော်အရ သင်္ကန်းကြီးကို ထားနိုင်ခွင့်ရှိသော အကြောင်း ငါးပါးတို့တွင် အဂ္ဂဠဂုတ္တိဝိဟာရောဝါ ဟောတိ- ဟူသောအင်္ဂါအရ ကျောင်းလုံ၍ထားသွားသည်ဟုမှတ်ထိုက်၏၊အင်္ဂါမညီမှုယူသွားရမည်ဟုမှတ်။

၃၄။ **အဂိလာနော**······ဂါထာဖြင့် ကတ်ကျေးမဖြတ်ရ,အရာမ်ပဒ္ဓထီးမဆောင်းရဲ စသည်ကိုပြသည်။[ခုဒ္ဒကဝတ္ထု-ပါ။]

၃၆။ အာပတ္တိယာ အနောကာသ၊ကတံ စောဒေယျ ဒုက္ကဋံ။
သုဒ္ဓဿစ အဝတ္ထုသ္မိံ၊တထာ ဩကာသကာရဏော။ ။

၃၆။ အနောကာသကတံ၊ ပြုအပ်သော ခွင့် မရှိသော ရဟန်းကို။ အာပတ္တိယာ၊-ဖြင့်။ စောဒေယျ၊-အံ့။ ဒုက္ကဋံ၊-၏။ သုဒ္ဓဿစ၊ စင်ကြယ်သောရဟန်းအားလည်း။ အ ဝတ္ထုသ္မိံ၊ အကြောင်းမရှိဘဲ။ ဩကာသ ကာရဏော၊ အခွင့်ပြုစေခြင်းကြောင့်။ တထာ၊-တူ။ ဒုက္ကဋံ၊-၏။

၃၇။ အဋ္ဌင်္ဂုလာဓိကံ မဉ္စ၊ပဋိပါဒံ န ခါရယေ။
ပကတင်္ဂုလေန သတ္ထုနံ၊မဉ္စံဝါ ဥစ္စပါဒကံ။ ။

၃၇။ သတ္ထုနံ၊ တို့၏။ ပက တင်္ဂုလေန၊ ပကတိ မဇ္ဈိမလက်သစ်ဖြင့်။ အဋ္ဌင်္ဂုလာ ဓိကံ၊ လက်ရှစ်သစ်ထက် လွန်သော။ မဉ္စ ပဋိပါဒံ၊ ညောင်စောင်း ခြေခုံကိုရင်း။ ဥစ္စ ပါဒကံ၊ တတောင့်ထွာထက်မြင့်သော အခြေရှိသော။ မဉ္စံဝါ၊-ကိုရင်း။ န ခါရယေ၊ မဆောင်ရာ။

---

**မှတ်ချက်**……ကိုယ်ပူသောအနာ, သည်းခြေနာ, မျက်စိ အားနည်းသော ထိုးနှင့်ကင်း၍ မဖြစ်စကောင်းသော အနာများအတွက် ရွာ တော နှစ်မျိုးစလုံး၌ပင် ဆောင်းကောင်းသည်။ ။ဂုတ္တ အရ မိုးရွာသောအခါ သင်္ကန်း မိုးမစိုခြင်း စီဝရဂုတ္တ, သားရဲ သူခိုးဘေးရန်မျိုးကြောင့် မိမိကိုယ်ကိုစောင့်ရှောက်ခြင်း အတ္တဂုတ္တ အလို့ငှါ ဆောင်းမှု ဆောင်းကောင်းသည်၊ တရွက်တည်းသောထီးဖြစ်မူ နေရာ မရွေး ဆောင်းကောင်းသည်။ [ဇင်း-၄၅။]

**၃၅။ ဝဟေယျ**….. ဂါထာဖြင့် နှစ်ဘက်ဝန်မထမ်းကောင်းသည်ကို ပြသည်၊ ဂါဟေယျ ဟူ၍လည်းပါဌ်ရှိ၏။ [ခုဒ္ဒကဝတ္ထုက္ခန္ဓက-ပါ။]

**၃၆။ အာပတ္တိယာ**……ဂါထာဖြင့် မအပ်သော စောဒနာခြင်းကိုပြသည်။ [ဥပေါသထက္ခန္ဓက-ပါ။]

**၃၇။ အဋ္ဌင်္ဂုလာဓိကံ**……ဂါထာဖြင့် ညောင်စောင်း မအပ်သည်ကိုပြသည်။ [သေနာသနက္ခန္ဓက-ပါ။]

၃၈။ မုဂ္ဂဗ္ဗတာဒိ ဂဏ္ဍဝယျ၊ ဒုက္ကဋံ တိတ္ထိယဗ္ဗတံ။
ခုရဘဏ္ဍံ ပရိဟရေ၊တထာ နှာပိတပုဗ္ဗကော။ ။

၃၈။ မုဂ္ဂဗ္ဗတာဒိ၊ အ,သော အကျင့် အစရှိသော။ တိတ္ထိယဗ္ဗတံ၊ တိတ္ထိတို့၏အကျင့်ကို။ ဂဏှေယျ၊ ယူငြားအံ့။ ဒုက္ကဋံ၊-၏။ နှာပိတ ပုဗ္ဗကော၊ ဆတ္တာသည် ဖြစ်ဘူးသော ရဟန်းသည်။ ခုရ ဘဏ္ဍံ၊ သင်ရုန်းဘဏ္ဍာကို။ ပရိဟရေ၊ သွားလာတိုင်း ဆောင်ငြားအံ့။ တထာ၊-တူ။ ဒုက္ကဋံ၊-၏။

၃၉။ ယံကိဉ္စိ ယာစိတုံ ဟတ္ထ၊ကမ္မံ တဒနုသာရတော။
လဒ္ဓံ ဂဟေတုံ နိက္ကမ္မ၊မယာစိတွာပိ ကပ္ပတိ။
ကာရေတုမာဟာရာပေတုံ၊ယံကိဉ္စာပရသန္တကံ။ ။

၃၉။ ယံ ကိဉ္စိ၊-သော။ ဟတ္ထ ကမ္မံ၊ လက်အမှုကို။ ယာစိတုံ၊ တောင်းခြင်းငှါလည်း။ တ ဒနုသာရတော၊ ထိုလက်အမှုတောင်းခြင်းကို အစဉ်မှီး သဖြင့်။ လဒ္ဓံ၊ ရအပ်သောပစ္စည်းကို။ ဂဟေတုံ၊-ငှါလည်း။ နိ က္ကမ္မံ၊ အလုပ်မရှိသူကို။ အ ယာစိတွာပိ၊ မတောင်းဘဲလည်း။ ကာရေတုံ၊-ငှါလည်း။ ယံ ကိဉ္စိ၊-သော။ အ ပရ သန္တကံ၊ သူတပါး မသိမ်းဆည်းသော ဥစ္စာကို။ အာဟာရာ ပေတုံ၊ ဆောင်စေခြင်းငှါလည်း။ ကပ္ပတိ၊-၏။

၄၀။ ဂိဟီနံ ဂေါပကေ ဒေန္တေ၊ဂဟေတုံ ဒေတိ ယတ္တကံ။
လဒ္ဓံ ယထာပရိစ္ဆေဒံ၊သံဃ စေတိယ သန္တကံ။ ။

၄၀။ ဂိဟီနံ၊-တို့၏။ (သန္တကံ၊-ကို။) ဂေါပကေ၊အစောင့်အရှောက်သည်။ ဒေန္တေ၊-သော်။ ယတ္တကံ၊ အကြင်မျှလောက်ကို။ ဒေတိ၊-၏။ (တတ္တကံ၊-ကို။) ဂဟေတုံ၊-ငှါ။ လဒ္ဓံ၊-၏။ သံဃ-စေတိယ-သန္တကံ၊ သံဃာ, စေတီတို့၏ ဥစ္စာကို။ ယထာ ပရိစ္ဆေဒံ၊ (သံဃာခွင့်ပြုသော) အပိုင်းအခြားအတိုင်း။ လဒ္ဓံ၊ (ယူခြင်းငှါ)ရအပ်၏။

---

**၃၈။ မုဂ္ဂဗ္ဗတာဒိ**……ဂါထာဖြင့် သူအ ကဲ့သို့ မနေကောင်းသည် ကို ပြသည်။ [ပဝါရဏာက္ခန္ဓက-ပါ။]

**၃၉။ ယံကိဉ္စိယာစိတုံ**…… ဂါထာဖြင့် လက်မှု တောင်းကောင်း သည်ကို ပြသည်။ [ကုဋိကာရသိက္ခာ ပုဒ်-ဌ။]

၄၁။ ဒွိဟာပဉ္စေ့ယျ အာပတ္တိ၊ ကာယဝါစာဟိ ဝါ ဆဟိ။
အလဇ္ဇိ ညာဏကုက္ကုစ္စ၊ ပကတတ္တာ သတိပ္လဝါ။
အကပ္ပိယေဝါ ကပ္ပိယေ၊ ကပ္ပါကပ္ပိယသညိတာ။ ။

၄၁။ ဒွိဟိ၊ နှစ်ပါးကုန်သော။ ကာယ ဝါစာဟိဝါ၊ ကိုယ်နှုတ် တို့ကြောင့်ရင်း။ ဆဟိ၊ ခြောက်ပါးကုန်သော သမုဋ္ဌာန် တို့ကြောင့် ရင်း။ အလဇ္ဇိ-ညာဏ-ကုက္ကုစ္စ-ပကတတ္တာ၊ အရှက်မရှိသည်၏ အဖြစ်, မသိသည်၏အဖြစ်, ကုက္ကုစ္စ နှိပ်စက်သည်၏ အဖြစ် ဝိတိက္ကမကြောင့်ရင်း။ သတိ ပ္လဝါ၊ သတိမေ့ခြင်းကြောင့် ရင်း။ အ ကပ္ပိယေဝါ၊ မအပ်သည်၌ ရင်း။ ကပ္ပိယေဝါ၊ အပ်သည်၌ရင်း။ ကပ္ပါ ကပ္ပိယ-သညိတာ၊ အပ်,မအပ် ဟုအမှတ်ရှိသည်၏ အဖြစ်ကြောင့်ရင်း။ အာပတ္တိ၊-သို့။ အာပဇ္ဇေယျ၊ ရောက်ရာ၏။

၄၂။ အလဇ္ဇိညာဏတာပတ္တိ၊ ကာယဝါစာဟိ ဆာဒယေ။
လိင်္ဂေ သံဃေ ဂဏေကသ္မိံ၊ စတုဓာပတ္တိဝုဋ္ဌိတိ။ ။

၄၂။ အလဇ္ဇိ-ညာဏတာ-ပတ္တိ၊ အရှက်မရှိခြင်း, မသိခြင်းကြောင့် သင့်သောအာပတ်ကို။ ကာယ ဝါစာဟိ၊-တို့ဖြင့်။ ဆာဒယေ၊ ဖုံးလွှမ်း၏။ လိင်္ဂေ၊ လိင်ပြန်ခြင်း ကြောင့်ရင်း။ သံဃေ၊- ကြောင့်ရင်း။ ဂဏေ၊— ကြောင့်ရင်း။ ဧကသ္မိံ၊ ပုဂ္ဂိုလ်တပါးကြောင့်ရင်း။ စတုဓာ၊ လေးပါးသော အကြောင်းကြောင့်။ အာပတ္တိ ဝုဋ္ဌိတိ၊ အာပတ်မှ ထခြင်းသည်။ ဟောတိ၊—၏။

---

**၄၀။ ဂိဟီနံ ဂေါပကေ**······ဂါထာဖြင့် ပေးသမျှယူ၍ ပိုင်းခြားတိုင်း ယူရမည်ကိုပြသည်၊ တစုံ တယောက်က ဥယျာဉ်ကိုစောင့်ခိုင်းရာ၌ အကြင်မျှလောက် ပိုင်းခြား၍ ပေးထား၏၊ ထိုပေးထားသောအဘို့လောက်သာယူရမည်၊ အမိမတောင်းကောင်း၊ အရာမ်စောင့်အား အဘိုးအခဖြင့် ပေးထားရာ၌ အရာမ်စောင့် အဘို့ ရသော သစ်သီးစသည်ကိုသာ ခံယူကောင်း၏။ [ဒုတိယ ပါရာဇိက အဋ္ဌကထာ—အမ္ဗပါလကဝတ္ထု။]

**၄၁။ ဒွိဟာပဉ္စေ့ယျ**·····ဂါထာဖြင့် အာပတ်သင့်ကြောင်း တို့ကို ပြသည်။ [ပရိဝါပါဠိတော်။]ပါတိမောက္ခ မေဒိနီ၌အကျယ်လာပြီ။

၄၃။ ပရိကထောဘာသဝိညတ္တိ၊ န လဗ္ဘာ ပစ္စယာဒွယေ။
ဝိညတ္တိယေဝ တတိယေ၊ သေသေ သဗ္ဗမ္ပိ လဗ္ဘတိ။ ။

၄၃။ ပစ္စယ ဒွယေ၊ သင်္ကန်း,ဆွမ်း ပစ္စည်းနှစ်ပါးအပေါင်း၌။ ပရိကထော-ဘာသ-ဝိညတ္တိ၊ပရိယာယ်,အရိပ်,တောင်းခြင်း,နိမိတ်လေးပါးကို။ ( နိမိတ်ကား—အမိုထည့်သည်။ ) န လဗ္ဘာ၊-အပ်။ တတိယေ၊ တတိယ ကျောင်းပစ္စည်း၌။ ဝိညတ္တိ ယေဝ၊-ကို သာလျှင်။ န လဗ္ဘာ၊-အပ်။ သေသေ၊ ကြွင်းသော ဆေးပစ္စည်း၌။ သဗ္ဗမ္ပိ၊ လေးပါးစလုံးကိုလည်း။ လဗ္ဘတိ၊—၏။

၄၄။ န ရူပာဘတ္တယေ ဒါနံ၊ပဏ္ဏနံ့ သဟာဓမ္မိနံ။
သံဃာသေဝ တံ ဟောတိ၊ဂိဟီနံ ပန ရူပာတိ။ ။

၄၄။ ပဏ္ဏနံ့၊-ကုန်သော။ သဟာဓမ္မိနံ၊-တို့၏။ အတ္တယေ ဒါနံ၊ ငါသေလျှင် ငါ့ဥစ္စာကို ယူတော့ဟု ပေးခြင်းသည်။ န ရူပာတိ၊ မရောက်။ တံ၊ ထိုဥစ္စာသည်။ သံဃသေဝစ၊ သံဃာ၏ဥစ္စာသာလျှင်။ ဟောတိ၊—၏။ ဂိဟီနံ ပန၊ လူတို့၏ပေးခြင်းသည်ကား။ ရူပာတိ၊ သေသူပေးက ရှင်သူအား ရောက်၏။

၄၅။ ဘိက္ခုဝါ သာမဏေရော ဝါ၊ မရေ ယျုံ ယာဒျုပဿယေ။
ဘိက္ခုသံဃောဝ ဒါယဇ္ဇော၊တတ္ထ သေသေပျယံ နယော။ ။

၄၅။ ဘိက္ခုဝါ၊-သည်ရင်း။ သာမဏော ရောဝါ၊-သည်ရင်း။ ဥပဿယေ၊ ဘိက္ခုနီမ ကျောင်း၌။ ယဒိ မရေယျုံ၊ အကယ်၍ သေကုန်အံ့။ တတ္ထ၊ ထိုသေသူ့ဥစ္စာ၌။ ဘိက္ခု သံဃောဝ၊ ဘိက္ခု သံဃာသည် သာလျှင်။ ဒါယဇ္ဇော၊ အမွေခံ ထိုက်၏။ သေသေပိ၊ ကြွင်းသော ဘိက္ခုနီ, သိက္ခမာန်, သာမဏေ‌ရီတို့၏ ဥစ္စာ၌လည်း။ အယံ နယော၊-တည်း။

---

**၄၂။ အလဇ္ဇိညာဏတာပတ္တိ**······ဂါထာဖြင့် သင့်သောအာပတ်မှ ထကြောင်းကိုပြသည်။ [ပရိဝါ ဧကုတ္တရိက-ပါ။]

**၄၃။ ပရိကထောဘာသဝိညတ္တိ**······ဂါထာဖြင့် ပစ္စည်းလေးပါး၌ အပ် · မအပ်ကို ပြသည်။ ပါရာဇိကဏ်ဆာ အဋ္ဌကထာ။]

၄၆။ ပုရိမသောဝိမံ ဒိန္နံ၊ ဒေယ်ာ နေတွာသုကာသာစ။
ပစ္ဆိမသောဝ ဒမ္မိတိ၊ ဒိန္နံ ဉတွာ ဇှမံ ဝိဝိ။
ဂဏှေ ဝိဿာသဂါဟံဝါ၊ မိဋ္ဌေ မတကစီဝရံ။ ။

. ၄၆။ ဇှမံ၊ ဤဥစ္စာကို။ နေတွာ၊ ဆောင်၍။ အသုကာသာ၊ ဤသူ အား။ ဒေယ်ာ၊-လော့။ ( ဇှတိ၊-သို့။ ) ဒိန္နံ၊ ပေးအပ်သောဥစ္စာသည်။ ပုရိမ သောဝ၊ ရှေးပေးသောသူ၏သာလျှင်။ (သန္တကံ၊ ဥစ္စာဖြစ်၏။) ဒမ္မိတိ၊ ပေး၏ဟူ၍။ ဒိန္နံစ၊ ပေးအပ်သော ဥစ္စာသည်ကား။ ပစ္ဆိမ သောဝ၊ နောက်အလှူခံ၏သာလျှင်။ (သန္တကံ၊-၏။) ဇှမံ ဝိဝိ၊ ဤ အစီအရင်ကို။ ဉတွာ၊ သိ၍။ ဝိဿာသ ဂါဟံဝါ၊ အကျွမ်းဝင်၍ ယူခြင်းကိုလည်း။ ဂဏှေ၊ ၏။ မတက စီဝရံဝါ၊ သေသူ့ သင်္ကန်းကိုလည်း။ အမိဋ္ဌေ၊ (ငါ့အားရောက်၏)ဟု ဆောက်တည်ရာ၏။

---

"သာ ဒွိသု ပစ္စယေသု သဗ္ဗေန သဗ္ဗံ န ဝဋ္ဋတိ၊ သေနာသနပ္ပစ္စယေ ပန ဝိညတ္တိမေဝ န ဝဋ္ဋတိ၊ ပရိကထောဘာသနိမိတ္တကမ္မာနိ ဝဋ္ဋန္တိ"။ ကင်္ခါရသိက္ခာပုဒ်အဖွင့်ကထာ။ ဝိသုဒ္ဓိမဂ်၌အကျယ်လာသည်။

**၄၄။ နရူပတစ္စယေဒါနံ**...ဂါထာဖြင့် အံပေးပြောက်, မပြောက် ကို ပြသည်။ [ ရူဋ္ဌဝါ ဘိက္ခုနီ ခန္ဓက—ဌ။]

**၄၅။ ဘိက္ခုဝါသာမကောရောဝါ**.....ဂါထာဖြင့် သေသူ့ပစ္စည်း ရထိုက် သူကို ပြသည်။ [ဍင်း—ဌ။]

**၄၆။ ပုရိမသောဝိမံဒိန္နံ**.....ဂါထာဖြင့် ရထိုက်သူနှင့် ရအောင်ယူ နည်းကိုပြသည်၊ ဤဥစ္စာကို ဆောင်၍ ဤမည်သော ရဟန်းအား ပေးလိုက်ပါဟုစေခိုင်း၍ ပေးလှူအပ်သော ဥစ္စာသည် ထိုရဟန်းအား မပေးမီ ရှေးပေးတတ်သော ရဟန်း၏ ဥစ္စာသာ ဖြစ်ခြင်းကြောင့် ၎င်းပစ္စည်းကို ဝိဿာသဂ္ဂါဟစွမ်းဖြင့် ယူ လိုသော် ပထမသင်္ကန်းရှင် ရဟန်းနှင့် အကျွမ်းဝင်၍ယူအံ့၊ကောင်းစွာ ယူခြင်း သုဂ္ဂဟိတဖြစ်၏၊ ပေးအပ်သော အလှူခံရဟန်းနှင့် အကျွမ်းဝင်၍

၄၇။ လောဟဘဏ္ဍံ ပဟာရဏိံ၊ဒါရုဘဏ္ဍဉ္စ ဒါရုဇံ။
ပတ္တံ ပါဒုက ပလ္လင်္က၊အာသန္ဒိံ မတ္တိကာမယေ။
ထပေတွာ ကပ္ပတိ သဗ္ဗံ၊ကတကံ ကုမ္ဘကာရိကန္တိ။ ။

၄၇။ လောဟ ဘဏ္ဍံ၊ သံ ကြေး ဘဏ္ဍာသည်။ ပဟာရဏိံ၊ လက်နက်ကို။ ထပေတွာ၊-၍။ သဗ္ဗံ၊-ဘဏ္ဍာသည်။ ကပ္ပတိ၊-၏။ ဒါရုဘဏ္ဍံ၊-၌။ ဒါရု ဇံ၊ သစ်သားဖြစ်သော။ ပတ္တံ၊ သပိတ်ကိုရင်း။ ပါဒုက ပလ္လင်္က၊ခြေနင်း ပလ္လင်ကိုရင်း။ အာသန္ဒိံ၊-ကိုရင်း။ ထပေတွာ၊-၍။ သဗ္ဗံ၊-အလုံးစုံသော သစ်သား ဘဏ္ဍာသည်။ ကပ္ပတိ၊-၏။ မတ္တိကာမယေ၊ မြေဖြင့်ပြီးသောဘဏ္ဍာ၌။ ကတကံ၊ ပဒုမာကြာချက်တမျှ ဆူးပြုတ်ထသော ခြေပွတ်ကိုရင်း။ ကုမ္ဘကာရိကံ၊ အိုး ကုဋိကျောင်းကိုရင်း။ ထပေတွာ၊-၍။ သဗ္ဗံ၊ အလုံးစုံသောမြေဘဏ္ဍာသည်။ ကပ္ပတိ၊-၏။……ဣတိ၊ ဤကား ပကိဏ်းအပြီးတည်း။

---

ယူအံ့၊ ၎င်းပုဂ္ဂိုလ်၏ လက်သို့ မရောက်သေးသောကြောင့် ထိုရဟန်း၏ ဥစ္စာမဖြစ်သေးရကား မကောင်းသောယူခြင်း ဒုဂ္ဂဟိတသာဖြစ်၏။ ။ ဤဥစ္စာကို ဤမည်သော ရဟန်းအား လှူလိုက်ပါဟုဆို၍ပေးအပ်သော ဥစ္စာသည် ပေးလှူအပ်သော အလှူခံရဟန်း၏ ဥစ္စာသာဖြစ်၍ ၎င်းဥစ္စာကို ယူမှု ပေးလှူအပ်သော အလှူခံရဟန်းနှင့် အကျွမ်းဝင်၍ ယူမှသာ သုဂ္ဂဟိတဖြစ်သည်၊ ပေးလှူတတ်သော သက်နီးရှင်ရဟန်းနှင့် အကျွမ်းဝင်၍ ယူသော် ဒုဂ္ဂဟိတဖြစ်သည်။ ။သက်နီးရှင်က ဒေဟိဟု ဆို၍ ပေးခိုင်းခြင်း,ဒမ္မိဟု ဆို၍ ပေးခိုင်းခြင်း နှစ်မျိုး အားလျော်စွာ ဒေဟိဟု စေခိုင်းရာ၌ဝယ် သက်နီးရှင်နှင့် အကျွမ်းဝင်၍ သေသူ့သက်နီးသည် ငါ့အား ရောက်၏ဟုအဓိဋ္ဌာန်မှု ကောင်းသောအဓိဋ္ဌာန်ခြင်းဖြစ်၏၊ယူအပ်၏ဟူလို။ [မဟာဝါ စီဝရက္ခန္ဓကပါဠိတော်။]

**၄၇။ လောဟဘဏ္ဍံ**……ဂါထာဖြင့် အပ်သောဘဏ္ဍာ အမျိုးမျိုးကိုပြသည်၊ သံကြေးဘဏ္ဍာ၌ လက်နက်ကို ဖယ်ထား၍ ကြွင်းအလုံးစုံသော သံကြေးဘဏ္ဍာများအပ်သည်၊ သစ်သားဘဏ္ဍာ၌ သစ်သားသပိတ်, သစ်သားခြေနင်း, သားရဲရုပ်ထုထားသော ပလ္လင်,အခြေမြင့်သော ညောင်စောင်းတို့ကို ဖယ်ထား၍

## ၄၂–ဒေသနာတိ

၁။ စာဂေါ ယော ဘိက္ခုဘာဝသာ၊ သာပါရာဇိကဒေသနာ။
ယထာဝုတ္တေန ဝုဋ္ဌာနံ၊ ဂရုကာပတ္တိဒေသနာ။ ။

## ၄၂။ ဒေသနာတိ ဟူသည်။

၁။ ဘိက္ခုဘာဝသာ၊ ရဟန်းအဖြစ်ကို။ ယော စာဂေါ၊ အကြင် စွန့်ခြင်းသည်။ (အတ္ထိ၊-၏။) သာ၊ ထိုရဟန်းအဖြစ်ကို စွန့်ခြင်းသည်။ ပါရာဇိက ဒေသနာ၊ ပါရာဇိကအာပတ်ကို ဒေသနာကြားခြင်း မည်၏။ ယထာ ဝုတ္တေန၊ အကြင်ဆိုအပ်ပြီးသော နည်းဖြင့်။ ဝုဋ္ဌာနံ၊ အာပတ်မှ ထခြင်းသည်။ ဂရုကာ ပတ္တိ ဒေသနာ၊ သံဃာဒိသေသ် အာပတ်ကို ပြောကြားခြင်း မည်၏။

၂။ ဥက္ကုဋိကံ နိသီဒိတွာ၊ ပဂ္ဂဟေတွာန အဉ္ဇလိံ။
ထုလ္လစ္စယာဒိံ ဒေသေယျ၊ ဝေမတိကာသ သန္တိကေ။ ။

၂။ ဧကေဿ၊ ရဟန်းတပါး၏။ သန္တိကေ၊-၌။ ဥက္ကုဋိကံ၊ ဆောင့်ကြောင့်။ နိသီဒိတွာ၊ ထိုင်၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂဟေတွာန၊ ချီ၍။ ထုလ္လစ္စယာဒိံ၊-ကို။ ဇေ၀ံ၊ ဤဆိုလတ္တံ့သောနည်းဖြင့်။ ဒေသေယျ၊ ဒေသ နာကြားရာ၏။

---

ကြွင်းအလုံးစုံသော သစ်သားဘဏ္ဍာများအပ်သည်၊ မြေဘဏ္ဍာ၌ပဒုမာ ကြာချက်တမျှ ဆူးပြွတ်ထသော ခြေပွတ်, ခနိယထေရ်၏ ကုဋိကဲ့သို့ အလုံးစုံမြေဖြင့်ပြီးသောကုဋိတို့ကိုဖယ်ထား၍ ကြွင်းအလုံးစုံမြေဘဏ္ဍာ များအပ်သည်။[ခုဒ္ဒကဝတ္ထုက္ခန္ဓကပါဠိတော်။]

ပကိဏ္ဏကပြီးပြီ။

---

## ၄၂–ဒေသနာ

၄၂။ ဒေသနာ၊ အာပတ်ဒေသနာကြားပုံစသည်ကိုပြသည်။

**၁။ စာဂေါ ယော ဘိက္ခုဘာဝသ**……ဂါထာဖြင့် ပါရာဇိကနှင့် သံဃာဒိသေသ် နှစ်ပါး ဒေသနာကြားပုံကိုပြသည်။

အဟံ ဘန္တေ ဧကံ ထုလ္လစ္စယာပတ္တိံ အာပဇ္ဇိံ၊ တံ တုမှမူလေ ပဋိဒေသေမီတိ ဝတွာ၊ တေန ပဿသိ အာဝုသော တံ အာပတ္တိန္တိ ဝုတ္တေ။ အာမ ဘန္တေ ပဿာမီတိ ဝတွာ၊ ပုန တေန အာယတိံ အာဝုသော သံဝရေယျာသီတိ ဝုတ္တေ။ သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမီတိ ဝတ္တဗ္ဗံ။ ။အဟံ ဘန္တေ ဒွေ ထုလ္လစ္စယာပတ္တိယော အာပဇ္ဇိံ။ အဟံ ဘန္တေ သမ္ဗဟုလာ ထုလ္လစ္စယာပတ္တိယော အာပဇ္ဇိံ။ တာ တုမှမူလေ ပဋိဒေသေမီတိ ဝတ္တဗ္ဗံ။ ။နိဿဂ္ဂိယေသု ပန ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ။ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမီတိ။ ဣမာနိ မေ ဘန္တေ စီဝရာနိ။ ဧတံ မေ ဘန္တေ စီဝရံ။ ဧတာနိ မေ ဘန္တေ စီဝရာနိ ဒသာဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ။ ဧတာနာဟံ အာယသ္မတော နိဿဇ္ဇာမီတိ။

ဘန္တေ၊-ရှား။ အဟံ၊-သည်။ ဧကံ၊-သော။ ထုလ္လစ္စယာပတ္တိံ၊-သို့။ အာပဇ္ဇိံ၊ ရောက်ပြီ။ တံ၊ ထိုထုလ္လစ္စည်း အာပတ်ကို။ တုမှ မူလေ၊ အရှင်ဘုရားတို့၏အထံ၌။ ပဋိဒေသေမိ၊ ရှေးရှုပြောကြားပါ၏။ ဣတိ ဝတွာ၊ ဤသို့ဆိုခြင်းကြောင့်။ တေန၊ ထိုဒေသနာခံသော ရဟန်းသည်။ အာဝုသော၊ ငါ့ရှင်။ တံ-အာပတ္တိံ၊-ကို။ ပဿသိ၊ မြင်၏လော။ ဣတိဝုတ္တေ၊-

---

**အဓိပ္ပါယ်**……အောက်ကဖွင့်ပြခဲ့ပြီးသောအတိုင်း ရဟန်းအဖြစ်ကို စွန့်ခြင်း လူထွက်ခြင်းသည် ပါရာဇိက အာပတ်ကို ဒေသနာကြားခြင်းမည်၏၊ ပရိဝါသ်မာနတ်ဆောက်တည်ပြီး၍ အဗ္ဘာန် သွင်းခြင်းသည် သံဃာဒိသေသ် အာပတ်ကို ဒေသနာကြားခြင်းမည်၏ ဟူလို။

**၂။ ဥက္ကုဋိကံ နိသီဒိတွာ**…… ဂါထာဖြင့် ထုလ္လစ္စည်း အာပတ်ဒေသနာကြားပုံကိုပြသည်၊ ရဟန်းတပါး၏ အထံ၌ ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီပြီး ထုလ္လစ္စည်း အာပတ်ကို အောက်၌ ဆိုလတ္တံ့သောနည်းအတိုင်း ဒေသနာကြားရမည်။

**ကြားပုံ**……"အဟံ ဘန္တေ ဧကံ ထုလ္လစ္စယာပတ္တိံ အာပဇ္ဇိံ၊ တံ တုမှမူလေ ပဋိဒေသေမိ"—ဟု ဒေသနာကြား။

သော်။ ဘန္တေ၊-ရား။ အာမ ပဿာမိ၊ ဪ-မြင်ပါ၏။ ဣတိ ဝတွာ၊–ကြောင့်။ ပုန၊ တဘန်။ တေန၊ ထိုဒေသနာခံသော ရဟန်းသည်။ အာဂုသော၊-ရှင်။ အာယတိံ၊ နောင်အခါ၌။ သံဝရေယျာသိ၊ စောင့်ရှောက်လေလော့။ ဣတိ ဝုတ္တေ၊-သော်။ ဘန္တေ၊–ရား။ သာဓု၊ ကောင်းပါပြီ။ သုဋ္ဌု၊ ကောင်းစွာ။ သံဝရိဿာမိ၊ စောင့်ရှောက် ပါအံ့။ ဣတိ၊-သို့။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ ။ဘန္တေ၊-ရား။ အဟံ၊-သည်။ ဒွေ၊ နှစ်ပါးကုန်သော။ ထုလ္လစ္စယာ ပတ္တိယော၊-တို့သို့။ အာပန္နော၊-ပြီ။ ဘန္တေ၊-ရား။ အဟံ၊-သည်။ သမ္ဗဟုလာ၊ များစွာကုန်သော။ ထုလ္လစ္စယာ ပတ္တိယော၊-တို့သို့။ အာပန္နော၊-ပြီ။ တာ၊ ထိုအာပတ်တို့ကို။ တုမှ မူလေ၊-၌။ ပဋိဒေသေမိ၊-၏။ ဣတိ၊-သို့။ ဝတ္တဗ္ဗံ၊-၏။ ။ပန၊ အဘို့တပါးကား။ နိဿဂ္ဂိယေသု၊ နိဿဂ္ဂိ အာပတ်တို့၌။ ဘန္တေ၊-ရား။ မေ၊ ၏။ ဣဒံ စီဝရံ၊–သည်။ ဒသာ ဟာတိက္ကန္တံ၊ ဆယ်ရက်ကိုလွန်ခြင်းကြောင့်။ နိဿဂ္ဂိယံ၊ စွန့်ထိုက်၏။ အဟံ၊-သည်။ ဣမံ၊ ဤသင်္ကန်းကို။ အာယသ္မတော၊-အား။ နိဿဇ္ဇာမိ၊ စွန့်ပါ၏။······ဘန္တေ၊-ရား။ မေ၊-၏။ ဣမာနိ စီဝရာနိ၊-တို့သည်။······ဘန္တေ၊-ရား။ မေ၊-၏။ ဧတံ စီဝရံ၊-သည်။······ ဘန္တေ၊-ရား။ မေ၊–၏။ ဧတာနိ စီဝရာနိ၊-တို့သည်။ ဒသာဟာ တိက္ကန္တာနိ၊-တို့ကြောင့်။ နိဿဂ္ဂိယာနိ၊- ကုန်၏။ အဟံ၊-သည်။ ဧတာနိ၊ ထိုသင်္ကန်းတို့ကို။ အာယသ္မတော၊-အား။ နိဿဇ္ဇာမိ၊-၏။ ဣတိ၊ ဤသို့ ဆို၍။ နိဿဇ္ဇိတဗ္ဗံ၊-၏။

---

"ပဿသိ အာဝုသော တံ အာပတ္တိံ "-ဟုဒေသနာခံသော ရဟန်းက ပဋိညာဏ်တောင်း။

"အာမ ဘန္တေ ပဿာမိ"–ဟု ပဋိညာဏ်ပေး။

"အာယတိံ အာဝုသော သံဝရေယျာသိ"–ဟု ဝန်ခံချက်တောင်း။

"သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ"–ဟုဝန်ခံ။

## ထုလ္လစ္စည်း ၂-ခုဒေသနာကြားပုံ

"အဟံ ဘန္တေ ဒွေ ထုလ္လစ္စယာ အာပတ္တိယော အာပန္နော၊တာ တုမှ မူလေ ပဋိဒေသေမိ"–ဟုဒေသနာကြား။

"ပဿသိ အာဝုသော တာ အာပတ္တိယော"-ဟု ပဋိညာဏ်တောင်း။[အကြွင်းရှေ့နည်းအတိုင်းဆို။]

၃။ နိဿဇ္ဇိတ္ဝာန ဒေသေယျ၊ အာပတ္တိံ တေန ဘိက္ခုနာ၊
ပဋိဂ္ဂဟေတွာ အာပတ္တိံ၊ ဒေယျံ နိဿဋ္ဌစီဝရံ။ ။

၃။ နိဿဇ္ဇိတ္ဝာန၊ စွန့်ပြီး၍။ အာပတ္တိံ၊-ကို။ ဒေသေယျ၊-၏။ တေန ဘိက္ခုနာ၊ ထိုသက်နိုးခံသောရဟန်းသည်။ အာပတ္တိံ၊-ကို။ ပဋိဂ္ဂဟေတွာ၊-၍။ နိဿဋ္ဌ စီဝရံ၊ စွန့်သောသင်္ကန်းကို။ ဒေယျံ၊ ပြန်ပေးအပ်၏။

ဣမံ,ဣမာနိ၊ဧတံ,ဧတာနိ စီဝရာနိ အာယသ္မတော ဒမ္မိတိ။

(ကံ ဒေယျံ၊-နည်း။) ဣမံ စီဝရံ၊ ကို။ ဣမာနိ စီဝရာနိ၊-တို့ကို။ ဧတံ စီဝရံ၊-ကို။ ဧတာနိ စီဝရာနိ၊-တို့ကို။ အာယသ္မတော၊-အား။ ဒမ္မိ၊ ပေးပါ၏။ ဣတိ၊-သို့။ ဒေယျံ၊-၏။

ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ။

ဘန္တေ၊-ရား။ မေ၊-၏။ ဣဒံ စီဝရံ၊-သည်။ ဘိက္ခုသမ္မုတိယာ၊-ကို။ အညတြ၊-၍။ ရတ္တိ ဝိပ္ပဝုတ္ထံ၊ ညဉ့်ကင်း နေအပ်သည်ဖြစ်၍။ နိဿဂ္ဂိယံ၊-၏။

---

## ထုလ္လစ္စည်းအများဒေသနာကြားပုံ

"အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပန္နော"—အကြွင်းနည်းတူဆို။

**ဆယ်ရက်လွန်၍စွန့်ပုံ**····"ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ"-ဟုစွန့်။အနိုးတထည်။

"ဣမာနိ မေ ဘန္တေ စီဝရာနိ ဒသာဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ-ပ-မိ"—အများစွန့်ပုံ။

"ဧတံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ဧတာဟံ အာယသ္မတော နိဿဇ္ဇာမိ"—အဝေးတထည်စွန့်ပုံ။

"ဧတာနိ မေ ဘန္တေ စီဝရာနိ ဒသာဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ၊ ဧတာနာဟံ—ပ—မိ"—အဝေးအများစွန့်ပုံ။

**၃။ နိဿဇ္ဇိတွာန** ····ဂါထာဖြင့် နိဿဂ္ဂိ သင်္ကန်းကို စွန့်ပြီးသော် ဒေသနာ ကြားပြီးမှ စွန့်အပ်သောသင်္ကန်းကို ပြန်ပေးပုံကိုပြသည်။

ဣဒံ မေ ဘန္တေ အကာလစီဝရံ မာသာတိက္ကန္တံ နိဿဂ္ဂိယံ။

ဘန္တေ၊-ရှင်ဘုရား။ မေ၊-၏။ ဣဒံ အကာလ စီဝရံ၊-သည်။ မာသာ တိက္ကန္တံ၊ တလကို လွန်သည်ဖြစ်၍။ နိဿဂ္ဂိယံ၊-၏။

ဣဒံ မေ ဘန္တေ ပုရာဏစီဝရံ အညာတိကာယ ဘိက္ခုနိယာ ဓောဝါပိတံ နိဿဂ္ဂိယံ။

ဘန္တေ၊-ရှင်ဘုရား။ မေ၊-၏။ ဣဒံ ပုရာဏစီဝရံ၊-သည်။ အညာတိ ကာယ၊-သော။ ဘိက္ခုနိယာ၊-ကို။ ဓောဝါပိတံ၊ ဖွပ်စေ အပ်သည် ဖြစ်၍။ နိဿဂ္ဂိယံ၊-၏။

ဣဒံ မေ ဘန္တေ စီဝရံ အညာတိကာယ ဘိက္ခုနိယာ ဟတ္ထတော ပဋိဂ္ဂဟိတံ အညတြ ပါရိဝတ္တကာ နိဿဂ္ဂိယံ။

ဘန္တေ၊-ရှင်ဘုရား။ မေ၊-၏။ ဣဒံ စီဝရံ၊-သည်။ ပါရိဝတ္တကာ၊-ကို။ အညတြ၊-၍။ အညာတိကာယ၊-သော။ ဘိက္ခုနိယာ၊-၏။ ဟတ္ထတော၊-မှ။ ပဋိဂ္ဂဟိတံ၊-၍။ နိဿဂ္ဂိယံ၊-၏။

ဣဒံ မေ ဘန္တေ စီဝရံ အညာတကံ ဂဟပတိကံ ဝိညာပိတံ အညတြ သမယာ နိဿဂ္ဂိယံ။

ဘန္တေ၊-ရှင်ဘုရား။ မေ၊-၏။ ဣဒံ စီဝရံ၊-သည်။ သမယာ၊-ကို။ အညတြ၊-၍။ အညာတကံ၊-သော။ ဂဟပတိကံ၊-ကို။ ဝိညာပိတံ၊ တောင်းအပ်သည်ဖြစ်၍။ နိဿဂ္ဂိယံ၊-၏။

ဣဒံ မေ ဘန္တေ စီဝရံ အညာတကံ ဂဟပတိကံ တတုတ္တရိ ဝိညာပိတံ နိဿဂ္ဂိယံ။

ဘန္တေ၊-ရှင်ဘုရား။ မေ၊-၏။ ဣဒံ စီဝရံ၊-သည်။ အညာတကံ၊-သော။ ဂဟပတိကံ၊-ကို။ တတုတ္တရိ၊ ထိုသင်းပိုင်ကိုယ်ဝတ်ထက်အလွန်။ ဝိညာပိတံ၊-၍။ နိဿဂ္ဂိယံ၊-၏။

---

**ပြန်ပေးပုံ**.....“ ဣမံ စီဝရံ အာယသ္မတော ဒမ္မိ”-အနီးတထည် ပြန်ပေးပုံ။

“ဣမာနိ စီဝရာနိ-ပ-ဒမ္မိ”-အနီးအများ ပြန်ပေးပုံ။
“ဧတံ စီဝရံ-ပ-ဒမ္မိ” အဝေးတထည်ပြန်ပေးပုံ။
“ဧတာနိ စီဝရာနိ-ပ-ဒမ္မိ”- အဝေးအများပြန်ပေးပုံ။

ဣဒံ မေ ဘန္တေ စီဝရံ ပုဗ္ဗေ အပ္ပဝါရိတံ အညာတကံ ဂဟပတိကံ ဥပသင်္ကမိတွာ ဝိကပ္ပံ အာပန္နံ နိဿဂ္ဂိယံ။

ဘန္တေ၊-ရှင်။ မေ၊-၏။ ဣဒံ စီဝရံ၊-သည်။ ပုဗ္ဗေ၊ ရှေး၌။ အပ္ပဝါရိတံ၊ မဘိတ်သော။ အညာတကံ၊-သော။ ဂဟပတိကံ၊ သို့။ ဥပသင်္ကမိတွာ၊-၍။ ဝိကပ္ပံ၊-သို့။ အာပန္နံ၊-၍။ နိဿဂ္ဂိယံ၊-၏။

ဣဒံ မေ ဘန္တေ စီဝရံ ပုဗ္ဗေ အပ္ပဝါရိတေ အညာတကေ ဂဟပတိကေ ဥပသင်္ကမိတွာ ဝိကပ္ပံ အာပန္နံ နိဿဂ္ဂိယံ။

ဘန္တေ၊ ရှင်။ မေ၊-၏။ ဣဒံ စီဝရံ၊-သည်။ ပုဗ္ဗေ၊ ရှေး၌။ အပ္ပဝါရိတေ၊ မဘိတ်အပ်ကုန်သော။ အညာတကေ၊-ကုန်သော။ ဂဟပတိကေ၊-တို့သို့။ ဥပသင်္ကမိတွာ၊-၍။ ဝိကပ္ပံ၊-သို့။ အာပန္နံ-၍။ နိဿဂ္ဂိယံ၊-၏။

ဣဒံ မေ ဘန္တေ စီဝရံ အတိရေကတိက္ခတ္တုံ စောဒနာယ အတိရေကဆက္ခတ္တုံ ဌာနေန အဘိနိပ္ဖာဒိတံ နိဿဂ္ဂိယံ။

ဘန္တေ၊-ရှင်။ မေ၊-၏။ ဣဒံ စီဝရံ၊-သည်။ အတိရေက တိက္ခတ္တုံ၊ သုံးကြိမ်ထက် အလွန်။ စောဒနာယ၊ တောင်းခြင်းဖြင့်။ အတိရေက ဆက္ခတ္တုံ၊ ခြောက်ကြိမ်ထက် အလွန်။ ဌာနေန၊ ရပ်ခြင်းဖြင့်။ အဘိနိပ္ဖာဒိတံ၊ ပြီးစေအပ်သည် ဖြစ်၍။ နိဿဂ္ဂိယံ၊-၏။

---

**ညဥ့်ကင်း၍စွန့်ပုံ**……"ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ"—အနီးတထည်။[နီး,ဝေး,နည်း,များ တို့ကို ရှေးနည်းမှီးဆို။]

**အကာလသင်္ကန်းစွန့်ပုံ**……"ဣဒံ မေ ဘန္တေ အကာလစီဝရံ မာသာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ-ပ-မိ။"

**သင်္ကန်းဟောင်းစွန့်ပုံ**……"ဣဒံ မေ ဘန္တေ ပုရာဏစီဝရံ အညာတိကာယ ဘိက္ခုနိယာ ဓောဝါပိတံ နိဿဂ္ဂိယံ၊ ဣမာဟံ-ပ-မိ။"

**သင်္ကန်းခံယူ၍စွန့်ပုံ**……"ဣဒံ မေ ဘန္တေ စီဝရံ အညာတိကာယ ဘိက္ခုနိယာ ဟတ္ထတော ပဋိဂ္ဂဟိတံ အညတြ ပါရိဝတ္တကာ နိဿဂ္ဂိယံ၊ ဣမာဟံ-ပ-မိ။"

ဣဒံ မေ ဘန္တေ ကောသေယျ မိဿကံ သန္ထတံ ကာရာပိတံ နိဿဂ္ဂိယံ။

ဘန္တေ၊—ရား။ မေ၊—၏။ ဣဒံ သန္ထတံ၊—သည်။ ကောသေယျ မိဿကံ၊—လျက်။ ကာရာပိတံ၊ ပြုစေအပ်သည် ဖြစ်၍။ နိဿဂ္ဂိယံ၊-၏။

ဣဒံ မေ ဘန္တေ သုဒ္ဓကာဠကာနံ ဧဠကလောမာနံ သန္ထတံ ကာရာပိတံ နိဿဂ္ဂိယံ။

ဘန္တေ၊—ရား။ မေ၊—၏။ ဣဒံ သန္ထတံ၊—သည်။ သုဒ္ဓကာဠကာနံ၊—ကုန်သော။ ဧဠကလောမာနံ၊-တို့ကို။ ကာရာပိတံ၊-၍။ နိဿဂ္ဂိယံ၊-၏။

ဣဒံ မေ ဘန္တေ သန္ထတံ အနာဒိယိတွာ တုလံ ဩဒါတာနံ တုလံ ဂေါစရိယာနံ ကာရာပိတံ နိဿဂ္ဂိယံ။

ဘန္တေ၊—ရား။ မေ၊-၏။ ဣဒံ သန္ထတံ၊—သည်။ ဩဒါတာနံ၊—တို့၏။ တုလံ၊ တချိန်ကို။ ဂေါစရိယာနံ၊—တို့၏။ တုလံ၊—ကို။ အနာဒိယိတွာ၊—၍။ ကာရာပိတံ၊—၍။ နိဿဂ္ဂိယံ၊—၏။

ဣဒံ မေ ဘန္တေ သန္ထတံ ဦနကဆဗ္ဗဿံ ကာရာပိတံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ။

ဘန္တေ၊-ရား။ မေ၊—၏။ ဣဒံ သန္ထတံ၊-သည်။ ဘိက္ခုသမ္မုတိယာ၊-ကို။ အညတြ၊—၍။ ဦနကဆဗ္ဗဿံ၊ ခြောက်နှစ်မပြည့်မီ။ ကာရာပိတံ၊-၍။ နိဿဂ္ဂိယံ၊-၏။

---

**သင်္ကန်းတောင်းမှု၌စွန့်ပုံ** .....“ဣဒံ မေ ဘန္တေ စီဝရံ အညာတကံ ဂဟပတိကံ ဝိညာပိတံ အညတြ သမယာ နိဿဂ္ဂိယံ၊ ဣမာဟံ ပ မိ။”

**အလွန်ခံမှု၌စွန့်ပုံ** ... “ဣဒံ မေ ဘန္တေ စီဝရံ အညာတကံ တတုတ္တရိ ဝိညာပိတံ နိဿဂ္ဂိယံ၊ ဣမာဟံ-ပ-မိ။”

၁။ စက္ခု-သောတာဒိ-ဘေဒေဟိ၊ စက္ခု,သောတစသော အပြားတို့ဖြင့်။ ရူပ—သဒ္ဒါဒိ-ဂေါစရေ၊ ရူပါရုံ,သဒ္ဒါရုံစသော အာရုံခြောက်ပါး၌။ အဘိဇ္ဈာ-ဒေါမနဿာဒိ ပွဝတ္တိ၊ အဘိဇ္ဈာ,ဒေါမနဿစသည်တို့၏-ဖြစ်ခြင်းကို။ ဝိနိဝါရယေ၊ တားမြစ်ရာ၏။

---

**၁၅။ စာတုမာသိနိယာစာပိ**……ဂါထာဖြင့် ပစ္ဆိမဝါသားရဟန်းများ ပဝါရဏာ ပြုရမည်ကို ပြသည်၊ တန်ဆောင်မုန်းလပြည့်နေ့၌ ပစ္ဆိမဝါမှထသော ရဟန်းများသည် ပုရိမဝါသား ရဟန်းများအောက် နည်းကုန်အံ့၊ ပုရိမဝါသား ရဟန်းများ ဥပုသ်ပြုပြီးမှ ၎င်းတို့ထံ ပဝါရဏာပြုရမည်၊ များကုန်အံ့၊ ပဝါရဏာအရင်ပြုရမည်၊နောက်မှ ပုရိမဝါသားရဟန်းများ ဥပုသ်ပြုရမည်ဟူ၏။

**အမှာစကား**……ပဝါရဏာနှင့်စပ်သော စကားရပ်များကား မဟာဝါ ပဝါရဏာက္ခန္ဓကပါဠိတော် အဋ္ဌကထာစကား . များဟုမှတ်။

ပဝါရဏာပြီးပြီ။

---

## ၄၆—သံဝရ

၄၆။ သံဝရော၊ ဒွါရခြောက်ပါးစောင့်ရှောက်ရမည်ကိုပြသည်။

**၁။ စက္ခုသောတာဒိဘေဒေဟိ**…… ဂါထာဖြင့် စက္ခု, သောတစသော ဒွါရခြောက်ပါးတို့ဖြင့် ရူပါရုံ,သဒ္ဒါရုံစသော အာရုံခြောက်ပါး တရားများကို မြင်,ကြား, တွေ့ထိသောအခါ အဘိဇ္ဈာ,ဒေါမနဿစသော အကုသိုလ်ဓမ္မများမဖြစ်ပွါးရအောင် စောင့်ရှောက်ရမည်ကို ပြသည်။

၂။ နိဂ္ဂဏှေယျ သကံ စိတ္တံ၊ ကိဋ္ဌာဒိ°ဝိယ ဒုပ္ပသုံ၊
သတိမာ သမ္ပဇာနော စ၊ စရေ သဗ္ဗိရိယာပထေတိ။ ။

၂။ ကိဋ္ဌာဒိ°၊ ကောက်စပါးကိုစားတတ်သော။ ဒုပ္ပသုံ၊ ဆိုးသွမ်းသော နွားကြမ်းကို။ နိဂ္ဂဏှေယျဝိယ၊ နှိပ်ရာ သကဲ့သို့။ ကိဋ္ဌာဒိ°၊ အာရုံခြောက်ပါးကိုစားတတ်သော။သကံ–စိတ္တံ၊မိမိ၏ စိတ်ကို။နိဂ္ဂဏှေယျ၊-၏။ သဗ္ဗိ-ရိယာပထေ၊ အလုံးစုံသော ဣရိယာပုထ်၌။ သတိမာစ၊ သတိရှိသည်ဖြစ်၍ရင်း။–သမ္ပဇာနောစ၊ ပညာရှိသည်ဖြစ်၍ရင်း။ စရေ၊ ကျင့်ရာ၏။……ဣတိ၊ ဤကား သံဝရအပြီးတည်း။

---

## ၄၇-သုခီတိ

၁။ ဒေသနာ သံဝရော ဇွိ၊ပစ္စဝေက္ခဏာ ဘေဒတော၊
သုခ္ခိ စတုဗ္ဗိဓာ ပါတိ၊မောက္ခသံဝရသမ္ဘတံ၊
ဒေသနာယ ဝိသုဒ္ဓတ္တာ၊ဒေသနာသုဒ္ဓိ ဝုစ္စတိ။ ။

## ၄၇။ သုခ္ခီတိ၊ဟူသည်။

၁။ ဒေသနာ-သံဝရော-ဇွိ-ပစ္စဝေက္ခဏာ-ဘေဒတော၊ ပြောကြားခြင်း, စောင့်ရှောက်ခြင်း, ရှာမှီးခြင်း, ဆင်ခြင်ခြင်းတို့၏ အပြားတို့ဖြင့်။ သုဒ္ဓိ၊ စင်ကြယ်ခြင်းသည်။စတုဗ္ဗိဓာ၊-၏။( တတ္ထ၊-တို့တွင်။)ပါတိမောက္ခ သံဝရ-သမ္ဘတံ၊ ပါတိမောက္ခသံဝရဟု ဆိုအပ်သော သီလကို။ ဒေသနာယ၊ အာပတ်ကို ပြောကြားခြင်းဖြင့်။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏ အဖြစ်ကြောင့်။ ဒေသနာ သုဒ္ဓိတိ၊-ဟူ၍။ ဝုစ္စတိ၊-၏။

---

**၂။ နိဂ္ဂဏှေယျသကံစိတ္တံ**……ဂါထာဖြင့် စိတ်ကိုတားမြစ်ပုံ ဥပမာကို ပြသည်၊ ကောက်ပင်ကိုစားတတ်သော နွားဆိုးနွားကြမ်းကြီးကို ကြိုးကြိမ်လုံးတို့ဖြင့် ရိုက်နှက်ဆုံးမ၍ သူတပါးလယ်ခင်းမစားရအောင် နွားကျောင်းသား ယောက်ျားသည် တားမြစ်ဘိသကဲ့သို့၊ထို့အတူ မိမိ၏စိတ်ရိုင်းစိတ်ရိုက်ကို အာရုံခြောက်ပါး တည်းဟူသော သူတပါးလယ်ခင်း မစားရအောင် ကြိုးကြိမ်လုံးနှင့်တူသော သတိတရား,သမ္ပဇညတရားတို့ဖြင့် ဣရိယာပုထ်လေးပါးစလုံး၌ပင် စောင့်ရှောက်နှိပ်ကွပ်ထားရမည်ဟူ၏။

၂။ နပုနေဝံ ကရိယာ ႏၲိ၊ ဗိတ္တာ ဗိဋ္ဌာန သံဝရော။
ဇုတ္တော သံဝရသုန္ဓိတိ၊ သုဏ္ဍတိန္ဒြိယသံဝရော။ ။

၂။ ပုန၊ တဘန်။ ဧဝံ၊ ဤသို့ မစောင့်စည်းခြင်းကို။ န ကရိယာသံ၊ မပြုတော့အံ့။ ဣတိ၊ သို့။ ဗိတ္တာ ဗိဋ္ဌာန သံဝရော၊ စိတ်ကို ဆောက်တည်သဖြင့် စောင့်စည်းခြင်းကို။ (ယသ္မာ၊-ကြောင့်။)ဣန္ဒြိယသံဝရော၊ ဣန္ဒြိယ သံဝရသီလသည်။ သုဏ္ဍတိ၊-၏။ (တသ္မာ၊-ကြောင့်။) သံဝရ သုန္ဓိတိ၊-ဟူ၍။ ဇုတ္တော၊-၏။

---

**မှတ်ချက်** .... ဆိုအပ်ပြီးသော ပဝါရဏာတိုင်အောင်သော စကားရပ်တို့ဖြင့် ပါတိမောက္ခသံဝရသီလနှင့် အာဇီဝပါရိသုဒ္ဓိသီလနှစ်ပါးကိုပြ၏၊ ဤသံဝဖြင့် ဣန္ဒြိယသံဝရသီလကို ပြသည်ဟုမှတ်။

သံဝရပြီးပြီ။

## ၄၇-သုဒ္ဓိ

၄၇။ သုဒ္ဓိ၊စင်ကြယ်မှုလေးပါးကိုပြသည်။

**၁။ ဒေသနာသံဝရော** ..... ဂါထာဖြင့် စင်ကြယ်ခြင်း သုဒ္ဓိလေးပါးကို ပြသည်၊သုဒ္ဓိသည် ဒေသနာကြားမှုဖြင့် စင်ကြယ်သော ဒေသနာသုဒ္ဓိ-၁၊ စောင့်စည်းမှုဖြင့် စင်ကြယ်သော သံဝရသုဒ္ဓိ-၂၊ ရှာမှီးမှုဖြင့် စင်ကြယ်သော ပရိယေဋ္ဌိသုဒ္ဓိ-၃၊ပစ္စဝေက္ခဏာ ဆင်ခြင်မှုဖြင့် စင်ကြယ်သော ပစ္စဝေက္ခဏာသုဒ္ဓိ-၄၊ အားဖြင့် လေးပါးပြား၏၊ထိုလေးပါးတို့တွင် ပါတိမောက္ခသံဝရသီလသည် ဒေသနာပြောကြားခြင်းဖြင့်စင်ကြယ်သောကြောင့် "ဒေသနာသုဒ္ဓိ"မည်၏။

**မှတ်ချက်**......ထိုပါတိမောက္ခ သံဝရသီလသည် သဒ္ဓါပြဓာန်းသည်၊ သဒ္ဓါနည်း၍ လွန်ကျူးလျှင်ပျက်၏၊ အာပတ်သင့်၏ဟုမှတ်။

**၂။ နပုနေဝံကရိယာသန္တိ**......ဂါထာဖြင့် သံဝရသုဒ္ဓိကို ပြသည်၊ ဣန္ဒြိယသံဝရ သီလသည် ဣန္ဒြေမစောင့်စည်းမှုကို နောင်တဘန်မပြုတော့အံ့ဟု စိတ်ကို ဆောက်တည် စောင့်စည်းခြင်းဖြင့် စင်ကြယ်သောကြောင့် "သံဝရသုဒ္ဓိ"မည်၏။

၃။ ပဟာယာနေသနံ ဓမ္မေနုပ္ပါဒေန္တဿ ဌိတိယာ။
သုဒ္ဓတ္တာ ဌိတိ သန္ဓီတိ၊ ဝုတ္တမာဇီဝနိဿိတံ။ ။

၃။ အနေသနံ၊ မအပ်သော ရှာမှီးခြင်းကို။ ပဟာယ၊ ပယ်၍။ ဓမ္မေန၊ တရားသဖြင့်။ ဥပ္ပါဒေန္တဿ၊ (ပစ္စည်းလေးပါးကို) ဖြစ်စေတတ်သော ရဟန်း၏။ အာဇီဝနိဿိတံ၊ သမ္မာအာဇီဝနှင့်မှီသော သီလကို။ ဌိတိယာ၊ ရှာမှီးခြင်းဖြင့်။ သုဒ္ဓတ္တာ၊ စင်ကြယ် သည်၏ အဖြစ်ကြောင့်။ ဌိတိသန္ဓီတိ၊-ဟူ၍။ ဝုတ္တံ၊-၏။

၄။ ယောနိသော ပဋိသင်္ခါယ၊ စီဝရံ ပဋိသေဝတိ။
ဧဝမာဒိယထာဝုတ္တ၊ ပစ္စဝေက္ခဏသုဒ္ဓနာ။
ပစ္စဝေက္ခဏသန္ဓီတိ၊ ဝုတ္တံ ပစ္စယနိဿိတန္တိ။ ။

၄။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ စီဝရံ၊-ကို။ ပဋိသေဝတိ၊-၏။ ဧဝမာဒိ ယထာ ဝုတ္တ ပစ္စဝေက္ခဏ သုဒ္ဓနာ၊ ဤသို့အစရှိသော ဟောတော်မူတိုင်းသော ပစ္စဝေက္ခဏာဉာဏ်ဖြင့် စင်ကြယ် ခြင်းကြောင့်။ ပစ္စယ နိဿိတံ၊ ပစ္စယသန္နိဿိတ သီလကို။ ပစ္စဝေက္ခဏ သန္ဓီတိ၊-ဟူ၍။ ဝုတ္တံ၊-၏။… ဣတိ၊ ဤကား သန္ဓိ အပြီးတည်း။

---

**မှတ်ချက်**……ဣန္ဒြိယသံဝရသီလသည် သတိပြဓာန်းသည်၊ သတိနည်း၍ မျက်စိစသည်ကို မစောင့်စည်းလျှင် ပျက်၏၊ လောဘစသော ကိလေသာများ၏ နှိပ်စက်ခြင်းကို ခံရ၏ဟုမှတ်။

**၃။ ပဟာယာနေသနံ**……ဂါထာဖြင့် ပရိယေဋ္ဌိ သန္ဓိကို ပြသည်၊ အနေသန နှစ်ဆဲ့တပါး ပယ်စွန့်၍ တရားသဖြင့် ပစ္စည်းလေးပါးကိုဖြစ်စေသောရဟန်း၏ သမ္မာအာဇီဝနှင့်မှီသော အာဇီဝပါရိသုဒ္ဓိသီလသည် ရှာမှီးခြင်း၏ စင်ကြယ်သောကြောင့်‘‘ပရိယေဋ္ဌိသန္ဓိ’’မည်၏။

**မှတ်ချက်**……ဤအာဇီဝပါရိသုဒ္ဓိသီလသည် ဝီရိယပြဓာန်းသည်၊ ဝီရိယနည်း၍ မိစ္ဆာဇီဝပစ္စည်းများကို သုံးစွဲလျှင် ပျက်၏ဟုမှတ်။

## ၄၈–သဇ္ဈာယသောတိ

၁။ အပ္ပေန အနဝဇ္ဇေန၊သဇ္ဈုပ္ပြေဿ သုလဘေနစ။
မတ္တညူ သုဘရော ဟုတွာ၊စရေ သန္တုဋ္ဌကော်ဂါရဝေါ။ ။

### ၄၈။ သဇ္ဈာယသောတိ၊ဟူသည်။

၁။ သန္တုဋ္ဌ ဂါရဝေါ၊ သူတော်ကောင်းတို့၏ တရားကို ရိုသေသော ရဟန်းသည်။ အပ္ပေန၊ အဘိုးအနည်းငယ်ထိုက်သော ပစ္စည်းဖြင့်ရင်း။ အန ဝဇ္ဇေန၊ အပြစ်မရှိသော ပစ္စည်းဖြင့်ရင်း။ သုလဘေန၊ ရလွယ်သော ပစ္စည်းဖြင့်ရင်း။ သဇ္ဈုပ္ပြေဿ၊ ရောင့်ရဲသည်။ မတ္တညူ၊ (၅၁,၁၀,သုံး,စွန့်ခြင်း၌ )အတိုင်း အရှည်ကို သိလေ့ရှိသည်။ သုဘရော၊ မွေးမြူလွယ်သည်။ ဟုတွာ၊-၍။ စရေ၊ ကျင့်ရာ၏။

---

၄။ **ယောနိသောပဋိသင်္ခါယ**····ဂါထာဖြင့် ပစ္စဝေက္ခဏာသုဒ္ဓိကို ပြသည်၊ပစ္စည်းလေးပါးကို ဠာဏ ပရိဘောဂမှ လွတ်မြောက်ရန် အရဏ်မတက်မီအတွင်း ပဋိသင်္ခါ ယောနိသော စိဝရံ ပဋိသေဝါမိစသည်ဖြင့် ဆင်ခြင်၍ စင်ကြယ်အောင် ပြုသောကြောင့် ပစ္စယသန္နိဿိတသီလသည် "ပစ္စဝေက္ခဏာသုဒ္ဓိ" မည်၏။

**မှတ်ချက်**······ဤပစ္စယ သန္နိဿိတသီလသည် ပညာပြဓာန်းသည်၊ ပညာနည်း၍ မဆင်ခြင်ဘဲ သုံးဆောင်လျှင် ပျက်၏၊ ပရိဘောဂကြွေးတင်၏ဟုမှတ်။

**ဆောင်**····· သီလလေးဖြာ၊ ပါ,ဋ္ဌုံ, အာ၊ပစ္စယာသန္နိဿိ။
အပြစ်ကားလေး၊ပတ်,ကိလေး၊သက်မွေးကြွေးတင်ဘိ။
သုဒ္ဓိလေး၀၊ဒေ,သံ,ပ၊ပစ္စဝေက္ခဏာ။
ပြဓာန်းလေးရှိ၊ ဒ္ဓါ,သတိ၊ဝိရိ,ပညာသာ။
သုဒ္ဓိပြီးပြီ။

---

## ၄၈–သဇ္ဈာယ

၄၈။ သဇ္ဈာယသော၊ရောင့်ရဲတင်းတိမ်ရန်ကိုပြသည်။

၁။ **အပ္ပေန အနဝဇ္ဇေန**······ဂါထာဖြင့် သူတော်ကောင်း တရား၌ ရိုသေလေးစားသော ရဟန်းကောင်း

၂။ အတီတံ နာနုသောစန္တိ၊နပ္ပဇပ္ပမနာဂတံ။
ပစ္စုပ္ပန္နေန ယာပေန္တိ၊သန္တုဋ္ဌောတိ ပဝုစ္စတိ။ ။

၂။ အတီတံ၊ အတိတ် ပစ္စည်းလေးပါးကို။ နာနုသောစန္တိ၊ အဘန်တလဲလဲ မစိုးရိမ်ဘဲ။ အနာဂတံ၊ အနာဂတ် ပစ္စည်းကို။ နပ္ပဇပ္ပံ၊ မတောင့်တဘဲ။ ပစ္စုပ္ပန္နေန၊ ရဆဲပစ္စုပ္ပန် ပစ္စည်းဖြင့်။ ယာပေန္တိ၊ မျှတသော ရဟန်းကို။ သန္တုဋ္ဌောတိ၊ ရောင့်ရဲသော ရဟန်းဟူ၍။ ပဝုစ္စတိ၊-၏။······ဆူတိ၊ ဤကား သန္တောသ အပြီးတည်း။

## ၄၉-စတုရက္ခာတိ

၁။ ဗုဒ္ဓါနုဿတိ မေတ္တာစ၊အသုဘံ မရဏဿတိ။
အာရက္ခာဒိနာရဟံ၊သမ္ဗာ သာမဏ္ဍ ဗုဒ္ဓတော။ ။
၂။ သမ္ဗာသမ္ဗုဒ္ဓေါ ဉာတိဝါ၊နုဿတိ ယာ ပုနပ္ပုနံ။
နဝဘေဒေ ဘဂဝတော၊ဗုဒ္ဓါနုဿတိ သာ ဂုဏော။ ။

## ၄၉။ စတုရက္ခာတိ၊ဟူသည်။

၁-၂။ ဗုဒ္ဓါနုဿတိ၊ မြတ်စွာဘုရား၏ဂုဏ်တော်ကို အဘန်တလဲလဲ အောက်မေ့ခြင်းဝင်း။ မေတ္တာစ၊ မေတ္တာကို ပွါးစေခြင်းဝင်း။ အသုဘံ၊

---

သည် သလုံးမြင်းခေါင်းဖြင့် ရှာမှီး၍ရသော ဆွမ်း, ပံ့သုကူသင်္ကန်း, သစ်ပင်ရင်းဟူသောကျောင်း,နွားကျင်ပုပ်ဖြင့် စိမ်အပ်သော ဆီးဖြူရှိရှား စသောဆေး, ဤပစ္စည်းလေးပါးတို့သည် အဘိုးကလည်းနည်း ရှာရ လည်းလွယ် အသွယ်သွယ်အပြစ်မှလည်းကင်းသောကြောင့် ဇင်းပစ္စည်း မျိုးဖြင့်ဖြစ်စေ,သန္တောသတရား ဆဲ့နှစ်ပါးဖြင့်ဖြစ်စေ ရောင့်ရဲတင်းတိမ် ရမည်၊ ရှာမှီးခြင်း, ခံယူခြင်း, သုံးစွဲခြင်း,စွန့်ခြင်းတို့၌ အတိုင်းအရှည်ကို သိလေ့ရှိရမည်၊ ဆိုးကောင်းယုတ်မြတ် ရတတ်သမျှဖြင့် မိမိကိုယ်ကို မွေးမြူလွယ်စေရမည့်အဖြစ်ကိုပြသည်ဟူ၏။

၂။ **အတီတံ**······ဂါထာဖြင့် လွန်လေပြီးသော ပစ္စည်းများအတွက် ရတက်မပွါးစေရ၊ စိုးရိမ်ခြင်း ကင်းစေရမည်၊ အနာဂတ်ပစ္စည်းများအတွက်လည်း တောင့်တောင့်တတ မရှိစေရ၊ ရဆဲပစ္စည်းများဖြင့်သာ မျှတစေရမည်၊ ထိုရဟန်းမျိုးကို သန္တုဋ္ဌ ရောင့်ရဲလွယ်သော ရဟန်းခေါ်သည်ကိုပြသည်ဟူ၏။

သန္တောသပြီးပြီ။

---

H.132-33

အသုဘကို ပွါးခြင်းငှင်း၊ မရဏာဿတိ၊ သေခြင်းကို အောက်မေ့ခြင်းငှင်း၊ (ဣမာ၊ ဤလေးပါးတို့သည်။) စတုရာ ရက္ခာ နာမ၊ ကိုယ်စောင့်တရား လေးပါးတို့ မည်ကုန်၏။ တတ္ထ၊ ထိုလေးပါးတို့တွင်။ အာရက္ခတ္တာ ဒိနာ၊ ကိလေသာတို့မှဝေးကွာတော်မူသည်၏အဖြစ် စသော အကြောင်းကြောင့်။ အရဟံ၊ အရဟာမည်တော်မူ၏။ ဣတိဝါ၊ ဤသို့ငှင်း။ သမ္မာ၊ မဖောက်မပြန်၊ သာမဉ္စ၊ ကိုယ်တိုင်သာလျှင်။ ဗုဒ္ဓတော၊ သိတော်မူပြီးသည့်အဖြစ်ကြောင့်။ သမ္မာသမ္ဗုဒ္ဓေါ၊-မည်တော်မူ၏။ ဣတိဝါ၊-သို့ငှင်း။ ဘဂဝတော၊—၏။ နဝ-ဘေဒေ၊ ကိုးပါး အပြားရှိကုန်သော။ ဂုဏေ၊ ဂုဏ်တော်တို့ကို။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ယာ အနုဿတိ၊ အကြင် အောက်မေ့ခြင်းသည်။ (အတ္ထိ၊—၏။) သာ—အနုဿတိ၊—သည်။ ဗုဒ္ဓါ—နုဿတိ၊—မည်၏။

---

## ၄၉–စတုရာရက္ခ

၄၉။ စတုရာရက္ခာ၊ကိုယ်စောင့်တရားလေးပါးကိုပြသည်။

**၁–၂။ ဗုဒ္ဓါနုဿတိ**……စသော နှစ်ဂါထာတို့ဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုအောက်မေ့ခြင်းဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကိုပြသည်၊ ဆိုအပ်ပြီးသော သီလကြီးလေးပါးနှင့် ပြည့်စုံ၍ သင်္ကန်းဝတ်ရောင် ဝင်းပြောင်တင့်ဆန်း ယောဂီ ရဟန်းမြတ်သည် သမထ,ဝိပဿနာဘာဝနာများကိုအားထုတ်ရမည်၊ထိုသို့အားထုတ်ရာ၌ ဦးစွာအစအားထုတ်ရမည့်ကမ္မဋ္ဌာန်းများကားဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း-၁၊ မေတ္တာကမ္မဋ္ဌာန်း-၂၊ အသုဘကမ္မဋ္ဌာန်း-၃၊ မရဏာနုဿတိ ကမ္မဋ္ဌာန်း-၄၊ဤကမ္မဋ္ဌာန်း ၄–ပါးကို အားထုတ်ရမည်၊ဤကမ္မဋ္ဌာန်း ၄–ပါးကိုအထက် အထက်ဖြစ်သော အမြတ်နန်းအားထုတ်ရမည့် သမထ, ဝိပဿနာတရားများ၏ အခြေမြစ်သဘွယ်ဖြစ်၍ မိမိကိုစောင့်ရှောက်တတ်သောကြောင့် "စတုရာရက္ခတရား"ဟုဆိုသည်။

ထို ၄–ပါးတို့တွင် ကိလေသာတို့မှ ဝေးကွာသည့်အဖြစ် အစရှိသော အကြောင်းကြောင့်"အရဟံ"မည်တော်မူ၏၊မဖောက်မပြန် ကိုယ်တိုင် သာလျှင် အလုံးစုံသော တရားတို့ကို သိတော်မူပြီးသောကြောင့်

၃။ သိမဋ္ဌသံဃော သိမဋ္ဌါ၊ဒေဝတာသု စ ဒူသရေ။
ဇနေ ဂေါစရဂါမမှိ၊တတ္ထုပါဒါယ မာနုသေ။ ။

၄။ သဗ္ဗသတ္တေသု သုခိတာ၊ဟောန္တုဝေရာတိ အာဒိနာ။
ပရိန္တိတ္တ ပရိန္တိတ္တ၊ဘာဝနာ မေတ္တာဘာဝနာ။ ။

၃-၄။ သိမ-ဋ္ဌ-သံဃော၊ ဥပစာသိမ်၌တည်သော သံဃာ၌ဎင်း။ သိမ-ဋ္ဌ-ဒေဝတာသုစ၊ ဥပစာရသိမ်၌တည်နေကုန်သော နတ်တို့၌ဎင်း။ ဂေါစရ-ဂါမမှိ၊ ဆွမ်းခံရွာ၌။ ဒူသရေ-ဇနေ၊ အစိုးရသောသူ၌ဎင်း။ တတ္ထ၊ ထိုဆွမ်းခံရွာ၌။ မာနုသေ၊ လူတို့ကို။ ဥပါဒါယ၊ အစပြု၍။သဗ္ဗ-သတ္တေသုစ၊ အလုံးစုံသောသတ္တဝါတို့၌ဎင်း။ သုခိတာ၊ ချမ်းသာခြင်းသို့ ရောက်ကုန်သည်။အ-ဝေရာ၊ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ ဣတိ-အာဒိနာ၊-သည်ဖြင့်။ ပရိန္တိတ္တ-ပရိန္တိတ္တ၊ ပိုင်းခြား၍ ပိုင်းခြား၍။ဘာဝနာ၊ပွါးစေခြင်းသည်။မေတ္တာ-ဘာဝနာ၊-မည်၏။

---

"သမ္မာသမ္ဗုဒ္ဓ"မည်တော်မူ၏။ဤသို့စသည်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးပါးကို အာရုံပြု၍ အဘန်ဘန်ပွါးများခြင်းသည် "ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း"မည်၏။

**၃-၄။ သိမဋ္ဌသံဃော** ..... စသောနှစ်ဂါထာတို့ဖြင့် မေတ္တာကမ္မဋ္ဌာန်းကိုပြသည်။

၁။ ဥပစာရသိမ်တွင်းရှိ သံဃာသည် ရန်ကင်းပါစေ, စိုးရိမ်ခြင်းကင်းပါစေ,ဆင်းရဲခြင်းကင်းပါစေ,မိမိကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ပါစေ။

၂။ ဥပစာရသိမ်တွင်းရှိ နတ်တို့သည် ရန်ကင်းကြပါစေ,စိုးရိမ်ခြင်းကင်းကြပါစေ, ဆင်းရဲခြင်းကင်းကြပါစေ, မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

၃။ ငါတို့ဆွမ်းခံရွာနေသူ လူတို့ကို အစပြု၍ အလုံးစုံသော သတ္တဝါတို့သည် ရန်ကင်းကြပါစေ, စိုးရိမ်ခြင်းကင်းကြပါစေ, ဆင်းရဲခြင်းကင်းကြပါစေ,မိမိတို့ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

၅။ ဝဏ္ဏ သဏ္ဌာန ဩကာသ၊ ဒိသတော ပရိစ္ဆေဒတော။
ဝဝတ္ထပေတွာ ကောသာဒိ၊ ကောဋ္ဌာသေ အနုပုဗ္ဗတော။ ။
၆။ နာတိသီဃာဒ္ဒ သဏိကံ၊ ဝိက္ခေပံ ပဋိဗာဟယံ။
ပဏ္ဏတ္တိံ သမတိက္ကမ္မ၊ မုဉ္စန္တဿာနုပုဗ္ဗတော။ ။
၇။ ဝဏ္ဏအာသယသဏ္ဌာန၊ ဂန္ဓေဟာသေဟိ ဘာဝနာ။
ပဋိကူလာတိ ကောဋ္ဌာသေ၊ ဥဒ္ဓုမာတာဒိဝတ္ထုသု၊
ဂဟေတွာ အသုဘာကာရံ၊ ပဝတ္တာ ဘာဝနာသုဘံ။ ။

၅–၆–၇။ ဝဏ္ဏ–သဏ္ဌာန–ဩကာသ– ဒိသတော၊ အဆင်း, သဏ္ဌာန်,တည်ရာ,အရပ်အားဖြင့်၎င်း။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်၎င်း။ ကောသာဒိ–ကောဋ္ဌာသေ၊ ဆံပင်အစရှိသော ကောဋ္ဌာသတို့ကို။ ဝဝတ္ထပေတွာ၊ပိုင်းခြား မှတ်သား၍။ အနုပုဗ္ဗတော၊ အစဉ်အားဖြင့်၎င်း။ နာ·တိသီဃာဒ္ဒ–သဏိကံ၊မမြန်လွန်း, မနှေးလွန်းသောအားဖြင့်၎င်း။ ဝိက္ခေပံ၊ပျံ့လွင့်ခြင်းကို။ ပဋိဗာဟယံ၊ တားမြစ်သောအားဖြင့်၎င်း။ ပဏ္ဏတ္တိံ၊ (ဆံပင်စသော)ပညတ်ကို။သမတိက္ကမ္မ၊ လွန်၍၎င်း။ အနုပုဗ္ဗတော၊–အားဖြင့်။မုဉ္စန္တဿ၊(မထင်သည်ကို)လွှတ်လျက်၎င်း။ကောဋ္ဌာ

---

၄။ လူတို့ကို အုပ်ချုပ်၍နေကြကုန်သော အစိုးရသော သူတို့သည် ရန်ကင်းကြပါစေ,စိုးရိမ်ခြင်းကင်းကြပါစေ, ဆင်းရဲခြင်းကင်းကြပါစေ, မိမိတို့ကိုယ်ကို ချမ်းသာအောင်ရွက်ဆောင်နိုင်ကြပါစေ။

ဤသို့စသည်ဖြင့် ပိုင်းခြား၍ ပွါးများခြင်းသည် "မေတ္တာကမ္မဋ္ဌာန်း" မည်၏။

**၅–၆–၇။ ဝဏ္ဏသဏ္ဌာန ဩကာသ** ··စသော သုံးဂါထာတို့ဖြင့် အသုဘ ကမ္မဋ္ဌာန်းကို ပြသည်၊ ရှေးဦးစွာ ဤအသုဘကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် ၇–ပါးအပြားရှိသော သင်ယူခြင်း၌ လိမ္မာသော ဉာဏ်ဟူသော ဥဂ္ဂဟကောသလ္လ၊ ၁၀–ပါးအပြားရှိသော နှလုံးသွင်းရန် ဉာဏ်ဟူသော မနသိကာရကောသလ္လ၊ ဤနှစ်ပါးကို ပိုင်းခြား၍ သိနှင့်ထားရမည်၊ ထိုတွင် နှုတ်ဖြင့်စီးဖြန်းခြင်း ဝစသာ-၁၊ စိတ်ဖြင့်စီးဖြန်းခြင်း မနသာ–၂၊အဆင်းအားဖြင့် စီးဖြန်းခြင်း ဝဏ္ဏတော-၃၊သဏ္ဌာန်အားဖြင့်

သော၊( ဆံပင်စသော ) ကောဋ္ဌာသတို့ကို။ ဝဏ္ဏ-အာသယ-သဏ္ဌာန-ဂန္ဓော-ကာသေဟိ၊ အဆင်း,ဖြစ်ကြောင်း, သဏ္ဌာန်, အနံ့, ဖြစ်ရာအရပ်တို့ဖြင့်။ ပဋိကူလာတိ၊ စက်ဆုပ် ရွံရှာဘွယ်ဟူ၍။ ဘာဝနာ၊ ပွါးစေခြင်းသည်ရင်း။ဥဒ္ဓုမာတာဒိ-ဝတ္ထုသု၊ ဥဒ္ဓုမာတစသော အသုဘ ဆယ်ပါးတို့၌။ အသုဘာ-ကာရံ၊ အသုဘအခြင်းအရာကို။ ဂဟေတွာ၊-၍။ ပဝတ္တာ၊ ဖြစ်သော။ ဘာဝနာ၊-သည်ရင်း။အသုဘံ၊-မည်၏။

ဂ။ မရဏံ မေ ဘဝိဿတိ၊ဇီဝိတံ ဥပစ္ဆိဇ္ဇတိ။
ခရဏံ မရဏံဝါတိ၊ဘာဝယိတွာန ယောနိသော။ ။

ဂ။ မေ၊ ငါ့အား။ ဝါ၊-၏။မရဏံ၊ သေရခြင်းသည်။ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဣတိဝါ၊-သို့ရင်း။ ဇီဝိတံ၊အသက်သည်။ဥပစ္ဆိဇ္ဇတိ၊ချုပ်ငြိမ်း၏။ ဣတိဝါ၊-ရင်း။ မရဏံ မရဏံ၊သေဘူးလှလေပြီ,သေဘူးလှလေပြီ။ ဣတိဝါ၊-ရင်း။ ယောနိသော၊-အားဖြင့်။ ဘာဝယိတွာန၊ ပွါးစေ၍။

---

စီးဖြန်းခြင်း သဏ္ဌာနတော-၃၊အောက်ပိုင်းကိုယ် အထက်ပိုင်းကိုယ်အားဖြင့် စီးဖြန်းခြင်း ဒိသတော-၅၊ တည်ရာအရပ်အားဖြင့် စီးဖြန်းခြင်း ဩကာသတော-၆၊ သဘာဂ, ဝိသဘာဂပရိစ္ဆေဒအားဖြင့် စီးဖြန်းခြင်း-၇၊ ဤခုနစ်ပါးသော ဥဂ္ဂဟကောသလ္လဉာဏ်ကို ပိုင်းခြားသိနှင့်ထားရမည်၊ ထို့နောင်······ဈေးဦးစွာ တစပဉ္စက ကမ္မဋ္ဌာန်းကို အနုလုံ, ပဋိလုံ မနှေးမမြန် နှုတ်ဖြင့်စီးဖြန်း၊ ထို့နောင် ပဉ္စက,ဆက္ကကနံအောင် အနုလုံ,ပဋိလုံ စီးဖြန်း၊စိတ်ဝင်စားအောင် ကောဋ္ဌာသတွေ သံကွင်းဆက်ကဲ့သို့ အကွင်းလိုက်ထင်အောင် စီးဖြန်း၊ ထို့နောင်မှ စိတ်ထဲကစီးဖြန်း။ ။ဆံပင်,မွေးညှင်းစသည်ဖြင့် အစဉ်အတိုင်းစီးဖြန်းခြင်း အနုပုဗ္ဗတော-၁၊မမြန်လွန်းသောအားဖြင့် စီးဖြန်းခြင်း-၂၊ မနှေးလွန်းသောအားဖြင့် စီးဖြန်းခြင်း-၃၊စိတ်ပျံ့လွင့်ခြင်းကိုတားမြစ်နိုင်အောင် စီးဖြန်းခြင်း-၄၊ ဆံပင်စသော ပညတ်ကိုလွန်အောင် စီးဖြန်းခြင်း-၅၊ မထင်သော ကောဋ္ဌာသတွေထင်အောင် အစဉ်လွှတ်၍ စီးဖြန်းခြင်း-၆၊အပ္ပနာ နှစ်ပါးဖြစ်အောင် စီးဖြန်းခြင်း-၇၊အဓိစိတ္တသုတ်-၈၊သီတိဘာဝသုတ်-၉၊ဗောဇ္ဈင်္ဂကောသလ္လသုတ်-၁၀၊ဤ ၁၀-ပါး အပြားရှိသော မနသိကာရကောသလ္လကို သိအောင်ပြုပြီး၍ အဆင်း,ဖြစ်ကြောင်း,သဏ္ဌာန်,အနံ့, ဖြစ်ရာ

၉။ ဝဓကေသေဝုပဋ္ဌာနာ၊ သမ္ဗုတ္တိနံ ဝိပတ္တိတော။
ဥပသံဟာရတော ကာယ၊ဗဟုသာခရဏာ တထာ။ ။
၁၀။ အာယုဒုဗ္ဗလတော ကာလ၊ ဝဝတ္တာနသဘာဝတော။
အဒ္ဓါနသ ပရိစ္ဆေဒါ၊ဘာဝနာ မရဏာသတိတိ။ ။

၉–၁၀။ ဝဓကေသေဝ၊ သူသတ်ယောက်ျား ကဲ့သို့။ ဥပဋ္ဌာနာ၊ (သေခြင်းတရား) ကပ်၍ တည်သောအားဖြင့်၎င်း။ သမ္ဗုတ္တိနံ၊ ပြည့်စုံခြင်းတို့၏။ ဝိပတ္တိတော၊ ပျက်စီးခြင်းအားဖြင့်၎င်း။ ဥပသံဟာရတော၊ (သူတပါးတို့၏သေခြင်းကို)မိမိ၌ဆောင်သောအားဖြင့်၎င်း။ ကာယ-ဗဟုသာခရဏာ၊ ခန္ဓာကိုယ်၏ များစွာသောသေခြင်း အကြောင်းတို့နှင့် ဆက်ဆံသောအားဖြင့်၎င်း။တထာ၊–ပါး။အာယု–ဒုဗ္ဗလတော၊အသက်၏နည်းသောအားဖြင့်၎င်း။ ကာလ–ဝဝတ္တာနသ၊ သေရာကာလ အပိုင်းအခြား၏။ အ-ဘာဝတော၊ မရှိသောအားဖြင့်၎င်း။ အဒ္ဓါနသ၊ (ရှည်လှပါမှတရာဟူသော)အခွန့်ကာလကို။ ပရိစ္ဆေဒါ၊ ပိုင်းခြားသော အားဖြင့်၎င်း။ဘာဝနာ၊-သည်။မရဏာ-သတိ၊–မည်၏။……ဣတိ၊ ဤကား စတုရာရက္ခအပြီးတည်း။

---

အရပ်တို့ဖြင့် ရွှံစရာကောင်း၏ဟု စီးဖြန်းခြင်းသည်၎င်း ဥဒ္ဓုမာတက စသော အသုဘဆယ်ပါးတို့၌ အသုဘအခြင်းအရာကိုယူ၍ စီးဖြန်းခြင်း သည်၎င်း အသုဘကမ္မဋ္ဌာန်းမည်၏ဟူလို။

**၈။ မရဏံမေ ဘဝိဿတိ**…ဂါထာဖြင့် မရဏာနှ့သတိကမ္မဋ္ဌာန်း ပွါးပုံကိုပြသည်၊ ငါသည် ဧကန်မုချ သေရလတ္တံ့ဟူ၍၎င်း,ငါ၏အသက်သည် ချုပ်၍ချုပ်၍ နေချေ၏တကား, ဘဝများစွာ သံသရာ၌ သေဘူးလှလေပြီ သေဘူးလှလေပြီဟူ၍၎င်း အသင့်အတင့် ပွါးများရမည်။

**၉-၁၀။ ဝဓကေသေဝုပဋ္ဌာနာ**…စသောနှစ်ဂါထာတို့ဖြင့် မရဏာနှ့ သတိ ကမ္မဋ္ဌာန်း စီးဖြန်းပုံ တနည်းကိုပြသည်။ အဓိပ္ပါယ်လွယ်၏။ အကျယ်ကို ဝိမောက္ခမုခမေဒိနီ ကျမ်း၌ ဆိုခဲ့ပြီ။

စတုရာရက္ခပြီးပြီ။

## ၅၀—ဝိပဿနာတိ

၁။ နာမရူပံ ပရိဂ္ဂယှ၊ တတော တဿ စ ပစ္စယံ။
ဟုတွာ အဘာဝတော နိစ္စာ၊ ဥဒယဗ္ဗယပီဠိတာ။ ။
၂။ ဒုက္ခာ အဝသဝတ္တိတ္တာ၊ အနတ္တာတိ တိလက္ခဏံ။
အာရောပေတွာန သင်္ခါရေ၊ သမ္မသန္တော ပုနပ္ပုနံ။
ပါပုဏေယျာနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခယန္တိ။ ။

## ၅၀။ ဝိပဿနာတိ၊ ဟူသည်။

၁-၂။ နာမ ရူပံ၊ ( တေဘူမက သင်္ခါရ ဖြစ်သော) နာမ်ရုပ်ကို။ ပရိဂ္ဂယှ၊ (လက္ခဏာ စသည်ဖြင့်) သိမ်းဆည်း၍။ တတော၊ ထိုနာမ်ရုပ်ကို သိမ်းဆည်းပြီးသည်မှ။ (ပရံ၊ နောက်ကာလ၌။) တဿ၊ ထိုနာမ်ရုပ်၏။ ပစ္စယံစ၊ အကြောင်းကိုလည်း။ ပရိဂ္ဂယှ-၍။ ဟုတွာ၊ ဖြစ်ပြီး၍။ အဘာဝတော၊ ဘာဝတခဏမျှမရှိခြင်းကြောင့်။ အ နိစ္စာ၊ မမြဲကုန်။ ဥဒယ ဗ္ဗယ ပီဠိတာ၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် အတင်းနှိပ်စက်ခြင်းကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အ ဝသ ဝတ္တိတ္တာ၊ အလိုအတိုင်း မဖြစ်ခြင်း ကြောင့်။ အနတ္တာ၊ အစိုးမရကုန်။ ဣတိ၊-သို့။ တိ လက္ခဏံ၊ လက္ခဏာယာဉ်သုံးပါးသို့။ အာရောပေတွာန၊ ရှေးရှု တင်၍။ သင်္ခါရေ၊ တေဘူမက သင်္ခါရတို့ကို။ ပုန ပ္ပုနံ၊ အဘန်တလဲလဲ။ သမ္မသန္တော၊ သုံးသပ် ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်သည်။ အနုပုဗ္ဗေန၊ (ဥဒယ ဗ္ဗယ စသော) ဉာဏ်စဉ်အားဖြင့်။ သဗ္ဗ သံယောဇန က္ခယံ၊ အလုံးစုံသော သံယောဇဉ်တို့၏ ကုန်ရာ အရဟတ္တမဂ်သို့။ ပါပုဏေယျ၊ ရောက်ရာ၏။......ဣတိ၊ ဤကား ဝိပဿနာ အပြီးတည်း။

---

## ၅၀—ဝိပဿနာ

၅၀။ ဝိပဿနာ၊ ဝိပဿနာဘာဝနာကိုပြသည်။

**၁—၂။ နာမရူပံ ပရိဂ္ဂယှ**......စသော နှစ်ဂါထာတို့ဖြင့် ဝိပဿနာ ဘာဝနာကို အားထုတ်ရမည့်အစဉ်နှင့်တကွ ဝိပဿနာအားထုတ်ပုံကိုပြသည်။ အဓိပ္ပါယ်လွယ်၏။ အကျယ် ဝိပဿနာမေဒိနီကျမ်း၌လာပြီ။

ဝိပဿနာပြီးပြီ။

ခုဒ္ဒသိက္ခာမေဒိနီပြီးပြီ။

## နိဂမ

၁။ အဓိသီလာဓိစိတ္တာနံ၊အဓိပညာယ သိက္ခနာ။
ဘိက္ခုကိစ္စမတော ခုဒ္ဒ၊သိက္ခာယံ သမုဒ္ဒါဟဋာ။ ။

## နိဂုံး

၁။ အဓိသီလာ ဓိစိတ္တာနံ၊ အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာတို့ ကိုရင်း။ အဓိပညာယ၊ အဓိပညာ သိက္ခာကိုရင်း။ သိက္ခနာ၊ သင်ခြင်း, ကျင့်ခြင်း,အားထုတ်ခြင်းသည်။ (ယသ္မာ၊ အကြင် အကြောင်းကြောင့်။) ဘိက္ခုကိစ္စံ၊ ရဟန်းတို့၏ ကိစ္စမည်၏။ အတော၊ ထို့ကြောင့်။ အယံ ခုဒ္ဒသိက္ခာ၊ဤခုဒ္ဒသိက္ခာ လက်သန်းအဋ္ဌကထာကို။ သမုဒ္ဒါ-ဟဋာ၊ လို ရာမကြွင်း အကျဉ်းထုတ်ဆောင်အပ်၏။

၂။ မဟာတော ကိတ္တိသဒ္ဒဿ၊ယဿ လောကဝိစာရိနော။
ပရိဿမော န သမ္ပောတိ၊မာလုတဿေဝ နိစ္စသော။ ။

၂။ နိစ္စသော၊ အမြဲအားဖြင့်။ လောက ဝိစာရိနော၊ လောကဓာတ်၌ တိုက်ခတ်လှည့်လည်သွားလာနေသော။ မာလုတဿ၊ လေ၏။ ပရိဿ မော၊ ငြီမ်းစဲ ကုန်ခန်းခြင်းသည်။ န သမ္ပောတိ ဣဝ၊ မဖြစ်သကဲ့သို့။ (တထာ၊-တူ။)ယဿ၊ အကြင် မထေရ်၏။ လောက ဝိစာရိနော၊ လူ့ ပြည်နတ်ရပ် လောကဓာတ်၌ မပြတ်နှံ့ပြား သွားလာနေသော။ မဟ တော၊ ကြီးကျယ်များမြတ်သော။ ကိတ္တိ သဒ္ဒဿ၊ ကျော်စော သံ၏။ ပရိဿမော၊-သည်။ န သမ္ပောတိ၊ မဖြစ်။

၃။ တေန ဓမ္မသိရီကေန၊တမ္ဗပဏ္ဏိယကေတုနာ။
ထေရေန ရစိတာ ဓမ္မ၊ဝိနယညူ ပသံသိတာ။ ။

၄။ ဇော္တာဝတာယံ နိဋ္ဌာနံ၊ခုဒ္ဒသိက္ခာ ဥပါဂတာ။
ပဥ္စမတ္တေဟိ ဂါထာနံ၊သတေဟိ ပရိမာဏတောတိ။ ။

ခုဒ္ဒသိက္ခာ နိဋ္ဌိတာ။

၃-၄။ ဓမ္မသိရီကေန၊ ဓမ္မသိရီအမည်ရှိသော။ တမ္ဗပဏ္ဏိယ ကေတု နာ၊ သီဟိုဠ်ကျွန်းဘွား ရဟန်းများတွင် တံခွန်အသွင် ဖြစ်သော။ တေန ထေရေန၊ ထိုမထေရ်သည်။ ရစိတာ၊ စီရင်အပ်သော။ ဓမ္မ ဝိနယ ညူ

ပသံသိတာ၊ သုတ်,အဘိဓမ္မာ,ဝိနည်းအရာ၌ သိကြားလိမ်မာသောပညာ ရှိတို့သည် ချီးမွမ်းအပ်သော။ အယံ ခုဒ္ဒသိက္ခာ၊-သည်။ ဧတ္တာဝတာ၊ ဤမျှသောအပိုင်းအခြားတို့ဖြင့်၊ ဂါထာနံ၊-တို့၏။ပရိမာဏတော၊အတိုင်း အရှည်အားဖြင့်၊ပဉ္စမတ္တေဟိ သတေဟိ၊ ငါးရာခန့်တို့ဖြင့်။နိဋ္ဌာနံ၊ ပြီးဆုံး ခြင်းသို့။ ဥပါဂတာ၊ ကပ်ရောက်ပြီ။·····ဣတိ၊ ဤကား နိဂုမ်း အပြီး တည်း။

ခုဒ္ဒသိက္ခာ၊ခုဒ္ဒသိက္ခာကျမ်းသည်။နိဋ္ဌိတာ၊အပြီးသို့ရောက်ပြီ။

ခုဒ္ဒသိက္ခာ နိသျသစ် ပြီးပြီ။

H.132-34

# မူလသိက္ခာမေဒိနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမနှင့် ပဋိညာဉ်

**နတွာန နာထံ သမ္ဗုဒ္ဓံ၊ ဓမ္မံ သံဃံ သနိဿယံ။**

**ကဿံ သောတုနမတ္ထာယ၊ မူလသိက္ခာယ မေဒိနိံ တိ။ ။**

(အဟံ၊ ငါသည်။)နာထံ၊ နာထဂုဏ်နှင့် ပြည့်စုံတော်မူသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကိုလည်းကောင်း။ ဓမ္မံ၊ တရားဆယ်ပါးကိုလည်းကောင်း။ သံဃံ၊ ရှစ်ယောက်အရိယာ မြတ်သံဃာကိုလည်းကောင်း။ နတွာန၊ ရှိခိုး၍။ သောတုနံ၊ ဝိနည်းကို အလေးပြုကုန်သော စာသင်သားတို့၏။ အတ္ထာယ၊ ဝိနည်းအရေး လွန်စွာလိမ်မာစေခြင်းအကျိုးငှါ။ သနိဿယံ၊ နိဿယနှင့် တကွသော။ မူလသိက္ခာယ မေဒိနိံ၊ မူလသိက္ခာမေဒိနီကျမ်းကို။ ကဿံ၊ ကရဏာ ရှေ့ထား ရေးသားစီရင်ပေအံ့သတည်း။ ဣတိ၊ ဤကား ပဏာမနှင့်ပဋိညာဉ် အံပြီးတည်း။

# မူလသိက္ခာ နိသျသစ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ပဏာမနှင့် ပဋိညာဏ်**

**နတွာ နာထံ ပဝက္ခာမိ၊ မူလသိက္ခံ သမာသတော။**
**ဘိက္ခုနာ နဝကေနာဒေါ၊ မူလဘာသာယ သိက္ခိတုံ။ ။**

(အဟံ၊ ငါသည်။) နာထံ၊ သုံးပါးသော လောကတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ သမ္မာသမ္ဗုဒ္ဓံ၊ အလုံးစုံသောတရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သာ သိတော်မူပြီးသော မြတ်စွာဘုရားကို။ နတွာ၊ ရှိခိုးပြီး၍။ မူလသိက္ခံ၊ မူလသိက္ခာကျမ်းကို။ သမာသတော၊ အကျဉ်းအားဖြင့်။ နဝကေန၊ အသစ် ဖြစ်သော။ ဘိက္ခုနာ၊—သည်။ အာဒေါ၊ အစ၌။ ဝါ၊ ရဟန်းဖြစ်စမှ။ (ပဌမာယ၊ စ၍။) မူလဘာသာယ၊ မာဂဓဘာသာဖြင့်။ သိက္ခိတုံ၊ သင်ယူစေခြင်းငှါ။ ပဝက္ခာမိ၊ အပြားအားဖြင့် ဆိုပေအံ့။

---

**အနုသန္ဓိ**……ကျမ်း၏အစ၌ အလုံးစုံသောအန္တရာယ်ကို,ဗာဟိရ အန္တရာယ်တို့ကို တားမြစ်ခြင်းအကျိုးငှါ အတုလဓမ္မကာယဂုဏ်တော်, အတုလရူပကာယ ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ရှိခိုးခြင်းပဏာမကို ပြုတော်မူလိုသော အရှင်မဟာသာမိထေရ်သည် "နတွာ နာထံ ပဝက္ခာမိ"စသော ဂါထာကို မိန့်တော်မူသတည်း။

**အဝယဝတ္ထ**……နတွာပုဒ်၌ တွာ ပစ္စည်းသည် ဘာဝ, ကမ္မ, ကတ္တုသာဓန သုံးပါးကိုဟောခြင်းကြောင့် နမနံ နတွာဟု ဘာဝသာဓန တချက်၊ နမိတဗ္ဗန္တိ နတွာဟု ကမ္မသာဓနတချက်၊ နမာမိတိ နတွာဟု ကတ္တုသာဓန တချက်၊ ဤသုံးမျိုး ပြုကောင်းကြောင်းကို…… တဝေ တုံ တုန တွာန တွာ၊ ဘာဝေ ကမ္မနိ ကတ္တရိ—ဟူသောစကားကိုအထောက်အထားပြု၍ ငိကာသစ်ဆို၏၊ ဤ၌ နတွာ ပုဒ်သည် အဟံ ဟူသော ကတ္တားဟော"ပဝက္ခာမိ"ဟူသော အာချာတ်ပုဒ်နှင့် သမာနာဓိ

ကရဏ ဖြစ်ခြင်းကြောင့်၎င်း ထိုပဝက္ခာမိဟူသော ဒွာချာတ်ပုဒ်၏ ဝိသေသနဖြစ်ခြင်းကြောင့်၎င်း နမာမိတိ နတ္ထာ ဟု ကတ္တုသာဓနသာ ဆိုသင့်သည်ဟုဆို၏။

**တနည်း**·····ရှုဋ္ဌီ ချာတံ နိပါတဥ္စ၊ ပသဂ္ဂါလပနံ တထာ။
သဗ္ဗနာမန္တိ မေတေသု၊ နကာတော ဝိဂ္ဂဟော ဆသု။ ။

၎င်းဂါထာကိုထောက်၍နတ္ထာပုဒ်သည် တ္ထာဟူသော အဗျယပစ္စည်း အဆုံးရှိခြင်းကြောင့် နိပါတ်ပုဒ်ဖြစ်ရကား နမာမိတိ နတ္ထာ စသည်ဖြင့် ဝိဂ္ဂြိုဟ် မဆိုကောင်း၊ နတ္ထာကား အချင်းခပ်သိမ်း အပရကြိယာကို ငဲ့သည်၊ အကယ်၍ ဝိဂ္ဂြိုဟ်ဆိုက အပရကြိယာကိုငဲ့ခြင်းမဖြစ်နိုင်ဟု ဝိဘာဝိနီယောဇနာဆရာဆို၏။

**အမှာ**·····ဆရာတော်ကြီးများလည်း ဝိဂ္ဂြိုဟ်မဆိုကောင်းဆိုသော နောက်နည်းကိုသာ နှစ်သက်တော်မူကြ၏။

**နာထံ**·····ယာစနေ တာပနေစေဝ၊ အာသီသိဿရိယေပိစ။
စတူသွေတေသု အတ္ထေသု၊ နာထသဒ္ဒေါ ပဝတ္တတိ။ ။

၎င်းဂါထာကိုထောက်၍ နာထတိ ယာစတီတိ နာထော-၁၊နာထတိ ဥပတာပေတီတိ နာထော-၂၊ နာထတိ အာသီသတီတိ နာထော-၃၊ နာထတိ အဘိဘဝတီတိ နာထော-၄၊ဟု ဝိဂ္ဂြိုဟ် ၄-မျိုးဆိုကြ၏။

၁။ ချစ်သားတို့ အချင်းခပ်သိမ်း မိမိ၏အကျိုးစီးပွါးကို ဆင်ခြင် ကြစမ်းကွယ်ဟု ဤသို့ တောင်းပန်တတ်သော ဘုရားကြီး ဖြစ်သော ကြောင့် မြတ်စွာဘုရားကို "နာထ"ဟု ဆိုသည်။

၂။ ဝေနေယျတို့၏ သန္တာန်၌ဖြစ်သော ကိလေသာတို့ကို ပူပန်စေ တတ်သောကြောင့် မြတ်စွာဘုရားကို"နာထ"ဟုဆိုသည်။

၃။ အလုံးစုံသော သတ္တဝါတို့၏ စီးပွါးချမ်းသာကို အမြဲမပြတ် တောင့်တတတ်သောကြောင့် မြတ်စွာဘုရားကို"နာထ"ဟု ဆိုသည်။

၄။ အလုံးစုံသောသတ္တဝါတို့ကိုဂုဏ်တော်ဖြင့်လွှမ်းမိုးတော်မူတတ် သောကြောင့် မြတ်စွာဘုရားကို"နာထ"ဟု ဆိုသည်။

**ပဝက္ခာမိ**···· အပြားအားဖြင့်ဆိုပေအံ့ဟူသည် ပါရာဇိက,သံဃာဒိ သေသ်စသော အပြားတို့ဖြင့် ဆိုမည်ဟု ဆိုသည် ဟူ၏။

**မူလသိက္ခံ**·····တည်ရာဟူသော အနက်ကြောင့်မူလ၊ ကျင့်အပ်သော အနက်ကြောင့် သိက္ခာခေါ်သည်။မူလံ သိက္ခာဧတ္ထာတိ မူလသိက္ခာ၊ တည်ရာဟူသော အကျင့် သိက္ခာရှိသောကြောင့် ဤကျမ်းကို မူလသိက္ခာကျမ်းဟု ခေါ်သည်၊ အရုဏဝတီစသည့်တို့၌ကဲ့သို့ နိဗ္ဗပုလ္လိင် ဟု မှတ်။ ။တနည်း–သာသနာတော်၏ မူလဖြစ်သောကြောင့် မူလ၊ သာသနာတော်ကို အလိုရှိသော ရဟန်းတို့သည် ကျင့်အပ်သောကြောင့်သိက္ခာခေါ်သည်။မူလဉ္စ တံ သိက္ခာစာတိ မူလသိက္ခာ၊မှချအားဖြင့် သိက္ခာသုံးပါးကို ရသော်လည်း ဌာနီဖြစ်သောသိက္ခာသုံးပါး၏ မူလသိက္ခာ ဟူသော အမည်ကို ဌာနဖြစ်သောကျမ်း၌ တင်စား၍ ဌာနဖြစ်သော ကျမ်းကို မူလသိက္ခာခေါ်သည်ဟုယူ။

**သမာသတော**·····သမာသိယတေ သံခိပီယတေတိ သမာသော၊ အလုံးစုံသော ဝိနည်းပိဋကကို ချုံး၍ ဆိုသည် ဟူ၏။

**ဘိက္ခု**·····သံသာရေဘယံ ဣက္ခတီတိ ဘိက္ခု၊သံသရာဘေးကိုရှုတတ်သောရဟန်းကို ဘိက္ခုခေါ်သည်။····ဘိက္ခတိ ယာစတီတိ ဘိက္ခု-စသည်ဖြင့်လည်းဆို။

**နဝက**·····ယင်းနဝကသဒ္ဒါသည် အသစ်ဟူသောအနက်, ကိုးချသချိုး ဟူသောအနက် စသည်တို့ကိုဟော၏၊ဤ၌အသစ်ဟူသောအနက်၌ ဖြစ်သည်ဟုမှတ်။

**အာဒိ**·····အာဒိယတီတိ အာဒိ၊ ရဟန်းပြုဆဲခဏကို အတွင်းပြု၍ အစိတ်အစိတ်ဖြစ်သောခဏတိုင်း ကျင့်ရမည်ဟူ၏၊ ဤအလို အာဒေါ၊ အစ၌ဟုအနက်ပေး။

**မူလဘာသာယ**·····ကမ္ဘာဦးလူ, ဘုရား, ဗြဟ္မာ, အသံမျိုးစုံမကြားဘူးသောသူငယ်–ဤလေးဦးသားတို့ ပြောဆိုသော မာဂဓဘာသာကိုဆိုသည်၊၎င်းမာဂဓဘာသာသည် တရာ့တပါးသော ဘာသာတို့၏ မူလဘူတဖြစ်ခြင်းကြောင့် မူလဘာသာဟု ခေါ်သည်ဟူ၏။

**သိက္ခိတုံ**·····မိမိကိုယ်တိုင်က ဝိနည်း ပိဋက တတ်မြောက်ပြီးသားဖြစ်၍ ကိုယ်တိုင်သင်ယူရန်မရှိ ဖြစ်သောကြောင့် သူ

## ၁-ပါရာဇိကနိဒ္ဒေသ

၁။ သံနိမိတ္တံ ပဝေသေန္တော၊ဘိက္ခု မဂ္ဂတ္တယေ စုတော။
ပဝေသနဋ္ဌိတုဒ္ဓါရ၊ပဝိဋ္ဌေ စေပိ သာဒိယံ။ ။

## ၁-ပါရာဇိကနိဒ္ဒေသ

၁။ မဂ္ဂတ္တယေ၊-၌။ သံ-နိမိတ္တံ၊ မိမိဥစ္စာဖြစ်သော အင်္ဂါဇာတ်ကို။ ပဝေသေန္တော၊ သွင်းသော။ဘိက္ခု၊-သည်။စုတော၊( သာသနာတော်မှ ) စုတေသည်။ ဝါ၊ ပါရာဇိကကျသည်။ ဘဝေ၊-၏။ ယော-ဘိက္ခု၊-သည်။ ပဝေသန-ဋ္ဌိတု-ဒ္ဓါရ-ပဝိဋ္ဌေ၊ပဝေသန-ပ-ပဝိဋ္ဌေသု၊ သွင်းဆဲ, တည်ဆဲ,နုတ်ဆဲ, ဝင်ဆဲတို့တွင်။ (ဧကသ္မိံခဏေ၊ တခုသောခဏ၌။) စေပိ-သာဒိယံ၊ အကယ်၍ သာယာငြားအံ့။ သောဘိက္ခု၊-သည်။ စုတော၊-သည်။ဘဝေ၊-၏။

---

တပါးတို့သင်ယူဘို့ရန် ရေးသားသောကျမ်းဖြစ်ရကား ကာရိုက်ပစ္စည်း အတွင်းဝင်နေကြောင်းသိရ၍၊ ထို့ကြောင့် ကာရိုက်သံ"စေ"ဟု ထည့်၍အနက်ပေးလိုက်သည်။

**ပိဏ္ဍတ္ထ**·····နာထဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ရှိခိုး၍ ရဟန်းဖြစ်စမှစ၍ ရဟန်းများသင်ဘို့ရန် မူလသိက္ခာကျမ်းကို မာဂဓဘာသာဖြင့် ငါအကျဉ်း ဆိုမည်ဟု ပဏာမနှင့် ပဋိညာဏ်ကို ပြသည်ဟူ၍မှတ်။

---

## ၁-ပါရာဇိကနိဒ္ဒေသ

**အနုသန္ဓိ**·····ဤသို့ပဏာမနှင့် ပဋိညာဏ်တို့ကို ပြပြီး၍ ယခုအခါ အလုံးစုံသော သိက္ခာပုဒ်တို့၏ မူလဘူတ ဖြစ်ခြင်းကြောင့် အဓိသီလသိက္ခာကို ရှေးဦးစွာပြ၍ ထိုအဓိသီလသိက္ခာ၌လည်း မဟာသာဝဇ္ဇဖြစ်ခြင်းကြောင့်၎င်း အရင်းပြတ်သည့်အစွမ်းဖြင့် ဖြစ်ခြင်းကြောင့်၎င်း အလုံးစုံသောသိက္ခာပုဒ်တို့၏ ရှေးဦးစွာပါရာဇိကကိုပြလိုရကား သံနိမိတ္တံ စသော ဂါထာတို့ကို မိန့်တော်မူသတည်း။

၂။ အဒိန္နံ မာနုသံ ဘဏ္ဍံ၊ထေယျာယေကေန အာဒိယံ၊
ပဉ္စမိသာဝဟာရေသု၊ဂရုကံ စေ ရုတော ဘဝေ။ ။

၂။ အ-ဒိန္နံ၊ (အရှင်သည်) ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော။ မာနုသံ၊ လူတို့၏ဥစ္စာဖြစ်သော။ ဂရုကံ၊ ငါးပဲ,ငါးပဲထက်အလွန်ထိုက်သော။ ဘဏ္ဍံ၊ ဥစ္စာကို။ ပဉ္စဝီသာ—ဝဟာရေသု၊ နှစ်ဆဲ့ငါးပါးသော ခိုးခြင်းတို့တွင်။ ဧကေန၊တခုတခုသော။ထေယျာယ၊ ခိုးလိုသောစိတ်ဖြင့်၊ စေ-အာဒိယံ၊ အကယ်၍ ခိုးသော ရဟန်းသည်။ ရုတော၊—သည်။ ဘဝေ၊—၏။

---

**၁—သံနိမိတ္တံပဝေ ဓသန္တော**·····ဂါထာဖြင့် ပထမပါရာဇိကကိုပြသည်၊ ဤ၌သံသဒ္ဒါအတ္တ,အတ္တနိယဋ္ဌဖြစ်ခြင်းကြောင့် ဥပသာရသံမဟုတ်၊နိပါတ်သံဖြစ်၏၊အတ္တ,အတ္တနိယနှစ်မျိုးတို့တွင် ဤ၌ အတ္တနိယဋ္ဌဖြစ်သည်ဟု ဋီကာသစ်ဆို၏၊ ထို့ကြောင့် သံကိုမိမိ၏ဥစ္စာဟု အနက်ပေးလိုက်သည်။ ။နိမိတ္တသဒ္ဒါအင်္ဂါဇာတ်အနက်ဟော။သံစ တံ နိမိတ္တဉ္စာတိ သံနိမိတ္တံ-ဟု ကမ္မဓာရယ်တွဲ၊မိမိ၏ ဥစ္စာဖြစ်သော အင်္ဂါဇာတ်ကိုဟု အနက်ပေး။·····တနည်း-သံအတ္တနော နိမိတ္တန္တိ သံနိမိတ္တံ—ဟု တပ္ပုရိသ်သမာသ်တွဲ၊ မိမိ၏ အင်္ဂါဇာတ်ကိုဟု အနက်ပေး၊ ဤအလိုသံသဒ္ဒါအတ္တအနက်ဟော။ ·····တနည်း-သသာ ဓာနံ သံ၊ ဓာနံတခွိတ်ကြီ၊ ဤအလိုနာမ်ပုဒ်၊မိမိ၏ဥစ္စာဟုအနက်ပေး။နိမိတ္တန္တိ ပဝတ္တန္တိ ပုတ္တာဒယော ဧတသ္မာတိ နိမိတ္တံ၊သားသမီးစသည်တို့၏ ဖြစ်ရာ အင်္ဂါဇာတ်ကို အရကောက်။ သဉ္စ တံ နိမိတ္တဉ္စာတိ သံနိမိတ္တံ၊မိမိ၏ဥစ္စာ ဖြစ်သော အင်္ဂါဇာတ်ကိုဟု အနက်ပေး။

**မဂ္ဂတ္တယေ**·····ဝစ္စာဒယော မဂ္ဂန္တိ ဂစ္ဆန္တိ ဧတေဟီတိ မဂ္ဂါ၊ကျင်ကြီးစသည်တို့ထွက်သွားရာအရပ်ကိုရစေ။မဂ္ဂါနံ တယန္တိ မဂ္ဂတ္တယံ၊ မဂ်သုံးခု အပေါင်းကိုရစေ။ ဤမဂ္ဂတ္တယေကား ပေါင်းပြီး အကျဉ်းဆိုသော စကားဖြစ်သည်၊ အကျယ်အားဖြင့် မဂ်သုံးဆယ်ဖြစ်၏။ ၎င်းမဂ်သုံးဆယ်အကျယ်ကို ပါတိမောက္ခမေဒိနီ၌ ဆိုခဲ့ပြီ။

**၂—အဒိန္နံမာနုသံဘဏ္ဍံ**·····စသော ခြောက်ဂါထာတို့ဖြင့် ဒုတိယပါရာဇိကကို ပြသည်၊ မနုဿာနံ ဓာနံ

၃။ အာဒိယန္တော ဟရန္တော၀၊ဟရန္တောပိရိယာပထံ။
ဝိကောပေန္တော တထာ ဌာနာ၊စာဝေန္တောပိ ပရာဇိကော။ ။

၃။ အာဒိယန္တောပိ၊ အရောမ်ကို တရားတွေ့၍ ခိုးသောရဟန်းသည် ၎င်း။ ဟရန္တောပိ၊ ဆောင်ယူလာသော ဥစ္စာကို ခိုးသောရဟန်းသည် ၎င်း။ အဝဟရန္တောပိ၊အပ်နှံထားသော ဥစ္စာကိုခိုးသော ရဟန်းသည် ၎င်း။ ဣရိယာပထံ၊-ကို။ ဝိကောပေန္တောပိ၊ ဖျက်ဆီး၍ခိုးသောရဟန်းသည်၎င်း။ တထာ၊-ပါး။ဌာနာ၊-မှ။ စာဝေန္တောပိ၊ ရွေ့စေ၍ ခိုးသော ရဟန်းသည်၎င်း။ ပရာဇိကော၊-သည်။ ဘဝေ၊-၏။

၄။ တတ္ထ နာနေကဘဏ္ဍာနံ၊ပဉ္စကာနံ ဝသာ ပန။
အဝဟာရာ ဒသဋ္ဌေတိ၊ဝိညာတဗ္ဗာ ဝိဘာဝိနာ။ ။

၄။ တတ္ထ၊ ထိုဂါထာ၌။ နာနေ-က-ဘဏ္ဍာနံ၊ နာနာ-ဘဏ္ဍ,ဧက-ဘဏ္ဍဖြစ်ကုန်သော။ပဉ္စကာနံ၊ပဉ္စကတို့၏။ ဝသာ၊အစွမ်းဖြင့်။ ဒသ၊-ကုန်သော။ အဝဟာရာ၊-တို့ကို။ လက္ခဏ်၊-ကုန်၏။ ဣတိ၊-သို့။ဋ္ဌ-ပဉ္စကာ၊နှစ်ပါးသော ပဉ္စကတို့ကို။ ဝိဘာဝိနာ၊ ပညာရှိသည်။ ဝိညာတဗ္ဗာ၊ သိအပ်ကုန်၏။

---

မာနုသံ၊လူတို့၏ ဥစ္စာဖြစ်သော ဘဏ္ဍာကိုရစေ၊ ဤမာနုသံ ဟူသော ဝိသေသနပုဒ်ဖြင့် တိရစ္ဆာန်ပစ္စည်း, နတ်ပစ္စည်းများကိုခိုးအံ့၊ဤသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ဟုပြ၏။ ။ထေယျကား နပုံလိင်ကို ဣတ္ထိလိင် ပြန်ထားသည်၊ ထေယျစိတ္တေနဟူသော အနက်ကိုမှတ်၊ ထို့ကြောင့် ခိုးလိုသောစိတ်ဖြင့် ဟု အနက်ပေးလိုက်သည်၊ ထေယျေနကေန ဟု အချို့ပါဌ်ရှိ၏၊ ၎င်းအတိုင်းအနက်ပေး။ ။ဧကေနကား-ဝိစ္ဆာလောပ၊ ဧကကေနဟုဆိုလိုသည်၊ ထို့ကြောင့် တခုတခုသောဟု အနက်ပေး လိုက်သည်။

**၃။ အာဒိယန္တောဟရန္တော၀**.....ဂါထာဖြင့် အာဒိယန ခိုးခြင်း, ဟရဏခိုးခြင်း, အဝဟရဏ ခိုးခြင်း, ဣရိယာပထဝိကောပနခိုးခြင်း, ဌာနာစာဝနခိုးခြင်း—ပေါင်း ၅-ပါးကို ပြသည်။

၅။ သာဟတ္ထာဏတ္တိကော စေဝ၊ နိဿဂ္ဂေါ စာတ္ထသာဓကော။
ရရနိက္ခေပနဉ္စေဝ၊ ဣာဒံ သာဟတ္တိ ပဉ္စကံ။ ။

၅။ သာ-ဟတ္ထော၊ မိမိလက်ဖြင့် ခိုးခြင်းရင်း။ အာဏတ္တိကော စေဝ၊ စေခိုင်း၍ ခိုးခြင်းရင်း။ နိဿဂ္ဂေါစ၊ (အပြင်ဘက်သို့) စွန့်ပစ်၍ ခိုးခြင်းရင်း။ အတ္ထသာဓကော၊ မခိုးမီ အကျိုးပြီးသောခိုးခြင်းရင်း။ ရရ-နိက္ခေပနဉ္စေဝ၊ ဝန်ချ၍ခိုးခြင်းရင်း။ ဣာဒံ၊ ဤငါးပါးသည်။ သာဟတ္ထိ-ပဉ္စကံ၊ သာဟတ္ထိက-ပဉ္စကမည်၏။

၆။ ပုဗ္ဗသဟပယောဂေါစ၊ သံဝိဓာဟရဏမ္ပိစ။
သင်္ကေတကမ္မံ နိမိတ္တံ၊ ပုဗ္ဗပယောဂ ပဉ္စကံ။ ။

၆။ ပုဗ္ဗ-သဟ-ပယောဂေါစ၊ ပုဗ္ဗပယောဂဖြင့် ခိုးခြင်း, သဟပယောဂဖြင့် ခိုးခြင်းရင်း။ သံဝိဓာ-ဟရဏမ္ပိစ၊ တိုင်ပင်၍ ခိုးခြင်းရင်း။ သင်္ကေတ-ကမ္မံ၊ ကာလအမှတ်အသားပြု၍ ခိုးခြင်းရင်း။ နိမိတ္တံ၊ (မျက်စိမှိတ်ခြင်းစသော နိမိတ်ပြု၍ ခိုးခြင်းရင်း။ (ဣာဒံ၊ ဤငါးပါးသည်။) ပုဗ္ဗပယောဂ-ပဉ္စကံ၊-မည်၏။

---

**၄။ တဒ္ဓနာနေကဘဏ္ဍာနံ** ...... ဂါထာဖြင့် နာနာဘဏ္ဍပဉ္စကနှင့် ဧကဘဏ္ဍ ပဉ္စကတို့၏ အစွမ်းဖြင့် ခိုးခြင်း ၁၀-ပါးကိုပြသည်။

**အထူး**......နာနာဘဏ္ဍပဉ္စကကား သက်ရှိသက်မဲ့ နှစ်မျိုးရစကောင်းသည်၊ ဧကဘဏ္ဍပဉ္စကကား သက်ရှိတမျိုးသာ၊ ဤသို့ထူး၏။

**၅။ သာဟတ္ထာဏတ္တိကောစေဝ** ......ဂါထာဖြင့် သာဟတ္ထိက ခိုးခြင်း, အာဏတ္တိက ခိုးခြင်း, နိဿဂ္ဂိယ ခိုးခြင်း, အတ္ထသာဓက ခိုးခြင်း, ရရနိက္ခေပ ခိုးခြင်းဟူသော သာဟတ္ထိကပဉ္စကကို ပြသည်။

**၆။ ပုဗ္ဗသဟပယောဂေါစ** ..... ဂါထာဖြင့် ပုဗ္ဗပယောဂ ခိုးခြင်း, သဟပယောဂ ခိုးခြင်း, သံဝိဓာဝဟာရ ခိုးခြင်း, သင်္ကေတကမ္မခိုးခြင်း, နိမိတ္တကမ္မခိုးခြင်းဟူသော ပုဗ္ဗပယောဂ ပဉ္စကကိုပြသည်။

၇။ ထေယျာ ပသယှပရိကပ္ပ၊ပဋိစ္ဆန္နာ ကုသာဝဟာ။
အဝဟာရာ ဣမေ ပဉ္စ၊ဝိညာတဗ္ဗာ ဝိဘာဝိနာ။ ။

၇။ ထေယျာ၊ စဉ်းလဲ၍ ခိုးခြင်းရင်း။ ပသယှ—ပရိကပ္ပ—ပဋိစ္ဆန္နာ၊ အနိုင်အထက် လုယက်၍ ခိုးခြင်း,ကြံဆ၍ခိုးခြင်း, ဖုံးလွှမ်း၍ ခိုးခြင်းတို့ရင်း။ကုသာဝဟာ၊ ကမ္ပည်းပြောင်း၍ ခိုးခြင်းရင်း။(ဣတိ၊ ဤငါးပါးသည်။ ထေယျာ-ဝဟာရ-ပဉ္စကံ၊-မည်၏။) ဣတိ-သို့။ ဣမေ-ပဉ္စ-အဝဟာရာ၊-တို့ကို။ ဝိဘာဝိနာ၊—သည်။ ဝိညာတဗ္ဗာ၊-ကုန်၏။

၈။ မနုဿပါဏံ ပါဏောတိ၊ဇာနံ ဝဓကစေတသာ။
ဇီဝိတာ ယော ဝိယောဇေတိ၊သာသနာ သော ပရာဇိကော။ ။

၈။ ယောဘိက္ခု၊—သည်။ မနုဿ-ပါဏံ၊(အသက်ရှင်သော) လူ၏ကိုယ်ကို။ ပါဏောတိ၊. သတ္တဝါဟူ၍။ ဇာနံ၊ သိလျက်။ ဝဓက—စေတသာ၊ သတ်လိုသောစိတ်ရှိသည်။ (ဟုတွာ၊—၍။) ဇီဝိတာ၊-မှ။ဝိယောဇေတိ၊ ခွင်းအံ့။ သောဘိက္ခု၊—သည်။ သာသနာ၊—မှ။ ပရာဇိကော၊ ရှုံးခြင်းသို့ရောက်၏။

---

၇။ **ထေယျာပသယှပရိကပ္ပ**…ဂါထာဖြင့် ထေယျာဝဟာရ ခိုးခြင်း, ပသယှာဝဟာရ ခိုးခြင်း, ပရိကပ္ပဝဟာရခိုးခြင်း,ပဋိစ္ဆန္နာဝဟာရခိုးခြင်း,ကုသာဝဟာရ ခိုးခြင်းဟူသော ထေယျာဝဟာရပဉ္စကကိုပြသည်။

**မှတ်ချက်**……နာနာဘဏ္ဍပဉ္စက, ဧကဘဏ္ဍပဉ္စက, သာဟတ္ထိကပဉ္စက, ပုဗ္ဗပယောဂပဉ္စက, ထေယျာဝဟာရပဉ္စက ၅-ပါး၊ငါးခု ငါးလီ ဖြစ်၍ ခိုးခြင်းကား ၂၅-ပါးဖြစ်၏ဟုမှတ်။

၈။ **မနုဿပါဏံပါဏောတိ**……ဂါထာဖြင့် တတိယပါရာဇိကကို ပြသည်၊ မနုဿပါဏံ၌ ပါဏသဒ္ဒါ ယာမကာလိက, ဥဒက, ဇီဝိတိန္ဒြိယ, သရီရစသော များစွာသော အနက်ဟောတို့တွင် ဇီဝိတာကိုထောက်၍ ဤ၌ ယေဘုယျပါဏဘူတသတ္တဝါ စသောပါဠိတို့၌ကဲ့သို့ သတ္တဝါဟောဟုမှတ်။ ထို့ကြောင့် ကိုယ်ဟူသောအနက်ကိုပေးလိုက်သည်။ ။ပါဏောတိ၌ ပါဏကား သတ္တဝါဟောဟုမှတ်။ ။ဝိယောဇနဟူသည် သာဟတ္ထိကပယောဂ,

၉။ ဈာနာဒိဘေဒံ ဟာဒယေ အသန္တံ၊
အညာပဒေသဥ္စ ဝိနာဝိမာနံ။
မနုဿဇာတိဿ ဝဒေယျ ဘိက္ခု၊
ဉာတက္ခဏော တေန ပရာဇိကော ဘဝေတိ။ ။
ပါရာဇိက နိဒ္ဒေသော။

၉။ ယော-ဘိက္ခု-သည်။အညာ-ပဒေသဥ္စ၊သူတပါးအား ညွှန်ကြား ခြင်းကိုၝင်း။အဓိမာနံ-၊ ရနိုးခြင်းကိုၝင်း။ ဝိနာ၊-၍။ ဟာဒယေ၊ စိတ်၌။ အ-သန္တံ၊ ထင်ရှားမရှိသော။ ဈာနာဒိ-ဘေဒံ၊ ဈာန်စသည်အပြားရှိ သောတရားကို။ မနုဿ-ဇာတိဿ၊ လူဇာတ်ဖြစ်သော သူအား။ ဝဒေယျ၊-အံ့။တေန၊ထိုသူသည်။ဉာတ-က္ခဏော၊ သိသောခဏ၌။ သော ဘိက္ခု၊-သည်။ ပရာဇိကော၊-သည်။ ဘဝေ၊-၏။……ဣတိ၊ ဤကား ပါရာဇိကအပြီးတည်း။ ။ပါရာဇိက-နိဒ္ဒေသော၊-သည်။နိဋ္ဌိတော၊-ပြီ။

---

နိဿဂ္ဂိယပယောဂ,အာဏတ္တိကပယောဂ, ဇာဝိမယပယောဂ,ထာဝရ ပယောဂ, ဝိဇ္ဇာမယပယောဂတို့၏ အစွမ်းဖြင့် သတ်ခြင်းခြောက်မျိုး တို့တွင် တမျိုးမျိုးဖြင့် သတ်ခြင်းကိုဆိုသည်။ …. အကျယ်ပါတိမောက္ခ မေဒိနီ၌ဆိုခဲ့ပြီ။

**၉။ ဈာနာဒိဘေဒံ**……ဂါထာဖြင့် စတုတ္ထပါရာဇိကကို ပြသည်၊ ပဥ္စနိကာယမွေ ဈာပေတီတိ ဈာနံ၊ ဆန့်ကျင် ဘက် နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သော လောကုတ္တရာ တရားတို့ကို အရကောက်။……တနည်း—အာရမ္မဏော ဈာယတီတိ ဈာနံ၊ ကသိုဏ်းစသော အာရုံကို ကပ်၍ ရှုတတ်သော လောကီဈာန်တို့ကို အရကောက်။ဈာနံ အာဒိ ယဿာတိ ဈာနာဒိ၊ ဥတ္တရိမနုဿဓမ္မတို့ကို အရကောက်။ ဈာနာဒိယေဝ ဘေဒေါ ဈာနာဒိဘေဒေါ၊ ၎င်းဥတ္တရိမ နုဿဓမ္မတို့ကိုပင် အရကောက်လေ။

**ဝိညာဏ္ဍ**……သူတပါးတို့ကိုမရည်ညွှန်းဘဲ မိမိစိတ်၌ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကို လူတို့အား ပြောကြားသော ရဟန်း ပြောကြားဆဲခဏ၌ ထိုလူတို့သိအံ့၊ပါရာဇိက ဟူ၏။

ပါရာဇိကနိဒ္ဒေသပြီး၏။

## ၂-ဂရုကာပတ္တိနိဒ္ဒေသ

၁။ မောစေတု ကာမစိတ္တေန၊ဥပက္ကမ္မ ဝိမောစယံ။
သုက္က မညတြ သုပိနာ၊သမဏော ဂရုကံ ဖုသေ။ ။

## ၂-ဂရုကာပတ္တိနိဒ္ဒေသ

၁။ မောစေတု-ကာမ-စိတ္တေန၊ လွတ်စေခြင်း၌ အလိုရှိသော တဏှာနှင့်ယှဉ်သော စိတ်ဖြင့်။ ဥပက္ကမ္မ၊လုံ့လပြု၍။ သုက္ကံ၊-ကို။ ဝိမောစယံ၊ လွတ်စေသော။သမဏော၊-သည်။သုပိနာ၊အိပ်မက်၌သုက်လွတ်ခြင်းကို။ အညတြ၊-၍။ ဂရုကံ၊-သို့။ဖုသေ၊-၏။

၂။ ကာယသံသဂ္ဂရာဂေန၊မနုဿိတ္ထိံ ပရာမသံ။
ဇုတ္တိသညီ ဥပက္ကမ္မ၊သမဏော ဂရုကံ ဖုသေ။ ။

၂။ ကာယ-သံသဂ္ဂ-ရာဂေန၊-ဖြင့်။ ဇုတ္တိ-သညီ၊ မိန်းမဟုအမှတ်ရှိ၍။ ဥပက္ကမ္မ၊-၍။ မနုဿိတ္ထိံ၊လူမိန်းမကို။ ပရာမသံ၊-သော။ သမဏော၊-သည်။ဂရုကံ၊-သို့။ ဖုသေ၊-၏။

---

## ၂-ဂရုကာပတ္တိနိဒ္ဒေသ

၁။ **မောစေတုကာမစိတ္တေန**……ဂါထာဖြင့် သုက္ကဝိသဋ္ဌိ သိက္ခာပုဒ်ကိုပြသည်။ မောစေတုံ ကာမေတီတိ မောစေတုကာမော၊လွတ်ခြင်း၌အလိုရှိသော တဏှာကိုရစေ။ မောစေတုကာမေန သမ္ပယုတ္တံ စိတ္တံ မောစေတုကာမစိတ္တံ၊မဇ္ဈေလောဝိသမာသ်၊လောဘသဟဂုတ်စိတ္တုပ္ပါဒ်ကိုရစေ၊ဤပုဒ်ဖြင့် မောစနဿာဒ, မုစ္စနဿာဒ စသော တဆဲ့တပါးတို့တွင် မောစနဿာဒ တခုကိုသာပြ၏ဟုမှတ်။

**သုက္ကံ**……သုဋ္ဌု ကမန္တိ ပဝတ္တန္တိ ဧတေနာတိ သုက္ကံ၊သားသွီးစသည်တို့ကောင်းစွာ ဖြစ်ကြောင်း ဖြစ်သောကြောင့် သုက်ခေါ်သည်၊ ထိုသုက်သည် အညိုစသောအားဖြင့် ၁၀-မျိုးပြား၏။

**ဂရုကံ**…ဂရုံ ကရောတီတိ ဂရုကော၊ ဤ၌ သံဃာဒိသေသ်အာပတ်ကိုအရကောက်၊ လဟုက အာပတ်တို့ကဲ့သို့ အာပတ်ထမှု၌

၃။ ဒုဋ္ဌုလ္လဝါစဿာဒေနှာမဂ္ဂံ ဝါရဿ မေထုနံ။
ဩဘာသဿေဝ မန္တသိဏ္ဌိ၊သုဏာမာနံ ဂရုံ ဖုသေ။ ။

၃။ ဒုဋ္ဌုလ္လ–ဝါစ–ဿာဒေန၊ ရုန့်ရင်းသောစကားကို သာယာခြင်းဖြင့်။မဂ္ဂံဝါ၊ ဝစ္စမဂ်,ပဿာဝမဂ်ကိုင်း။ မေထုနံ၊ မေထုန်အကျင့်ကိုင်း။ အာရဗ္ဘ၊အကြောင်းပြု၍။ သုဏာမာနံ၊ ကြားကောင်းသောအရပ်၌တည်သော။ မန္တသိ·ဏ္ဌိ၊–ကို။ ဩဘာသဿေဝ၊ ယုတ်ယုတ်မာမာပြောဆိုသောရဟန်းသည်။ ဂရုံ၊–သို့။ဖုသေ၊–၏။

၄။ ဝဏ္ဏံ ဝတ္တာတ္တနောကာမပါရိစရိယာယ မေထုနံ။
ဇုဏ္ဌိ မေထုနရာဂေန၊ ယာစမာနော ဂရုံ ဖုသေ။ ။

၄။ အတ္တနော၊–အား။ ကာမ–ပါရိစရိယာယ၊ ကာမဖြင့် လုပ်ကျွေးခြင်း၏။ဝဏ္ဏံ၊–ကို။ ဝတ္တာ၊–၍။ မေထုန–ရာဂေန၊–ဖြင့်။ ဇုဏ္ဌိ၊–ကို။ မေထုနံ၊–ကို။ယာစမာနော၊–ရဟန်းသည်။ ဂရုံ၊–သို့။ဖုသေ၊–၏။

---

သာမန်ပြု၍မရ၊ လေးလေးပင်ပင် ပြုရသောကြောင့် သံဃာဒိသေသ်အာပတ်ကို ဂရုကခေါ်သည်ဟူ၏။

၂။ **ကာယသံသဂ္ဂရာဂေန**······ဂါထာဖြင့် ကာယသံသဂ္ဂ သိက္ခာပုဒ်ကိုပြသည်။ကုဋ္ဌိတာနံ ကေသာဒိနံ အာယောတိ ကာယော၊သုံးဆဲ့နှစ်ကောဋ္ဌာသ အစုအဝေး ဖြစ်သောသသမ္ဘာရကာယကိုအရကောက်၊ဆံဖျား,အမွေးဖျား,လက်သည်းဖျားစသည်တို့ဖြင့် ထိရာ၌လည်း အာပတ်သင့်ကောင်းသည်ကို ထောက်၍သသမ္ဘာရကာယကို ယူသင့်၏၊ပသာဒကာယကို မယူရဟူ၏။

၃။ **ဒုဋ္ဌုလ္လဝါစဿာဒေန**······ဂါထာဖြင့်ဒုဋ္ဌုလ္လောဘာသနသိက္ခာပုဒ်ကို ပြသည်။ ဒုဋ္ဌုံ နိဿိတာ ဒုဋ္ဌုလ္လာ၊မကောင်းသည်ကိုမှီသောစကား။···တနည်း-ဒုဋ္ဌာစ သာ ထုလာ စာတိ ဒုဋ္ဌုလ္လာ၊မသူတော်တို့၏တရားနှင့်စပ်သောစကား,သူယုတ်မာတို့နှင့် ဆက်ဆံသောစကားဖြစ်ခြင်းကြောင့် ဒုဋ္ဌုလ္လခေါ်သည်။ ဒုဋ္ဌုလ္လာစသာ ဝါစာစာတိ ဒုဋ္ဌုလ္လဝါစာ၊ ဒုဋ္ဌုလ္လဝါစာယ အဿာဒေါ ဒုဋ္ဌုလ္လာဝါစဿာဒေါ၊ဒုဋ္ဌုလ္လဝါစာ၌ သာယာသောရာဂဖြင့် မဂ်နှစ်ပါးကိုင်းမေထုန်ကိုင်း အကြောင်းပြု၍ ယုတ်ယုတ်မာမာပြောဆိုသော ရဟန်းသံဃာဒိသေသ်ဟူ၏။

၅။ သန္ဒေသံ ပဋိဂ္ဂဏှိတွာ၊ပုရိသဿိတ္ထိယာပိဝါ။
ဝီမံသိတွာ ဟာရံ ပစ္စာ၊သမဏော ဂရုကံ ဖုသေ။ ။

၅။ ပုရိသဿ၊—၏ရင်း။ ဣတ္ထိယာပိဝါ၊ ၏ရင်း။ သန္ဒေသံ၊သတင်းစကားကို။ ပဋိဂ္ဂဏှိတွာ၊ ခံယူ၍။ ဝီမံသိတွာ၊ စုံစမ်း၍။ ပစ္စာ-ဟာရံ၊ တဘန်ဆောင်သော။ သမဏော၊-သည်။ဂရုကံ၊—သို့။ဖုသေ၊—၏။

၆။ စာဝေတုကာမော စောဒေန္တော၊အမူလန္တိမဝတ္ထုနာ။
စောဒါပယံဝါ သမဏော၊သုဏာမာနံ ဂရုံ ဖုသေ။ ။

၆။ စာဝေတု-ကာမော၊ (သာသနာတော်မှ) ရွေ့လျောစေခြင်းငှါ အလိုရှိ၍။ အ-မူ-လန္တိမ-ဝတ္ထုနာ၊ အမူလက ပါရာဇိက ဝတ္ထုဖြင့်။ သုဏာမာနံ၊ ကြားကောင်းသောအရပ်၌ တည်သော ရဟန်းကို။ စောဒေန္တော၊ စောဒနာသည်လည်းဖြစ်သော။ စောဒါပယံဝါ၊ စောဒနာစေသည်လည်းဖြစ်သော။သမဏော၊—သည်။ ဂရုံ၊—သို့။ဖုသေ၊—၏။

---

**၄။ ဝဏ္ဏံဝတွာ ဘဏနေ ကာမ**……ဂါထာဖြင့် အတ္တကာမပါရိစရိယ သိက္ခာပုဒ်ကိုပြသည်၊ မာဒိသံ သီလဝန္တံ ကလျာဏဓမ္မံ စသည်ဖြင့် မိမိ၏ဂုဏ်ကျေးဇူးကို ဆိုပြီး၍ ဧတဒဂ္ဂံဘဂိနိ စသည်ဖြင့် ကာမဖြင့်လုပ်ကျွေးခြင်း၏ ကျေးဇူးကို ပြောဆိုပြီး မေထုနရာဂဖြင့် မိန်းမထံ မေထုန်အမှုကို တောင်းခံခြင်းပြုသော ရဟန်းသံဃာဒိသေသ်၊ပဏ္ဍုက်၌ ပဏ္ဍုက်ဟု မှတ်ပြီး တောင်းသော ရဟန်း ထုလ္လစ္စည်း၊ ၎င်း၌ မိန်းမဟု မှတ်ထင်၍ တောင်းသောရဟန်း ဒုက္ကဋ် ဟူ၏။

**၅။ သန္ဒေသံ ပဋိဂ္ဂဏှိတွာ**……ဂါထာဖြင့် သဉ္စရိတ္တ သိက္ခာပုဒ်ကို ပြသည်၊ ယောက်ျားက ပေးအပ်သော မေတ္တာလက်ဆောင်ကို ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ကောင်းပြီဟု ခံယူခြင်း၊ ထို့နောက် မိန်းကလေးအား စုံစမ်းမေးမြန်းခြင်း—မေးမြန်းခိုင်းခြင်း၊ ထို့နောက် မိန်းကလေးက ပြောသော ကြိုက်-မကြိုက် စကားကို ယောက်ျားကလေးအား ပြန်ပြောခြင်း-ပြန်ပြောစေခြင်း၊ ဤ အင်္ဂါသုံးပါးနှင့်ပြည့်စုံမှု သံဃာဒိသေသ်၊ မိန်းကလေးကခိုင်းရာ၌လည်း နည်းတူ၊ အင်္ဂါနှစ်ပါးဖြစ်မှု ထုလ္လစ္စည်း၊ တပါးဖြစ်မှု ဒုက္ကဋ်။ ။ဝါသဒ္ဒါ ဝစနာလင်္ကာရ၊တနည်း—ဆန္ဒာနုရက္ခဏတ္ထ။

၇။ လေသမတ္တံ ဥပါဒါယ၊ အမူလကွ်ံမဝတ္ထုနာ။
စာဝေတုကာမော စောဒေန္တော၊ သုဏာမာနံ ဂရုံ ဖုသေတိ။ ။

ဂရုကာပတ္တိ နိဒ္ဒေသော။

၇။ လေသ-မတ္တံ၊ အဖြွက်မျှကို။ ဥပါဒါယ၊ အမှီပြု၍။ (တိက္ခုံ၊-ကို။ ပြဟ္မစရိယာ၊-မှ။) စာဝေတု-ကာမော၊-၍။ အမူလ-ကွ်ံမ-ဝတ္ထုနာ၊-ဖြင့်။ သုဏာမာနံ၊-ရဟန်းကို။ စောဒေန္တော၊-သည်ရင်း။ (စောဒါပယံဝါ၊-သည်ရင်း။) ဂရုံ၊-သို့။ ဖုသေ၊-၏။······ဆုတိ၊ ဤကား သံဃာဒိသေသ် အပြီးတည်း။ ။ဂရုကာပတ္တိနိဒ္ဒေသော၊-သည်။ နိဋ္ဌိတော၊-ပြီ။

---

**၆။ စာဝေတုကာမော စောဒေန္တော**·····ဂါထာဖြင့် ပဌမဒုဋ္ဌ ဒေါသသိက္ခာပုဒ်ကို ပြ သည်၊ ဤစာဝေတုကာမော ဟူသောပုဒ်ဖြင့် သာသနာတော်မှ ရွေ့လျော ခြင်းကိုအလိုမရှိမူ၍ အကျော်အစောမှုကိုသာ ဖြစ်စေလို၍ စောဒနာ သော် သံဃာဒိသေသ်မသင့်ဟု ပြသည်။ ။အမူလကွ်ံ မဝတ္ထုနာဖြင့် ဒိဋ္ဌ, သုတ, ပရိသင်္ကိတရှိ၍ စောဒနာသော် သံဃာဒိသေသ် မသင့်ဟု ပြသည်။ ။သုဏာမာနံဖြင့် စောဒနာပြုအပ်သော ရဟန်းကြားသော်သာ သံဃာဒိသေသ်သင့်၏ဟု ပြသည်၊မကြားသော်ရင်း တမန်စေ၍ ဖြစ်စေ စာပေး၍ဖြစ်စေ စောဒနာသော်ရင်း သံဃာဒိသေသ်မသင့်ဟူ၏။

**၇။ လေသမတ္တံ ဥပါဒါယ**·····ဂါထာဖြင့် ဒုတိယဒုဋ္ဌဒေါသ သိက္ခာ ပုဒ်ကို ပြသည်၊ လေသ ဆယ်ပါး တို့တွင် တပါးပါးသောလေသကိုမှီ၍ အမူလကအဉ္ဇမဝတ္ထုဖြင့် ကိုယ် တိုင်ဖြစ်စေ ခိုင်း၍ဖြစ်စေ စွပ်စွဲသောရဟန်း သံဃာဒိသေသ် ဟူ၏။

**အဓိပ္ပါယ်**·····မင်းမျိုးတယောက်ယောက် မေထုန်လွန်ကျူးသည်ကို မြင်ပြီး ထိုလွန်ကျူးသူမှ တပါးသော မိမိ၏ ရန်သူ မင်းမျိုးရဟန်းကိုမြင်၍ ထိုမင်းမျိုးဇာတ်ကိုယူပြီးလျှင် မင်းမျိုး လွန်ကျူး သည်ကို ငါမြင်သည်၊ သင်လည်း မင်းမျိုးဖြစ်သည်၊ပါရာဇိက ကျနေ ပြီ၊ ဤသို့ကိုယ်တိုင်စောဒနာခြင်း, စေခိုင်းပြီးစောဒနာ စေခြင်းမျိုးကို ဆိုသည်။

## ၃–နိဿဂ္ဂိယနိဒ္ဒေသ

၁။ ဝိကပ္ပနမဓိဋ္ဌာန၊မကတွာကာလစီဝရံ၊
ဒသာဟမတိမာပေတိ၊တဿ နိဿဂ္ဂိယံ သိယာ။ ။

## ၃–နိဿဂ္ဂိယနိဒ္ဒေသ

၁။ ယော ဘိက္ခု၊-သည်။ အကာလ စီဝရံ၊-ကို။ ဝိကပ္ပနံ၊-ကိုဎင်း။ အဓိဋ္ဌာနံ၊-ကိုဎင်း။ အ-ကတွာ၊-၍။ ဒသာ-ဟံ၊–ကို။ အတိမာပေတိ၊ လွန်စေအံ့။ တဿ-ဘိက္ခုနော၊–အား။ နိဿဂ္ဂိယံ၊–သည်။သိယာ၊–၏။

၂။ ဘိက္ခုသမ္မုတိယာညတြ၊ တိစီဝရမဓိဋ္ဌိတံ။
ဧကာဟမတိမာပေတိ၊ နိဿဂ္ဂိ သမယံ ဝိနာ။ ။

၂။ ဘိက္ခု-သမ္မုတိယာ၊–ကို။ အညတြ၊-၍။ အဓိဋ္ဌိတံ၊ အဓိဋ္ဌာန်တင်အပ်ပြီးသော။ တိစီဝရံ၊-ကို။ သမယံ၊-ကို။ ဝိနာ၊- ၍။ ဧကာ-ဟံ၊ တရက်ကို။ အတိမာပေတိ၊-အံ့။ နိဿဂ္ဂိ၊–သည်။ သိယာ၊–၏။

---

**အထူး**……ပထမ ဒုဋ္ဌဒေါသသိက္ခာပုဒ်ကား သူတပါး ပြော၍ကြားခြင်းဖြင့် စွပ်စွဲသည်၊ ဤဒုတိယဒုဋ္ဌဒေါသသိက္ခာပုဒ်ကား ကိုယ်တိုင်မြင်ခြင်းတို့ဖြင့် စွပ်စွဲသည်၊ ဤကား သိက္ခာပုဒ်နှစ်ပါး အထူးဟု နိဿယ၌ ဆို၏။

**မှတ်ချက်**……ကုဋိကာရ သိက္ခာပုဒ်, ဝိဟာရကာရသိက္ခာပုဒ် နှစ်ခုကား ဆိုအပ်ပြီးသောနည်းသို့ အစဉ်လိုက်ခြင်းကြောင့် ကြွင်းသောသံဃာဒိသေသ သိက္ခာပုဒ် လေးပါးကား ကြားမြင့်မှ အာပတ်သို့ ရောက်ခြင်းကြောင့် ဤမူလသိက္ခာကျမ်း၌ မဆိုဟု မှတ်။ [ဋီကာသစ်။]

ဂရုကာပတ္တိ နိဒ္ဒေသ ပြီး၏။

---

## ၃–နိဿဂ္ဂိယ နိဒ္ဒေသ

**၁။ ဝိကပ္ပန မဓိဋ္ဌာန**……ဂါထာဖြင့် ပထမကထိန သိက္ခာပုဒ်ကို ပြသည်၊ ဝိကပ္ပနာခဏ်းနှင့် အဓိဋ္ဌာန်ခဏ်းတို့ကို ပါတိမောက္ခမေဒိနီ၌ ဆိုခဲ့ပြီ။ ။သိယာကား ဧကံသတ္ထ, သံသယတ္ထနှစ်မျိုးပြား၏၊ ဤ၌ ဧကံသတ္ထကို ယူ။

၃။ အညာတိကာ ဘိက္ခုနိယာ၊ ပုရာဏစိဝရံ ပန။
ဓောဝါပေတိ ရဇာပေတိ၊အာကောဋာပေတိ တံ သိယာ။ ။

၃။ အညာတိကာ၊-သော။ ဘိက္ခုနိယာ၊-ကို။ ပုရာဏ-စိဝရံ၊-ကို။ ဓောဝါပေတိ၊ ဖွပ်မှုလည်းဖွပ်စေအံ့။ ရဇာပေတိ၊ ဆိုးမှုလည်း ဆိုးစေအံ့။အာကောဋာပေတိ၊နယ်မှုလည်း နယ်စေအံ့။ တံ၊ ထိုနိဿဂ္ဂိသည်။ သိယာ၊-၏။

၄။ အညာတိကာ ဘိက္ခုနိယာ၊ဟတ္ထတော ကိဉ္စိမူလကံ။
အဒတွာ စိဝရာဒါနေ၊နိဿဂ္ဂိယ မုဒိရိတံ။ ။

၄။ အညာတိကာ၊-သော။ ဘိက္ခုနိယာ၊-၏။ ဟတ္ထတော၊-မှ။ ကိဉ္စိ-မူလကံ၊ တစုံတခုသောအဘိုးကို။ အ ဒတွာ၊ မပေးမူ၍။ စိဝရာ-ဒါနေ၊သင်္ကန်းယူခြင်းကြောင့်။ (တဿ၊ထိုရဟန်းအား။)နိဿဂ္ဂိယံ၊-ကို။ ဥဒိရိတံ၊ ဆိုအပ်၏။

---

**၂။ ဘိက္ခု သမ္မုတိယာညတြ**······ဂါထာဖြင့်ဒုတိယကထိနသိက္ခာပုဒ်ကိုပြသည်။ သမ္မာ မုနိယတိ ဉာယတိတိ သမ္မုတိ။ ကောင်းစွာ သိအပ်သောကြောင့် သမ္မုတိ ခေါ်သည်။ ဘိက္ခူဟိ သမ္မုတိ ဘိက္ခုသမ္မုတိ။ ရဟန်းများက ဤရဟန်း နာသောကြောင့် အဓိဋ္ဌာန် တင်ထားသော သင်္ကန်းများနှင့် ကင်း၍နေ ကောင်းသောရဟန်းဟု ကောင်းစွာ သိအပ်သောကြောင့် ဘိက္ခုသမ္မုတိ ခေါ်သည်၊ ဤသိက္ခာပုဒ်၌ ဂိလာနရဟန်းသာ သမ္မုတိ ရကောင်း သည်ဟု မှတ်။

**၃။ အညာတိကာ ဘိက္ခုနိယာ**······ဂါထာဖြင့် ပုရာဏ စိဝရ သိက္ခာပုဒ်ကိုပြသည်၊အညာတိကာ ဘိက္ခုနိယာကား သမာသ်ဟု ဋီကာဆို၏၊ ဤနိဿယ၌ အညာတိကာ၌ ယ အကြေကြံ၍ ဝါကျနက်ပေးလိုက်သည်၊ တံ သဒ္ဒါ ပဏ္ဏတ္တိဝိသယ၊ရှေးဝါကျ၌ဆိုအပ်ပြီးသော နိဿဂ္ဂိယပုဒ်ကို စွဲသည်။

**၄။ အညာတိကာဘိက္ခုနိယာ**·····ဂါထာဖြင့် စိဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်ကို ပြသည်။

၅။ အပ္ပဝါရိတ မညာတိံ၊ ဝိညာပေန္တဿ စီဝရံ။
အညတြ သမယာ တဿ၊ နိဿဂ္ဂိယ မုဒီရိတံ။ ။

၅။ အ-ပ္ပဝါရိတံ၊ မဘိတ်ကြားသော။ အညာတိံ၊ အမျိုးမတော်သောသူကို။ စီဝရံ၊-ကို။ ဝိညာပေန္တဿ၊-အား။ သမယာ၊-ကို။ အညတြ၊-၍။ တဿ၊-အား။ နိဿဂ္ဂိယံ၊-ကို။ ဥဒီရိတံ၊-၏။

၆။ ရဇတံ ဇာတရူပံဝါ၊ မာသကံဝါ ကဟာပဏံ။
ဂဏ္ဍေယျဝါ ဂဏှာပေယျ၊ နိဿဂ္ဂိ သာဒိယေယျဝါ။ ။

၆။ ရဇတံ၊ ငွေကိုရင်း။ ဇာတရူပံဝါ၊ ရွှေကိုရင်း။ မာသကံဝါ၊ ပဲရုပ်ကိုရင်း။ ကဟာပဏံ၊ အသပြာကိုရင်း။ ဂဏှေယျဝါ၊ ကိုယ်တိုင်လည်း ယူအံ့။ ဂဏှာပေယျ၊ သူတပါးကိုလည်း ယူစေအံ့။ သာဒိယေယျဝါ၊ အနီး၌ထားအပ်သည်ကိုလည်း သာယာအံ့။ (တဿ၊-အား။) နိဿဂ္ဂိ၊-သည်။ (သိယာ၊-၏။)

---

**၅။ အပ္ပဝါရိတ မညာတိံ**······ဂါထာဖြင့် အညာတက ဝိညတ္တိ သိက္ခာပုဒ်ကို ပြသည်။ နပ္ပဝါရေတိ န ပြဝါရေတီတိ အပ္ပဝါရိတော။ မဘိတ်ကြား တောင်းခွင့်မပြုထားသော သူကို ရစေ။ န ဉာယတိ သုခံ ဒုက္ခန္တိ အညာတိ။ ချမ်းသာသည် ဆင်းရဲသည်ကို အသိမလုပ်သောသူကို အညာတိ ခေါ်သည်။ အပ္ပဝါရိတောစ သော အညာတိ စာတိ အပ္ပဝါရိတ မညာတိ။ ကမ္မဓာရယောဟု ဋီကာဆို၏၊ ဤအလို နှစ်ပုဒ်တွဲ၍ အနက်ပေး။

**၆။ ရဇတံ ဇာတရူပံဝါ**·····ဂါထာဖြင့် ရူပိယပဋိဂ္ဂဟဏသိက္ခာပုဒ်ကို ပြသည်။ ဇနေဟိ ရဉ္ဇိတဗ္ဗန္တိ ရဇတံ။ လူတို့ နှစ်သက်အပ်သောကြောင့် ငွေကို ရဇတ ခေါ်သည်။ ဇာတံ ရူပံ ဧတဿာတိ ဇာတရူပံ၊ မိမိသဘောအလျောက်ဖြစ်သော အဆင်းရှိသောကြောင့် ရွှေကို ဇာတရူပ ခေါ်သည်။ ဇနေဟိ မသိတဗ္ဗော အာမသိတဗ္ဗောတိ မာသော။ မာသော ဧဝ မာသကော။ လူတို့သုံးသပ်အပ်သောကြောင့် ဒါရုမာသကစသည်ကို မာသကခေါ်သည်။ ဂဟေတဗ္ဗံ ပရိဘောဂေတဗ္ဗန္တိ ကဟာပဏံ။ လူတို့ သုံးဆောင်အပ်သောကြောင့် ကဟာပဏခေါ်သည်။

၇။ ပရိဝတ္တေယျ နိဿဂ္ဂိ၊ ရဇတာဒိ စတုဗ္ဗိခံ။
ကပ္ပိယံ ကပ္ပိယေနာပိ၊ ထပေတွာ သဟာဓမ္မိကေ။ ။

၇။ ရဇတာဒိ-စတု-ဗ္ဗိခံ၊ ငွေ စသော လေးပါးအပြား ရှိသော အကပ္ပိယဝတ္ထုကို။ ပရိဝတ္တေယျ၊ လဲပြောင်းအံ့။ နိဿဂ္ဂိ၊-သည်။ (ဟောတိ၊-၏။) သဟာဓမ္မိကေ၊-တို့ကို။ ထပေတွာ၊-၍။ ကပ္ပိယံ၊ အပ်သောဝတ္ထုကို။ ကပ္ပိယေနပိ၊ အပ်သောဝတ္ထုဖြင့်လည်း။ ပရိဝတ္တေယျ၊ -အံ့။ နိဿဂ္ဂိ၊ -သည်။ သိယာ၊-၏။

၈။ ဝိကပ္ပန မဓိဋ္ဌာန၊ မကတွာန ပမာဏိကံ။
ဒသာဟ မတိမာပေတိ၊ ပတ္တံ နိဿဂ္ဂိယံ သိယာ။ ။

၈။ ပမာဏိကံ၊ ပမာဏ၌ ယှဉ်သော။ ပတ္တံ၊-ကို။ ဝိကပ္ပနံ၊-ကိုရင်း။ အဓိဋ္ဌာနံ၊-ကိုရင်း။ အ-ကတွာန၊ မပြုမူ၍။ ဒသာ-ဟံ၊-ကို။ အတိမာပေတိ၊-အံ့။ နိဿဂ္ဂိယံ၊-သည်။ သိယာ၊-၏။

၉။ ပဉ္စဗန္ဓနတော ဦနပတ္တေ သတိ ပရံ ပနံ။
ဝိညာပေတိ နဝံ ပတ္တံ၊ တဿ နိဿဂ္ဂိယံ သိယာ။ ။

၉။ ပဉ္စ-ဗန္ဓန တော၊ ငါးဖွဲ့အောက်။ ဦန-ပတ္တေ၊ ယုတ်သောသပိတ်သည်။ သတိ၊ ရှိလျက်။ ပရံ၊-သော။ နဝံ၊-သော။ ပတ္တံပန၊-ကိုကား။ ဝိညာပေတိ၊ တောင်းအံ့။ တဿ၊-အား။ နိဿဂ္ဂိယံ၊-သည်။ သိယာ၊-၏။

---

၇။ **ပရိဝတ္တေယျနိဿဂ္ဂိ**······ဂါထာဖြင့် ရူပိယသံဝေါဟာရသိက္ခာပုဒ်နှင့် ကယဝိက္ကယသိက္ခာပုဒ်နှစ်ခုကို ပြသည်။

၈။ **ဝိကပ္ပနမဓိဋ္ဌာန**······ဂါထာဖြင့် ပတ္တသိက္ခာပုဒ်ကို ပြသည်၊ ပမာဏ၌ ယှဉ်သောသပိတ်ဟူသည် မြေသပိတ်,သံသပိတ်ဓာတ်၏ အစွပ်းဖြင့် ၂-လုံးတို့၏ ဥက္ကဋ္ဌ,ဩမက စသော သပိတ် ၉-လုံးအနက် ဥက္ကဋ္ဌ,ဩမကနှင့်သြမကောမက ၂-လုံးကို ဖယ်၍ ကြွင်း ၇-လုံးကိုဆိုသည်။

၉။ **ပဉ္စဗန္ဓနတော ဦန**······ဂါထာဖြင့် ဦနပဉ္စဗန္ဓန သိက္ခာပုဒ်ကို ပြသည်။

၁၀။ ပဋိဂ္ဂဟေတွာ ဘုဥ္ဇန္တော၊သပ္ပိတေလာဒိကံ ပန။
သတ္တာဟာ မတိမာပေတိ၊တဿ နိဿဂ္ဂိယံ သိယာ၊ ။

၁၀။ ပန၊ အတ္ထိုတပါးကား။ သပ္ပိ–တေလာ–ဒိကံ၊ ထောပတ်,ဆီ စသည်ကို။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံပြီး၍။ ဘုဥ္ဇန္တော၊-ရဟန်းသည်။ သတ္တာ-ဟံ၊ ခုနစ်ရက်ကို။အတိမာပေတိ၊–အံ့။တဿ၊-အား။နိဿဂ္ဂိယံ၊-သည်။သိယာ၊–၏။

၁၁။ ဘိက္ခုဿ စီဝရံ ဒတွာ၊အစ္ဆိန္ဒန္တဿ တံ ပုန။
သကာသညာယ နိဿဂ္ဂိ၊အစ္ဆိန္ဒာပယတောပိဝါ။ ။

၁၁။ ဘိက္ခုဿ၊ ရဟန်းတပါးအား။စီဝရံ၊–ကို။ ဒတွာ၊-၍။ တံ၊ ထိုသင်္ကန်းကို။ ပုန၊ တဖန်။ သက–သညာယ၊–ဖြင့်။ အစ္ဆိန္ဒန္တဿ၊ လုယူသော ရဟန်းအားလည်း။ အစ္ဆိန္ဒာပယတောပိဝါ၊ လုယူစေသော ရဟန်းအားလည်း။နိဿဂ္ဂိ၊-သည်။ (သိယာ၊-၏။)

၁၂။ အပ္ပဝါရိတ မညာတိံ၊ သုတ္တံ ယာစိယ စီဝရံ။
ဝါယာပေန္တဿ နိဿဂ္ဂိ၊ဝိနာ ဉာတိပ္ပဝါရိတေ။ ။

၁၂။ အပ္ပဝါရိတံ၊–သော။ အ-ညာတိံ၊-သူကို။ သုတ္တံ၊ ချည်ကို။ ယာစိယ၊–၍။ စီဝရံ၊–ကို။ ဝါယာပေန္တဿ၊ အား။ ဉာတိ-ပ္ပဝါရိတေ၊ အမျိုးတော်သူ,ဘိတ်ကြားထားသောသူတို့ကို။ဝိနာ၊–၍။ နိဿဂ္ဂိ၊-သည်။ (သိယာ၊-၏။)

၁၃။ ဓာနဂ္ဂေ့ာ ဘိက္ခုသံဃဿ၊လာဘံ ပရိဏတံ ပန။
အတ္တနော ပရိဏာမေတိ၊တဿ နိဿဂ္ဂိယံ သိယာတိ။ ။

နိဿဂ္ဂိယ နိဒ္ဒေသော။

၁၃။ ဘိက္ခုသံဃဿ၊–အား။ ပရိဏတံ၊–သော။ လာဘံ၊–ကို။ ဓာနဂ္ဂေ့ာ၊–လျက်။အတ္တနော၊–အား။ ပရိဏာမေတိ၊-အံ့။ တဿ၊-အား။ နိဿဂ္ဂိယံ၊-သည်။ သိယာ၊-၏။ .....ဣတိ၊ ဤကားနိဿဂ္ဂိအပြီးတည်း။ ။ နိဿဂ္ဂိယနိဒ္ဒေသော၊-သည်။ နိဋ္ဌိတော၊-ပြီ။

---

**၁၀။ ပဋိဂ္ဂဟေတွာဘုဥ္ဇန္တော**.....ဂါထာဖြင့် ဘေသဇ္ဇ သိက္ခာပုဒ်ကိုပြသည်။

**၁၁။ ဘိက္ခုဿစီဝရံဒတွာ**.....ဂါထာဖြင့် စီဝရအစ္ဆိန္ဒန သိက္ခာပုဒ်ကို ပြသည်။

## ၄—ပါစိတ္တိယနိဒ္ဒေသ

၁။ သမ္ပဇာနမုသာဝါဒေ၊ ပါစိတ္တိယ မုဒီရိတံ။
ဘိက္ခုဉ္စ ဩမသန္တဿ၊ ပေသုည ဟရဏေပိ စ။ ။

## ၄—ပါစိတ္တိယနိဒ္ဒေသ

၁။ သမ္ပဇာန—မုသာ-ဝါဒေ၊—ကြောင့်။ ပါစိတ္တိယံ၊-ကို။ ဥဒီရိတံ၊-၏။ ဘိက္ခုံ၊—ကို။ ဩမသန္တဿစ၊ ဆဲရေးသော ရဟန်းအားလည်း။ ပါစိတ္တိယံ၊-ကို။ ဥဒီရိတံ၊—၏။ ပေသုည-ဟရဏေပိစ၊ ကုန်းတိုက်သော စကားကို ဆောင်ခြင်းကြောင့်လည်း။ ပါစိတ္တိယံ၊-ကို။ ဥဒီရိတံ၊-၏။

၂။ ထပေတွာ ဘိက္ခုနိံ ဘိက္ခုံ၊ အညေန ပိဋကတ္တယံ။
ပဒသော ဓမ္မံ ဘဏန္တဿ၊ ပါစိတ္တိယ မုဒီရိတံ။ ။

၂။ ဘိက္ခုနိံ၊-ကိုရင်း။ ဘိက္ခုံ၊-ကိုရင်း။ ထပေတွာ၊-၍။ အညေန၊ တပါးသော လူသာမဏေနှင့်။( သဒ္ဓိံ၊-ကွ။) ပိဋကတ္တယံ၊-သော။ ဓမ္မံ၊—ကို။ ပဒသော၊ ပုဒ်ပြိုင်။ ဘဏန္တဿ၊ ရွတ်ဆိုသော ရဟန်းအား။ ပါစိတ္တိယံ၊—ကို။ ဥဒီရိတံ၊—၏။

---

၁၂။ **အပ္ပဝါရိတမညာတိ**......ဂါထာဖြင့် သုတ္တဝိညတ္တိ သိက္ခာပုဒ်ကိုပြသည်။

၁၃။ **ဇာနန္တော ဘိက္ခုသံဃဿ**......ဂါထာဖြင့် ပရိဏတ သိက္ခာပုဒ်ကိုပြသည်။

နိဿဂ္ဂိယနိဒ္ဒေသပြီး၏။

---

## ၄—ပါစိတ္တိယနိဒ္ဒေသ

၁။ **သမ္ပဇာနမုသာဝါဒေ**....ဂါထာဖြင့် မုသာဝါဒ သိက္ခာပုဒ်, ဩမသဝါဒ. သိက္ခာပုဒ်, ပေသုည သိက္ခာပုဒ် ၃—ခုတို့ကိုပြသည်။

၃။ အနုပသမ္ပန္နေနေ ဝ၊ သယိတွာန တိရတ္တိယံ။
ပါစိတ္တိ သဟသေယျာယ၊ စတုတ္ထတ္ထဂ်တေ ပုန။ ။

၃။ အနုပသမ္ပန္နေနေ ဝ၊ လူသာမဏေနှင့် သာလျှင်။ (သဒ္ဒိံ၊—ကွ။) တိ-ရတ္တိယံ၊—လုံး။ သယိတွာန၊ အိပ်ပြီး၍။ ပုန၊-ဘန်။ စတုတ္ထံ၊လေးခု မြောက်သောနေ့၌၊အတ္ထဂ်တေ၊နေဝင်သည်ရှိသော်။သဟ-သေယျာယ၊ တမိုးတရံတည်းသော ကျောင်း၌ တကွအိပ်ခြင်းကြောင့်။ပါစိတ္တိ-သည်။ သိယာ၊-၏။

၄။ ဇူတ္တိယာ ဧကေရတ္တိမ္ပိ၊သေယျံ ကပ္ပယတောပိ ဝါ။
ဒေသေန္တဿ ဝိနာ ဝိည ုံ၊ဓမ္မ ဆပ္ပဒုတ္တရိ။ ။

၄။ ဇူတ္တိယာ၊-နှင့်။ (သဒ္ဒိံ၊-ကွ။) ဧက-ရတ္တိမ္ပိ၊ တညဉ့်မျှလည်း။ သေယျံ၊ တမိုးတရံတည်းသော ကျောင်း၌ အိပ်ခြင်းကို။ ကပ္ပယတော ပိ ဝါ၊ ပြုသောရဟန်းအားလည်း။ ပါစိတ္တိ၊—သည်။ သိယာ၊—၏။ ဝိည ုံ၊ သိကြားလိမ္မာသော ယောကျ်ားကို။ ဝိနာ၊-၍။ ဇူတ္တိယာ၊-အား။ ဆ-ပ္ပ ဒု-တ္တရိ၊ ခြောက်ပုဒ်ထက်အလွန်။ဓမ္မံ၊-ကို။ဒေသေန္တဿ၊-အားလည်း။ ပါစိတ္တိ၊—သည်။ သိယာ၊ -၏။

၅။ ဒုဋ္ဌုလ္လံ ဘိက္ခုနော ဝဇ္ဇံ၊ ဘိက္ခု သမ္မုတိယာ ဝိနာ။
အဘိက္ခုနော ဝဒန္တဿ၊ပါစိတ္တိယ မုဒီရိတံ။ ။

၅။ ဘိက္ခုနော၊-၏။ဒုဋ္ဌုလ္လံ၊-သော။ဝဇ္ဇံ၊သံဃာဒိသေသ်အာပတ်ကို။ ဘိက္ခု-သမ္မုတိယာ၊-ကို။ ဝိနာ၊-၍။ အ-ဘိက္ခုနော၊ လူသာမဏေအား။ ဝဒန္တဿ၊ ပြောကြားသောရဟန်းအား။ ပါစိတ္တိယံ၊—ကို။ ဥဒီရိတံ၊-၏။

---

**၂။ ထပေတွာ ဘိက္ခုနိံ ဘိက္ခုံ**…ဂါထာဖြင့်ပဒသောဓမ္မသိက္ခာပုဒ် ကို ပြသည်။

**၃။ အနုပသမ္ပန္နေနေဝ**……ဂါထာဖြင့် ပထမသဟသေယျ သိက္ခာ ပုဒ်ကိုပြသည်။

**၄။ ဇူတ္တိယာဧကေရတ္တိမ္ပိ**…ဂါထာဖြင့်ဒုတိယသဟသေယျ သိက္ခာ ပုဒ်နှင့် ဓမ္မဒေသနာသိက္ခာပုဒ် ၂-ခုတို့ကို ပြသည်။

၆။ ခဏေယျဝါ ခဏာပေယျ၊ ပထဝိဉ္စ အကပ္ပိယံ။
ဘူတဂါမံ ဝိကောပေယျ၊ တဿ ပါစိတ္တိယံ သိယာ။ ။

၆။ အကပ္ပိယံ၊–သော။ ပထဝိဉ္စ၊–ကိုလည်း။ ခဏေယျဝါ၊–အံ့။ ခဏာပေယျ၊-အံ့။ တဿ၊-အား။ ပါစိတ္တိယံ၊-သည်။ သိယာ၊-၏။ ဘူတဂါမံ၊-ကို။ ဝိကောပေယျ၊ ဖျက်ဆီးပြားအံ့။ တဿ၊-အား။ ပါစိတ္တိယံ၊-သည်။ သိယာ၊-၏။

၇။ အဇ္ဈောကာသေ တု မဉ္စာဒိံ၊ ကတွာ သန္ထရဏာဒိကံ။
သံဃိကံ ယာတိ ပါစိတ္တိ၊ အကတွာပုစ္ဆနာဒိကံ။

၇။ တု၊ အဘိုတပါးကား။ အဇ္ဈောကာသေ၊-၌။ သံဃိကံ၊-သော။ မဉ္စာ-ဒိံ၊–ကို။ သန္ထရဏာ ဒိကံ၊ ခင်းခြင်းစသည်ကို။ ကတွာ၊–၍။ အာပုစ္ဆနာ-ဒိကံ၊ ပန်ကြားခြင်းစသည်ကို။ အ-ကတွာ၊–၍။ ယာတိ၊ သွားအံ့။ ပါစိတ္တိ၊-သည်။ သိယာ၊-၏။

၈။ သံဃိကာဝသထေ သေယျံ၊ ကတွာ သန္ထရဏာဒိကံ။
အကတွာ ပုစ္ဆနာဒိံ ယော၊ ယာတိ ပါစိတ္တိ တဿပိ။
ဓာနံ-သပ္ပါဏကံ တောယံ၊ ပါစိတ္တိ ပရိဘုဉ္ဇယော။ ။

၈။ သံဃိကာ–ဝသထေ၊ သံဃိက ကျောင်း၌။ သေယျံ၊–ကို။ သန္ထရဏာ-ဒိကံ၊-ကို။ ကတွာ၊-၍။ အာပုစ္ဆနာ-ဒိံ၊-ကို။ အ-ကတွာ၊ ၍။ ယောဘိက္ခု၊-သည်။ ယာတိ၊-အံ့။ တဿပိ၊–အားလည်း။ ပါစိတ္တိ၊–သည်။ (သိယာ၊–၏။)သပ္ပါဏကံ၊–သော။တောယံ၊-ကို။ဓာနံ၊–လျက်။ "ပရိဘုဉ္ဇယော၊"-အံ့။ တဿပိ၊-အားလည်း။ပါစိတ္တိ၊-သည်။သိယာ၊-၏။ [ဋီကာ၌ ပရိဘုဉ္ဇတောရှိ၏၊ ဟိတ်အနက်၌ တောပစ္စည်းဟု ကြံသည်။]

---

**၅။ ဒုဋ္ဌုလ္လံဘိက္ခုနော ဝဇ္ဇံ**·····ဂါထာဖြင့်ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်ကိုပြသည်။

**၆။ ခဏေယျဝါခဏာပေယျ**····ဂါထာဖြင့် ပထဝီခဏနသိက္ခာပုဒ်နှင့် ဘူတဂါမ သိက္ခာပုဒ် ၂–ခုတို့ကိုပြသည်။

**၇။ အဇ္ဈောကာသေတုမဉ္စာဒိံ**······ဂါထာဖြင့် ပဌမသေနာသန သိက္ခာပုဒ်ကိုပြသည်။

၉။ အညာတိကာ ဘိက္ခုနိသာ၊ထပေတွာ ပရိဝတ္တကံ။
စိဝရံ ဒေတိ ပါစိတ္တိ၊စိဝရံ သိဗ္ဗတောပိစ။
အတိရိတ္တံ အကာရေတွာ၊ပဝါရေတွာန ဘုဉ္ဇတော။ ။

၉။ အညာတိကာ-ဘိက္ခုနိယာ၊-အား။ ပရိဝတ္တကံ၊ လဲလှယ်ခြင်းကို။ ထပေတွာ၊-၍။ စိဝရံ၊-ကို။ ဒေတိ၊-အံ့။ပါစိတ္တိ၊-သည်။ သိယာ၊-၏။ အညာတိကာ-ဘိက္ခုနိသာ၊-၏။ စိဝရံ၊-ကို။သိဗ္ဗတော၊ ချုပ်သောရဟန်းအား။ ပါစိတ္တိ၊-သည်။ သိယာ၊-၏။ ။ပဝါရေတွာန၊ ပယ်မြစ်ပြီး၍။ အတိရိတ္တံ၊-ကို။ အ-ကာရေတွာ၊-၍။ ဘုဉ္ဇတော၊-အား။ ပါစိတ္တိ၊-သည်။ သိယာ၊-၏။

၁၀။ ဘိက္ခုံ အာသာဒနာပေက္ခော၊ပဝါရေတိ ပဝါရိတံ။
အနတိရိတ္တေန ဘုတ္တေ တု၊ပါစိတ္တိယ မုဒီရိတံ။ ။

၁၀။ ပဝါရိတံ၊ ပဝါရိတ်သင့်သော။ ဘိက္ခုံ၊-ကို။ အာသာဒနာပေက္ခော၊အရှိန်အစော်မဲ့ကို ငဲ့သည်ဖြစ်၍။ အနတိရိတ္တေန၊-သောဘောဇဉ်ဖြင့်။ ပဝါရေတိ၊-အံ့။ (တေန၊ ထိုရဟန်းသည်၊တသ္မိံ၊ ထိုဘောဇဉ်ကို၊)ဘုတ္တေတု၊စားသော်ကား။ ပါစိတ္တိယံ၊-ကို။ ဥဒီရိတံ၊-၏။

၁၁။ သန္နိဓိဘောဇနံ ဘုဉ္ဇေ၊ဝိကာလေ ယာဝကာလိကံ။
ဘုဉ္ဇတောဝါပိ ပါစိတ္တိ၊အဂိလာနော ပဏီတကံ။ ။

၁၂။ ဝိညာပေတွာန ဘုဉ္ဇေယျ၊သပ္ပိဘတ္တာဒိကမ္ပိ စ။
အပ္ပဋိဂ္ဂဟိတံ ဘုဉ္ဇေ၊ဒန္တကဋ္ဌောဒကံ ဝိနာ။ ။

၁၁-၂။ သန္နိဓိ-ဘောဇနံ၊ တည့်ထိုမြိုးအပ်ပြီးသော ဘောဇဉ်ကို။ ဘုဉ္ဇေ၊ စားအံ့။ ပါစိတ္တိ၊-သည်။ သိယာ၊-၏။ ဝိကာလေ၊-၌။ ယာဝကာလိကံ၊-ကို။ ဘုဉ္ဇတောဝါပိ၊-အားလည်း။ ပါစိတ္တိ၊-သည်။ သိယာ၊-၏။ အ-ဂိလာနော၊-ဘဲ။ ပဏီတကံ၊-သော။ သပ္ပိ-ဘတ္တာဒိ

---

ဂ။ **သံဃိကာဝသထေသေယျ** ······ ဂါထာဖြင့် ဒုတိယ သေနာသန သိက္ခာပုဒ်ကိုပြသည်။

ဃ။ **အညာတိကာဘိက္ခုနိယာ** ····· ဂါထာဖြင့် စိဝရဒါနသိက္ခာပုဒ်, စိဝရသိဗ္ဗန သိက္ခာပုဒ်, ပဌမပဝါရဏာသိက္ခာပုဒ် ၃-ချတ်ကိုပြသည်။

ကမ္ဗိုစ၊ ထောပတ်နှင့် ရောသော ထမင်း စသည်ကိုလည်း။ ဝိညာပေတွာန၊—၍။ ဘုဉ္ဇေယျ၊—အံ့။ပါစိတ္တိ၊-သည်။သိယာ၊-၏။ ဒန္တကဋ္ဌော-ဒကံ၊—ကို။ဝိနာ၊—၍။ အ-ပ္ပဋိဂ္ဂဟိတံ၊အကပ်မခံအပ်သေးသောဝတ္ထုကို။ ဘုဉ္ဇေ၊-အံ့။ ပါစိတ္တိ၊-သည်။ သိယာ၊—၏။

၁၃။ တိတ္ထိယဿ ဒဒေ ကိဉ္စိ၊ဘုဉ္ဇိတဗ္ဗံ သဟတ္ထတော။
နိသဇ္ဇံဝါ ရဟော ကပ္ပေ၊မာတုဂါမေနစေကတော။ ။

၁၃။ တိတ္ထိယဿ၊ မိစ္ဆာဒိဋ္ဌိအား။ ကိဉ္စိ၊—သော။ ဘုဉ္ဇိတဗ္ဗံ၊ သုံးဆောင်အပ်သော ခဲဘွယ်ဘောဇဉ်ကို။သ-ဟတ္ထတော၊-ဖြင့်။ဒဒေ၊-အံ့။ ပါစိတ္တိ၊-သည်။ သိယာ၊-၏။ ရဟော၊—၌။ မာတုဂါမေနစ၊-နှင့်လည်း။ ဧကတော၊ အတူတကွ။ နိသဇ္ဇံ၊-ကို။ကပ္ပေ၊ ပြုအံ့။ ပါစိတ္တိ၊—သည်။ သိယာ၊-၏။

၁၄။ သုရာမေရယ ပါနေပိ၊ပါစိတ္တိယ မုဒီရိတံ။
အင်္ဂုလိပတောဒကေစာပိ၊ဟာသဓမ္မေပိစောဒကေ။ ။

၁၄။ သုရာမေရယ-ပါနေပိ၊—ကြောင့်ရင်း။ အင်္ဂုလိ—ပတောဒကေ စာပိ၊ ချိုင်းထိုးကစားခြင်းကြောင့်ရင်း။ ဥဒကေ၊—၌။ ဟာသဓမ္မေပိစ၊ မြူးတူးပျော်ပါး ကစားခြင်းကြောင့်ရင်း။ပါစိတ္တိယံ၊-ကို။ ဥဒီရိတံ၊-၏။

---

**၁၀။ ဘိက္ခုံ အာသာဒနာပေက္ခော** …… ဂါထာဖြင့် ဒုတိယပဝါရဏာသိက္ခာပုဒ်ကို ပြသည်။

**၁၁—၂။ သန္နိဓိဘောဇနံ ဘုဉ္ဇေ**…စသော ၂ ဂါထာတို့ဖြင့် သန္နိဓိကာရကသိက္ခာပုဒ်, ဝိကာလဘောဇနသိက္ခာပုဒ်, ပဏီတဘောဇနသိက္ခာပုဒ်, ဒန္တပေါဏသိက္ခာပုဒ် ၄—ခုတို့ကိုပြသည်။

**၁၃။ တိတ္ထိယဿဒဒေကိဉ္စိ**…ဂါထာဖြင့် အစေလကသိက္ခာပုဒ်နှင့် ပထမရဟောနိသဇ္ဇ သိက္ခာပုဒ် ၂-ခုတို့ကိုပြသည်။

၁၅။ အနာဒရေပိ ပါစိတ္တိ၊ဘိက္ခုံ တိ'သယတောပိဝါ။
ဘယာနကံ'ကထံ ကတွာ၊ဒဿေတွာဝါ ဘယာနကံ။ ။

၁၅။ အနာဒရေပိ၊–ကြောင့်ရင်း။ ပါစိတ္တိ၊–သည်။ သိယာ၊–၏။ ဘယာနကံ၊ ကြောက်လန့်ဘွယ်သော၊ ကထံ၊ စကားကို။ ကတွာဝါ၊ ပြော၍ရင်း။ ဘယာနကံ၊ ကြောက်မက်ဘွယ်သောအဆင်းကို။ ဒဿေတွာဝါ၊ ပြ၍ရင်း။ဘိက္ခုံ၊-ကို။တိ'သယတောပိဝါ၊ခြောက်သောရဟန်းအားလည်း။ပါစိတ္တိ၊–သည်။သိယာ၊-၏။

၁၆။ ထပေတွာ ပစ္စယံ ကိဉ္စိ၊အဂိလာနော ဇလေယျဝါ။
ဇောတိ' ဇလာပယေယျာပိ၊တဿ ပါစိတ္တိယံ သိယာ။ ။

